www.burmeseclassic.com

# တစ္ဆေ
# တကယ်ရှိ မရှိ



BURMESE CLASSIC

ဒေါက်တာအောင်ဆွေချို
(သွား/ဆေးရာဝန်)
သ.ခ.၁၃၆

www.burmeseclassic.com

တတိယအကြိမ်

www.burmeseclassic.com

# တစ္ဆေ တကယ် ရှိ မရှိ

ဒေါက်တာအောင်ကျော် (သွား/ဆရာဝန်)

## ဖြန့်ချိရေး

၁။ မျိုးဆက်သစ်စာပေ
အမှတ်-၁၈၂/၂၀၂၊ အခန်း-၃၂(ပထမထပ်)၊ ၃၄-လမ်း(အထက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၇၇၃၆၉

၂။ ဓမ္မရောင်ခြည်စမ္မဒါနလုပ်ငန်း (ပင်မ)
ဆိုင်အမှတ်-၉၀၊ ပထမထပ်၊ အဆောင်(၄)၊ သိမ်ကြီးဈေး(ဗီ)ရုံ
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၇၁၈၀၀(လိုင်းခွဲ)၃၆၄

www.burmeseclassic.com

www.burmeseclassic.com

ဘာသာရေးစာမူ ခွင့်ပြုချက်အမှတ်
၄၀၁၄၄၀၀၆၁၁

❀

မျက်နှာဖုံး ခွင့်ပြုချက်အမှတ်
၄၀၀၃၅၅၀၄၀၇

❀

**ထုတ်ဝေသူ**
ဦးကျော်ဟင်း (၀၉၁၀)
ယုံကြည်ချက်စာပေ
အမှတ်–၁၁၁၊ တတိယထပ်၊ ၃၃–လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

❀

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ**
ဦးအုန်းဇော် (၀၂၆၇၂)
နဝရတ်ပုံနှိပ်တိုက်
၁၈၊ သင်္ဂဟာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

❀

၂၀၀၇–ခုနှစ်၊ ဇွန်လ
ဒုတိယအကြိမ်၊ အုပ်ရေ–၂၀၀၀
တန်ဖိုး – ၁၂၀၀ ကျပ်

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


ငွေဥဒေါင်း၏ အံမှာစာနိဒါန်း ၁

၁။ တစ္ဆေ တကယ် ရှိ မရှိ ၇

၂။ ကိုယ်တွေ့ တစ္ဆေပုံပြင် ၂၆

၃။ ကျတ်တစ္ဆေနှင့် ကျတ်ရွာမှာ တစ်ညတာ ၄၉

၄။ တစ္ဆေစုံလင် ယုံစေချင် ၇၇

၅။ ဦးခေါင်းကို လာတောင်းလေသူအကြောင်း ၉၀

၆။ တစ္ဆေကို မေတ္တာပို့လျှင် အကျိုးများ,မများ ၁၀၆

၇။ အရိပ်အယောင်ပြသည့် မကျွတ်သူများ ၁၄၁

၈။ စိန်ခေါ်လိုက်ချင်သည် ၁၆၈

၉။ လေလွင့်လိပ်ပြာငယ် တဝဲလည်လည် ၂၀၆


www.burmeseclassic.com

www.burmeseclassic.com

# စာရေးဆရာကြီး 'ဋ္ဌေးဥဒေါင်း' ၏ အမှာစာနိဒါန်း

တောင်ကြီးမြို့
၅–၄–၉၆။

**တစ္ဆေရှိ မရှိ**

မန်လည်အမေး ။ ။ ပြောကြချင်
လောကတွင် တစ္ဆေရှိသတဲ့
ဆွေသိရဲ့လား ။
သိပါချင်
ရှိပါလျှင် တစ္ဆေဆိုတဲ့
သည်ပုဂ္ဂိုလ် ကောင်သရုပ်ကို
ကျမ်းအုပ်လို့ကြား ။ ။

မင်းကွန်းအဖြေ ။ ။ ပြောပြချင်
လောကတွင် တစ္ဆေရှိသည်ဟု
နှံ့သိကျော်ကြား။
မျိုးထူးထွေ
သည်တစ္ဆေရှိသည် ဟုတ်ပါဘူး
မြေဖုတ်ကို တစ္ဆေပြောကြတယ်
လောကလူများ ။ ။

မန်လည်ဆရာတော်အမေး၊ မင်းကွန်းဆရာတော်အဖြေ ''သုတ ပဒိကပုစ္ဆာ ဝိသဇ္ဇနာကျမ်း'' အပိုဒ် ၆၆ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဘာသာအလိုအရ ၃၁-ဘုံ ဆိုသော်လည်း လူတစ်ယောက် ကွယ်လွန်သည်နှင့် တစ်ပြိုင်နက် ကူးပြောင်းရောက်ရှိနိုင်သော ဘဝများမှာ (၁) နတ်ပြဟ္မာ၊ (၂) လူ၊ (၃) တိရစ္ဆာန်၊ (၄) အသူရကာယ်ခေါ် ပြိတ္တာနှင့် (၅) ငရဲဘဝဟူ၍ ငါးမျိုးသာ ရှိ၏။ ယင်းငါးမျိုးအနက် ကျွန်ုပ်တို့လူနှင့် ပထမအနီးစပ်ဆုံးသော ဘဝမှာ တိရစ္ဆာန်သာ ဖြစ်၏။ အကြောင်းမူကား လူ့ဘဝနှင့်တစ်စပ်တည်း ရှိနေရာ တိရစ္ဆာန်မျိုးစုံကို ကျွန်ုပ်တို့ မျက်မြင်ဒိဋ္ဌ တွေ့ရှိနေရသည်။

ဒုတိယအနီးစပ်ဆုံး ဘဝမှာ ပြိတ္တာဘဝ ဖြစ်၏။ ပြိတ္တာဘဝ ဟူသည် ကျယ်ဝန်းလှ၏။ ကျွန်ုပ်တို့ ကြားသိတွေ့ရှိနေရသော သရဲ တစ္ဆေမှ အစ၊ အထက်တန်းနတ်များအထိ ပါဝင်၏။ သူတို့ကို "ပရလောကသား"ဟု ခေါ်ဆိုကြပါစို့။ သူတို့သည် ကျွန်ုပ်တို့ မျက်မြင်ဒိဋ္ဌ လူ့ဘဝနှင့် တစ်စပ်တည်း လိုလို ရှိနေကြကြောင်းကို ထိုထို ဗုဒ္ဓကျမ်းဂန်များအရလည်းကောင်း၊ သူတို့အကြောင်း ရပ်မျိုးစုံ အတွေ့အကြုံများကို ပြောဆိုလာခဲ့ကြရာ စကားအရလည်းကောင်း သိရှိခဲ့ရသည်။

ယင်း "ပရလောကသား"များအနက် ကျွန်ုပ်တို့နှင့် အနီးစပ်ဆုံး၊ အပြောအဆို အများဆုံးဘဝမှာ တစ္ဆေသရဲဘဝ ဖြစ်သည်။ သို့ဖြစ်၍ အဲဒီတစ္ဆေဆိုသည်မှာ တကယ်ရှိပါသလားဟု မန်လည်ဆရာတော်အမေး ကို မင်းကွန်းဆရာတော်က တစ္ဆေဘဝဆိုသည်မှာ ရှိတော့သည်မဟုတ်။ ယင်း ပရလောကမှ ဆက်နွယ်လာသော ဖုတ်ပြိတ္တာဘဝ ပရလောကသား များသည် လူတို့ကို ကြောက်အောင် ခြောက်လှန့်တတ်သောကြောင့် ခြောက်လှန့်ခြင်း၏ ပါဠိစကား "တဇ္ဇ" အဖြစ်မှ "တစ္ဆေ" အဖြစ်သို့ ကူးပြောင်းလာခြင်းသာ ဖြစ်ကြောင်း ဖြေကြားတော်မူခြင်း ဖြစ်၏။

ပရလောကသားများ၏ အကြောင်းရပ်မျိုးစုံကို ထိုထိုကျမ်းဂန် တို့တွင် ဘုရားရှင်နှင့် လည်းကောင်း၊ ရဟန်းတော်များနှင့် လည်းကောင်း ဆက်စပ်တွေ့ရှိကြရ၏။ ဘုရားရှင်ကို ထားဦး၍ သိဒ္ဓတ်မင်းသားဘဝ တောထွက်တော်မူစဉ်ကပင် မာရ်နတ်ဆိုသော ပရလောကသားကြီးနှင့် စတင်တွေ့ရှိရ၏။ မာရ်နတ်သည် ဘုရားဖြစ်သည်အထိ လိုက်လံ နှောင့်ယှက်ရာက မာရ်နတ်ကို အောင်မြင်တော်မူရာတွင် "ဒေဝပုတ္တမာရ်

www.burmeseclassic.com



ကိလေသမာရ်၊ ခန္ဓမာရ်၊ အဘိသင်္ခါရမာရ်၊ မစ္စုမာရ်တည်းဟူသော မာရ်ငါးပါးကို အောင်မြင်တော်မူသော မြတ်စွာဘုရား''ဟု ကျွန်ုပ်တို့ ဘုရားရှိခိုးကြရာ၌ ''ဒေဝပုတ္တမာရ်'' တည်းဟူသော ပရလောကသား မာရ်နတ်ဆိုသော သတ္တဝါကြီးကို ထိပ်ဆုံးမှထား၍ပင် ဂုဏ်ပြုချီးကျူးကြရသည် မဟုတ်ပါလော။

ထို့ထက် သေချာသော ဖြစ်ရပ်သည်ကား ဝိနည်းသိက္ခာပုဒ်တော် တစ်ရပ် ဖြစ်ပေါ်လာပုံ ဖြစ်၏။ ဝိနည်းဟူသည် တကယ့်ဖြစ်ရပ်ဖြစ်၍ ခေတ်စကားနှင့်ဆိုသော် ''သိပ္ပံနည်းကျ''ဟုပင် ဆိုနိုင်သည်။ ယင်းသိက္ခာပုဒ်မှာ ''ဘူတဂါမ၊ ပါတဗျတာယ ပါစိတ္တိယံ''ဟု ပါစိတ်အာပတ်အဖြစ် သတ်မှတ်အပ်သော ရဟန်းသည် မြက်တစ်ပင် စသည်ကို မနုတ်မဖြတ်ရ နုတ်ဖြတ်သော် ပါစိတ်အာပတ်သင့်စေဟူသော ဝိနည်းဖြစ်၏။ ကျွန်ုပ်တို့ လူအနေဖြင့် ဘုရားရင်ပြင်ရှိ နွယ်မြက်သစ်ပင်ကို သန့်ရှင်းရေးအတွက် နုတ်သော် ဝေယျာဝစ္စကုသိုလ်ရ၏။ ရဟန်းတစ်ပါး နုတ်သော် ပါစိတ်အာပတ် သင့်၍ ငရဲသို့ကျနိုင်သည်။ ဘုရားရှင်၏ အာဏာဒေသနာ၊ သာသနာတော်၏ လိုက်နာအပ်သော အာဏာစက်စည်းကမ်းတစ်ခု ဖြစ်၏။

ယင်းသိက္ခာပုဒ် ဖြစ်ပေါ်လာပုံမှာ ရဟန်းတစ်ပါးသည် သူ့ကျောင်း အတွက် ကျောင်းဝင်းအတွင်းရှိ သစ်ပင်တစ်ပင်ကို ခုတ်ရာတွင် ထိုသစ်ပင် စောင့် ပရလောကသား ရုက္ခမယ်နတ်သမီးက ''အရှင်ဘုရား၊ မိမိနေရာ အတွက် သူတစ်ပါးနေရာကို မဖျက်ဆီးသင့်ပါ''ဟု ကိုယ်ထင်ပြ၍ တားမြစ်၏။ ရဟန်းက ရုက္ခမယ်စကားကို နားမထောင်၊ အတင်းခုတ်နေရာ နတ်သမီးက ကလေးကို ပြ၍ တောင်းပန်ခဲ့သော် ရကောင်း၏ဟု ''တပည့်တော်မှာ ဤကလေးနှင့် နေရပါသည်၊ မခုတ်ပါနှင့်'' ဟု တောင်းပန် သည်။ ရဟန်းက နားမထောင်၊ အတင်းခုတ်တော့ရာ ကလေးကို ဓားထိ ပြီး လက်တစ်ဖက် ပြတ်သွားသည်။ ဤတွင် နတ်သမီး ဒေါသကြော သူ့တန်ခိုးဖြင့် ရဟန်းကို ဒုက္ခပေးလိုက ပေးနိုင်၏။ သို့ရာတွင် ဤ သဘာဝင် နတ်သမီးဖြစ်ရာ၊ ဘုရားရှင်မျက်နှာတော်ကို ထောက်ထား၍ပြီး ဘုရားရှင်ထံ အကျိုးအကြောင်းသွား၍ လျှောက်ထားသည်။ ဘုရားရှင်က သာခုခေါ်ပြီးနောက် ကျောင်းတွင်းရှိ နတ်မရှိသော သစ်ပင်တစ်ပင်ကို ပေးပေး၍ နတ်သမီးအား ကောင်း...

www.burmeseclassic.com



သစ်ပင်ကို ထားဦး၍ အပင်အညှောင့်ဖြစ်စေနိုင်သော မည်သည့်အပင်ကိုမျှ မခုတ်ရဟူသော အာဏာဒေသနာ ပါစိတ်အာပတ်ဖြင့် ပညတ်တော်မူလိုက်သည်။

ဤနေရာတွင် ပရလောကသား နတ်သမီးက ရဟန်းအား ကိုယ်ထင်ပြပုံ၊ ရဟန်းနှင့် စကားပင်ပြောဆိုပုံတို့ကို သတိပြုရာ၏။

ယင်းသို့လျှင် ပိဋကတ်သုံးပုံတွင် အဘိဓမ္မာမှလွဲလျှင် နှစ်ပုံဖြစ်သော သုတ္တန်နှင့် ဝိနည်းဒေသနာဖြစ်ရပ်ပေါင်း များစွာတွင် အညံ့စားဟု ဆိုနိုင်သော ဂိဏ္ဍကုဋ္ဌပရလောကသားများနှင့် အမြင့်ဆုံးဟု ဆိုနိုင်သော နတ်ပြဟ္မာ ပရလောကသားတို့၏ ဖြစ်ရပ်မျိုးစုံတို့မှာ ဘုရားရှင်နှင့် ရဟန်းတော်တည်းဟူသော ကျွန်ုပ်တို့ လူ့ဘဝနှင့် တလိမ်းထိုးရှုပ်ပွေလျက်ရှိသော ဇာတ်လမ်း ဇာတ်ကွက်များကို ကြည့်မြင်ဖတ်ရှုကြရမည် ဖြစ်ပေသည်။

အဘိဓမ္မာတွင် ပရလောကအကြောင်း မပါရှိဟု ဆိုစေကာမူ သင်္ဂြိုဟ်ဘုံပိုင်း (၃၁–ဘုံအကြောင်းအရာ ဖော်ပြသောအပိုင်း)တွင် ပြိတ္တာ တစ္ဆေ သရဲ ဆိုသည်တို့မှအစ နတ်ပြဟ္မာဘဝအထိ ဖော်ပြထားသည်ကို ဖတ်ရှုကြရပါမည်။

တစ္ဆေ၊ သရဲ၊ ဖုတ်၊ ပြိတ္တာ စသော ယင်းပရလောကသားများ အနက် တွေ့ကြုံရများသည်ဆိုသော ပရလောကသားတစ်ဦး ရှိသေး၏။ ယင်းသည်ကား တစ္ဆေသရဲတို့ကဲ့သို့ပင် အပြောများ၊ အတွေ့အကြုံ များသော ဥစ္စာစောင့် ဆိုသူတို့ ဖြစ်၏။ အကြောင်းမှာ သူတို့အကြောင်း ရုပ်ရှင်များ၌ ဇာတ်မျိုးစုံ ခင်းကျင်းပြသကြရုံမက သတင်းစာမျိုးစုံတို့က ပင်လည်း သူတို့အကြောင်းရပ်မှန်တို့ကို ဟိုးလေးတကျော် ရေးသားခဲ့ကြ သောကြောင့် ဖြစ်သည်။

ဤမျှ နာမည်ကြီး လူပြောများသော တစ္ဆေသရဲအကြောင်းရပ်များ တို့သည် ကျွန်ုပ်တို့ စာပေလောကတွင် စာတစ်အုပ် ပေတစ်ထုပ်အဖြစ် ဖြင့် ရေးသားကြသူဟူ၍ ကျွန်ုပ် တွေ့ရှိ သတိပြုမိသလောက် သုံးအုပ် မျှသာ ထွက်ပေါ်ခဲ့ဖူးသည်။ (၁) မဟာဇေယျသင်္ခယာဘွဲ့ရ လေ့သ

www.burmeseclassic.com



အတွင်းဝန် ရေးသားသော "တဖ္ဖတ္တဒီပနီ"၊ (၂) ပြည်မြို့ ပဋ္ဌရှုပ်ဦးခ ရေးသားသော "တစ္ဆေပုံညွှန်ပေါင်း"နှင့် (၃) လွန်ခဲ့သော ၁၀–နှစ်ကျော်ခန့်က ဟိုးလေးတကျော် ထွက်ပေါ်ခဲ့သော "ဆိုင်းဘာဘာစာအုပ်"တို့ ဖြစ်ပေသည်။

"တဖ္ဖတ္တဒီပနီ"မှာ အမည်ခန့်ခန့်နှင့် ထွက်ပေါ်လာခဲ့သော်လည်း အကြောင်းအရာတို့မှာ မထူးလှပါ။ တစ္ဆေဖြစ်ပေါ်လာပုံ အကြောင်းရပ်နှင့် တစ်ဆင့်စကား တစ်ဆင့်နားကြားဖူးသမျှကို ရေးသားဖော်ပြသော စာအုပ်ဖြစ်သည်ဟု မှတ်မိသည်။ စာအုပ်အနေဖြင့်လည်း ကြီးကြီးခန့်ခန့်မဟုတ်။ သာမန်မျှသာ ဖြစ်၏။

"တစ္ဆေညွှန့်ပေါင်းကျမ်း"ရေးသူ ပဋ္ဌရှုပ် ဆရာခနှင့်ကား ကျွန်ုပ်ရှမဝစာတည်းဘဝတွင် တွေ့ကြုံခဲ့ဖူးသောကြောင့် အတန်ရင်းနှီးပါသည်။ စာအုပ်အနေဖြင့် သပ်ရပ်ခံ့ညားစွာ စီစဉ်တတ်သူ ဖြစ်သည့်အတိုင်း စာအုပ်သေသပ်သော်လည်း အကြောင်းရပ်များမှာမူ မထူးလှပါ။ ကြားမိသမျှကို ရောနှော ရေးသားရုံမျှသာ ဖြစ်သည်။ ကျွန်ုပ်က တစ္ဆေဆိုသည်ကို ကိုယ်တိုင်မြင်ဖူး၊ ကြားဖူးပါသလားဟု မေးသောအခါ မတွေ့ဖူး၊ မကြားဖူးကြောင်း ပြောပြသည်ကို မှတ်မိသည်။

ဤစာရေးသူကိုကော တစ္ဆေဆိုသည်ကို မြင်ဖူး၊ ကြားဖူးပါသလားဟု စာဖတ်သူက မေးခဲ့သော်၊ ယခု ၁၉၉၆–ခုနှစ်တွင် အသက် ၈၁–နှစ်တိုင် မမြင်ဖူး၊ မကြားဖူးခဲ့ပါဟု ဖြေရပါမည်။ စာရေးသူသည် ငယ်စဉ်က တောရွာဘုန်းကြီးကျောင်းတွင် ပညာသင် ကြီးပြင်းခဲ့သူ ဖြစ်သည့်အလျောက် အစဉ်အလာအားဖြင့် တောသားဘုန်းကြီးကျောင်းများဟူသည် တစ္ဆေသရဲ ဥစ္စာစောင့်တို့ အကြောင်းရပ်များ၊ ဆေးဝါးမန္တရားများနှင့် ရောထွေးနေခဲ့သည့်အတိုင်း ကြောင်းရပ်မျိုးစုံကို တွေ့ကြုံခဲ့ဖူးပါ၏။ ရန်ကုန်ရောက်သည့်အခါတွင်လည်း ရန်ကုန်အလျောက် ပရလောကနှင့် စပ်သော ကြောင်းရပ်မျိုးစုံကို တွေ့ကြုံခဲ့ဖူးပါ၏။ သို့ရာတွင် တစ္ဆေသရဲဆိုသည်ကို အကောင်အထည် အသံဟူ၍ လုံးဝမတွေ့ကြုံခဲ့ဖူးပါ။

www.burmeseclassic.com

www.burmeseclassic.com



အသူရကာယ်ဘုံ ဆိုသည်မှာ နေ့စံညခံ၊ ခုနစ်ရက်စံ ခုနစ်ရက်ခံ စသည်ဖြင့် မိမိတို့ ပြုလုပ်ခဲ့ကြသော ကောင်းမှု မကောင်းမှုတို့၏ အကျိုးတို့ကို တစ်ဘဝတည်း၌ ရောယှက်ခံစား စံစားကြရသော ပြိတ္တာတစ်မျိုး ဖြစ်ပေသည်။ လူ့ရပ်ဒေသအနီး၌ ဖြစ်ကြရသော ပြိတ္တာများ၊ လူ့ရပ်ဒေသနှင့် ဝေးကွာလွန်းသော တောတောင်ရပ်ခြား၌ ဖြစ်ကြရသော ပြိတ္တာများ စသည်ဖြင့် ပြိတ္တာအမျိုးအစား ကောင်းစွာ ရှိကြကုန်သည်။ တောင်ကြီးတမျှ ခန္ဓာကိုယ်က ကြီးမားနေပါလျက် ပါးစပ်ပေါက်က အပ်ပေါက်မျှသာ ရှိသော ပြိတ္တာ၊ အမြဲ ငတ်မွတ်ဆာလောင်နေသော ပြိတ္တာ၊ ခံတွင်းသို့ ရေလောင်းထည့်ပေးငြားလည်း ရေများ ခံတွင်းပေါက်သို့ မကျရောက်မီ မှာပင် ခန်းခြောက်သဖြင့် အမြဲ ရေငတ်နေရှာသော ပြိတ္တာ၊ ကိုယ်ပေါ်မှ အနာဖုများကြောင့် အမြဲကုတ်ဖဲ့နေရသော ပြိတ္တာ စသည်ဖြင့် ပြိတ္တာမျိုး မြောက်မြားစွာ ရှိကြောင်း ဘုရားဟောတရားတော်များ၌ ပါရှိပါသည်။

## တကယ် ရှိ–မရှိ

နတ်ဘုံနတ်နန်း၊ ဗြဟ္မာ့ဘုံ ဗြဟ္မာ့ပြည် ဆိုသည်တို့ကို လူသားတို့ မျက်စိနှင့် မြင်တွေ့နိုင်သော ဘုံဌာနများ မဟုတ်ဘိသကဲ့သို့ ငရဲပြိတ္တာ ဆိုသည်တို့မှာလည်း ကျွန်တော်တို့ မြင်နိုင်စွမ်းသော အရာများ မဟုတ်ပါချေ။ ကျမ်းစာများ၌သာ ဖတ်ရှုရခြင်း၊ တရားပွဲများ၌ ဟောတရား အဖြစ်သာ ကြားနာကြရခြင်း၊ လက်တွေ့ကျကျ စမ်းသပ်မပြနိုင်ခြင်းတို့ကြောင့် ခေတ်လူငယ်များတို့သည် နတ်ဘုံ၊ ဗြဟ္မာပြည်၊ ငရဲပြိတ္တာ ဆိုသည်များ တကယ်မှ ရှိပါလေရဲ့လားဟု သံသယပွါးမိတတ်ကြပါသည်။ တကယ်ရှိမရှိကိုလည်း အခါအားလျော်စွာ ရင်းနှီးခင်မင်သော လူကြီးလူအိုများ၊ ဘုန်းတော်ကြီး ဆရာတော်ကြီးများ၊ ဆရာသမားကြီးများတို့ကို စပ်စု စုံစမ်း မေးမြန်းလေ့ ရှိတတ်ကြပါသည်။

ကျမ်းပြုအကျော် မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသ ကမူ ကျောင်းတိုက်အတွင်းရှိသော တပည့်ရဟန်းသံဃာ၊ ဦးပဉ္စင်း၊ ကိုရင်နှင့် ဘိုးသူတော်လေးများအား မပြုလုပ် မကျူးလွန်အပ်သော အပြစ်များ

www.burmeseclassic.com

www.burmeseclassic.com



တို့ကို ပြုလုပ်ကျူးလွန်မိမည် စိုးသောကြောင့် "ငရဲရှိတယ်၊ ပြိတ္တာရှိတယ်၊ သေရဦးမယ်၊ ကြပ်ကြပ်သတိထား"ဟု မကြာခဏ ဆုံးမသြဝါဒပေးတော်မူလေ့ ရှိပါသည်။ ဆိုလိုရင်းမှာ "ငရဲတကယ်ရှိတယ်၊ ပြိတ္တာ တကယ်ရှိတယ်၊ တစ်နေ့ သေကြရဦးမယ်၊ အပြစ်တွေ အကုသိုလ်တွေနှင့် သေကြရလျှင် ငရဲကျလိမ့်မယ်၊ ပြိတ္တာဖြစ်ကြရလိမ့်မယ်၊ ကြပ်ကြပ်သတိထားကြပါ"ဟူ၍ ဖြစ်ပါသည်။ ထို့ကြောင့် ငရဲဘုံ၊ ပြိတ္တာဘုံ ဆိုသည်မှာ တကယ်အရှိတရားဖြစ်ကြောင်း လက်ခံယုံကြည်သင့်၏။

## တစ္ဆေဆိုသည်ကား

ကလေးငယ်ဘဝတွင် ကလေးတို့ဘာဝအရ၊ အစစအရာရာတွင် စူးစမ်းချင်၊ သိချင်၊ မြင်ချင်၊ တတ်ချင်ကြပါသည်။ လူကြီးတို့က အစစအရာရာတို့ကို စိတ်ရှည်စွာ ရှင်းလင်းဖြေကြားနိုင်ခြင်း မရှိတတ်ကြပါ။ ထိုသောအခါ၌ မပြုလုပ်စေချင်သော အမှုကိစ္စတို့ကို အကျိုးသင့် အကြောင်းသင့် ရှင်းပြမနေတော့ဘဲ "တစ္ဆေ"ဆိုသော ဝေါဟာရနှင့် ကိုင်ပေါက်ခြောက်လှန့်ကြတော့သည်။ အမှောင်ထဲသို့ သွားလျှင် မတော်တဆ ခလုတ်တိုက်မည်၊ ဒူးပြဲခေါင်းကွဲမည်စိုးသောကြောင့် "တစ္ဆေကြီးကိုက်လိမ့်မယ်၊ အမှောင်ထဲမသွားနဲ့"ဟု အလွယ်တကူ ပြောဆို တားမြစ်လိုက်၏။ ကျွန်တော်တို့ စိတ်ထဲ၌ တစ္ဆေဆိုသည့် အရာကြီးသည် အဖြူလား၊ အမည်းလား၊ အကောင်ကြီးလား၊ ဘာကြီးလား မသဲကွဲပါဘဲလျက်နှင့် ကြောက်လန့်လိုက်ရပါတော့သည်။ ထိုကြောက်စိတ်ကြီးက လူကြီးဖြစ်သည်အထိ လိုက်ပါသွားခဲ့ရာ အမှောင်ကို စိတ်ချောက်ချားတတ်သော အကျင့်ကြီးပါသွားကြရပါသည်။

တစ္ဆေဆိုသည်ကား အဘယ်သို့သော အရာနည်း။ စိတ်ကို ချောက်ချားထိတ်လန့်စေသော အရာဟူသမျှတို့ကို တစ္ဆေဟု ခေါ်ဆိုနိုင်ပါလိမ့်မည်။ တစ္ဆေဆိုသည်မှာ သီးခြားရှိသော နာနာဘာဝ၊ ဝိနာဘာဝ မဟုတ်ပါ။ ပုံပန်းသဏ္ဍာန် နှစ်လိုဖွယ်ရာမရှိ၊ လွန်စွာမှ ရုပ်ဆိုးအကျည်းတန်ဆိုးရွား ထိတ်လန့်ဖွယ်ကောင်းသော ပြိတ္တာဟူသမျှတို့သည် တစ္ဆေ ဖြစ်တော့

www.burmeseclassic.com



သည်။ အဘယ်ကြောင့်ဆိုသော် ထိုကြောက်မက်ဖွယ် ရုပ်ဆင်းသဏ္ဌာန်ကို ရုတ်တရက် မြင်တွေ့ရသောသူအဖို့ လိပ်ပြာလွင့်စဉ်မတတ် ထိတ်လန့်ချောက်ချားစေပါလျှင် တစ္ဆေခြောက်သည်ဟု ပြောဆိုကြမည် မဟုတ်ပါလော။ ရုပ်ဆင်းသဏ္ဌာန် ဆိုးဝါးစွာနှင့် ခြောက်လှန့်မှသာလျှင် မဟုတ်။ အသံဗလံဖြင့် ထိတ်လန့်တုန်လှုပ်ဖွယ်ရာ ဖြစ်စေလျှင်ကလည်း အသံဖြင့် တစ္ဆေခြောက်ခြင်း မည်ပါ၏။ အချို့တို့မှာ ကြက်သီးမွေးညင်းတမျှ ဆိုးဝါးပုပ်ပေါင် နံစော်သော အနံ့အသက်ဖြင့်လည်း တစ္ဆေခြောက်လှန့်တတ်ကြပါသည်။

## တစ္ဆေခြောက်ခြင်း အကြောင်းရင်း

ထိုထိုသော ပြိတ္တာတို့သည် အဘယ်ကြောင့် တစ္ဆေခြောက်ကြပါသနည်း။ သူတို့နေထိုင်ကျက်စားရာအရပ်သို့ လူတို့ လာခြင်းကို မကြိုက်မနှစ်သက်သောကြောင့်လည်းကောင်း၊ လူတို့ထံမှ ကုသိုလ်အမျှအတန်း လိုလားသောကြောင့်လည်းကောင်း၊ ထိုအကြောင်းနှစ်ချက်အနက် တစ်ချက်ချက်ကို အကြောင်းပြု၍ သူတို့ရှိကြောင်း သိသာစေရန်၊ အရောင်အဆင်း ပုံသဏ္ဌာန်အားဖြင့်လည်းကောင်း၊ အသံဗလံအားဖြင့်လည်းကောင်း၊ အနံ့အသက်များဖြင့်လည်းကောင်း၊ ခြောက်လှန့်ခြင်းများ ပြုတတ်ကြပါသည်။ ဤသို့ခြောက်လှန့်ခြင်းပြုရန် အခွင့်မသာခဲ့လျှင် အိပ်မက်ပေးခြင်းကိုလည်း ပြုတတ်၏။ တစ်စုံတစ်ဦးထံသို့ ဝင်ပူး၍လည်း ပြတတ် ပြောတတ်ကြချေသည်။ မည်သို့ပြသသည်ဖြစ်စေ၊ လူတို့၏ ကြောက်စိတ်ကြောင့် ကြက်သီးမွေးညင်းထခြင်း၊ ခေါင်းနားပန်းကြီးခြင်း စသည်တို့ ဖြစ်တတ်ကြ၏။ ဤသို့သော အတွေ့အကြုံများနှင့် တွေ့ကြုံခဲ့သော် အမျှအတန်းဝေရန် မမေ့သင့်ကြပေ။

စိတ်ကို ကြောက်လန့်ထိတ်ပျာစေခြင်း၊ ချောက်ချားတုန်လှုပ်စေခြင်း ဟူသမျှတို့ကို တစ္ဆေခြောက်သည်ဟု ပြောဆိုရာ၌ ထိုသို့ ကြောက်လန့်ချောက်ချားစေသည့် နိုင်လုံသော အကြောင်းရင်းများ ရှာမရသောအခါတွင် အလွယ်တကူ တစ္ဆေခြောက်သည်ဟု ပြောဆိုခြင်း ဖြစ်ပါသည်။ မှောင်ရိပ်ထဲ

www.burmeseclassic.com

www.burmeseclassic.com



၌ ရှိသော ရေအိုးကို မည်သူက ထုံးနှင့်စက်ဝိုင်းများ ကွင်းထားသည် မသိ။ တစ္ဆေဟု စိတ်ကထင်ပြီး ကြောက်လန့်တတ်ကြချေသည်။ လမိုက်သောညာ၊ ချုံပုတ်ထဲသို့ တောကြောင်ဖြစ်စေ၊ ယုန်ဖြစ်စေ၊ ခုန်ဝင်သွားခြင်းကြောင့် လှုပ်ရှားသွားသည်ကိုလည်း ကြောက်စိတ်ကြောင့် တစ္ဆေခြောက်သည်ဟု အထင်ရှိတတ်ကြပြန်ပါသည်။ ထို့ကြောင့် စိတ်ကို ကြောက်လန့်တုန်လှုပ်အောင် စေစားနိုင်ခြင်းအရာဟူသမျှတို့ကို တစ္ဆေဟု ခြုံငုံပြောဆိုခြင်း ဖြစ်ပါလိမ့်မည်။

တစ္ဆေငယ်ငယ်ကို မှင်စာဟု ခေါ်သည်။ အထူးသဖြင့် ကလေးငယ်သေရာမှဖြစ်သော ပြိတ္တာကို မှင်စာဟု ဆိုခြင်းပါ။ ကြီးသောတစ္ဆေကို ဘီလူးဟု ခေါ်၏။ ဘီလူးဟု ပြောလိုက်သည်နှင့် မျက်လုံးပြူးပြူး၊ အစွယ်ပြူးပြူး၊ တင်းပုတ်ကြီးထမ်းလျက် ဆောင့်ကြောင့်ထိုင်နေသည့် ဘုရားစေတီပရိဝုဏ်အတွင်းက ဘီလူးရုပ်များကို မြင်ယောင်မိကြပါလိမ့်မည်။ မြေကြီးကို စွဲနေသော ပြိတ္တာကို မြေဘုတ်ဟု ခေါ်ပြန်သည်။ သင်ဖြူးဖျာမျှရှည်လျားပြန့်ကားသော လျှာအရှည်ကြီးဖြင့် ခြောက်လှန့်ခြင်းများကို သရဲသဘက်ဟု လူသိများ၏။ ဘုန်းကြီးသေ၍ ဖြစ်သော တစ္ဆေကိုမူ ဥပကာဟု ဆို၏။ အရပ်အလွန်မြင့်မားသော တစ္ဆေကိုမူ ထီးလမိုင်းဟု ပြောကြ၏။ မည်သည့်ပုံပန်းသဏ္ဌာန်ရှိသည်ဖြစ်စေ၊ အမြင်မှာ မတင့်တယ် ကြောက်လန့်တုန်လှုပ်ဖွယ်ချည်းသာ ဖြစ်ပါတော့သည်။

## တစ္ဆေတကယ်ရှိသလား

လူအတော်များများတို့သည် တစ္ဆေတကယ်ရှိသလားဟု တစ်ချိန်မဟုတ် တစ်ချိန်တွင် မေးမြန်းမိတတ်ကြပါသည်။ တစ္ဆေဆိုသည်ကို နှုတ်က ပြောထွက်ဖို့ လွယ်ကူသလောက် ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ကြရဖို့ မလွယ်ကူပါ။ လူတစ်ရာတွင် တစ်ယောက် တွေ့ကြုံမြင်ဖူးရဖို့ မလွယ်သည့်အကြောင်း အများက လက်ခံကြပါလိမ့်မည်။ အကြောင်းမှာ "တစ္ဆေ တကယ်ရှိသလား အဘွား"ဟု ကျွန်တော် ငယ်စဉ်က ဘွားအေကြီးအား မေးမြန်းခဲ့ဖူးပါ၏။ ဘွားအေကြီး၏ အဖြေမှာ ဤသို့ဖြစ်သောကြောင့်တည်း။

www.burmeseclassic.com

www.burmeseclassic.com



"တစ္ဆေဆိုတာ ဘယ်ရှိပါ့မလဲ ငါ့မြေးရဲ့။ အဘွားအသက်က အခု ခြောက်ဆယ်ကျော်ပြီ၊ ဆံပင်တွေလည်း ဆွတ်ဆွတ်ဖြူပြီ၊ မျက်စိလည်း မှုန်၊ နားလည်း ထိုင်းပြီ၊ ဇရာက ဝါးမျိုလို့ အိုမင်းမစွမ်း ဖြစ်ခဲ့ပြီ၊ သည် အသက် သည်အရွယ်အထိ တစ္ဆေဆိုတာ အဘွားတစ်ခါမှ မမြင်ဖူး၊ မတွေ့ ဖူးသေးပါဘူး။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်တော့ ဂျပန်ခေတ်တုန်းက ပြေးလွှား လိုက်ရတာ တောအနှံ့ နယ်အနှံ့ပဲ မြေးရဲ့။ သင်္ချိုင်းကုန်းလည်း ရောက်ခဲ့ ရတယ်။ အုတ်ဂူတွေကြားလည်း ပုံးအောင်းအိပ်စက်ခဲ့ရတာ ရှိတယ်။ ဇရပ်အို ဇရပ်ဟောင်းတွေမှာလည်း တည်းခိုခဲ့ရတာပဲ။ ဘုန်းကြီးကျောင်းအို ကျောင်းပျက်တွေမှာလည်း စစ်ရှိုခဲ့ရတယ်၊ တစ္ဆေဆိုတာ သင်္ချိုင်းတို့ ဇရပ် အို့ ကျောင်းအိုတို့မှာ ရှိတယ်လို့ ပြောကြတာ၊ တကယ်တစ္ဆေရှိရင် အဘွား မြင်တွေ့ခဲ့ရမှာပေါ့။ မရှိလို့သာ ဒီနေ့အထိ အဘွားမမြင်ဖူးခဲ့တာပေါ့။ တကယ်လို့များ ငါ့မြေးက တစ္ဆေဆိုတာကြီးကို တွေ့မြင်ရတယ်ဆိုရင် အဘွားကို အရင်ခေါ်ပြဖို့ မမေ့နဲ့နော်။ ငါ့မြေး မှတ်ထားဖို့က တစ္ဆေဆိုတာ တကယ်မရှိဘူး။ လူကြီးတွေက ကလေးတွေ ကြောက်အောင် ခြောက်လှန့် တာပဲ ဖြစ်တယ်ကွယ့်"

ကျွန်တော့်ဘွားအေကြီးသည် တစ္ဆေဆိုသော ဝေါဟာရအပေါ်၌ ဤသို့ ထင်မြင်ယူဆခဲ့ပါသည်။ တစ္ဆေကို အယုံအကြည်မရှိကြောင်း သိသာ လှ၏။ ဤတွင် ဘွားအေကြီးသည် စာတတ်ပေတတ် ကျမ်းဂန်နှံ့စပ်သူ ဖြစ်၍ ပြိတ္တာဆိုသည်ကို မယုံကြည်ဟု ကျွန်တော် မိုက်မဲစွာ မပြောဆိုရပါ။ တစ္ဆေအခြောက်မခံရဖူး၍ တစ္ဆေကို မယုံကြည်ကြောင်းမျှသာ ကျွန်တော် ဆိုလိုပါသည်။ ဘွားအေကြီးက တစ္ဆေအခြောက်မခံရဖူး၍ တစ္ဆေမရှိဟု အတိအလင်း ပြောကြားခဲ့သော်လည်း ကျွန်တော် အထက်တန်းကျောင်းသား ဘဝ ဆယ်ကျော်သက်မှာပင် အတွေ့အကြုံထူးကို တွေ့ကြုံရဖူးပြီဖြစ်၍ တစ္ဆေ တကယ်ရှိသည်ဟု ပြောပါရစေ။

## ဆွမ်းလောင်းသွားရင်း တွေ့

၁၃၂၆–ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၆–ရက်၊ ကြာသပတေး နေ့သည် မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဖြစ်ပါသည်။ ခရစ်သက္ကရာဇ်အားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



၁၃၆၄–ခုနှစ်၊ ဧပြီလ ၁၆–ရက်နေ့ ဖြစ်ပါသည်။ ထိုနေ့ နံနက်စောစော အရုဏ်တက်ပြီးစ၊ စက်နာရီအားဖြင့် နံနက် ငါးနာရီမတ်တင်း (၄း၄၅) နာရီခန့် ဖြစ်ပါလိမ့်မည်။ နေရာမှာ တောင်ကြီးမြို့ ကုန်းသာကျောင်း တောင်ဘက် ညောင်ပင်ကြီးအနီး၌ ဖြစ်ပါသည်။ ကုန်းသာကျောင်း အပေါ်ဆပ်၌ နှစ်ကျိုပ်ရှစ်ဆူ ဆွမ်းလောင်းပွဲ ရှိပါသည်။ ဆွမ်းလောင်းပြီးအပြန်တွင် ဖြစ်ပါ၏။

ကျွန်တော်တို့ တောင်ကြီးမြို့တွင် သင်္ကြန်ရက်အတွင်း ရှေးရိုးရာမပျက် နှစ်ကျိပ်ရှစ်ဆူ၊ ဘုရားကိုးဆူ စသည့် ဆွမ်းလောင်းပွဲများ ရှိပါသည်။ ကျွန်တော် နေထိုင်ရာ ကံသာရပ်ကွက် ဓမ္မာရုံကြီးပေါ်၌ နှစ်ကျိပ်ရှစ်ဆူ ဘုရား ဆွမ်းလောင်းပွဲ ရှိသကဲ့သို့ ကုန်းသာကျောင်းပေါ်၌လည်း နှစ်ကျိပ်ရှစ်ဆူဘုရား ဆွမ်းလောင်းပွဲ ရှိပါသည်။ ကုန်းသာကျောင်းသည် မြို့မ ရပ်ကွက်၌ ပါဝင်၍ ကံသာရပ်ကွက်တောင်ဘက် တစ်ဆက်တည်း၌ ရှိ၏။ ပြီးတော့ တောင်ဘက် ကူညီကုန်းရပ်ကွက်က ဘုရားကိုးဆူ ဆွမ်းလောင်းပွဲနှင့် တောင်ဘက် ဆက်သွားလျှင် တောင်ပိုင်းကျောင်းကြီးစုရပ်ကွက်ရှိ တောင်ကျောင်းကြီး၌လည်း ဘုရားကိုးဆူ ဆွမ်းလောင်းပွဲ ရှိပါသည်။ ကံသာ ရပ်ကွက် မြောက်ဘက် စိန်ပန်းရပ်ကွက်တွင်လည်း နှစ်ကျိပ်ရှစ်ဆူဘုရား ဆွမ်းလောင်းပွဲ ရှိ၏။ ရပ်ကွက်ရုံးပေါ်၌ ယာယီပင့်ဆောင် ကျင်းပခြင်းပါ။ ထိုမှ မြောက်အရပ် ဆက်သွားလျှင် ရွှေတောင်ရပ်ရှိ ပေါ်တော်မူကျောင်း၌ ဘုရားကိုးဆူနှင့် ဝက်ပါဘုရား ဆွမ်းလောင်းပွဲ ရှိပါသည်။ ဆွမ်းလောင်းပွဲများသည် အများအားဖြင့် ခုနစ်ရက်ပုံမှန် ကျင်းပတတ်ကြသည်။

၁၃–၄–၆၄ တနင်္လာမနက် (သင်္ကြန်အကျနေ့)က ကျွန်တော် အိပ်ပျော်သွား၍ မိခင်နှင့်အတူ ဆွမ်းလောင်း မလိုက်ဖြစ်လိုက်ပါ။ ၁၄–၄–၆၄ နှင့် ၁၅–၄–၆၄ သင်္ကြန်အကြတ်နေ့နှင့် အတက်နေ့ နံနက်စောစောတော့ ဝတ်မပျက် ဆွမ်းလောင်းလိုက်ဖြစ်သည်။ သုံးရက်ပြည့်စေရန် ၁၆–၄–၆၄ နှစ်ဆန်းတစ်ရက်နေ့မနက် ကျွန်တော်တစ်ယောက်တည်း ဆွမ်းအုပ်တစ်ဖက်ပွေ့၊ ဆွမ်းချိုင့်တစ်ဖက်က ဆွဲလျက်၊ နံနက်လေးနာရီခန့်က အိမ်မှ ထွက်ခဲ့ပါသည်။ ရှေးဦး ကံသာရပ်ဓမ္မာရုံ၌ ဆွမ်းလောင်း

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ စောသေး၍ လူမကျပ်သေးပါ။ နောက်ကျလျှင် အကြာကြီး တန်းစီရပါသည်။ ထို့နောက် ကုန်းသာကျောင်းဘက်သို့ တစ်ဦးတည်း ထွက်ခဲ့ပါသည်။ လူအတော်ပြတ်သည်။ လမ်းမီးတိုင် မှုန်ဝါးဝါးသာ အလင်းရောင်ရှိ၏။ ကုန်းသာကျောင်းအတက် လှေကားသည် အထစ်ပေါင်း နှစ်ရာကျော်ရှိ၏။ ထို့ကြောင့် ပျာယီးပျာယာ မောင်ကုန်းသာဟု စာချိုးတွင်၏။

ကုန်းသာမှ ကူညီကုန်းနှင့် တောင်ကျောင်းကြီးအထိ ဆွမ်းလောင်း သွားရန် အစီအစဉ်ရှိ၏။ ကူညီကုန်းသို့ ဆက်သွားရန် ခရီးတိုသော တောလမ်းဖြတ်လမ်းလေး ရှိ၏။ မိခင်က လူပြတ်မည်စိုး၍ လှေကားကြီး ကို ပြန်ဆင်းပြီး ပေတစ်ရာလမ်းအတိုင်း သွားရန် မှာကြားလိုက်ပါသည်။ လှေကားရှည်ကြီး ပြန်ဆင်းရမည်ကို ပျင်းရိလှသော ကျွန်တော်သည် ဖြတ်လမ်းကသွားရန် ဆုံးဖြတ်လိုက်၏။ မိခင်စကား နားမထောင်ခဲ့လေ သောကြောင့် တစ္ဆေခြောက်ခြင်း ခံရသည်ကို အမှန်အတိုင်း ဝန်ခံရ ပေမည်။ လူကြီးမိဘဆိုသူတို့ကား အမြော်အမြင် ကြီးကြပေတကား။

## ခေါင်းနားပန်းကြီး

ကုန်းသာကျောင်း၏ တောင်ဘက် ကိုက်ငါးဆယ်ခန့်အကွာ ကျောင်းဝင်းအဝင်ဝ၌ ကြီးမားလှစွာသော ပညောင်ပင် (ညောင်ဖြူဟုလည်း ခေါ်သည်) ကြီးတစ်ပင် ရှိသည်။ တောင်ကြီးမြို့ မတည်မီကပင် ရှိနှင့် နေဟန် တူပါသည်။ ထိုညောင်ပင်အောက်သို့ ရောက်လျှင် ဖိနပ်စီးခွင့် ရပါပြီ။ ညာဘက်လက်တွင် ဆွမ်းအုပ်နှင့် ဆွမ်းချိုင့်ကို ပိုက်ဆွဲလျက်၊ ဘယ်ဘက်လက်က ခြေညှပ်ဖိနပ်ကို ကိုင်လျက်၊ လျှောက်လှမ်းလာသော ကျွန်တော်သည် ညောင်ပင်အောက်သို့ ရောက်သော် ဖိနပ်ကို စုံချလိုက် ပါသည်။ ကြက်သီးမွေးညင်း တဖျဉ်းဖျဉ်း တစ်ကိုယ်လုံး ထသွားပါသည်။ ကျွန်တော်သည် တော်ရုံတန်ရုံဖြင့် မကြောက်တတ်ပါ။ ကျောက်နှင့် အနည်းငယ် အလှမ်းကွာဝေးသဖြင့် ညောင်ပင်အောက်၌ မှောင်မိုက်နေ၏။ ဆက်သွားမလား၊ ပြန်ဆုတ်မလား ဝေခွဲ၍မရ၊ ကျောင်းဘက်သို့ လှမ်းကြည့် လိုက်တော့ အလင်းရောင်မှုန်ပြပြ တွေ့ရသည်။ မကောင်းဆိုးဝါးနှင့်

www.burmeseclassic.com

www.burmeseclassic.com



တွေ့မည်ဆိုလျှင် ကြက်သီးမွေးညင်း ထတတ်သည်ဟု မှတ်သားဖူးသည်။ တွေ့ကြည့်လိုက်စမ်းချင်သည်ဟူသော စိတ်ကြောင့် တောလမ်းအတိုင်း ဆက်သွားမည်ဟု ဆုံးဖြတ်လိုက်ပါတော့သည်။

ခြေတစ်လှမ်း၊ နှစ်လှမ်း၊ သုံးလှမ်း ဆက်လျှောက်လိုက်သော်လည်း ကြက်သီးထက ပြေမသွားသည့်ပြင် ကျွန်တော့်ဦးခေါင်းကြီးသည် တဖြည်းဖြည်းပွပြီး ကြီးကြီးလာလိုက်သည်မှာ ကိုယ့်ခေါင်းကိုပင် ကိုယ်မနိုင်တော့ပြီဟု အထင်ရှိလိုက်ပါသည်။ တစ်ဖန် ခေါင်းက ပြန်၍ပြန်၍ သေးငယ်လာရာ ခေါင်းကြီးပျောက်သွားပြီဟု ထင်ရလောက်အောင် ဖြစ်ရပြန်၏။ ခေါင်းနားပန်းကြီးသည် ဆိုခြင်းကို ကြားဖူးဖတ်ဖူးရုံသာ ရှိခဲ့၏။ တစ်ကြိမ်တစ်ခါမှ ပွဲတွေ့မကြုံစဖူးပါ။ ဤသည်ကား မကောင်းဆိုးဝါးနှင့် တွေ့တော့မည်ဆိုလျှင် ခေါင်းနားပန်းကြီးတတ်သည်ဆိုခြင်း ဖြစ်လိမ့်မည်ဟု မှတ်ချက်ချမိပါသည်။ ဆက်သွားမလား၊ မသွားဘူးလား၊ တစ်ယောက်တည်းပေမယ့် ဘွားအေကြီးတို့ တစ်သက် မကြုံတွေ့ဖူးသော တစ္ဆေခြောက်ခြင်းကို ကြုံကြိုက်ခဲစွာ တွေ့ကြုံရမည့်ကိန်း ရှိသည်ကို လူငယ်ဘာဝ စွန့်စားချင်သော စိတ်က အဘယ်မှာလျှင် နောက်ဆုတ်ပါတော့မည်နည်း။ ကဲ–တစ္ဆေဆိုတာ အမည်းလား၊ အဖြူလား တွေ့စမ်းပါစေ၊ တွေ့ပါရစေဟု စိတ်တွင်းမှ ကြိမ်းဝါးကာ ဆက်လျှောက်ဖြစ်ပါတော့သည်။

## တကယ်တွေ့ပါပြီ

ကိုက်တစ်ရာခန့် လျှောက်မိလျှင် မူလတန်းကျောင်းသို့ ဦးတည်သွားသောလမ်းနှင့် ကူညီကုန်းရပ်သို့ ခွဲဆင်းသွားသော လမ်းဆုံလမ်းခွသို့ ရောက်ပါပြီ၊ ကျွန်တော့်မှာ ဂုဏ်တော်များ ရွတ်ဆိုလျက် ကြက်သီးထလည်း မလျော့ပါ။ ခေါင်းနားပန်းကြီးခြင်းကလည်း မရပ်တန့်၊ လူက သတိကြီးစွာနှင့် ပတ်ဝန်းကျင်ဘေးဘီများကို လှည့်ပတ်အကဲခတ်ရပါသေးသည်။ တစ္ဆေဆိုသည့် သတ္တဝါဆန်းကို တွေ့မြင်ဖူးချင်သည့်စိတ်က ကြီးစိုးနေခဲ့သည်ကိုး။ ပတ်ဝန်းကျင်မှာ မှောင်မိုက်အတိသာ ဖြစ်ချေ၏။ ဖြစ်ချင်တော့ ထိုနံ့နက်က မိုးမှောင်ကြီးက အုပ်ဆိုင်းလို့ နေပါသည်၊ လသုတ်ရက်က

www.burmeseclassic.com

www.burmeseclassic.com



လည်း ဖြစ်နေပြန်တော့ ဖိုးရွှေလမင်းကြီးကလည်း မသာနိုင်ရှာပါ။ သင်္ကြန် အတက်နေ့က သင်္ကြန်မိုးလေး အတော်ရွာချလိုက်၍ ရာသီဥတုကလည်း အေးစိမ့်နေပါသည်။ တိုက်ပုံအင်္ကျီတစ်ထည်တည်းနှင့် မလုံလောက်သဖြင့် ဆွယ်တာလက်ရှည် နက်ပြာရောက်လေးကို အတွင်းက ခံဝတ်ခဲ့ရသည်။ မိုးတိမ်ညိုတို့ကြောင့် ကြယ်ရောင်သော်မှ မှိတ်တုတ်မလင်းလက်နိုင်ပါပေ။

ကြက်သီးဖြန်းဖြန်းထလျက် ခေါင်းနားပန်းကြီးပြီးရင်း ကြီးလျက် ကပင် ဟောဟိုမှာ တွေ့ပါပြီ။ မီးခိုးတိမ်မိုးကဲ့သို့ လူပုံသဏ္ဌာန် ဝါးဝါး ဖြူဖြူ ရှည်ရှည်ကြီး တလွင့်လွင့်နှင့် လွင့်လာပါတကား။ မူလတန်းကျောင်း ၏ တောင်ဘက်အစွန်၊ ကားလမ်းခြားပြီးနောက် ညောင်ပင်ကြီး တစ်ပင် ရှိ၏။ ရပ်တော်မူဘုရားကြီး၏ မြောက်ဘက်တောင်စောင်းခြေရင်း၌ ဖြစ်၏။ ထိုပင်ထိပ်ဖျားမှသည် လွင့်လာခြင်းပါ။ တိမ်ဖြူ ဖြစ်နိုင်ပါသလား။ မဖြစ် နိုင်ပါ။ ပတ်ဝန်းကျင်အားလုံး တိမ့်ညိုတိမ်မည်းတို့သာ အုပ်ဆိုင်းနေပါ သည်။ သို့ဆိုလျှင် မီးခိုးဖြစ်နိုင်ပါသလား။ တောမီးရှို့ထားခြင်းများ ရှိသလား။ မီးခိုးဖြူ မဖြစ်နိုင်ပါ။ တောမီးရှို့ထားခြင်းလည်း မရှိပါ။ လေလည်း မတိုက်ပါ။ လေပြေလေးသော်မှ မရှိ၊ ပကတိ ငြိမ်သက်နေသည်။ ထို ဖြူဖြူအရာသည် တစ္ဆေသာ ဖြစ်ရပါမည်။ ဦးခေါင်းမော့၍ ကြည့်ရသော ကြောင့် အင်မတန်မှ အရပ်ရှည်လှသည်။ ထီးလမိုင်း ဆိုတာများလား။

လေမတိုက်ခတ်ပါဘဲနှင့် သူ့အလိုလို တရွေ့ရွေ့နှင့် ရွေ့လျားလာ ခြင်းသည် သစ်ပင်ထိပ်ဖျားမှ လျှောက်လှမ်းလာခြင်းနှင့် တူနေချေ၏။ ခေါင်းနားပန်းကြီးလျက် ပရိတ်တော်များ ရွတ်ဆိုလျက်က ကျွန်တော် ခြေရာခံလိုက်ကြည့်ရာ၊ ကုန်းသာကျောင်းဝင်းဝရှိ ညောင်ပင်ကြီးထိပ်နား အရောက်မှာ လုံးဝပျောက်ကွယ်သွားပါတော့သည်။ ထိုညောင်ပင်မှ ဤ ညောင်ပင်သို့ ကူးလာခြင်းဟု သဘောပေါက်လာရသည်။ တကယ်လား။ အိပ်မက်လားဟု ထင်ယောင်ထင်မှား ဖြစ်ရသည့် အတွေ့အကြုံမို့ မိမိ ပေါင်ကို မိမိဆိတ်မိသည် အထိပါ။ အလားလား။ ဆိတ်တော့ ပေါင်နာ တာပေါ့။ အဟုတ်တကယ်ပါလား။ အိပ်မက်မဟုတ်ပါ။ "တစ္ဆေဆိုတာကို ငါတကယ် မြင်တွေ့ဖူးပြီ၊ အဘွားကို ပြောပြရဦးမယ်။" ဆိုသော အသိနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဗိတိဖြစ်တာတစ်ပိုင်း၊ ကြောက်လန့်နေတာတစ်ပိုင်း၊ ခံစားချက်များ ရောထွေးနေခဲ့ပါသည်။ မိမိကိုယ်ကို မကြောက်၊ သတ္တိရှိသည်ဟု မဲတင်း အားပေးနေခဲ့သော်လည်း ခေါင်းနားပန်းကြီးခြင်း၊ ကြက်သီးမွေးညင်း ထခြင်းများ အဆက်မပြတ် ဖြစ်နေခဲ့ခြင်းသည် ကြောက်စိတ်ကြောင့်ဟု ယခုအခါ နားလည်သဘောပေါက်လာပါပြီ။

## ထူးဆန်းသောခြေသံ

ကူညီကုန်း ရပ်ကွက်လေးဆီသို့ လမ်းခွဲလေးအတိုင်း ကွေ့ဆင်း လာခဲ့ရာ မှောင်မိုက်လွန်း၍ လမ်းကို သဲကွဲစွာပင် မမြင်ရပါ။ သဲကြမ်းများ ခင်းထားပါသည်။ ခံတက်ပင်ကြီးတစ်ပင်ကို ကျော်လွန်ခဲ့ပြီးသည့်အခါ ကျွန်တော့်နောက်မှ ခြေသံတစ်ခုသည် ထပ်ကြပ်မကွာ လိုက်ပါလာသည် ကို ကောင်းစွာ ကြားရပါသည်။ ခြေသံက ဘုန်းကြီးခြေသံ ဖြစ်၏။ မည်သို့ သိနိုင်သနည်းဟု မေးလာသော် သဲကြမ်းခင်းထားသော လမ်းပေါ်တွင် တရှပ်ရှပ်နှင့် မြည်နေသော ခြေသံမှာ ဘုန်းကြီးသားရေဖိနပ်သံ ဖြစ်နေ သောကြောင့်ပါ။ ကျွန်တော် လှည့်ကြည့်သည်။ ဘာမှ မတွေ့ရပါ။ ကျောထဲက စိမ့်ကနဲ အေးသွား၏။ ကြက်သီးထခြင်းနှင့် ခေါင်းနားပန်းကြီးခြင်းက ပို၍ ပို၍ ပြင်းထန်လာပါသည်။ အစပိုင်းတုန်းက ထိုခြေသံသည် ကျွန်တော့် ခြေသံများလေလားဟု ခြေကို ဖော့ပြီး နင်းကြည့်၏။ ကျွန်တော် စီးထား သော ဖိနပ်က ထိုစဉ်က နာမည်ကြီး ရန်ကုန်မြို့ ကျုံးကြီးလမ်းက ဒါးမောက် တံဆိပ် ဖိနပ် ဖြစ်၏။ အောက်ခံဆိုးမှာ ထိုအချိန်မှ စပေါ်သည့် ဖော့ကဲ့သို့သော ရော်ဘာမျိုး (ကြက်ပေါင်စိမ်းမဟုတ်)မို့ သဲကြမ်းပေါ်၌ အသံမမြည်ပါ။

ကျွန်တော်သည် စူးစမ်းလိုသောစိတ်ဖြင့် ခြေကို ဖော့နင်း၏။ တစ်လှမ်းချင်း အသာအယာ ခြေကြွပြီးမှ အသာဖော့နင်းခြင်းပါ။ ထိုသော အခါ နောက်ကလိုက်လာနေသော ဘုန်းကြီးဖိနပ်သံသည် ကျွန်တော့် ခြေချသံနှင့် တိုင်ပင်ချိန်သား မကိုက်တော့ဘဲ အလွဲကြီးလွဲနေပါတော့သည်။ တစ္ဆေသည် ခြေသံပေး၍ တကောက်ကောက် လိုက်လာနေသည်မှာ ထင်ရှား

www.burmeseclassic.com

www.burmeseclassic.com



ပါပြီ။ ဘာလုပ်ရပါမည်နည်း။ ပြေးရမည်လော။ ဆွမ်းအုပ်တစ်ဖက်၊ ဆွမ်းချိုင့်တစ်ဖက်နှင့် ပြေးရင်းလွှားရင်း ခလုတ်တိုက်ပြီး မှောက်လျက် လဲသော် ခက်ရချည့်။ ဆွမ်းဆက်မလောင်းနိုင်က ခက်ချေတော့မည်။ ပြီးတော့ တစ္ဆေလိုက်လို့ ပြေးရာက မှောက်လဲလျှင် တစ္ဆေက ကုပ်ပိုးခွစီး တတ်တယ်ဆိုလား ကြားဖူးပါသည်။ သေတတ်သတဲ့။ ထို့ကြောင့် ခြေလှမ်း ကို တတ်နိုင်သမျှ သုတ်သုတ်မြန်မြန်လှမ်းရင်း ဂုဏ်တော်တွေ၊ ပရိတ် တွေ အဆက်မပြတ် ရွတ်ဆိုလာခဲ့၏။ အမြီးအမောက်ပင် သိပ်ပြီး မတည့် ချင်လှတော့ပါ။ တော်သေး၏။ လမ်းထိပ်အိမ်က မီးသီးတစ်ပွင့် အလင်း ရောင်ကြောင့် ခြေသံများ ပျောက်သွားခဲ့လေသည်။

## မိုက်လှချည့်

ကူညီကုန်းဘုရားကိုးဆူ ဆွမ်းလောင်းပွဲသည် တစ်မျိုး ပျော်စရာ ကောင်း၏။ အစဉ်အတိုင်း မလေ်ာင်းရပေ။ လက်ယာရစ် ပတ်လျက် က–ခ–ဂ စသည်ဖြင့် ဗျည်းများအတိုင်း အလှည့်ကျရာကို ကိုးပတ်မျှ ပတ်၍ လောင်းလှူရပါသည်။ ထိုစဉ်က ရပ်ကွက်ကာလသားများ၏ ရေကင်းသံ၊ ဗျောသံ၊ အပျော်ထမ်းတီးဝိုင်းနှင့် စည်ကားလှချေသည်။ ကံသာဓမ္မာရုံတွင်မူ ဖျိုင်းတောင်သံကို တီးလေ့ရှိပါသည်။ ယခုအခါ လေ့လာ လိုက်စားသူ မရှိတော့၍ အပျော်တမ်းတီးဝိုင်းအဖွဲ့ မရှိတော့သည်မှာ နှမြောစရာ ကောင်းလှ၏။ ကက်ဆက်သံက နေရာဝင်ယူလာခဲ့ပြီ။ ယခု ၁၉၉၃–ခုနှစ် သင်္ကြန်ဆိုလျှင် ကူညီကုန်းရပ် ဘုရားကိုးဆူ ဆွမ်းလောင်းပွဲ ဖြစ်မှဖြစ်ပါဦးမလား မသိ။ မူလနေရာဖြစ်သည့် နှစ်ပေါင်း ၄၀–မျှ ကျင်းပ ခဲ့သော ရပ်ကွက်စုပေါင်း အဆောက်အအုံလေးမှာ မြို့ပတ်လမ်းမကြီးကို ချဲ့ထွင်ပြုပြင်ရာ၌ မလွတ်ကင်း၍ ဖျက်ပေးလိုက်ရချေပြီ။

ကျွန်တော် ဘုရားကိုးဆူဆွမ်းလောင်းပြီးမှ ပြန်အထွက်မှာ အလယ်တန်းပြ ဆရာမ ဒေါ်သန်းတင်နှင့် အုပ်စုတို့ ရောက်လာကြ၏။ တောင်ကျောင်းကြီးသို့ ကူးရန် ဆရာမတို့အုပ်စုအား ခဏစောင့်နေ လိုက်သည်။ ဆရာမတို့ ပြန်ထွက်လာသောအခါ ကျွန်တော့်အတွေ့အကြုံ

www.burmeseclassic.com

www.burmeseclassic.com



ကို "တစ္ဆေခြောက်တာလားတော့ မသိဘူး ဆရာမရေ"ဟူ၍ အစချီကာ စီကာပတ်ကုံး ပြောပြလိုက်ပါသည်။ ဆရာမသည် မျက်လုံးကြီးအဝိုင်းသား နှင့် လက်က ရင်ဘတ်ကို ဖိလျက် "မိုက်လှချည်လား မောင်အောင်ကျော်၊ အဲဒီလမ်းကို အဖော်မပါ တစ်ယောက်တည်း သွားရသလား။ မြေကြမ်း တယ်ဆိုတာ မကြားဖူးရှော့သလား" စသည်ဖြင့် အပြစ်တင် ဝေဖန်ပါ တော့သည်။ မြေကြမ်းသည်ကိုလည်း ကျွန်တော် နားမလည်၊ ကြားလည်း မကြားစဖူးခဲ့ပါ။

ဂျပန်ဝင်စက မြို့ကို ဗုံးကြဲသောအခါ အင်္ဂလိပ်တပ်များရှိရာ မြို့ အရှေ့မြောက်အရပ်အစား မြေပုံကို ပြောင်းပြန်ကြည့်မိသဖြင့် မြို့အနောက် တောင်အရပ် ကူညီကုန်းရပ်ကွက် တစ်ဝိုက်ကို မီးကုန်ယမ်းကုန် ဗုံးကြဲ မိသဖြင့် သေလိုက်ကြရသည်မှာ အလောင်းပင် ကောက်၍ မနိုင်ခဲ့ပါတဲ့။ သုသာန်သို့ပင် မပို့နိုင်။ ထိုထိုအရပ်တို့၌သာ တူးမြှုပ်ခဲ့ရသည် ဆိုလား။ ကျွန်တော်တို့ မမွေးမီကာလက အဖြစ်အပျက်များမို့ အများပြောသရွေ့သာ။ ဟုတ်ချင်လည်း ဟုတ်မည်။ မြေကြမ်းသည်၊ အခြောက်အလှန့်ကြမ်းသည် ဆိုကြ၏။ ကျွန်တော်က ကြိုတင် သိရှိမထားခြင်းကြောင့် တစ်ကိုယ်တည်း ဖြတ်ဆင်းလာမိသည်။ ကြိုတင်သိထားခဲ့ပါလျှင် ကျွန်တော် ဤမျှ သတ္တိ ရှိနိုင်ပါမည်လား။ မည်သို့ဆိုစေ ကျွန်တော့်အား မိုက်လှချည့်ဟု အားလုံးက အပြစ်ဆိုကြပါတော့သည်။

## အမှုဝေပါ

ဆရာမက "အမှုအတန်းလိုချင်လို့ ဖြစ်မှာ။ မောင်အောင်ကျော် အမှုကုသိုလ် ဝေမပေးလိုက်ဘူးလား"ဟု မေးမြန်းပါသည်။ ဤသို့ တစ်ကြိမ် တစ်ခါမှုလည်း မကြုံစဖူး အမှုအတန်း ဝေရသည်ဟုလည်း မသိရှိစခဲ့ဖူးပါ။ ထို့ကြောင့် ခေါင်းနားပန်းကြီးရင်း၊ ကြက်သီးမွေးညင်းထရင်း၊ ဂုဏ်တော်ရွတ်ရင်း စူးစမ်းလေ့လာမှုက တစ်ဖက်၊ ကြောက်စိတ်က တစ်ဖက်ဖြင့် ထိုတောလမ်းခရီးကို လွန်မြောက်ခဲ့ရသည်။ အမှု လုံးဝမပေးခဲ့မိပါ။ သကြန်တော်အခါရက်အတွင်း သက်သတ်လွတ်စား၊ ကိုးပါးသီလ

www.burmeseclassic.com

www.burmeseclassic.com



စောင့်ထိန်းလျက်၊ တရားလည်း ထိုင်ခဲ့ပါသည်။ နံနက်တိုင်း စောစောထ၊ ဆွမ်းချက်၊ ဆွမ်းတော်၊ ရေတော်၊ ဆီမီးတော်၊ ပန်းတော် ကပ်လှူသည်။ ဆွမ်းလောင်းသည်။ ယခုလည်း ဆွမ်းလောင်းရာက အပြန်မို့ မမျှော်လင့်ဘဲ ကြုံကြိုက်တုန်း ကုသိုလ်အမျှ လိုက်လံတောင်းခံခြင်း ဖြစ်နိုင်ပါသည်။ ကျွန်တော် နားလည်သိရှိခြင်း ကင်းခဲ့၍ လိုချင်သောသူမှာ အမျှကုသိုလ် မရလိုက်ပါ။ ဤသို့ ကောင်းမှုကုသိုလ် အစုစုတို့ကို အမျှအတန်းဝေရသည်ဟု သိခဲ့ရဖူးပါက၊ ကျွန်တော် အမျှပေးဝေခဲ့သည်မှာ အမှန်မုချပါ။ နောင်ကို သတိထားရပါမည်။

## လိပ်ပြာလှလို့တဲ့

နှစ်ဆန်းတစ်ရက်နေ့တွင် ရေမပက်ကြတော့ပါ။ ထို့ကြောင့် ဘွားအေကြီးတို့ မိဘလက်ထက်ကပင် ကိုးကွယ်ခဲ့သော မင်္ဂလာရာမ ကျောင်းတိုက်သို့ ကန်တော့သွားကြပါသည်။ နှစ်စဉ် တန်ခူးတစ်ကြိမ်၊ သီတင်းကျွတ်တစ်ကြိမ်၊ ဆန်နှစ်တင်းဝင်အိတ်တစ်အိတ်၊ ဆီဆယ်ပိဿာဝင် ပုံးတစ်ပုံးနှင့် အခြားအလှူစာလှူဖွယ်ရာများဖြင့် ကန်တော့နေကျ ဖြစ်ပါသည်။ မနက်က ဆွမ်းလောင်းသွားရင်း တစ္ဆေအခြောက်ခံရကြောင်းကို ဘွားအေကြီးမှစ၍ တစ်အိမ်သားလုံး သိရှိကြပြီး ဖြစ်၏။ ဆရာတော်ကြီးအား ကန်တော့ပြီးသောအခါ ဘွားအေကြီးက သူ့မြေးကြီး ကျွန်တော့်အတွက် စိုးရိမ်သောကြောင့် ဘုန်းတော်ကြီးအား အကျိုးအကြောင်းလျှောက်ထားတော့သည်။ ဘုန်းကြီးက "မောင်အောင်ကျော်က လိပ်ပြာလှလို့ပါ" ဟူ၍ မိန့်တော်မူသည်။ ပြီးတော့ တစ္ဆေမှာ တခြားသူမဟုတ်၊ ဘုန်းကြီး၏ သူငယ်ချင်းဖြစ်လိမ့်မည်ထင်ကြောင်း မိန့်၏။

"လိပ်ပြာလှတယ်ဆိုတာ ဘာကို ဆိုလိုပါသလဲ ဘုရား" ဟု ကျွန်တော်က လျှောက်ထားသောအခါ၌ကား "စိတ်လှတာကို လိပ်ပြာလှတယ်လို့ ပြောတာကွယ့်၊ မောင်အောင်ကျော်က ရတနာသုံးပါးကို တကယ်သဒ္ဓါတရားအစစ်အမှန်နဲ့ ရှိသေကိုင်းရှိုင်းတယ်၊ သီလမြဲလေ့

www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်၊ ဥပုသ်အမြဲစောင့်တယ်၊ ဒါနပြုလေ့ရှိတယ်၊ တရားထိုင်တယ်၊ ပရိတ်ရွတ်ပူဇော်တယ်၊ မေတ္တာပို့တယ်၊ ဒီတော့ စိတ်က စင်ကြယ်သန့်ရှင်းပြီး လုနေတာပေါ့။ ကုသိုလ်ကောင်းမှုတွေ ပြုထားတာရှိတော့ ကုသိုလ်အမျှ လိုချင်တဲ့ နာနာဘာဝ၊ ဝိနာဘာဝတွေက ချဉ်းကပ်ကြတာပေါ့''ဟူ၍ ရှင်းပြပါသည်။ ထို့နောက် မင်္ဂလာရာမဆရာတော်ကြီး၏ သူငယ်ချင်း၊ ကုန်းသာဘုန်းတော်ကြီး၏ ဖြစ်ကြောင်းကုန်စင်ကို ဤသို့ အမိန့်ရှိတော်မူပါသည်။

## ဘုန်းကြီးတစ္ဆေ

ဂျပန်အဝင် တောင်ကြီးမြို့ကို ဗုံးကြဲရာ၌ မြေပုံအကြည့်မှား၍ တပ်နယ်မြေအစား လူနေရပ်ကွက်များဖြစ်သော ကူညီကုန်းနှင့် တောင်ပိုင်းရပ်တို့ကို အကြီးအကျယ် ဗုံးကြဲခဲ့ကြကြောင်း ရှေ့တစ်နေရာတွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။ ထိုစဉ်က ကုန်းသာကျောင်းကြီး တည့်တည့်ပေါ်သို့ ဗုံးတစ်လုံး ကျရောက်ခဲ့ပါ၏။ နေ့ခင်းပိုင်းအချိန် ဖြစ်သည်။ ကုန်းသာက မြောက်ဘက်တောင်ကုန်း၊ ရပ်တော်မူက တောင်ဘက်တောင်ကုန်း၊ တောင်နှင့်မြောက်တန်းလျက် ရှိ၏။ အနောက်တည့်တည့်အရပ်၌ ဘုရားကြီး (မန္တလေးမဟာမုနိပုံစံတူ) တောင်ကုန်း ရှိသည်။ ဘုရားကြီးတောင်ကုန်း၏ အရှေ့တောင်ခြေမှာ မင်္ဂလာရာမကျောင်းတိုက်တည်ရာ ဖြစ်သည်။ ပမာအားဖြင့် သုံးပွင့်ဆိုင် ဖိုခုံလောက် အနေအထား ဖြစ်သည်။

နေ့ဆွမ်းစားပြီးလျှင် ကုန်းသာဘုန်းကြီးသည် နေ့လယ်နေ့ခင်း ခဏတစ်ဖြုတ် ကျိန်းစက်တတ်၏။ မင်္ဂလာရာမဘုန်းကြီးက နေ့ခင်း ကျိန်းစက်လေ့ မရှိတတ်ပါ။ ပြတင်းပေါက်အနီးရှိ ကုလားထိုင်ပေါ်၌ ထိုင်ရင်း၊ ပုတီးစိပ်မေတ္တာဘာဝနာပွါးနေသော မင်္ဂလာရာမဘုန်းကြီးသည် လေယာဉ်များ ခေါက်တုံ့ဝဲနေသော်လည်း ပုန်းရှောင်ခြင်းမရှိ၊ ထိုင်မြဲတိုင်း ထိုင်နေတော်မူခဲ့၏။ ကုန်းသာကျောင်းပေါ်သို့ ဗုံးတစ်လုံး ကျသည်နှင့် ဝုန်းဒိုင်းမြည်ဟည်းကာ မီးတောက်ကြီး ထတောက်ပါတော့သည်။ သွားပြီ၊

www.burmeseclassic.com

www.burmeseclassic.com



ငါ့သူငယ်ချင်း ကိစ္စချောပြီ'' ထင်မှတ်လိုက်စဉ်မှာပင် ကုန်းသာဘုန်းကြီးသည် သင်္ကန်းမနိုင် ဘာမနိုင် ပြေးဆင်းလာပြီး ရပ်တော်မူကုန်းဘက် ပြေးတက်သွားသည်ကို မြင်လိုက်ရ၏။ ''တော်ပါသေးရဲ့၊ ငါ့သူငယ်ချင်းတော့ ဗုံးအဏ်က လွတ်မြောက်သွားလေရဲ့''ဟု စိတ်အေးမည် ကြံကာရှိသေး၊ သင်္ကန်းတလွှားလွှားနှင့် ပြေးတက်နေသော သူငယ်ချင်း ဘုန်းကြီးမှာ မြင်ကွင်းက ရုတ်တရက် ရှင်းရှင်းလင်းလင်းကြီး ပျောက်ကွယ်သွားတော့၏။ 'ဟေ–ဘယ်လိုဖြစ်တာတုံး''ဟု အဖြစ်ဆန်းမို့ အံ့သြနေမိခဲ့၏။

အမှန်မှာ ကုန်းသာဘုန်းကြီးသည် ဗုံးအဏ်ကြောင့် ပျံလွင့်ခဲ့ပြီးပြီ။ အလောင်းပင် မရလိုက်ပါ။ မီးသွေးတုံး ဖြစ်သွားခဲ့ရပါပြီ။ ဆန်းကြယ်သည်မှာ ဝိညာဉ်ချုပ်စဉ် ကုန်းသာဘုန်းတော်ကြီး၏ စိတ်အစဉ်သည် ရပ်တော်မူဘုရားကုန်းဘက် ရှောင်တိမ်းရန် အာရုံညွှတ်ခဲ့ဟန် တူပါသည်။ ဤအရိပ်အယောင်ကို မင်္ဂလာရာမဘုန်းတော်ကြီးက မျက်ဝါးထင်ထင် မြင်တွေ့လိုက်ရခြင်းတည်း။ ကုန်းသာဘုန်းကြီး အဘယ်မှာ ကျွတ်လွတ်မည်နည်း။ ဘုန်းကြီးတစ္ဆေ ဆိုသည်မှာ ကျွတ်ခဲလှဘိခြင်း။ ထို့ကြောင့် ဂုဏ်တော်ရွတ်၊ ပရိတ်ရွတ်သော်လည်း ကျွန်တော့်နောက်မှ လိုက်မြဲလိုက်နေခြင်း ဖြစ်မည်။ ပြီးတော့ ခြေသံကလည်း တကယ့်ဘုန်းကြီး ဖိနပ်ခြေသံ။

မင်္ဂလာရာမဘုန်းကြီးထံမှ ဆက်လက်သိရှိရသည်မှာ အရုဏ်မတက်မီ ဘုန်းတော်ကြီး မေတ္တာပို့ အမျှဝေသည်ကို ကုန်းသာဘုန်းကြီးတစ္ဆေ အမြဲလာ၍ သာဓုခေါ်ခြင်း ဖြစ်ကြောင်း၊ ပြီးမှ ရပ်တော်မူကုန်းဘက်မှ လှည့်၍ ပြန်လေ့ရှိတတ်ကြောင်း၊ ယနေ့မနက် မောင်အောင်ကျော်နှင့် လမ်းခုလတ်တွင် တိုက်တိုက်ဆိုင်ဆိုင် သွားတွေ့ကြတာ ဖြစ်မည်ထင်ကြောင်း၊ ဖိနပ်သံ လိုက်ပေးနေသည်မှာ ကုသိုလ်အမျှဝေလိမ့်နိုးနှင့် နောက်မှ တကောက်ကောက် လိုက်လာခဲ့ခြင်းဖြစ်မည် ယူဆရကြောင်း စသည်ဖြင့် မိန့်ကြား၏။ ကျွန်တော့်အား ပရိတ်ရေသောက်ရန် ချီးမြှင့်လိုက်ပါသည်။ ကျွန်တော် ကံကောင်းသည်မှာ ဘွားအေကြီး မျှော်လင့်

www.burmeseclassic.com

www.burmeseclassic.com



ထားသကဲ့သို့ ဖျားနာခြင်း၊ လိပ်ပြာစဉ်ခြင်း၊ ထိတ်လန့်ခြင်းများ တစ်စုံတစ်ရာမျှ မဖြစ်လိုက်ခြင်းပါ။

## အဖြစ်မှန်ပါ

ဤအဖြစ်အပျက်လေးမှာ နှစ်ပေါင်းသုံးဆယ်နီးပါး ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ကျွန်တော့်အသိစိတ်ဝယ် မနေ့တစ်နေ့ကမှ ဖြစ်ပျက်ထားသလိုလို ထင်ရှားစွာ မှတ်မိနေဆဲ ဖြစ်ပါသည်။ ဘွားအေကြီး ကွယ်လွန်ခဲ့သည်မှာ နှစ်ပေါင်းအစိတ် ရှိခဲ့ပြီ။ မဂ်လာရာမဘုန်းတော်ကြီး ပျံလွန်တော်မူခဲ့သည်မှာလည်း နှစ်ပေါင်းနှစ်ဆယ် ကျော်လွန်ခဲ့ပါပြီ။ ထိုညောင်ပင်ကြီးနှစ်ပင်ကတော့ ယနေ့တိုင် တည်ရှိနေဆဲပါ။ မြို့ပြက လွန်စွာစည်ကားတိုးတက် ကြီးကျယ်ခဲ့ပြီး လူနေအိမ်ခြေ စိပ်စိပ်ကြောင့် သစ်ပင်ကြီးငယ်တို့ ရှင်းလင်းသလောက် ဖြစ်ခဲ့ပြီမို့ တောလမ်းလေးသည်လည်း ကားလမ်းမကြီး ဖြစ်ခဲ့ပါပြီ။ ကုန်းသာကျောင်းအနီးရှိ ညောင်ပင်ကြီးဝယ် ဘုန်းကြီးတစ္ဆေ ဥပကကြီး ရှိဆဲလေလား၊ မရှိတော့ဘူးလား၊ ကျွတ်လွတ်သွားခဲ့ပြီလားဟူသည်ကိုတော့ ကျွန်တော် တပ်အပ်သေချာ မသိတတ်နိုင်ခဲ့ပါပေ။

ထူးဆန်းထွေလာ ဖြစ်ရပ်ဆန်းများ ပြောကြကြေးဆိုလျှင် ကျွန်တော်၏ ဘဝတစ်သက်တာတွင် ရှေးဦး တွေ့ကြုံခဲ့ရသော ဤကုန်းသာကျောင်း ညောင်ပင်အောက်က တစ္ဆေခြောက်ခံရခြင်းကို ပြောပြမိတတ်ပါသည်။ ထိုသောအခါ မိတ်ဆွေသူငယ်ချင်းများက ယုံတမ်းပုံပြင်ကို ဉာဏ်ဆင်၍ ပြောတာလေလားဟု သံသယရှိတတ်ကြပါသည်။ နောင်သောအခါ ဤသို့သော အလားတူအဖြစ်ဆန်းများ မကြာခဏ တွေ့ဆုံကြုံကြိုက်ရမန် များလာသောကြောင့် ကျွန်တော့်အတွက် ထမင်းစားရေသောက်လို ရိုးသွားခဲ့ရပေမယ့် မယုံလိုသူအများကိုတော့ ပြောမပြဖြစ်တော့ပါ။ ရင်ထဲ၌ ခေါက်သိမ်းထားခဲ့လေသော အတွေ့အကြုံဆန်းများ ကျန်ရှိပါသေးသည်။ နောင်ကို အလျဉ်းသင့် အခွင့်သာပါက ဖော်ပြနိုင်ခွင့် ရှိကောင်းရှိလာပါလိမ့်မည်ဟု မျှော်လင့်မိပါ၏။

www.burmeseclassic.com

www.burmeseclassic.com



## ကျွန်တော် မရူးပါ။

ကျွန်တော်နှင့် ညီအစ်ကိုရင်းတမျှ ခင်မင်ကျွမ်းဝင်သော ကျိုင်းတုံမြို့မှ စိတ်အထူးကုဘွဲ့ရ ငယ်သူငယ်ချင်းတစ်ဦး ရှိပါသည်။ တောင်ကြီးမြို့သို့ တာဝန်ဝတ္တရားနှင့် ရောက်ခဲ့သော် ကျွန်တော့်အိမ်၌ တည်းတတ်ပါသည်။ စကားဦးတည့်ရာ ပြောဆိုကြရင်း တမလွန်ဘဝအကြောင်း၊ ပရလောက အကြောင်းများ ဆက်စပ်ပြောဆိုမိရာက အထက်ဖော်ပြပါ ကုန်းသာကျောင်း ညောင်ပင်တစ္ဆေအကြောင်းကို အသေးစိတ် ပြောပြမိပါသည်။ ပြီးတော့ ကျွန်တော် ရူးမရူး ခွဲခြမ်းစိတ်ဖြာ ကြည့်စမ်းပါဟု အမှန်အတိုင်း တောင်းဆိုလိုက်သောအခါ၌ သူငယ်ချင်းက "မင်း မရူးပါဘူး၊ စိတ်ဖောက်ပြန်တဲ့သူဟာ သူကိုယ်တိုင် ရူးမရူး ဘယ်တော့မှ မစဉ်းစားဘူးကွ၊ သူ့ကိုယ်သူ လူကောင်းလို့ပဲ ထင်တတ်ကြတယ်။ ပြီးတော့ မင်းပြောပြတဲ့ အချက်အတော်များများဟာ မင်းမှာ စူးစမ်းလေ့လာတဲ့စိတ်၊ အဖန်ဖန်သုံးသပ်အကဲဖြတ်တဲ့စိတ်၊ ခွဲခြားသိတတ်တဲ့ဉာဏ်တွေ ပါရှိနေတာမို့ မင်းအိပ်မက်မက်တာလည်း မဟုတ်ဘူး၊ ထင်ယောင်ထင်မှား ဖြစ်တာလည်း မဟုတ်ဘူး။ မင်း တကယ်တွေ့ကြုံခံစားရတာ အမှန်ပဲဆိုတာ ယုံကြည်ရပါတယ်။ ကြုံရခဲ့တဲ့ အဖြစ်အပျက်ဆန်းမို့ မယုံနိုင်လောက်အောင် ဖြစ်ရတာ တစ်ခုပါပဲ"ဟု ဖြေကြားရှင်းလင်းပြခဲ့ပါသည်။ ထိုသောအခါမှ ကျွန်တော်ကလည်း ဟင်းခနဲ သက်ပြင်းချမိရပါတော့သည်။

## ပြိတ္တာသည် တစ္ဆေပင်တည်း

မကျွတ်မလွတ် ပြိတ္တာဘဝ ရောက်ရှိသူများ သူ့ဘာသာသူ နေခဲ့လျှင် မကျွတ်မလွတ်မှန်းလည်း မသိကြရပါ။ လူသူလေးပါး ကြောက်လန့်အောင် ခြောက်လှန့်ဒုက္ခပေးခြင်းမျိုးများ ရှိလာသောအခါ၌ကား တစ္ဆေခြောက်သည်ဟု ပြောဆိုကြပါတော့သည်။ တမင်သက်သက် ခြောက်လှန့်ဒုက္ခပေးခြင်းမျိုး ရှိသကဲ့သို့၊ ကျွတ်လွတ်ချင်၍ အရိပ်အယောင်ပြခြင်း၊ အသံဗလံပေးခြင်း၊ အနံ့အသက်ပေးခြင်းများကို လူများက ကြောက်လန့်

www.burmeseclassic.com



ကြသောကြောင့် တစ္ဆေခြောက်သည်ဟု ပြောကြခြင်းများလည်း ရှိပါသည်။ စိတ်ကို တုန်လှုပ်ချောက်ချားအောင် ဖန်တီးပြုလုပ်ခြင်းကိုပင် တစ္ဆေခြောက်သည်ဟု စွဲလမ်းပြောဆိုကြခြင်း ဖြစ်ပါ၏။ သေလွန်သည့်အချိန်၌ စိတ်စွဲတစ်ခုခုကြောင့် ဘဝကူးမကောင်းခဲ့လျှင် ပြိတ္တာ ဖြစ်ကြရပါသည်။ ထိုပြိတ္တာတို့ကိုပင် တစ္ဆေဟု ယူဆရမည် ဖြစ်ပါက တစ္ဆေ တကယ်ရှိပါသည်ဟု ပြောရပါမည်။ ထိုနည်းတူ တမလွန်ဘဝများ ဖြစ်ကြသော နတ်များ၊ ဗြဟ္မာများ၊ ငရဲသားများလည်း တကယ်အရှိတရား ဖြစ်ပါကြောင်း၊ တိရစ္ဆာန်ဘုံကား ထင်ရှားတွေ့မြင်နေကြရ၍ ပြဿနာတက်စရာ မရှိတော့ကြောင်း တင်ပြရပါသည်။

ပုထုဇဉ်ဆိုသည်ကား ခက်လှ၏။ ဘုန်းကြီးသည် ကျောင်းကို စွဲ၍ ပျံလွန်လျှင် ပြိတ္တာ အမှန်ဖြစ်၏။ လယ်တီဆရာတော်ကြီးနှင့် မိုးညင်းတောရကျောင်း ဆရာတော် ဦးနန္ဒိယ ပြိတ္တာကြီး အဖြစ်အပျက်က သက်သေခံနေ၏။ သေခါနီး သားသမီးတို့ ငိုယိုသံကြောင့် ခေတ္တ ပြိတ္တာဘဝဖြစ်ရသော ရေချမ်းစင်ဒကာမကြီးနှင့် မဟာဂန္ဓာရုံဆရာတော်တို့ တွေ့ကြုံရသော အဖြစ်အပျက်တစ်ခုသည် ရှိခဲ့၏။ မန်လည်ဆရာတော်ကြီး၏ မဃဒေဝလင်္ကာသစ်၊ စာပိုဒ် ၄၀၆–မှ လင်္ကာတစ်ပိုင်း ထုတ်နုတ်ဖော်ပြရင်း နိဂုံးချုပ်ပါမည်။

လင်နှင့်မယား၊ သားနှင့်သမီး<br>
အသီးသီးကို၊ တပ်ငြိးငွဲ့ထွေ<br>
စွဲလမ်းသေသော်၊ မသေ့မှန်စွာ<br>
တပ်ရာရာနိုက်၊ ပြိတ္တာပြိတ္တိ<br>
ဖြစ်ဘိမလွဲ၊ ထို့ထက်ကဲ၍<br>
ငရဲတိရစ္ဆာန်၊ အတန်တန်ဖြင့်<br>
ဖောက်ပြန်မရှိ၊ ဂတိယုတ်မာ<br>
မှားကြောင်းသာတည်း ။ ။

✢ ✢ ✢ ✢ ✢

www.burmeseclassic.com

www.burmeseclassic.com

# ၂။ ကိုယ်တွေ့တစ္ဆေပုံပြင်

## တကယ် ရှိမရှိ

"တစ္ဆေဆိုတာ တကယ်ရှိတယ်" ဟူ၍ ခိုင်ခိုင်မာမာ လက်ခံယုံကြည်ကြသူတို့က တစ်ဖက်။

"တစ္ဆေဆိုတာ လံကြုပ်-လုပ်ကြံကြီးပါကွာ"ဟူ၍ လုံးဝ လက်မခံမယုံကြည်ကြသူတို့က တစ်ဖက်။ ဤသို့အားဖြင့် တစ္ဆေ တကယ် ရှိမရှိ ဝိဝါဒကွဲပြားကာ ယုံကြည်လက်ခံသူများနှင့် မယုံကြည်လက်မခံသူများတို့ အုပ်စုနှစ်စု ကွဲပြီး အပြင်းအထန် အငြင်းပွါးတတ်ကြစမြဲပါ။

ယခုလို "ရှိပေါ့"ဟု ခေါ်သော စက်ခလုတ်နှိပ်ရုံ ညွှန်ကြားချက်ပေးလိုက်ရုံမျှနှင့် ခိုင်းလိုရာခိုင်း၊ စေလိုရာစေ၊ အသုံးပြုနိုင်သည့် စက်ရုပ်များ တီထွင်အောင်မြင်လာသော မျက်မှောက် ကွန်ပျူတာ သိပ္ပံခေတ်ကြီးထဲကျမှ "တစ္ဆေဆိုတာ ရှိုးတာပါ၊ ဖြီးဖြန်းလိမ်ညာ အပလာတွေပါ"ဟု ခေတ်လူငယ်တို့ မယုံမကြည် ပြောင်လှောင်ခဲ့ကြသည် မဟုတ်ပါ။ ရှေးရှေးပဝေသဏီ လှည်းယာဉ်ကြော့ထုံးသော ဘိုးဘေးဘီဘင် ခေတ်အဆက်ဆက်ကပင် တစ္ဆေကို ယုံကြည်လက်ခံသူ အုပ်စုနှင့် မယုံကြည် လက်မခံသူအုပ်စုတို့သည် အချင်းချင်း ငြင်းကြခုံကြ၊ အလောင်းအစားပြုကြနှင့်၊ အကောင်အထည် လက်ဆုပ်လက်ကိုင်၊ ပိုင်ပိုင်နိုင်နိုင် မပြသနိုင်သည့် အနီတစ္ဆေဆိုသည်ကား လူသားတို့အား အတော်ကြီးကို အလုပ်ပေးလိုက်သည့် ဝေါဟာရစကားလုံးတစ်လုံး ဖြစ်ခဲ့ပါ၏။

www.burmeseclassic.com



## လောင်းကြေးစားကြေး

(က) ညဉ့်နက်သန်းခေါင်အချိန်မှာ သုသာန်သင်္ချိုင်းသို့ အဖော်မပါဘဲ တစ်ကိုယ်တည်း သွားရဲ၊ မသွားရဲ။

(ခ) တိတ်ဆိတ်မှောင်မည်းသော လကွယ်ညလယ်မှာ တစ္ဆေအခြောက်ရဲလွန်းတတ်သည့် မြို့ပြင်ရှိ ညောင်ပင်ကြီးအောက်သို့ တစ်ယောက်တည်း သွားပြီးနောက်၊ ပင်စည်ကို ထုံးဖြင့် ဝလုံးရေးဝံ့၊ မရေးဝံ့။

(ဂ) အခြောက်အလှန့် ကြမ်းလှချည့်ဟု နာမည်ကြီးလှသော တိုက်အိုအိမ်ပျက်၊ ကျောင်းအို၊ ဇရပ်ပျက်တို့၌ တစ်ညတာမျှ အထီးတည်း အိပ်နိုင်၊ မအိပ်နိုင်။

ဤသို့သော အခြေခံအကြောင်းများနှင့် အလောင်းအစားပြုကြရာမှ၊ ကျော်မကောင်းကြားမကောင်း အဖြစ်အပျက်မျိုးစုံတို့နှင့် ကြုံဆုံကြခြင်း အထွေထွေတို့ကို ကြားဖူးကြပါလိမ့်မည်။ ရှိရင်းစွဲ ကြောက်လန့်တတ်သည့် စိတ်ကို ဟန်ဆောင်ဖုံးကွယ်ပြီး သကာလ၊ မခံချင်သည့်စိတ် လုပ်ပြချင်သည့်စိတ်တို့၏ ဦးဆောင်မှုကြောင့် မရဲဘဲ ကျွဲပြစ်းသဖြင့် ဒုက္ခများရဘိသကဲ့သို့ တစ္ဆေနှင့် တကယ်တမ်း မတွေ့ကြဘဲ၊ မိမိစိတ်က မိမိကိုယ်ကို ပြန်လည်ခြောက်လှန့်ခြင်း ခံရသဖြင့်၊ လိပ်ပြာစဉ် လန့်ဖျပ်ပြီးနောက် ကြောက်သေးကြောက်ချေး သွက်သွက်ပန်းကာ သေလုမြောပါးမျက်ဖြူဆိုက်ကြရသည့် အဖြစ်ဆိုး ဇာတ်လမ်းမျိုးတွေကလည်း အများအပြား ရှိချေသည်။

## ယုံကြည်သင့်၏

အဖြစ်ဆိုးကြောင့် ကံဆိုးသူ တချို့မှာ တစ္ဆေအတွက် အလောင်းအစားပြုရာမှ လောင်းကြေးစားကြေးကို မရလိုက်သည့်ပြင်၊ သူတို့မယုံကြည် လက်မခံလိုသော တစ္ဆေဟူသည်ကား မရှိဟု ခိုင်ခိုင်မာမာစွဲယူသော အဖြစ်မှသည် လိပ်ပြာလန့်ကာ ဖျားနာသေကြသဖြင့် ဘဝကူး

www.burmeseclassic.com

www.burmeseclassic.com



မကောင်းကြဘဲ သူတို့ကိုယ်တိုင် တစ္ဆေဘဝသို့ ပြောင်းသွားကြရပေတော့သည်။

မိမိနေထိုင်ရာ မြို့ရွာအိမ်ကျောင်းအဲ့နီး၌ မကျွတ်မလွတ်၍ တစ္ဆေဘဝဖြင့် စွဲမှီနေကြသော တမလွန်ရောက် ထိုထိုကံဆိုးသူတို့မှာ ပြိတ္တာဖြစ်နေကြခြင်းပါ။ ပြိတ္တာဆိုသည်မှာ အပါယ်လေးဘုံ၌ ပါဝင်၏။ ပြိတ္တာအမျိုးအစား များစွာရှိသည့်အနက် အိမ်၊ ကျောင်း၊ ပတ်ဝန်းကျင် အနီးအနားနှ လှည့်လည်ကျက်စားသော ပြိတ္တာမျိုးကို ဝေမာနိကပြိတ္တာဟုခေါ်သည်။ ပြိတ္တာဖြစ်ရချင်းအတူတူ ဤပြိတ္တာအမျိုးအစားက နည်းနည်းပို၍ ကံကောင်းကြသည်ဟု ဆိုရပါမည်။ အကြောင်းမှာ လူတို့နှင့် နီးစပ်၏။ ဘဝဟောင်းက မိဘ သားမယား ဆွေမျိုး မိတ်သဟာများနှင့် နီးစပ်၏။ မိမိအား ရည်စူး၍ ပြုလုပ်ပေးသော ကောင်းမှုကုသိုလ်အစုစုတို့အတွက် အမျှပေးဝေခဲ့သည်ရှိသော် သာဓုခေါ်ဆိုနိုင်ပြီး ဆင်းရဲဒုက္ခကြီးလှသော ပြိတ္တာဘဝမှ ကျွတ်လွတ်နိုင်သောကြောင့် ဖြစ်ပါသည်။

လူ့ရွာအနီးအနား၌ ကျင်လည်ကျက်စားကြရသော်လည်း ထိုပြိတ္တာတိုင်းသည် လူတို့နှင့် ဆက်သွယ်၍ ရနိုင်ကြသည်မဟုတ်ပေ။ တစ္ဆေမယုံကြည်သူတို့က တစ္ဆေပြိတ္တာဘဝသို့ လာရောက်ရချိန်၌ မိမိတို့နှင့် ပတ်သက်ရာ ပတ်သက်ကြောင်းတို့အား ''တစ္ဆေပြိတ္တာဆိုတာ ရှိတယ်၊ ငါတို့ကိုယ်တိုင် တစ္ဆေပြိတ္တာ ဖြစ်နေခဲ့ရပြီ၊ မယုံရင် ဒီမှာကြည့်''ဟူ၍ ဆက်သွယ်ပြောဆိုနိုင်ကြသည်မဟုတ်။ စားရမဲ့၊ သောက်ရမဲ့၊ ဝတ်ရမဲ့ ဖြစ်နေသောကြောင့် မိမိတို့အား ရည်စူး၍ ဆွမ်း၊ သင်္ကန်း စသည်ဖြင့် လှူဒါန်းပြီး အမျှပေးဝေကြပါဟု တည့်တည့်တန်းတန်း ပြောဆို အကူအညီတောင်းခံနိုင်ကြသည် မဟုတ်။ အားကိုးရာမဲ့ဘဝဖြင့် ဒုက္ခကြီးစွာ ဆင်းရဲရောက်ကြရသော တစ္ဆေပြိတ္တာဘဝဟူသည် အဘယ်မျှ ကြောက်ရွံ့စရာကောင်းပါသနည်း။

အချို့က သူတို့ တစ္ဆေပြိတ္တာဘဝသို့ ကျရောက်နေကြောင်းနှင့် ကုသိုလ်အမျှအတန်း ပေးဝေပါမည့်အကြောင်း သိရှိနိုင်ကြစေရန် ကြောက်လန့်ဖွယ် ရုပ်ဆင်းအင်္ဂါ၊ စိတ်ချောက်ချားဖွယ် အသံဗလံ အနံ့

www.burmeseclassic.com



အသက်တို့ဖြင့် ပြသကြသည်။ ထိုသောအခါ လူတို့က သနားကြင်နာစွာဖြင့် ကူညီဆောင်ရွက်ပေးဖို့ ဝေးစွ။ ခြောက်လှန့်သော တစ္ဆေပြိတ္တာတို့ အိမ်ကျောင်းအနီး၌ မနေထိုင်နိုင်ဘဲ ဝေးရာသို့ ရှောင်ရှဲသွားစေရန် ဘုန်းကြီးသံဃာများ ပင့်ကာ ပရိတ်ရွတ်ခြင်း၊ ကမ္မဝါဖတ်ခြင်းများ ပြုလုပ်ကြခြင်းဖြင့် တစ္ဆေပြိတ္တာတို့ကို နှင်ထုတ်ကြကုန်၏။

ထို့ကြောင့် နောက်ကျမှ နောင်တမရရှိကြရလေအောင် တစ္ဆေ မယုံကြည်ကြသူ၊ လက်မခံနိုင်ကြသူတို့သည် ဘုရားဟော ဒေသနာတော်တို့ကို ရှာဖွေဖတ်ရှု လေ့လာသင့်ကြကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ အဘယ်ကြောင့်ဆိုသော် "အလိမ္မာစာမှာရှိ"ဟူသော ဆိုရိုးစကားအရ စာပေလေ့လာမှု များပြားလာခဲ့သော် ဗဟုသုတတို့သည် တိုးပွါးလာလိမ့်မည်။ လူလိမ္မာ ဖြစ်လာခဲ့သော် မှားယွင်းသော အယူအဆတို့ကို လက်မခံတော့ပါ။ လူမိုက်ဘဝမှ လွတ်မြောက်ခွင့်ရသဖြင့် နောင်တ တရားနှင့်လည်း ကင်းဝေးကာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရာ ရရှိနိုင်သောကြောင့်တည်း။

## ဘုရားဟောဝတ္ထုသာဓက

စာရေးသူအား ဆေးသိပ္ပံဆရာဝန်တစ်ဦး ဖြစ်ပါလျက်၊ တစ္ဆေကို ယုံကြည်ပါသလားဟု မေးလာငြားအံ့၊ လောကမှာ တစ္ဆေဆိုတာ အရှိတရားမဟုတ်ပါဟု ကျွန်တော် မိုက်မဲစွာ မပြောရဲပါ။ ဗုဒ္ဓဘာသာကို အကြွင်းမဲ့ ယုံကြည်လျက် ရတနာမြတ်သုံးပါးကိုလည်း လေးနက်စွာ ဆည်းကပ်ကိုးကွယ်သူ တစ်ဦးဖြစ်သော ကျွန်တော်သည် ဗြဟ္မာဘုံနှစ်ဆယ်၊ နတ်ပြည်ခြောက်ထပ်နှင့် အပါယ်လေးဘုံတို့ အမှန်တကယ်ရှိကြောင်း သံသယလုံးဝမဖြစ်ပါ။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်တည်းဟူသော အပါယ်လေးဌာနအနက် တစ္ဆေ၊ ဘီလူး၊ သရဲ၊ မှင်စာ စသော နာနာဘာဝ ဝိနာဘာဝတို့မည်သည် ပြိတ္တာစာရင်းဝင်များ ဖြစ်ကြသည် မဟုတ်ပါလော။ ထို့ကြောင့် ကျွန်တော်သည် တစ္ဆေပြိတ္တာဆိုသည်ကို ရာနှုန်းပြည့် ခိုင်မာစွာ ယုံကြည်လက်ခံသူ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ္ဆေပြိတ္တာရှိသည်ဟု ယုံကြည်လက်ခံရခြင်း အခြားအကြောင်းရင်း တစ်ချက် ရှိပါသေး၏။ ယင်းသည်ကား အခြားမဟုတ်။ ဘုရားဟောဇာတ်နိပါတ် ဇာတကသုတ္တန် ဒေသနာတော်များ၌ ဘဝအဖန်ဖန်ကျင်လည်ကြရသော ဘဝသံသရာကြီးထဲတွင် တော်ကြာ လူဖြစ်လိုက်၊ တော်ကြာ ငရဲကျလိုက်၊ တော်ကြာ ဗြဟ္မာဖြစ်လိုက်၊ တော်ကြာ ဝက်မလေးဖြစ်လိုက်၊ တော်ကြာ ပြိတ္တာဖြစ်လိုက်နှင့် ဘဝမျိုးစုံ အလီလီအခါခါ ဖြစ်ကြရသည့် ဇာတ်လမ်းဇာတ်ကွက်များတို့ကို ကြားနာဖတ်ရှုရသောကြောင့်ဖြစ်၏။ သာဓကအားဖြင့် ''သမင်မွေးရင်း ကျားစားရင်း''ဟူသော စကားပုံဖြစ်ပေါ်လာရသည့် တောင်သူလယ်သမား ဦးကြီးများတို့ ပုဖော်ပသလေ့ရှိသော ''ပုန်းမကြည်''နတ်အကြောင်း ဇာတ်လမ်းလေးကို လူတိုင်းနီးပါးသိရှိကြပြီးသား ဖြစ်ကြ၏။ မသိသေးသော စာဖတ်ပရိသတ် အချို့အတွက်အတိုချုပ် ဖော်ပြပေးလိုက်ပါသည်။

သားသမီး မပွါးစီးနိုင်သော မယားကြီးက သူ့အိမ်ဦးနတ် စိတ်အလိုပြည့် ချမ်းမြေ့စေရန်အလို့ငှာ သူ့ဩဇာညောင်းမည့် အမျိုးသမီးငယ်တစ်ဦးနှင့် ကြည်ဖြူစွာ သူကိုယ်တိုင် ပေးစားခဲ့သည်။ ကိုယ်ဝန်ရှိပြီဟုသိရသောအခါတိုင်း မယားငယ်အပေါ်၌ ဝန်တိုစိတ်ထားရှိသောမယားကြီးသည် သားပျက်ဆေးကို ကျွေးသဖြင့် အကြိမ်ကြိမ် သားပျက်ကျ၏။ အကြောင်းစုံကို အမျိုးသမီးငယ် သိရှိသောအခါ စိတ်နာစွာဖြင့်နောင်ဘဝတွင် မယားကြီးအား နိုင်ရပါလို၏ ဆုတောင်းပြီး သေခဲ့၏။ သူမသည် ကြောင်မကြီး ဖြစ်လာပြီး၊ မယားကြီးက ကြက်မကြီး ဖြစ်လာ၏။ ကြက်ပေါက်တိုင်း ကြောင်မကြီး စား၏။ ကြက်မလေးကလည်း နောင်ဘဝကြောင်မကြီးအား နိုင်ရပါလို၏ဟု ဆုတောင်းကာ သေခဲ့၏။ ကျားမကြီးဖြစ်လာခဲ့၏။ ကြောင်မကြီးသည် သမင်မလေး ဖြစ်လာ၏။ သမင်မလေးသားမွေးတိုင်း ကျားမကြီးက လာစား၏။ သမင်မလေး စိတ်နာ၍ ထပ်မံဆုတောင်းပြန်ရာ နောက်ဘဝတွင် ဘီလူးမ ဖြစ်လာခဲ့၏။ ကျားမကြီးကလူမိန်းမ ဖြစ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



လူမိန်းမ သားမွေးတိုင်း ဘီလူးမက လုယူစားသောက်ခဲ့၏။ နောင်သောအခါ အကြောင်းသိ၍ ပုန်းရှောင်နေရာ ကလေးအခါလည်းရောက်မှ ဘီလူးမ ခြေရာခံမိတော့၏။ သားမိခင်လည်း ကလေးကို ချီပွေ့လျက် မြတ်စွာဘုရား တရားဟောရာသို့ ဝင်ရောက်ပြီး ကယ်မပါရန် အသနားခံလျှောက်ထား၏။ ဘီလူးမလည်း တရားနာပရိသတ်အစွန်၌ စောင့်စားကာနေ၏။ ဘုရားရှင်၏ ဟောတရားကြောင့် ဘီလူးမရော၊ လူများပါ အကျွတ်တရား ရကြ၏။ ရန်ငြိုးအတုံ့အလှည့်ကို မထားတော့ဘဲ နှစ်ဦးနှစ်ဝကျေအေးလိုက်ကြသည်။ ငါးပါးသီလ လုံခြုံ၍ သားငါးမစားတော့သောဘီလူးမအား လူသားတို့က မုန့်ပဲသွားရည်စာ ထမင်းဟင်းတို့ဖြင့် ကျွေးမွေးစောင့်ရှောက်ကြ၏။ မိုးလေရာသီအခြေအနေကို ဘီလူးမက ကြိုတင်သတိပေး ကူညီသောကြောင့် တောင်သူလယ်သမားများ အကျိုးများခဲ့ရာမှဘီလူးမကို ပူဇော်ပသခြင်း အစဉ်အဆက်သည် ယနေ့တိုင်အောင် ဓလေ့စွဲမြဲနေခဲ့၏။ 'ပုန်းမကြီး' နတ်ဟု လူသိများပါသည်။

## မစွမ်းရင်းကရှိ

စာရေးဆရာ 'တိုးထက်'သည် သူ၏တတိယခြေလှမ်းဖြစ်သော "အသူရကာယ်ဘုံမှာ တစ်ခဏနှင့် အံ့သြဘနန်း ဖြစ်ရပ်ဆန်းများ" စာအုပ်ထွက်လျှင်ထွက်ခြင်း ကျွန်တော့်အတွက် မေတ္တာလက်ဆောင် တစ်အုပ်ကိုစာတိုက်မှတစ်ဆင့် ပါဆယ်ဖြင့် ပို့ပေးလိုက်ပါသည်။ ထိုစာအုပ်တွင် ပါဝင်ခဲ့သော ကျွန်တော်၏ 'တစ္ဆေ တကယ်ရှိမရှိ' ဆောင်းပါးအတွက် စာမူခချီးမြှင့်ငွေ ကျပ်နှစ်ရာတိတိကိုလည်း ငွေပို့လွှာဖြင့် စာအုပ်နှင့်တစ်ပြိုင်တည်းပေးပို့လိုက်၍ ကျေးဇူးတင်စွာဖြင့် လက်ခံရရှိခဲ့ပါသည်။ သီးခြားပေးစာအနေဖြင့်လည်း "ဆရာ့ထံတွင် ထူးဆန်းဖွယ်၊ အံ့သြဖွယ် အတွေ့အကြုံများ ကျန်ရှိသေးပါက စတုတ္ထခြေလှမ်း စာအုပ်အတွက် ဆောင်းပါးတစ်ပုဒ်ရေးသားချီးမြှင့်ပါရန် လေးစားစွာ တောင်းပန်အပ်ပါသည်" ဟုရေးကာအထူးတောင်းခံလာခဲ့ပါသည်။ သူသည် တစ်နှစ်လျှင် အနည်းဆုံး

www.burmeseclassic.com

www.burmeseclassic.com



စာတစ်အုပ်ကျ ထုတ်ဝေသွားရန် ရည်ရွယ်ချက်ရှိပါကြောင်းကိုလည်း သတင်းကောင်း ပါးလိုက်ချေသေး၏။

ကျွန်တော်သည် သွားနှင့်ပတ်သက်သော ဆေးဆောင်းပါးများကို မဂ္ဂဇင်းများ၌ ကြိုးကြားကြိုးကြား ရေးသားနေခဲ့ရာမှ၊ ၁၉၉၀–ပြည့်နှစ် မတ်လတွင် မမျှော်လင့်ဘဲ တောင်တန်းနယ်ခြား သာသနာပြု ဆရာတော်ကြီး အရှင်ဦးဥတ္တမသာရနှင့် တွေ့ဆုံဖူးမြော် လှူဒါန်းရပြီးနောက် 'တောင်ကြီးရောက် အဝေရာခရီးစဉ်' စာအုပ်တွဲများကို ရေးသားဖြစ်ခဲ့၏။ ထိုအချိန်မှစ၍ မသိမသာ ကျွန်တော့်ကလောင်သွားသည် ဘာသာရေးဘက်သို့ တစိုက်မတ်မတ် ဦးတည်လာခဲ့တော့၏။ ဆရာတိုးထက်က စာတစ်တန် ပေတစ်ဖွဲ့ ရေးသားလျက် ကျွန်တော့်ထံ စာမူများ တောင်းခံလာသောအခါ ကျွန်တော့်မှာ မစွမ်းရင်းကလည်းရှိ၊ ကန်စွန်းခင်းကလည်း ငြိပါတော့သည်။ မည်သို့သော မစွမ်းရင်း ရှိပါသနည်း။ မည်သို့သော ကန်စွန်းခင်း ငြိပါသနည်း။ ကျွန်တော် ရှင်းပြပါမည်။

## ဝါသနာဘာဂီ

စာရေးသူတိုင်းသည် သူ၏ရင်တွင်း၌ အမြဲတေအဖြစ် ပေါ်ထွန်းလာသော ခံစားရချက် ဝေဒနာများကို စာဖတ်သူများနှင့် မျှဝေခံစားလိုသော ဆန္ဒပြင်းပြစွာ ရှိမြဲဖြစ်၏။ ရေးသားဖော်ပြခွင့် ရရှိရမည့် နေရာ စာမျက်နှာသာ လိုပါသည်။ လယ်သမားသည် ပျိုးသာရန် မိုးရွာဖို့ မျှော်လင့်ဘိသကဲ့သို့ စာရေးလိုသူတို့သည်လည်း သူတို့ ရေးသားသည့် စာမူများကို ဖော်ပြပေးမည့် စာအုပ်များကို မျှော်လင့်တကြီး တောင့်တကြ၏။ ယခုလို စာမူ ရေးသားချီးမြှင့်ပါဟု လေးလေးစားစား တောင်းဆိုခံရသောအခါတွင် "အချိုရှာ သကာတွေ့"ကိန်းကြီး ဆိုက်လေတော့ရာ အဘယ်မှာလျှင် ကန်စွန်းခင်းမငြိဘဲ ရှိပါတော့မည်နည်း။ ဆရာတိုးထက် စုစည်းထုတ်ဝေမည့် အကြောင်းအရာမှာ တမလွန်နှင့် ဖြစ်ရပ်ဆန်းများ ဖြစ်နေရာ ကျွန်တော့်မှာလည်း ငယ်စဉ်ကပင်လျှင် စိတ်ဝင်စားခဲ့ပြီး ဝလှလာလိုက်စား

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သော အကြောင်းအရာ ဖြစ်နေပြန်၍ အတိုင်းထက်အလွန် တံခွန်နှင့် အုရား ဖြစ်နေပေတော့၏။

ရင်ထဲ၌ ရှိနှင့်ပြီးသော အကြောင်းအရာများမှ ကုန်ကြမ်းကို အထူးတလည် ရှာဖွေနေစရာ မလိုအပ်သောကြောင့် ကလောင်ချက် ခပ်သွက်သွက်ဖြင့် ရေးသားမိ၏။ ကျွန်တော့်ကလောင်ကို မြေတောင်မြှောက် ပေးခဲ့သူများအနက် ကျေးဇူးရှင်ဆရာတစ်ဦးဖြစ်သူ ဆရာကြီးငွေဥဒေါင်းအား ရေးပြီးသား စာမူများကို ပြသဖတ်ရှုစေသောအခါကား နှာခေါင်းရှုံ့ခြင်း တုံ့ပြန်မှုကို ခံရပါတော့၏။ အကြောင်းမှာ တမလွန်လောက တစ္ဆေပြိတ္တာ များအကြောင်း ဖြစ်နေသောကြောင့်တည်း။ ဤသို့ ဆုံးမသြဝါဒထူး ကိုလည်း စေတနာမေတ္တာ ကြီးမားစွာဖြင့် မိန့်ခြွေခဲ့ပေ၏။

## သြဝါဒထူး

"ဒေါက်တာအောင်ကျော် ဆိုတာ စာရေးဆရာ တစ်ယောက်ပါ။ ဘာသာရေးလိုင်းမှာ နာမည်တက်စ အရှိန်ကောင်းရနေတဲ့ ကလောင် တစ်လက်ပါ။ တစ္ဆေဆိုတာ လူတိုင်းနီးပါး စိတ်ဝင်စားကြတယ်။ အတော် များများကလည်း ယုံကြည်လက်ခံကြတယ်။ စာရေးဆရာ ကြီးငယ်တွေ အသီးသီးကလည်း စကားဝိုင်းအဖြစ်သာ ပြောဆိုဆွေးနွေးကြတယ်။ ဒါပေမယ့် စာပေအနေနဲ့ ချရေးဖို့ဆိုဖို့တော့ အတော်ဝန်လေးကြတယ်။ ကလောင်သိက္ခာကျမှာ စိုးလို့ပဲ။ ဒေါက်တာလည်း ဒီအကြောင်းအရာတွေ ဆက်ရေးနေရင် ကလောင်နာမည် ကျသွားလိမ့်မယ်၊ သတိထား။"

သက်ကြီးဝါကြီး အတွေ့အကြုံရင့်သော ဆရာကြီးတို့လို နိုင်ငံကျော် စာရေးဆရာကြီး အကျော်အမော်တို့၏ သြဝါဒဟူသည် လေးစားစွာ ဦးထိပ် ထား ပန်ဆင်အပ်ကြောင်း ကျွန်တော် ကောင်းကောင်းကြီး သိနားလည် ပါ၏။ တစ္ဆေအကြောင်းအရာသည် အတန်ငယ် ဂုဏ်သိမ်နေကြောင်းလည်း ကျွန်တော် သဘောပေါက်ပါ၏။ သို့သော် ကျွန်တော့်မှာ ဒီအကြောင်းအရာ ပေါ်မှာ စိတ်ဝင်စားမှု ဝါသနာအရင်းခံကလည်း ရှိ၏။ လေ့လာထားသော

www.burmeseclassic.com

www.burmeseclassic.com



ဗဟုသုတများလည်း အထိုက်အလျောက် ပြည့်စုံနေခဲ့၏။ ဆန်းဆန်းပြားပြား ကိုယ်တွေ့ဖြစ်ရပ်များလည်း အရံသင့်ရှိနေချိန်ဝယ် ရေးသားပေးပို့ပါရန် ဖိတ်မံမှုက ထပ်ဆင့် လောင်းလိုက်လေသောအခါ အဘယ်မှာလျှင် ကလောင်ဇက်ကြိုးကို သတ်၍ ရနိုင်ပါတော့မည်နည်း။ တားဆီးရန် မစွမ်းနိုင်တော့ပါ။ ထို့ကြောင့် မစွမ်းရင်းကလည်းရှိဟု ဆိုရခြင်းပါ။

တင်ပြပုံတင်ပြနည်းနှင့် စာရေးသူ၏ စေတနာမေတ္တာ ခြားနားမှုအပေါ် မူတည်၍ တစ္ဆေပြိတ္တာအကြောင်းအရာပင် ဖြစ်ငြားသော်လည်း စာပေတန်ဖိုးရှာက်ခြင်း၊ ကျခြင်းများ ဖြစ်နိုင်ချေသေး၏ဟု ကျွန်တော့် ဉာဏ်လေး တစ်ထွာတစ်မိုက်နှင့် စဉ်းစားဝေဖန်မိ၏။ သံသရာနှင့် တမလွန် အကြောင်းအရာကို ယုံကြည်မှုနည်းပါးသော ခေတ်လူငယ်များအဖို့ ရေးပြသူက စာအရေးတတ်လျှင် တတ်သလို သူတို့အား ဆွဲဆောင်မှု ရှိနိုင်ပြီး ဘာသာရေး သာသနာရေးဘက်၌ ပိုမိုစိတ်ဝင်စားလာနိုင်လိမ့်မည်။ ဤသို့ဆိုက သာသနာကို တစ်ဖက်တစ်လမ်းမှ ပြုရာပင် ရောက်နိုင်သေးသဖြင့် ကုသိုလ်များစွာ ရနိုင်ပေလိမ့်ဦးမည်ဟူ၍လည်း ကိုယ်လိုရာ ဆွဲတွေးမိပြန်၏။ မစွမ်းရင်းက ရှိသည့်အထဲတွင် ကန်စွန်းခင်းကလည်း ငြိလာပြန်သောကြောင့် 'ဆရာကြီးရေ၊ တပည့်အမိုက်အမဲလေးကိုနော်ဗျာ၊ ခွင့်ပြုလိုက်ပေဦးတော့'ဟု တောင်းပန်ရင်း ကိုယ်တွေ့တစ္ဆေပုံပြင်ကို ဆက်လက် ရေးသားလိုက်ရပါတော့သည် ခင်ဗျာ။

## ပင်လုံဆောင်

ရှေးတစ်ခေတ်က မက်ထရစ်စာမေးပွဲဟု ခေါ်ခဲ့သော ဆယ်တန်းစာမေးပွဲကို ကျွန်တော်သည် ၁၉၆၆–ခုနှစ်၌ အောင်မြင်ခဲ့၏။ ယင်းနှစ် နိုဝင်ဘာလဆန်းတွင် တက္ကသိုလ်သို့ ဝင်ရောက်ခွင့် ရခဲ့ပါသည်။ နယ်မှ တက်ရသော ကျောင်းသားများအတွက် သမိုင်းရှိ ကျောင်းဆောင်သစ်များ၌ နေရာချထားပေးပါသည်။ အဆောင်ဆယ်ဆောင်တိတိ ရှိ၏။ အမှတ်(၁) အဆောင်မှ အမှတ်(၁၀)အဆောင်အထိ ဖြစ်ပြီး ကျွန်တော် မှတ်မိသရွေ့

www.burmeseclassic.com

www.burmeseclassic.com



အဆောင်(၁)ကို စဉ့်ကူဆောင်၊ အဆောင်(၂)ကို ပင်လုံဆောင်၊ အဆောင်(၃)ကို အင်းလေးဆောင် စသည်ဖြင့် ဖြစ်ပါသည်။ ထို အဆောင်သုံးဆောင်တို့သည် မြောက်ဘက်အစပ်တွင် အရှေ့မှအနောက်အရပ်သို့ တန်းစီနေကြပြီး၊ မြောက်ဘက်သို့ပင် မျက်နှာလှည့်ထားကြပါသည်။ ဆယ်ဆောင်စလုံးပင် ပုံစံတူများ ဖြစ်ကြပြီး မျက်နှာလှည့်ရာအရပ်သာ ကွဲပြားခြားနားပါသည်။

အထက်ကောင်းကင်မှ အောက်သို့ ငုံ့ကြည့်မည်ဆိုလျှင် ထို သမိုင်းကျောင်းဆောင်တို့သည် အင်္ဂလိပ်ဗျည်းအက္ခရာ 'တီ'ပုံစံနှင့် အနီးစပ်ဆုံးတူနေပါလိမ့်မည်။ ခေါင်းစီးတန်းကို ထောက်ထားသော ကန့်လန့်အတန်းတွင် မျက်နှာချင်းဆိုင် ဝဲယာအခန်းပေါင်း နှစ်ဆယ်စီရှိသော အဆောင်ရှည်ကြီး ဖြစ်၏။ ခေါင်းစီးတန်း၏ ညာတောင်ပံသည် အနည်းငယ် တိုသောကြောင့် မျက်နှာချင်းဆိုင် ဝဲယာခြောက်ခန်းစီမျှသာ ရှိ၏။ အောက်ဆုံးထပ်၌ ကျောင်းသားအခန်းများ ဖွဲ့ထားခြင်း မရှိဘဲ၊ ညှိဆောင်ခန်းနှင့် အဆောင်မှူး မိသားစုနေထိုင်ရန် သီးခြားကန့်သတ်ထား၏။ ထိုအဆောင်မှူးနေထိုင်သော မြေညီထပ်၏အထက် ပထမထပ်နှင့် ဒုတိယထပ်တို့၌သာ ကျောင်းသားအခန်းများ တစ်ထပ်လျှင် တစ်ဆယ့်နှစ်ခန်းစီ ရှိသည်။ ကျွန်တော်တို့ ဆယ်အိမ်ခေါင်းဟု ပြောင်လှောင်ခေါ်လေ့ ရှိကြသော အခန်းဆယ်ခန်းအတွက် ကျောင်းဆောင်သား ကိုယ်စားလှယ် ရွေးပြီဆိုလျှင် ထိုလက်ယာခြမ်းအတွက် ဆယ့်နှစ်ခန်းကိုယ်စားလှယ် ဖြစ်ခြင်းကြောင့် ဆယ့်နှစ်အိမ်ခေါင်းဟု ခေါ်၏။

ခေါင်းစီးတန်း၏ ဘယ်တောင်ပံသည် ညာတောင်ပံထက် အနည်းငယ် ပိုရှည်ပြီး မျက်နှာချင်းဆိုင် ဝဲယာဆယ်ခန်းစီ ရှိ၏။ အဆောင်၏ ဆင်ဝင်မှ ဝင်ခဲ့လျှင်၊ အဆောင်၏ ညာတောင်ပံတွင် ညှိခန်းဆောင်ရှိ၏။ ညှိဆောင်၏ ဟိုဘက်ခြမ်းသည် အဆောင်မှူးနေထိုင်ရာ ဂေဟာဖြစ်တော့၏။ ဆင်ဝင်အပေါက်နှင့် တည့်တည့် ဥဒဟိုဖြောင့်တန်းနေသော လှေကားကြီးသည် ကန့်လန့်တန်းအဆောင်၏ အလယ်ဗဟိုတွင် ရှိပြီး၊ မျက်နှာချင်းဆိုင် ဝဲယာအခန်း နှစ်ဆယ်စီတို့၏ ဘုံသုံးစင်္ကြံဖြစ်၏။ အထပ်တိုင်း ဤပုံစံ

www.burmeseclassic.com



အတိုင်းသာ ဖြစ်ပြီး၊ အခန်းနံပါတ်များကိုသာ မကြည့်မိလျှင် မြေညီထပ်၊ အလယ်ထပ်၊ အထက်ဆုံးထပ်ဟူ၍ ခွဲခြားရန် ခက်ခဲပါလိမ့်မည်။ စကြံ၏ အဆုံးတွင် ရေဆွဲအိမ်သာခန်းများ၊ မျက်နှာသစ်ရန် ကြွေဇလုံဘေစင်များ၊ အဝတ်လျှော်ရန် နေရာများနှင့် ရေချိုးရန် ရေချိုးခန်းများ ရှိပါသည်။ အပေါ်ထပ်များသို့ တက်ရန် လှေကားလည်း ရှိ၏။

မြေညီထပ်တွင် အခန်းပေါင်း ခြောက်ဆယ်ရှိပြီး အခန်းနံပါတ် ၁-မှ ၆၀-ထိ ဖြစ်၏။ အလယ်ထပ်တွင် အခန်းပေါင်း ၅၂-ခန်း ရှိပြီး အခန်းနံပါတ် ၁၀၁-မှ ၁၅၂-ထိ ဖြစ်သည်။ အပေါ်ဆုံးထပ်သည်လည်း အခန်းပေါင်း ၅၂-ခန်းပင် ရှိပြီး၊ အခန်းနံပါတ် ၂၀၁-မှ ၂၅၂-ထိ ဖြစ်၏။ ထို့ကြောင့် လိပ်စာပါ အခန်းနံပါတ်ကို ကြည့်ခြင်းအားဖြင့် မည်သည့်အထပ်တွင် နေသည်ကို ချက်ချင်းသိနိုင်ပါသည်။ ထမင်းစားဆောင်သည် မီးဖိုဆောင်နှင့် တွဲလျက် သီးခြားအဆောက်အအုံ ဖြစ်ပြီးလျှင် အခန်းလေးဆယ်ရှိ ကန့်လန့်တန်းအဆောင်၏ အဆုံး၊ အခန်းနှစ်ဆယ်ရှိ ခေါင်းစီးတန်း၏ လက်ဝဲခြမ်း၏ ဟိုဘက်ကျောင်းဆောင် နောက်ဖေး အတွင်းဘက်တွင် ရှိ၏။ အမိုးသာပါရှိသော စကြံသီးခြားစီဖြင့် တစ်ဖက် တစ်ချက်မှ ထမင်းစားဆောင်သို့ ဆက်သွယ်ထားသည်။ နေပူပူ မိုးရွာရွာ ယင်းပေါင်းကူးစကြံမှ ချမ်းသာစွာ သွားလာနိုင်သော်လည်း အချို့ အဆောင်သားများက ထောင့်တန်းဖြတ်လမ်းအဖြစ် သုံးကြသောကြောင့် ထမင်းစားဆောင်နှင့် ပင်မအဆောင်ကြီးကြား မြက်ခင်းပြင်တွင် လူသွားလမ်းဖုန်ဖုန်လေး ဖြစ်နေပါတော့သည်။

## တစ္ဆေမည်းလုံး

သမိုင်းကျောင်းဆောင်၏ တည်ဆောက်ပုံ အနေအထားကို ဤမျှ ရှည်ရှည်ဝေးဝေး အသေးစိတ် ရုပ်လုံးဖော်နေရခြင်းမှာ ကျွန်တော် တင်ပြ လိုသော ကိုယ်တွေ့တစ္ဆေအကြောင်းကို စာဖတ်ပရိသတ်တို့ မျက်စိထဲ၌ ရှင်းရှင်းလင်းလင်း မြင်ယောင်စေချင်သော စိတ်စေတနာ အရင်းခံကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်။ ကျွန်တော်၏ တက္ကသိုလ်ကျောင်းသားသစ်လွင်နှစ်၌ စတွာဦး နေထိုင်ခဲ့ရသော အဆောင်မှာ အဆောင်နံပါတ်(၂) ဖြစ်ပြီး၊ အမည်သညာ အားဖြင့် ပင်လုံဆောင် ဖြစ်ပါသည်။ အဆောင်(၁) စဉ့်ကူဆောင်၌ မင်္ဂလာဒုံ ဆေးတက္ကသိုလ်(၂)မှ ကျောင်းသားများကို ထားရှိပြီး၊ အဆောင်(၂) ပင်လုံ ဆောင်တွင်မူ ဆေးတက္ကသိုလ်(၁)မှ ဆေးပထမနှစ် အငယ်တန်းနှင့် အကြီးတန်းကျောင်းသားများအပြင် ဆေးဒုတိယနှစ် အငယ်တန်းနှင့် အကြီးတန်း ကျောင်းသားများတို့ကိုပါ ထားရှိ၏။ အဆောင်နံပါတ်(၃) အင်းလေးဆောင်၌ကား ကြို့ကုန်းစက်မှုတက္ကသိုလ်မှ ကျောင်းသားများ ထားရှိကြောင်း မှတ်မိနေပါသည်။

ထိုစဉ်က ကျောင်းသားဦးရေ နည်းသေးသည်ဖြစ်ရာ၊ တစ်ယောက် တစ်ခန်းကျ နေခွင့် ရရှိခဲ့၏။ ပင်လုံဆောင်တွင် အစဉ်အလာအရ ကျောင်းသားသစ်လွင် အငယ်တန်းတို့မှာ မြေညီထပ်၌သာ ဦးစားပေးပြီး နေရာချထားလေ့ရှိသည့်အတိုင်း ကျွန်တော့် အခန်းနံပါတ်သည် လက်တစ်ဖက်အတွင်းရှိ လက်ချောင်းများ အရေအတွက် ကိန်းဂဏန်းငယ် တစ်ခုသာ ဖြစ်၏။ အခန်းအနေအထားမှာ ခေါင်းစီးတန်း ဘယ်တောင်ပံ၏ လက်ဝဲဘက်ခြမ်းတွင် ဖြစ်သောကြောင့်၊ အဆောင်မျက်နှာစာဘက်တွင် ပြတင်းပေါက်နှစ်ပေါက် ဆင့်လျက် ရှိ၏။ အမေရိကန်ပုံစံ ခေတ်ဆန်ဆန် ဖြစ်၍ မှန်များများ ပါရှိသည်။ အလင်းရောင် ကောင်းကောင်းရသော်လည်း ကျွန်တော်တို့အခြမ်းက နေရောင်ခြည် လုံးဝမခပါ။ အမြဲစိမ့်ပြီး အေးနေ တတ်သဖြင့် နွေရာသီတွင် နေရထိုင်ရ ကောင်းသလောက်၊ မိုးစိမ့်သော ရက်များနှင့် ဆောင်းများတွင် လေအေးစက် တပ်ဆင်ထားဘိသကဲ့သို့ အေးစိမ့်နေမြဲ ဖြစ်ပါသည်။

ပြောင်းရွှေ့ရ ပစ္စည်းများ နေသားတကျဖြစ်အောင် ပြင်ဆင်ရန်နှင့် မို့ ပြောင်းရွှေ့သည့် ပထမဆုံးညသည် ခြေကုန်လက်ပန်းကျကာ စောစော စီးစီး သန်းဝေနေခဲ့၏။ မိသားစုနှင့် ပထမဆုံး မခွဲမခွာစဖူး ခွဲခွာခဲ့သည့် ပြင်၊ တစ်ယောက်ထီးတည်း တစ်ခန်းသီးခြား ခွဲအိပ်နေကျ မဟုတ်သော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် တော်တော်နှင့် အိပ်မပျော်နိုင်ပေ။ အိပ်ပျော်မည့် ပျော်တော့လည်း တုံးခနဲ တစ်ညလုံးမှ တစ်ရေးပဲ ရသည်။ ဒုတိယညတွင်ကား နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်နိုင်ဘဲ၊ အိပ်ကို လွမ်းဆွတ်အောက်မေ့နေမိ၏။ ဆောင်းကလည်း အေးအေး။ အခန်းကလည်း စိမ့်ပြီးအေးသနှင့်၊ အိမ်မိသားစုနှင့် ဝေးသောကြောင့် ရင်မနွေးနိုင်သည့်အထဲ ရန်ကုန်သည် ရှမ်းပြည်နယ်လောက် မအေးဟု လျှော့တွက်ကာ ခြုံစောင်ကိုလည်း ပါးပါးသာ ယူခဲ့မိ၍ ကွေးကွေးလေး မေးရပါတော့သည်။ နိုးတစ်ဝက် အိပ်တစ်ဝက်နှင့် လင်းအားကြီးအချိန်သို့ တိုင်လေသော် ရင်ခွင်ထဲ မည်းမည်းလုံးလုံးကြီး ဝင်ရောက်လာပါတော့သည်။

သုံးနှစ်သားအရွယ်ခန့်ရှိ ထိုမည်းလုံးကြီးသည် ရေခဲကဲ့သို့ အေးစက်နေသည်။ ဦးခေါင်း၊ ခြေ၊ လက်တို့ မထင်ရှား မသဲကွဲသော်လည်း ကျွန်တော့်အား ကျောပေးကာ ကွေးလျက် ဝင်အိပ်နေကြောင်း သိလိုက်ပါသည်။ ကျွန်တော်က သူ့ကို တွန်းဖယ်ပစ်ရန် ကြိုးစား၏။ မရပါ။ ကျွန်တော့် ခြေလက်တို့သည် လှုပ်ရှား၍ မရသည်သာမက လူတစ်ကိုယ်လုံး ရွေ့လျား၍လည်း မရပါ။ အော်ဟစ်မောင်းထုတ်ရန် ကြိုးစား၏။ မရပါ။ ပါးစပ်သည် အာစေးမိနေသည့်အလား ဘာသံမျှ ထွက်မလာနိုင်ပါ။ ချမ်းချမ်းအေးအေးကြီးမှာပင် ဇောချွေးများ ပြန်ချင်လာပါပြီ။ သတိရပြီး ဣတိပိသောဘဂဝါ အစချီသည့် ဘုရားဂုဏ်တော်ကိုးပါးကို ရွတ်ဆိုလိုက်တော့မှ ထို မည်းလုံးကြီးသည် ရုတ်တရက် ပျောက်ကွယ်သွားခဲ့တော့၏။ မည်းလုံးကြီး ပျောက်ကွယ်သွားသည်နှင့် တစ်ပြိုင်နက်၊ ကျွန်တော်လည်း လန့်နိုးလာခဲ့ပြီ။ ဤကား ပင်လုံဆောင်သို့ ရောက်ပြီးနောက် ဒုတိယည၏ ပထမ အတွေ့အကြုံဆန်း ဖြစ်ပါတော့သည်။

## တစ္ဆေရှေ့ဆည့်သည်

ကျောင်းဖွင့်စ ရက်ပိုင်းမျှသာ ရှိသေးရာ အတန်းသားအချင်းချင်း အဆောင်နေ ကျောင်းသားအချင်းချင်းတို့မှာလည်း ငယ်ပေါင်းကြီးဖော်လို

www.burmeseclassic.com

www.burmeseclassic.com



တရင်းတနှီး မရှိကြသေးပါ။ မျက်မှန်းတန်းပိုင်း [illegible] အမှတ်ပြုရုံမျှ မေးပြော ခေါ်ထူးမျှ အဆင့်သာ ရှိသေး၏။ ထို့ကြောင့် ကျွန်တော့်အတွေ့အကြုံဆန်း မည်းလုံးကြီးအကြောင်းကိုလည်း မည်သူ့ကိုမျှ ပြောမပြဖြစ်ပါ။ ရင်ထဲ၌သာ ခေါက်သိမ်းထားလိုက်ရ၏။ နောက်ထပ် ရက်သတ္တသုံးပတ်ကြာမျှအထိ ဘာမှ မထူးခြားဘဲ မနက်စာ အဆောင်ထမင်း စားသောက်ပြီး ကျောင်းကြို ဒယ်ရီကားလာလျှင် တက်စီးလိုက်၏။ ပြည်လမ်း၊ လိပ်ခုံး၌ အတန်းများ ဘက်လိုက်၊ နေ့လယ်စာ ကော်ဖီနှင့် မုန့်လာကျွေးသည်ကို စားလိုက်၊ မောင်းတိမ်သေးက ဆီချက်ခေါက်ဆွဲဖြစ်စေ၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ ထမင်းပေါင်း၊ အသုပ်စုံ စသည်ဖြင့် တစ်ခုခုဖြစ်စေ ဖြည့်စွက်စားလိုက်၊ ညနေပိုင်း ဖယ်ရီလာကြိုလျှင် သမိုင်းဆောင်သို့ ပြန်လိုက်နှင့် ပုံမှန်ယန္တရား လည်ပတ်ရင်း ရက်များ ကုန်လွန်လာခဲ့ပါ၏။

နိုဝင်ဘာလကုန်ခါနီး ရက်ပိုင်းသို့ ရောက်လာသော ညတစ်ည၌ မည်းလုံးသည် ကျွန်တော့်ရင်ခွင်ထဲသို့ ဒုတိယမ္ပိ အလည်အပတ်ရောက်လို့ လာပြန်သည်။ ဂုဏ်တော်ကို ရွတ်ဆိုလိုက်သောအခါ ရုတ်တရက် ပျောက်ကွယ်သွားပြန်၏။ ဤသို့အားဖြင့် ဒီဇင်ဘာလ ဒုတိယပတ်တွင်သည်းကောင်း၊ ဒီဇင်ဘာလကုန်ရက်ပိုင်းတွင်လည်းကောင်း၊ ၁၉၆၇–ခုနှစ် ဇန်နဝါရီလ ပထမဆယ်ရက်ပိုင်းတွင်လည်းကောင်း၊ ဒုတိယဆယ်ရက်ပိုင်းတွင်လည်းကောင်း၊ တတိယဆယ်ရက်ပိုင်းတွင်လည်းကောင်း၊ နောက်ထပ် ငါးကြိမ် ထပ်မံ၍ ဆင့်ကာ ဆင့်ကာ လာမြဲလာနေပါတော့၏။ ကျွန်တော်သည် ထိုညှော်သည်ဆန်း မည်းလုံးကြီးအား ကြောက်ရွံ့စိတ် လျော့ပါးလာပေပြီ။ နောက်ဆုံးတစ်ခေါက်၌ဆိုလျှင် ဂုဏ်တော်ကိုပင် မရွတ်ဆိုတော့ပါ။ ထိုအခါ ကျွန်တော့်ရင်ခွင်မှထွက်ပြီး ကြမ်းပြင်တွင် ခုန်ဆွခုန်ဆွ လုပ်ရင်း သူ့နောက်သို့ ကျွန်တော့်အား လိုက်စေချင်သော ဟန်ကို ပြုလုပ်ပြပါသည်။ သူ့နောက်သို့ မလိုက်ဖြစ်သော်လည်း အခန်းတံခါးပေါက် အောက်ပိုင်းရှိ စာထည့်ရန်နှင့် လေဝင်ရန် လက်တစ်လုံးခန့် ဟနေသော ကန့်လန့်တန်းအပေါက်မှ ထွက်ခွာသွားကြောင်း တွေ့မြင်လိုက်ရပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com



## ပြည်ထောင်စုနေ့

သူငယ်ချင်းများနှင့် အတန်အတော် ရင်းနှီးလာပြီ ဖြစ်သောကြောင့် ကျွန်တော်သည် ပရလောကသား တစ္ဆေပြိတ္တာများအကြောင်းတို့ကို စကား ဆက်စပ်၍ ပြောကြည့်ရာဝယ် သူတို့ အယုံအကြည် မရှိကြပါ။ ကျွန်တော့် အားလည်း ပေါကြောင်ကြောင်အဖြစ် ပြောင်လှောင်ကြသောကြောင့် ကျွန်တော့်ရွှေဧည့်သည် မည်းလုံးကြီးအကြောင်းကို ပြောမပြဖြစ်တော့ပါ။ သို့နှင့်ပင် 'နတ်တော်ပြာသို ကြံဖျားချို'ဆိုသော ရာသီ လွန်မြောက်၍ နှာရည်ယိုရွှဲ တပို့တွဲလပင် ဆန်းခဲ့ပါပြီ။ မြတ်စွာဘုရားရှင် ဗုဒ္ဓကိုယ်တော် မြတ်ကြီးသော်မှ မီးလှုံရသောလဟု နာမည်ကြီးသည့်အတိုင်း လွင်တီးခေါင် အရပ်ရှိ ကျောင်းဆောင်များ လာဆောက်ထားသော သမိုင်းကျောင်းဆောင် ဝန်းကျင်တွင် နှင်းများ ပိန်းပိတ်နေအောင် ကျတတ်သည့် ရာသီမို့ အအေး လွန်ကဲလေသလား မမေးနှင့်။ ကျောင်းသားအတော်များများတို့ ချောင်းဆိုး နှာစေးနေကြပေပြီ။

ဖေဖော်ဝါရီလ ၁၂-ရက်နေ့သည် တောင်တန်းနှင့် ပြည်မတို့ စည်းလုံးညီညွတ်စွာ ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြရာမှ ပြည်ထောင်စုနေ့ကြီး မွေးဖွားလာခဲ့ရသော နေ့ထူးနေ့မြတ်မဟာကြီး ဖြစ်သည်။ ကျွန်တော်တို့ ပင်လုံဆောင်ကလည်း ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပွဲ ကျင်းပရန် ပြင်ဆင်နေကြပေပြီ။ ဆေးကျောင်းသူများ နေထိုင်ရာ ပြည်လမ်းရှိ တကောင်းကျောင်းဆောင်နှင့် မောင်နှမ တော်စပ် ထားကြသည့်အတိုင်း တကောင်းကျောင်းဆောင်သူများအား ရွှေဧည့်သည် အဖြစ် ဖိတ်ကြားဧည့်ခံပါဦးမည်။ အကျွေးအမွေးကတော့ ကောက်ညှင်းပေါင်း၊ ငါးရံ့ဆားပေါ့ခြောက် မီးဖုတ်ဆီဆမ်း၊ ကော်ဖီ၊ လိမ္မော်သီးတို့ဖြစ်ကြောင်း ကြေညာထား၏။ ထိုနှစ် ပြည်ထောင်စုနေ့သည် တနင်္ဂနွေနေ့မှာ ကျရောက်၍ ကျောင်းပိတ်ရက်တစ်ရက် နစ်နာသွား ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



## လိုက်တမ်းပြေးတမ်း

စနေနေ့ညမှာ ကျောင်းစာမကြည့်တော့ဘဲ စိတ်အေးလက်အေး အိပ်လိုက်ပါသည်။ ဟော–သန်းခေါင်ကျော်ကျော်မျှသာ ရှိပါဦးမည်။ မှုန်ညှို့သည့်မည်းလုံးကြီးက အလည်လာပါတော့သည်။ သူခေါ်ရာနောက်သို့ လိုက်ကြည့်မည်ဟု ဆုံးဖြတ်ထားသော ကျွန်တော်သည် အခန်းတံခါးပေါက် အောက်ပိုင်း လေဝင်ပေါက်သေးလေးမှ အံ့သြဖွယ်ရာ သူ ခုန်ထွက်သွားသည်နှင့် ကျွန်တော် လန့်နိုးလာပြီ။ တံခါးထဖွင့်လိုက်လျှင် ဆောင်းလေအေး တစ်ချက် ဝေ့ပက်ခြင်း ခံရ၍၊ ကြက်သီးမွေးညင်းထလိုက်သေး၏။ မည်းလုံးကြီး ကျွန်တော့်ရှေ့တွင် ခုန်ဆွခုန်ဆွ လုပ်နေပါသည်။ အိပ်မက် လေလားဟု မျက်စိကို ပွတ်သပ်ကြည့်မိ၏။ အဟုတ် တကယ်ပါ။ ဖိနပ် တိုက်ဆေးတံဆိပ်၊ ကီဝီပုံစံနှင့် တူသည်ဟု ဆိုရပါမည်။ နှုတ်သီးချွန်တော့ မပါရှိပါ။ မျက်ပေါက်အလွန်သေးပြီး နီနီရဲရဲမို့ စကြဲမီးသီးမှိန်မှိန်မှာ သူ့မျက်လုံးများ ဝင်းထိန်နေပါသည်။ ကျွန်တော့်အား လှည့်ကြည့်လှည့်ကြည့် လုပ်ပြီး သူ့နောက်သို့ လိုက်ခဲ့ရန် မြူဆွယ်နေဘိသကဲ့သို့ ဟန်ပြုလုပ်နေ၏။

ကျွန်တော်လည်း ကြိုတင်ပြင်ဆင်ထားသည့်အတိုင်း လွန်ခဲ့သော ဆယ်ရက်ကျော်က ဂုဏ်တော်များ နေ့စဉ် ရွတ်ဆို ထုံမွမ်းထားသော ဂေါ်လီလုံးအရွယ် ကျောက်စရစ်ခဲကိုးလုံးကို ယူကာ မည်းလုံးနောက် ပြေးလိုက်ခဲ့တော့၏။ မည်းလုံးသည် ဦးစွာ ထမင်းစားဆောင်ဘက်သို့ စင်္ကြံအတိုင်း ပြေး၏။ ကျွန်တော်သည် နောက်က ပြေးလိုက်ရင်း၊ ခဲတစ်လုံးနှင့် ပစ်ပေါက်၏။ သူက ခုန်ဆွခုန်ဆွမို့ ချိန်သားမကိုက်ဘဲ လွဲသွား၏။ ထမင်းစားဆောင်ကိုအလွန် အခန်းနှစ်ဆယ်တန်းအဆောင်သို့ အကွေ့၊ စင်္ကြံဘက်သို့ သူဆက်ပြေး၏။ ကျွန်တော်က နောက်မှလိုက်ရင်း ခဲတစ်လုံးနှင့် ပစ်၏။ လွဲပြန်ပါသည်။

အဆောင်တွင်းသို့ ဝင်သွား၍ လိုက်ရပြန်သည်။ အဆောင်သား များ အိပ်မောကျနေပြီ၊ အငယ်တန်းကျောင်းသားများ စာမေးပွဲ မရှိသေး၍ ဘစ်ကြောင်း၊ အချို့အဆောင်သားများ ပွဲထွက်လည်နေသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ အခန်းအများစုမှာ သော့ခလောက်တန်းလန်းနှင့် ဖြစ်နေကြ၏။ အခန်းမီးကိုလည်း ပိတ်ခဲ့၍ မှောင်မည်းနေသည်က များပါသည်။ စင်္ကြံမီးကလည်း မှုန်မှုန်မွှားမွှားမျှသာ လင်းသည်။ အဆောင်တွင်း စင်္ကြံတစ်လျှောက် မည်းလုံးကြီး ဘောလုံးလိမ့်သကဲ့သို့ လိမ့်ပြေးပြန်သည်။ ခဲတစ်လုံးနှင့် ထပ်မံ၍ ပစ်၏။ မမိပြန်ပေ။ ခဲသုံးလုံးတော့ ကုန်ပြီ။ ခြောက်လုံးသာ ကျန်တော့သည်။

မည်းလုံးကြီးသည် အဆောင်အဝင်ဝနှင့် တည့်တည့်ရှိသော ဗဟိုလှေကားကြီးပေါ်သို့ တက်ပြေးပြန်သည်။ အလယ်ထပ်ကို ကျော်၍ အထက်ဆုံးထပ်သို့ တောက်လျှောက်တက်ပြေး၏။ ပြီးတော့ အခန်းနှစ်ဆယ်တန်း အဆောင်သို့သာ ဦးတည်ပြေးပြန်သည်။ ကျွန်တော်ကလည်း ဇွဲမလျှော့။ နောက်မှ အမိလိုက်၏။ မိတော့ မမိနိုင်ပေ။ အကြီးတန်းသားများ စာမေးပွဲနီးပြီဖြစ်၍ အခန်းတိုင်းနီးပါး မီးများလင်းလျက် စာကျက်ဆဲဖြစ်ဟန် တူသည်။ အိမ်သာခန်းဘက်အရောက် လှေခါးထိပ်အနီးတွင် ရပ်လျက်ရှိသော မည်းလုံးအား ခဲတစ်လုံးဖြင့် ထပ်ပေါက်လိုက်သည်။ အလယ်ထပ်သို့ ခုန်ဆင်းသွား၍ မထိမှန်ဘဲ လွဲခဲ့ရပြန်ပါသည်။ အလယ်ထပ်မှသည် အောက်ထပ် ဆင်းပြန်၏။ မြေညီထပ် ညှော်ခန်းဆောင်တွင်း ပတ်ချာလှည့် ပြေးနေပြန်၏။ ထပ်မံ၍ ခဲသုံးလုံး ဆက်တိုက်ပစ်ပေါက်၏။ အားလုံးလွဲ၏။ လက်ထဲတွင် ခဲနှစ်လုံးသာ ကျန်တော့သည်။

ညှော်ခန်းမှသည် ကျွန်တော့်အခန်းဘက်ဆီသို့ ဦးတည်ပြေးရာ ရေချိုးခန်းဘက်သို့ ရောက်လုနီးတွင် ခဲတစ်လုံး ထပ်မံ၍ ပစ်၏။ မထိပါ။ ခဲလက်ကျန်တစ်လုံးတည်း ရှိတော့၏။ အပေါ်ထပ်တက်သော လှေကားမှ တစ်ဆင့်ဆက်ပြီး တက်ပြေးပြန်ရာ အလယ်ထပ်သို့ မဝင်တော့ဘဲ အပေါ်ဆုံးထပ်သို့ ရောက်ပြန်၏။ ဆယ်ခန်းတွဲအဆောင်မှ တောက်လျှောက် ခြောက်ခန်းတွဲဆီသို့ တည့်တည့်မတ်မတ် ပြေး၏။ အဓိပ္ပာယ်မှာ ခေါင်းစီးတန်းကို တဖြောင့်တည်း ပြေးခြင်းပါ။ အစွန်း၌ လှေကားမရှိပါ။ မှန်ပြတင်းများကိုမူ ဖွင့်ထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်းလုံးကြီးသည် ပြတင်းပေါက်မှ ခုန်ထွက်၏။ အောက်တည့်တည့်မှာ အဆောင်မှူး၏ ကားရုံအမိုး၊ ကွန်ကရစ်စလစ်ပြားသာ ရှိသည်။ ကျွန်တော်လည်း လက်ကျန်ခဲ နောက်ဆုံးတစ်လုံးဖြင့် ပစ်ပေါက်လိုက်ရာ အားလျော့စွာ ကြက်ကန်းဆန်အိုးတိုးပြီး ထိမှန်ပါသည်။ အနီရောင် ရှူးမီးပန်းကဲ့သို့ မည်းလုံးကြီး ပေါက်ကွဲသွားပြီး ပျောက်ကွယ်ခဲ့သည်။ ဆောင်းလယ်ညကြီးမှာ ချွေးများ စိုရွှဲနေသည့် ကျွန်တော်သည် ခြေကုန် လက်ပန်းကျလျက် အခန်းသို့ ပြန်ခဲ့ပါသည်။ ထိုညက အဖြစ်ဆန်းသည် မည်းလုံးကြီးနှင့် နောက်ဆုံးတွေ့ရှိရခြင်းဖြစ်ပြီး ဖာတ်လမ်းတစ်ခန်းရပ်ကာ ပြီးဆုံးသွားခဲ့ပါတော့သတည်း။

နောက်တစ်နေ့နံနက်၌ ကျွန်တော်သည် အဆောင်တွင် ကျင်းပသော ပြည်ထောင်စုပွဲကို မနွှဲနိုင်တော့ပါ။ ညက မည်းလုံးနှင့် ပြေးတမ်း လိုက်တမ်းပွဲမှာ မောသွား၍လား၊ ဖောချွေးဝင် အအေးပတ်၍လား မသိ။ ဖျားပြင်းဖျားပါတော့သည်။

## အိမ်ငြိမ်းတစ္ဆေ

ကျွန်တော်သည် ပင်လုံဆောင်၌ ၂–နှစ်ဆက်တိုက် နေခဲ့ဖူး၏။ ၁၉၆၇–၆၈ စာသင်နှစ်အတွက် ဆေးပထမနှစ် အကြီးတန်းသို့ ရောက်ခဲ့ပြီး အလယ်ထပ်သို့ တစ်ဆင့်မြင့် အခန်းပြောင်းရဖို့ ရှိပါသော်လည်း ကျွန်တော် အဆောင်ဝင် နောက်ကျခြင်းကြောင့်၊ မြေညီထပ် ယမန်နှစ်က နေခဲ့သော ခေါင်းစီးအတန်း လက်ယာဘက်အခြမ်းတွင် ရှိသည့် အတိုးလှသည်ဟု နာမည်ကြီးသော ထောင့်ခန်းကိုသာ ရလိုက်၏။ မနှစ်က လက်နာချင်းဆိုင်က စုံဂဏန်းနံပါတ် အခန်းများ တန်းစီနေသော အခြမ်း။ အဆန်းသည်က ကျွန်တော့်အခန်း တစ်ခန်းတည်း ကွက်ကျားပြီး မီး ကြာခဏ ပျက်တတ်၏။ ဆေးကျောင်းမှ အပတ်စဉ် စာမေးပွဲ၊ လစဉ် စာမေးပွဲတွေက ဆက်နေတတ်၍ ညစဉ် စာမကြည့်လို့ မဖြစ်ပါ။ ကျောင်းတိုင်မီးကို အားကိုးရတော့၏။ ဘုရားမီး ပူဇော်ထားသည့်

www.burmeseclassic.com

www.burmeseclassic.com



ဖယောင်းတိုင်သည် မကြာခဏ မီးငြိမ်းတတ်၏။ လေမတိုးပါဘဲနှင့် သ
အလိုလို ငြိမ်းခြင်းပါ။ ကျွန်တော့်အခန်းသည် လေတိုးလှသည်ဟု ဆိုရာ
မြောက်လေသွေးချိန်ပါ။ အခန်းက တောင်ဘက်သို့ မျက်နှာလှည့်သော
အခြမ်း ဖြစ်သည်။ မိုးဦးလေဦး အနောက်တောင်မုတ်သုန်လေ တိုက်ခ
ချိန်၌ လေရောမိုးပါ ပက်ဝင်ကြမ်းခြင်းကို ဤအခန်း၌ နေထိုင်ဖူးသော
အတန်းကြီးကျောင်းသားများက ဆိုလိုဟန် ရှိပါသည်။

မည်သို့ဆိုစေ ဝါယာကြိုး၊ မီးခလုတ်၊ မီးသီး၊ ဖလ်ချောင်း ဘ
တစ်ခုမှ ချွတ်ယွင်းချက် မရှိဘဲနှင့် လျှပ်စစ်မီးပျက်တတ်ခြင်းက ဆန်း
နေပါသည်။ ပြီးတော့ ဖယောင်းတိုင်မီးများ အလိုလိုငြိမ်းသွားခြင်းများတွ
ဘုရားမီးပူဇော်သည့် အလင်းတိုင်က ဦးစွာ မီးငြိမ်းတတ်ခြင်းကလည်
ထူးဆန်းနေပြန်သည်။ တစ်ညတွင် အိပ်မက်မြင်မက်၏။ အိပ်မက်
ဆိုရသော်လည်း တကယ်လိုလိုပါ။ စာကျက်စားပွဲ၌ ရုပ်ရည်သားနာ
ရည်မွန်သော ကျောင်းသားတစ်ဦး ထိုင်လျက် ကျွန်တော့်ကို ပြုံးပြုံးကြ
စိုက်ကြည့်နေပါသည်။ သူ့နားထင်တစ်နေရာ၌ မှည့်ကြီးတစ်လုံးပါသည်
မှတ်သားမိပါသည်။ ဤအိပ်မက်ကိုလည်း မကြာခဏ မြင်မက်တ
ပါသည်။ ထို့ကြောင့် မသိမသာ လိုက်လံစုံစမ်းကြည့်သောအခါ အဆောင်ဖွ
စ,နှစ်တွင် ဤအခန်း၌ နေထိုင်သော ကျောင်းသားတစ်ဦး အူအတ
ပေါက် ရောဂါဖြင့် ကွယ်လွန်ဖူးသည်ဟု သိရှိရပါတော့သည်။

သို့နှင့် သူ့သူငယ်ချင်းများ ဖြစ်နိုင်မည့် အတန်းကြီးမှ ကျောင်းသ
ကြီး တချို့အား မေးမြန်းကြည့်သောအခါ နားထင်၌ မှည့်ကြီးတစ်လုံ
ရှိကြောင်း သိရှိရပြီး၊ သူ့ဓာတ်ပုံကို မြင်ဖူးချင်၍ ကြိုးစားရှာဖွေသောအ
သူနှင့် တစ်မြို့တည်းသား ကျောင်းသားကြီးတစ်ဦးထံမှ မြင်တွေ့ခွ
ရလိုက်၏။ ဓာတ်ပုံကို မြင်လိုက်ရသည့် တစ်ခဏ၌ ကြက်သေ သေသွ
လောက်အောင်ပင် မှင်တက်မိနေတော့၏။ အကြောင်းမှာ ကျွန်တော
မကြာခဏ မြင်မက်တတ်သူ၏ ပြုံးရုပ်လွှာနှင့် တစ်ထေရာတည်း တူ
နေသောကြောင့်တည်း။ ဆိုလိုရင်းမှာ ထိုကျောင်းသားသည် ကွယ်လွန်ပြ

www.burmeseclassic.com

www.burmeseclassic.com



ည့်နောက် မကျွတ်ဘဲ သူနေထိုင်ခဲ့ရာ အခန်း၌ စွဲနေခြင်းဖြစ်ကာ ယောင်းတိုင်မီးကို လာလာမီးငြိမ်းသူ ကျွန်တော့်ညီသည် ဖြစ်နေခြင်းပါ။

တိုက်ဆိုင်မှုတစ်ရပ်ကလည်း သူသည် သူငယ်ချင်း အခန်းများသို့ လည်သွားတိုင်း မီးခလုတ်ကို ပိတ်ပစ်တတ်သည်တဲ့။ ဖယောင်းတိုင် ွန်းထားလျှင် မီးငြိမ်းတတ်ပြန်သည်တဲ့။ ကျီစယ်နောက်ပြောင်ခြင်းပါတဲ့။ ညီသူ့ကိုမှ မပြောင်နောက်ရလျှင်၊ အဆောင်၏ စကြံမီးသီးများ၊ အိမ်သာခန်းမီးသီးများ၏ ခလုတ်များကို ပိတ်ပစ်တတ်သည်တဲ့။ ထို သူ့ဘဝက နောက်ပြောင်တတ်သော အကျင့်ဆိုးတို့သည် တစ္ဆေဘဝ တိုင်အောင် လိုက်ပါနေခြင်းများ ဖြစ်နေလေမလား။ သူ့သူငယ်ချင်းများ တော့ ဟုတ်သည်၊ သူတို့ကိုလည်း တစ်ခါတစ်ရံ လာကျီစယ်တတ်သည် တဲ့။ သို့သော် ကျွန်တော့်လောက် အကြိမ်များမည် မထင်ပါ။

## မဟာမိတ်ပြု

ကျွန်တော်သည် ပရလောကို ငယ်စဉ်ကပင် စိတ်ဝင်စား၏။ ကြောက်တတ်သည်ကလည်း အလွန်အမင်းပင်။ နောင်သောအခါ ဆွမ်း ယောင်းသွားရင်း ညောင်ပင်တစ္ဆေနှင့် နဖူးတွေ့ဒူးတွေ့ တွေ့ကြုံရပြီးသည့် နောက် အလွန်အမင်း မကြောက်တတ်တော့ပါ။ ယခုလည်း ဤအခန်းမှ တစ်ပါး အခြားအခန်းလွတ် မရှိသောကြောင့် ဆက်လက်နေထိုင်ရမည့် အတူတူ မီးငြိမ်းညီသည်နှင့် မဟာမိတ်ဖွဲ့ချေမှ ဖြစ်ချေတော့မည်။ မေတ္တာသည် အရေးကြီး၏။ ကျွန်တော့်အား ဆိုးဆိုးဝါးဝါး အနှောင့်အယှက် မပြုသည်ကို ထောက်ရှုခြင်းအားဖြင့် ကျွန်တော့်ကို မေတ္တာရှိနေဟန် တူသည်။ ပဋ္ဌာန်းဆက်ဟုပင် ပြောရမည်လား မသိပါ။ သူ့အား မေတ္တာ ပို့သခြင်း၊ တရားဟောပြောပြခြင်း၊ မီးလာငြိမ်းသည့်အခါ ဤသို့ မပြုလုပ်ရန် မေတ္တာရပ်ခံခြင်းများ ဆောင်ရွက်ရပါသည်။ အကျိုးရှိပါသည်။ ကျွန်တော့် အခန်းတစ်ခန်းတည်း ကွက်၍ လျှပ်စစ်မီးပြတ်ခြင်းများ၊ ဘုရားမီးပူဇော် ထားသည့် ဖယောင်းတိုင်ကို မီးငြိမ်းခြင်းများ မပြုလုပ်တော့ပေ။ ဆယ်ခန်း

www.burmeseclassic.com

www.burmeseclassic.com



တွဲလုံး မီးပြတ်သည့်အခါ ကျီစယ်လိုသော သဘောမျိုးနှင့် ကျွန်တော့် စာကြည့်နေသော ဖယောင်းတိုင်ကိုသာ မီးငြိမ်းသတ်၏။ ဤသည်မှာလည်း အမြဲမဟုတ်။ ရံဖန်ရံခါမျိုးသာ ဖြစ်၏။ အိပ်မက်တော့ မကြာခဏ မြင်မက် လေ့ ရှိပါသည်။

ပထမနှစ်ဝက် ကုန်သွားသောအခါ၊ စာမေးပွဲကြီး အောင်မြင်သွား ကြ၍ လမ်းမတော်ဆောင်သို့ ပြောင်းရွှေ့သွားကြသည့် အတန်းကြီး အဆောင်သားတို့၏ အခန်းများ လစ်လပ်သွားပါတော့သည်။ သို့ဖြစ်၍ ကျွန်တော်လည်း အလယ်ထပ်မှ နှစ်ဆယ်တွဲခန်းရှိ အဆောင်၏ အခန်း တစ်ခန်းသို့ ပြောင်းရွှေ့ခွင့် ရခဲ့၏။ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။ မီးငြိမ်း ညည်းသည်နှင့် ဝေးပြီ မဟုတ်ပါလား။ သို့သော် ကျွန်တော် မျှော်လင့်ထား သလို မဟုတ်ခဲ့ပါချေ။ မိတ်ဆွေကြီး ကိုမီးငြိမ်းသည် ကျွန်တော် ပြောင်းရွှေ့ ရာ အခန်းသို့လည်း မကြာမကြာ လာလည်ပါတော့သည်။ သူလာလည် ကြောင်းကို အခန်းတွင် လျှပ်စစ်မီး ဖွင့်ချည်ပိတ်ချည် လုပ်ပြခြင်းဖြင့် အချက်ပြ ဆက်သွယ်၏။ စာကျက်နေစဉ်ဖြစ်ပါက သူ့အား 'ရွှေညည်းသည် ရေ မနှောင့်ယှက်ပါနဲ့ကွာ၊ တောင်းပန်ပါတယ်'ဟု ပြောကြားမေတ္တာရပ်ခံ ပါက နှောင့်ယှက်ခြင်းကို ရပ်နားလိုက်စမြဲ ဖြစ်သည်။

## ကျွတ်ချိန်တန်လျှင်

မိုးတွေ စွေနေအောင် ရွာသော ညတစ်ညဌ် ကျွန်တော်သည် မိုးအေးအေးနှင့် ကွေးလျက် စာကြည့်နေစဉ် မေးခန် အိပ်ပျော်သလို ဖြစ်သွားခဲ့၏။ စာကြည့်စားပွဲဌ် ရွှေညည်းသည် လာထိုင်ပြီး ကျွန်တော့်အား စိတ်အားညှိုးငယ် တောင်းပန်သောအကြည့်နှင့် စိုက်ငေးကြည့်နေပါသည်။ သို့အတွက် ရည်စူး၍ ကောင်းမှုကုသိုလ်ပြုကာ အမျှအတန်းဝေပေးပါမည်။ သူ၏နှုတ်မှ ဖွင့်ဟမပြောသော်လည်း ပြောကြားဘိသကဲ့သို့ ကျွန်တော့် စိတ်ထဲဌ် အလိုလို သိနေပါသည်။ ထို့နောက် ထုံးဆန်းစွာ ခုတင်အနီးသို့ လာရပ်ပြီး၊ ကျွန်တော့်အား သူသည် ငုံ့လျက် စိုက်ကြည့်နေပြန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆက် ဆောင်ရွက်ပေးပါရန် တောင်းပန်သည့်အလား။ ပြီးတော့ ချက်တရက် ပျောက်ကွယ်သွားသည်နှင့် ကျွန်တော်လည်း လန့်ဖျပ်နိုးလာပါတော့သည်။ ဪ်-သူ့ဘဝကို သူ ငြီးငွေ့နေရှာပြီကိုး။ ကျွတ်လွတ်ချင်ပြီဖြစ်မည်ဟု ယူဆရသည်။

နောက်တစ်နေ့ ညနေပိုင်း၌ သမိုင်းလမ်းဆုံအနီးရှိ ဘုရားစေတီသို့ သွားရောက်၍ အလှူအတန်း ပြုပေးပါသည်။ ကြီးကြီးကျယ်ကျယ်တော့ မဟုတ်ပါ။ ဖယောင်းတိုင်ဆယ်တိုင်၊ အမွှေးတိုင်ဆယ်တိုင်၊ နှင်းဆီပန်းဆယ်ပွင့်၊ စံပယ်ပန်းဆယ်ကုံးနှင့် သပြေပန်းဆယ်ခက်တို့ ဖြစ်ပါသည်၊ ဘုရားရှိခိုး သီလယူ၊ မေတ္တာပို့အမျှဝေနေသည့် တစ်ချိန်လုံးမှာ ကျွန်တော့်ဘေး၌ သူရှိနေသည်ဟု ထင်မြင်နေခဲ့၏။ အမျှဝေပြီးနောက် ခေတ္တမျှ ဘုရားကို ကြည်ညိုနေစဉ်မှာပင် သူ့အကျင့်ကို ပြသသည့် အနေလားမသိ၊ လေမတိုးဘဲနှင့် တန်းစီစိုက်ထူ ပူဇော်ထားသော ဖယောင်းတိုင်ဆယ်တိုင်အနက် အလယ်တည့်တည့်မှ နှစ်တိုင်ကို မီးငြိမ်းပြပါတော့သည်၊ ကျွန်တော်သည် ကြက်သီးမသိမသာ ထမိပါသည်၊ ဤနေရာသို့ သူ ရောက်လာပြီဟု သိလိုက်၏။ ထို့ကြောင့် ဘုရားကို အာရုံပြု၍ ကြည်ညိုပါရန်နှင့် ကုသိုလ်ကောင်းမှုအတွက် သာဓုခေါ်ဆိုပါရန် တိုက်တွန်းရင်း မီးငြိမ်းသွားသော ထိုဖယောင်းတိုင်နှစ်တိုင်ကို မီးပြန်ညှိလိုက်ပါသည်။ ကောင်းရာဘုံဘဝသို့ ကူးပြောင်းနိုင်ပါစေသတည်း။

ထိုညလွန်မြောက် အလင်းပိုင်းသို့ ရောက်လုနီး အရုဏ်ဦး၌ ထွန်းလင်းတောက်ပြောင်သော ကိုယ်ရှိန်ကိုယ်ဝါနှင့် ကျွန်တော့်အား လာနှုတ်ဆက်ပြီးသကာလ၊ အထက်ကောင်းကင်သို့ တဖြည်းဖြည်း မြင့်တက်ပျောက်ကွယ်သွားတော့၏။ သူ့အတွက် အကျိုးရှိလှ၍ ဝမ်းသာရပါ၏။ ထိုနေ့သည် သူ ကွယ်လွန်ခဲ့သည့် သုံးနှစ်လည် ပြည့်မြောက်သည့်နေ့ဖြစ်ကြောင်း နောင်သောအခါမှာ သိရှိလိုက်ရပါတော့သည်။ တိုက်ဆိုင်မှုဟု ဆိုရမည်လား။

www.burmeseclassic.com

www.burmeseclassic.com



## မယုံလျှင်ပုံပြင်

ကျွန်တော်တို့သည် ဆန်းထွေတည့်အံ့ရာသော် အကြောင်းအရာများကို စကားလက်ဆုံကျတတ်သည့်အခါ 'ယုံချင်ယုံ–မယုံရင်တော့ ပုံပြင်လိုပဲ မှတ်လိုက်ပေတော့'ဟု ပြောဆို အခဲ့သတ်တတ်ကြပါသည်။ ကျွန်တော်တင်ပြခဲ့သည့် တစ္ဆေမည်းလုံးနှင့် မီးငြိမ်းတစ္ဆေဟူသော ဖြစ်ရပ်နှစ်ခုလုံးသည် ကိုယ်တွေ့အမှန်ပါ။ သို့ပေငြားသော်လည်း မယုံကြည်သူများအား အတင်းယုံပါဟု အယုံမခိုင်းပါ။ စာဖတ်ပရိသတ်တို့သည် ချင့်ချိန်ပြီးမှ ယုံပါ။ မယုံလျှင် ပုံပြင်ဟု ထင်လိုက ထင်နိုင်ပါသည်။ ချင့်ချိန်ရာ၌ ဘာသာရေးဗဟုသုတနှင့် အထူးပြည့်စုံရန် လိုအပ်သည်ကိုတော့ သတိပေးပါရစေ။

ဤဆောင်းပါးရှည်ကို ဖတ်ပြီးသည့်နောက် တမလွန်အကြောင်းကို မယုံကြည်သူတို့အတွက် လောက၌ ထူးဆန်းသော အဖြစ်အပျက်တို့သည် ရှိတတ်ပါကလားဟူသော အသိ၊ မယုံတယုံသူများအဖို့ ဘာသာရေးကျမ်းစာအုပ်များကို ဆက်လက်ရှာဖွေ လေ့လာဦးမည်ဟူသော အတွေးအမြင်၊ ယုံကြည်ပြီးသူတို့က ဘဝကူးကောင်းရန် ဒါန၊ သီလ၊ သမထ၊ ဘာဝနာ ကြိုးစားဖြည့်ဆည်းရန် အများကြီး လိုသေးပါတကားဟူသော အတွေးအခေါ်တို့ ဖြစ်ပေါ်လာကြသည်ဆိုပါက၊ ကျွန်တော် ကြိုးကြိုးစားစား ရေးသားတင်ပြရကျိုးနပ်ပါပြီဟု ခံယူပါကြောင်း ဖော်ပြရင်း နိဂုံးချုပ်လိုက်ရပါတော့သတည်း။

✣ ✣ ✣ ✣ ✣

www.burmeseclassic.com

www.burmeseclassic.com

# ၃။ ကျွတ်တစ္ဆေနှင့် ကျွတ်ရွာမှတစ်ညတာ

## မကျွတ်သော ပရလောကသားများ

"တစ္ဆေ"၊ "မှင်စာ"၊ "ပြိတ္တာ"၊ "ဥစ္စာစောင့်"၊ "သရဲ"၊ "မြေဖုတ်"၊ "ဘီလူး" စသည်ဖြင့် အထူးထူးအပြားပြား ခွဲခြားခေါ်ဝေါ်ကြပါသော်လည်း အမှန်အားဖြင့် ယင်း နာနာဘာဝ၊ ဝိနာဘာဝအားလုံးတို့သည် လူ့ဘဝမှ ခန္ဓာပြတ်ကြွေ သေခဲ့ပြီးနောက် စွဲမိစွဲရာ သံယောဇဉ်အဖြာဖြာတို့ကြောင့် မကျွတ်မလွတ်သည့် ဘဝမှာ ဒုက္ခပင်လယ်ဝေနေကြရသူချည်းသာ ဖြစ်ကြကုန်၏။ အကုသိုလ်အကြောင်းတရားတို့သည် မကောင်းမှု အကျိုးတရားများကို ရရှိခံစားစေသော အခြေခံသဘောဓမ္မကြောင့်၊ ကံပစ်ချရာ ဘဝဆိုး ထိုထိုတို့၌ ကျရောက်ကျင်လည်နေကြရသော ယင်း မကောင်းဆိုးဝါးများတို့သည် လူတို့ကြောက်လန့်အောင်တစ်နည်းနည်းအားဖြင့် ခြောက်လှန့်တတ်သဖြင့် "တစ္ဆေ"ဟု ခြုံငုံပြီးခေါ်လိုက်ကြပါသည်။

## မှင်စာ

ကလေးသူငယ်များ သေ၍ ဖြစ်လာသော တစ္ဆေပေါက်စ ဖြစ်၏။ တစ်နည်းဆိုရသော် အချိန်မတန် အရွယ်မရောက်၊ မအိုမင်း မကြီးရင့်သေးဘဲ ဖျားနာ၍ဖြစ်စေ၊ ဘေးအန္တရာယ် တစ်စုံတစ်ခု ကျရောက်၍ဖြစ်စေ၊ သက်တမ်း မစေ့သေးပါဘဲလျက် လူ့လောကမှ ထွက်ခွာလာခဲ့ပြီး မကျွတ်

www.burmeseclassic.com

www.burmeseclassic.com



မလွတ်သော ဘဝကို ရောက်လာခဲ့သော တစ္ဆေသူငယ်တို့ကို "မှင်စာ" ဟူ၍ ကင်ပွန်းတပ်လိုက်ကြသည်။ မှင်စာတို့သည် လူတို့အား အန္တရာယ်ကြီးကြီးမားမား မပေးတတ်ကြပါ။ လူတို့ ထိတ်လန့်ရုံမျှသာ အနှောင့်အယှက်ပေး ကျီစားတတ်သည်ဟု ကြားနာမှတ်သားဖူးပါသည်။

## ပြိတ္တာ

လောဘဇောတက်ကာ မှန်ကန်တာက နည်းနည်း၊ မမှန်ကန်တာက များများ၊ တရားသော၊ မတရားသော အမြတ်များများနှင့် ငွေများများရလျှင် ပြီးရောဟု ခံယူလျက်၊ နေ့မီးညမီးတို့ဖြင့် မမောနိုင်မပန်းနိုင်၊ စီးပွါးရှာဖွေစုဆောင်းခဲ့သော်လည်း၊ မစားရက်မသောက်ရက် ကပ်စေးနဲ တတ်လွန်းသူကို မကွယ်လွန်မီကပင် "ပြိတ္တာမကြီး"ဟူ၍ အားမနာလျှာမကျိုး ထောမနာပြုရိုးအမှန်ပါ။ ဟုတ်ပါသည်။ ထိုထိုသူများတို့သည် ပစ္စည်းဥစ္စာတို့ကို စွဲလမ်းတမ်းတပြီး သေတတ်ကြသဖြင့် ဘဝကူးမကောင်းမွန်ရှာတတ်ကြပေ၊ မလှူရက်မကျွေးရက်၊ မပေးရက်၊ မစွန့်ရက်ခဲ့လေသောကြောင့် ပြိတ္တိပြိတ္တာ ဖြစ်ကြရကုန်၏။ သူတို့ ဖြစ်ကြရသော ပြိတ္တာဘဝမှာ စားရမဲ့၊ သောက်ရမဲ့၊ ဝတ်ရမဲ့ဖြစ်ကြရ၍ အလွန်မတန်မှ ဆင်းရဲပင်ပန်း နွမ်းလျကြရပါသည်။

## သရဲ သဘက်

တစ္ဆေ မှင်စာ၊ ပြိတ္တာတို့ထက် ဝါရင့်ကြသူတို့မှာ သရဲ သဘက် မြေဖုတ်၊ ဘီလူးတို့ ဖြစ်ကြပါသည်။ သရဲ သဘက်တို့ ဆိုသည်မှာ သားစိမ်းငါးစိမ်းတို့ကို နှစ်သက်စွာ အာသာငမ်းငမ်း စားကြသည်။ သရဲမွေးတတ်ကြသော အောက်လမ်းဆရာတို့သည် နှစ်ပတ်တစ်ကြိမ်၊ တစ်လတစ်ကြိမ် ဆိုသလို ကာလအပိုင်းအခြားမှန်မှန် သားစိမ်းငါးစိမ်းကို တစ်ပိဿာ နှစ်ပိဿာ စသည်ဖြင့် တိတိကျကျ ကျွေးမွေးကြရသည်။ ဝတ္တရားပျက်ကွက်ခဲ့သော် ထိုတပည့်သရဲသဘက်တို့သည် ဆရာသမားကိုပင် ကိုက်ချိုးသတ်သည်အထိ ဒုက္ခပြန်ပေးတတ်သည်ဟု ဆိုကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဖုတ်

လူနာသည် ရောဂါနှင့်မမျှအောင် ဝေဒနာပြင်းထန်စွာ ရက်ရှည်လများ ခံစားခဲ့ကြရ၍ ပါးရိုးနားရိုးကားကား၊ နားထင်များ ကျနေပြီ။ မျက်ခွက်တစ်ခုလုံး၌ မျက်တွင်းနက်ထဲမှ စူးရှတောက်ပြောင်နေသော မျက်လုံးအစုံတို့သာလျှင် အထင်းသားပေါ်နေ၏။ သားငါးအညီအဟောက် တောင်းသလား မမေးနှင့်။ လူမမာ အမဲခြောက်တောင်း ဆိုသော စကားအတိုင်း စိတ်ကူးရှိတိုင်း အားအားရှိတိုင်း အစာတောင်း၏။ စားလည်း စားနိုင်လွန်း၏။ လူကောင်းများပင် မသဒ္ဒါချင်လောက်အောင် အစာငမ်းကြောဆွဲ၏။ လူကတော့ အိပ်ရာထဲမှာ ပက်လက်၊ စားသလောက်လည်း အသားအရေမဖြစ်ဘဲ၊ အရိုးပေါ်အရေတင် ကမ္ဗဋ္ဌာန်းရုပ် ပေါက်နေပြီ။ ထိုလူမမာမျိုးကို ဖုတ်ဝင်နေလေရော့သလားဟု အချင်းချင်း လက်တို့ပြောတတ်ကြပါသည်။

ဖုတ်ဆိုသည်မှာ မကောင်းဆိုးဝါးဖြစ်ပြီး လူမမာ နာတာရှည်ထံ ပူးစွဲကပ်တတ်သည်ဟု အယူရှိတတ်ကြသည် မဟုတ်ပါလား။ ကလေးငယ်များ ချော်လဲ ဒူးပြဲ ဒဏ်ရာရပြီးနောက် ညညလန့်ငိုမည်၊ ခြစ်ခြစ်တောက်အောင် ကိုယ်ပူပြီး ကယောင်ကတမ်း မြည်ရွတ်လူးလွန့် ပျာယာခတ်မည် ဆိုလျှင်လည်း မြေဖုတ်ကိုင်သည်ဟု ပြောတတ်ကြပြန်သည်။

## ဘီလူး

မျက်လုံးပြူးပြူး၊ အစွယ်ငေါ်ငေါ်ဖြင့် တင်းပုတ်ကြီး ထမ်းလျက်ဖြစ်စေ၊ သံလျက်ကို ထမ်းလျက်ဖြစ်စေ ဆောင့်ကြောင့်ထိုင်နေသော ရုပ်ထုများကို တန်ခိုးကြီးဘုရား စေတီဝင်းအဝင်ဝ၌ ဝဲယာတစ်ကောင်စီ ခြံရံလျက် မြင်ဖူးကြပါလိမ့်မည်။ ဘီလူးဟု ကြားမိတိုင်း၊ မျက်လုံးပြူး အစွယ်ငေါ်တို့ကြောင့် အလွန်မတန် ရုပ်ဆိုးအကျည်းတန်သော အသွင်ဆောင်သည့် ရုပ်ကို မျက်စိထဲ၌ ကွင်းကွင်းကွက်ကွက် ပေါ်လာတတ်စမြဲပါ။ မကျွတ်မလွတ်သော ပရလောကသားဟူသမျှတို့ ဆိုသည်များ ရုပ်ဆင်း

www.burmeseclassic.com

www.burmeseclassic.com



သဏ္ဍာန်အားဖြင့် အားလုံးကြောက်ရွံ့ တုန်လှုပ်ချောက်ချားစရာချည်း ဖြစ်ကြောင်း စာဖတ်ပရိသတ်အပေါင်းတို့ သိရှိပြီး ဖြစ်ကြပါသည်။

## ကျတ်တစ္ဆေ

ပုံပန်းသဏ္ဍာန်အားဖြင့် အမြင်မဆိုး၊ ရုပ်သွင်အမျိုးမျိုး ဖန်ဆင်း ပြသနိုင်ကြသော ကျတ်တစ္ဆေကို စာဖတ်သူတို့ ကြားဖူးကြပါသလား။ တစ္ဆေကို ရိုးရိုးတစ္ဆေ မဟုတ်မူဘဲ "ကျတ်"ဟူသော ဝိသေသ အထူးပြု ဝေါဟာရတစ်လုံး ပါနေခြင်းက ပို၍ ထူးခြားရပေမည်ဟု ရိပ်စားမိကြပေ လိမ့်မည်။ ကျတ်ငန်ရေဟု သုံးလျှင် ထိုရေသည် သောက်သုံး၍ မဖြစ်အောင် ငန်ကျိကျိရေပါ။ ကျတ်တီးကုန်းဟု အခေါ်ခံရသော မြေသည် စိုက်ပျိုး၍ ဘာမှ မဖြစ်ထွန်းနိုင်သော ဖုန်းဆိုးမြေမျိုးပါ။ ထိုနည်းတူစွာ ကျတ်တစ္ဆေ မှာလည်း ဆိုးဝါးသော တစ္ဆေဟု အနက်အဓိပ္ပါယ် ဖမ်းမိကြပါလိမ့်မည်။ ပုံပန်းသဏ္ဍာန်အမျိုးမျိုးကို ဖန်ဆင်းပြသနိုင်သည် ဆိုကတည်းက ကမ္ဘဖို့ ရှိမည်။ တန်ခိုးအတော်အသင့်ရှိသည့် ပြိတ္တာမျိုးနွယ် ဖြစ်နိုင်ပါ၏။

## ကိုယ်တွေ့ကျတ်မီး

ကျွန်တော် မူလတန်းကျောင်းမနေမီ အသက်ငါးနှစ် မပြည့်တတ် သေးသော အရွယ်တုန်းက တောင်ကြီးမြို့သည် မြို့ငယ်လေးသာ ဖြစ်၏။ လူနေအိမ်ခြေ နည်းသေးသလို၊ သစ်ရိပ်ဝါးရိပ်အောက်၌ ဖောက်ထားသော မင်းလမ်းပေါ်၌ ကားများလည်း လွန်စွာမှ နည်းသေး၏။ မြို့ပတ်ဝန်းကျင် ရှိ တောရိပ်တောင်ရိပ်တို့သည် ထူထပ်သိပ်သည်းစွာ ကြီးစိုးနေဆဲကာလ ဖြစ်သည်။ တောင်ကျောင်းကြီး၏ တောင်ဘက်ရှိ ရေထွက်ကို ဂနိုင်ရေထွက် ဟု ခေါ်၏။ ဂနိုင်ဟု ခေါ်မည်လောက်အောင်ပင် ရေမဲပင်ကြီးများ မိုးထိ အောင် မြင့်မားကာ တစ်ပင်နှင့်တစ်ပင် အကိုင်းချင်း ယှက်နေကြ၏။ နေပြောက်မထိုးအောင် အုပ်ဆိုင်းနေသောကြောင့် ဂနိုင်ပီသပါသည်။

အရှေ့တောင်ပေါ်၌ ကျားများ၊ ကျားသစ်များ ခိုအောင်းနိုင်လောက် အောင်ကို တောနက်သေး၏။ ညောင်ရွှေရောက်နန်း၏ အရှေ့ဘက်တောစပ်ကို

www.burmeseclassic.com



ရှင်းလင်းကြသောအခါ ကျားသစ်ပေါက်လေးနှစ်ကောင်ကို ရရှိသဖြင့် တစ်မြို့လုံး အုန်းအုန်းကျွက်ကျွက် ဖြစ်လိုက်ရကြောင်း မှတ်မိပါသေးသည်။ အုန်းအုန်းကျွက်ကျွက်မဖြစ်ဘဲ မနေနိုင်ပါ။ ကန်ဘေးရှိ ဇောတိကလမ်းကို ဖြတ်ကာ နှစ်ခြင်းခရစ်ယာန်ကျောင်းဝင်းမှ တစ်ဆင့် တောင်ခြေရှိ တောစပ်ဆီသို့ ကျားသစ်မကြီးက ထွက်ပြေးဝင်ရောက်သွားခဲ့သောကြောင့်ပါ။ ညဦးနက်သန်းခေါင်အချိန်၌ တောင်ခြေနှင့် နီးကပ်လျက်ရှိသော နေအိမ်ခြံဝင်းများရှိ ခွေး၊ ကြက်၊ ဘဲနှင့် ကန်ဦးကျောင်းဝင်းအတွင်းရှိ ခွေးများကိုပင်လျှင် ကျားများ လာဆွဲလေ့ရှိသည်မှာ ရိုးပင်ရိုးနေပေပြီ၊ ငယ်ကြောက် ဖြစ်သောကြောင့်လား မသိ၊ ကျားနံ့ရလျှင် ခွေးများ ထွက်မပြေးနိုင်တော့ဘဲ ခင်သိကာ ချေးသေး ဖြန်းဖြန်းပန်းထွက်တော့သည် ဟူသတတ်။

တစ်ညနေခင်း နေဝင်ရီသရောအချိန် ကျွန်တော့်ကစားဖော်များ ဖြစ်ကြသော မောင်မောင်နှင့် နီနီတို့နှင့်အတူ အားရပါးရ ပြေးတမ်း လိုက်တမ်း ကစားနေစဉ်၊ အရှေ့တောင်ပေါ်သို့ မျှော်ကြည့်မိသော ကျွန်တော်သည် "မီးထွန်းပွဲ ရောက်ပြီကွ"ဟု အော်ဟစ်မိပါသည်။

"ဝါတွင်းကြီး ရှိသေးတာ၊ ဘယ်မှာ မီးထွန်းပွဲ ဖြစ်ရမတုံး မြေးဖိုးချိုရဲ့"ဟု ကျွန်တော့်ဘွားအေကြီးက တုံ့ပြန်ပြောဆိုပါသည်။

"ဟိုမှာ ကြည့်ပါလား ဘွားဘွား၊ မီးတွေ ထွန်းထားတာ စီနေဘာပဲ"ဟု ပြောပြောဆိုဆို လက်ညှိုးညွှန်ပြလိုက်ရာ တောင်ပေါ်သို့ ဘွားအေကြီးနှင့် အိမ်နီးချင်းမိတ်ဆွေတို့ လှမ်းမျှော်ကြည့်ကြပါသည်။

"အဲဒါ ကျတ်မီးလို့ ခေါ်တယ်။ မိုးချုပ်ပြီ၊ အိမ်ထဲ ဝင်ကြရအောင်။ ခြေဆေး လက်ဆေး မျက်နှာသစ်ကြတော့"ဟု ဘွားအေကြီးတစ်ယောက် အမြန် လောဆော်ပါတော့သည်။

## မေးခွန်းပေါင်းများစွာ

ခြေဆေးရင်းနှင့် ကျွန်တော်သည် တောင်ပေါ်သို့ မျှော်ငေးကြည့်မိပါသည်။ ရောင်စုံပုလဲလည်ဆွဲကုံးပမာ မီးလုံးလေးများ စီရီနေရာမှ

www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်း ကြီးလာသလို၊ စက်ဝိုင်းခြမ်းလေးသည်လည်း တဖြည်းဖြည်း ကြီးမားကျယ်ပြန့်လာပါသည်။ ထို့နောက် မီးလုံးများ တဖြည်းဖြည်း သေးငယ်သွားပြန်၏။ မီးလုံးများ သေးငယ်လာသည်နှင့်အမျှ စက်ဝိုင်းခြမ်းကြီးသည် တဖြည်းဖြည်း သေးငယ်စုစည်းသွားခဲ့၏။ ကြည့်ကောင်းကောင်းနှင့် ကြည့်နေမိရာ ခြေဆေးလက်ဆေးတာ ကြာလှချည့်ဟု ဘွားအေကြီးလှမ်းအော် ခေါ်ငင်တော့မှ မဝင်ချင့်ဝင်ချင်နှင့် အိမ်တွင်းသို့ ဝင်ခဲ့ပါတော့၏။

ဘုရားကို ဆီမီးပူဇော်၊ ဘုရားဝတ်တက်၊ အမျှအတန်းဝေ၊ မေတ္တာပို့ပြီးနောက် အိပ်ရာဝင်သောအခါ၊ ထိုညအဖို့ "ဘွားဘွား ပုံပြောပြ" ဟု ပူဆာနေကျ စကားဖြင့် မပူဆာတော့ဘဲ "ဘွားဘွား ကျတ်မီးဆိုတာ ဘာမျိုးလဲ"ဟု မေးရင်း၊ မေးခွန်းများ စတင်ပါတော့သည်။

"ကျတ်ဆိုတာ မကောင်းဆိုးဝါး တစ္ဆေအမျိုးအစားထဲကပေါ့ကွယ်၊ ကျတ်တွေ ဖန်ဆင်းပြတဲ့ မီးမို့လို့ ကျတ်မီးလို့ခေါ်တာပေါ့ မြေးဖိုးချို"

"တစ္ဆေဆိုတာကော ဘွားဘွား"

"တစ္ဆေဆိုတာက လူသေတွေ မကျွတ်လို့ မကောင်းဆိုးဝါးဘဝ ရောက်နေတဲ့သူကို ပြောတာ"

"သေတယ်ဆိုတာ ဘယ်လိုလဲ၊ မကျွတ်တာကို ရှင်းပြပါဦး ဘွားဘွား"

"သေတယ်ဆိုတာက ဘာမှ မသိတော့ဘူး၊ အိပ်ပျော်သွားသလိုပဲ၊ ပြန်မနိုးတော့တာကို ပြောတာ၊ မကျွတ်ဘူးဆိုတာက အစွဲအလမ်းတစ်ခု ရှိလို့ မကောင်းဆိုးဝါးဘဝ ရောက်နေတာကွယ့်"

"အစွဲအလမ်းဆိုတာ ဘာကို ပြောတာလဲ ဘွားဘွား"

"မြေးဖိုးချို ဖလ်ဂေါ်လီလုံး လိုချင်တော့ ဝယ်ပေးဖို့ တစ်ချိန်လုံး ပူဆာငိုယိုနေတယ် မဟုတ်လား"

"ဘွားဘွားက ချက်ချင်း မဝယ်ပေးဘူးကိုး"

www.burmeseclassic.com

www.burmeseclassic.com



"ဂေါ်လီလုံး မရမချင်း ငိုယိုနေတာ၊ ဂေါ်လီလုံးကို မြေးဖိုးချို စွဲလမ်းနေတာပေါ့"

"ဂေါ်လီလုံးကို စွဲလမ်းပြီးသေရင် တစ္ဆေဖြစ်တယ်တဲ့လား"

"သိပ်ဟုတ်တာပေါ့၊ ဂေါ်လီလုံးတစ္ဆေ ဖြစ်တယ်ကွဲ့။ ဒါကြောင့် ဘာကိုမှ မစွဲလမ်းတာ အကောင်းဆုံးပဲ"

"မစွဲလမ်းရင် တစ္ဆေမဖြစ်ဘူးပေါ့နော် ဘွားဘွား"

"မစွဲလမ်းရုံတစ်ခုတည်းနဲ့တော့ စိတ်မချရသေးဘူး။ ဘဝကူး ကောင်းအောင် ကောင်းမှုကုသိုလ်များ ပြုရဦးမယ်"

"ကောင်းမှုကုသိုလ်ဆိုတာ ဘာများလဲဗျာ"

"ဘုရားဆွမ်းတော်ကပ်တာ၊ ရေချမ်းကပ်တာ၊ ဆီမီးပူဇော်တာ၊ ဒါန်းလှူတာ၊ ဘုရားရှိခိုးတာ၊ ဥပုသ်စောင့်တာ၊ ပရိတ်ရွတ်တာ၊ မေတ္တာ ပို့တာ၊ အမျှဝေတာ၊ တရားထိုင်တာ၊ ပုတီးစိပ်တာ၊ သူများတွေကို ကူညီတာ၊ သေးကမ်းတာ၊ စိတ်ကောင်းထားတာတွေ အားလုံးဟာ ကုသိုလ်ကောင်းမှု တွေပေါ့ မြေးလေးရဲ့"

"စောစောက ကျွတ်တစ္ဆေဆိုတာ ဘာပြုလို့ ကျွတ်လို့ ခေါ်တာလဲ၊ အကျီ ဘောင်းဘီကျပ်သလို သူတို့တွေ ကျပ်နေလို့လား ဘွားဘွား"

"ကျွတ်ဆိုတာ နာမည်ပေါ့ကွယ်။ ကျပ်နေလို့တော့ ဘယ်ဟုတ်ပါ့ မလဲ။ မြေးကို ဖိုးချိုလို့ နာမည်ပေးထားသလိုပေါ့။ မြေးမျက်နှာလေး ချိုလို့ ပေးတာ၊ ကြွံသကာလိုတော့ မြေးဘယ်မှာ ချိုနေလို့လဲ"

## ကျွတ်မီးဆိုတာ

"ကျွတ်မီးဆိုတာ အိမ်မှာယူပြီး ထွန်းလို့ရလားဟင်"

"ဘယ်ရပါ့မလဲ မြေးရယ်၊ သူတို့က ဖန်ဆင်းပြတဲ့ ဥစ္စာပဲကွယ်"

"အဲဒီကျွတ်မီးက ထမင်းဟင်းချက်လို့လဲ မရဘူးပေါ့နော်"

"မရပါဘူးကွယ်၊ သူတို့က ကျွတ်မီးဖန်ဆင်းပြီး မြူးကြ[illegible]စားကြ တာပါတဲ့"

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်ကျော် ကျွန်တော် ကလေးဘဝ တုန်းက တွေ့မြင်ခဲ့ဖူးသော ကျတ်မီးဆိုတာကို ပြန်လည် တွေးကြည့်တော့ အတိုင်းသား မြင်ယောင်နေပါသေးသည်။ လူငယ်တို့ဘဝ စွဲလမ်းမိရာရာ ကို အမှတ်အသားကောင်း၍လား မသိ။ ကျွန်တော် ပူဆာဝိုယိုခဲ့သော ဂေါ်လီလုံး ဆိုသည်မှာ မြေဂေါ်လီလုံး၊ ကျောက်ဂေါ်လီလုံး မဟုတ်ဘဲ ဖလ်သားကြည်ကြည်၊ အလယ်ဗဟို၌ အနီ၊ အဝါ၊ အဖြူ၊ အပြာ၊ အစိမ်း စသည်ဖြင့် ရောင်စုံအဆံလေးများ ပါသည့်အကြောင်းကို မှတ်မိနေသလို တစ်သက်တစ်ခါ မြင်ဖူးခဲ့သည့် ကျတ်မီးကိုလည်း ကောင်းကောင်းကြီး မှတ်မိနေပါသည်။ အခိုးအလျှံမရှိ၊ ပကတိ တောက်ပကြည်ထိန်သော မီးလုံးရောင်စုံများ ဖြစ်၏။

စုန်းမီးဆိုတာနှင့် လုံးဝမတူပါ။ စုန်းက ပညာပြသော စုန်းမီးလား ဖော့ဖရပ်မီးစုန်းကြောင့် တောက်သော စုန်းမီးလေလား။ ဝေသေချာချာ ခွဲခြားမသိခဲ့သော စုန်းမီးတောက်ခြင်းဟူသည်မှာ ဘွားခနဲ အပေါ်တက် လာပြီး ပြန်ဆင်းသွားတတ်၏။ သို့မဟုတ် တစ်လုံးနှင့်တစ်လုံး တိုက်မိ ကြပြီး ပျောက်ကွယ်သွားတတ်သည်။ ယခု ကျတ်မီးဆိုသည်ကား စုန်းမီး နှင့် လုံးဝမတူပါ။ တောမီးလောင်နေခြင်းလည်း မဟုတ်၊ သူဌေးကြီး တန်ဖဲယား၏ လျှပ်စစ်ဓာတ်မီး မှုန်မှုန်မွှားမွှားခေတ်မှ တောက်ပလွန်းသော မီးသီးများကို မည်သူမျှ တောင်ပေါ်၌ မထွန်းနိုင်သေးသည့်ခေတ် ဖြစ်၏။ ယခုခေတ်လို တောင်ပေါ်ဘုရားတွေ၊ ဟိုတယ်တွေ၊ မိုက်ခရိုဝေ့ ရုံးတွေ တောင်ပေါ်၌ မဖြစ်ပေါ်သေးသည့် ရှေးခေတ်မို့ ဝါယာဓာတ်ကြိုးတိုင်များ မထူရသေး၍၊ ဓာတ်ကြိုးများ မသွယ်တန်းရသေးချိန် ဖြစ်သောကြောင့်ပါ။ မိုးတွင်းမို့ တောမီးလောင်ခြင်းလည်း မဟုတ်ပါ။

"ဘွားဘွားတို့ ဂျပန်ခေတ်တုန်းက မိုင်းသောက်ကို စစ်ပြေးကြ တယ်။ ကျတ်တစ္ဆေဆိုတာ ဟိုမှာ ကြားဖူးကြုံဖူးခဲ့တာပါပဲ။ ကျတ်မီးကို သွားကြည့်ဆိုတာ အရဲစွန့်ပြီး သွားစုံစမ်း လေ့လာကြတာပါ။ ဘွားဘွား လည်း တော်ရုံတန်ရုံ လူပြောသူပြောနဲ့ ယုံတတ်သူ မဟုတ်ဘူး။ သာမန် အမျိုးသမီးတွေနဲ့ နှိုင်းစာရင် ဘွားဘွားက သတ္တိပိုကောင်းတယ် ပြောရ

www.burmeseclassic.com

www.burmeseclassic.com



မလားပဲ၊ တစ်ည ရှာပြင်တောစပ် မန်ကျည်းပင်အုပ်အုပ်ပေါ်မှာ ကျတ်မီး တွေကို တွေ့ပါရော။ တိတ်တိတ်လေး သွားချောင်းကြည့်တာပေါ့။ ခေါင်းနားပန်းတွေကြီး ကြက်သီးတွေ ထတော့တာပဲ။ ကျတ်မီးတွေလည်း ခုတ်တရက် ပျောက်ကွယ်ကုန်တယ်။ လူနံ့ရလို့ ပျောက်တာတဲ့။ ရွာထဲက လူကြီးတွေက ပြောကြတယ်။ ဘွားဘွားတို့ ငယ်ငယ်တုန်းက တောင်ကြီး မြို့ ပတ်ဝန်းကျင်မှာ ကျတ်တွေ ရှိခဲ့ဖူးတယ်။ ခုတော့ ပြေးကုန်ပြီ ထင်ပါရဲ့"

## နာမည်ရင်း မခေါ်ရ

ထိုညက မြေးအဘွားနှစ်ဦးသား စကားကောင်းနေလိုက်ကြသည် မှာ ဂတ်တဲမှ သံချောင်းဆယ်ချက် ခေါက်တော့မှ ရပ်နားပါတော့သည်။ ဂတ်တဲဆိုသည်ကား မြို့လယ်ဗွောရုံနှင့် မျက်နှာချင်းဆိုင်ရှိ မြို့မရဲဌာနကို ထိုစဉ်က အခေါ် ဖြစ်ပါ၏။ ပုံပြင်ပြောပြသော ညဆိုလျှင် အင်းလိုက်ရင်း နာရီဝက်မပြည့်မီ ကျွန်တော် အိပ်ပျော်သွားတတ်ပါသည်။ ယခု ကျတ် ဘချွေအကြောင်းကို စိတ်ဝင်စားနေ၍ ညနက်ချိန် (ညဆယ်နာရီကျော်) အထိ မျက်လုံးကျယ်နေခြင်း ဖြစ်ပါလိမ့်မည်။

ထိုသို့ ဘွားအေကြီး ပြောပြသည့် ကျတ်အကြောင်းအရာများ အနက် တောနက်ထဲ သွားကြလျှင် အချင်းချင်း နာမည်ရင်းကို အော်မခေါ် ရဟု ဆိုသည့် အကြောင်းလည်း ပါသည်။ နာမည်အော်ခေါ်တော့ ဘာဖြစ် သနည်း။ ကျတ်က ထိုအော်ခေါ်သော နာမည်ရင်းအတိုင်း လိုက်ခေါ်တတ် ပါသတဲ့။ သူငယ်ချင်းက မိမိအား ခေါ်သည်ဟု ထင်မှတ်ရလောက်အောင် အသံတူအောင် တုပြီး ကျတ်က လိုက်ခေါ်တတ်ရာ၊ ပြန်လည်ထူးမိလျှင် အသည်းအသန် ဖျားနာတတ်ပါသတဲ့။ ကံဆိုးလွန်းလျှင် သေပင်သေနိုင် သည်ဆိုကိုး။ ထို့ကြောင့် တောထဲသွားလျှင် နာမည်ဝှက်၊ သို့မဟုတ် ငူးငူး ဝါးဝါးဖြင့်သာ အသံပြု ဆက်သွယ်ကြရသည် ဟူသတတ်။

တောထဲရှိ သစ်ပင်အောက်၌ဖြစ်စေ၊ ရေချောင်းနံဘေး၌ဖြစ်စေ၊ မြေသန့်သန့်ပြန့်ပြန့်၌ဖြစ်စေ၊ တောင်ကုန်းကမူပေါ်၌ဖြစ်စေ၊ ကျောက်တုံး ကျောက်ခဲများ ညီညီညာညာ စုပြုံပုံထားခြင်း သို့မဟုတ် ဖြန့်စီထား

www.burmeseclassic.com

www.burmeseclassic.com



ခြင်းများတို့ကို တွေ့မြင်ပါက မကိုင်ရမထိရ၊ မရွှေ့ပြောင်းရ၊ မယူငင်ရပါတဲ့။ ထိုကျောက်တုံးများကို ကျတ်များက တမင်တကာ ပြုလုပ်ထားခြင်းဖြစ်တတ်ပါသတဲ့။ ထိုကျောက်တုံးပုံ၊ ကျောက်တုံးတန်းများကို မူလပုံပန်းသဏ္ဌာန် ပျက်ပြားအောင် ဖျက်ဆီးမိလျှင်လည်း ကျတ်က အန္တရာယ်ပေးတတ်ပါသတဲ့။ ဖျားနာခြင်း၊ မေ့မြောခြင်း၊ သေဆုံးခြင်းများ ဖြစ်တတ်ပါသတဲ့။

မယုံ၍လည်း မဖြစ်ပါ။ အကြောင်းမှာ စမ်းသပ်လုပ်ကြည့်သူများ အန္တရာယ်တစ်စုံတစ်ခုနှင့် တွေ့ကြုံရဖန် များလာသောအခါ တိုက်ဆိုင်မှုပါဟု ယူဆရန် မဖြစ်တော့သောကြောင့်ပါ။ မယုံသော်ရှိ ယုံသော်ရှိ ရှောင်ကွင်းခြင်းက အန္တရာယ်ကင်းသည် မဟုတ်ပါလော။ ပြီးတော့ လူကြီးသူမများ ဆိုသည်ကား အသက်အရွယ် ကြီးရင့်လာသည်နှင့်အမျှ ဘဝအတွေ့အကြုံတွေကလည်း များပြားခဲ့ပြီဖြစ်တော့ လူကြီးမိဘစကားကို နားထောင်လိုက်နာခြင်းသည် ဘယ်သောအခါမှ အကျိုးမယုတ်တတ်ပါ။ အကျိုးရှိမြဲ ဓမ္မတာ မဟုတ်ပါလား။

ဘွားအေကြီးကိုယ်တိုင် ကြုံတွေ့ရဖူးသည့် အဖြစ်အပျက်က ရယ်ရမှာလည်း မဟုတ်။ ငိုရမှာလည်း မဟုတ်။ မယုံချင့်ယုံချင်နှင့် ယုံလိုက်ရပါသည်ဟု ဆိုသော ထင်းစည်းကိစ္စပါ။ ဖြစ်ပုံက ဒီလို။ မိုင်းသောက်ရွာသို့ စစ်ပြေးဘဝနှင့် ရောက်စဦးအချိန်၊ မီးဆိုက်ရန် ထင်းက မြို့မှာလို ဝယ်ယူလို့ ရသည်မဟုတ်၊ ကိုယ့်စပါးကိုယ်ထောင်း၊ ကိုယ့်ရေကိုယ်ခပ်၊ ကိုယ့်အဝတ် ကိုယ်လျှော်ဖွပ်ရသလို၊ ထင်းကိုလည်း ကိုယ်တိုင် တောထဲသွားပြီး ထင်းခွေကြရပါသတဲ့။ တောအကြောင်း တောင်အကြောင်းကိုလည်း ကြားဖူးနားဝက ရှိမထားသည့်အထဲ၊ လိုက်နာရမည့် စည်းကမ်းတွေကလည်း အများသားမို့ တောင်ကြီးမြို့ပေါ်မှာ ကြီးပြင်းခဲ့သော ဘွားအေကြီးအဖို့ မြင်သမျှ ကြားသမျှ အထူးအဆန်းတွေချည်း ဖြစ်နေခဲ့ပါသည်။ မယုံကြည်၍ စမ်းသပ်ကြည့်လိုသော စိတ်ကလည်း ပါလိမ့်မည် ထင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ရက် အဖော်တစ်စုနှင့် တောထဲသွားပြီး ထင်းခွေကြပါသည်။ သစ်ပင်ကြီးတစ်ပင်အောက်၌ ထင်းစည်းတချို့ သေသေသပ်သပ် စည်းနှောင်ပုံထားသည်ကို အံ့ဩဖွယ်ရာ တွေ့ကြရ၏။ ရွာခံအဖော်တစ်ဦးက ကျွတ်တို့၏ ထင်းစည်း ဖြစ်တတ်သည်၊ မယူကောင်းဟု ပြောသည်ကို ဘွားအေကြီးက သိပ်ပြီး မယုံကြည်ချင်ပါ။ စမ်းသပ်သည့်သဘောမျိုးနှင့် မိတ်ဆွေအဖော်များ မသိအောင် မိမိခွေထားသည့် ထင်းစည်းများနှင့် အတူရော၍ ကျွတ်ထင်းစည်းဟု ဆိုသော ထင်းပုံမှ ထင်းစည်းငယ်တစ်စည်းကို မသိမသာ အိမ်ယူပြန်လာသည်။

ညဉ့်နက်သန်းခေါင်သို့ ရောက်သောအခါ အစွမ်းပြပါတော့သည်။ ခြံဝင်းပြင်ဘက်မှ နေ၍ "ငါ့ထင်းစည်း ပြန်ပေး"ဟု အထပ်ထပ်အခါခါ အော်ဟစ်နေသောကြောင့် လန့်နိုးလာပါသည်။ လက မှုန်မှုန်ဝါးဝါး၊ မသာ့တသာ ဖြစ်နေချိန်မို့၊ ထရံပေါက်မှ အသံလာရာသို့ ချောင်းကြည့်လိုက်ပါသည်။ ဘာအရိပ်အယောင်မျှ ထင်ထင်ရှားရှား မမြင်ရပါ။

အသံက အထပ်ထပ်အခါခါ ပေါ်ပေါက်လာသည်။ "ငါ့ထင်းစည်း ပြန်ပေး" တစ်ခွန်းတည်းကို အပြန်ပြန်အခါခါ အော်ပြောနေခြင်းပါ။ ရောက်ပြီ၊ ခိုးလုပ်တဲ့အမှု တစ်ရွာလုံး သိကုန်ပါပြီဟု စိတ်လည်းပူ၊ ရှက်လည်း ရှက်မိပါသည်တဲ့။ ထင်းစည်းက အဖိုးမတန်ပါ။ အရှက်အိုး ကွဲရသည်နှင့် မောမိအောင် စိတ်အနှောင့်အယှက် ကြီးစွာ ဖြစ်ရပါတော့သည်။ စိတ်တိုတိုနှင့် "နင့်ထင်းစည်း နင်ပြန်ယူသွား"ဟု အော်ပြောလိုက်၏။

စမ်းသပ်သည့် သဘောမျိုးနှင့် ယူလာခဲ့လေသောကြောင့် ညခင်း ချက်ပြုတ်စဉ်က ထိုထင်းစည်းကို မသုံးလိုက်မိသည်မှာ ကံကောင်းလှ၏ဟု တွေးနေဆဲ၊ "သူ့နေရာ သူပြန်ပို့"ဟု တစ်ခွန်းတည်း ပြောပြီး တိတ်ဆိတ်သွားပါတော့သည်ကို။ ဘယ်ပြောကောင်းမလဲ။ ဘွားအေကြီး တစ်ညလုံး အိပ်မပျော်တော့ပြီ။ အကောင်အထည်လည်း ထင်ထင်ရှားရှား မမြင်ရ၊ ဆုံးရှုံးမှာလား၊ ယုံသင့်သလား တွေးတောဆဲမှာ မိုးစင်စင်လင်းခဲ့ပြီ။ သူများမနာ မသေခင် ပြန်ပို့မှဟု ဆုံးဖြတ်ပြီး၊ အဖော်တစ်ယောက် ခေါ်ကာ ထိုထင်းစည်းကို ယူခဲ့သည့် သစ်ပင်အောက်သို့ ပြန်ပို့ရလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



## ဖန်ဆင်းနိုင်သည်

ကျွန်တော်သည် လူကြီးသူမများ စုဝေး စကားပြောကြရာ စကားဝိုင်းရှိ ဘွားအေကြီးဘေး၌ ကပ်ထိုင်ကာ လူကြီးများ ထွေရာလေးပါး စကားဦးသန်းသလို၊ ကိုယ်တွေ့များ နှော၍ ပြောဆိုကြသည်ကို စိတ်ဝင်စားစွာ နားထောင်တတ်သည့် အကျင့်ရှိ၏။ ဘွားအေကြီးက ဆေးလိပ်မီး တို့ခိုင်းလျှင် မီးဖိုထဲဝင်၍ မီးကျီခဲနှင့် တို့ပေးရပါသည်။ အခါးရည်အိုး (ရေနွေးကြမ်းအိုး)ကို ရေနွေးဖြည့်ပေးရ၏။ ဆေးလိပ်၊ မီးခြစ်၊ လက်ဖက် အုပ် စသည်ဖြင့် လိုအပ်ရာရာ တောက်တိုမည်ရ ကိစ္စကြီးငယ်ကို ဆောင်ရွက်ပေးရပါသည်။ စာမကျက်ဘဲ စကားဝိုင်း၌ ငေးမောနေလျှင် ဘွားအေကြီးက စကားအိုး စကားစက် နာရပါ့မလားဟု မြည်တွန် တောက်တီးတတ်ပါသည်။ ထိုထိုသော စကားဝိုင်းတို့မှ စိတ်ဝင်စားဖွယ်ရာ အဖြစ်ဆန်းများစွာတို့ကို ကြားနာ မှတ်သားခဲ့ဖူးပါ၏။ သို့ဖြစ်၍လည်း ယခုလို ကလောင်ကိုင်ကာ စာတိုပေစ ရေးသားလေသောအခါ ထိုသို့ ကုန်ကြမ်းများစွာ စုဆောင်းထားနှင့်ပြီးဖြစ်ရာ၊ ကျွန်တော့်အတွက် အဆင် ချောလှပါတော့သည်။

ငယ်ရွယ်စဉ်တုန်းက စကားအိုးစကားစက် နာကြား မှတ်သားခဲ့ ရသည့်အနက်၊ ကျတ်တို့ ဖန်ဆင်းပြသမှုများကိုလည်း ကြားနာခဲ့ရဖူးရာ သာဓကကောင်းတစ်ခုကို တင်ပြပါဦးမည်။

အချိန်အားဖြင့် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လုနီး၊ ၁၉၄၀-ပြည့်နှစ် ဝန်းကျင်လောက်က ဖြစ်ပါလိမ့်မည်။ ညောင်ရွှေမြို့သို့ မရောက်မီ၊ အရှေ့ တောင်အရပ်ယွန်းယွန်းမှ လမ်းခွဲထွက်လာသော မိုင်းသောက်သွားလမ်း သည် ရှေးက မြေနီလှည်းလမ်းသာ ဖြစ်ပါသည်။ ပြည်တော်သာခေတ် ရောက်မှ ကျောက်စီကတ္တရာလမ်းအဖြစ် ပြောင်းလဲတိုးတက်လာခြင်းပါ။ လမ်းခွဲစ၌ အရှေ့တောင်ယွန်းယွန်းအရပ်သို့ ဦးတည်သော လမ်းကြောင်း သည် တဖြည်းဖြည်း တောင်စူးစူးအရပ်သို့ ဦးတည်သွားပါတော့သည်။ ညောင်ရွှေနှင့် မိုင်းသောက်မှာ ခုနစ်မိုင်မျှ ကွာဝေး၏။ မိုင်းသောက်မြို့သို့

www.burmeseclassic.com

www.burmeseclassic.com



မရောက်မီ မိုင်အနည်းငယ်အလိုတွင် ကားလမ်း၏ ဝဲယာအရှေ့နှင့် အနောက်အရပ်တို့၌ ကြံခြံများစွာ ရှိ၏။ ကြံပုတ်ရွာ၊ မြောင်းကြီးရွာ၊ မြောင်းကောက်ရွာ စသည်ဖြင့် တည်ရှိကြပါသည်။

နောင်ကီးပေါ်(ကိုကြီးပေါ်)သည် မြောင်းကြီးရွာက ဖြစ်၏။ သူ့ အတွေ့အကြုံဆန်းမှာလည်း အံ့သြစရာ ကောင်းပေသည်။ ရှမ်းပြည်နယ် တွင် ငါးရက်တစ်ဈေး ထုံးစံ ယနေ့တိုင် ရှိရာမပျက် တည်လျက် ရှိသေးပါ။ မိုင်းသောက်ဈေးနေ့ တစ်မနက်စောစော အရုဏ်မတက်မီ၌ ဖြစ်၏။ သူ့ဇနီးသည်မှာ မီးဖွားခါနီးနေ၍ ခြေတံရှည်အိမ် အောက်ဘေး အဖီလေး ၌ မီးဖိုလျက် ပရိတ်ရွတ်ကာ စောင့်ရှောက်နေချိန်ပါ။ တောခလေ့မို့ ခြံကျယ် ဝိုင်းကျယ်ကြီးတွေနှင့် ဖြစ်ရာ၊ တစ်အိမ်နှင့်တစ်အိမ် တစ်ခြံနှင့်တစ်ခြံ အတော် အလှမ်းဝေးကွာလှပါသည်။ ဈေးနေ့မို့ လိုအပ်ရာရာများ သွားရောက် ဝယ်ခြမ်းထားဦးမှဟု စိတ်ကူးနေဆဲ၊ အရှေ့တောင်ခြေ အရပ်ဆီမှာ နွားဘီးဝင်ရိုးအီသံ၊ နွားချူသံ၊ နွားခလောက်သံ၊ နွားကို အော်ငေါက်သံ ခွေးတစီစီ ဟောင်သံတို့ကြောင့် မိုင်းသောက်ဈေးနေ့သို့ သွားသော နွားလှည်းတန်းရှည်ကြီးဟု ထင်မှတ်မိလိုက်၏။ အသံသည် တဖြည်းဖြည်း နီးကပ်လာပါသည်။

အိမ်ပေါ်ထပ် ကြမ်းပြင်မှ မျှော်ကြည့်လိုက်သောအခါ သူ ထင်မှတ် ထားသည့်အတိုင်း လှည်းတန်းကြီးကို ရှေ့ကောင်းကင် ရောင်နီအလာမှာ မြင်တွေ့ရ၏။ အတော်ပဲ။ အဖော်ကောင်းရပြီ။ ဈေးသို့ စောစောလိုက် သွားပြီး ဝယ်ခြမ်းကာ စောစောပြန်ခဲ့မယ်ဟု ကြံစည်ဆုံးဖြတ်လိုက်ပြီးသည် နှင့် တိုင်၌ ချိတ်ဆွဲထားသော လွယ်အိတ်ကြီးကို ဖြုတ်ယူနေစဉ် –

"ဟေး ... ရှေ့က ဘဇာ(ဘာ)ဖြစ်တုံး"

"ဆက်သွားလို့ ရဘူးဟေး"

"ဘာကြောင့်"

"ဗုဒ္ဓ ရှိတယ်ဝေး"

"ဒါဆို ပြန်လှည့်–ပြန်လှည့်"

www.burmeseclassic.com

www.burmeseclassic.com



စသည်ဖြင့် အော်ဟစ်မေးမြန်း ဖြေဆိုသံကို အတိုင်းသား ကြားနေရသည်။ အိမ်ရှေ့ကြမ်းပြင်မှ ထွက်မျှော်ပြီး ပြန်ကြည့်သည့်အခါ ကြက်သီးမွေးညင်းတို့က တဖျဉ်းဖျဉ်းထကာ ခေါင်းနားပန်း ကြီးလာပါတော့သည်။ အကြောင်းမှာ စောစောက မိမိမျက်စိအစုံဖြင့် တပ်အပ်သေချာစွာ ထင်ထင်ရှားရှား တွေ့မြင်ထားခဲ့သော လှည်းတန်းရှည်ကြီးမှာ ပျောက်ခြင်းမလှလုံးဝပျောက်ကွယ်နေသောကြောင့် ဖြစ်၏။

တစ်လမ်းတည်းသာရှိသော ဤလှည်းလမ်းသည် နောင်ကီးပေါ်ကြခြံဘေးမှ ဖြတ်သွားရပါသည်။ အခြားလမ်းခွဲ မရှိပါ။ လှည်းတစ်စီးချင်း ပြန်လှည့်ပြီး နောက်ကြောင်းပြန်ဖို့ ဆိုသည်မှာ စက္ကန့်ပိုင်း၊ မိနစ်ပိုင်းဖြင့် ပြီးစီးနိုင်သော ကိစ္စမဟုတ်။ ပြီးခဲ့သည်ပဲ ထားဦးတော့။ ချက်ချင်းကြီး မျက်စိရှေ့မှောက်မှ ရုတ်တရက် မပျောက်ကွယ်ကောင်းတန်ရာပါ။ ခုတော့ မြင်ကွင်းရော အသံပါ အားလုံး ပျောက်ကွယ် တိတ်ဆိတ်နေပါပြီ။ မီးနေသည်က မဖျားမနာ ဘာမှမဖြစ်ရဘဲ နောင်ကီးပေါ် တစ်ယောက်ခမျာ လန့်ဖျား ဖျားရပါတော့သတည်း။

## ပြိတ္တာမျိုး များစွာရှိ

ကျွန်တော် မှတ်သားဖူးသည်မှာ နာနာဘာဝ၊ ဝိနာဘာဝတို့၏ သဘောသကန်မှာ ရုပ်ဆင်းကို ဖန်ဆင်းပြသနိုင်လျှင် အသံဗလံ မပြုနိုင်ပါ။ အသံပေးပြီးခြောက်က ရုပ်ဆင်းကို မဖော်ပြနိုင်ပါ။ ရုပ်ဆင်းရော အသံပါ ပြုနိုင် ခြောက်လှန့်နိုင်လျှင် လူတို့ ဥပါယ်တံမျဉ်သုံးကာ တမင်လှည့်စား ခြောက်လှန့်ခြင်း ဖြစ်နိုင်၏။ ဒါမှမဟုတ် ကမ္မဇိဒ္ဓိကြောင့် တန်ခိုး အသင့်အတင့်ရှိသော ပြိတ္တာတို့ ဖြစ်မည်လားဟု စဉ်းစားချင့်ချိန်ရပါလိမ့်မည်။

ယုတ်ညံ့သော ဘဝဖြစ်သည့် မကျွတ်မလွတ်သော ပြိတ္တာတို့မှ ဖန်ဆင်းပြသနိုင်သော တန်ခိုးအစွမ်း ရှိပါမည်လားဟု သံသယဖြစ်စရာ ရှိလာပါလိမ့်မည်။ လူအမျိုးမျိုး နတ်အထွေထွေဟု ဆိုသည့်အတိုင်း ပြိတ္တာတွေအစားစား၊ တစ္ဆေတွေအပြားပြား ထူးခြားစွာ ရှိကြကုန်၏ဟုသာ

www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုရပါတော့မည်။ အကြောင်းမှာ အကြမ်းအားဖြင့် ပြိတ္တာလေးမျိုး လေးစားရှိကြောင်း မှတ်သားဖူးသောကြောင့် ဖြစ်ပါသည်။ ယင်းတို့မှာ–

၁။ **ပရဒတ္တူပဇီဝိကပြိတ္တာ** ။ ။ သူတစ်ပါး ပေးကမ်းစာကို အမှီပြုနေရသော ပြိတ္တာမျိုးများ။

၂။ **ခုပ္ပိပါသိကပြိတ္တာ**။ ။ ထမင်းငတ်ခြင်း၊ ရေငတ်ခြင်းဖြင့် အမြဲဆင်းရဲနေရသော ပြိတ္တာမျိုးများ။

၃။ **နိဇ္ဈာမတဏှိကပြိတ္တာ**။ ။ မီးလောင်သဖြင့် ဆင်းရဲနေရသော ပြိတ္တာမျိုးများ။

၄။ **ကာလကဉ္စိကပြိတ္တာ**။ ။ အသူရကာယ်မျိုးဖြစ်သည့် ပြိတ္တာမျိုးများတို့ ဖြစ်ကြပါသည်။

## ပြိတ္တာ ၁၂–မျိုး

လောက၌ ရှိရှိသမျှ ပြိတ္တာများတို့ကို တူရာတူရာပေါင်းစု စာရင်းပြု လိုက်ပါလျှင် အထက်ဖော်ပြပါ ပြိတ္တာမျိုးပေါင်းလေးစု ရှိသည်ဟု ကျမ်းဂန်တို့၌ လာရှိပါသည်။ ဆဂတိဒီပနီကျမ်း၊ လောကပညတ္တိကျမ်း စသည့် လောကီကျမ်းများ၌ ပြိတ္တာအမျိုးအစား အသေး စိတ်ရသော် အလွန်များပြားသော ပြိတ္တာတို့ကို အောက်ပါအတိုင်း ၁၂–မျိုး ခွဲခြားပြသ နိုင်မည် ဖြစ်ပါ၏။ စာဖတ်သူတို့၏ ဗဟုသုတအလို့ငှာ ဖော်ပြလိုက်ရပါသည်၊

၁၊ **ဝန္တာသပြိတ္တာ**။ ။ တံတွေး၊ နှပ်၊ ချွဲ၊ အန်ဖတ်တို့ကို စားနေရသော ပြိတ္တာမျိုး။

၂။ **ကုဏပါသပြိတ္တာ**။ ။ လူ၊ မြွေ စသည့် အကောင်ပုပ် တို့ကို စားနေရသော ပြိတ္တာမျိုး။

၃။ **ဂူထခါဒကပြိတ္တာ**။ ။ ကျင်ကြီးစားနေရသော ပြိတ္တာမျိုး။

www.burmeseclassic.com

www.burmeseclassic.com



၄။ **အင္ဂိဇာလမုခပြိတ္တာ။** ။ ခံတွင်းက မီးလျှံထွက်နေသော ပြိတ္တာမျိုး။

၅။ **သုခိမုခပြိတ္တာ။** ။ အပ်နဖားမျှ ခံတွင်းရှိသည့် ပြိတ္တာမျိုး။

၆။ **တဏှာဋ္ဋိကပြိတ္တာ။** ။ ဆာလောင်မွတ်သိပ်နေသောပြိတ္တာမျိုး။

၇။ **သုနိဇ္ဈာမကပြိတ္တာ။** ။ ကိုယ်မှာ အမြဲ မီးလောင်နေသော ပြိတ္တာမျိုး။

၈။ **သတ္တင်္ဂပြိတ္တာ။** ။ ဓားနှင့်တူသော ခြေသည်းလက်သည်းများဖြင့် မိမိကိုယ်ကို အမြဲကုတ်ဖဲ့ ညှင်းဆဲနေရသော ပြိတ္တာမျိုး။

၉။ **ပဗ္ဗတင်္ဂပြိတ္တာ။** ။ ခန္ဓာကိုယ်သည် တောင်လောက်ကြီးသော ပြိတ္တာမျိုး။

၁၀။ **အဇဂရင်္ဂပြိတ္တာ။** ။ စပါးကြီးမြွေနှင့်တူသော ပြိတ္တာမျိုး။

၁၁။ **ဝေမာနိကပြိတ္တာ။** ။ ဘုံဗိမာန်၌ဖြစ်သော ပြိတ္တာမျိုး။

၁၂။ **မဟိဒ္ဓိကပြိတ္တာ။** ။ တန်ခိုးကြီးမားသော ပြိတ္တာမျိုး။

မြို့ရွာများတည်လျက် ပွဲလမ်းသဘင်များ ခင်းကျင်းဖန်ဆင်းနိုင်သော ကျွတ်တစ္ဆေများတို့သည် တန်ခိုးမည်မျှ ကြီးမား၊ မကြီးမားသည်ကိုတော့ အသေအချာ ကျွန်တော် မပြောနိုင်သော်လည်း လူကြီးသူမများ အစဉ်အဆက် ပြောပြခဲ့ကြသော ဖြစ်ရပ်များ တကယ် မှန်ကန်သည်ဆိုပါက အတော်အသင့်သော ကမ္မဇိဒ္ဓိသတ္တိတန်ခိုးမျှလောက်တော့ ရှိဟန် တူပါသည်။ ထို့ကြောင့် ကျွတ်တစ္ဆေတို့ကို မဟိဒ္ဓိကပြိတ္တာအမျိုးအစားထဲ၌ အကျုံးဝင်သွားနိုင်သည်ဟု ကျွန်တော် မတတ်တတတ်နှင့် မှတ်ချက်ပြုမိပါတော့သည်။

## ကျွတ်ခေါင်းများ

ကျွတ်အကြောင်းကို စီကာပတ်ကုံး ရေးရင်းက ကျွတ်ခေါင်းများအကြောင်းကို ကျွန်တော့်ဦးခေါင်းထဲ ဝင်ရောက်လာပါသည်။ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ် ရှစ်နှစ်ကိုးနှစ်သားအရွယ်၊ ၁၉၅၄–၅၅ ခုနှစ် ဝန်းကျင်လောက်တုန်းက လွတ်လပ်ရေးအောင်ပွဲနေ့ ပျော်ပွဲရွှင်ပွဲ ကြည့်ချင်ပွဲများကို ပြန်လည် သတိရမိပါသည်။ ကျန်းမာရေးဌာနပြခန်း၊ ပညာရေးဌာနပြခန်း၊ သစ်တောဦးစီးဌာနပြခန်း၊ စိုက်ပျိုးရေးဌာနပြခန်း၊ ရက်ကန်းကျောင်းပြခန်းစသည်ဖြင့် ဌာနဆိုင်ရာပြခန်းများကို ဘောလုံးကွင်း၌ ဖွင့်လှစ်ပြသပါသည်။ ဘောလုံးကွင်းဆိုရာ၌ ရှေးခေတ်တောင်ကြီးမြို့၊ စိန်အင်းကျောင်းတောင်ဘက်ရှိ အိုလံပစ်ဘောလုံးကွင်း ဖြစ်၏။ နောင်သောအခါ တောင်ကြီးမြို့နယ် အားကစားကွင်း ဖြစ်လာပြီး၊ ယခုအခါ၌ ရှမ်းပြည်နယ် အားကစားကွင်းကြီး ဖြစ်သွားပေပြီ။

သစ်တောဦးစီးဌာနမှ သစ်ဆွဲဆင်ကြီးများကိုလည်း ပွဲခင်းထဲအထိခေါ်ဆောင်လာသည်။ ကလေးငယ်များ ဆင်စီးလိုသော် တစ်ယောက်တစ်မတ်နှုန်းဖြင့် အပျော်စီးနိုင်၏။ ပြည်နယ်အားကစားကွင်း၏ အရှေ့ဘက်ကပ်လျက်ဖြစ်သော လွတ်လပ်ရေးကျောက်တိုင်ကွင်းကို တစ်ပတ် ပတ်ပေးပါသည်။ ဆင်၏ ခြေလှမ်းတစ်လှမ်း လှမ်းတိုင်း၊ ကြိမ်ပုခက်ကြီးက ဟိုဘက်စောင်းလိုက်၊ ဒီဘက်စောင်းလိုက်နှင့် ဆင်အပျော်လိုက်စီးကြသောကျွန်တော်တို့၏ ကိုယ်ခန္ဓာလေးများကလည်း ဟိုဘက်ယိမ်းလိုက် ဒီဘက်ယိမ်းလိုက်နှင့် ပျော်စရာလည်း ကောင်းသည်။ သည်းထိတ်ရင်ဖိုစရာလည်းကောင်းလှကြောင်း စားမြုံ့ပြန်မိသောအခါ အပူအပင်ကင်းသည့် ငယ်ဘဝကို ပြန်လည်လွမ်းဆွတ်တမ်းတမိပါတော့သည်။

ပြခန်းများအနက် သစ်တောဌာနပြခန်းရှေ့၌ အထူးပြကွက်အနေနှင့် ပြသထားသော ကျတ်ခေါင်းများကို ပြန်မြင်ယောင်လာပါသည်။ တောနက်အတွင်းရှိ ဂူတစ်ဂူထဲမှ ရရှိသည်ဆိုသော ထိုကျတ်ခေါင်းများမှာအရွယ်အစားအမျိုးမျိုး၊ ကြီးစဉ်ငယ်လိုက် ထောင်လျက်သား တွေ့ရ၏။ တွေ့ဖြူကတ်ပြားပေါ်၌ "ကျတ်ခေါင်း" ဟု ကမ္ပည်းထိုးထားသည်။ ပုံစံကတော့ သစ်လုံးထွင်းလှေကဲ့သို့ အလားတူသည်။ ဟိုဘက်ဒေါင်းနှင့်သည်ဘက်ထိပ်တို့၌ ကိုင်မ,စရာပါ ထွင်းထားသည်။ ခေါင်းအဖုံးလည်း

www.burmeseclassic.com



ပါသည်။ ရွှေပွဲလာပရိသတ်တိုင်း အံ့သြငေးမောကြည့်ကြရသော ပြကွက် ဖြစ်ပါ၏။ ယခု စာရေးနေစဉ် စဉ်းစားမိသည်မှာ ကျွတ်တစ္ဆေတို့ သေလျှင် သုံးသော ခေါင်းဖြစ်နိုင်ပါသလား။ ရှေးရှေးတောတွင်းနေ လူမျိုးစုငယ် တစ်စုတို့၏ အသုဘ အတွက် အသုံးပြုခဲ့သော ခေါင်းများ မဖြစ်နိုင်ဘူးလား။ ကျွန်တော် ဉာဏ်မမီ၍ဘဲ ဖြစ်မည်။ တိကျသောအဖြေသည် ကျွန်တော့် ဦးနှောက်ထဲက ထွက်ပေါ်မလာပါ။ ထူးဆန်းသည်က ကျွတ်ခေါင်းတို့၌ ဘာအရိုးစုမျှ မကြွင်းကျန်ရစ်ခဲ့ခြင်းပါ။

## ကျွတ်ဒင်္ဂါး

စစ်ကြိုခေတ်တုန်းက ငွေဒင်္ဂါးများကို အသုံးပြုခဲ့ကြကြောင်း စာဖတ်ပရိသတ်အပေါင်းတို့ သိရှိပြီး ဖြစ်ပါသည်။ ကျွန်တော် ဆိုလိုသော ကျွတ်ဒင်္ဂါးမှာ ကျွတ်တစ္ဆေများ အသုံးပြုသော ငွေဒင်္ဂါး ဖြစ်၏။ ကျွတ် တစ္ဆေများက လူတွေလိုပဲ ငွေဒင်္ဂါးသုံးသလားဟု သိလိုကြပေလိမ့်မည်။ လူယောင် ဖန်ဆင်းတတ်သော ကျွတ်တစ္ဆေတို့သည် လူ့အသုံးအဆောင် အားလုံးတို့ကို ဖန်ဆင်းအသုံးပြုတတ်သောကြောင့် လူတို့ ပစ္စည်းဝယ်ခြမ်း ရာ၌ တန်ဖိုးဖြတ်သုံးစွဲသော ငွေဒင်္ဂါးများကိုလည်း ကျွတ်တို့ အသုံးပြု တတ်ကြပါသည်ဟု ကျွန်တော် ကြားဖူးသလို ပြောပြပါဦးမည်။

နှစ်စဉ် တပေါင်းလ၌ စည်ကားစွာ ကျင်းပသော ပင်းတယ ရွှေဉမင် ဘုရားပွဲသည် ယခုခေတ်မှ ဂဇက်တစ်ပြန်တမ်းဝင် ဘုရားပွဲ ဖြစ်သည် မဟုတ်။ ရှေးရှေးခေတ် အဆက်ဆက်ကပင် နှစ်စဉ် ကျင်းပမြဲ တပေါင်း ဘုရားပွဲကြီး ဖြစ်ပါသည်။ ရှမ်းပြည်နယ်တကြောရှိ အရပ်ရပ်အနယ်နယ်မှ ဘုရားဖူးလာကြရင်း စျေးရောင်းစျေးဝယ် ဘုရားပွဲတော်ကြီး ဖြစ်ခဲ့၏။ ဘုရားပွဲလာ ပရိသတ် စည်ကားပုံမှာ ကြက်ပျံမကျမို့ အစားအသောက် မုန့်ပဲသွားရည်စာရောင်းသူတို့ လက်မလည်အောင်၊ ငွေသိမ်း၍ မနိုင်အောင် ရောင်းကောင်းကြပါသည်။ လူတွေအကြားမှာ ကျွတ်တစ္ဆေများလည်း ပွဲတော်ကို နွဲပျော်ကြလေ့ ရှိတတ်ပါသတဲ့၊ လူတွေပျော်သလို၊ သူတို့လည်း

www.burmeseclassic.com



တစ်နှစ် တစ်ခါ ပျော်ချင်၍ ဖြစ်ပေမည်။ လူတွေ ဝယ်စားသော အမဲချဉ် ဝက်သားချဉ်တို့ကို သူတို့ သိပ်ကြိုက်ပါ၏။ ဘာနှင့်ဝယ်မည်နည်း။ ငွေဒင်္ဂါး ခန်ဆင်း၍ ဝယ်သည်။

ငွေအတုနှင့် အစစ် မည်ကဲ့သို့ ခွဲခြားသိနိုင်ပါမည်နည်း။ ဒင်္ဂါး အ,မအ (အတုဟုတ်မဟုတ်) ချင်ခနဲမြည်အောင် တောက်ကြည့်၍ ဖြစ်သည်မဟုတ်။ စိတ်ပျက်စရာမလို။ အကြောင်းသိသူတို့က စိတ်မပူပါ။ သူ့နည်းသူ့ဟန် ရှိပြီးသားမို့ပါ။ ညောင်ပင်ရိပ်အောက်ရှိ အစားအသောက် ရောင်းသော ဆိုင်တန်းတွင် မှိုင်းတလူလူ ရေနံဆီမီးခွက် မှိတ်တုတ် မှိတ်တုတ်နှင့် အရောင်းကျပြီဆိုလျှင် ကျတ်တစ္ဆေတို့ ရောပါလာတတ်၏။ ကျတ်တစ္ဆေတို့သည် ဘယ်သောအခါမှ ထင်ထင်မြင်မြင် နေ့အချိန်၌ လာတတ်လေ့ မရှိကြပါတဲ့။ သူတို့အတွက် အချိန်ကောင်းအခါကောင်းမှာ အကာလညအခါ ဖြစ်၏။ ဆီမီးခွက်ဘေးတွင် ရေအင်တုံတစ်ခုကို ဈေးသည်တို့ ချထားရမြဲမို့ ရလာသော ငွေဒင်္ဂါးကို ရေအင်တုံထဲ ပစ်ထည့် လိုက်ပါသည်။

ငွေဒင်္ဂါးအစစ်ဆိုပါက ရေထဲ နစ်ဝင်သွားတော့သည်။ ကျတ်ဒင်္ဂါး ဖြစ်နေပါက ရေနှင့်ထိသည်နှင့် တစ်ပြိုင်နက်၊ ငွေဒင်္ဂါးအဖြစ်မှ သစ်ရွက်ခြောက်အဖြစ်သို့ ချက်ချင်း ပြောင်းလဲသွားကာ ရေပေါ်မှာ ပေါလောပေါ်နေတော့၏။ ထိုအချိန်၌ ကျတ်တစ္ဆေမှာ အမဲချဉ်ထုပ်၊ ဝက်သားချဉ်ထုပ်တို့ကို ယူဆောင်ပြီး ပျောက်ကွယ်သွားခဲ့လေပြီ၊ ဈေးသည် မှာ ရီးနေပြီ။ အလှူပြုလိုက်သည်ပဲ သဘောပေါက်လိုက်တော့၏။ ကြောက်လည်း ကြောက်မနေတော့ပါတဲ့။ အကယ်၍ ရေအင်တုံဖြင့် စစ်ဆေးအားလျှင် ငွေသေတ္တာထဲ ပစ်ထည့်ထားလိုက်သည်၊ ဈေးအရောင်း သိမ်း၍ ငွေကို စစ်ဆေးသောအခါ သစ်ရွက်များ ရောနေတတ်၏။ ထိုသစ်ရွက်များတို့သည် ကျတ်တစ္ဆေတို့ လာဝယ်စဉ်က ငွေဒင်္ဂါးအဖြစ် ခန်ဆင်းပေးခဲ့သော ငွေဒင်္ဂါးအတု ကျတ်ဒင်္ဂါးများ ဖြစ်ကြောင်း ဈေးသည် တိုင်း သိကြ၏။ လူပြောသူပြောများသည့် အကြောင်းအရာတစ်ခုပါ။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်မဟုတ်တော့ ကျွန်တော့် ကိုယ်တွေ့ မရှိခဲ့ဖူး၍ ဘာမှ မှတ်ချက် မပြုနိုင်ပါ။ စာဖတ်သူတို့သာ ချင့်ချိန်ပြီး ယုံကြည်ကြပါလို့သာ ဆိုပါရစေ။

## ကျတ်ရွာ

သတ္တဝါတို့သည် မျိုးတူရာတူရာ အုပ်စုဖွဲ့၍ နေတတ်မြဲ ဓမ္မတာ ဖြစ်၏။ တိရစ္ဆာန်တို့သည်လည်း တိရစ္ဆာန်တို့အလျောက်၊ လူတို့သည်လည်း လူတို့အလျောက်၊ နတ်တို့သည်လည်း နတ်တို့အလျောက်၊ မျိုးတူချင်းချင်း ဝါသနာတူချင်းချင်း၊ သူ့အဆင့်အတန်းနှင့်သူ စုပေါင်းနေထိုင်တတ် ကြပါသည်၊ လူ့လောက၌ ကြည့်လိုက် မည်ဆိုလျှင် ဘာသာရေး သာသနာ ရေး၊ ကုသိုလ်ရေး၌ ဝါသနာထုံသူတို့သည် ဓမ္မမိတ်ဆွေအချင်းချင်း ပေါင်းဖက်မိကြသည်။ ထိုနည်း တူစွာ အရက်သမား အချင်းချင်း၊ ဖဲသမား အချင်းချင်း၊ လောင်းကစားသမား အချင်းချင်း၊ သူခိုးဓားပြ သူပုန်သူကန် အချင်းချင်းတို့ ပေါင်းစုမိကြသလို၊ အတီးအမှုတ် အဆိုအက ဇာတ်သဘင် အနုပညာရှင်များ အချင်းချင်း၊ ပန်းချီ ပန်းပု ကာတွန်း စာနုစာယဉ် ကလောင်ရှင် အသီးသီးတို့ အချင်းချင်း၊ ပြေးခုန်ပစ် ရေကူး ဘောလုံး စသော အားကစားသမားများ အချင်းချင်းတို့သည် အုပ်စုဖွဲ့မိကြတော့၏။ ထို့ကြောင့် "သူတော်ချင်းချင်း သတင်း လွေ့လွေ့ ပေါင်းဖက်တွေ့"ဟူသော ဆိုရိုးစကား ဖြစ်ပေါ်လာရခြင်း ဖြစ်ပါသည်။

ပရလောကသား အချင်းချင်းတို့သည်လည်း မျိုးတူရာ အုပ်စုဖွဲ့၍ နေထိုင်တတ်ကြသော ကျတ်တစ္ဆေတို့သည်လည်း တစ်စုတစ်ဝေးကြီး ရှာတည်ပြီး နေထိုင်ကြဟန် တူပါသည်။ အဘယ်ကြောင့်ဆိုသော် မျက်စိလည်လမ်းမှားပြီး ကျတ်ရွာသို့ တစ်ခါတစ်ခေါက် ရောက်သွား ခဲ့ဖူးသောသူတို့၏ ပြန်ပြောပြသော ဇာတ်လမ်းများစွာ ကြားနာမှတ်သား၍ ဖြစ်၏။ နားထောင်သူ ဝါသနာရှင်တို့ စိတ်ဝင်စားအောင် ကြံဖန်ဖန်တီး လုပ်ပြောသော ဇာတ်လမ်းများ မဟုတ်သည်ကတော့ သေချာပါသည်။ ကြုံတွေ့ခဲ့ရဖူးသူတိုင်း အံ့သြရုံမျှမက အထိတ်တလန့် ဖြစ်ကြရကာ၊ အချို့

www.burmeseclassic.com



များနာကြသည်။ အချို့ လိပ်ပြာငယ်သူတို့ အသက်အန္တရာယ် ကျရောက်သည်အထိ ဖြစ်ခဲ့ဖူးသောကြောင့် ဖြစ်၏။ ကျွန်တော့်ဘကြီးတစ်ဦး စစ်အတွင်း ခေတ်ပျက်ကြီး၌ ရောက်သွားခဲ့ပြီး တစ်ညတာ အိပ်စက်ခဲ့ဖူးသော ကျုတ်ရွာအကြောင်းကို မှတ်မိသရွေ့ ပြန်လည် ဖောက်သည်ချပါဦးမည်။

ဂျပန်ခေတ်ဆိုသည်ကား လုပ်ရဲကိုင်ရဲ ရှာဖွေစွန့်စားရဲလျှင် ခေတ်ပျက်သူဌေး ဖြစ်နိုင်ပါသည်။ "ထောင်မလဲ သဲကော်" အဆိုရှိသည့် ကိုရွှေဂျပန်တို့ စိတ်တိုင်းကျ ရိုက်ထုတ်သုံးစွဲခဲ့သော ဂျပန် ငွေစက္ကူ အသစ်ကျပ်ချွတ် အုပ်လိုက်တို့ကို ဂုံနီအိတ်များနှင့် ထည့်ထားကြရသည်ဟု ဆို၏။ ငှက်ပျောသီးတစ်ဖီးကိုပင်လျှင် ဂျပန်ငွေ ငါးထောင်ခြောက်ထောင် ဈေးနှင့် အရောင်းအဝယ် ဖြစ်ကြသည်မို့ ငွေကြေးမည်မျှ ဖောင်းပွနေမည်ကို မှန်းဆကြည့်ကြပါတော့။ ဘကြီးက လူပါးမို့ ဉာဏ်များ၏။ ဂျပန်ငွေစက္ကူကို စိတ်မချ၍ ဘယ်တော့မှ လက်ထဲ၌ များများစားစား မထားပါ။ သိမ်းဆည်းသယ်ဆောင်လို့ လွယ်ကူသော စိန်ရွှေများအဖြစ် ပြောင်းလဲထားလေ့ရှိ၏။ ခေတ်ပျက်ကြီးထဲ၌ ထည်ကြီးပျက်တို့ ဝမ်းစာအတွက် ထုတ်ရောင်းကြရသေ အတွင်းပစ္စည်းလေးများကို အလွယ်တကူ ဝယ်ယူရရှိနိုင်ခြင်းက ဘကြီးအတွက် ပိုပြီး အဆင်ပြေနေလေတော့၏။

တစ်ခုသော လမိုက်ညမှာ ဖြစ်သည်။ လဆုတ်ရက်ပိုင်းမို့ လရောင်ကို အားမကိုးနိုင်သည့်အထဲ တိမ်မည်းညိုတို့ ကြီးစိုးနေသောကြောင့် ကြယ်ရောင်သော်မှ မလင်းလက်နိုင်သောည ဖြစ်၏။ ရည်ရွယ်ရင်း ရွာသို့ အရောက်သွားရန် အချိန်က လင့်နေပြီ။ ကိစ္စကလည်း အရေးတကြီးမို့ ရွာအရောက် မသွားလျှင် မဖြစ်သဖြင့် အဖော်မပါ တစ်ကိုယ်တည်း တောလမ်းခရီးကို ကြောက်ကြောက်ရွံ့ရွံ့ နှင့်ပင် ခပ်သွက်သွက် ဆက်လက်သုတ်ခြေတင်ခဲ့လေတော့သည်။ တောအုပ်ထဲ ဝင်ရောက်၍ ကွမ်းတစ်ရာ ညက်မျှလောက်သာ ကြာသေး၏။ ဟိုး ... ခပ်ဝေးဝေးမှ ဇာတ်ပွဲသံများ သဲ့သဲ့မျှ ကြားရလေတော့၏။ အတော်အံ့သြသွား၏။ ခေတ်ပျက် ကာလအတွင်း ကာလကြီးထဲမှာ ဇာတ်ပွဲဆိုသည်မှာ ဤပတ်ဝန်းကျင်အရပ်၌ ဖြစ်နိုင်

www.burmeseclassic.com

www.burmeseclassic.com



ခဲလွန်းသော ကိစ္စပါပေ။ ပြီးတော့ ဤတောလမ်းခရီးအတွင်း၌ ဇာတ်ပွဲဖြစ်ကြရအောင် လူနေရွာသိမ်ရွာသေးသော်မှ မရှိကြောင်း ကောင်းကောင်းကြီး သိထားပြီးသားပါ။

အတန်ငယ် ဆက်လျှောက်မိသောအခါ မီးရောင် ထိန်ထိန်လင်းလျက် ပွဲခင်းကြီးနှင့် စည်ကားနေသော ရွာကြီးတစ်ရွာကို လှမ်းမြင်ရပါပြီ။ ဘာရွာပါလိမ့်။ မိမိပဲ မျက်စိလည် လမ်းမှားလာခဲ့ပြီလား။ မဟုတ်သေးပါဘူး။ ဤပတ်ဝန်းကျင်၌ ဤလိုရွာမျိုး ရှေးက မရှိခဲ့ပါ။ ကြားလည်း မကြားဖူး၊ မြင်လည်း မမြင်ဖူးခဲ့ပါ။ သို့နှင့် ရွာအဝင်၌ ရှိသော သစ်သားနှစ်ထပ်အိမ်ကြီးရှေ့အရောက်၊ အိမ်ရှေ့ပန်းခြံ၌ အရန်သင့်ရှိနေသော ဘီးဆံပတ်ကြီးနှင့် အဒေါ်အရွယ် မိန်းမကြီးတစ်ဦးအား မြင်မိ၍ "ဒေါ်ဒေါ်၊ ဒါ ဘာရွာလဲ ခင်ဗျာ" ဟု မေးမြန်းမိပါတော့သည်။

## ပြီတ္တာခုံမှာတစ်ညတာ

"မောင်ရင်က ခရီးသွားမှတ်တယ်။ တစ်ဦးတည်းလားကွယ့်၊ အိမ်ထဲဝင်ပါ။ တည်းခိုနားနေနိုင်ပါတယ်။ ဒေါ်ဒေါ်တို့ ကျွေးချင် မွေးချင် ဧည့်ဝတ်ပြုချင်ပါတယ်။ ဧည့်မျှော်နေတာကွယ့်"ဟု ခင်မင် ရင်းနှီးစွာ ချိုသာပျူငှာ ဖိတ်ခေါ်ပါတော့သည်။ ဘကြီးလည်း အညှို့ခံရသူကဲ့သို့ အိမ်ကြီးရခိုင်တွင်းသို့ ဝင်ရောက်သွားမိ၏။ ပွတ်လုံးကျွန်းတိုင်များ စီရီနေသည့် လှေကားမှ တရွေ့ရွေ့ ရယ်ရယ်ပြုံးပြုံး ဆင်းလာသော လှလွန်းဆွေ မိန်းမချောလေးကို တွေ့လိုက်ရရာ မှင်တက်မိနေတော့၏။ ဤလို တောခေါင်ခေါင်အရပ်မှာ ရုပ်ရှင်မင်းသမီး မေရှင်ကဲ့သို့ ခန့်ညားချောမောလွန်းသူ ပျိုကညာ ရှိနိုင်ပါမည်လော။

"ထိုင်ပါ နားပါ မောင်ရယ်၊ ဒါ ဒေါ်ဒေါ့်တစ်ဦးတည်း သမီးပါ။ မြစန္ဒာတဲ့၊ ဒေါ်ဒေါ်က ဒေါ်မိုးသူပါ။ သမီးရေ မင့်မောင်ကြီးအတွက် ဧည့်ခံဖို့ အမြန်ပြင်ဆင်ပေးတော့လို့ အပုလေးကို ပြောလိုက်ပါကွယ်"

အပုလေးဆိုသည်မှာ အိမ်ဖော်မလေး ဖြစ်၏။ ခုံရှစ်ဝိုင်းလေးကြောင့် ဆယ်ကျော်သက်ဟု ခန့်မှန်းနိုင်၏။ သွက်သွက်လက်လက် ဖင်

www.burmeseclassic.com

www.burmeseclassic.com



ပြင်ဆင်လိုက်ဟန် တူသည်။ ချက်ချင်းဆိုသလို ထမင်းစားခန်းတွင်းသို့ ဖိတ်ခေါ်သောကြောင့် ဘကြီးတစ်ယောက် လိုက်ပါသွားရသည်။ ကျွန်း စားပွဲဝိုင်းကြီးပေါ်၌ အငွေ့တထောင်းထောင်းနှင့် ဟင်းအမယ်မျိုး ပေါင်းစုံ နေအောင် ဖွယ်ဖွယ်ရာရာ ပြင်ဆင်ထား၏။ သုံးဦးသား ထမင်းလက်ဆုံ စားကြရသည်မှာ မြိန်လိုက်သည့်ဖြစ်ခြင်း၊ ခရီးကလည်းပန်း၊ ဆာကလည်း ဆာလှပြီလေ။ အနံ့အရသာ အရောင်အဆင်းနှင့် ပြည့်စုံလှသော ဟင်းခွက်ဆယ်ခွက်ကျော်တို့ထက် မျက်နှာချင်းဆိုင် ထိုင်စားနေသော ရွှန်းလက်တောက်ပသည့် သမင်မညို့အား မျက်လုံးအစုံပိုင်ရှင်၏ ဝင်းပ ချိုပြုံးသော မျက်နှာက အချိုမြိန်ဆုံးသော ဟင်းလျာတစ်ခွက် ဖြစ်နေတော့ သည်ကို။

ထမင်းစားသောက်ပြီးသောအခါ ရေနွေးကြမ်း၊ လက်ဖက်အုပ် တို့နှင့်အတူ အချိုအချဉ် ယိုမျိုးစုံတို့ကို ဆက်လက်ပြီး အချိုတဲရန် ညှော်ခံပြန်ပါသည်။ ဘကြီးအကြောင်းကိုသာ တွင်တွင်မေးနေခဲ့၏။ သူတို့ အကြောင်းကိုမူ မေးလိုက်တိုင်း ရှောင်လွှဲ၍ အခြားစကားကိုသာ ပြောဆို ကြသည်။ ထူးဆန်းသည်မှာ အိမ်ကြီးတွင် မိန်းမသားသုံးဦးသာ တွေ့ရခြင်းကိုပါ။ ပွဲခင်းလည်ဦးမည်လား၊ ဇာတ်ပွဲကြည့်ဦးမည်လားဟု မေးသေးသော်လည်း ခရီးလည်းပန်းခဲ့ပြီ။ ဝမ်းဗိုက်ပြည့်ကားကာ ထမင်းအဆိပ်တက် အဆီရစ် ငိုက်မြည်းလာပြီ ဖြစ်သောကြောင့် နားလို ပါပြီဟု ဖြေလိုက်မိသည်။ အိပ်ခန်းတွင်းသို့ လိုက်ပို့၏။ ကြေးခုတင်ကြီး၌ ပြင်ဆင်ထားသော အိပ်ရာကြီးမှာ မင်းစိုးရာဇာ အသုံးအဆောင်များနှယ် ခမ်းနားထည်ဝါလွန်းနေ၏။ တက်အိပ်ရန်ပင် အားနာစရာပါ။ တစ်သက်နှင့် တစ်ကိုယ် မအိပ်ဖူးသည့် အိစက်ညက်ညော သော ပန်းခင်းသော ဖဲမွေ့ယာပေါ် တက်လှဲလိုက်သည်နှင့် နှစ်နှစ်ခြိုက်ခြိုက်ကြီး တုံးခနဲ အိပ်ပျော်သွား ခဲ့ပါတော့သည်။

ကျောတွေ ခေါင်းတွေ တောင့်တင်းနာကျင်၍ နိုးလာသောအခါ နေအတော်မြင့်နေပေပြီ။ ညက အိပ်စက်ခဲ့သော ကြေးခုတင်ကြီးပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တော့။ ကျောက်စရစ်တွေ ပြုတ်ထနေသည့် မြေပြင်ကမ္ဘလာ မြေမွေ့ရာပေါ်၌ ဖြစ်နေကြောင်း အံ့သြဖွယ် တွေ့ ရ၏။ အိမ်ကြီးရှိုင်နှင့် အမျိုးသမီးသုံးဦးတို့ ကြက်ပျောက်ငှက်ပျောက် ကွယ်ပျောက်သွားခဲ့ပြီ ဖြစ်သလို၊ ဘာရှာဘာပွဲခင်းကြီးမှ မရှိဘဲ၊ တောလယ်၌ တစ်ကိုယ်တည်း ဖြစ်နေပါတော့၏။ "ဒီလိုအိမ်ကြီးမှာ ဒီလို အပြုအစု အယုအယမျိုး နဲ့တော့ကွာ၊ တစ်သက်လုံး နေနိုင်ပါတယ်"ဟု အိပ်မပျော်မီညက တွေးခဲ့သော စိတ်ကူးယဉ်စရာတို့သည် မှော်ပညာပျက်ပြယ်၍ သွားသည့် အလား ဘာမျှ အရိပ်အယောင် မကျန်ရှိတော့ပေ။ ပို၍ဆိုးသည်က အံ့သြရင်း တွေးရင်း ညက ရှာနာမည်မေးခဲ့စဉ် မဖြေကြားခဲ့သည်ကို သတိရလာပြီး ကြောက်ရွံ့တုန်လှုပ်လာတော့၏။ ခေါင်းနားပန်း ကြီးလာတော့၏။ ကြက်သီးဖျဉ်းဖျဉ်း ထလာတော့၏။ အကြောင်းမှာ ကျတ်ရှာနှင့် တွေ့ခဲ့သည် ဖြစ်မည်ဟု စဉ်းစားမိသောကြောင့်တည်း။

## ကျတ်ဆိုသည်မျိုးကား

အထက်တစ်နေရာတွင် ကျွန်တော် တင်ပြခဲ့သလို ကျတ်တစ္ဆေ ကို မဟာဒ္ဒိကပြိတ္တာအမျိုးအစားထဲ ထည့်သွင်းနိုင်မည်ဆိုပါက ကျွန်တော့် ဘကြီးသည် ပြိတ္တာဘုံမှာ တစ်ညတာ ကုန်လွန်ခဲ့ခြင်း ဖြစ်မည်။ နေ့စံညခံ ခုနစ်ရက်စံ၊ ခုနစ်ရက်ခံ စသော အသူရကာယ်ဘုံကဲ့သို့ ညတုန်းက နတ်ဘုံနတ်နန်းတမျှဟု မဆိုနိုင်သော်လည်း လူ့ဘူဇာ သူဌေးကြီးတို့၏ စည်းစိမ်ချမ်းသာကျော်လွန်အောင် တွေ့ကြုံခံစားခဲ့ရခြင်းသည် ဘကြီး၌ ကောင်းမှု ကုသိုလ်တစ်ခုခု၏ အကျိုးပေးလော၊ မကောင်းမှုအကုသိုလ်ကံ တစ်ခုခု၏ အကျိုးပေးလောဟု စဉ်းစားစရာ ဖြစ်၏။ ကောင်းဆိုးနှစ်ထွေ ရောယှက်နေသော အဖြူအမည်းတွဲလျက်ရှိသော အကျိုးပေးမျိုးများ ဖြစ်နေလေရော့သလားဟုလည်း ကျွန်တော် တွေးမိပါသည်။ ဘကြီးမှာ လူမမီ နတ်မမှီ စကောစကစည်းစိမ်မျိုးကို တစ်ညတာ ခံစားလာပြီးနောက် အပြင်းဖျားရာ ဆယ်ရက်ခန့် ကြာမြင့်ခဲ့သည်။ ကံကောင်း၍ မသေခြင်းပါဟု ပြောပြခြင်းကို ကြားနာခဲ့ရဖူး၍ ဖြစ်ပါသည်။ ကျတ်ရှာအား တွေ့အကြုံကြောင်း

www.burmeseclassic.com

www.burmeseclassic.com



အကြီးတစ်ယောက် သာသနာရေး ဘာသာရေးဘက် အလေးအနက်ထား လိုက်စားလာသည်ကတော့ အမြတ်ဟု ဆိုရပါလိမ့်မည်။

ကျွန်တော့်အကြီး တွေ့ကြုံရသကဲ့သို့ ရွာတည်နေသော ကျတ်တစ္ဆေ အမြောက်အမြားတို့ကို တစ်နေရာတည်း၌ တွေ့မြင် ကြုံဆုံရဖူးသူတို့ ရှိကြသလို၊ ကျတ်တစ္ဆေ တစ်ကောင်တည်းနှင့် တိုးခဲ့ကြရသူတွေလည်း ရှိကြပါသေးသည်။ သာဓကအားဖြင့် ကျွန်တော့်မိတ်ဆွေတစ်ဦးဖြစ်သူ ကိုရင်မောင်တူ အခြောက်ခံခဲ့ရပုံဖြင့် သိရှိနိုင်၏။ ကိုရင်မောင်တူဟု အမည်ရနေသော်လည်း လူဝတ်နှင့် ဖြစ်ပါသည်။ တောင်ကြီးမြို့၏ အရှေ့မြောက်အစွန်ဆုံးရှိ ဘုရားဖြူရွာတွင် နေထိုင်ပါသည်။ လမိုက်ည တစ်ညတွင် ရွာတွင်းရှိ သူငယ်ချင်းတစ်ယောက် အိမ်သို့ သွားလည်ရာမှ အပြန် လမ်းခရီးရှိ ကြီးမားလှသော ထောပတ်သီးပင်အောက်အရောက် တွင် သူ့ခေါင်းနားပန်း ကြီးလာတော့သည် ဆို၏။ ပုံမှန်အားဖြင့် သူသည် ကြောက်တတ်သောသူ မဟုတ်၊ အရက်ကလေးတမြမြနှင့် ရွာရိုးကိုးပေါက် လျှောက်လည်နေတတ်သူ ဖြစ်သည်။ အဖော်မလို၊ အချိန်အခါမဲ့ကိုလည်း မမှု၊ တစ္ဆေသရဲကို မဆိုထားဘိ၊ တောတွင်းလူဆိုးသူခိုးများကိုသော်မှ ကြောက်တတ်သည် မဟုတ်ပါ။

ချွတ်၊ ချွတ်၊ ချွတ် ဟူသော ခြေသံနင်းသံနှင့်အတူ တစ်စုံ တစ်ယောက် သူ့နောက်သို့ လိုက်နေသည်ဟု အတပ်စွဲထင်မိ၍ နောက် လှည့်ကြည့်၏။ ဘာမှ မတွေ့ရပါ။ မှောင်နေ၍သောကြောင့်လားဟု ဆေးပေါ့လိပ်မီးကို ရဲနေအောင် ဖွာကြည့်၏။ လှုပ်လှုပ်ဆိုတာ မမြင်ရ၊ လေကလည်း ငြိမ်သက်နေ၍ သစ်ရွက်လေးများတောင် မလှုပ်ကြပါ။ စိတ်ထဲက မကျေနပ်နိုင်ပါ။ ဒါကြောင့် မီးခြစ်ကို ခြစ်ကြည့်သည်။ သက်ရှိ သတ္တဝါရယ်လို့ တစ်ကောင်တစ်မြီးမျှ မရှိ၊ ဗလာနတ္ထိ။

စိတ်ထင်လို့များလားဟု ယူဆမိပြီး ဆက်လျှောက်ပါသည်၊ မကြာပါ။ ချွတ်ချွတ်ရှပ်ရှပ် ခြေသံလိုလို အသံဗလံ ကြားရပြန်၏။ ရော်-ဆက်ပြီ။ နောက်သို့ ပြန်လှည့်ကြည့်၏။ ဘာမှမရှိ၊ ဆက်လျှောက်၏။ ဟော့ ... ဟော့

www.burmeseclassic.com

www.burmeseclassic.com



အသံပြု၏။ ထပ်မံလှည့်ကြည့်မိသောအခါ အရပ်လေးပေခန့်ရှိမည် မည်းမည်းပုပုကွကွ မျက်လုံး တောက်တောက်နှင့် လူတစ်ယောက် တွေ့၏။ တစ်ရွာလုံးရှိ အိမ်တိုင်းစေ့ လူကုန်ဟူသမျှ သူ သေသေချာချာ သိ၏။ ဒီလို လူစားမျိုး ဒီတစ်ခါပဲ တွေ့ဖူးသည်။ တစ်ရပ်တစ်ကျေးကများလား။ အချိန်မတော်ကြီးမှာ ဘာကိစ္စပါလိမ့်ဟု အပြေးအလွှား တွေးရင်း "ဘယ်သူလဲကွ"ဟု အော်မေးလိုက်၏။ အလား ...လား။ မျက်စိအောက် မှာပင် ယုကောင် တဖြည်းဖြည်း သေးသေးသွားပြီးနောက် ရုတ်တရက် ပျောက်ကွယ်သွား၏။ ကိုရင်မောင်တူတစ်ယောက် သတ္တိတွေ ဘယ်လွင့်စဉ်ပျောက်ကုန်ပြီမသိ။ ခေါင်းနားပန်းကြီးရုံ၊ ကြက်သီးထရုံ မဟုတ်တော့။ မေးတဆတ်ဆတ် တုန်လာချေပြီ။

မယုံကြည်သည့်စိတ်၊ စူးစမ်းလေ့လာလိုစိတ်တို့က တွန်းအား ပေးသောကြောင့် ထိုသတ္တဝါ ရပ်ရင်းက ပျောက်ကွယ်သွားသည့် နေရာကို မီးခြစ်မီးဖြင့် သွားကြည့်၏။ ပုတ်သင်ညို အသေကောင် တစ်ကောင်ကို တွေ့ရ၏။ ထိုသောအခါမှ "သြော် ... ငါ ကျတ်တစ္ဆေ အခြောက်ခံရ တာကိုး"ဟု သဘောပေါက်ကာ အိမ်သို့ အမြန် ပြေးပြန်ခဲ့တော့သည် ဟူသတတ်။ ကျတ်တစ္ဆေဟု မည်သို့ သိပါသနည်း။ ကျတ်တို့မည်သည် အကောင်အထည် ဖန်ဆင်းပြလိုသော် ပုတ်သင်ညို၊ အိမ်မြှောင် ကင်းခြေများ စသည့် အသေကောင် တစ်စုံတစ်ခုကို မှီပြီးမှ ဖန်ဆင်းပြ တတ်သည်ဟု ကြားဖူးနားဝ ရှိထားသောကြောင့် ကိုရင်မောင်တူ ရိပ်စား မိခြင်းပါတဲ့။ တကယ် ခြောက်တာပဲဖြစ်ဖြစ်၊ မတော်တဆ တိုက်ဆိုင်မှုပဲ ဖြစ်ဖြစ်၊ ကိုရင်မောင်တူတစ်ယောက် နောင်သောအခါ အချိန်မဲ့ ရွာရိုးကိုးပေါက် လျှောက်မလည်ဝံ့တော့ပါဟူသတည်း။

## လူများလူနိုင်

ကဲ-ကျတ်တစ္ဆေအကြောင်း ကျွန်တော် ကြားသိဖူးသမျှ၊ မှတ်သား မိခဲ့သမျှတို့ကို စီကာပတ်ကုံး ရေးသားတင်ပြလိုက်သည်မှာ တွေပြား ရှည်လျားသွားခဲ့ရပါပြီ။ သူ့ အရေးအဖွဲ့ကောင်းတိုင်း ရေးလိုက်သမျှတွေကို

www.burmeseclassic.com

www.burmeseclassic.com



ခတ်မိပါတယ်။ တစ္ဆေမယုံကြည်ရာကနေ ယုံချင်ချင်တောင် ဖြစ်လာပြီ ဟုဆိုဆို၊ အလကားပေါက်ကရတွေ လျှောက်ရေးနေတာပါပဲဟု အပြစ် ပြောပြော၊ စပ်မိစပ်ရာ ပြောဆိုကြရင်း ကျတ်တစ္ဆေအကြောင်းအရာ ဆက်နွယ်သွားလျှင်၊ ကျွန်တော် တင်ပြခဲ့သော ဇာတ်လမ်းမျိုးနှင့် ဆင်ဆင် တူသော ပါးစပ်ဖျားက မှတ်တမ်းများကို ကျွန်တော်ကဲ့သို့ ကြားနာဖူးသူ တို့ အများကြီး ရှိကြပါသည်။ စာတစ်စောင် ပေတစ်ဖွဲ့ မှတ်တမ်းတင် ထည့်သူ များများစားစား မရှိသောကြောင့် ကျွန်တော့်ကလောင်နာမည် သိက္ခာအကျခံပြီး ထိုကွက်လပ်ကလေးကို ကျွန်တော် မိုက်မိုက်ကန်းကန်း ဖြည့်လိုက်ပါသည်။

ပြောပြသော သူတို့ကို လေ့လာကြည့်သောအခါ နားထောင် ကောင်းအောင် ချဲ့ထွင်ဖြည့်စွက်ပြီး ပြောခြင်းမျိုး မဟုတ်ဘဲ၊ ကြုံတောင့် ကြုံခဲ ဆန်းပြားစွာ တွေ့ကြုံရသည့် တစ်သက်တာ မမေ့နိုင်သော အကြောင်းအရာများကို အရင်းအတိုင်း ပြောပြခြင်းဖြစ်ကြောင်း ယုံကြည် နိုင်လောက်ပေသည်။ လူ့လောက၌ နာနာဘာဝ၊ ဝိနာဘာဝတို့နှင့် ကျွန်တော်တို့ ရောနှောနေထိုင်လျက် ရှိကြသော်လည်း တစ်ဦးကိုတစ်ဦး အထူးသဖြင့် လူတို့က ထိုထို မကောင်းဆိုးဝါးတို့ကို မတွေ့မမြင်နိုင် သောကြောင့် ကျွန်တော်တို့ မကြောက်ကြ၊ မယုံကြည်ကြခြင်း ဖြစ်ပါသည်။ ကိုရင်ဝတ်စဉ်တုန်းက သင်္ကန်းကို အရမ်းကာရော မရမ်းရဟု ဦးပဉ္စင်းကြီး က သတိပေးဆုံးမ၏။ အကြောင်းကို မေးကြည့်သောအခါ လူတို့နှင့် အတူ မမြင်စွမ်းနိုင်သော မကောင်းဆိုးဝါးတို့ ဆိုသည်မှာ မီးခြစ်ဆံ တစ်ချောင်းစာမျှသာ ကွာခြားလေရာ၊ သင်္ကန်းရမ်းလိုက်လျှင် မတော် တဆ သူတို့အား ထိမိစေနိုင်၏။ သင်္ကန်းနှင့် သူတို့ထိမိလျှင် သူတို့မှာ လောင်ဆင်းရဲရရှာသည်ဟု ဦးပဉ္စင်းကြီးက ရှင်းလင်းမိန့်ကြားတော် မူပါသည်။

မီးများမီးနိုင်၊ ရေများရေနိုင်ဟု ဆိုသောကြောင့်၊ လူများတော့ လူနိုင်ပါသည်။ တောင်ကြီးမြို့ ပတ်ဝန်းကျင်ရှိ သစ်တောများ ပြုန်းလျား သည်နှင့်အမျှ တောကောင်များလည်း တောရွှေ့ပြောင်းသွားကြဟန်

www.burmeseclassic.com

www.burmeseclassic.com



တူပါသည်။ ယခုအခါ ကျား၊ ကျားသစ်တို့ မရှိကြတော့ပေ၊ ထိုနည်းတူစွာ ကျတ်တစ္ဆေ ပြိတ္တာ အစရှိသော မကောင်း ဆိုးဝါး သတ္တဝါများတို့လည်း လူနေအိမ်ခြေ ထူထပ်လာခဲ့ပြီ ဖြစ်သောကြောင့် တောပြောင်းသွားကြဟန် တူ၏။ ထို့ကြောင့် ကျွန်တော်တွေ့မြင်ခဲ့ဖူးသော ကျတ်မီးဆိုသည့် အရာများကို ယခုအချိန်မှာ မတွေ့မြင်ကြရတော့သလို မိုင်းသောက်ဝန်းကျင်နှင့် ဘုရားဖြူရွာတို့၌လည်း ကျတ်တစ္ဆေဆိုသည်များကို ယခုအခါ တွေ့မြင် ကြရသည်ဟု ပြောသံ မကြားရတော့ပါ။ မယုံကြည်သူတို့က ယုံတမ်း စကားဟု ဆိုချင်ဆိုကြမည့် ကျွန်တော် တင်ပြခဲ့သော အထက်ပါ ပါးစပ် မှတ်တမ်းတို့သည် လွန်ခဲ့သော နှစ်အစိတ်၊ နှစ်သုံးဆယ်၊ နှစ်လေးဆယ် ကျော်ကာလက အဖြစ်အပျက်များဖြစ်ကြောင်းကို ရိုးသားစွာ ဝန်ခံရ ပေလိမ့်မည်။

ဆိုလိုရင်းအကျဉ်းချုပ်မှာ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန တွေ၊ အကုသိုလ်တွေ ပွားများကာ နေကြမည်၊ ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးနှင့် ကောင်းမှုကုသိုလ်ဖြစ်သော ဒါန၊ သီလ၊ ဘာဝနာ တွေကို မေ့လျော့ကာ ပေါ့ပေါ့တန်တန် နေသွားကြမည် ဆိုပါလျှင်၊ သေလွန် ပြီးသောအခါ တစ္ဆေပြိတ္တာများ ဖြစ်ကြရမည်မှာ မလွဲကေန်ဖြစ်ကြောင်း စေတနာကောင်းနှင့် သတိတရားကို ဖောင်းပေးတင်ပြရခြင်း ဖြစ်ပါ၏။ ပရလောကအကြောင်း အယုံအကြည်နည်းပါးသူတို့အား ကျမ်းကြီး ကျမ်းခိုင်များကို ဆက်လက် လေ့လာကြပါဦးဟု တိုက်တွန်း နှိုးဆော်လိုက် ရပါသတည်း။

✣✣✣✣✣

www.burmeseclassic.com

www.burmeseclassic.com

# ၄။ တစ္ဆေစုံလင် ယုံစေချင်

## ဘဝသံသရာ

ရှေ့လာမည့် အခန်း(၅) ခေါင်းစီး ဖြစ်သော "ဦးခေါင်းကို လာတောင်းလေသူအကြောင်း"ကို စာဖတ်သူတို့ တွေ့မြင်ဖတ်ရှုရသော အခါ "ဘယ်နှယ့်ကြီးပါလိမ့်"ဟု ဆန်းဆန်းပြားပြား တွေးတောမိကြပေလိမ့်မည်။ "ဘယ်သူ့ဦးခေါင်းကို လာတောင်းတာတုံး၊ တောင်းသူက ဘယ်သူတုံး၊ ဘယ်သူက ဘယ်လိုနည်းနဲ့ ယူသွားတာတုံး၊ ဘာကြောင့်ယူရတာတုံး၊ ပြန်ကောပေးသလား၊ ပြန်ကော ရသွားသလား၊ စသည်ဖြင့် "တုံး"ပေါင်းဆင့်ကာ "လား"ပေါင်းများစွာ မေးခွန်းများ ထပ်ဆင့်ထပ်ဆင့် မေးမြန်းလိုကြပေလိမ့်ဦးမည်။ အဖြေကို ပြောရလျှင် ယုံကောယုံကြည်ကြမှာလားဟု ကျွန်တော်က စာဖတ်ပရိသတ်တို့အား ပြန်မေးလိုပါသည်။ အခြားသူတို့ ယုံကြည်သည် မယုံကြည်ကို တစ်ပိုင်းတစ်ကဏ္ဍ ထား၍ ကျွန်တော် ဆေးကျောင်းသားဘဝက တွေ့ကြုံခဲ့ရဖူးသည့် အဖြစ်အပျက်ထူး တစ်ရပ်ကို မှတ်တမ်းတင်ထားလိုစိတ်ကြောင့် ဤဆောင်းပါးကို ရေးသားရပါကြောင်း ကနဦး ဝန်ခံထားပါရစေ။

လူတို့၏ သဘာဝသည် စွဲလမ်းတတ်ကြကုန်၏။ အဖိုးတန်သည် မတန်သည်နှင့် သိပ်မဆိုင်လှပါ။ စွဲလမ်းချင်သည့်အရာကို စွဲလမ်းတတ်သည့် သဘောသဘာဝမှာ ပုထုဇဉ်တို့၏ ဓလေ့တစ်ရပ် ဖြစ်ပေတော့သည်။ စွဲလမ်းမှုတဏှာကြောင့်ပင်လျှင် ကျွန်တော်တို့သည် ဘဝသစ်တွေ

www.burmeseclassic.com

www.burmeseclassic.com



အဖန်ဖန်အပြန်ပြန် ရှိနေခြင်း မဟုတ်ပါလော။ ဘဝသစ်တွေ အကြိမ်ကြိမ် အခါခါ အပြန်တစ်ရာမက ထောင်သောင်း သိန်းသန်း ဂဏန်းချ ရေတွက်၍ မရနိုင်လောက်အောင်ကို ဘဝတွေ အတန်တန် ဖြစ်ပျက်နေကြရ သောကြောင့်သာလျှင် ကျွန်တော်တို့ ဘဝသံသရာကြီးသည် ရှည်လျား ထွေပြားလွန်းရခြင်း ဖြစ်၏။ စွဲလမ်းမှုတဏှာကို ဖြတ်တောက်နိုင်လျှင် ဘဝသံသရာမှ လွတ်မြောက်မည်။ နိဗ္ဗာန်တည်းဟူသော အမြိုက်ချမ်းသာသို့ မျက်မှောက်ပြုနိုင်ကြမည်။ ဤသည်ကို မသိ၍မဟုတ်။ သိသိကြီးနှင့်ပင် ဝိတက်ကြမ္မာငင်ကြသောကြောင့် ကျွန်တော်တို့သည် သံသရာဝဋ်ဆင်းရဲကြီး နှင့် နှစ်ပါးသွားနေရခြင်း ဖြစ်ပေသတည်း။

ဘဝသံသရာဟု ဆိုမှတော့ လူဖြစ်လိုက်၊ ငရဲကျလိုက်၊ နတ်ပြည် ရောက်လိုက်၊ ပြိတ္တာဖြစ်လိုက်၊ ဗြဟ္မာဖြစ်လိုက်၊ ဝက်ဖြစ်လိုက်၊ အသူ ရကာယ်ဖြစ်လိုက်၊ မြွေဖြစ်လိုက်၊ ခွေးဖြစ်လိုက်၊ နောက်တော့ လူပြန် ဖြစ်လိုက်နှင့် ဘဝအမျိုးမျိုး ဘုံအထွေထွေ ငရဲအထပ်ထပ် တိရစ္ဆာန် အဖြာဖြာ၊ တစ္ဆေသရဲ ပြိတ္တာ အကြိမ်ကြိမ် ဖြစ်လိုက်ပျက်လိုက် သုံးဆယ့်တစ်ဘုံတည်းဟူသော သံသရာရေလျဉ်တကြောမှာ ကြာရှည် မျောနေကြရခြင်း ဖြစ်၏။ ဤသည်ကို "ဟောတရားတွေပါကွာ၊ မျက်စိနဲ့ တပ်အပ်သေချာမြင်နိုင်တာ မဟုတ်လို့ မယုံပါဘူး"ဟု ခေတ် လူငယ်တွေ လူလတ်တွေ မိုက်မိုက်မှားမှား ပြောကြားတတ်ကြသည်မို့ လူ့ဘဝမှ ကွယ်လွန်ပြီးနောက် မကျွတ်မလွတ်သော တစ္ဆေပြိတ္တာဘဝမှ နေ၍ ဦးခေါင်းကို အကြိမ်ကြိမ် လာတောင်းသည့် ဤဇာတ်လမ်းလေးကို ဖောက်သည်ချပြရန် စဉ်းစားလိုက်ခြင်း ဖြစ်ပါသည်။

## စွဲမိစွဲရာ

တစ္ဆေပြိတ္တာတည်းဟူသော နာနာဘာဝအဆင့်သို့ အဘယ်ကြောင့် ကျရောက်ရပါသနည်း။ တစ်ခုတည်းသော လိုရင်းတိုရှင်း အဖြေမှာ တစ်စုံတစ်ရာကို စွဲပြီးသေသောကြောင့် တစ္ဆေဖြစ်ရပါသည်ဟူသတည်း။ စွဲလမ်းသည်ဆိုရာ၌ ပစ္စည်းဥစ္စာ ဖြစ်ချင်ဖြစ်မည်။ သားမယားကို

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်ဖြစ်မည်။ မိမိယုံကြည်ချက် ဘာသာတရား အပေါ် သံသယဖြစ်သော စိတ်စွဲ ဖြစ်ချင်ဖြစ်မည်။ မိမိ ကျူးလွန်ပြစ်မှားမိခဲ့ဖူးသော အပြစ် တစ်စုံ တစ်ရာကို မတောင်းပန် မဖြေရှင်း ခဲ့ရလေခြင်းဟူသော နောင်တ စိတ်အစွဲမျိုးလည်း ဖြစ်ချင်ဖြစ်နေပေလိမ့်မည်။ ဆိုလိုရင်းကတော့ စွဲမိစွဲရာ စွဲလမ်းပြီး စုတိကျခဲ့လေသောကြောင့် ကမ္မနိမိတ်တို့သည် အကောင်းနိမိတ် မထင်နိုင်ဘဲ၊ မကောင်းနိမိတ်တို့ ညွှန်ရာလမ်းကြောင်းအတိုင်း တစ္ဆေပြိတ္တာ ဘဝ ဖြစ်ကြရခြင်းပါ။

သာမကကောင်းတစ်ခုအနေနှင့် ပြရသော် လှူဒါန်းပြီးသား ပစ္စည်း အပေါ်မှာ တဏှာအစွဲနှင့် သေလျှင် တစ္ဆေဖြစ်ပါကြောင်း တင်ပြလိုပါသည်။ လှူဒါန်းခြင်းသည် ကောင်းမှုကုသိုလ်ပြုခြင်း မဟုတ်ပါလား။ ကောင်းမှု ပြုခြင်း၌ အဘယ်ကြောင့် ကောင်းရာသုဂတိသို့ မရောက်မူဘဲ မကျွတ် မလွတ်ရာ ဒုဂ္ဂတိဘဝသို့ လားရောက်ရပါလိမ့်။ အထူးအဆန်းကြီးပါ တကား။ ဟုတ်ကောဟုတ်ရဲ့လားဟု တွေးတောသံသယ ဖြစ်ကြမည်မှာ မုချမလွဲပါ။ သံသယ မဖြစ်ပါနှင့်၊ အဟုတ်တကယ်ပါ။ ပစ္စည်းကို လှူဒါန်း ရာ၌ လွတ်ကျွတ်စွန့်လှူခြင်း မဟုတ်ခဲ့ပါက စွဲလမ်းမှုတဏှာက ကပ်ပါနေ ချေပြီ။ စွဲလမ်းလျှင် အသည်းကျွမ်းသည်ဟု ခေတ်လူငယ်တို့ နှလုံးသား ရေးရာနှင့် ပတ်သက်ပြီး ပြောတတ်ကြသည်။ အသည်းကျွမ်းရုံမျှလောက် ဆိုလျှင် သိပ်မထောင်းသာလှပါ။ စွဲလမ်းမှုတဏှာကြောင့် တစ္ဆေပြိတ္တာ ဖြစ်ရသည်က နစ်နာလှပါသည်။ ထို့ကြောင့် စွဲလမ်းမှုဟူသမျှသည် ကောင်းမှုဒါနပြုရာ၌ပင် စွဲလမ်းခဲ့လေသောကြောင့် သေလွန်သောအခါ တစ္ဆေဖြစ်ရသည့်အကြောင်းမှာ ဤသို့ ဖြစ်၏။

## ဆံရှည်တစ္ဆေ

တစ်ချိန်တုန်းက တောင်ကြီးမြို့၏ ရပ်ကွက်တစ်ခု၌ ရုပ်ရည် ချောမောလှပသော မိန်းမပျိုလေးတစ်ဦး ရှိခဲ့ဖူးပါသည်။ ကောင်းမြင်း ငါးဖြာနှင့် ပြည့်စုံ၏။ နက်မှောင် ပျော့ပျောင်း ရှည်လျားဖြောင့်စင်းလှသော သူ့ဆံကေသာသည် ဒူးခေါက်ကွေးအောက်ထိ ရောက်ပါသည်။ တစ်နေ့

www.burmeseclassic.com



တော့ အသည်းအသန် ဖျားနာပါသည်။ အဖျားက တော်တော်နှင့် မကျနိုင်ပါ။ အပူချိန် ကိုးဆယ့်ကိုးကျော်ကျော်နှင့် ရက်ကြာနေ၏။ အူရောင်ငန်းဖျားဟု ဆိုသော တိုက်ဖွိုက်ရောဂါ ဖြစ်ခြင်းပါ။ တိုက်ဖွိုက်အတွက် တိုက်ကျွေးရသော ဆေးများက ပြင်းလွန်းသဖြင့် ရောဂါပျောက်ချိန်၌ ဆံပင်များ ကျွတ်တတ်ပါသည်။ ဤအကြောင်းကို သိထားသော ထိုမိန်းကလေးသည် ဆံပင်များ မကျွတ်မီကပင် ကြိုဖြတ်ထားပြီး ဆံစုတစ်စု ပြုလုပ်ထားပါသည်။ နောင် ပြန်ကျန်းမာလာသောအခါ ဆံပင်သည် ပြန်ရှည်လာခဲ့သော်ငြားလည်း မူလလောက် မကောင်းတော့ပေ။ ထို့ကြောင့် ဆံထုံးထုံးရန် လိုအပ်လာချိန်တွင် ဆံစုကိုပေါင်း၍ ထုံးရစမြဲမို့ သူ့ဆံစုကို သူ ဂုဏ်မယူမဆုံးပါ။

အရွယ်အတော်ရ၍ အလှအပပြင်ဆင်ရန် မလိုအပ်တော့ပါ။ သူ့ဆံစုကို ငှားလည်းမငှား၊ ရောင်းလည်းမရောင်း၊ အရိပ်တကြည့်ကြည့်နှင့် သာယာတပ်မက်နေခဲ့၏။ တစ်နေ့မှာတော့ ဘုရားဖူးသွားရင်း ရုတ်တရက် ကားမှောက်သေဆုံးပါသည်။ ဆွမ်းပြင်ပြီးသည့်တိုင်အောင် အခြောက် အလှန် အရိပ်အယောင်က ပြုနေခဲ့၏။ သူ ဘုရားဖူးမထွက်မီ သူ့ဆံစုကို တောင်ကြီးမြို့လယ် ဓမ္မာရုံဘုရားသို့ လှူဒါန်းခဲ့ပါသည်။ မသေမီက သူကိုယ်တိုင် လှူဒါန်းခဲ့ပြီးဖြစ်ပါလျက် အဘယ့်ကြောင့် မကျွတ်မလွတ် ဖြစ်ရကြောင်းကို သူ့အိမ်မှ သူ့ဆွေမျိုးသားချင်းများ နားမလည် ဖြစ်ကြရသည်။ ဓမ္မာရုံသို့ သွား၍ ကောင်းမှုကုသိုလ်များ ပြုလုပ်ပေးသည်။ အမျှအတန်း ဝေပေးသည်။ မကျွတ်ပါ။

တစ်နေ့တော့ အိပ်မက်ပေးပါသည်။ သူ့ဆံစုကို သူချိတ်ဆွဲ လှူဒါန်းခဲ့သည့်အတိုင်း ပြန်လည်ချိတ်ဆွဲ လှူဒါန်းပေးပါတဲ့။ ဆံပင်ဆိုသည်မှာ ခေါင်းပေါ်၌နေစဉ်မှာ ကျက်သရေရှိ၏။ ဟင်းခွက်ထဲရောက်တော့ ရွံရှာကြသည်။ ဤသည်ကား လူ့သဘာဝ လူ့သဘော လူ့မနော ဖြစ်သည်။ ကနဦး ချိတ်ဆွဲထားစဉ်က တောက်ပြောင်လှပနေပေလိမ့်မည်။ ရက်ကြာရှည်လာသောကြောင့် ဖုန်မှုန့်အလိမ်းလိမ်းနှင့် ဖြစ်လာခဲ့သောအခါ ရွံရှာစရာပုံ ပေါက်ခဲ့ပြီ။ ထို့ကြောင့် ဖယ်ရှားလိုက်

www.burmeseclassic.com

www.burmeseclassic.com



ခြင်းပါ။ ကံကောင်းသည်က ဆံစုကို မစွန့်ပစ်လိုက်ဘဲ ပလ္လင်နောက်ကျော၌ ထားလိုက်ခြင်းကြောင့် အိပ်မက်ကို မြင်မက်ခဲ့သူက ထိုဆံစုကို လိုက်လံ ရှာဖွေ၍ တွေ့ခဲ့၏။ ဆီမွှေးများနှင့် သန့်ရှင်းလှပအောင် ပြုပြင်ပြီးနောက် မူလနေရာ၌ ပြန်လည်ချိတ်ဆွဲ လှူဒါန်းပေးလိုက်ပါသည်။

နှစ်အတန်ကြာခဲ့ပြန်သောအခါ ဤဆံစုတစ္ဆေအကြောင်းကို သိသည့် ဇရပ်ရုံစောင့်က အိုမင်းသေဆုံးခဲ့ပြန်သည်။ ဇရပ်ရုံစောင့်အသစ်က အကြောင်းမသိရှာဘဲ အဟောင်းအမြင်းများ ရှင်းလင်းစွန့်ပစ်ရာ၌ ယင်းဆံစု မှာလည်း အမှိုက်သရိုက်ထဲ ပါဝင်သွားတော့၏။ အိပ်ကောင်းခြင်း မအိပ် ရအောင် ဆံစုတစ္ဆေသည် ဇရပ်ရုံစောင့်အသစ်ထံ လာလာခြောက်၏။ တစ္ဆေ၏ ကျန်ရစ်သေးသည့် သားချင်းမိသားစုထံသို့လည်း ခြောက်လှန့်၏။ အိပ်မက်ပေး၏။ ထိုသောအခါမှ ဆံစုကို ပြန်ရှာကြရသည်။ ဇရပ်ရုံဘေးရှိ ရေမြောင်းထဲသို့ အမှိုက်သရိုက်များ စွန့်ပစ်စဉ်တုန်းက ယင်းဆံစုလည်း ပါရှိသွားလေရာ ခပ်လှမ်းလှမ်း ချောင်းကွေ့တစ်နေရာရှိ ချုံငယ်တစ်ခုတွင် ဆံစု ငြိတွယ်နေခဲ့သည်ကို ပြန်လည်ရှာဖွေတွေ့ရှိရတော့သည်။

ပထမတစ်ခေါက်တုန်းကကဲ့သို့ပင် ဆံစုကို ကင်ပွန်းသရော်တို့ဖြင့် လျှော်ဆေး အခြောက်လှန်းပြီးနောက် ဆီမွှေးများနှင့် လိမ်းကျံကာ၊ မူလနေရာ၌ ပြန်လည်ချိတ်ဆွဲ လှူဒါန်းပေးရပြန်၏။ အခြောက်အလှန့် လည်း ရပ်သွားခဲ့၏။ ဤအဖြစ်အပျက်မှာ နှစ်အတန်ကြာမြင့်ခဲ့ပါပြီ။ ယခုအခါ မြို့လယ်ဇရပ်ရုံကြီးကို အသစ်ပြန်လည် တည်ဆောက်ခဲ့ပြီးပြီ၊ ဆံစုတစ္ဆေလည်း ကျွတ်လွတ်သွားခဲ့ဟန် တူပါသည်။ ခြောက်လှန့်ခြင်း သတင်းကို မကြားကြရတော့ပါ။ စိတ်စွဲလမ်းခြင်းသည် ဆင်းရဲခြင်း အမှန်ဖြစ်ကြောင်း ထင်ထင်ရှားရှား သိကြရပါပြီ။

## ခြင်ဖန်များတော့ရိုး

အမှန်အတိုင်း ဝန်ခံရလျှင် ကျွန်တော်ငယ်ငယ်တုန်းက တစ္ဆေ ဆိုသည်ကို အလွန်မတန် ကြောက်လန့်တတ်ပါသည်။ တစ္ဆေအကြောက် ခံရဖူး၍လည်း မဟုတ်ဘဲနှင့် သူပြောကိုယ်ပြော ကိုယ့်ဟာဝန်းကျင်

www.burmeseclassic.com

www.burmeseclassic.com



အသိုင်းအဝိုင်းက ပြောလာတတ်ကြသော တစ္ဆေပုံပြင်များကို နားထောင်ပြီး
သကာလ၊ တစ္ဆေကို အဖြူလား အမည်းလား ဘာကြီးမှန်းလည်းမသိ
ဘာကို ကြောက်ရမှန်းလည်း မသိ၊ စိုးတထိတ်ထိတ် ကြောက်လန့်ခဲ့ဖူး
သည်များကို ယခုလို အသက်ငါးဆယ်အချိန်၌ ပြန်လည် စဉ်းစားလေမိ
သော အခါဝယ် "ခြော် ... ငါ တယ်ပြီး ... ညံ့ဖျင်းလှချေလား"ဟု
မိမိကိုယ်မိမိ ပြန်လည် ရယ်သွမ်းသွေးမိပါတော့သည်။ ၁၉၆၄–ခုနှစ်
သင်္ကြန်ပြီးစ မြန်မာနှစ်ဆန်းတစ်ရက်မနက်၊ အရုဏ်တက်ချိန်
ဆွမ်းလောင်းသွားရင်း တောင်ကြီးမြို့၊ ကုန်းသာကျောင်းဝင်းအထွက်
ညောင်ပင်ကြီးအောက်မှစ၍ တစ္ဆေအခြောက်ကို နဖူးတွေ့ ဒူးတွေ့ခံရ
ပြီးနောက်၊ ထိုနှစ် ဝါမကျွတ်မီမှာ ကျွန်တော့်အောက် ညီငယ် ကွယ်လွန်
ပြန်သည်။ အသုဘ အတွေ့အကြုံကိုပါ ရပြီးသောအခါ တစ္ဆေဆိုသည်ကို
ကျွန်တော် သိပ်မကြောက်တတ်တော့ပါ။

၁၉၆၆–ခုနှစ် ကုန်ခါနီး၌ ဆေးကျောင်းသား မောင်သစ်လွင်ဘဝ၌
သမိုင်းပင်လုံဆောင်တွင် နေထိုင်ခဲ့ရ၏။ အတန်းကြီးက ဆေး ဒုတိယနှစ်
ကျောင်းသားကြီးငယ်များနှင့်အတူ တစ်ဆောင်တည်း နေရသောအခါတွင်
လူသေအရိုးများ တကိုင်ကိုင်နှင့် ဖယ်ရီပေါ်မှာ ဆုံလိုက်၊ ထမင်းစားခန်းမှာ
ဆုံလိုက်မို့ မြင်တွေ့စဦးက ရွံ့တွန့်တွန့် ရှိခဲ့ရသည်ကို အမှန်အတိုင်း
မရှက်တမ်း ဝန်ခံရပါမည်။ မြင်ဖန်များ၍ကငယ်၊ နမ်းဖန်များတော့ပြယ်
ဟူသော ဆိုရိုးစကားအတိုင်း လူ့ကမ္ဘာ၌နှံးအရိုးစုကို ဟိုတစ်စ သည်တစ်စ
မတွေ့မမြင်ချင့်အဆုံး နေ့စဉ်နှင့်အမျှ တစ်မျိုးမျိုးကိုတော့ မြင်တွေ့နေရ
ဖြစ်လာ၍ တဖြည်းဖြည်းရိုးကာ ယခင်ကလောက် မကြောက်ရွံ့တော့ပါ
သို့သော် ကိုင်ကြည့်ဖို့မှု နည်းနည်းရွံ့နေခဲ့ပါသေးသည်။

ထိုကျောင်းသားကြီးတို့နှင့်အတူတူ ပြည်လမ်းလိပ်ဖုံ၌ ကျောင်းတက်
ကြရသည်ဖြစ်ရာ တစ်နေ့သ၌ နေ့လယ်ခင်း အတန်းရပ်နားချိန်မှန့်စား
ဆင်းကြ၏။ ကျွန်တော့်သူငယ်ချင်းများ ဖြစ်ကြသော ရွှေဘိုမှ ကိုကိုလတ်
ဟင်္သာတမှ ခင်မောင်ဦး၊ တောင်ငူမှ ဗညားအောင်တို့နှင့်အတူ ခန္ဓာဗေ

www.burmeseclassic.com

www.burmeseclassic.com



ဌာန ဆေးစိမ်အလောင်း လက်တွေ့ခွဲစိတ်ခန်းမကြီးသို့ အလည်အပတ်အဖြစ် ခြေဆန့်ခဲ့ကြသည်။ ထိုနေ့ခင်းက ဆရာ မလာ၍ သင်ခန်းစာပို့ချမှု တစ်ချိန် အားလပ်နေကြောင်း မှတ်မိသည်။ ခါတိုင်းရက်များ၌ အားလပ်ချိန် ဟူ၍ မရှိသလောက်ဖြစ်ရာ ဟိုဟိုသည်သည် လည်ပတ်ဖို့ မဆိုထားနှင့်၊ ထိပ်ခုံးရှိ မည်သည့်အခြားဌာနများသို့မျှ ခြေမဆန့်နိုင်ခဲ့ပေ။

ဒုတိယနှစ်အတန်းငယ် ဆေးကျောင်းသားတို့ အလောင်းစ ခွဲစိတ်နေချိန်ဖြစ်၍ အလောင်းများကို အင်္ဂါအစုံအလင်နှင့် တွေ့မြင်ရသည်။ ဆက်မောင်းလက်ဖျံများကို ခွဲစိတ်နေကြ၏။ ဖော်မလင်နံ့က ပြင်းသလား မေးနှင့်။ လူကို မူးနောက်နောက် ဖြစ်ချင်လာပါသည်။ ထိုညတွင် ကျွန်တော့်မှာ တော်တော်နှင့် အိပ်မပျော်နိုင်တော့ပါ။ ခွဲစိတ်စားပွဲရှည်ပေါ်ရှိ လုံးပက်လက် အလောင်းများကိုသာ မြင်ယောင်နေမိပါတော့သည်။ နောင်သောအခါ မကြာမကြာ ထိုဌာနသို့ ရောက်ရှိခြင်း၊ အလောင်းကို ကိုယ်တိုင် အတန်းကြီးသို့ ရောက်သောအခါ ခွဲစိတ်ခြင်းများကြောင့် သွားပါတော့သတည်း။

## အရိုးဝတ္ထု

ဆေးကျောင်းသူ ဆေးကျောင်းသားများ အားလုံးတို့သည် လူ့ ခန္ဓာန်းရိုး တစ်စုံလုံး ဝယ်ယူလေ့လာ ကျက်မှတ်ကြရသည်။ ကျွန်တော် တို့မှာ သွားဘက်ဆိုင်ရာ ဆေးကျောင်းသားဆိုပေမယ့် သင်ခန်းစာတွေက အတူတူ၊ သင်ကြားပို့ချပေးသည့် ဆရာတွေကလည်း အတူတူမို့ အရိုး အစုံလိုက် လိုအပ်ပါသည်။ မရှိမဖြစ် အလို အပ်ဆုံးကတော့ ဦးခေါင်းရိုး ဖြစ်၏။ ထို့ကြောင့် ကျွန်တော်တို့ သွားဘက်ဆိုင်ရာ ဆေးကျောင်းသားတိုင်း၌ အနည်းဆုံး အရိုးခေါင်း တစ်လုံးစီ ရှိကြပါသည်။ ခန္ဓာဗေဒဌာနက ရောင်းချပေး၏။ ကျွန်တော်မှတ်မိသရွေ့ အညံ့အကောင်း၊ အရည်အသွေး လိုက်၍ အရိုးတစ်စုံကို ကျပ်သုံးရာမှ ကျပ်ငါးရာထိ ဈေးရှိ၏။ အရိုးခေါင်း တစ်လုံးတည်းဆိုလျှင် ကျပ်တစ်ရာမှ ကျပ်တရာငါးဆယ်ထိ ဈေးရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လူလည်းလူမို့၊ တိရစ္ဆာန်လည်း တိရစ္ဆာန်မို့၊ ပန်းမာလ်သစ်ပင်လည်း ပန်းမာလ်သစ်ပင်မို့ ကျောက်တုံးကျောက်ခဲသည်လည်း ကျောက်တုံးကျောက်ခဲမို့ သူ့ဇာတ်လမ်းနှင့်သူ အသီးသီးအသကအသက ရှိကြသကဲ့သို့ပင် အရိုးများလည်း သူ့ဇာတ်လမ်းနှင့်သူ ရှိတတ်ကြကြောင်းကို အတွေ့အထိများလာ၊ သင်ကြားပို့ချလာသောအခါ ပိုမို သိရှိနားလည်လာရတော့သည်။

ဆိုကြပါစို့၊ ခေါင်းရိုးတစ်လုံးကို မြင်လိုက်ရသည်နှင့် ယောက်ျားဦးခေါင်းလား၊ မိန်းမဦးခေါင်းလားဟု သာမန်လူတို့ မသိရှိ မခွဲခြားနိုင်စွမ်းပါသော်လည်း ဆေးကျောင်းသားတို့ကတော့ သူ့လက္ခဏာများကို ကြည့်ပြီး ယောက်ျား၊ မိန်းမ မှန်ကန်အောင် ခွဲခြားနိုင်စွမ်း ရှိပါသည်။ သွားချောင်းအရေအတွက်နှင့် သွားများ၏ အခြေအနေကို စစ်ဆေးပြီးနောက် ဤခေါင်းရိုးခွံ၏ အသက်အရွယ်ကို အနီးစပ်ဆုံး ခန့်မှန်းနိုင်သည်။ မျက်ပေါက်အကျဉ်းအကျယ်၊ ပါးရိုးအနိမ့်အမြင့်၊ မျက်ခုံးရိုး အထူအပါး၊ နဖူးရိုး အခုံးအမောက် အပြေအချော၊ အောက် မေးရိုး အကားအပြန့် အသွယ်အချွန်း စသည်တို့ကို ကြည့်၍ လူမျိုးနွယ်ကိုပင် ခန့်မှန်းတွက်ဆနိုင်သည်ဟု ပြောပြလျှင် စာဖတ်သူတို့ ယုံကြည်ကြမည်လား မသိ။ ပေါင်ရိုးတစ်ချောင်း၏ အလျားကို တိုင်းထွာကြည့်ပြီးနောက် အရိုးရှင်၏ ရှိနိုင်သည့်အရပ်နှင့် အလေးချိန်ကိုပါ တွက်ချက်သိရှိနိုင်ကြောင်း ပြောပြလျှင် ပို၍ အံ့ဩကြမည် ထင်ပါသည်။

အရိုး၌ စွဲကျန်ရစ်ခဲ့သည့် ထူးခြားသော လက္ခဏာအမှတ်အသားဒဏ်ရာတို့ကို ကြည့်ခြင်းအားဖြင့် ဘာလက်နက်၊ ဘာဒဏ်ရာနှင့် သေသည်။ ဘာရောဂါဝေဒနာ စွဲကပ်ခဲ့ဖူးသည်။ ခွဲစိတ်အစားထိုး ခံယူခဲ့ဖူးသည်။ သူ့ဟန်သဏ္ဌာန် မည်သို့ နေနိုင်သည်။ ထိုင်လျှင် မည်သို့ပုံရှိမည်။ လမ်းလျှောက်လျှင် ခါးရှေ့သို့ ငိုက်နေမည်။ ဘာအလုပ်အကိုင်နှင့် အသက်မွေးခဲ့သည် စသည့် အချက်အလက်များကို အရိုး၏ လူ့ဘဝ အသက်ထင်ရှားရှိစဉ်က အခြေအနေကို ခန့်မှန်းတွက်ဆ၍ ရနိုင်ပါသော

www.burmeseclassic.com



ကြောင့် အရိုးဝတ္ထုဟု ကျွန်တော် ဆိုရခြင်းပါ။ သာဓကအားဖြင့် အဆစ်အမြစ်ကိုက်ရောင်သော ရောဂါစွဲကပ်ခဲ့သူ၏ အရိုးအဆစ်တို့မှာ သူများထက် တုတ်ခိုင်ကြီးမားနေခြင်း၊ အရိုးကျိုးဖူးသူ၏ အရိုးတွင် အရိုးဆက်သည့်နေရာ၌ ကျိုးပေါင်းတက်နေခြင်း၊ အရိုးကို ခွဲစိတ်အစားထိုး ခံခဲ့ဖူးသူ၏ အရိုး၌ အဆက်အစပ် စတီးသံစများ ပါရှိနေတတ်ခြင်း တို့ကြောင့် မှန်းဆနိုင်ပါသည်။ ရှေးအီဂျစ်ခေတ်တုန်းကတည်းကပင် လူသားတို့ ဦးခေါင်းခွံကို ခွဲစိတ်ကုသခဲ့ကြကြောင်း မံမီအချို့၏ ဦးခေါင်းခွံ တို့က သက်သေခံနေကြပါသည်။

## ယုံတမ်းလေးများ

ခန္ဓာဗေဒ ဖွဲ့စည်းပုံကို ကျက်မှတ်ကြရလေသောအခါ အရိုးများ၌ ဤနေရာတွင် အသားမျှင်များ စတွယ်၏။ အရွတ်များ ရှိသည်။ သွေးလွှတ် ကြော၊ သွေးပြန်ကြော၊ နပ်ပ်ကြောများ ယှဉ်တွဲသွားသည်။ ဖြတ်သန်း သွားသည်၊ သွေးကြောများ လမ်းခွဲသွားသည်၊ စုဆုံကြ သည်၊ ဤနေရာတွင် ဘာကြောင့် အရိုးချိုင့်နေရသည် စသည်ဖြင့် မှတ်သားကျက်မှတ် ကြရပါသည်။ မြင်လွယ်မှတ်လွယ်စေခြင်း အလို့ငှာ၊ ခဲတံအနက်၊ အနီ၊ အပြာ၊ အညိုတို့ဖြင့် ရေးမှတ်ထားတတ်ကြသည်မှာ ဆေးကျောင်းသူ ဆေးကျောင်းသားတိုင်း၏ ဓလေ့ ဖြစ်ပါသည်။ ဤသည်ကို အထူးအဆန်း ကြီးလုပ်ကာ ကျွန်တော်တို့ သူငယ်ချင်း ဆေးကျောင်းသူတစ်ဦးက သူ့အရိုးများတွင် မရေးမှတ်ဝံ့ ပါဟု ဆိုလာလေသောအခါ ကျွန်တော်တို့မှာ "နင် ဘာသတ္တိကြောင်တာတုံးဟ" ဟု ပြောင်လှောင်မိခဲ့ကြပါသည်။

သူ့အပြောကတော့ "ငါ မလုပ်ရဲပါဘူးဟာ၊ ငါ ရေးမှတ်မိတဲ့ ညဆိုရင် အရိုးပေါ်မှာ ဆေးရောင်တွေ ခြယ်ထားတာ ပြန်ဖျက်ပေးပါလို့ ငါ့အရိုးက အိပ်မက်ထဲမှာ လာလာပြောတယ်။ ငါ ကြောက်တာပေါ့။ အိမ်က လူကြီးတွေကလည်း ကြောက်ကြတယ်။ ငါ့အရိုးကို မကောင်းဘူးလို့ ယူဆကြတယ်၊ ဘုန်းကြီးပင့်ပြီး ဆွမ်းကပ်၊ ပရိတ်တရား နာတယ်၊ မရဘူး။

www.burmeseclassic.com



ကမ္ဘာဝါဉတ်တယ်၊ မရဘူး။ ဒါနဲ့ နင့်အရိုးတွေ နင့်အခန်းထဲကလွဲလို့ ဘယ်မှ မထားရဘူး ပြောလို့၊ ကျောင်းကပြန်ရင် စာကျက်ခန်းထဲ တန်းပြီး သွင်းရတယ်'' ဟူသတည်း။ အရိုးမပါဘဲ စာကျက်ဖို့လည်း မဖြစ်ဆိုတော့ ကြောက်ကြောက်နှင့်ပင် သူ့အရိုးကို ဆက်ကိုင်နေရရှာပါတော့သည်။

သူငယ်ချင်းတစ်ယောက်အဖြစ်က တစ်မျိုး။ စာကျက်ရင်း သေးငယ်သော ခြေရိုး လက်ရိုး နံရိုးများ ကြမ်းပြင်သို့ မတော်တဆ ကျသွားခဲ့သော် ခြေမခြေညှိုးနှင့် ကော်ယူမိလေတိုင်း ညညရောက်လျှင် အိပ်မက်ဆိုးများ မက်လေပြီ၊ အကောင်မည်းမည်းကြီးက ''ငါက မင့်ထက် အသက်အများကြီးကို ကြီးတာကွ၊ ငါ့ကိုများ မရိုမသေ ခြေနဲ့ ညှပ်တယ်။ ထိုင်ကန်တော့မှ ကျေနပ်နိုင်မယ်''ဟု အိပ်မက်၌ ကြိမ်းဝါးလေရာ မယုံမကြည်ရှိ၍ ထိုင်မကန်တော့ပါ။ ကျောင်းမတက်နိုင်အောင် ဖိုက်နာခြင်း ခေါင်းကိုက်ခြင်း၊ မူးဝေခြင်းများ ဖြစ်သည်အထိ နှိပ်စက်ပြီးနောက် ''မင်း မယုံသေးဘူးလား၊ မကန်တော့သေးဘူးလား၊ ဆေးရုံရောက်အောင် လုပ်ပြရမလား''ဟု ခြိမ်းခြောက်နေပြန်သောကြောင့် မယုံ့တယုံနှင့် ထိုင်ကန်တော့ရပါသည် ဟူသတည်း။ နောက်ပိုင်းတွင် အရိုးများ ကြမ်းပြင်သို့ မကျစေရန် ပိုဂရုစိုက်ရ၏။ ကျခဲ့သော် လက်ဖြင့် ကောက်ပြီး ရိုရိုသေသေ လက်အုပ်ချီလိုက်၏။ ခွင့်လွှတ်ရန် တောင်းပန်လိုက်သည်။ အားလုံး အိုကေစိုပြည်သွားပါတော့သည်ဆိုကိုး။

## လက်ညှိုးတစ္ဆေ

နောက်ယုံတမ်းတစ်ခုကတော့ ကျွန်တော်တို့ အတန်းတက်စ အချိန်တွင် ဖြစ်၏။ ခန္ဓာဗေဒ၊ ကမ္ဘဇီဝဗေဒတို့ကို စတင်တွေ့ထိရသော နှစ်မို့ ဘာသာအသစ်၊ အတန်းအသစ်၊ ဆရာဆရာမများ အသစ် အတွေ့အကြုံများအသစ်မို့ အားလုံးတက်ကြွနေကြပါသည်၊ ဆေးကျောင်းနှင့် စာမေးပွဲ မပြတ်မလပ်တတ်သော်လည်း အတန်း သစ်တက်စ ရက်ပိုင်း များမှာ စာမေးပွဲမရှိသေး၍ ပိုလွတ်လပ်ကြပါ၏။ ဆေးစိမ်အလောင်းများ

www.burmeseclassic.com

www.burmeseclassic.com



ကို ခွဲစိတ်လေ့ကျင့်မှတ်သားရန် ပထမဦးစွာ လက်တွေ့ဆင်းရသောနေ့က ဖြစ်ပါသည်။ ပြောင်ပြောင်နောက်နောက် ရှိလှသော သူငယ်ချင်းတစ်ဦးသည် ဆေးစိမ် အလောင်းမှ လက်ညှိုးတစ်ချောင်းကို အရှည်နှစ်ဆစ်မျှ ဖြတ်ပြီး ကျောင်းအဆင်းတွင် ကြောက်ရွံ့တတ်လွန်းသည့် ကျောင်းသူတစ်ဦး၏ လွယ်အိတ်ထဲသို့ တိတ်တခိုး ထည့်လိုက်သည်။ ယင်းကျောင်းသူသည် ညစာစားပြီးနောက် ညပိုင်းစာကြည့်မည်ဟု စာအုပ်များ လွယ်အိတ်တွင်းမှ ထုတ်ယူသောအခါ မမျှော်လင့်ဘဲ ရုတ်တရက် လက်ညှိုးချောင်းအပြတ်လေး ထွက်ကျလာမှ အလန့်တကြား ဖြစ်ရတော့ သည်။

နှလုံးတုန်ရုံ၊ ရင်ခုန်ရုံမျှဆို တော်ချေသေး၏။ ယခုမူ ညဉ့်နက်သန်းခေါင်အချိန်ထိ ကောင်းကောင်းအိပ်၍ မပျော်နိုင်ရှာပါ။ အိပ်ပျော်သွားသောအခါ၌လည်း ကြောက်ရွံ့စိုးထိတ်နေသောကြောင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ရှာဘဲ နိုးတစ်ဝက်အိပ်တစ်ဝက်နှင့် အိပ်မက်ဆိုးတွေ မြင်မက်တော့၏။ စာကြည့်စားပွဲပေါ်၌ တင်ထားခဲ့သော လက်ညှိုးချောင်းလေးမှာ လက်ညှိုးအရွယ် ကုလားလေး ဖြစ်နေ၏။ စားပွဲပေါ်မှ ခုန်ဆင်း၏။ ဆတ်တောက်ဆတ်တောက် ခုန်ဆွခုန်ဆွနှင့် အခန်းတွင်းမှာ ပြေးလွှားဆော့ကစားနေလေသည်။ ကြည့်ကောင်းကောင်းနှင့် ကြည့်နေဆဲမှာပင် ထိုကောင် တဖြည်းဖြည်း ကြီးကြီးလာပြီး သူ့ခုတင်နား ချဉ်းကပ်လာသည်။ ပြီးတော့ သူ့ကိုယ်ပေါ် တက်ဖိပါတော့၏။ ရုန်းကန်မရ အော်ဟစ်၍ ရေ ဘုရားရှင်ကို "ကယ်တော်မူပါ" ဟု တမ်းတလိုက်တော့မှ လက်ညှိုးတစ္ဆေသည် ရုတ်ချည်းပျောက်ကွယ်သွားပြီး သူလည်း နိုးလာပါတော့သည်။ ချွေးများ ရွှဲနစ်နေခဲ့ပြီ။ ထူးဆန်းသည်မှာ လက်ညှိုးပြတ်လေးသည် ကြမ်းပြင်ပေါ်သို့ ကျနေသည်။ ကြွက်များ ချီကိုက်လေသလားမသိ။

နောက်တစ်နေ့ ကျောင်းရောက်သောအခါ လက်ညှိုးပြတ်နေသည့် အလောင်းကို လိုက်ရှာရပါသည်။ တွေ့ပါပြီ။ မည်းမည်းပိန်ပိန် ကုလားအလောင်း ဖြစ်နေ၍ ပိုအံ့သြရတော့သည်။ တိုက်ပဲ တိုက်ဆိုင်နေနိုင်လှသည်။ ညက မြင်မက်သော လက်ညှိုးပုံပန်းသဏ္ဌာန်နှင့် တစ်ထေရာတည်း

www.burmeseclassic.com



တူနေပါတော့သည်။ ထိုလက်ညှိုးပြတ်ကို ပလာစတာဖြင့် ပြန်ဆက်ထားပေးလိုက်ရကြောင်း ကောင်းကောင်းကြီး မှတ်မိနေပါသေးသည်။

## သွားတစ္ဆေ

လက်ညှိုးတစ္ဆေအကြောင်း စဉ်းစားမိရာမှ သွားတစ္ဆေအကြောင်းလည်း ခေါင်းထဲ ပြန်ပေါ်လာ၏။ ဆေးစိမ်အလောင်း ခွဲစိတ်ရာခန်းမကြီးတွင် စာသင်ပြနိုင်ရန် နေရာများလည်း ရှိ၏။ လက်တွေ့မဝင်မီ ကြိုးကြပ်အုပ်ချုပ်ရသော ဆရာဆရာမတို့ လိုအပ်ရာရာ လမ်းညွှန်ပြဖို့ စာသင်စားပွဲ၊ ကျောက်သင်ပုန်းတို့နှင့်အတူ အရိုးအဆစ်များကို ကြေးနန်းကြိုး သေးသေးမျှင်မျှင်များနှင့် ဆက်ထားသော ကမ္ဘာ့ဗ္ဗာန်းရိုး အစုံလိုက် ချိတ်ဆွဲထားပါသည်။ သင်ကြားမှု အထောက်အကူပြုပစ္စည်းဖြစ်သော ထိုကမ္ဘာ့ဗ္ဗာန်းရိုးစုတို့သည် သန့်ရှင်းဖြူစင်လှပလွန်းပါသည်။ အင်္ဂါအပြည့်အစုံ ဖြစ်၏။ သွားများဆိုလျှင် ၃၂–ချောင်း အပြည့်အစုံရှိပါသည်။ ကျွန်တော်တို့ ကိုင်ရသော အရိုးခေါင်းများ၌ သွားအပြည့်အစုံပါရှိရန် ခဲယဉ်းပါဘိခြင်း။

တစ်နေ့တွင် ကျောင်းသားတစ်ဦးက လက်ဆော့ပြီး သွားတစ်ချောင်းကို ဆွဲနှုတ်ကြည့်၏။ နည်းနည်းလှုပ်လာသည်။ သို့နှင့် ဟိုဘက် သည်ဘက် ဆက်တိုက်လှုပ်ရမ်း ဆွဲနှုတ်ရင်း သွားသည် ပြုတ်ထွက်လာပါတော့သည်။ တစ်ယောက်တစ်ချောင်း ဆွဲနှုတ်ကြရာ သွားသုံးလေးချောင်း လစ်လပ်ကုန်ပါ၏။ ကျောင်းမှ ဆရာများ တွေ့မြင်သွားလျှင် အဆူအပူ အငြိုအငြင်ခံရတော့မှာပဲဟု ကျွန်တော် စိတ်ပူမိသည့်အတိုင်း သူငယ်ချင်းတို့အား ပြောပြရ၏။ သူ့နေရာနှင့်သူ ပြန်တပ်ပေးကြပါသည်။ အပေါ်သွားတစ်ချောင်းက သိပ်ချောင် သွားခဲ့ပြီ၊ ပြုတ်ပြုတ်ကျနေ၏။ စက္ကူပါးလေးနှင့် ပတ်ပြီး စွပ်ထည့်ရ၏။ ကျောင်းဆင်း၍ အိမ်အပြန်တွင် ကျောင်းပိုင်ပစ္စည်းကို မိဘအမွေကဲ့သို့ အောက်မေ့ပြီး သူကောင့်သားတစ်ယောက် သွားတစ်ချောင်း ယူပြန်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ညအိပ်တော့မှ အကြောင်းပြတော့၏။ သွားဖြူဖြူဖွေးဖွေးတွေက အရွယ်အစား လူ့တစ်ကိုယ်စာလောက် ကြီးနေ၏။ သူ့အား လိုက်ဖမ်း၍ မောနေအောင် ပြေးရ၏။ ခြေကုန်လက်ပန်း ကျသောအခါ အမိခံလိုက် ရတော့၏။ သွားဆွဲနဲ့ခဲ့သော သူ့လက်များကို သွားများက ကြိတ်ကြ ပါတော့သည်။ အမှုန့်ကြိတ်စက်ထဲမှာ လက်အကြိတ်ခံလိုက်ရသကဲ့သို့ နာသည်မှ အသည်းခိုက်အောင် နာကျင်လှ၏။ သွေးတော့ မထွက်ပါ။ လက်ချောင်းများ ပုံပျက်ပန်းပျက်တော့ ဖြစ်မသွားပါ။ ရှန်းရင်းကန်ရင်း အော်ဟစ်ရင်းနှင့် လန့်နိုးလာချိန်တွင် တစ်ကိုယ်လုံး ချွေးတွေ ရွှဲရွှဲနစ်နေပြီ။ ညတစ်နာရီခွဲသာ ရှိသေး၏။ ပြန်အိပ်၍ မရတော့ပြီ။

ဤသို့သော အဖြစ်အပျက်လေးများတို့သည် တကယ်ပင် ဖြစ်ခဲ့ဖူး ပါသည်။

✣ ✣ ✣ ✣ ✣

www.burmeseclassic.com

www.burmeseclassic.com

# ၅။ ဦးခေါင်းကိုလာတောင်းလေသူအကြောင်း

## ယုံတမ်းစကားမဟုတ်

လောက၌ ဆန်းကြယ်မှုစွာသော အဖြစ်အပျက် တို့သည် ရှိစမြဲပါ။ ဆန်းကြယ်လွန်းအားကြီးလျှင် စဉ်းစားဉာဏ်ရှိသူတို့ မယုံကြည်ကြတော့ပါ။ မဖြစ်နိုင်သည့်အရာကို ရှာကြံ၍ ပြောခဲ့သည်ဟု မှတ်ယူပါက ပုံပြင်လော၊ ယုံတမ်းလောဟု မေးတတ်ကြသည်။

တစ္ဆေ၊ သရဲ၊ ပြိတ္တာတို့ လောကကြီးအတွင်း၌ အမှန်တကယ်ရှိသည်ဟု မယုံကြည်သူတို့အား လက်တွေ့ကြုံဆုံဖူးသူတို့ မည်မျှပြောကြသည်ဖြစ်စေ၊ သူတို့ မယုံကြည်နိုင်ကြပေ။ သူတို့စိတ်ထဲ၌ သူ့ထက်သူ လူစွမ်းကောင်းကဲ့သို့ တစ်ဦးထက်တစ်ဦး သာအောင် ကြံဆောင်ဖန်တီးပြောကြားနေကြသည်ဟုသာ ထင်မြင်တတ်ကြသည်။ မယုံကြည်သူတို့အား အတင်းယုံခိုင်း၍ မရပါ။ တစ္ဆေဆိုသည့် အကြောင်းအရာတို့ကလည်း ပရလောကနယ်ပယ်ရှိ အရာများ ဖြစ်ချေ၏။ လက်ဆုပ်လက်ကိုင် အကောင်အထည်နှင့် ထင်ထင် ရှားရှား ပြသနိုင်သည်မဟုတ်။ ခေတ်လူငယ်တို့ကလည်း လက်တွေ့ကျမှ လက်ခံလိုကြသည်။ ဤသို့နှင့် ယုံကြည်သူ၊ မယုံကြည်သူတို့ကြားမှ ဝိရောဓိတွေ ဖြစ်ကြရကုန်၏။ အချင်းချင်း အငြင်းပွားကြရကုန်၏။ မယုံကြည်သူတို့ကတော့ မယုံရေးချ မယုံကြည်။

www.burmeseclassic.com

www.burmeseclassic.com



မယုံသည့်ကိစ္စကို ယုံအောင် ပြောပြရခက်၏။ ကျွန်တော့် အရိုးခေါင်းကိစ္စကလည်း အလွန်မတန်မှ ဆန်းကြယ်နေပြန်ရာ ဆရာ တော့ ယုံတမ်းစကား ပြောနေပြီဟု မှတ်ချက်ချမည်ကို ကြိုတင် မြင်ယောင် နေမိပါသည်။ ဆန်းကြယ်လွန်းသော အကြောင်းအရာကို ပြောမပြမိ ယုတ္တိတန်သည် မတန်သည်၊ ယုတ္တာရှိသည် မရှိသည်တို့ကို အသာ ဘေးဖယ်ထားပြီးသကာလ၊ အဖြစ်အပျက်ဆန်းလေးများ စုံစုံလင်လင် တန်ဆာဆင်လိုက်လျှင် နည်းနည်း စိုစိုပြေပြေဖြစ်ပြီး "ဟုတ်လောက် နိုင်သည်"ဟု လက်ခံနိုင်စေရန် အထောက်အပံ့လေးများ ဖြစ်လေမလား တွေးတောမိခြင်းကြောင့် အခန်း(၄) "တစ္ဆေစုံလင် ယုံစေချင်"ကို ရှေ့ပြေးအဖြစ် အိုင်နှင့်ကျင်းနှင့် ဖွဲ့လာခဲ့ခြင်း ဖြစ်ပါသည်။ ယုံကြည်လို ပါမှ ယုံကြည်ပါ။ မယုံကြည်လိုသူတို့အား ယုံတမ်းပုံပြင်မဟုတ်ဟု တင်ကြိုစကား ဆိုထားပါရစေ။

## ကျွန်တော့်ခေါင်းရိုး

ကျွန်တော် ကိုယ်ပိုင်သုံးရန် ဝယ်ယူထားသော ခေါင်းရိုးသည် အတော်လှပပြေပြစ်ပါသည်။ သွားအားလုံး ၃၂–ချောင်း စုံလင်၍ ပိုသဘောကျသည်။ ရွေးပေးသူက ကျွန်တော့်သူငယ်ချင်း သိန်းထိုက် ဖြစ်ပါသည်။ သူက မော်လမြိုင်သားဖြစ်ပြီး စာလေးဖတ်လိုက်၊ ရေးလိုက်၊ ပုံဆွဲလိုက်၊ ပုလွေလေး ကျူလိုက်နှင့် အေးအေးဆေးဆေး နေတတ်သည်။ ကျွန်တော်နှင့် အတွဲများသော သူငယ်ချင်းများအနက် တစ်ယောက်ဖြစ်ပြီး စာအတူတူကျက်လေ့ ရှိပါသည်။ သူ့အစ်ကိုကြီး ဆရာဝန်ထံမှ အရိုးများ အမွေဆက်ခံလိုက်ရသဖြင့် သူ့မှာ အရိုးစု အပြည့်အစုံ သေတ္တာလိုက် ရှိ၏။ ထို့ကြောင့် ကျွန်တော်က ခေါင်းရိုးတစ်လုံးတည်းသာ ဝယ်လိုက် ပါသည်။ ဈေးကလည်း တော်သည်။ ကျပ်တစ်ရာတည်းပါ။

ထိုခေါင်းရိုးသည် မိန်းကလေးခေါင်းရိုး ဖြစ်သည်။ အသက်အားဖြင့် နှစ်ဆယ်ဝန်းကျင်မျှသာ ရှိပါဦးမည်ဟု ခန့်မှန်းရ၏။ အကြောင်းမှာ အံဆုံး လေးချောင်းတို့ ပေါက်ပြီးခါစ အခြေအနေတွင် ရှိ၏။ မျက်ပေါက်ရိုး

www.burmeseclassic.com

www.burmeseclassic.com



အကျယ်အဝန်း သေးငယ်၏။ မျက်တောင်ကော့ကော့အောက်ရှိ ရွှန်းလဲ့သော မျက်လုံးအစုံကို မှန်းကြည့်နိုင်ပါ၏။ ပါးရိုးပြေပြေ၊ မျက်ခုံးရိုးပြေပြေ၊ နှဖူးရိုးပြေပြေ၊ အောက်မေးရိုးပြေပြေမို့ အတော်ချောမောလှပမည့် အနေထားမှာ ရှိကြောင်း သေချာလှသည်။ သွားများမှာ ပုလဲသွယ်လို ညီညီညာညာ ဖြူဖွေး စီရီနေသောကြောင့် သွားပေါ်အောင် နှုတ်ခမ်းပါးလေး ပြုံးလိုက်လျှင် သွားတက်အလှက ပို၍ ညို့အားကောင်းပေလိမ့်မည်။

ထူးခြားသည်က နဖူးပြင်ရှိ ငယ်ထိပ်နေရာ၌ ဆက်ကြောင်းသည် အရိုးမဆက်သေးပါ။ ကလေးငယ်များ၌သာ ဤအရိုးဆက်ကြောင်း ကျန်ရှိတတ်၏။ လူကြီးများ၌ ပုံမှန်အားဖြင့် တစ်ပြင်တည်း ဆက်ပြီး ဖြစ်ရမည်။ ဆက်ကြောင်းကို ရှာ၍သော်မှ မမြင်တွေ့နိုင်ပါ။ ဤဆက်ကြောင်း ထင်ထင်ရှားရှား ကျန်ရစ်နေသည်ကို ထောက်ရှုခြင်းအားဖြင့် ကျွန်တော့်အရိုးခေါင်းသည် လူ့ဘဝတုန်းက ကျန်းမာရေး ညံ့ဖျင်းချူချာသူ ဖြစ်ရပေလိမ့်မည်ဟု ပုံသေတွက်ဆနိုင်၏။

## ကြံကြံဖန်ဖန်ကျီစား

ကျွန်တော့်အရိုးခေါင်းသည် အတော့်ကို ပြေပြစ်ချောမောလှပပြီး ဖြူဖွေးသောကြောင့် စာကျက်စားပွဲပေါ်တွင် အလှပြတင်ထားလေ့ ရှိ၏။ ခေါင်းရိုးကဲ့သို့ ကျက်သရေမဲ့သော ကြောက်ရွံ့ဖွယ်အရာကို လှပသည်၊ ပြေပြစ်သည်ဟု ယူဆပြီး စာကျက်စားပွဲပေါ်၌ အလှပန်းပြု တမင်တကာ တင်ထားသည်ဟု ဖတ်ရသောအခါတွင် ကျွန်တော့်အား ရူးများရူးနေလေရော့သလားဟု စာဖတ်သူတို့ မှတ်ချက်ပြုမိကြပါလိမ့်မည် ထင်သည်။ ဆေးကျောင်းဆောင်၏ သဘောသဘာဝကို အတွင်းကျကျ မသိခြင်းကြောင့် ဤသို့ ဝေဖန်မှု ပြုခြင်းသာဟု ကျွန်တော်တို့ ဆရာဝန်များက နားလည် တတ်ကြပါသည်။ ကျွန်တော်တို့အဖို့တော့ အမြင်ရိုး၊ ဖြစ်စဉ်ရိုးများသာတည်း။

ခေါင်းရိုးတိုင်းကို နဖူးပြင်မှ နောက်စေ့အထက်နားအထိ တစ်ပတ်လည် ဝိုက်၍ လွှဖြင့် ဖြတ်ထားကြစမြဲပါ။ အိုးကိုယ်ထည်နှင့် အဖုံးကဲ့သို့

www.burmeseclassic.com



ဖွင့်လိုက်ပိတ်လိုက် လုပ်နိုင်သည်။ ဖြတ်ထားသည့် အပေါ်ခေါင်းခွံကို ဖွင့်ကြည့်မှသာလျှင် ဦးနှောက်အိမ် အရိုးအတွင်းပိုင်းရှိ လက္ခဏာများကို ကြည့်ရှုလေ့လာ မှတ်သားနိုင်ပါလိမ့်မည်။ ဆေးကျောင်းသားတို့ ရှိသည့် ပစ္စည်းဖြင့် အသုံးတည့်တည့် အသုံးပြုတတ်ပုံများ ပြောပြရလျှင် စာဖတ်သူတို့ ယုံကြမလား မသိပါ။ ထို အပေါ်ပိုင်းခေါင်းခွံကို ဆေးလိပ် သောက်တတ်သူတို့က ဆေးလိပ် ပြာခံခွက်အဖြစ်လည်းကောင်း၊ အချို့က ဆပ်ပြာခွက်အဖြစ် လည်းကောင်း၊ အချို့တို့က ပဲကြီးလှော်တို့၊ ချိုချဉ်တို့၊ မုန့်ပဲသွားရည်စာတို့ကို ထည့်စားရန်အဖြစ်လည်းကောင်း အမျိုးမျိုး အသုံးပြုတတ်ကြပါသည်။

တစ်ည ကျွန်တော် စာကျက်စားပွဲ၌ စာကြည့်ရင်း ကျွန်တော့် အရိုးခေါင်းကို စေ့စေ့စပ်စပ် လေ့လာနေမိသည်။ ဘာရယ်လို့ မဟုတ်။ ငယ်ငယ်က မြင်ဖူးသော အရိုးခေါင်းကို သတိရလိုက်မိ၏။ ငယ်ငယ်တုန်း က အရိုးခေါင်းကို ကြောက်လိုက်ရတာ။ တစ်ဖက် အိမ်တန်းလျား၌ နေသော ပယောဂကု ကုလားကြီးတစ်ဦးသည် မုတ်ဆိတ်မွေးဖြူဖြူ၊ ခေါင်းပေါင်းထုပ်ကြီးနှင့်ဟု မှတ်မိနေပါသေးသည်။ ကလေးများကို ချစ်တတ်သောကြောင့် ကျွန်တော်တို့ ကလေးတစ်သိုက်ကို တွေ့လျှင် မလိုင်မုန့်များ ဝယ်ကျွေးတတ်သည်။ အနည်းဆုံး ချိုချဉ်လုံး (ငယ်ငယ်က သကြားလုံးဟု ခေါ်သည်)တော့ ပေးတတ်၏။ တစ်ရက် သူ့အခန်းတွင်းသို့ ခေါ်လည်ပါသည်။ သူ့ခုတင်အောက်မှ အရိုးခေါင်းကို ထုတ်ပြ၏။ သူမွေး ထားသည့် ရေမြွေငယ်ငယ်လေးက မျက်တွင်းပေါက်မှ ထွက်လာလိုက်၊ ပါးစပ်ပေါက်တွင်းသို့ ဝင်သွားလိုက်နှင့် ယဉ်ပါးစွာ ဆော့ကစားနေသည်။ ကျွန်တော်တို့ကတော့ စိုးရွံ့ထိတ်လန့်ပြီး ထွက်ပြေးကြပါတော့သည်။ နောင်သောအခါ သူ့အခန်းတွင်းသို့ ဘယ်တော့မှ မလိုက်ဝံ့တော့ပါ။

## အသည်းငယ်လေသူ

ကျွန်တော် အကြံတစ်ခု ရလိုက်ပါသည်။ စက်မှုတက္ကသိုလ်တွင် တက်နေသော တောင်ကြီးမှ ကျောင်းနေဘက် သူငယ်ချင်း တင်ယောက်

www.burmeseclassic.com

www.burmeseclassic.com



အင်းလေးဆောင်တွင် ရှိ၏။ အမည်က မျိုးမြင့်ဖြစ်ပြီး တစ္ဆေကြောက်တတ်ပါသည်။ ထိုစဉ်က ကျွန်တော့်အဆောင်မှာ စဥ့်ကူဆောင် ဖြစ်၏။ ကြားတွင် ပင်လုံဆောင် ခြားပါသည်။ သူ့အား အဆောင်သို့ လာလည်ရန် တစ်ညချိန်းလိုက်ပါသည်။ ကျီစားလိုသော အကြံအစည်ဖြင့် ချိန်းဆိုကြောင်း သူ မသိရှာပါ။

မျိုးမြင့်အား ချိန်းထားသော ညနေပိုင်းတွင် ကျွန်တော်နှင့် အတန်းဖော်တစ်ယောက်တို့ အလုပ်ရှုပ်နေကြပြီ။ ငါးတိုင်အား မီးသီးအနီ နှစ်လုံးကို ကျွန်တော့်အရိုးခေါင်း မျက်ပေါက်ကွင်းနှစ်ကွင်း အတွင်းသို့ ထည့်သွင်းသည်။ ဂဏန်းကောင်မျက်လုံးကဲ့သို့ ပြူးထွက်နေသည်။ အခန်းကို မှောင်ချထားပြီး စာကြည့်စားပွဲပေါ်၌ အလှတင်ထားသည့် အရိုးခေါင်း မျက်လုံးအနီ မီးနှစ်ပွင့်သာ မီးဖွင့်ထားမည်။ မူလ ကျွန်တော့်အစီအစဉ်က ဤမျှသာ ဖြစ်၏။

အတန်းဖော်က သူငယ်ချင်း သိန်းထိုက်ထံမှ အရိုးစုကို ငှားပြီး ကျွန်တော့်ခုတင်ပေါ်၌ ပက်လက်လှန် လဲလျောင်းနေသည့်ဟန် ပြင်ဆင်ပါတော့သည်။ ကျွန်တော့်အခန်း အပြင်အဆင်မှာ အခန်းတံခါးကို ဖွင့်လိုက်လျှင် စာကျိက်စားပွဲကို လှမ်းမြင်နိုင်၏။ တံခါးအကွယ်တွင် အကျီဗီရိုပြီး တစ်ဆက်တည်း ခုတင်ကို နံရံဘက်ကပ်လျက် ခင်းကျင်းထားပါသည်။ ထို့ကြောင့် စာကြည့်စားပွဲ၌•လူကို မတွေ့ရ၍ ခုတင်ဘက်သို့ မျက်စိ ကစားကြည့်ရမည့် အနေအထားမျိုး ဖြစ်ပါသည်။

ကျွန်တော်နှင့် အတန်းဖော်တို့ စိတ်ကြိုက်ပြင်ဆင်ပြီးသော် အင်းလေးဆောင်သို့ ကျွန်တော် ကူးခဲ့သည်။ သူငယ်ချင်း မျိုးမြင့်အား အလယ်ထပ် သူ့အခန်း၌ အဆင်သင့် မတွေ့ရပါ။ ပြင်ဆင်ထားခဲ့သည့် မောပါပြီဟု စိတ်ဓာတ်ကျမိ၏။ အောက်ထပ်သို့ ဆင်းခဲ့ရာ ညည်ခန်းတွင် ပင်းပေါင်ဟုခေါ်သော စားပွဲတင်တင်းနစ် ကစားနေသည်ကို တွေ့ရ၍ ဝမ်းသာသွားတော့သည်။ ကစားပြီးလျှင် ကျွန်တော့် အခန်းသို့ သွားနှင့်ပါ။ လက်ဖက်သုပ် သွားဝယ်ပါဦးမည်။ သော့ယူထားပါ။ ကိုယ်တိုင်ဖွင့်ဝင်ပါဟု

www.burmeseclassic.com



ကြားကာ သော့ပေးအပ်ခဲ့ပါသည်။ လက်ဖက်သုပ် အမြန်ဝယ်ပြီး ဆောင်သို့ မြန်မြန်ပြန်ခဲ့ကာ ဘေးခန်းရှိ အတန်းဖော်အခန်း၌ ဝင်နေခဲ့၏။ တန်းဖော်က အဆောင်ဆင်ဝင်အောက်မှ မျိုးမြင့်အား စောင့်ကြည့် နေပါသည်။

မကြာပါ။ မျိုးမြင့်တစ်ယောက် ရောက်လာချေပြီ။ ကျွန်တော့် ခန်းတံခါးကို သော့ဖွင့်လိုက်ပြီး တွန်းကြည့် လိုက်သည်နှင့် "အမလေးဗျ" ဟု အာမေဋိတ်သံတစ်ခွန်း ထွက်လာသည်။ သူ သတ္တိမွေးပြီး တံခါးဘေးရှိ ခလုတ်ကို ဖွင့်၏။ ဖန်ချောင်းလင်းလာပြီး ခုတင်ဘက်သို့ မျက်စိ ကြည့်တွင် ဒူးညွတ်ခွေကျသွားလေပြီ။ ကျွန်တော်တို့ အပြေးအလွှား စုလိုက်ရသည်။ နှာနှပ်သူကနှပ်၊ ခြေမ ချိုးသူကချိုး၊ ယပ်ခပ်သူက ခပ်နှင့် အတော်အလုပ်ရှုပ်လိုက်ရသလို၊ အတော်လည်း ထိတ်ထိတ်ပျာပျာ ဖြစ်လိုက်ကြရသည်။ အရိုးစုတွေ အမြန်သိမ်း၊ အရိုးခေါင်းကို ဖွက်နှင့် မျိုးမြင့် သတိလည်လာသောအခါ သူ့အား ဝိုင်းဝန်း နောက်ပြောင် ကြရသည်။ သူ့ကြောက်စိတ်ကြောင့် ထင်ယောင်ထင်မှားဖြစ်ခြင်းသာဟု ညီဖြား ပြောကြားကြသော်လည်း သူ့မှာတော့ အတော်ထိတ်လန့် သွားရ၏။

သွေးဆေးတိုက်ပြီးနောက် ဘလက်ကော်ဖီ ဖျော်တိုက်ရသည်။ သူ့မှာ ချွေးစေးတွေက ထွက်ဆဲအပြင် လူက တုန်တုန်ယင်ယင် ဖြစ်နေရာ၊ လက်ဖက်သုပ်ကိုပင် မစားနိုင်ရှာပါ။ သူ့ကို အဆောင်သို့ ပြန်ပို့သောအခါ ကြက်ဥပူပူနွေးနွေးကို အိပ်ဆေးတစ်လုံးနှင့် တိုက်ပြီး အိပ်ခိုင်း လိုက်ရပါသည်။ တော်ပါသေး၏။ လန့်ဖျား မဖျားပေလို့။ ကျီစားသန် ဖြစ်ဟု အဆိုရှိသည်။ ကျွန်တော်တို့မှာ ကျီစားလွန်ရာမှ ကံကောင်း၍ သာတစ်လောင်း မပေါ်ခြင်းပါ။ ကျွန်တော်တို့ ဆေးကျောင်းသားများ အတွက် အမြင် ရိုးနေခဲ့ပြီးမို့ မကြောက်မရွံ့ကြတော့သော်လည်း စက်မှု ကျောင်းသား မျိုးမြင့်အတွက်မူ အထိတ်တလန့်ကြီးဖြစ်ကာ မူးမေ့လဲရ သည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



## အိပ်မက်ဆန်း

ကျောင်းတက်၍ နှစ်လကျော် ကြာလာခဲ့သောအခါ ကျွန်တော့်တွင် အိပ်မက်ဆန်းတစ်ခု မြင်မက်ပါတော့သည်။ အိပ်မက်ဟု ပြောရသော်လည်း အိပ်မက်လိုလို၊ တကယ်လိုလို ဇဝေဇဝါ မသေမချာလှပါ။ သေချာသည်ကတော့ ပြာသိုလကွယ်ညဟု တိတိကျကျ မှတ်မိသည်။ သမိုင်းကျောင်းဆောင်များအနက်၊ အဆောင် ၁-နှင့် အဆောင် ၁၀-တို့သည် ကျောချင်းကပ်လျက် အရှေ့ဘက်အစွန်ဆုံး ရာဘာပင်အုပ်အုပ်ဆိုင်းဆိုင်း ရှိလှသော ရာဘာတောအစပ်တွင် တည်ရှိ၏။ ဆောင်းတွင်းမို့ မြူနှင်းအုံ့ဆိုင်းတတ်လျက် အခြားအဆောင်များထက် ပိုမိုပြီး အအေးဓာတ် လွန်ကဲလှ၏။ အေးအေးစိမ့်စိမ့်နှင့် ကွေးပြီး အိပ်လိုက်ရာ ဆောင်းတွင်းအိပ်မက် ကယောင်ကတမ်း ဖြစ်လေသလားဟု မိမိကိုယ်ကိုမိမိ ညတစ်ရေးအနိုး တွင် ဆန်းစစ်ကြည့်မိပါသည်။

နိုးတစ်ဝက်အိပ်တစ်ဝက် အခြေအနေတွင် ကြုံရသော တကယ့် အဖြစ်အပျက်ပါ။ အိပ်မက်ဆိုသည်ကလည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော် နေစဉ် မြင်မက်တတ်သည့် အမျိုးမဟုတ်။ လုံးလုံးနိုးကြားနေစဉ်၌လည်း မမြင်မက်တတ်ကြောင်း စာဖတ်ပရိသတ်အပေါင်းတို့ သိပြီးဖြစ်ပါသည်။ အိပ်မောမကျမီ၊ အိပ်၍ မပျော့တပျော်အချိန်၌လည်းကောင်း၊ အိပ်ရာမှ လုနိုး၍ ပြန်နိုးခါနီး အိပ်ရာမနိုးတနိုး အချိန်၌လည်းကောင်း၊ ထိုကာလ နှစ်ခု၌သာ အိပ်မက်ကို ကျွန်တော်တို့ မြင်မက်တတ်ကြပါသည်။ ယခု အဖြစ်အပျက်က အိပ်မောကျနေစဉ် ညဉ့်နက်သန်းခေါင်အချိန်၌ ဖြစ်ပေါ် ပါသည်။ မည်သို့ဆိုစေ၊ အိပ်မက်ဆန်းတစ်ခုဟုသာ ယူဆလိုက်ကြပါစို့။

ကျွန်တော့်အိပ်မက်ဆန်းက ဤသို့ ဖြစ်ပါသည်။ ကျွန်တော့် ခုတင် ခြေရင်း ဘေးတစောင်း ကြမ်းပြင်ပေါ်၌ ကျုံ့ကျုံ့ယုံ့ယုံ့ ထိုင်နေရှာသော ကုလားမလေးတစ်ဦးက တရှုပ်ရှုပ် ငိုကြွေးနေပါသည်။ ကုလားမလေး မည်သို့သိသနည်း။ ဆာရီဖြူဆွတ်ဆွတ် ခေါင်းမြီးခြုံထားခြင်း မျက်နှာ မဆိုထားနှင့်၊ ဦးခေါင်းကိုပင် လုံခြုံအောင် ဖုံးကွယ်ထားသော ဆာရီကြောင့်

www.burmeseclassic.com



သာ ကုလားမလေးဟု သိနိုင်ပါသည်။ ငိုနေပုံမှာ ဝမ်းနည်းပန်းနည်း တိုးတိုးညင်သာ ရှိလှ၍ အင်မတန်မှ သနားစဖွယ် ရှိလှပါသည်။ ကျွန်တော့်အခန်းထဲ ညကြီးမင်းကြီး ဘယ်လိုလုပ်ပြီး သည်ကုလားမလေး ဝင်ရောက်နေ ပါလိမ့်။ အဆောင်နည်းပြတို့၊ အဆောင်မှူးတို့ သိကုန်လျှင် ပြဿနာတက်ကုန်ပါတော့မည်ဟု စိုးရိမ်စိတ် ဖြစ်လိုက်မိချိန်၌ လူက လုံးဝနိုးလာပါပြီ၊ ဆန်းတော့ဆန်းတာပဲဟု တွေးတောမိရင်း ကျွန်တော်သည် အိပ်မပျော်တော့သည့်အတူတူ နောက်တစ်နေ့ ဖြေဆိုရမည့် လပတ် စာမေးပွဲအတွက် စာထိုင်ကြည့်နေလိုက်ပါသည်။

## သန်းခေါင်ယံရွှေညည့်သည်

သင်တန်းတွေတက်၊ လက်တွေ့တွေဆင်း၊ အပတ်စဉ် စာမေးပွဲများ တစ်ခုပြီးတစ်ခု ဆက်တိုက်ဖြေဆိုနေရ၍ အချိန်တွေ ကုန်မှန်းမသိ ကုန်လွန် လွယ်လှသည်။ အိပ်မက်ဆန်းကိုလည်း မည်သူ့ကိုမျှ မပြောပြဖြစ်ပါ။ ယုံကြည်သူတို့က ကျွန်တော့်အား အရူးဟု ပြောင်နောက်ကြမည်စိုးသော ကြောင့်ပါ။ သို့နှင့် တပို့တွဲလပြည့်ညသို့ မထင်မှတ်ဘဲ အမြန်ကြီး ရောက် သာပါတော့၏။ နှင်းမှုန်မှုန်၊ ဝိုးတိုးဝါးတား ကျနေသည့် လောကဓာတ်ကြီး ကို ငွေလမင်း၏ အလင်းရောင်ခြည်တန်းများ၊ ရာဘာပင်ကြားမှ ထိုးဖောက် ကျဆင်းနေပုံ ဖြည့်စွက်လိုက်သောအခါဝယ် သာယာကြည်နူးစရာ ကောင်းလှပါသည်။ ကျွန်တော်သည် ၁၉၆၈–၆၉ စာသင်နှစ်အတွက် အဆောင် ၁ (စဥ့်ကူဆောင်)သို့ ပြောင်းရွှေ့ခဲ့ရသည်။ မြောက်ပြန်လေ သွေးတော့ အေးလှပါ၏။ စနေနေ့ညမို့ စောစောအိပ်ရာဝင်ခဲ့ပါသည်။

သန်းခေါင်ယံတွင် ရွှေညည့်သည် ကုလားမလေး ရောက်လာပြန် သည်။ ယခင် တွေ့မြင်ခဲ့ရသည့် ခုတင်ခြေရင်း၌ပင် ဆာရီအဖြူလေး ခေါင်းမြီးခြုံလျက် တရှုတ်ရှုတ် ငိုကြွေးနေချေသည်။ လပြည့်ည ရွှန်းမြမြ ငွေလရောင်ကြောင့် ယခင် လကွယ်ညထက် ပိုမိုထင်ရှားစွာ မြင်ရ၏။ မြတင်းပေါက်မှ အခန်းအတွင်းသို့ ဖြာဆင်းနေသော လမင်းရောင်ခြည် ကြောင့် အခန်းမီး ပိတ်လျက်ကပင် လင်းထင်းနေပါသည်။ မျက်နှာကို

www.burmeseclassic.com

www.burmeseclassic.com



သည်း မမြင်ရ။ ဘာစကားတစ်ခွန်းမှလည်း မပြော၊ ကြေကွဲဝမ်းနည်းစွာ ငိုကြွေးနေသည်မှာ သနားကရုဏာသက်စရာပါပေ။ အမျှအတန်း ပေးဝေရန်ကိုလည်း ကျွန်တော်က သတိမရလိုက်ပါ။ ဘာအလိုရှိသနည်းဟု မေးမြန်းဆက်သွယ်ရန်ကိုလည်း မစဉ်းစားမိခဲ့ပါ။ ရုတ်ခြည်းနိုးလာချိန်ဝယ် ရွှေညည်သည်က ပျောက်ကွယ်ခဲ့လေပြီ။

နောက်တစ်ခါ ကြုံရင် အမျှဝေမယ်၊ အကျိုးအကြောင်း မေးမယ်ဟု စိတ်ဝယ် တေးမှတ်ထားခဲ့သော်လည်း သန်းခေါင်ယံ ရွှေညည်သည်က ထပ်မလာပါဦးမည်လော။ သို့နှင့် အမှတ်မထင်ရက်များ တရွေ့ရွေ့ ကုန်လွန်ရင်း တပို့တွဲလကွယ်ညသို့ တိုင်ခဲ့ပြီ။ စနေနေ့ညပင် တိုက်ဆိုင်ပြန်သည်။ သန်းခေါင်ယံရွှေညည်သည်အား သတိလုံးဝ မရမိရိုး အမှန်ပါ။ မနက်ဖြန် တနင်္ဂနွေကျောင်းပိတ်ရက်မို့ စာမကြည့်ဘဲ စောစော အိပ်ရာဝင်ခဲ့၏။ ဟော–သန်းခေါင်ယံ ရောက်သောအခါ လာချေပြီ၊ ခုတင်ခြေရင်းမှာ ဆံထုံးရီအဖြူလေး ခေါင်းမြီးခြုံလျက် တရှုပ်ရှုပ်ငိုကြွေးသည့် ကုလားမလေး သန်းခေါင်ယံရွှေညည်သည်ကို ဒီတစ်ခါတော့ ကျွန်တော် သတိတရ ကုသိုလ်အမျှအတန်း ဝေလိုက်ပါ၏။ သာဓုခေါ်ဖော် မရပါ။ ဘာလုပ်ပေးရမည်နည်းဟု မေးလိုက်သောအခါ သူ့ဦးခေါင်းကို ပြန်ပေးပါဟု ဆိုလာချေသည်။ ဘယ်ဦးခေါင်းတုံးဟု ထပ်ဆင့်မေးလိုက်လေလျှင် ကျွန်တော့်စာကျက်စားပွဲပေါ်၌ အလှတင်ထားသော အရိုးခေါင်းကို လက်ညှိုးထိုးပြ ညွှန်ပြပါတော့သည်။

ဗုဒ္ဓေါ ... ဟု အာမေဋိတ်ပြုမိသည်နှင့် ရွှေညည်သည် ရုတ်ခြည်း ပျောက်ကွယ်ခဲ့သလို ကျွန်တော်လည်း ရုတ်ခြည်း လန့်နိုးလာပါသည်။ ရွှေညည်သည်နှင့် ဆက်သွယ်ပြောဆိုရာ၌ တကယ်တမ်း နှုတ်ဖြင့်မေး နှုတ်ဖြင့်ဖြေခြင်း မဟုတ်ကြောင်း အလွန်အံ့သြစွာ စဉ်းစားမိလိုက်၏။ ဤသို့ဆိုလျှင် မည်သို့ ဆက်သွယ်သိရှိနိုင်ကြသနည်းဟု စာဖတ်သူတို့ သိလိုကြပေလိမ့်မည်။ စိတ်ထဲက မေး၊ စိတ်ထဲက ဖြေ၊ တစ်ဦးအမေးကို တစ်ဦးက သိနေပြီး တစ်ဦးဖြေကြားသည်ကိုလည်း တစ်ဦးက သိရှိနေသည့် ပုံစံမျိုး ဖြစ်ပါ၏။ မနောသိဟု ဆိုရပါမည်။ သိပ္ပံနည်းအားဖြင့်ဆိုသော်

www.burmeseclassic.com

www.burmeseclassic.com



တယ်လီပသီနည်းဟု ဆိုပေလိမ့်မည်။ အမှန်ကတော့ တယ်လီပသီနည်းသည် တစ်ဦးနှင့်တစ်ဦး မြို့ခြားရွာခြား ကွာဝေးတတ်၏။ ကျွန်တော်တို့အဖြစ်ကမူ တစ်ခန်းတည်း၌ ငါးပေခြောက်ပေခန့်သာ အလှမ်းကွာပါသည်။ မည်သို့ဆိုစေ ထူးသောအသိဟု ဝန်ခံရပေလိမ့်မည်။

သူ့ဦးခေါင်းကို ပြန်ပေးရန် တောင်းနေ၏။ ဘယ်လို ပြန်ပေးရမည်နည်း။ သူ ဘယ်သူနည်း။ ဘယ်ကနည်း။ ဘာကြောင့် သေခဲ့ရသနည်း။ ဘာကြောင့် မကျွတ်လွတ်သနည်း။ သိချင်သည့် မေးခွန်းတွေက တသီတတန်းကြီး ဖြစ်နေပြီ။ ဘုရားရှင်လက်ထက်က ရှိခဲ့ဖူးသည့် အရိုးခေါက်ဆရာ ဝင်္ဂီသလို ကျွန်တော့်တွင် ပညာထူးတတ်မြောက်ခဲ့လျှင် အကောင်းသား။ စားပွဲပေါ်က အရိုးခေါင်းကို လက်ဖြင့် တောက်ကာ တောက်ကာ ခေါက်မေးလိုက်ရုံသာ မဟုတ်ပါလား။

## အရိုးခေါက်ဆရာ

ကျွန်တော်တို့၏ ဂေါတမမြတ်စွာဘုရားရှင် လက်ထက်တော်တုန်းက နက္ခတ်လှည့်ဆရာ၊ ဗေဒင်ဆရာ၊ ပယောဂဆရာ၊ အောက်လမ်းဆရာတို့ထက် တစ်မူထူးပြီး ပညာတစ်မျိုးစွမ်းသည့် အရိုးခေါက်ဆရာ ဝင်္ဂီသဆိုသော ပုဂ္ဂိုလ်ထူးတစ်ဦး ပေါ်ပေါက်ခဲ့ဖူးပါသည်။ သူ၏ မိဘနှစ်ပါးဖြစ်သော ပရိဗိုဇ်သင်မယားတို့သည် ဝါဒငါးရာစီ တတ်ကျွမ်းကြပါသတဲ့။ ထို့ကြောင့် ဆရာဝင်္ဂီသသည် အမိဘက်မှ ဝါဒငါးရာ၊ အဖဘက်မှ ဝါဒငါးရာ၊ နှစ်ရပ်ပေါင်း ဝါဒတစ်ထောင်ကို တတ်ကျွမ်းသူ ဖြစ်ခဲ့၏။ ဝါဒတစ်ထောင်ကို ပိုင်သူ သစ္စကပရိဗိုဇ်နှင့် ခေတ်ပြိုင်ပေါ်ထွန်းလာသူ ဖြစ်သော်လည်း၊ သစ္စကပရိဗိုဇ်ထက် ဝင်္ဂီသမှာ အတတ်ပညာတစ်ခု ပိုပါသည်၊ ထို အတတ်မှာ သေပြီးသူ၏ ဦးခေါင်းရိုးကို လက်ဖြင့် ခေါက်ကာ၊ သူ ဘယ်ဘဝ ရောက်နေသည်၊ ဘာဖြစ်နေသည်၊ ဘာလုပ်ပေးစေချင်သည် စသည်ဖြင့် သောနိုင်ပြောနိုင်ခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဝင်္ဂီသ အကျွတ်တရားရပုံက တစ်မျိုးတစ်ဘာသာ ဆန်း၏။ အခါတစ်ပါး မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်း သီတင်းသုံးနေတော်မူစဉ် အရိုးခေါက်ဆရာ ဝင်္ဂီသလည်း သာဝတ္ထိပြည်သို့ ဆိုက်ရောက်လာ၏။ အရိုးခေါင်းပိုက်လျက် သူ့ထံ လာသူကလာ၊ ပန်းနံ့သာဖြင့် ဇေတဝန်ကျောင်းတော်သို့ သွားသူကသွား၊ ပရိသတ်နှစ်မျိုးနှစ်စားကို သတိပြုမိသော ဝင်္ဂီသသည် စုံစမ်းကြည့်သောအခါမှ လောက၌ ဘုရားရှင်ပေါ်ထွန်းနေကြောင်း သိရှိရတော့၏။ ထို့ကြောင့် ဘုရားရှင်ထံ ဝင်ရောက်ဖူးမြော်သည်။ ဘုရားရှင်ကလည်း သူ့ကို ကျွတ်ချိန်တန်ပြီ ဖြစ်ကြောင်း သိရှိတော်မူသည့်အလျောက် တန်ခိုးတော်ဖြင့် ဦးခေါင်းခွံသုံးလုံး ယူဆောင်ကာ ဘယ်အရိုးခေါင်းသည် ဘယ်ဘဝ ရောက်နေသည်ကို ဟောခိုင်းတော့သည်။

အရိုးခေါက်ဆရာ ဝင်္ဂီသလည်း ပထမအရိုးခေါင်းကို ခေါက်ပြီးသော် ငရဲရောက်နေကြောင်း ဖြေ၏။ ဒုတိယအရိုးခေါင်းရှင်ကမူ နတ်ပြည်သို့ ရောက်နေကြောင်း လျှောက်တင်၏။ တတိယအရိုးခေါင်းကို တတောက်တောက်နှင့် ချွေးပြန်အောင် ခေါက်ပါသော်လည်း သူ့၌ အဖြေပေါ်မလာခဲ့ပေ။ သူ လက်လျှော့လေမှ ဘုရားရှင်က နိဗ္ဗာန်သို့ စံဝင်ခဲ့ပြီဖြစ်ကြောင်း မိန့်တော်မူသည်။ သူ အလွန် အံ့ဩသွားခဲ့၏။ သူ့ထက် ပညာအရာ၌သာသူ ပေါ်ပေါက်ခဲ့ပြီတကား။ ထိုပညာကို ရလို၏။ ဘုရားထံ တောင်း၏။ ရဟန်းဝတ်မှ သင်ပေးမည်ဟု ဆိုသောကြောင့် ရဟန်းဘဝကို ရယူလိုက်သည်။ ပညာပေးရန် ပရိကံဆောင်ရဦးမည်ဟု မိန့်တော်မူကာ ပရိကံအဖြစ် ဒွတ္တိံသကာရကမ္မဋ္ဌာန်းကို ဟောကြားတော်မူသည်။ ဝင်္ဂီသရဟန်းသစ်လည်း ၃၂–ကောဋ္ဌာသကို အနုလုံပဋိလုံ အပြန်ပြန် အလှန်လှန်ကမ္မဋ္ဌာန်း စီးဖြန်းပွားများရာ သမာဓိ မြင့်တက်သည်ထက် မြင့်၊ ဝိပဿနာဉာဏ် ရင့်သည်ထက် ရင့်ကာ နောက်ဆုံး၌ အရဟတ္တဖိုလ် ပေါ်ပြီး သူဘယ်တုန်းကမှ မရည်စူးခဲ့သည့် မြတ်နိဗ္ဗာန်သို့ တောက်လျှောက်မျက်မှောက်ပြုရလေတော့သည်။ ပုထုဇဉ်အနွယ်ကိုဖြတ်၊ အရိယာနွယ်ဝင်ရဟန္တာရှင်စင်စစ် ဖြစ်တော်မူလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



## အတိတ်ဇာတ်ကြောင်း

အရိုးခေါက်ဆရာ ဝဂီသကဲ့သို့ ပညာထူး မရှိသော်ငြားလည်း စေတနာ၊ မေတ္တာထားလျှင် အကျိုးများရပေလိမ့်မည်ဟု ကျွန်တော် ယုံကြည်သည့်အားလျော်စွာ လပြည့်လကွယ် အချိန်မှန်မှန် အလည် လာတတ်သော သန်းခေါင်ယံ ရွှေညှော်သည် ကုလားမလေးအား သူ၏ ဖြစ်ကြောင်းကုန်စင်ကို မေးမြန်းစုံစမ်းကြည့်ရာမှ အောက်ပါ ဇာတ်လမ်း လေးကို သိရှိရပါတော့သည်။

သူ၏နာမည်မှာ လက်ချမီး၊ အသက်က ဆယ့်ရှစ်နှစ်၊ နေရပ်မှာ ရန်ကုန်ရွှေမြို့တော်နှင့် မိုင်တစ်ရာကျော် ဝေးကွာသည့် တောမြို့လေး တစ်မြို့၊ မောင်နှမသားချင်းမရှိ တစ်ဦးတည်းသော သူဌေးသမီး ဖြစ်ပေ သည်။ ငယ်ရွယ်စဉ်ကပင် ကျန်းမာရေး သိပ်မကောင်း၊ ချူချာလှ၍ စေ့စပ် ထားပြီးသော်လည်း လက်မထပ်ဖြစ်သေးပါ။ တုပ်ကွေးအပြင်းဖျားရာ၌ အဆုပ်ပါ အအေးမိပြီး ရုတ်တရက် ကွယ်လွန်သည်။ မင်္ဂလာဆောင်ရန် အိမ် စိတ်ကြိုက်ပစ္စည်း လာဝယ်ရင်း၊ ရန်ကုန်မြို့၌ ဖျားနာသေဆုံးခြင်းပါ။ မိဘများ ယူကျုံးမရ ဖြစ်ကြရပြီး၊ ကုလားပြည်သို့ ပြန်သွားကြပြီ၊ ခွေမဲ့ မိမဲ့ နာနာဘာဝအဖြစ်နှင့် တစ်ကိုယ်တည်း ကျန်ရစ်ခဲ့လေရှာသူ ဖြစ်သည်။

သူ ဘာကြောင့် မကျွတ်ရသနည်း။ စေ့စပ်ထားသော ယောက်ျား ချီအား စွဲလမ်းနေခဲ့ခြင်းကြောင့်ပါတဲ့။ သို့နှင့် အစွဲအလမ်းမကြီးရန်၊ ဘဝမတူတော့သည့်အတွက် သံယောဇဉ်ဖြတ်တောက်ရန်၊ ဝေပေးခဲ့သော ကုသိုလ်အမျှအတန်းကို သာဓုခေါ်ဆိုရန်၊ ရတနာမြတ်သုံးပါးကို ယုံကြည် ပူဇော်ရန်၊ ကောင်းသောစိတ်ထားများကို မွေးမြူရန် စသည်ဖြင့် အလည် တစ်ခေါက် လာတိုင်း တရားနည်းနည်းချင်းစီ ဟောပြောပြရပါသည်။ ဝါ ဆင်မီ နယုန်လကွယ်နေ့ည၌ မနက်ဖြန် သူ့ကောင်လေး လက်ထပ်တော့ မည်ဟု ဆိုရင်း ကျူကျူပါအောင် ငိုတော့၏။ ကျေနပ်ခွင့်လွှတ်လိုက်ရန် နှင့် ဘာအနှောင့်အယှက်မှ မပေးရန် မေတ္တာရပ်ခံလိုက်ရသည်။ သူ့အပေါ် မီးကားသွားလေသူအား သံယောဇဉ်ဖြတ်လိုက်ဟန် တူသည်။

www.burmeseclassic.com

www.burmeseclassic.com



နောင်သောအခါ ဘာမှ မပြောတော့ပါ။ သို့သော် သူ့ဦးခေါင်းရိုးကို အတော် စွဲလမ်းဟန် တူ၏။ ပြန်ခါနီးတွင် ဦးခေါင်းပြန်ပေးရန် တောင်းဆိုမှု ဖြစ်၏။

## ကျွတ်ချိန်တန်ပြီ

သီတင်းမကျွတ်မီ ကျွန်တော်တို့ စာမေးပွဲကြီး ဖြေပြီးပါမည်။ ဇာ သောအခါ သူ့အရိုးခေါင်းအား မီးကျွမ်းအောင် ပြာချပြီး မြစ်ထဲ မျော ပေးမည်ဟု ကျွန်တော် ကတိပြု၏။ ကျွန်တော် တရားအဟောကောင်း မဟုတ်။ သူကိုယ်၌က ကျွတ်ချိန်တန်၍ ဖြစ်ပေလိမ့်မည်။ တော်သလင်း လပြည့်နေ့ည၌ ရွှေတိဂုံဘုရား တနင်္ဂနွေထောင့်၌ အုန်းသီး၊ ငှက်ပျောသီး မာလကာသီးတို့ဖြင့် ဆွမ်းတော်တင်ပေးပါ။ ဆီမီးခြောက်တိုင်၊ အမွှေးတိုင် ခြောက်တိုင် ပူဇော်ပေးပါ။ အင်ကြင်းပန်း ခြောက်ပွင့်ကိုလည်း ရည်စူးပြီး အထူး လှူပေးပါ။ အမျှဝေပေးပါဟု အကူအညီတောင်းခံပါတော့သည်။ တော်သလင်းလပြည့်သည် သောကြာည ဖြစ်၏။ စနေနေ့ဝက် ကျောင်းတက် ပြီး ဘုရားသွားမည် စိတ်ကူးသော်လည်း မရောက်ဖြစ်ခဲ့ပါ။ ထိုစနေညတွင် မနက်ဖြန် တနင်္ဂနွေနေ့ မနက်စောစော လှူဒါန်းပေးရန် အိပ်မက်ပေး ပြန်ပါသည်။

အင်ကြင်းပန်းဆိုသည်ကား နွေဦးကာလ တပေါင်းလ၌ ပွင့်သော ရာသီပန်း ဖြစ်၏။ ယခုလို ဝါတွင်းကာလကြီး အဘယ်မှာ ရနိုင်အံ့နည်း ရွှေတိဂုံရင်ပြင်တော် တနင်္ဂနွေထောင့်၌ အရန်သင့် တွေ့ပါလိမ့်မည်ဟု ဆို၏။ ထို့ကြောင့် မနက်စောစောထကာ မကျွတ်မလွတ်သူ ချမ်းသာ အတွက် ကြိုးစားဆောင်ရွက်ပေးပါသည်။ ဟုတ်ပါသည်။ တနင်္ဂနွေထော တွင် ကောင်လေးတစ်ယောက် အင်ကြင်းပန်းခြောက်ပွင့်ကို ကိုင်လျက် အသင့် တွေ့ရ၏။ တစ်ပွင့်တစ်ကျပ်ပါ။ လုမ္ဗိနီအင်ကြင်းပွင့်မို့ နှင်းဆီ လို လှပလိုက်ဘိခြင်း။ ကျွန်တော့်စိတ်ကူးထဲ၌ ဆဒ္ဒန်ဆင်မင်းအင်ကြင်း ခိုင်မျိုးကိုသာ အမှတ်ရမိနေခြင်း ဖြစ်၏။ လက်ချမ်းအတွက် ရည်စူး အလှူ ပြုလုပ်ပေးပြီးနောက် ခေါင်းလောင်းထိုးကာ အမျှအတမ်း ပေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါသည်။ ကျွန်တော့်နောက်နားက ရပ်လျက် ဝမ်းမြောက်စွာ သာဓု ခေါ်နေကြောင်း မနောထဲက သိနေ၍ လှည့်ကြည့်ရာ ဘာမှ မတွေ့ရဘဲ ကျောတစ်ချက် စိမ့်အေးသွားရပါသတည်း။

ထိုည သန်းခေါင်ယံတွင် လက်ချမ်း လာနှုတ်ဆက်ပါသည်။ ဆာရီ အဖြူ မဟုတ်တော့ပါ။ မနက်တုန်းက လှူပေးသော လုမ္ဗိနီအင်္ကြင်းပန်း အရောင်နှင့် တိုက်ဆိုင်စွာ တူနေသည်။ ရွှေရောင်အနားကွပ်ဖြင့် လှပလို့ နေသည်။ မျက်နှာကို ဝိုးတဝါးမျှ မြင်ခွင့်ရလိုက်၏။ နှာတံစင်းဖြောင့်ပြီး မျက်ခုံးထူထူတန်းတန်း၊ မျက်တောင်ကော့ကော့၊ မျက်လုံး ရွှန်းလက်ပြီး နှုတ်ခမ်းပါးက ပြုံးတုံ့တုံ့တို့ကို လျှပ်တစ်ပြက် မြင်တွေ့ရပြီးနောက်၊ လေလွင့် စက္ကူတစ်ချပ်လို ရုတ်တရက် လွင့်ပါးပျောက်ကွယ်သွားခဲ့၏။ နောက်ထပ် ဘယ်တော့မှ လက်ချမ်းကို အိပ်မက် မမြင်မက်တော့ပါ။

## တကယ်ဖြစ်နိုင်သလား

ကျွန်တော့် အတွေ့အကြုံဆန်းလေးကို "တကယ် ဖြစ်နိုင်သလား၊ မဖြစ်နိုင်ဘူးလား" ဟု စာဖတ်သူတို့ ဒွိဟသဘောမျိုး ဖြစ်ကြမည်မှာ မလွဲပါ။ ကျွန်တော်ကိုယ်၌ကပင်လျှင် တကယ် ဟုတ်နိုင် မဟုတ်နိုင်သည်ကို တစ်ရံတစ်ခါ ပြန်လည် တွေးတောနေမိတတ်ပါသည်။ သာမန်အဖြစ်အပျက် ထက် ထူးဆန်းလွန်းလျှင် ပုံပြင်လေလား၊ ယုံတမ်းလေလားဟု မယုံမကြည် ဖြစ်တတ်ကြောင်း ကျွန်တော် နားလည်သဘောပေါက်ပါသည်။ ပုံပြင်မဟုတ် ပါ။ ယုံတမ်းပြောနေခြင်းလည်း မဟုတ်ပါ။

ငယ်ငယ်တုန်းက ပုံပြင်တစ်ခု ကြားဖူးခဲ့ပါသည်။ လူကြီး လေးယောက် ယုံတမ်းပြောကြသည့်အခါ မယုံ သူ့ကျွန်ခံစတမ်းဟု သည်းကမ်းချက် ထား၏။ တစ်ယောက်က သူ့အဘိုး၏ နွား မည်မျှကြီး သနည်း ဆိုသော် ဧရာဝတီမြစ် တစ်ဘက်ကမ်းမှ ရပ်၍ ဟိုဘက်ကမ်း သို့ လှမ်းပြီး မြက်စားသည်။ နောက်တစ်ယောက်က သူ့အဘိုး၏ ပိန္နဲပင်

www.burmeseclassic.com

www.burmeseclassic.com



ကြီးသည် လူဆယ်ယောက်ဖက်သည့်တိုင် ပင်စည်လုံးပတ် တစ်ပတ် မပတ်မိသေးပါ။ တတိယတစ်ယောက်ကမူ သူ့အဘိုး၏ အိုးစည်အကြီးကြီး ပေါ်၌ လူဆယ်ယောက်ထိုင်၍ ထမင်းစားနိုင်ပါသည်။ ဤမျှကြီးသော အိုးစည်သည် လောက၌ မရှိနိုင်ဟုဆိုသော်၊ ဒုတိယလူ၏ ပိန္နဲပင်စည်ကို အိုးစည်ထွင်းကာ ပထမလူ၏ နွားသားရေဖြင့် အိုးစည်ကျက်လိုက်လျှင် အဘယ်ကြောင့် သူ ပြောသည့် အိုးစည် မရှိနိုင်ရမည်နည်း။

စတုတ္ထလူက တစ်ခါတုန်းက တောတွင်းမှ ထူးဆန်းသော အုန်းသီး ကြီးတစ်လုံး ရခဲ့၏။ အုန်းသီးကြီးကို ရိုက်ခွဲလိုက်သောအခါ မြစ်ရေကဲ့သို့ အုန်းရေများ ဒလဟော ထွက်ကျလာသည်။ ထိုအုန်းရေထဲ၌ ကောင်လေး သုံးကောင် ရေကူးလျက် မျောပါလာသည်။ ထိုကလေးသုံးယောက်သည် မင်းတို့ ဖြစ်သည်။ ငါ့ထံက ထွက်ပြေးသွားခဲ့ရာ ယခုမှ ပြန်လည်တွေ့သည် ဟု ဆိုသောအခါ ကျွန်သုံးဦးလုံးက မဖြစ်နိုင်ကြောင်း ပြောဆိုလေသည်။ လုံးဝမဟုတ်၍ မယုံနိုင်ဟု အငြင်းအခုန်ဖြစ်ကြသည်။ ထူးတော့မထူးပါ။ ယုံလျှင်လည်း စတုတ္ထလူ၏ နဂိုပိုင် ဖြစ်ပြီးပြီ။ မယုံလျှင်လည်း ကျွန်ဖြစ် စတမ်းမို့ ကျွန်ဖြစ်ကြရပေတော့မည်။

ကျွန်တော့်ဇာတ်ကြောင်းလေးကို ယုံတမ်းပြောခြင်း မဟုတ်ပါ။ ဆံ တစ္ဆေ၊ အရိုးတစ္ဆေ၊ လက်ညှိုးတစ္ဆေ၊ သွားတစ္ဆေ စသည်ဖြင့် အမျိုးမျိုး တင်ပြလာခဲ့ရာ၊ နောက်ဆုံး ကျွန်တော့် ခေါင်းရိုးခွံရှင် ကုလားမလေး လက်ချမီးက သူ့ခေါင်းပြန်ပေးရန် လာလာတောင်းသော ဇာတ်လမ်းလေး မှာ အထူးခြားဆုံး အဆန်းကြယ်ဆုံး ဖြစ်နေပေလိမ့်မည်ဟု ဆောင်းပါး ရေးသားသူ ကျွန်တော်က ကြိုတင်သိထားပြီးသားပါ။ ကျွန်တော့်ဆိုလိုရင်း မှာ တကယ့်အဖြစ်အပျက်တို့သည် ဝတ္ထုဆရာ၊ ဇာတ်ဆရာတို့ ကြံစည် စိတ်ကူးသည့် လုပ်ဇာတ်ထက် ပိုမိုဆန်းကြယ်တတ်ကြကြောင်းကို တင်ပြ လိုက်ခြင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်ခြင်း၊ မယုံကြည်ခြင်းသည် တစ်ဦးတစ်ယောက်၏ ကိုယ်ပိုင်ဆုံးဖြတ်ချက် ဖြစ်၏။ ပရလောကနှင့် ပတ်သက်သော အကြားအမြင်စာပေဗဟုသုတ မပြည့်စုံဘဲနှင့် တစ်ယူသန် တစ်ဖက်စောင်းနင်း ဆုံးဖြတ်၍ မမှန်ကန်နိုင်ပါ။ ထို့ကြောင့် ကျွန်တော်တင်ပြခဲ့သမျှတို့ကို မယုံကြည်သူတို့အား ယုံပါဟု အတင်း မတိုက်တွန်းလိုသော်လည်း၊ အကြားအမြင်ဗဟုသုတ နည်းပါးသေးသူတို့အား ဆက်လက် ဆည်းပူးလေ့လာရန်အများကြီး ကျန်ရှိနေပါသေးသည်ဟု သတိပေးလိုပါသည်။ အနှစ်ချုပ်အားဖြင့် စွဲလမ်းလျှင် ဘဝကူး မကောင်းနိုင်ကြောင်း၊ မွေကျွတ်မလွတ်ဘဝသို့ ကျရောက်နေလျှင် လွန်စွာမှ ပင်ပန်းဆင်းရဲကြောင်း၊ အမျှအတန်းပေးဝေတိုင်း သာဓုမခေါ်နိုင်ကြကြောင်း၊ ကျွတ်ချိန်တန်သောအခါ၌သာ အကျိုးဆောင်ပေး သူ့ကျေးဇူးကြောင့် ကျွတ်လွတ်နိုင်ကြကြောင်း စသည်တို့ကို တင်ပြရင်း နိဂုံးချုပ်လိုက်ရပါတော့သတည်း။

✣ ✣ ✣ ✣ ✣

www.burmeseclassic.com

www.burmeseclassic.com

# ၆။ တစ္ဆေကို မေတ္တာပို့လျှင် အကျိုးများမများ

●

**အမေးပုစ္ဆာ**

ကွယ်လွန်ပြီးသူကို မေတ္တာပို့သခြင်းသည် အကျိုးမရှိ အချည်းနှီး သာ ဖြစ်ရ၏ဟု ဆိုပါသည်။ လူတို့ လန့်ဖျပ်ကြောက်ရွံ့တုန်လှုပ်အောင် ခြိမ်းခြောက် ပြုလုပ်ကြကုန်သော နတ်ဘီလူးတို့၏ အန္တရာယ်တို့မှ ကင်းဝေး ပပျောက်စေရန် အလို့ငှာ၊ မေတ္တာသုတ်ပရိတ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ် သင့်ကြောင်း တိုက်တွန်းချက်တစ်ရပ် အမှန်တကယ် ရှိပါသည်။ သို့ဖြစ်၍ တစ်ခုနှင့်တစ်ခု စကားရှေ့နောက် မညီမညွတ် ဖြစ်မနေပေဘူးလား နတ် ဘီလူးတို့ ဆိုသည်ကလည်း ကွယ်လွန်သူတို့ ကျရောက်သော ဘဝများ မဟုတ်ပါလား စသည်ဖြင့် ဓမ္မမိတ်ဆွေတစ်ဦးက အမေးစောဒနာ ပြုလာ ပါ၏။ အမေးရှင်၏ အကြောင်းအချက်အလက်များသည် တစ်ခုချင်းအနေ နှင့် မှန်ကန်ပါသည်။ နှီးနွယ်ဆက်စပ်ပုံ မမှန်ကန်ပါကြောင်းကို ရှင်းလင်း ပြောပြရပါသည်။

ကျွန်တော်တို့ စကြာဝဠာလောကကြီးအတွင်းရှိ လူနတ်ဗြဟ္မာမှစ၍ သက်ရှိ သတ္တဝါ အဟိတ်တိရစ္ဆာန်နှင့် ငရဲကြီးရှစ်ထပ်ရှိ ငရဲသားများ အလယ်၊ ပြိတ္တာမျိုးစုံများ၊ အသူရကာယ်များအဆုံး ရှိသမျှ အလုံးစုံ သုခိတ၊ ဒုက္ခိတ ဝေနေယျအပေါင်းတို့အား –

၁။ **အဝေရာဟောန္တု** – ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြ ပါစေ ကုန်သတည်း။

www.burmeseclassic.com

www.burmeseclassic.com



၂။ အဗျာပဇ္ဇာပေဟောန္တု – ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ ကုန်သတည်း။

၃။ အနီဃာပေဟောန္တု – ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ ကုန်သတည်း။

၄။ သုခီအတ္တာနံပရိဟရန္တု – မိမိ ကိုယ်ကို ချမ်းသာအောင် ဆောင်ရွက်နိုင်ကြပါစေ ကုန်သတည်း။

ဟူ၍ ဘုရားရှိခိုးပြီးတိုင်း မေတ္တာပို့သကြပါသည်။ ကွယ်လွန်ပြီးသူ ဘိုးဘွား ဆွေမျိုးဉာတိ သားချင်းမိတ်ဆွေများတို့အား ကုသိုလ် အမျှ အတန်းကိုသာ ပေးဝေငှကြ၏။ မေတ္တာပို့သ၍ မဖြစ်နိုင်ကြောင်းကို စာဖတ်သူတို့ အစဉ်အလာအရ သိရှိပြီး ဖြစ်၏။ အဘယ့်ကြောင့် ကွယ်လွန်ပြီးသူတို့အား မေတ္တာပို့သရန် မဖြစ်နိုင်ပါသနည်း။ အဖြေမှာ နာမ်ရုပ်နှစ်ပါး အိုးစားကွဲကာ သေလွန်ပြီးဖြစ်သူတို့မှာ ဘယ်ဘဝ ဘယ်ဌာနီ ရောက်နေလေသည်မသိ၊ နာမည်ပညတ်သာလျှင် စွဲကျန်ပေသောကြောင့် မေတ္တာပို့သ၍ မဖြစ်နိုင်တော့ခြင်းပါ။

ပြိတ္တာ၊ တစ္ဆေ၊ ဘီလူး၊ ရုက္ခစိုး စသည့် ပရလောကသားတို့အား မေတ္တာပို့လျှင် အကျိုးများနိုင်မည်လား၊ သို့တည်းမဟုတ် မများနိုင်ဘူးလား ဆိုသည့် အမေးပုစ္ဆာကို စာဖတ်သူတို့ မည်သို့ ဖြေဆိုကြမည်နည်း။ ကျွန်တော့်အနေနှင့်မူ ကိုယ်တွေ့အဖြစ်အပျက်များစွာအနက် အတွေ့အကြုံ နှစ်ချက်ကို ရွေးနုတ်တင်ပြရင်း နီးစပ်သောအဖြေကို ရအံ့နိုးနိုး ကြိုးစားပြီး အဖြေထုတ် ကြည့်ပါရစေ။

## မင်္ဂလာဦးခရီး

အချိန်ကာလအားဖြင့် ၁၉၇၄–ခုနှစ်၊ ဝါဆိုဦးမှာ ဖြစ်ပါသည်။ ထိုနှစ် ဖေဖော်ဝါရီလ ၁၂–ရက်၊ ပြည်ထောင်စုနေ့၌ ကျွန်တော် အိမ်ထောင် ကျခဲ့ပါသည်။ လများမကြာမီ ကျွန်တော်တို့ ဇနီးမောင်နှံနှစ်ဦးသည် ခရီး တစ်ခုထွက်ရန် အကြောင်းဖန်လာ၏။ ပျားရည်ဆမ်း အပျော်ခရီးတော့

www.burmeseclassic.com



မဟုတ်ပါ။ ဆွေမျိုးသားချင်းတစ်ဦး ကိစ္စအတွက် တောင်ကြီးမြို့မှ သိပ်မဝေးလှသော မြို့ငယ်လေးတစ်မြို့သို့ ညအိပ်ခရီးသွားရခြင်း ဖြစ်၏။ လမ်းက ကြမ်းသလား မမေးနှင့်။ ကျောက်ခင်းလမ်း ဖြစ်ရသည့်အထဲ မညီမညာ ချိုင့်ခွက်တွေ ပြည့်နှက်နေသည်။ ကားကလည်း ဘတ်စကား စုတ် ဖြစ်နေပြန်ရာ ကျောအောင့်ခါးနာနှင့် မသက်သာလှသော ခရီးတစ်ထောက်ပါပေ။ ညနေပိုင်း မှောင်ရီပျိုးစအချိန်တွင် တည်းခိုရမည့် ဆွေမျိုးအိမ်သို့ ရောက်ပါပြီ။

အိမ်လေးမှာ ခြေတံမြင့် တစ်ထပ်အိမ်လေး ဖြစ်၏။ ထိုပျဉ်ထောင် အိမ်လေးမှာ သွပ်မိုးဖြစ်ပြီး လျှာထိုးပျဉ်ကာ နံရံတို့သည် ရေနံချေးဝကာ ညိုမှိုင်းနက်မှောင် နေပါသည်။ ရာသီဥတုမှာ မိုးရွာမလိုလို အုံ့ကာ၊ မှိုင်းနေ လို့ပဲလား။ နွားရိုင်းသွင်းချိန်မို့ပဲလား။ ဤအကြောင်းနှစ်ချက်အပြင် အခြား မသိနိုင်စွမ်းသော အကြောင်းလေးများ ရှိနေသေး၍များလား မသိ ကျွန်တော်စိတ်ထဲတွင် စနိုးစနောင့်နှင့် တစ်မျိုးကြီးဖြစ်ကာ အကြောင်း အချက် ခြေခြေမြစ်မြစ် မရှိပါဘဲလျက်၊ ရင်ထဲ၌ သိပ်ဘဝင်မကျချင်ပါ။ ကျွန်တော့်ဇနီးသည်ဘက်မှ ဆွေမျိုးအိမ်ဖြစ်ခြင်းကြောင့် နှုတ်က ထုတ်ဖော် မပြောမိသော်လည်း ရင်တွင်းမှာတော့ ကျက်သရေသိပ်မရှိလှပဟု မှတ်ချက် ချလိုက်မိပြီး ဖြစ်၏။ ဆိုလိုရင်းမှာ အိမ်၏ အနေအထားသည် နွေးနွေး ထွေးထွေး မရှိဘဲ အေးစက်စက် မှုန်မှိုင်းမှိုင်း ထုံတိုင်းတိုင်းကြီး ဖြစ်နေခြင်း ကိုပါ။

## ဖိန်းခနဲ

ကြိုတင် အကြောင်းမကြားထားသောကြောင့် ကျွန်တော်တို့ ရုတ်တရက် ရောက်သွားချိန်၌ "ဧည့်သည်လာသည်"ဟု အသံပြုလိုက်ခြင်း သည်နှင့် အိမ်သားများအားလုံး အားရဝမ်းသာ ထွက်ကြိုဆိုကြပါသည်။ တိတ်ဆိတ်ညှို့မှိုင်းနေသော အိမ်နှင့် ဝင်းခြံလေးမှာ နှုတ်ဆက်သံတို့ဖြင့် အသက်ဝင် လှုပ်ရှားလာပါတော့သည်။ ခရီးဆောင်အိတ်ကို လှမ်းဆွဲသူက

www.burmeseclassic.com

www.burmeseclassic.com



ဆွဲ၊ လက်ဆွဲနှုတ်ဆက်သူက နှုတ်ဆက်၊ ဘာကြောင့် ကြိုတင် သတင်းပေး စာမရေးရသလဲ၊ ကားဂိတ်မှာ လာမကြိုရကောင်းလား စသည်ဖြင့် အပြစ်ဖို့သူက ဖို့နှင့် ဆူညံသွားပါသည်။ ကုလားသိုက် ကျားဝင်ကိုက်ဆိုသည်မှာ ဤသို့ ဖြစ်ပေလိမ့်မည်ဟု ကျွန်တော် စဉ်းစားပြီး ပြုံးလိုက်မိပါ၏။ မည်သို့ဆိုစေ နွေးထွေးသော ကြိုဆိုမှုတို့ကြောင့် ဆွေမျိုးအသစ်စက်စက်ဖြစ်သော ညော်သူစိမ်း ကျွန်တော့်မှာ နေသာထိုင်သာ ရှိသွားပြီး ရင်းရင်းနှီးနှီး ဖြစ်သွားရပါတော့သည်။

ခြေတံရှည်အိမ်လေးထဲသို့ ဝင်ရောက်ရန် ငါးထစ်မျှရှိသော လှေကားလေးကို တက်ရပါမည်။ လှေကားအခြေသည် အုတ်ခုံလေးဖြင့် သပ်ရပ်ခိုင်ခံ့ပါသည်။ တံစက်မြိတ်အောက်သို့အဝင် လှေကားအုတ်ခုံလေးပေါ်သို့ အရောက်၊ ကျွန်တော့်တစ်ကိုယ်လုံး ဖိန်းခနဲ ရှိန်းခနဲ ဖြစ်သွားခဲ့၏။ အတွေ့အကြုံထူးမို့ အလွန်တစ်ရာ အံ့သြသွားမိပါသည်။ မကောင်းဆိုးဝါးနှင့် ရှေ့တွင် တွေ့ရတော့မည် အမှန်ဆိုလျှင် ကြက်သီးဖြန်းတတ်ကြောင်း ကျွန်တော် ကြားလည်း ကြားဖူး၏။ ကိုယ်တွေ့လည်း ကြုံဆုံဖူးပါ၏။ ယခုလို လူတွေ တစ်အုပ်တစ်မကြီးကြားမှာ ဖိန်းခနဲ ဖြစ်လိမ့်မည်ဟု ဘယ်သောအခါကမှ မမျှော်လင့်ထားခဲ့မိပါ။ ကျွန်တော့်ကို စမ်းတာလေများလား။

## ဘာသာရေးအားနည်း

ညော်ခန်းတွင် ခေတ္တခဏ အပန်းဖြေနားနေစဉ်မှာ ထိုမိသားစု၏ ဘာသာရေးယုံကြည်မှု သဒ္ဓါတရားကို ခန့်မှန်းကြည့်နေမိ၏။ ဘာသာရေးအခြေခံ အားနည်းကြောင်း အကဲခတ်မိလိုက်ပါသည်။ မည်သည့်အချက်များကို ကြည့်ပြီး ရတနာမြတ်သုံးပါးအပေါ် ကြည်ညိုမှုသဒ္ဓါ အားနည်းကြောင်း သိနိုင်ပါသနည်း။ အထင်ရှားဆုံးမှာ ဘုရားခန်း၏ အပြင်အဆင်ကို လျှပ်တစ်ပြက်စာမျှသာ မျက်တောင်ဝင့်၍ ကြည့်လိုက်သည်နှင့် ထိုမိသားစု၏ ဘာသာရေးအခြေခံ အားကောင်းမကောင်းကို သိနိုင်ပြီးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်တစ်အိမ်ရှိ အိမ်ရှင်မ၏ အရည်အသွေးကို သိလိုသော် ပထမ ဦးဆုံး သောက်ရေအိုးစင်ကို လေ့လာကြည့်ခြင်းအားဖြင့် သိနိုင်ပါသည်။ သန့်ရှင်းသောရေအိုး၊ ရေအိုးအဖုံး၊ သောက်ရေခွက်နှင့် ရေအိုးအုပ်ဆောင်း တို့ကို အကဲခတ်ကြည့်ခြင်းအားဖြင့် အိမ်ရှင်မ၏ စည်းစနစ်ကျမှုကို သောက်ရေတစ်မှုတ်မျှပင် မသောက်ကြည့်ရသေးဘဲနှင့် အလွယ်သိနိုင်ပါပြီ။

မီးဖိုချောင်ထဲသို့ ဝင်ရောက်လေ့လာမည်ဆိုပါက ပို၍ သေချာစွာ သိရှိနိုင်၏။ ဆန်အိုး၊ ဆီပုံးများ စနစ်တကျ ထားမထား။ ဆား၊ နနွင်းမှုန့်၊ ငရုတ်သီးမှုန့်၊ ငရုတ်ကောင်းမှုန့်၊ ဟင်းချိုမှုန့်၊ ငံပြာရည်၊ ငါးပိ၊ ငရုတ်ဆီ စသည့် ပုလင်းများတို့ကို စီစီရီရီ လွယ်လင့်တကူ သုံးနိုင်အောင် ထား မထား။ ချင်း၊ တက်၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ငရုတ်သီးတောင့်တို့ကို လွယ်လွယ်နှင့် မပျက်စီးအောင်၊ ကြွက်မချီအောင် သံဆန်ကာခြင်းထဲ ထည့်ပြီး ချိတ်ဆွဲထားမထား။ ဟင်းသီးဟင်းရွက်များကို ဆန်ကောဖြင့် ဖြန့်ကျင်းပြီး ထားမထား။ ဖွန်းခက်ရင်း၊ ပန်းကန်ခွက်ယောက်၊ ဓား၊ စဉ်းတီတုံး၊ ဆုံ စသည့် အသုံးအဆောင်တို့ကို သန့်ရှင်းသပ်ရပ်စွာ ထား မထား အကဲခတ်ကြည့်ခြင်းအားဖြင့် အိမ်ရှင်မ၏ အရည်အချင်းကို ချက်ချင်း သိရှိနိုင်ပါသည်။

ထိုနည်းတူစွာ ဘုရားခန်း၊ ဘုရားဆောင်၏ အခြေအနေကို အကဲခတ်ကြည့်ခြင်းအားဖြင့် ထိုအိမ်ရှိ မိသားစုတို့၏ ဘာသာရေးခံယူချက် အဆင့် အနိမ့်အမြင့်ကို ခန့်မှန်းနိုင်ခြင်း ဖြစ်ပါသည်။ ကျွန်တော် ရောက်ရှိ သွားသော အိမ်တွင် ဘုရားဆောင်သည် ရှိသင့်သည့် အိမ်ဦးခန်း၌ မထား ရှိဘဲ၊ အိမ်လယ်အခန်းကျယ်ကြီးထဲ၌ ဗီရိုတစ်လုံး အထက်ပိုင်းကို ဘုရားဆောင် ပြုလုပ်ထားခြင်း ဖြစ်၏။ ဤအချက်တစ်ချက်တည်းနှင့်ပင် ရတနာတော်မြတ်သုံးပါးအပေါ် ရိုရိုသေသေ အလေးတယူမရှိကြောင်း သိသာထင်ရှားနေပေပြီ။

ညောင်ရေအိုးများ၌ ပန်းလတ်လတ်ဆတ်ဆတ်များ မဟုတ်ဘဲ ပလတ်စတစ်ပန်းခိုင်များ ဖြစ်နေသည့်အပြင် ဖုန်အလိမ်းလိမ်းနှင့် ညစ်ပေ

www.burmeseclassic.com

www.burmeseclassic.com



နေသည်။ ပို၍ဆိုးသည်က ဘုရားရုပ်ပွားတော်နှင့်အတူ အခြားရုပ်ထုများ ရှိနေခြင်းပင်။ ကျွန်တော့်စိတ်ထဲ၌ ဘယ်လိုမှ မနှစ်မြို့နိုင်ပါ။ သတိထားရ ပေလိမ့်မည်ဟု မိမိစိတ်တွင်း၌ တေးမှတ်ထားလိုက်ရပါတော့သည်။

## ညလယ်သန်းခေါင်

ဆိုင်းမဆင့်ဗုံမဆင့် ရုတ်တရက် ရောက်ချလာသော ဧည့်သည် ကျွန်တော်တို့ ဖနီးမောင်နှံအား ညနေစာကို ဖွယ်ဖွယ်ရာရာ ချက်ပြုတ် ကျွေးမွေးကြပါသည်။ ထမင်းစားချိန် အတော်လေး နောက်ကျခြင်းနှင့် လမ်းခရီးတွင် ပင်ပန်းလာခြင်းတို့ကြောင့် ဆာဆာနှင့် မြိန်မြိန်ကြီး စားမိ ကြသည်။ ဟင်းစပ်ကလည်းတည့်၊ လက်ရာကလည်း ကောင်းလှ၍ ပိုစား မိကြပါသည်။ အချိတည်းရန် ဧည့်ခန်း၌ ထိုင်မိကြစဉ်မှာ သန်းဝေ့ိုက်မြည်း လာကြပါပြီ။ သို့နှင့် အနားယူရန် စောစောစီးစီးပင် အိပ်ရာဝင်ခဲ့ကြပါသည်။ အိပ်ခန်းထဲသို့ မဝင်မီ ဘုရားဆောင်၌ ဆီမီးသုံးတိုင် ပူဇော်ကာ၊ ကျွန်တော် ဘုရားဝတ်ပြုပါ၏။ အထူးမေတ္တာပို့ အမျှဝေပါသည်။ အိမ်သားများလည်း မိုးအေးအေးစိမ့်စိမ့်နှင့်မို့ စောစောစီးစီး အားလုံး အိပ်ရာဝင်ကြပါပြီ။ တစ်စုံတစ်ယောက်ကမှ ဘုရားဝတ်ပြု ရှိခိုးခြင်း မရှိသည်ကို ကျွန်တော် သတိထားမိခဲ့၏။

အခန်းဖွဲ့စည်းပုံမှာ လှေကားထိပ်အခန်းသည် ဧည့်ခန်း ဖြစ်၏။ ဧည့်ခန်းအလယ်လောက်တွင် ရှိသော တံခါးမပေါက်ကြီးမှ အတွင်းသို့ ဝင်လိုက်လျှင် ဘုရားဆောင်ရှိရာ အိမ်လယ်အခန်းကျယ်ကြီး ဖြစ်၏။ ထို အိမ်လယ်ခန်းမကြီး၏ ဝဲယာ တစ်ဘက်တစ်ချက်တို့၌ အိပ်ခန်းနှစ်ခန်းစီ ရှိပါသည်။ ကျယ်ဝန်းလှသော နှစ်ယောက်အိပ်ခန်းကြီးများ ဖြစ်ကာ ကျွန်းတံခါးကိုယ်စီနှင့် သီးခြားသန့်သန့် အခန်းများ ဖြစ်၏။ ကျွန်တော် တို့အတွက် ပြင်ဆင်ထားသော အခန်းတွင်၊ ကျွန်းတံခါးမှ အဝင်ဘက်တည့်တည့် ဟိုဘက်နံရံနှင့် ပြတင်းပေါက် တစ်ပေါက်ရှိပြီး နှစ်ယောက်အိပ် ကျွန်းခုတင် ကြီး၏ ခေါင်းရင်းတည့်တည့်တွင်လည်း ပြတင်းပေါက်တစ်ပေါက်ရှိရာ အဝင်

www.burmeseclassic.com

www.burmeseclassic.com



တံခါးတစ်ပေါက်နှင့် နံရံတွင် ပြတင်းပေါက်နှစ်ပေါက် ပါရှိသော အခန်း ကျယ်ကြီး ဖြစ်၏။

ထမင်းဆိပ်ကလည်း တက်၊ ဟင်းအဆီကလည်း ရစ်၊ ဂွမ်းကပ် ထူထူကြောင့် နွေးနွေးထွေးထွေးလည်း ရှိလှသည်မို့ မေတ္တာပို့ရင်း မျက်တောင်စင်းလာပါသည်။ မကြာမီ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွား တော့၏။ ခရီးပန်းထားသည့် အရှိန်ကြောင့် ကုလားသေ ကုလားမော အိပ်ပျော်သွားခြင်း ဖြစ်ပါသည်။ အစားကောင်း၊ အအိပ်ကောင်း၊ ကျန်းမာရေးကောင်းသော လူလတ်ပိုင်းသို့ ဝင်ရောက်စ ကျွန်တော်သည် ဤသို့ နှစ်ခြိုက်စွာ အိပ်ပျော်ခဲ့ပါလျှင် ပုံမှန်အားဖြင့် တစ်ညတာကို တစ်ရေးသာ ရရှိတတ်ပါသည်။ ထိုညသန်းခေါင်ယံလောက်တွင် အလွန် မတန် အိပ်ချင်လွန်းအားကြီးနေသည့်ကြားက နိုးတစ်ဝက်အိပ်တစ်ဝက် နှင့် အတွေ့အကြုံဆန်းတစ်ခုနှင့် ကြုံဆုံတိုးရပါတော့သည်။

## အန္တရာယ်တစ်ခု

နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေရာမှ ရုတ်တရက် နိုးလာသလိုလို ဖြစ်လိုက်၏။ ပင်ပန်းလွန်း၍ မျက်တောင်က မဖွင့်ချင်ပါ။ သို့သော် အာရုံ ထဲ၌ မျက်စိဖွင့်ကြည့်နေသည့်အလား အတိုင်းသား မြင်နေရပါသည်။ မမြင်ရခင်၌ အန္တရာယ်တစ်ခုခု လာသည်ဟု အသိစိတ်က စိုးကြောက်နေ ခဲ့သည်။ ဘာအန္တရာယ်မှန်းလည်း မသိပါ။ ဂွမ်းကပ်ထူထူကြီးကို လုံနေ အောင် ခြုံထားပါလျက်နှင့် လူက အေးစိမ့်စိမ့်ချမ်းကာ ကြက်သီးဖြန်း နေခဲ့ပါသည်။ လာနေပြီ–လာနေပြီ ဆိုသည်ကိုသာ သိနေ၏။ လူက နိုးလည်းမနိုး၊ အိပ်ပျော်နေသလားဆိုတော့လည်း မဟုတ်၊ အိပ်မက် မက်နေခြင်းလည်း လုံးဝမဟုတ်၊ မကြုံဖူးသည့် အခြေအနေထူးတစ်မျိုး ဟုသာ ပြောရပါတော့မည်။

မကြာပါ။ လှေကားမှ တစ်စုံတစ်ယောက် တက်လာပြီ။ ဧည့်ခန်း ထဲ ဝင်ပြီ။ အိမ်လယ်အခန်းကျယ်ကြီးထဲ ဝင်ပြီ။ ကျွန်တော်တို့ အိပ်ခန်း

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းတံခါးဝ၌ ရပ်နေပြီ စသည်ဖြင့် အဆင့်တိုင်းကို စိတ်ထဲက သိသိ နေပါသည်။ ခြေရင်းရှိ ကျွန်းတံခါးဆီသို့ ကျွန်တော် လှမ်းအကြည့်လိုက် ထယ် တိမ်တိုက်လိုလို၊ မီးခိုးဖြူလိုလို၊ လူပုံပန်းသဏ္ဍာန်ရှိ ထိုအရာကြီး သည် ကျွန်းတံခါးကို မဖွင့်ပါဘဲနှင့် အသာလေး ဖြတ်ကျော်နေပါပြီ။ သစ်သားထုကို ထိုအခိုးအငွေ့ဖြူဖြူကြီးသည် အလွယ်တကူ ဖြတ်ဝင် လာပုံမှာ ထူးထွေတည်အံ့ရာသော် ဖြစ်နေ၏။ ချက်ချင်းဆိုသလို တစ်ကောင်လုံး ကျွန်တော်တို့ အခန်းတွင်းသို့ ရောက်လာပါပြီ၊ ယောက်ျား မိန်းမ မသဲကွဲပါ။ တံခါးနှင့်တည့်တည့်ရှိ ပြတင်းပေါက်ဆီသို့ တရွေ့ရွေ့ သွားနေသည်။ လေတိုက်၍ အသာအယာ သူ့အလိုလို ရွေ့လျားသည့် ပုံစံမျိုးပါ။ ကျွန်တော်တို့ ခုတင်ဘက်သို့ လှည့်ကြည့်လှည့်ကြည့် လုပ်၏။ ကျွန်းတံခါးကို ဖြတ်ဝင်သကဲ့သို့ ပြတင်းပေါက်မှ အိမ်ပြင်သို့ ဖြတ်ထွက် သွား၏။ ကျွန်တော်လည်း လန့်နိုးလာပြီး ညဉ့်ခန်းမှ တိုင်ကပ်နာရီအိုကြီး တလည်း ဆယ့်နှစ်ချက် မြည်ဟည်းသွား၏။

ကျွန်တော် ကောင်းကောင်းကြီး နိုးလာပြီဖြစ်၍ အတွေ့အကြုံဆန်း ကို ပြန်လည် သုံးသပ်ကြည့်နေမိသည်။ အိပ်မက်လည်း မဟုတ်၊ တကယ် မြင်ရသည်လည်း မဟုတ်။ သို့သော် ရုပ်ရှင်ကြည့်ရသကဲ့သို့ ထင်ထင် ရှားရှားကြီး ဖြစ်ပါသည်။ မျက်စိစုံမှိတ် အိပ်ပျော်နေသလိုလို၊ နိုးနေသလိုလို နှင့် တကယ်သိ တကယ်မြင်ရသော အဖြစ်သည် ရှေးက တစ်ရံတစ်ခါမှ မကြုံဆုံဖူးပါ၍ အလွန်တစ်ရာ အံ့ဩရပြန်သည်။ မကောင်းဆိုးဝါးဆိုလျှင် အနက်ရောင်၊ အစောင့်အရှောက်ဆိုလျှင် အဖြူရောင် ဖြစ်တတ်သည်ဟု ကြားဖူးနားဝ ရှိထားခဲ့ရာ၊ ယခု မြင်တွေ့ရသည်က အဖြူရောင်မို့ အနက် ရောင်လောက် မဆိုးဝါးနိုင်ကြောင်း မိမိကိုယ်ကို မဲတင်းကာ အိပ်ပျော် အောင် ကြိုးစားရင်း၊ မေတ္တာပို့နေလိုက်၏။ ဇနီးသည်အားလည်း နှိုးပြီး ပြောမနေတော့ပါ။ အိပ်ပျက်နေပါဦးမည်။ ပြီးတော့ အထိတ်တလန့်နှင့် ကြောက်ရွံ့နေမည်ဆိုပါက အခက်ကြီး ခက်ပေဦးတော့မည်။ ကျွန်တော် လည်း မကြာမြင့်မီမှာပင် သက်တောင့်သက်သာ ပြန်လည် အိပ်ပျော် သွားပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဒုတိယည

ကျွန်တော်တို့ အစီအစဉ်မှာ လေးညအိပ် ငါးရက်ခရီး ဖြစ်ပါသည်။ ဒုတိယရက်တွင် ဘုရားပန်းများ လဲလှယ်ခြင်း၊ သောက်တော်ရေချမ်း ကပ်ခြင်း၊ ဆွမ်းတော်ကပ်ခြင်းများ ပြုလုပ်ဆောင်ရွက်ရင်း ညက တွေ့ခဲ့ ရသော ပရလောကသားကို ရည်စူးလျက် အမျှအတန်း ပေးဝေပါသည်။ အိမ်သားများအားလုံးနှင့်တကွ ထို ဖြူဖြူအစောင့်အရှောက်ကြီးကိုလည်း ကျန်းမာချမ်းသာပါစေကြောင်း မေတ္တာပို့သရပါသည်။ ဤသို့နည်းဖြင့် ချစ်ကြည်ရေးမိတ်ဆွေ ပြုကြရပါမည်။ သို့မဟုတ်က ကျန်ရှိနေသေးသော ညများအတွက် စိုးရိမ်ထိတ်လန့်နေရပါလိမ့်မည် မဟုတ်ပါလား။

တစ်ခုထူးဆန်းသည်ကို စဉ်းစားဆင်ခြင်မိ၏။ မကောင်းဆိုးဝါး အန္တရာယ် တစ်ခုခု လာနေပြီဟု အသိစိတ်၌ ထင်မြင်လိုက်သည်နှင့် ဣတိပိသောဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အစရှိသည့် ဂုဏ်တော်ကို တွင်တွင် ရွတ်ဆိုပါသည်။ အလွန်အားကိုးစွာ၊ အလွန်ယုံကြည်စွာ လေးလေး နက်နက် ရွတ်ဆိုပါ၏။ သို့သော် ထိုဖြူဖြူကြီးသည် နောက်မဆုတ်သွားပါ။ မပျောက်ကွယ်သွားပါ။ ရှေ့သို့ တိုးမြဲသာ တိုး၍ လာနေပါသည်။ ဘာကြောင့် ပါနည်း။ ကျွန်တော်လည်း မစဉ်းစားတတ်ပါ။ ကျွန်တော် ကြားဖူးသည်က ဘုရားဂုဏ်တော် ရွတ်ဆိုသံ ကြားလျှင်ကြားချင်း မကောင်းဆိုးဝါးတို့သည် တစ်ချိုးတည်း ထွက်ပြေးတော့သည်တဲ့။

မေတ္တာသုတ်ကို အကြိမ်ပေါင်းသက်စေ့မက ကျွန်တော် ရွတ်ဆို ပူဇော်ပါသည်။ ထိုဖြူဖြူကြီးကိုလည်း မေတ္တာပို့သလျက် နေပါသည်။ စိတ်က စိုးရွံ့နေသောကြောင့်လား မသိ။ ဒုတိယညသည် ပထမညတုန်းကကဲ့သို့ ခေါင်းချလိုက်သည်နှင့် တုံးခနဲ အိပ်မပျော်ပါ။ ဇနီးသည်ကတော့ အိပ်ပျော် နေပါပြီ။ အိပ်မပျော်လေ ဂုဏ်တော်ကို ရွတ်ဆိုလေ၊ မေတ္တာပွားများလေ နှင့် အန္တရာယ်နှင့် တွေ့မည်စိုးသောကြောင့် ကုသိုလ်အတော်ရလိုက်၏ ဟု ဆိုရပါမည်။ ည ၁၁–နာရီကျော်မှ မှေးခနဲ အိပ်ပျော်သွားပါသည်။ မကြာပါ။ ခွေးများအူသံ ကြားကာ အန္တရာယ်ဖြူဖြူကြီး လာနေပြီဟု

www.burmeseclassic.com



အသိစိတ် ဝင်လာ၏။ မျက်တောင်လေးနေပြီး လူက အိပ်ရာကောင်းကောင်း မနိုးပါ။ ပထမညကကဲ့သို့ နိုးတစ်ဝက် အိပ်တစ်ဝက် အခြေအနေဖြင့် ဂုဏ်တော်ကို နာနာဖိရွတ်နေမိ၏။

လှေကားမှတက်လာပြီ၊ ညှော်ခန်းထဲ ဝင်လာပြီ။ အိမ်လယ်အခန်းကျယ်ထဲ ရောက်လာပြီ။ ကျွန်တော်တို့ တံခါးဝ ရောက်နေပြီ စသည်ဖြင့် အားလုံး သိနေပါသည်။ ကျွန်းတံခါးကြီးကို ဖြတ်သန်းကာ အခန်းတွင်းသို့ ဝင်လာသည်ကို ထင်ထင်ရှားရှားကြီး မြင်နေရ၏။ ကျွန်တော်တို့ ခုတင်အနီး ရောက်လာပြီးနောက်၊ ခေါင်းရင်းနံရံရှိ ပြတင်းပေါက်မှ ဖြတ်ထွက်သွားပါသည်။ ပြတင်းပေါက်ပိတ်လျက်သားကို ကျွန်းတံခါးကြီးမှ ဖြတ်ဝင်လာကဲ့သို့ပင် ပြတင်းပေါက်မှ ဖြတ်ထွက်သွားခြင်းပါ။ ပြီးတော့ လူက လုံးလုံးနိုးလာပြီ၊ ညှော်ခန်းရှိ နာရီအိုကြီးကလည်း ဆယ့်နှစ်ချက် ထိုးပါတော့သတည်း။ အချိန်မှန်လှချေတကား။ အနီးကပ်လျှောက်လာပုံမှာ တရွေ့ရွေ့နှင့် ဆင်မယဉ်သာဟန် ပေါက်နေသောကြောင့် အမျိုးသမီးလေလား ဆင်ယောင်မှား၏။ မသေချာပါ။

ဒုတိယညအဖို့ ကျွန်တော့်မှာ အိပ်ရေးပျက်ရပါပြီ။ ဘယ်လိုမှ ဆက်အိပ်၍ မရတော့ပါ။ မကြောက်တတ်ပါ ဆိုသော်ငြားလည်း စိတ်ထိန်းခြုံမှု မရသောကြောင့် စိုးရွံ့သည့်စိတ်က ကြီးစိုးနေသည်ကိုမူ အမှန်အတိုင်း ရိုးသားစွာ ဝန်ခံရပေမည်။ ခဏတာရင်ဆိုင်ရသည့် အတွေ့အကြုံဆန်းသည် အိပ်မက်လိုလို၊ တကယ်လိုလိုနှင့် စိတ်ကို ပင်ပန်းစေသည်မှာတော့ အမှန်ပါ။ ကျော်လွှားပြီးသည့်အခါ၌ အန္တရာယ်ဆိုးမှ လွတ်မြောက်လာရဘိသကဲ့သို့ စိတ်လက်ပေါ့ပါးသွားခဲ့ပါသည်။ မျက်စိကျယ်နေပြီး တွေးနယ်ချဲ့နေမိ၍ လင်းအားကြီးရောက်မှ မှေးခနဲ အိပ်ပျော်ပါသွားသည်။

## တတိယရက်

ကျွန်တော့်ဇနီးသည်၏ ဆွေမျိုးသားချင်း တစ်ယောက် ကိုအတွက် နီးထွက်လာခဲ့ခြင်းကြောင့်၊ ဇနီးသည်သာလျှင် အလုပ်ရှုပ်နေရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကတော့ လူပိုသက်သက် ဖြစ်နေရာ၊ လည်ပတ်ဖို့ကလည်း ဝါသနာ မပါလှသဖြင့်၊ စားသောက်ချိန်ကလွဲ၍ တစ်နေ့လုံး အချိန်တွေ ပိုလျှံနေ ခဲ့၏။ မေတ္တာသုတ်တော်ကို အကြိမ်ကြိမ်ပူဇော်ခြင်း၊ ဂုဏ်တော်ပွါးများ ခြင်းနှင့် အမှုအတန်းပေးဝေခြင်းတို့ကို တစ်လှည့်စီ ဆောင်ရွက်နေခဲ့ ပါသည်။ နေ့လယ်နေ့ခင်းတွင် တစ်ရေးတစ်မော အနားယူအိပ်စက်တတ် သည့် အလေ့ကလည်း ကျွန်တော့်တွင် မရှိ။ ညက အိပ်ရေးပျက်ပြီး လူက ဝေမတာတေဖြစ်နေခဲ့ရာ၊ တတိယညအဖို့ ခေါင်းအုံးနှင့် ဦးခေါင်း ထိလိုက်သည်နှင့် နှစ်ခြိုက်စွာ အိပ်ပျော်သွားခဲ့သည်။

ညသန်းခေါင်ယံအချိန်တွင် ယခင်ညများကဲ့သို့ တွေ့ကြုံရပေဦးမည် ဟု များစွာ မျှော်လင့်ထားခဲ့သော်ငြားလည်း တစ်ညလုံးမှ တစ်မှေးတည်း ရလိုက်ပါသည်။ အိပ်ရာမှ နိုးသောအခါ မိုးစင်စင်လင်းနေပြီ ဖြစ်၏။ ဇနီးသည်အား ညတုန်းက ခွေးဟောင်သံ၊ ခွေးအူသံများ ကြားမိပါသလား ဟု မေးမြန်းကြည့်လေသောအခါ ရှေ့နှစ်ညက တစ်ရေးမှ မနိုးခဲ့လေသူ မှာ ညတုန်းကတော့ ခွေးအူသံများကြောင့် ထူးထူးခြားခြား လန့်နိုးခဲ့ သတဲ့။ အခြား အတွေ့အကြုံတော့ သူ့မှာ မရှိခဲ့ပါ။ ကျွန်တော့်မှာတော့ အိပ်ပျက်ပင်ပန်းတာ များသွား၍၊ ခန္ဓာကိုယ်က အမှန်တကယ် အနားယူ အိပ်စက်ရန် လိုအပ်လှသောကြောင့် တအား အိပ်မောကျသွားခဲ့တာ တူပါသည်။ ခွေးအူသံကိုလည်း မကြားမိ၊ ဖြူဖြူကြီး လာသည်ကိုလည်း မသိ၊ အိပ်ကောင်းခြင်း အိပ်ပျော်ခဲ့ရသည်မှာ အရသာရှိလှပါဘိခြင်း။ ခွေးအူလွန်းသည်ဟု ဇနီးသည်က ပြောပြသောကြောင့် ဖြူဖြူကြီး လာတာ ကောင်းပါသည်။ ကျွန်တော် မသိလိုက်ခြင်းသာ ဖြစ်ပါလိမ့်မည်။

## ဓာတ်ခွေးပြန်သောည

တည်းခိုအိမ်တွင် စတုတ္ထနေ့ ဖြစ်သည်။ မနက်ဖြန် ပြန်ကြတော့ မည်။ ယခုည အိပ်စက်ပြီးပါက ကျွတ်ပြီလွတ်ပြီ။ ယနေ့ညကကဲ့သို့ အိပ် ပျော်သွားပါစေဟု အကြိမ်ကြိမ် ဆုတောင်းနေမိသည်။ ဖြစ်ချင်တာ မဖြစ်

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ချင်တာ ဖြစ်ရတတ်သော ဤလောက လူ့ဘုံကြီး၌ အဘယ်မှာလျှင် ဆုတောင်းပြည့်ဝနိုင်ပါမည်နည်း။ နောက်ဆုံးညမို့ ထင်၏။ ဖြူဖြူကြီးက အကောင်းဆုံး ညှော်ခံလိုက်ပုံ ရပါသည်။ ကျွန်တော့်မှာ ဖောချွေးတွေ ပြန်ကာ သေလုမြောပါး ရုန်းကန်လိုက်ရသည့်ဖြစ်ခြင်း။ တစ်သက်တာ မေ့မရနိုင်သော အတွေ့အကြုံတစ်ရပ်အဖြစ် မနေ့တစ်နေ့ကမှ ပူပူနွေးနွေး ကြုံခဲ့ရသလို၊ ထင်ထင်ရှားရှား ကောင်းကောင်းကြီး အသေးစိတ် မှတ်မိနေဆဲ ဖြစ်ပါသည်။ အမှန်အားဖြင့် ယခု စာရေးနေချိန် ၁၉၉၆–ခုနှစ်မှ ပြန်ရေတွက်မည် ဆိုပါက၊ လွန်ခဲ့သော ၂၂–နှစ်ကျော်က အတွေ့အကြုံ ဖြစ်ပါသည်။

ထုံးစံအတိုင်း ညဥ့်သန်းခေါင်ယံလောက်တွင် လာနေပြီ လာနေပြီ ဟုသော စိုးရွံ့သည့်အသိက ကြီးစိုးလျက် ရှိသောကြောင့် နှစ်ခြိုက်စွာ အိပ်ပျော်နေရာမှ မနိုးတနိုး ဖြစ်လာပါသည်။ လူက နွေးနေပါလျက်နှင့် အသည်းအေးစိမ့်နေခဲ့၏။ လှေကားမှ တက်လာပြီ၊ ညှော်ခန်းထဲ ဝင်ပြီ၊ အိပ်လယ်အခန်းကျယ်တွင်း ဝင်ရောက်လာပြီ၊ ကျွန်တော်တို့ အခန်းတံခါးဝ ရောက်နေပြီ။ ကျွန်းတံခါးကြီးကို သေသေချာချာ ပိတ်ထားပါသည်။ ကန့်လန့်မှာ အထက်အောက် နှစ်တန်း ရှိ၏။ မင်းတုပ်ကိုလည်း ကျကျနန ချထား၏။ အခိုးအငွေ့ကဲ့သို့ ဖြူဖြူကြီးသည် ကျွန်းတံခါးကြီးကို အလွယ် တကူ ထိုးဖောက် ဖြတ်ဝင်လာခဲ့ပြီ။ ကျွန်တော်တို့ ခုတင်အနီးသို့ ဖြည်းဖြည်း ရွေ့လာပြီ။ ဒုတိယညတုံးကလို ခေါင်းရင်းပြတင်းပေါက်မှ ထွက်သွားလိမ့်မည် ထင်မှတ်ထားခဲ့၏။ မဟုတ်ပါ။

ကျွန်တော့်ကိုယ်ပေါ်သို့ တက်ဖိ၏။ လေးလေးနှင့် အေးအေးကြီး ဖြစ်နေသည်။ အခိုးအငွေ့လို ဖြူဖြူကြီးသည် ဤမျှ လေးနိုင်ပါမည်လား ဟု စဉ်းစားနေဆဲ၊ ဂုဏ်တော်တွေကို ရွတ်ဆိုရင်းက ရုန်းကန်ကြည့်၏။ ဆုံးဝ လှုပ်ရှား၍ မရပါ။ ခြေလက်မှစ၍ ဦးခေါင်းရော ကိုယ်လုံးပါ ဘယ်လိုမှ ရွေ့လျား၍ မရနိုင်ပါ။ အတင်းရုန်းကာ ဖြူဖြူကြီးကို မိမိကိုယ်ပေါ်မှ တွန်းချနိုင်အောင် ကြိုးစားကြည့်ပါသည်။ အချည်းနှီးပါတကား၊ ဘယ်လိုမှ

www.burmeseclassic.com

www.burmeseclassic.com



ရှန်းကန်လှုပ်ရှား၍ မရသော်လည်း လူက မောပန်းလာချေပြီ။ ဖောချွေး တွေ ပြန်လာပြီ။ အောက်ဖို့ ကြိုးစား၏ အသံက လုံးဝလုံးဝ ထွက်မလာပဲ ခက်ပဲခက်ရချည့်ရဲ့။

ပိုဆိုးသည်က ဖြူဖြူကြီးသည် ကျွန်တော့်လည်စေ့ကို သူ့လက်ဖြင့် နှစ်ဘက်နှင့် ညှစ်ပါသည်။ တအားဖိ၍ ညှစ်ခြင်းကြောင့် နာလည်းနာ အသက်ရှုရလည်း ကျပ်လှပါပြီ။ တစ်သက်နှင့်တစ်ကိုယ် သေရပါတော့ မည်ဟု အထင်ရောက်မိခဲ့ခြင်းမှာ ဤတစ်ကြိမ်တည်းသာ ဖြစ်၏။ 'ဘယ် လိုမှ မတတ်နိုင်တော့ပြီ။ သေလုနီး၌ ဘုရားမှတစ်ပါး အားကိုးစရာ မရှိ တော့ပြီကို စဉ်းစားမိပြီး ဘုရားရှင်ကို အာရုံပြုကာ အားကိုးကြီးစွာ ယုံကြည် လေးနက်စွာဖြင့် "မြတ်စွာဘုရား ကယ်တော်မူပါ"ဟု စိတ်တွင်းမှ တိုင်တည် လိုက်ရပါသည်။ အံ့ဩဖွယ်ကောင်းလှသည်မှာ ဤသို့ မြတ်စွာဘုရားရှင် အား ကယ်မတော်မူရန် တိုင်တည်ပြီးသည့်အခါဝယ်၊ ဖြူဖြူကြီးသည် ကျွန်တော့်ကိုယ်ပေါ်မှ ရုတ်တရက် လွင့်စဉ်သွားပြီး၊ ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ ပစ်ကျသွားခဲ့ပါတော့သည်။ ကျွန်တော့်မှာ ပေါ့ပါးလွတ်မြောက်သွားခဲ့သည် နှင့် တစ်ပြိုင်နက်၊ အိပ်ရာမှ ကောင်းစွာ လန့်နိုးလာပါပြီ။ နာရီအိုကလည်း ဆယ့်နှစ်ချက် တီးပါလေပြီ။

အိပ်မက်ဆိုး မြင်မက်ခြင်း မဟုတ်ကြောင်းကို တစ်ကိုယ်လုံး ရွှဲနစ်နေသော ဖောချွေးများနှင့် ဖြူဖြူကြီးက တအားဖိညှစ်သတ်ခဲ့သော ကြောင့် လည်စေ့ရှိ လက်မရာကြီး သိသာစွာ နာကျင်နေခြင်းတို့က သက်သေခံနေပါသည်။ တံတွေးကို မျိုကြည့်လျှင်၊ လှုပ်ရှားမှုကြောင့် ဒဏ်ရာက သိသိသာသာ နာကျင်နေ၏။ မေတ္တာပို့သနေခဲ့ပါလျက်နှင့် ကျွန်တော့်အား အဘယ်ကြောင့် ရန်လိုနေပါလိမ့်။ ညိုမည်းသော လက်မရာကို တွေ့မြင်ရလိမ့်မည်ဟု မျှော်လင့်ထားမိသော်လည်း ဘာ လက်ရာမှ မကျန်ရစ်ခဲ့ပါ။ သို့သော် တံတွေးမျိုတိုင်း၊ ရေသောက်တိုင်း အစာစားတိုင်း နာကျင်မြဲ နာကျင်နေပါ၏။ သုံးရက်ခန့် ခက်နာနေ ပါသည်။ ပြောပြလျှင်လည်း မည်သူကမှ ယုံကြည်နိုင်မည် မဟုတ်သော ကြောင့်၊ ဇနီးသည်ကိုသော်မှ ပြောမပြဖြစ်ခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



## တကယ်ဟုတ်သည်

နောက်တစ်နေ့ မနက်ခင်း၌ ကျွန်တော်တို့ ပြန်ခဲ့ကြပါသည်။ ကားစီးရင်း လမ်းခရီးတစ်လျှောက်၌ အတွေ့အကြုံထူးကို စဉ်းစား သွားတောလာခဲ့၏။ အမှန်တကယ်လား၊ အိပ်မက်လေလား။ လာနေပြီ– လာနေပြီဟု အသိစိတ်က ဘာကြောင့် ကြိုတင်သိနေရပါသနည်း။ မမြင် ရတဲ့နှင့် လှေကားမှ တက်လာနေပြီ၊ ဧည့်ခန်းထဲသို့ ရောက်ပြီ၊ အိမ်လယ် ခန်းကျယ်ကြီးထဲ ဝင်လာပြီ၊ ကျွန်တော်တို့ အိပ်ခန်းတံခါးဝ၌ ရပ်နေပြီ ဆိုသည်အထိ အဆင့်ဆင့်ကို သိနှင့်နေသော်လည်း မြင်ရသည်မဟုတ်။ ကျွန်းတံခါး ပိတ်လျက်သားကို ထွင်းဖောက် ဝင်ရောက်လာချိန်မှစပြီး အဖြူကြီးကို မီးခိုးလိုလို တိမ်လိုလို မြင်ရခြင်းပါ။ ပြီးတော့ ပုံပန်းသဏ္ဌာန်က သဲကွဲပါ။ လူပုံသဏ္ဌာန်တော့ အကြမ်းဖျင်း တူညီသည်။ တိတိကျကျ ကြီးတော့ မဟုတ်ပါ။ အနီးကပ်လာသောအခါ အမျိုးသမီးဖြစ်မည်ဟု စိတ်က သိခြင်းပါ။ ဆန်းတော့ အလွန်ဆန်း၏။

အခြောက်အလှန့်ကို ပွဲတွေ့ခံရပြီးနောက် အခြားသူများကော ကျွန်တော့်ကဲ့သို့ တွေ့ကြုံကြရလေသလား၊ အိမ်ရှင်များကော သိကြ သလား စသည်ဖြင့် ကျွန်တော် သိလိုနေခဲ့၏။ အိမ်ရှင်များအနေနှင့် ဤသို့ အိမ်စည်းပေါက်ကာ အမှီအစွဲ ပရလောကသားတစ်ဦးဦးက အိမ်ထဲ ဝင်လိုဝင်၊ ထွက်လိုထွက် လုပ်နေသည်ကို သိလျက်သားနှင့် လက်ပိုက် ကြည့်နေကြသလား၊ အန္တရာယ်ကင်း ပရိတ်တရားနာခြင်း၊ ကမ္မဝါဥတ်ခြင်း များ ပြုလုပ်သင့်သည် မဟုတ်ပါလား။ ကျွန်တော်က ယခုလပိုင်းမှာ အိမ်ထောင်ကျသည်။ ဇနီးသည်ဘက်မှ ဆွေမျိုးများဖြစ်၍ မကောင်းတရား ကြောင့် ကျွန်တော့်အတွေ့အကြုံကို မပြောပြရဲ၊ ကြိုက်မကြိုက် မသိနိုင်၍ ဇနီးသည်ကိုသော်မှ ပြောမပြခဲ့ပါ။ နောက်ထပ် လအနည်းငယ် ကြာမြင့် ပြီးသောအခါ ကျွန်တော့်အတွေ့အကြုံသည် အဟုတ်တကယ်ဖြစ်ကြောင်း ထောက်ခံမည့်သူတစ်ဦး ပေါ်ပေါက်လာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့မှ အလည်အပတ်လာသော ကျွန်တော့်ဇနီးသည်၏ အစ်မဝမ်းကွဲနှင့် သူငယ်ချင်းသုံးယောက်တို့သည် တောင်ကြီးမြို့သို့ မရောက်မီ၊ ထိုမြို့ ထိုအိမ်၌ သုံးညတာ တည်းခိုခဲ့ကြသည်။ သူတို့အထဲ ထဲမှ ရတနာသုံးပါး အလွန်ကြည်ညိုသူ မခင်မြင့်ဆိုသူ တစ်ယောက်သည် အလွန်ရိုးသားအေးဆေးသူ ဖြစ်သည်။ သူသည် ကျွန်တော့်ကဲ့သို့ တွေ့ကြုံခဲ့ရနိုင်သည်ဟု မှန်းဆမိပြီး နှစ်ဦးချင်းဆုံချိန်၌ ကျွန်တော် သိလိုသည်များကို မေးမြန်းစုံစမ်းပါတော့သည်။

"မခင်မြင့်ကို လေးစားယုံကြည်လို့ ကျွန်တော် တစ်ခု စုံစမ်း ရစေ၊ အားမနာတမ်းပြောနော်။ ဟိုအိမ်မှာ ဘာအတွေ့အကြုံထူး ရှိခဲ့ သလဲ"

"ဘာမှ မရှိပါဘူး ကိုအောင်ကျော်"

"လုပ်ပြီ။ မုသားပြောသိမ့်မယ်လို့ မထင်ထားတာ။ မခင်မြင့် ဖုံးကွယ်ထားဦးမလို့လား"

"ဘာကို ဆိုလိုတာလဲ ကိုအောင်ကျော်"

"ဟိုအိမ် မသန့်ဘူးဆိုတာ ကျွန်တော် တည်းခိုခဲ့ဖူးလို့ သိတယ် အဲဒါ မခင်မြင့် ကြုံခဲ့ရမယ်"

"ကိုအောင်ကျော်လည်း သိနှင့်နေတာကိုး။ ကျွန်မ ကြုံခဲ့ရမယ် ဘယ်လိုလုပ်ပြီး အတပ်ပြောနိုင်သလဲရှင်"

"အချင်းချင်းတွေပဲဗျာ၊ သိတာပေါ့။ အတွေ့အကြုံရှင်းလင်းပွဲ လုပ်ပါဦး"

"ဒီလို ကိုအောင်ကျော်ရေ၊ အိမ်တံစက်မြိတ်အောက် ဝင်မိတာနဲ့ ကြက်သီးထတယ်။ နေ့ခင်းကြောင်တောင်ကြီးနော်။ ဒါကြောင့် အိမ်မသန့် ဘူးဆိုတာ ကြိုသိနေတယ်။ ပရိတ်ရွတ်၊ မေတ္တာပို့ အမျှဝေတာတွေ ထားပြီး ခါတိုင်းထက် ပိုလုပ်ပါတယ်။ ပထမညမှာ ခရီးပန်းပြီး အိပ် ကျသွားပါတယ်၊ အိပ်မက်ထဲမှာ ဖြူဖြူကြီး ခုတင်ဘေးနား လာသလို တော့ မြင်မက်တယ်။ မနက်လင်းတော့ သူငယ်ချင်း နှင်းက ပြောတယ်

www.burmeseclassic.com

www.burmeseclassic.com



ညတုန်းက ခွေးတွေ အူလိုက်တာတဲ့။ ဒုတိယညကျတော့ သန်းခေါင်ချိန်လောက်မှာ ခွေးတွေ တအားအူလို့ ကျွန်မ နိုးလာပါတယ်။ ဖြူဖြူကြီးက ခုတင်နား ရွေ့လာတာကို ခြင်ထောင်ထဲကနေ အတိုင်းသား မြင်နေရပါတယ်။ အေးအေးကြီးပါ၊ အနားတိုးလာလေ ပိုပြီး အေးအေးလာလေပဲ။ ဘုရားစာတွေ ရွတ်တာတောင် မဖြုံပါဘူး။ ခေါင်းရင်းနံရံ ပြတင်းပေါက်ကနေ ထွက်သွားပါတယ်။ တိုင်ကပ်နာရီကလည်း ဆယ့်နှစ်ချက် ထိုးပါရော"

"မခင်မြင့်ကို ဝင်မလုံးတာ သိပ်ကံကောင်းတာပေါ့။ ကျွန်တော့်ကို လည်စေ့တက်ညှစ်တာ သေပြီပဲ အောက်မေ့ရတာ။ တစ်ကိုယ်လုံး ဇောချွေးတွေ နစ်နေရောဗျာ"

"ကျန်တဲ့ သုံးယောက်က မတွေ့ကြဘူး၊ အိပ်ပျော်နေကြတယ်။ သူတို့ ကြောက်လန့်မှာ စိုးလို့ ကျွန်မလည်း မပြောပြမနေတော့ဘူး။ ကိုအောင်ကျော်လည်း ဘယ်သူ့ကိုမှ မပြောပါနဲ့နော်၊ နောက်ဆုံးမှာ ကျွန်မကတော့ ခုတင်အစွန်းမှာ မအိပ်ရဲတော့ဘူး။ အလယ်ခေါင်ကို တိုးဝင်ပြီး အိပ်တာ၊ နှစ်ယောက်အိပ်ခုတင်ကို ကျွန်မတို့ လေးယောက် အိပ်ကြတာလေ။ သန်းခေါင်လောက်မှာ ခွေးတွေ ထုံးစံအတိုင်း အူတော့တာပဲ။ အခန်းခေါင်းရင်းပိုင်း ခြံဝင်းထဲမှာရှိတဲ့ မာလကာပင်အောက်မှာ တစ်ယောက်ယောက်ကို ခွေးတွေ ဝိုင်းလိုက်နေသလို ကြားရတယ်။ ဖြူဖြူကြီးက အိမ်ခန်းထဲ ဝင်မလာပါဘူးရှင်"

## အကျိုးပေးလို့

အချို့အိမ်များ၊ အထူးသဖြင့် အိမ်အိုအိမ်ဟောင်းတို့၌ အမှိုအစွဲများ ရှိတတ်ကြပါသည်။ ထိုအမှိုအစွဲတို့မှာ ရှေးဘိုးဘေးဘီဘင်ထဲက ဖြစ်တတ်ကြ၏။ အချို့မှာ အိမ်တွင် တည်းခိုရင်း ရုတ်တရက် ကွယ်လွန်သူတို့ စွဲနေခြင်းများလည်း ဖြစ်တတ်၏။ အကြီးအကျယ် ခြောက်လှန့်တတ်သည်များ ရှိတတ်သလို၊ တချို့ကျတော့လည်း သူတို့ဘာသာ အေးအေးဆေးဆေး နေတတ်ကြ၏။ အိမ်သားများကို အနှောင့်အယှက် မပေးတာကြပါ။ တချို့များဆိုလျှင် အနှောင့်အယှက် မပေးသည့်အပြင်

www.burmeseclassic.com

www.burmeseclassic.com



အကူအညီတောင် ပေးကြသည်ဟု ဆိုကြ၏။ မည်သို့သော အကူအညီမျိုးကို ပေးပါသနည်း။ မိသားစုအန္တရာယ်ကင်းအောင် စောင့်ရှောက်ကြသည်။ သူခိုး၊ ဓားပြဘေးရန်မှ ကင်းအောင် စောင့်ရှောက်ကြသည်။ သူခိုး၊ ဓားပြဘေးရန်မှ လွတ်အောင် ကြံဆောင်ပေးသည်။ မီးဘေး ရေဘေးမှ ကာကွယ်ပေးသည်။ စီးပွါးတိုးတက် ချမ်းသာအောင် ကူညီမစသည်။ လယ်ယာကိုင်းကျွန်း ဖြစ်ထွန်းအောင် မှိုင်းမကူညီသည်။

နောင်ငါးနှစ်ခြောက်နှစ်ခန့် ကြာသောအခါ ထိုအိမ်သားတစ်ဦးနှင့် ကျွန်တော် အင်မတန်မှ ရင်းနှီးခင်မင်သောအဆင့်သို့ ရောက်ခဲ့ပြီး တစ်ဦးကိုတစ်ဦး ပြောမနာဆိုမနာမို့ တစ်နေ့တွင် ပရလောကသားများအကြောင်း ပြောကြရင်း စကားဆက်စပ်လာပြီ ဖြစ်သောကြောင့် သူ့အိမ်က ဖြူဖြူကြီးအကြောင်းကို မေးမိပါသည်။ သူကလည်း ပွင့်ပွင့်လင်းလင်းပင် အမျိုးသမီးအမိုအစွဲ အဟုတ်တကယ်ရှိကြောင်း ဝန်ခံ၏။

ဘာ့ကြောင့် မနှင်ထုတ်သနည်းဟု စုံစမ်းကြည့်သောအခါ မိဘများလက်ထက်ကတည်းကပင် အိမ်ကို အကျိုးပေးလှသောကြောင့် သူ့သဘောအတိုင်း လွတ်လွတ်လပ်လပ် နေပါစေဟု ခွင့်ပြုထားသည်ဆိုကို။ အိမ်တောင်ဘက်တွင် ရေတွင်းလေး ရှိ၏။ ရေတွင်းအနီးရှိ မာလကာပင်၌ နေဖို့ သတ်မှတ်ပေးထားပါသည်တဲ့။ သားစိမ်းငါးစိမ်းကျွေးပြီး မွေးမြူထားခြင်းမျိုးတော့ မဟုတ်ရပါကြောင်း ပြောပြသည်။ ဟုတ်လေမည်လားမသိ။ မကြာမီ အိမ်ဝန်းကျင် ခြောက်အိမ်မျှ မီးလောင်ခံရစဉ် ထိုအိမ်တစ်အိမ်တည်း ကွက်ပြီး မီးကွင်းကျန်ခဲ့လေသတည်း။

## ဘဝင်မကျပါ

ထိုအိမ်၌ အမိုအစွဲ ရှိတာတော့ ဟုတ်ပါပြီ။ ကျွန်တော့်ရင်ထဲ ဘဝင်မကျနေသော အချက်တစ်ခုက ခိုးလိုးခုလု ဖြစ်နေရပါသည်။ အခြားမဟုတ်။ ဂုဏ်တော်ရွတ်ဆိုပါလျက် ထိုဖြူဖြူကြီး ထွက်မပြေးသည့်အပြင် မေတ္တာပို့ပါလျက် ကျွန်တော့်ကို လည်စေ့ညှစ်သတ်သည်အထိ အန္တရာယ်ပြုခြိမ်းခြောက်ခြင်းကို ဘယ်လို နားလည်ရမည် မသိပါ။ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ယင်ငယ်ကတည်းက လက်ခံယုံကြည်ထားသည်မှာ ဘုရားဂုဏ်တော်ကို ရွတ်ဆိုပူဇော်ပါက မကောင်းဆိုးဝါး အနီးအနားသို့ မကပ်နိုင်ကြပါ။ ကြောက်လန့်ထွက်ပြေးကြသောကြောင့် ဂုဏ်တော်ရွတ်ဆိုသူတို့မှာ ဘေးရန် အန္တရာယ်အပေါင်းမှ လွတ်မြောက်ကြ၊ ချမ်းသာရာ ရရှိကြသည်။ မေတ္တာ ပရိတ်တော်ကို ပူဇော်ပြီး မေတ္တာဘာဝနာ ပွါးများပါက မကောင်းဆိုးဝါး မဆိုထားနှင့်၊ ရန်သူများပင်လျှင် ချစ်ခင်ကူညီလာသည် မဟုတ်ပါလား။ မေတ္တာသုတ် ဖြစ်ပေါ်လာပုံကိုပဲ ကြည့်ပါဦး။

အခါတစ်ပါး၌ မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန် ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် သီတင်းသုံး စံပယ်နေတော်မူစဉ်၊ ငါးရာသော ရဟန်းတို့သည် မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းကို သင်ယူ၍ ဟိမဝန္တာအနီးရှိ တောအုပ်ကြီးတစ်ခုသို့ သွားကာ၊ ကမ္မဋ္ဌာန်းအားထုတ်ကြကုန်သည်။ ထိုတောအုပ်ကြီး၌ နေကြကုန်သော ရုက္ခစိုးနတ်တို့သည် ရဟန်းတို့၏ သီလတန်ခိုးကြောင့် မိမိတို့၏ ဘုံဗိမာန်ဖြစ်သော သစ်ပင်များပေါ်၌ မနေနိုင်ကြသဖြင့် ရဟန်းတို့အား ထိတ်လန့်ကြောက်ရွံ့ဖွယ် အာရုံများကို ပြသ၍ ခြောက်လှန့်ကြကုန်၏။ ထိုအခါ ရဟန်းတို့သည် စိတ်ချောက်ချားမှုကြောင့် ကမ္မဋ္ဌာန်းတရားကို ဖြောင့်ဖြူးစွာ အားမထုတ်နိုင်ကြဘဲ စိတ်အနှောင့်အယှက်ကြီးစွာနှင့် ကြုံကြရကုန်သည်။ ထို့ကြောင့် သာဝတ္ထိပြည်သို့ ပြန်သွားပြီး မြတ်စွာဘုရားရှင်အား ထိုအကြောင်းကို ရိုသေစွာ လျှောက်ထားကြလေတော့သည်။

အကြောင်းစုံကို သိရှိတော်မူသောအခါ မြတ်စွာဘုရားရှင်က "ဩော်–ချစ်သားရဟန်းတို့က လက်နက်အဆောင်အယောင် အရံအတား များမှ ဆောင်မသွားကြဘဲကိုး''ဟု မိန့်တော်မူပြီးလျှင်၊ ထိုရဟန်းတို့အား နတ်တို့ ခြိမ်းခြောက်မှုရန်မှ ကင်းဝေးနိုင်သည့် မေတ္တသုတ် ပရိတ်တော် အရံအတားကို သင်ကြားပေးလိုက်တော်မူ၏။ ရဟန်းငါးရာတို့လည်း မြတ်စွာဘုရား ချီးမြှင့်တော်မူသည့် မေတ္တသုတ်ကို နာယူကျက်မှတ်ပြီး တောအုပ်သို့ တစ်ဖန် ပြန်ဝင်ခဲ့ကြ၏။ တောအုပ်အဝင်မှ စ၍ မေတ္တသုတ် ကို ရွတ်ဆိုပြီး၊ ကမ္မဋ္ဌာန်းကို အားထုတ်ကြသည်။ ရုက္ခစိုးနတ်များက ထို

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းတို့အား အနှောင့်အယှက် လုံးဝ မပြုတော့သည့်သာမက ကူညီစောင့်ရှောက်မှုများ ပေးကြလေရာ၊ ရဟန်းအပေါင်းတို့ အေးချမ်းစွာ ဝါတွင်းသုံးလ ကာလပတ်လုံး တရားအားထုတ်နိုင်ခဲ့ခြင်းကြောင့် တရားထူးများ ရရှိသွားကြသည်။ ဤအကြောင်းကို မေတ္တသုတ်တော် ရွတ်ဆိုပူဇော်ကြသူတိုင်း သိရှိပြီးဖြစ်၏။

နတ်ဘီလူး တစ္ဆေ သူရဲတို့၏ ခြိမ်းခြောက်နှောင့်ယှက်မှုများ မခံကြရအောင် မေတ္တသုတ်ကို ရွတ်ဆိုပူဇော်ကြရကြောင်း ကျွန်တော်ကဲ့သို့ စာဖတ်သူအပေါင်းတို့ နားလည် သဘောပေါက်ပြီးသားပါ။ သို့သော် ကျွန်တော် တွေ့ကြုံခဲ့ရသည့် ဖြူဖြူကြီးသည် ဂုဏ်တော်ကိုလည်း မကြောက်၊ မေတ္တာကိုလည်း မခံယူဘဲ အန္တရာယ်ပေးခဲ့သည်မှာ ဘာကြောင့်ပါလိမ့်။ ဘဝင်မကျချင်စရာပါ။ ယောက်ျားလေးများအဖို့ အိမ်ထောင်ကျသောနှစ်သည် အထူးကံညံ့သော အချိန်ဖြစ်သည်ဟု ဆိုကြခြင်းမှာ ကွက်တိမှန်နေပြီထင့်။

## အမြန်ပြန်ပါ

၁၉၇၅–ခုနှစ်၊ မတ်လဆန်း၌ သားကြီးကို မွေးဖွား၏။ ဆေးရုံမှ ဆင်းလာပြီး သုံးလေးရက်သာ ရှိသေး၏။ ညီအစ်ကိုကဲ့သို့ ရင်းနှီးသော သူငယ်ချင်း ဖိုးညီက အင်းထဲ လိုက်ခဲ့ဖို့ ကျွန်တော့်ကို ချောလာဆွဲပါသည်။ ဇနီးသည် မီးဖွားတာ တစ်လမပြည့်သေး၍ မလိုက်ပါရစေနှင့်ဟု တောင်းပန်သော်လည်း မရ၊ ရန်ကုန်မှ သူ့အပေါင်းအသင်း မိတ်ဆွေ ခြောက်ဦးတို့ကို ဖောင်တော်ဦးဘုရားဖူးပို့ရန် ကျွန်တော့်အား အဖော်ခေါ်နေ၏။ ကျွန်တော့်မိခင်ကိုယ်တိုင် ချွေးမနှင့် မြေးဦးကို ညအိပ်ညနေ စောင့်ရှောက်ပြုစုနေသောကြောင့် စိတ်ပူစရာတော့ မရှိပါ။ ဖိုးညီ ကိုယ်တိုင် ကိုယ်ကျ ကျွန်တော့်ခရီးဆောင်အိတ်ကို ပြင်ဆင်ပြီး အတင်းဆွဲခေါ်နေ၍ မိခင်နှင့် ဇနီးသည်တို့က ကြည်ဖြူစွာ ခွင့်ပြုခဲ့ရာ၊ ကျွန်တော်မှာ မလိုက်ချင် လိုက်ချင်နှင့် နှစ်ညအိပ် သုံးရက်ခရီးသို့ ပါသွားခဲ့ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်ကြီးမြို့မှ နေ့ခင်းအချိန် ထွက်ခွာခဲ့သည်ဖြစ်ရာ၊ အင်းလေး ကန်တွင်းရှိ အင်းပေါ်ခုံရွာ တည်းခိုမည့် အိမ်ရှေ့သို့ မော်တော် ဆိုက်ကပ်ချိန်သည် ညနေခင်း ဖြစ်နေပြီ။ ဖောင်တော်ဦးဘုရားဖူးရန် မနက်ဖြန် မနက်စောစောကျမှ ပို့ဆောင်ရပေတော့မည်။ ပျဉ်ထောင်နှစ်ထပ်အိမ်ကြီး၏ အောက်ထပ်သို့ ဝင်လိုက်သည်နှင့် ဖိန်းခနဲ ဖြစ်သွား၏။ ရော် – ခက်ပြီ။ သတိထားရတော့မည်။ အိမ်ပေါ်ထပ်ကို ဧည့်သည်ခြောက်ဦး၊ ကျွန်တော်နှင့် ဖိုးညီတို့အတွက်ပါ နားနေအိပ်စက်ဖို့ ပြင်ဆင်နေရာချပေး၏။ ဘုရားဆောင်၌ ညောင်ရေအိုးများမှ ပန်းများ ခြောက်ကပ်နေပြီး၊ ပင့်ကူမျှင်များ ရစ်သိုင်းလျက် ရှိပါသည်။ စိပ်ပုတီးတစ်ကုံးကို တွေ့၏။ ကျွန်တော့်စိတ်ပုတီး အိမ်မှာ မေ့ကျန်ရစ်ခဲ့သည်။ ဤပုတီးကိုသာ စိပ်ရပေတော့မည်။

ညအိပ်ရာမဝင်မီ ကျွန်တော့် ဘုရားဆီမီးအဖြစ် ဖယောင်းတိုင်မီး ပူဇော်ပါသည်။ ဘုရားရှိခိုး မေတ္တာပို့ အမျှဝေ၏။ အိပ်ရာထဲ၌ ပုတီးစိပ် နေလိုက်သည်။ ဖိုးညီနှင့်အဖွဲ့ကမူ လူငယ်လူလွတ်များပီပီ အသောက် အစား မကင်းသည့်ပြင် အပျော်သဘောမျိုး ပိုကာစိုင်းကြပါသည်။ သူတို့ ဘယ်အချိန်ရောက်မှ အိပ်ရာဝင်သည်မသိ။ ကျွန်တော်ကတော့ သန်းခေါင် ကျော်သောအခါ အိပ်ပျော်သွားပါသည်။ လင်းအားကြီးအချိန်တွင် ထူးဆန်း သော အိပ်မက်ကို မြင်မက်ပါတော့သည်။

ရှေးဟောင်းဘုန်းကြီးကျောင်း၏ အုတ်လှေကားကြီးဘေး၌ ရွက်လှ ပန်းချီကြီး ရှိ၏။ အသက် ငါးဆယ်ကျော် ခြောက်ဆယ်နီးပါးရှိ ဘကြီးနှင့် ကြီးကြီးအရွယ် လင်မယားနှစ်ယောက် ရပ်နေကြသည်။ အမျိုးသားကြီး သည် အညိုရောင်တိုက်ပုံအင်္ကျီနှင့် ရှမ်းဘောင်းဘီ သက္ကလပ်ဝတ်စုံကို ဝတ်ဆင်ထားကာ၊ မျက်နှာသုတ်ပဝါကြီးကို ခေါင်းပေါင်းပေါင်းထားသည်။ အမျိုးသမီးကြီးသည် ပင်နီရင်ဖုံးအင်္ကျီ၊ စည်းလုံးချည် ရှားစေးရောင်တို့ကို ဝတ်ဆင်ထားပြီး ဘီးဆံပတ်ကြီးက မျက်နှာပြည့်ပြည့်ဖြိုးဖြိုးနှင့်အတော် ခန့်ညားနေပါသည်။ နှစ်ဦးစလုံး အရပ်ပုပုပျပ်ပျပ်၊ ကိုယ်လုံးကိုယ်ပေါက် တုတ်တုတ်ခိုင်ခိုင် အသားညိုညို ဖြစ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



မနှစ်မြို့သော မျက်နှာထားကြီးဖြင့် အမျိုးသမီးကြီးက "မင်းတို့ ဘာလာလုပ်တာတုံး" ဟု မေးရာ၊ ကျွန်တော်က "ဖောင်တော်ဦးဘုရား လာဖူးတာပါ"ဟု ဖြေလိုက်ရာ၊ "အေး ... ဘုရားဖူးပြီးရင် အမြန်ပြန်ပါ"ဟု ပြတ်တောင်းတောင်း တုံ့ပြန်ပြောပြီးသည်နှင့် အိပ်မက်မှ လန့်နိုးလာပါ တော့သည်။ ဩော် ... ကျွန်တော်တို့ကို မလိုလားနေပါတကား။

## သောင်းကျန်းပြပြီ

နောက်တစ်နေ့သည် နမ့်ပန်ဈေးနေ့ ဖြစ်၏။ ရှမ်းပြည်နယ် ထုံးစံ အတိုင်း ငါးရက်တစ်ဈေးကို သူ့ဒေသနှင့်သူ၊ သူ့ဈေးရက်နှင့်သူ လည်ပတ် နေမြဲမှာ ယနေ့တိုင် ဖြစ်ပါသည်။ မော်တော်စက်လှေဖြင့် နမ့်ပန်ဈေးသို့ ဦးစွာ ဝင်ရောက်လည်ပတ်ကြပါသည်။ အင်းမုန့်ဟင်းခါးဆိုသည်မှာ ငါး၏ အသားများများ၊ ကြက်သွန်မြိတ်များနှင့် အလွန်မတန် အရသာရှိလှ၏။ ဒေသအခေါ်အားဖြင့်မူ "အင်းမုန့်တီ"ဟု ခေါ်၏။ ကျွန်တော်တို့ ရှစ်ယောက် အဖွဲ့ အင်းမုန့်တီကို ပွဲကြီးနှစ်ပွဲစီ မြိန်မြိန်ကြီး စားကြပြီးနောက်၊ ဖောင်တော်ဦးဘုရားငါးဆူ ကိန်းဝပ်တော်မူရာ နမ့်ဟူးစံကျောင်းတော်သို့ ဘုရားဖူးသွားကြပါသည်။ ရွှေသင်္ကန်းကပ်လှူခြင်း၊ ရိုးရိုးချည်သင်္ကန်းများ လဲလှယ်ပူဇော်ခြင်း စသည့်ကုသိုလ်များ ရယူပြီးနောက် တည်းခိုရာအိမ်သို့ ပြန်ခဲ့ကြပါသည်။

ညက အိပ်ပျက်ကြသောကြောင့် ကျန်အဖွဲ့သားအားလုံးတို့ နေ့ခင်းပိုင်းတွင် တုံးလုံးပက်လက် အိပ်ပျော်ကြကုန်၏။ ကျွန်တော် တစ်ယောက်တည်းသာ မေတ္တာပရိတ်တော် ပူဇော်ရင်း၊ ပုတီးစိပ်ရင်း၊ ညက မြင်မက်သည့် အိပ်မက်ကို ပြန်စဉ်းစားနေမိ၏။ ဤအိမ်၌ စွဲမှီနေကြသော မကျွတ်မလွတ်သူတို့သည် ကျွန်တော်တို့အား အမြန်ပြန်စေချင်၏။ ကျွန်တော်တို့ကလည်း မူလအစီအစဉ်အတိုင်း မနက်ဖြန်ကျမှ ပြန်ဖြစ်မည်။ ဒီတစ်ညတော့ အိပ်စက်ကြရပါဦးမည်။ မတတ်နိုင်ပါ။ မေတ္တာ နာနာပို့နေ လိုက်ပါသည်။ မနှစ်က ကြုံခဲ့ရသော ဖြူဖြူကြီးနှင့် တွေ့သည်မှာ အိပ်မက်

www.burmeseclassic.com

www.burmeseclassic.com



ထဲမှ ရုပ်ရည်ကို ကောင်းကောင်းကြီး မှတ်မိနေသဖြင့် ရည်စူးမေတ္တာပို့
အမျှဝေရသည်မှာ ပိုအာရုံရပြီး ပိုကောင်းခြင်းပါ။

ထိုညသည် လမင်းထိန်ထိန်သာသော ညဟု မှတ်မိနေပါသည်။
ညီတို့အဖွဲ့ကတော့ တက်ညီလက်ညီ သောက်စားကြပြီးသကာလ၊ ပိုကာ
ဝိုင်းကြပြန်သည်။ အတော်လေးလည်း ထွေနေကြပါပြီ။ အမြန်ပြန်ကြပါ
ဟု သတိပေးပါလျက်နှင့် မပြန်ဖြစ်ကြသောကြောင့် ထိုညအဖို့ ကျွန်တော်
သည် မအိပ်စက်ရပါ။ ဝါသနာမပါလှသော်လည်း ဖဲဝိုင်း၌ ဘေးထိုင်
သုပ်နေလိုက်၏။ ညဉ့်နက်သန်းခေါင်ယံလောက်တွင် အိမ်ခေါင်မိုးပေါ်မှ
နေ၍ ဝုန်းဝုန်း ဝုန်းဝုန်းနှင့် သောင်းကျန်းပြပါတော့သည်။ ပထမ၌
ကြောင်များ တစ်နေရာမှ တစ်နေရာသို့ ခုန်ကူးနေလေရော့သလား ထင်
တော်မှားလိုက်သေးသည်။ မဟုတ်ပါ။ အိမ်ခေါင်လယ်တည့်တည့်ပေါ်၌
အကြိမ်ကြိမ် ခုန်ပြီး သောင်းကျန်းနေသည်မှာ ကြောင်မဟုတ်မှန်း သေချာ
သွားတော့၏။ ကြောင်ခုန်ရုံမှန်လျှင် ကြောင်၏ ခြေဖဝါးလက်ဖဝါး နုနုသည်
၏မျှ အသံမကြမ်းတမ်းနိုင်ပေ၊ ခွေးကလည်း အိမ်ခေါင်ပေါ်သို့ မရောက်
နိုင်ပါ။ လူတစ်ယောက် ခုန်နေသကဲ့သို့ ထင်မှတ်ရပါသည်။

မနေ့ညက အိပ်မက်အကြောင်းကို ခင်မောင်ဝင်း တစ်ဦးတည်း
ကိုသာ ကျွန်တော် ပြောပြထား၏။ သူက အခြားသူများအား မပြောရန်
တော်ပိတ်ထားခဲ့၏။ သူကိုယ်တိုင်လည်း နုတ်လုံပါ၏။ သူနှင့် ကျွန်တော်
ဘက်နှာချင်းဆိုင် ထိုင်နေသလို အနေအထားမို့၊ ဝုန်းဒိုင်းကြတိုင်း ဖဲဝိုင်း
ကို ကျော်ကာ၊ တစ်ဦး၏မျက်နှာကို တစ်ဦး လှမ်းကြည့်မိကြသည်။
မ်ယောက်တည်း အထာပေါက်ကြ၏။ ကျန်ခြောက်ယောက်တို့က သတိ
ထားမိဟန် မတူပေ၊ ခင်မောင်ဝင်းတစ်ယောက်တော့ သောက်ထား မူးထား
သမျှ လန့်ဖျပ်ပြေပျောက်သွားခဲ့ပြီ။

ဝုန်းဒိုင်းတစ်ခါကြားတိုင်း တရွေ့ရွေ့ တိုးတိုးလာခဲ့ရာ၊ ဝိုင်းလယ်
သို့ ရောက်လုနီး ဖြစ်နေပေပြီ။ ကျွန်တော်ကမူ ကျောချမ်းမိသလိုလို ရှိ
သော်လည်း၊ ရှစ်ယောက်အဖွဲ့ လူစု တောင့်တင်းသောကြောင့် သိပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



မှုလောက်တော့ပါ။ ခင်မောင်ဝင်းကတော့ အရက်လက်ကျန်များကို ပုလ
ဖင်ထောင် မော့နေရှာသည်။ သို့ကလိုနှင့် လင်းအားကြီးတိုင်တော
ဝုန်ဒိုင်းသံစဲကာ ကျွန်တော်တို့လည်း ခဏတာမျှ မေးသည်ဆိုရုံ မေးလို
ကြရပါတော့၏။ ဤကား လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်က တကယ
ကိုယ်တွေ့ဖြစ်ရပ်ဆန်းပါ။

## သောက်ဆေးကိုလိမ်းဆေးလုပ်

ဆရာကြီးဦးသုခ၏ မေတ္တာသုတ် စာအုပ်ကို ကျွန်တော်သည
၁၉၈၁–ခုနှစ်ကျမှ ဖတ်ရှုခွင့် ရလိုက်ပါသည်။ "ဒုက္ခခပ်သိမ်း ငြိမ်းအေး
ဖြစ်သည့် နိဗ္ဗာန်ကို မျက်မှောက်ပြုလိုသော အမျိုးကောင်းသားသည် သီ
သမာဓိ ပညာတည်းဟူသော သိက္ခာသုံးပါးကို ဖြည့်ကျင့်အားထုတ်ရမည
ဟု မေတ္တာသုတ် စာကိုယ်၌ ပါရှိကြောင်း၊ ကျွန်တော် သိရှိရသောအခါ
"သြော်...ငါတို့ လုပ်နေကြပုံမှာ တလွဲဆံပင်ကောင်းနေကြခြင်းပါတကား
သောက်ဆေးကို လိမ်းဆေး လုပ်နေကြတော့ ဘယ်မှာလာပြီး အကျိုးထ
ရရှိကြပါ့မလဲ။ ဘယ်မှာလာပြီး ရောဂါပျောက်ကြပါ့မလဲ။ လွဲချက်က
နာကြလေခြင်းနော်"ဟု သဘောပေါက်လာပါတော့သည်။

မေတ္တာသုတ်တော်ကို ရွတ်ဖတ် သရဇ္ဈာယ်နေရုံမျှနှင့် ဘယ်မှ
လာပြီး သိပ်အကျိုးထူးပါမည်နည်း။ ရွတ်ဆိုရခြင်း ကောင်းမှုကုသိုလ်
တော့ ရနိုင်ပါလိမ့်မည်။ အကျိုးကျေးဇူး သိပ်မများနိုင်ပေ။ အကျိုးကျေ
များစေရန် ကျင့်ဆောင်ဖြည့်ဆည်းသင့်သည့် အချက်ဆယ့်ငါးချက်
ပြည့်စုံအောင် ကြိုးစားပမ်းစား လုပ်ဆောင်ကြရပါမည်။ ရဟန်းငါး
တို့အား မြတ်စွာဘုရားရှင် မေတ္တာသုတ်တော်ကို ချီးမြှောက်လိုက်စဉ
ရွတ်ဆိုရုံမျှသာ မဟုတ်။ ထိုရဟန်း အပါးငါးရာတို့သည် ကမ္မဋ္ဌာန်းတ
အားထုတ်နေကြသောကြောင့်၊ စိတ်တစ်ခုကို ထိန်းကျောင်းနေခြ
မည်သည်မှာ ကျနမကောင်းမှုတို့မှ ရှောင်ကြဉ်ပြီးသား ဖြစ်နေသည
ကောင်းမှုများကို ပွါးများပြည့်စုံစေခြင်းလည်း မည်နေပေသည် မဟု
ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ရဟန်းအပါး ငါးရာတို့မှာ တစ်ဝါတွင်းမျှဖြင့် ရဟန်းကိစ္စပြီးကာ တရားချမ်းသာကို တွေ့မြင်သွားကြတော့၏။ မေတ္တာသုတ်၏ အကျိုးကျေးဇူးဖြစ်သော ရုက္ခစိုးနတ်တို့ ကူညီစောင့်ရှောက်ကြခြင်းမှာလည်း မေတ္တာစိတ်ချည်း တစ်ခုတည်းမဟုတ်။ သူတော်ကောင်းတရား ကမ္မဋ္ဌာန်းများ အားထုတ်နေကြခြင်းကြောင့် အောက်ဖော်ပြပါ ကရဏီယ တစ်ဆယ့်ငါးပါးသော တရားများကို လေးစားသမှု အားထုတ်ပြုကျင့်နေခြင်း ဖြစ်သည် မဟုတ်ပါလား။

## အခြေခံတရား ၁၅

မေတ္တာဘာဝနာ ပွါးများရန် ရှေးဦးအဆင့် ကျင့်ဆောင်ရမည့် အခြေခံတရား တစ်ဆယ့်ငါးပါးရှိကြောင်း မေတ္တာသုတ်၌ လာရှိပါသည်။ မြင်းခြံမြို့၊ အဂ္ဂမဟာပဏ္ဍိတ၊ ပထမကိုဏ်းချုပ် ကိုးဆောင်တိုက် ဝေဇယန္တာ အုတ်ကျောင်း ဆရာတော် အရှင်ဝေပုလ္လာဘိဝံ ရေးသားတော်မူခဲ့သော မြင်းခြံကိုးဆောင်မှ မဟာပဏ္ဍိတ်တော်ကြီး နိဿျအသစ် မြန်မာပြန်မှ ကောက်နုတ် ဖော်ပြလိုက်ရပါသည်။

၁။ **သက္ကောစ** ။ ။ လေးသစ္စာကို၊ လုစ်ကာသိရန်၊ မြဲမြဲကြံ့ခိုင်၊ ကျင့်စွမ်းနိုင်သည်လည်း၊ အသသ၊ ဖြစ်ရာ၏။

၂။ **ဥဇုစ** ။ ။ ကိုယ်လည်းအဟုတ်၊ နှုတ်လည်းမမှား မျိုးမပြားဘဲ၊ ရိုးသားဖြောင့်မတ်သည် လည်း၊ အသသ၊ ဖြစ်ရာ၏။

၃။ **သုဟုဇုစ** ။ ။ ကွေးကောက်လိမ်သည်၊ တစ်ဆံခြည်မျှ ကြံစည်စိတ်မစောဘဲ၊ သဘောမနော ရိုးမတ်သည်လည်း၊ အသသ၊ ဖြစ်ရာ၏။

၄။ **သုဝစောစ** ။ ။ ပညာရှိများ၊ ဆိုဆုံးမစကားကို၊ မရှား မပယ်၊ နာယူလွယ်သည်လည်း၊ အသသ၊ ဖြစ်ရာ၏။

www.burmeseclassic.com

www.burmeseclassic.com



၅။ **မုဒုစ** ။ ။ ရွှေဇမ္ဗူရစ်၊ မြူညစ်စင်သန့်၊ အမှု၌ ခံ့
သကဲ့သို့ နူးညံ့သိမ်မွေ့သော၊ ကိုယ် နုတ်
နှလုံး ရှိသည်လည်း၊ အဿ၊ ဖြစ်ရာ၏။

၆။ **အနုတိမာနိစ** ။ ။ ဇာတိဂေါတ၊ စသည့်ဂုဏ်ရောင်၊ မှန်ကင်း
ဆောင်သကဲ့သို့၊ အခေါင်ပင့်မြှောက်၊
မမြင့်စောက်ဘဲ၊ အောက်ကျနောက်ကျ
မာန်နိမ့်ချသည်လည်း၊ အဿ၊ ဖြစ်ရာ၏။

၇။ **သန္တုဿကောစ** ။ ။ ယထာလာဘသာရုပ္ပ စသည်ဖြင့် သန္တော
သ နိဿရည်း၊ မလိပ်လည်းစေဘဲ၊
ပစ္စည်းလေးပါး၌ ရောင့်ရဲသည်လည်း၊
အဿ၊ ဖြစ်ရာ၏။

၈။ **သုဘရောစ** ။ ။ ကောင်းသောဆိုးသော၊ သဘောမထား၊
မပြောကြားဘဲ၊ ပေါများပြန်သည်၊ ရှားပြန်
သည်ဟု၊ မပြည့်မဆို၊ သူကြည်ညို၍
လှူလိုသမျှ၊ ရသမျှနှင့်၊ မျှတဖွယ်ရေး
အလေးအပေါ့၊ အပျော့အမာ၊ အရာရာ၌
အဆာမကျယ်၊ မွေးမြူလွယ်သည်လည်း၊
အဿ၊ ဖြစ်ရာ၏။

၉။ **အပ္ပကိစ္စောစ** ။ ။ နဝကမ္မ၊ ဗာဟိရကို၊ ကိစ္စတစ်ခု၊ မပြုကြ
ရာ၊ ကိုယ့်တွက်တာနှင့်၊ ပက်ပါကြ၍၊ ဆုံ
ကာတွေ့လည်း၊ နေ့ရက်ရှည်များ၊ အား
ပါးမထုတ်၊ သပိတ်ဖုတ်ခြင်း၊ သင်္ကန်း
ချုပ်ခြင်း၊ အမှုကိုသာ၊ အဟုတ်သိမ်းခြား
အလုပ်ကြီး ထားသောအားဖြင့် နည်းပါး
သော အမှုကိစ္စသည်လည်း၊ အဿ
ဖြစ်ရာ၏။

www.burmeseclassic.com

www.burmeseclassic.com



၁၀။ သလ္လဟုကဝုတ္တိစ ။ ။ တစ်တောင်ထွက်ဝင်၊ တစ်ပင်ထွက်သွား၊ ကျေးငှက်များသို့၊ စားရန်သောက်ရန်၊ နေထိုင်ရန်ဟူ၊ ကြံစည်ထိုထို၊ မပိုမိုဘဲ၊ ကိုယ်တွင်ဆောင်ကာ၊ အတောင်သာလျှင်၊ သွားလာစခန်း၊ ပါမြဲတမ်းသို့၊ ရဟန်းတို့လည်း၊ ငှက်တို့နည်းတူပင်၊ ပစ္စည်းထိုထို၊ မပိုမိုဘဲ၊ ကိုယ်တွင်ပရိက္ခရာ၊ ရှစ်ပါးသာလျှင်၊ သွားလာသောအား၊ မလျှော့လျား သဖြင့်၊ ပေါ့ပါးသော အသက်မွေးခြင်းလည်း၊ အဿ၊ ဖြစ်ရာ၏။

၁၁။ သန္တိန္ဒြိယောစ ။ ။ အနိဋ္ဌာရုံ၊ ဣဋ္ဌာရုံနှင့်၊ ကြုံလင့်ကစား၊ တရားနှလုံး၊ သုံးလျက်ချိန်လျက်၊ ရှိန်မပျက်စေဘဲ၊ ငြိမ်သက်သော ဣန္ဒြေသည်လည်း၊ အဿ၊ ဖြစ်ရာ၏။

၁၂။ နိပကောစ ။ ။ ကိစ္စရေးရာ၊ အဖြာဖြာ၌၊ ကောင်းစွာ ပြီးအောင်၊ ဆောင်ခွင့်ရှက်ခွင့်၊ မြော်ခေါ် ချင့်နိုင်သော၊ ရင့်သော ပညာရှိသည်လည်း၊ အဿ၊ ဖြစ်ရာ၏။

၁၃။ အပ္ပဂဗ္ဘောစ ။ ။ ကိုယ်မကြမ်းကြုတ်၊ နှုတ်မကြမ်းခက်၊ စိတ်မပျက်သည်လည်း၊ အဿ၊ ဖြစ်ရာ၏။

၁၄။ ကုလေစ ။ ။ ကြည်ညိုသဒ္ဓါ၊ ဆည်းကပ်လာသော၊ ဒါယကာ အမျိုးသားတို့၌ အနုနုဂိဒ္ဓေါစ၊ ပစ္စည်းကိုမင်၊ လူကိုခင်လျက်၊ ကြင်နှသမှု၊ ပြုစုရက်ရော၊ မယှက်နှောသဖြင့်၊ မက်မောတွယ်တာခြင်း မရှိသည်လည်း၊ အဿ၊ ဖြစ်ရာ၏။

www.burmeseclassic.com

www.burmeseclassic.com



၁၅။ ယေန ။ ။ အမြင်ဒုစရိုက်မှု၊ မကောင်းပြုခြင်းကြောင့် ပရော့၊ တစ်ပါးကုန်သော၊ ဝိညူ၊ ထင်စွာမြင်သိ၊ ပညာရှိတို့သည်၊ ဥပဝဒေယျ၊ ဤသို့ ဤသူ၊ ပြုသောဟူ၍၊ လူရှင်အပေါင်း၊ မကြားတောင်းလျက်၊ အကြောင်းထင်စွာ၊ ကဲ့ရဲ့ကြကုန်ရာ၏တံ၊ ထိုစရိုက်စု၊ မကောင်းမှုကို၊ ကိဋ္ဌစိုးစဉ်းသော၊ ခုဒ္ဒ၊ အနည်းငယ်မျှကိုသော်လည်း၊ နစအာစရော့၊ မပြုကျင့်ရာ။

## စဉ်းစားဖွယ်ရာ

လူ့လောက၊ နတ်လောကတို့၌ အကျင့်စရိုက်တူသူချင်း ပေါင်းဖက်မိကြရိုး ဓမ္မတာပါ။ အရက်သမားဆိုလျှင် အရက်ဝိုင်းတွင် တစ်ခွက်တစ်ဖလားလောက် အရက်အတူတူသောက်မိကြရုံမျှနှင့် ငယ်ပေါင်းကြီးဖော်များပမာ အလွန်မတန် ချစ်ခင်ရင်းနှီးသွားတတ်ကြပါသည်။ အနုပညာရှင်များ ဆိုလျှင်လည်း သီချင်းတစ်ပုဒ်မျှ အတူတူ တီးမှုတ်သီဆိုမိကြလျှင် တစ်ဦးနှင့်တစ်ဦး ပိုမိုရင်းနှီးသွားကြပါပြီ။ ထိုနည်းတူစွာ ဘာသာရေးလိုက်စားသူများတို့သည်လည်း စကားဝိုင်းတွင် တရားတစ်ထိုင် ဆွေးနွေးနှီးနှောမိကြသည်နှင့် အချင်းချင်း လေးလေးစားစား ဖြစ်သွားကြပါပြီ။

နတ်တို့ဆိုသည်ကလည်း လူ့ဘဝမှ စုတေပြီးနောက် သူတို့ကောင်းမှုကုသိုလ်ကံအလျောက် နတ်ဘုံနတ်နန်းသို့ ရောက်ကြရသည်ဖြစ်ရာ၊ ဝါသနာအထုံသည် နတ်ဘဝတိုင်အောင် ပါသွားကြစမြဲမို့၊ အဆိုအက အတီးအမှုတ်ကြိုက်သူတို့က ဆိုကြ ကကြနှင့် ပျော်နေကြကုန်၏။ အသောက်အစား အပျော်အပါး ကြိုက်သူတို့က သောက်စားပျော်ပါးနေကြကုန်သည်။ တရားဓမ္မ လိုက်စားသော သူတော်ကောင်းနတ်များမှာတော့ ဓမ္မသဘင် ဆင်ယင်ကျင်းပရာ နတ်ဓမ္မာရုံ ပြာသာဒ်ကြီးပေါ်၌ ဘုရား

www.burmeseclassic.com



အလောင်းတော် အစရှိသော တရားဟော နတ်ဗမ္မာကထိကကြီးတို့၏ ဟောတရားကို ကြည်နူးအားရစွာ နာကြားနေကြကုန်သည် ဟူသတည်း။

လူ့ဘဝမှ စုတိစိတ်ကျစဉ် အစွဲအလမ်းတစ်ခုခု၏ မကောင်းမှု အကုသိုလ်ကံကြောင့် ပြိတ္တာ ပြိတ္တာဘဝသို့ ကံဆိုးစွာ ကျရောက်ကြရကုန်သော ပရလောကသားတို့၌လည်း လူနတ်တို့ အလားတူစွာပင် အကောင်းအဆိုး ဝါသနာအမျိုးမျိုးအလျောက် အကျင့်စရိုက်အမျိုးမျိုး ရှိကြပေမည် မလွဲပေ။ ကြမ်းတမ်းသော စရိုက်ဆိုးရှိသူတို့က ရတနာတော်မြတ်သုံးပါးကို ကြည်ညိုသူတို့အား အဘယ်မှာ ကြိုက်နှစ်သက်နိုင်ပါမည်နည်း။ အရက်သမား၊ ဖဲသမားများကို တရားဟောပြော၍ မရနိုင်ဘိသကဲ့သို့ စရိုက်ကြမ်းသော တစ္ဆေသရဲပြိတ္တာတို့ကို အမျှဝေသော်လည်း သူတို့ သာဓုခေါ်ကြမည် မဟုတ်ပါ။ ဘုရားစာရွတ်ဆိုခြင်း၊ ဂုဏ်တော်ပွါးများခြင်းများတို့ကိုလည်း သူတို့ နားကလောကြမည်။ သူတို့အတွက် အနှောင့်အယှက်ဖြစ်စေသည့် ဘုရားသံ၊ တရားသံတို့ကို မနှစ်သက်သည့်အလျောက်၊ သူတို့မှာ ပူလောင်ကြရကုန်မည်။ ထွက်ပြေးတိမ်းရှောင်သူများ ရှိနိုင်သလို၊ အံတုယှဉ်ပြိုင်၍ ဒုက္ခအန္တရာယ်ပေးသူတို့ ရှိကြပါလိမ့်မည်။

ကျွန်တော်နှင့် နဖူးတွေ့ဒူးတွေ့ တွေ့တွေ့ဆိုင်ဆိုင် ကြုံဆုံခဲ့ရသော အဖြူကြီးနှင့် အင်းထဲမှ မကျွတ်မလွတ်သော လူကြီးဖန်းမောင်နံ့တို့သည် လူ့ဘဝကလည်း ဘုရားတရားနှင့် ဝေးခဲ့ကြဟန် တူပါသည်။ ရတနာတော်မြတ်သုံးပါးကို ပေါ့ပေါ့တန်တန်ထားကာ မေ့လျော့နေကြသော အိမ်၌ သူတို့ ပျော်မွေ့ကြပေမည်။ လွတ်လပ်ချမ်းသာစွာ နေထိုင်နိုင်ကြသော အခွင့်အရေးထူးကြီးကို ရထားကြသည်ကိုး။ တစ်ခါတစ်ရံမှ ဧည့်သည်အဖြစ် ရောက်လာကြသော ဘုရားတရား ကြည်ညိုလေးစားသူတို့အား အဘယ်မှာလျှင် သူတို့ နှစ်လိုကြမည်နည်း။ အမြန်ပြန်ပြေးလျှင် သူတို့ ကြိုက်မည်။ ထို့ကြောင့် ခြောက်လှန့်ခြင်းများ ပြုလုပ်ကြသည် ဖြစ်ပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



## စရဏအားလိုသည်

ကောင်းပြီ၊ မေတ္တာပို့သော်လည်း မေတ္တာမစူးရောက်၊ အကျိုးမများခြင်းမှာ အဘယ်ကြောင့်ပါနည်းဟု မေးမြန်းစရာ ဖြစ်လာပါလိမ့်မည်။ အနည်းဆုံး အကြောင်းနှစ်ချက် ရှိနိုင်သည့်အနက် ပရလောကသား တစ္ဆေသရဲ ပြိတ္တာတို့က ကြမ်းတမ်းခက်ရော် သာသနာတော်ကို မရိုမသေ မလေးမစားသူ ဖြစ်နိုင်သည်ကတစ်ချက် ပြောနိုင်သလို၊ မေတ္တာပို့သူ ကိုယ်တိုင်၌ကော ကျင့်ကြံဖြည့်ဆည်းထားသည့် စရဏအား သီလသမာဓိ ပညာအခြေခံ အားနည်းနေသည်ကိုလည်း တစ်ချက် ထည့်တွက်ကြရပါလိမ့်မည်။ မိမိကိုယ်၌က ငွေကြေးဥစ္စာ မကုံလုံဘဲနှင့် ငွေလာချေးသူ အလှူခံလာသူတို့အား ချေးချင်ပေးချင် လှူချင်စိတ် မည်မျှအားကြီးသည် ဖြစ်စေ၊ လက္ခဏာ မွဲတေနေသဖြင့် မည်သို့ ပေးကမ်း လှူဒါန်းနိုင်ပါမည်နည်း။

ဤသဘောတရားအတိုင်းပင် စဉ်းစားကြရမည်။ သူတစ်ပါးက မိမိအား မေတ္တာတုံ့ပြန်နိုင်စေရန် မိမိ၌လည်း မေတ္တာအဟုန် ကြီးမားနေရပါလိမ့်မည်။ စရဏအား ပြည့်ဖြိုးနေရပါလိမ့်မည်။ သီလ သမာဓိ ပညာ ပြည့်စုံဖို့ရာ၌ အကျင့်သန်ရမည်။ မေတ္တာသုတ်တော်လာ ရှေးဦး ဖြည့်ကျင့်ထားကြရမည့် ကရဏီယ ဆယ့်ငါးပါးတို့သည် ရဟန်းတို့နှင့်သာ သက်ဆိုင်သည်ဟု စောဒကတက်ရန် မစဉ်းစားပါနှင့်။ ကောင်းမြတ်သောအလုပ်ဟူသမျှတို့သည် မည်သူကျင့်ကြံသည်ဖြစ်စေ၊ အကျိုးများပါလိမ့်မည်။ နည်းနည်းကျင့်သုံးလျှင် နည်းနည်းအကျိုးထူးမည်။ များများကျင့်သုံးလျှင် များများ အကျိုးထူးမည်။ သေချာပါသည်။

ကျွန်တော်တို့သည် တစ္ဆေအခြောက်ခံရတော့မည်ဆိုလျှင် ရှေးဦး အချက်ပြအနေနှင့် ကြက်သီးဖြန်းခြင်း၊ ခေါင်းနားပန်းကြီးခြင်းတို့ ခံစားကြရ၏။ ထိုသောအခါ ကြောက်လန့်ပြီး ဂုဏ်တော်ရွတ်ဆိုသည်။ ရည်ရွယ်ချက်က တစ္ဆေများ ပြေးစေဖို့။ ဤတွင် ကြောက်လန့်ခြင်းက ဒေါသဖြစ်ပြီ။ တစ္ဆေများ ပြေးစေဖို့က သူတို့ ဒုက္ခရောက်စေရန် ရည်ရွယ်ရင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေ၏။ မမှန်ကန်နေပါ။ စေတနာထားပြီး အမျှအတန်း ဝေမည်။ ချမ်းသာကြစေရန် မေတ္တာပို့မည်ဆိုမှ လုပ်နည်းလုပ်ဟန် စိတ်ထားမှန်ကန်ပါသည်။ ကျွန်တော့်အဖြစ်ကို သုံးသပ်ကြည့်ရအောင်။

ကြောက်ရွံ့သောကြောင့် ဂုဏ်တော် ရွတ်သည်။ မိမိအား ဘေးအန္တရာယ်မပြုရန် မေတ္တာသုတ်ကို ပူဇော်သည်။ ကြောက်ရွံ့ခြင်းသည် ဒေါသအခြေခံသည်။ မေတ္တာပို့ခြင်း၊ မေတ္တာသုတ် ရွတ်ဆိုပူဇော်ခြင်း၌ တစ္ဆေပြိတ္တာများ ချမ်းသာစေရန် စေတနာမပါဘဲ မိမိအတွက် အတ္တကြီးပြီး မိမိချမ်းသာစေရန် ဖြစ်နေ၏။ ရည်ရွယ်ချက် လုပ်ဆောင်ချက်များ ဘုရားဟောနှင့် ပြဒါးတစ်လမ်း၊ သံတစ်လမ်း ဖြစ်နေပေပြီ။ အဘယ်မှာလာပြီး အကျိုးထူးကို ခံစားရပါမည်နည်း။ လည်စေ့ညှစ်ခံရသည်က နည်းတောင် နည်းသေးသည်။ ကရဏီယအကျင့်တရား ဆယ့်ငါးပါးအနက် ထိုစဉ်က ကျွန်တော်သည် နှစ်ပါးမျှပင် ပြည့်စုံဦးမည် မထင်ပါ။

## တစ္ဆေကို မေတ္တာပို့နိုင်

တစ္ဆေကို မေတ္တာပို့နိုင်သည်။ လူသေကိုတော့ မေတ္တာမပို့နိုင်ပါ။ သေပြီးသူ၏ ဉတုဇရုပ်အလောင်းကောင်သည် နာမ်သိစိတ် ကင်းမဲ့နေသော အတ္တဘောကြီး ဖြစ်နေခြင်းကြောင့် မေတ္တာပို့၍ မဖြစ်နိုင်ခြင်းဖြစ်၏။ တစ္ဆေဆိုသည်ကား လူသေပြီးနောက် ဘဝသစ်ရရှိနေသူတို့ ဖြစ်ကြ၍ ယင်းတစ္ဆေတို့ ချမ်းသာစေခြင်း အကျိုးငှာ၊ မေတ္တာပို့၍ အကျိုးများနိုင်ခြင်း ဖြစ်ပါသည်။ ခက်သည်က လူတို့သည် ပညတ်သဘောကို စွဲလမ်းနေခြင်း ဖြစ်၏။ မောင်နီသေ၍ တစ္ဆေဖြစ်သည်ဆိုလျှင် မောင်နီနှင့်တစ္ဆေကို သီးခြားခွဲ၍ မမြင်တတ်ပါ။ တစ္ဆေကို မောင်နီဟုသာ ထင်မြင်နေတတ်ကြ၏။ မောင်နီနှင့် နာမ်ရုပ်သည် ပြတ်စဲခဲ့ပြီးလေပြီ။ ဤတစ္ဆေသည် မောင်နီလူ့ဘဝက ပြုခဲ့သော မကောင်းမှု အကုသိုလ်ကံ အကျိုးပေးကြောင့် ဖြစ်ရသော ယုတ်ညံ့သည့် ဘဝသစ်ဖြစ်၏ဟု အမြင်ရှင်းသင့်သည်။ ဆိုလိုရင်းမှာ မောင်နီနှင့် တစ္ဆေသည် သီးခြားစီ ဖြစ်၏။ မောင်နီ၏ အကုသိုလ်ကံ အကြောင်းမကောင်းမှုကြောင့် တစ္ဆေဘဝသစ်အကျိုးကို ရရှိနေခြင်းကိုပါ။

www.burmeseclassic.com

www.burmeseclassic.com



မေတ္တာပို့သခြင်းကို ပြန်ဆန်းစစ်ကြည့်ကြရအောင်။ ၅၂၈-သွယ် မေတ္တာပွားပုံပွားနည်း ရေတွက်နည်းမှာ -

၁။ ရန်ကင်းကြပါစေ

၂။ ကြောင့်ကြကင်းကြပါစေ

၃။ ဆင်းရဲကင်းကြပါစေ

၄။ မိမိကိုယ်ကို ချမ်းသာအောင် ရွက်ဆောင်နိုင်ကြပါစေ ဆိုသော စေတနာလေးပါးကို မူတည်ပြီးနောက် -

၁။ လုံးစုံသတ္တဝါများ

၂။ လုံးစုံသက်ရှိများ

၃။ လုံးစုံကိုယ်ထင်ရှားရှိသူများ

၄။ လုံးစုံပုဂ္ဂိုလ်များ

၅။ လုံးစုံကိုယ်အတ္တဘောနှင့် အကျုံးဝင်သူများ ဆိုသည့် အပိုင်းအခြား မရှိသော အနောဓိသ ပုဂ္ဂိုလ်ငါးဦးရယ် -

၁။ လုံးစုံသောမိန်းမများ

၂။ လုံးစုံသောယောက်ျားများ

၃။ လုံးစုံသောအရိယာများ

၄။ လုံးစုံသောအရိယာမဖြစ်သေးသူများ

၅။ လုံးစုံသောနတ်ဗြဟ္မာများ

၆။ လုံးစုံသောလူများ

၇။ လုံးစုံသော ပြိတ္တာ အသူရကာယ်များ ဆိုသည့် ပိုင်းခြားအပ်သော ဩဓိသပုဂ္ဂိုလ် ခုနစ်ဦးရယ်၊ အနောဓိသ ဩဓိသ နှစ်ရပ်ပေါင်းတော့ ပုဂ္ဂိုလ် ၁၂-ဦးတို့ကို မေတ္တာပို့တာကြောင့် ဆယ့်နှစ်လေးလီ လေးဆယ့်ရှစ် ရပါသည်။ အရပ်ဆယ်မျက်နှာကို ဤအတိုင်း မေတ္တာပို့ ပြန်သဖြင့် လေးရာရှစ်ဆယ် ရသည်။ မူလလေးဆယ့်ရှစ်နှင့် ပေါင်းသော် ငါးရာနှစ်ဆယ့်ရှစ်သွယ် မေတ္တာကို ရရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ဩဝိသတွင် သဗ္ဗေဝိနိပါတိကာဟု ဆိုသော အလုံးစုံသော ပြိတ္တာ အသူရကာယ်များကို ထည့်သွင်းမေတ္တာပို့သည့်အတွက် တစ္ဆေများကို မေတ္တာပို့သနိုင်သည်။ သူတို့က မေတ္တာကို ခံယူနိုင်ပါလျှင် အကျိုးများသည်ဟု ဆိုရခြင်းပါ။ မကျွတ်မလွတ်သူများကို ရပ်သုံးရွာသုံးစကားလုံးက "တစ္ဆေ"ဟု သုံးကြပါသည်။ စာပေသုံးဝေါဟာရဖြစ်သည့် "ပြိတ္တာ"နှင့် အတူတူပင် ဖြစ်ပါသတည်း။

## အကျိုးများနိုင်၏

စရဏအားကောင်းသူတို့သည် လုပ်နည်းလုပ်ဟန် မှန်ကန်ခဲ့သော် မကျွတ်မလွတ်သူတို့အတွက် အကျိုးများနိုင်ပါသည်။ ကျွန်တော့်တွင် အတွေ့အကြုံ အချို့ ရှိပါသည်။ နောင်အလျဉ်းသင့်သောအခါ၌ ဖော်ပြခွင့် ရရှိလိမ့်မည်ဟု ယုံကြည်ပါ၏။ ဤဆောင်းပါးအဆုံးသတ်အတွက်ကိုမူ ကျွန်တော့် ဓမ္မမိတ်ဆွေတစ်ဦး၏ ကိုယ်တွေ့ဖြစ်ရပ်တစ်ခုကို ဖော်ပြလိုက်ရပါသည်။

ကျွန်တော့်ဓမ္မမိတ်ဆွေမှာ ကိုတင်ထူး ဖြစ်၏။ သူသည် လူမျိုးခြားသွေးနှောပြီး၊ ဘာသာခြား ဖြစ်ပါသည်။ ဘွဲ့ရခေတ်ပညာတတ် တစ်ဦးမို့ ကိုယ်ပိုင်စဉ်းစားဉာဏ် ရှိသလို၊ ဆုံးဖြတ်ချက်ကိုလည်း ရဲရဲတင်းတင်း လုပ်ဆောင်နိုင်သူ ပါရမီရှင်တစ်ဦး ဖြစ်ပါသည်။ ဗုဒ္ဓဘာသာ မြန်မာအမျိုးသမီးကို ယူခဲ့သည့်အတွက် ဇနီးသည်၏ အကြိုက်ကို လိုက်ပြီး ဗုဒ္ဓဘာသာသို့ ပြောင်းလဲခဲ့ရသော မဟုတ်ပါ။ သေသေချာချာ လေ့လာသုံးသပ်ပြီးမှ သူ့သဒ္ဓါတရားအရ လေးလေးနက်နက် ယုံကြည်ကိုးကွယ်ခဲ့ခြင်းပါ။ မိရိုးဖလာဗုဒ္ဓဘာသာ လူငယ်များတို့ထက် များစွာသာလွန် အဆင့်မြင့်သူ ဖြစ်ပါသည်။ ဒါနသီလ ဘာဝနာတို့ကို တတ်စွမ်းသမျှ ဖြည့်ကျင့်၏။ လူကြီးသူမများနှင့် တရားဆွေးနွေး၏။ လေ့လာမှုနည်းသော တော်ရုံတန်ရုံ လူကြီးသက်ကြီး အချို့တို့အား သူကတစ်ဖန် ပြန်လည် တရားဟောပြော၏။ မှားနေသည့် အချက်ကို ထောက်ပြ၏။ ဖတ်သင့်သည့် စာအုပ်များ၊ နာကြားသင့်သည့် တရားခွေများကို ဓမ္မဒါနပြုသည်။

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော ဆယ်နှစ်ခန့်က ကိုတင်ထူးသည် မြေလတ်ပိုင်းရှိ မြို့တစ်မြို့သို့ တာဝန်ကျ၍ ပြောင်းရွှေ့သွားခဲ့ရ၏။ သူ့အထက်အရာရှိကြီးသည်လည်း အိမ်ငှားနေရရာ၊ ကိုတင်ထူး ငှားနေသော အိမ်နှင့် အတော်လေး အလှမ်းဝေးပါသည်။ တစ်နေ့ လမ်းလျှောက်ရင်း သူ့အထက်အရာရှိကြီး အိမ်ငှားနေသော ရပ်ကွက်သို့ ရောက်သွားရာ အိမ်လာလည်ပါဦးဟု ရုံး၌ မကြာခဏ ဖိတ်ကြားထားခဲ့သည်ကို သတိရပြီး သတိတရ ဝင်လည်ပါသည်။

အိမ်က ရှေးအိမ်ကြီး ဖြစ်၏။ တိုက်ခံပျဉ်ထောင်အိမ်အိုကြီးပါ။ တစ္ဆေခြောက်လှသည်ဟု နာမည်ကြီး၏။ အထက်ထပ်ရှိ ဘုရားခန်းကြီးက မှန်အလုံ ကာထား၏။ ငှားနေသော အရာရှိကြီးသည် ဘုရားခန်းရှေ့၌ စားပွဲကြီးချပြီး သူကိုယ်ပိုင်ဆင်းတုတော်ကို ပန်းများ ဝေဝေဆာဆာနှင့် ပူဇော်ထားပါသည်။ ဘုရားကြည်ညိုပါဦးဆို၍ ထိုင်ရှိခိုးဝတ်ပြု၏။ ဘုရားခန်းရှေ့၌ အဘိုးကြီး အဘွားကြီး လင်မယားတို့ ရပ်နေသည်ကို အာရုံ၌ ပေါ်လာသည်။

"ဆရာသမားက ပညာလျှိုတယ်ဗျာ၊ ကျုပ်ကို ကူညီပါဦး" ဟု တောင်းဆိုလာသောကြောင့် ကိုတင်ထူးက တတ်စွမ်းသမျှ ကူညီပါမည်ဟု သူ့အထက်အရာရှိကြီးအား ဝန်ခံခဲ့ပါသည်။ ထိုည ကိုတင်ထူးအိမ်ရှိ ဘုရားဆောင်ရှေ့၌ ပုတီးစိပ် အဓိဋ္ဌာန်ဝင်နေစဉ် နေ့ခင်းက အာရုံ၌ မှန်ဝါးဝါး မြင်တွေ့ခဲ့ရသော အဘိုးအဘွားတို့ ထင်ရှားစွာပြလျက် သူတို့နာမည်များကို ပြောသည်။ ဘုရားခန်းမကြီးကို ရှင်းလင်းသုတ်သင်ကာ ကောင်းမှုကုသိုလ်ပြုပြီး နာမည်တပ်လျက် အမျှအတန်းဝေပေးပါရန် မေတ္တာရပ်ခံပါသည်။ စကားပြောခြင်း မဟုတ်ဘဲ မနောသိ သိလိုက်ခြင်းပါ။ မြေပိုင်ရှင်တို့ကို ရှာဖွေစုံစမ်းကြည့်သောအခါ နာမည်များ မှန်နေသည်ကို အံ့သြစွာ သိရှိရတော့၏။ ထို့ကြောင့် သူတို့ ချမ်းသာစေရန် အရာရှိကြီးနှင့် ဖော်ပြီး အလှူပြုပေးရပါသည်။

မူလဘုရားခန်းကြီးကို ရှင်းလင်းရန် လိုအပ်လာသည်။ ဘုရားမကွဲမအက် မပျက်စီးပါစေနှင့်ဟု ကိုတင်ထူး သတိပေးထားခဲ့သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



မှန်တစ်ချပ်က မတော်တဆ တိုက်မိပြီး ကွဲပါလေတော့သည်။ ချက်ချင်း အသစ်လဲလှယ် တပ်ဆင်လိုက်ပါသည်။ ဘုန်းကြီးငါးပါး ပင့်ကာ ဆွမ်းကပ် တရားနာ အမျှဝေကြသည်။ ကိုတင်ထူးက နေ့ခင်း တစ်နာရီတွင် ထို အိမ်ရှင် အဘိုးအဘွားတို့အား ရည်စူး၍ တရားတစ်ထိုင် ထိုင်ပေးပါသည်။ တစ်နာရီပြည့်၍ တရားဖြုတ်ကာ နာမည်တပ်ပြီး အမျှဝေပေး၏။

တိုက်ဆိုင်စွာပင် ဘုရားခန်းတွင်းမှ တိုင်ကပ်နာရီအိုကြီးသည် နှစ်ချက်တိတိ မြည်ဟည်းသွားခဲ့သည်။ လက်ပတ်နာရီကို ကြည့်လိုက်သော အခါ နှစ်နာရီတိတိ ဖြစ်နေ၏။ ထိုနာရီအိုကြီးမှာ ပင့်ကူအိမ်များ ကပ်ငြိ လျက်၊ အသုံးမပြုခဲ့သည်မှာ ကြာမြင့်လှပြီ။ သော့ပေး၍မရ၊ စက်ရပ် နေသော နာရီပျက်ကြီး ဖြစ်၏။ သြော် ... အဘိုးအဘွားတို့ သာဓု အနု မောဒနာ ခေါ်ဆိုခြင်း ဖြစ်ပါလိမ့်မည်။ ထိုနေ့မှစ၍ ခြောက်လှန့်ခြင်း မရှိ တော့ပါ။ မှန်တစ်ချပ် ကွဲသော နိမိတ်မှာ အရာရှိကြီးအား မတရား စစ်စာပေးခံရ၍ ပြဿနာ တက်ခြင်းတည်း။

ထို့ကြောင့် ကိုယ်ကျင့်သီလ သမာဓိ ပညာပြည့်စုံမည်။ စေတနာ မေတ္တာ ဖြူစင်ထက်သန်မည်။ လုပ်နည်းလုပ်ဟန် မှန်ကန်မည်။ အမှီအခို တို့ကလည်း ကျွတ်လွတ်ချင်စိတ် ရှိမည် စသောအကြောင်းအချက်တို့ အားလုံး ပြည့်စုံညီညွတ်မည် ဆိုပါက တစ္ဆေများကို မေတ္တာပို့ခြင်းသည် အကျိုးများနိုင်သည်။ ရည်စူးအလှူအတွက် သာဓုခေါ်ပြီး ကျွတ်လွတ်နိုင် ကြောင်းကို ရေးသားတင်ပြလိုက်ရပါသည်။

✣ ✣ ✣ ✣ ✣

www.burmeseclassic.com

www.burmeseclassic.com

# ၇။ အရိပ်အယောင်ပြသည့် မကျွတ်သူများ

## စုတိကျချိန်

လူ့တစ်သက်တာ၏ နောက်ဆုံး အချိန်ပိုင်းလေးသည် အလွန် မတန်မှ အရေးကြီးပါသည်။ လူ့ဘဝမှာ မနေရ၍ သေရပါတော့မည် ဆိုသောအခါ လူအတော်များများတို့သည် အထိတ်တလန့် ဖြစ်ကြကုန်၏။ အထိတ်တလန့်ဟူသည် ကြောက်စိတ် ဖြစ်ပါသည်။ ကြောက်စိတ်သည် ဒေါသအခြေခံမှ ဖြစ်ပေါ်လာသော စိတ်အခြေအနေတစ်ရပ် ဖြစ်၏။

ဒေါသနှင့်သေ၊ ငရဲပြည်ရောက်မည် ကေန္တ။

လောဘနှင့်သေ၊ ပြိတ္တာပြည်ရောက်မည် ကေန္တ။

မောဟနှင့်သေ၊ တိရစ္ဆာန်ပြည်ရောက်မည် ကေန္တ။

ဟူ၍ ရှေးဆရာတော်ကြီးများ ဆိုဆုံးမသံပေါက်လင်္ကာလေးများ ဘာသာရေး လိုက်စားသူများ ကြားဖူးနားဝ ရှိကြပါသည်။ မှန်ပါသည် ဒေါသအခြေခံစိတ်ကြောင့် ငရဲသို့ လားကြရပေလိမ့်မည်။ လောဘ အခြေခံ စိတ်ကြောင့် ပြိတ္တာဘဝသို့ ရောက်ကြရပေလိမ့်မည်။ မောဟ အခြေခံ စိတ်ကြောင့် တိရစ္ဆာန် ဖြစ်ကြရပေလိမ့်မည်။ ဤသည်ကား မလွဲမှားနိုင် သော ပုံသေနိယာမ ဖြစ်ပေသည်။ စုတိစိတ်သည် ဤမျှ အလွန်အရေးကြီး လှကြောင်း လက်ခံကြရပါမည်။

သို့သော် လက်ဖျောက်တစ်ချက်တီး၊ လျှပ်စီးတစ်ချက်ပြက် မျက်တောင် တစ်ချက်ခတ်တည်းဟူသော အလွန်မတန်မှ တိုတောင်းလှ

www.burmeseclassic.com



သည့် အပိုင်းအခြားလေးအတွင်းမှာပင် လူတို့၏ရုပ်သည် ကုဋေငါးထောင်ကျော် ဖြစ်ပျက်ပြီး၍ စိတ်သည် ကုဋေတစ်သိန်းမျှ ဖြစ်ပျက်ပြီး နေရကား သေခါနီး အထိတ်တလန့် ဖြစ်ရသည်နှင့် တစ်ပြိုင်နက်၊ ပုထုဇဉ် လူ့မနော အရ တွယ်မိတွယ်ရာ စွဲမိစွဲလမ်းရာရာတို့ကြောင့် ဘဝကူး မကောင်းကြရတော့ပေ။ ထို့ကြောင့် သေရန်ကြောက်လန့်သူတိုင်း ငရဲပြည်သို့ချည်း သွားကြရသည် မဟုတ်ပေ၊ ဒေါသစိတ်တစ်ခုတည်းကြောင့်ဆိုလျှင် မုချ ငရဲသို့ ဖြောင့်တန်းနေပါသည်။ ကြောက်စိတ်အခြေခံကြောင့် ဆင့်ပွါး ဖြစ်ပေါ်လာရသည့် အခြားစိတ်အခြေအနေတို့အပေါ် မူတည်၍ ပြိတ္တာ ဖြစ်ချင်ဖြစ်မည်။ တိရစ္ဆာန်ဖြစ်ချင်ဖြစ်မည်။ ဤသို့တွက်ဆ၍ ရနိုင်သေး၏။ အဘယ်ကြောင့်ဆိုသော် ကမ္မနိမိတ်၊ ဂတိနိမိတ်တို့ကလည်း ရှေ့၌ ဖြစ်ရမည့် ဘဝသစ်အတွက် လမ်းညွှန်ပုံဖော်ကြသေးသောကြောင့် ဖြစ်ပါသည်။

## အရိပ်အယောင်

လူတို့သည် ပုထုဇဉ် သဘောသဘာဝအလျောက် အတွယ်အတာ သံယောဇဉ် များပြားလွန်းလှ၏။ ထိုသံယောဇဉ်နှောင်ကြိုးတို့ကြောင့် လူ့ဘဝမှာ ဇာတ်တစ်ခန်းရပ်ကာ တမလွန်ခရီးသို့ ထွက်ခွာသွားကြရတော့မည် ဆိုသောအခါ နောက်ဆံတငင်ငင်၊ အမျှင်တရစ်ရစ်၊ အချစ်အတွယ်တာ တတန်းလန်းလန်းလည်း ဖြစ်ကြရ၏။ တွယ်တာသော စိတ်အစွဲသည် တစ္ဆေပြိတ္တာ ဖြစ်စေတော့သည်။ ပြိတ္တာဘဝမှာ စားရမဲ့ သောက်ရမဲ့ ဝတ်ရမဲ့နှင့် ဆင်းရဲဒုက္ခအတိ ရောက်ကြရလေသောအခါ၊ သူတို့ မကျွတ်မလွတ်ဖြစ်နေကြောင်းကို သိစေရန် အရိပ်အယောင် ပြကြပါတော့သည်၊ အကူအညီလေးများ ရလေမလားဟု အရိပ်အယောင်ပြမိခါမှ ခြောက်လှန့်သည် ထင်ကြပြီး ကြောက်ရွံ့ကြကုန်၏။ ချမ်းသာရာ ချမ်းသာပါစေကြောင်း ရည်စူးကောင်းမှု ပြုလုပ်ကာ၊ အမျှအတန်း ပေးဝေသည့်က နည်းပါးပြီး နေအိမ်အဆောက်အအုံများမှ ထွက်ခွာသွားကြရန် ကမ္မဝါ ဖတ်၍ နှင်ထုတ်ကြသူက များကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်အိုအိမ်ပျက်၊ တိုက်အိုတိုက်ပျက်၊ ဇရပ်အိုဇရပ်ပျက်၊ ကျောင်းအို ကျောင်းပျက်တို့၌ မှီခိုနေကြသော မကျွတ်မလွတ်သူတို့သည် သူတို့ သံယောဇဉ်ရှိခဲ့သူတို့အားလည်းကောင်း၊ သူတို့ အကူအညီ ရရှိနိုင်မည့် သူတို့အားလည်းကောင်း၊ သူတို့ မကျွတ်မလွတ်သည့်ဘဝ၌ ကျရောက်နေ ရကြောင်း သိရှိနိုင်စေရန် ရည်ရွယ်လျက် အရိပ်အယောင်ကို ပြလေ့ ရှိတတ်ပါသည်။ အချို့လည်း အိပ်မက်ပေးတတ်ကြ၏။ အချို့လည်း အသံဗလံပြုတတ်ကြပြန်သည်။ မည်သို့ဆိုစေ သူတို့ အဆက်အသွယ်ပြု ခြင်းဟု သဘောပေါက် နားလည်ကြရပါမည်။ ဘာကြောင့် အဆက်အသွယ် ပြုကြပါသနည်း။ အကူအညီများ ရနိုင်လေမလားဟု အားကိုးကြီးစွာ ဆက်သွယ်လာကြသည်ဟု ဆိုနိုင်ပါသည်။ သူတို့ ဆက်သွယ်တိုင်း အကူ အညီ ရကြပါသလားဟု စောဒနာပြုလာလျှင် အခါခပ်သိမ်း အဘယ်မှာ လျှင် အဆင်ပြေနိုင်ကြပါမည်နည်း။ ကျွန်တော် ကိုယ်တွေ့တစ်ရပ်ကို ဖောက်သည်ချပြပါမည်။

## ကြုံဖူးမှသိ

ကျွန်တော်သည် သားဦးကို ၁၉၇၅-ခုနှစ်၊ မတ်လဆန်း၌ ပိုက်ချီ ခွင့် ရနေပါပြီ။ သားကြီး ငါးလသားအရွယ်၌ သူ့အဘိုး ကျွန်တော့် ယောက္ခမထီးကြီးခမျာ ဆီးရောဂါနှင့် ဆုံးရှာပါသည်။ ရန်ကုန်ဆေးရုံကြီး ၌ ဆုံးရာ၊ အလောင်းကို တောင်ကြီးမြို့သို့ သယ်ပြန်လာ၏။ ထုံးစံများနှင့် အညီ ကောင်းမွန်သိုက်မြိုက်စွာ သဂြိုဟ်ပါသည်။ တရုတ်ထုံးစံက ချက်ချင်း အုတ်ဂူမတည်ရပါ။ မြေတွင်းကို ကွန်ကရစ်ခန်းဖွဲ့၍ ခေါင်းကိုချ၊ ပျဉ်ချပ် များကို ဖုံး၊ သံယက်မများ အုပ်ပြီး ကွန်ကရစ်လောင်း၏။ ပြီးမှ ယာယီ မြေပုံအဖြစ် မြေသားများ မို့မို့မောက်မောက် ဖုံးအုပ်ထားလိုက်ပါသည်။ ပျဉ်ချပ်မှတ်တိုင်တွင် ကမ္ဗည်းစာများ ရေးသားလျက် အမှတ်တရ စိုက်ထူ ထားခဲ့ကြ၏။

ကျန်ရစ်သူ သားမြေးမြစ်တို့ အရှည်သဖြင့် အကျိုးများစေမည့် အုတ်ဂူတည်ကြမည့် နေ့ကောင်းရက်သာကို တတ်ကျွမ်းသူ တရုတ်

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီးအား ရွေးချယ်သတ်မှတ်ပေးဖို့ အကျွေးအမွေး အလှူအတန်း များဖြင့် ပန်ကြားလျှောက်ထားကြရသည်။ မင်္ဂလာချိန် ကျရောက်မှ မြေပုံ ကို စတင် မြေပေါက်ပြီး အုတ်မြစ်ချရန် ပြင်ဆင်ကြရသည်။ ထုံးစံအတိုင်း သချိုင်းသူကြီးကို ပူဇော်မှုဖြင့် အကြောင်းကြားရ၏။ သွားလေသူကိုလည်း တိုင်တည်ကန်တော့ကြရသည်။ ဓလေ့ထုံးစံဆိုသည်ကား များပြားလှပါ ဘိတောင်း။ အယူအစွဲမှသည် ဓလေ့ထုံးစံ ဖြစ်လာရရိုးထုံးမို့ အယူသီး သူတို့သည် ထိုအယူအတိုင်း စွဲလမ်းကြသည့်အတွက် တစ္ဆေဖြစ်ကြရသည် ကို တရားခံမှ လိုက်စားသူတို့ သိရှိကြပြီး ဖြစ်ပါသည်။ ယခုလည်း ကျွန်တော် ကိုယ်တွေ့ကြုံရပါပြီ။

မိသားစုများ အတော်စုံစုံညီညီ ရှိနေကြပါလျက် ထူးထူးခြားခြား ကျွန်တော်တစ်ဦးတည်း အပုပ်နံ့ရခြင်းကို ပြောပြရလျှင် ယုံကြည်ကြလေ လား မသိပါ။ စောစောက ကျွန်တော် တင်ပြခဲ့သည့်အတိုင်း အလောင်း ကို မြေချစဉ်က ကွန်ကရစ်ပတ်လည် အုပ်လောင်းထားသော ကျွန်းခေါင်း ကြီးမှာ ဘာအပုပ်နံ့ ထွက်နိုင်ပါမည်နည်း။ ရိုးရိုးသာမန်ဉာဏ်ဖြင့် စဉ်းစား တွေးခေါ်ကြည့်လျှင် လုံခြုံလွန်းမက လုံခြုံနေသည့် ကွန်ကရစ်အထဲမှ ဘာအနံ့အသက်မှ မထွက်ပေါ်လာနိုင်ကြောင်း အားလုံး လက်ခံယုံကြည် ကြပေလိမ့်မည်။ ယခုတော့ မြေပုံကို ပေါက်ပြားဖြင့် စတင်ပေါက်လိုက် သည်နှင့် လူသေပုပ်နံ့က ထောင်းခနဲ ထွက်လာပါပြီ။

နေရာက တောင်ကုန်းလေးပေါ်မှာ ဖြစ်ပြီး ဆောင်းကုန် နွေကူး လုနီး ရာသီမို့ မြောက်ပြန်လေသွေးချိန် ဖြစ်၏။ ကျွန်တော်သည် လေညာ အရပ် တောင်စောင်းအောက်လေးရှိ သစ်ပင်အရိပ်အောက်မှာ ရပ်ကြည့် နေပါသည်။ လေကြောအရပ်မို့ အနံ့ရသည်ဆိုလျှင် ထားပါတော့။ ဘေး ပတ်ဝန်းကျင်မှ အပုပ်နံ့ထွက်စရာ ဘာမှမရှိပါ။ အားလုံးမှ သုံးချက်တည်း အပုပ်နံ့ရသည်ကလည်း ထူးနေပြန်သည်။ ပိုထူးသည်က ပထမတစ်ကြိမ် အပုပ်နံ့သဲ့သဲ့ရတော့ ကြက်သီးမွေးညင်း ဖျန်းခနဲ ထလိုက်ပါသည်။ ဒုတိယ တစ်ကြိမ်က ဆိုးဆိုးဝါးဝါးကို အပုပ်နံ့ နံလွန်း၍ နှာခေါင်းကို လက်ဖြင့် ပိတ်ထားမိပါသည်။ တတိယတစ်ကြိမ်ကတော့ သိပ်ပြီး မဆိုးဝါးလှပါ။

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် နောက်ထပ် အနံ့ခံကြည့်သောအခါဝယ် အပုပ်နံ့ဟူ၍ နည်းနည်းလေးမှ မရတော့ဘဲ၊ ထင်းရှူးပင်ကြားမှ ဖြတ်သန်းလာသော နွေဦးလေသည် ထင်းရှူးနံ့တောင် သင်းနေလိုက်သေး၏။

မျက်စိက ဟိုဟိုသည်သည် လိုက်ကြည့်၏။ ထိုစဉ် အဘိုးကို ထင်းရှူးပင်ကြား၌ ရိပ်ခနဲ မြင်လိုက်ရပါသည်။ သင်္ကြိုဟ်စဉ်က ဆင်မြေ လိုက်သော အနက်ရောင် သက္ကလပ် အနောက်တိုင်းဝတ်စုံနှင့်မို့ မိမိမျက်စိ အစုံကိုသော်မှ မယုံချင်ပါ။ ဟုတ်မှဟုတ်ပါရဲ့လား။ စိတ်ထင်လို့လား။ ကြက်သီးဖြန်းခြင်းက ဟုတ်လိမ့်မည် ထင်မှတ်ရပါ၏။ သြော်-အဘိုးကြီး မကျွတ်ဘူး။ သူ သိနေရှိနေသည်ကို အချက်ပြခြင်းပါတကား။

## အကူအညီတောင်း

ကျွန်တော် တွေဝေနေမိ၍ ချက်ချင်း အမျှမဝေမိလိုက်ပါ။ ညပိုင်း ဘုရားရှိခိုးတော့မှ သတိရကာ အဘိုးနာမည်ကို တပ်လျက်၊ ကုသိုလ် အမျှအတန်းကို ဝေရပါတော့သည်။ အုတ်ဂူတည်နေသည့် ကာလ တစ်လျှောက်လုံး ကောင်းမှုပြုတိုင်း၊ ညမနက် ဘုရားရှိခိုးတိုင်း၊ သတိတရ ရှိတိုင်း အဘိုးအား အမျှ ပေးဝေနေခဲ့ပါသည်။ မကြာမြင့်မီမှာပင် အုတ်ဂူ တည်၍ ပြီးစီးသည်။ ကျောက်ပြားကပ် အခမ်းအနားအတွက်ကိုလည်း နေ့ကောင်းရက်သာ ရွေးကြရ၏။ မင်္ဂလာချိန် ကျရောက်တော့မှ ကျောက်ပြားကို ကပ်ကြရသည်။ ပြီးတော့ ပူဇော်ကန်တော့မှုများ၊ အမွှေးတိုင် ဖယောင်းတိုင် ထွန်းညှိခြင်းများ၊ ရွှေစက္ကူ ငွေစက္ကူ မီးရှို့ပေးခြင်းများ တို့ကို ပြုလုပ်ဆောင်ရွက်ပေးကြရပါသည်။

အယူဆိုသည်ကား ယူလျှင်ယူသလို၊ စွဲလျှင်စွဲသလို အလုပ်ဖြစ် လုပါ၏။ အယူမစွဲလျှင် ဒီ အလုပ်မှ ရှုပ်စရာ မရှိတော့ပါ။ တရုတ်မွန်း ဗီလာဆန့်ကျင်သော အယူအစွဲများကို စွန့်ပစ်သင့်လှသည်။ သို့သော် ပတ်ဝန်းကျင် အသိုင်းအဝိုင်းဆိုသည်က မချိုးမွမ်းကာ နေပါရော။ ကဲ၊ ပြစ်တင်ဖို့ကတော့ မျက်လုံးဒေါက်ထောက်ကြည့်နေသတ်ရကား၊ "ရှေ့ထုံး

www.burmeseclassic.com

www.burmeseclassic.com



သည်း မပယ်နှင့်၊ ဈေးသုံးလည်း မလွယ်နှင့်" ဆိုရိုးစကားအတိုင်း ရိုးရာ ဓလေ့များကို မဟုတ်မမှန်မှန်း သိသိကြီးနှင့် အလုပ်ရှုပ်ခံကာ ဆောင်ရွက် ကြရပါတော့သတည်း။

နောက်ထပ် သုံးလေးလခန့် ကြာမြင့်လေသောအခါ ကျွန်တော် သည်း အဘိုးအား မေ့မေ့လျော့လျော့ ဖြစ်သွားခဲ့ရပြီ။ အဘယ်သူသည် အချိန်နှင့်အမျှ သွားလေသူကို သတိရနိုင်ကြမည်နည်း။ ခေတ်ကျပ်ကြီး ထဲမှာ လူလာဖြစ်ကြရသော ကျွန်တော်တို့မှာ နေ့စဉ်နှင့်အမျှ စားဝတ်နေ ရေးအတွက် ရုန်းကန်ရှာဖွေနေကြရသည် မဟုတ်ပါလား။ အချိန်ပို ဆိုသည် မှာ ရှားပါးလွန်းသော ပစ္စည်းတစ်ခု ဖြစ်နေခဲ့သော မျက်မှောက်ခေတ်ကြီး ထဲ၌ ဘုရားကိုသော်မှ စိတ်လက်ကြည်ကြည်သာသာနှင့် အေးအေး ဆေးဆေး အာရုံမပြုနိုင်ကြပါ။ တစ်နေ့လုံး ပင်ပန်းခဲ့လေသမျှ ညအိပ်ရာ ဝင် ဘုရားရှိခိုးစဉ်မှာ လုပ်နေကျ ဝတ္တရားတစ်ခုမို့ ထိုင်ရှိခိုးနေသော်လည်း မျက်တောင်က စင်းလျက် ကျလာပြီ။ တရားတစ်ထိုင် ထိုင်ပြီဆိုလျှင် ငိုက်မြည်းလာလေပြီ။ တစ်ချက်မိမိ၊ နှစ်ချက်မိမိ ဆိုသလို ကုသိုလ်ရေး ကို ကောက်သင်းကောက်သလို စုဆောင်းရသည် မဟုတ်ပါလား။ လုံးလုံး လျားလျား မေ့လျော့နေလျှင် လုံးဝ ကုသိုလ်မရနိုင်ပါ။ ရနိုင်သရွေ့လုပ်က တင်းပြည့်ကျပ်ပြည့် မရရှိနိုင်သော်ငြားလည်း မတ်တင်း၊ မူးတင်း၊ ပဲတင်း လောက်တော့ ရတန်ကောင်းပါရဲ့ဟု သဘောပေါက်ရပါတော့သည်။

တစ်မနက်လင်းအားကြီးတွင် အိပ်မက်ဆန်းတစ်ခုကို မြင်မက်၏။ အိပ်မက်ဟု ဆိုရသော်လည်း တကယ်မြင်ရသလိုလို၊ ရုပ်ရှင်ကြည့်ရသလိုလို ဖြစ်နေကြောင်းကိုမူ အမှန်အတိုင်း ဝန်ခံရပေလိမ့်မည်။ အဘိုး၏ နေအိမ်၊ အဘိုး၏ အိပ်ခန်းဖွဲ့တွင် ဖြစ်၏။ ကျွန်တော်နှင့်အဘိုး နှစ်ဦးတည်းပါ။ အိပ်မက်ထဲတွင် အဘိုး သေဆုံးပြီးဖြစ်ကြောင်းကို သိနှင့်နေသော်လည်း လုံးဝ ကြောက်ရွံ့ခြင်း မရှိခဲ့ပါ။ နံရံကပ်ဗီရိုတစ်လုံး၏ နောက်ကျောထဲ သို့ အဘိုးက လက်နှိုက်လိုက်ပါသည်။ ကြွက်လျှောက်တန်းရှိသဖြင့် လက်တစ်ဖက်စာ လွယ်လွယ်ကူကူ နှိုက်နိုင်ခြင်းပါ။ စွပ်ကျယ်စအဟောင်း နှင့် ထုပ်ထားသော အထုပ်တစ်ထုပ် ပါလာသည်။ ပစ္စည်းထုပ်ကို

www.burmeseclassic.com



လှုပေးပြီး တစ်ဝက်ကို သုံးစွဲပါလေဟု ဆို၏။ ဩော် – အဘိုးတစ်ယော
ကျွတ်ချစ်ပြီ ထင်ပါ့။ အကူအညီ တောင်းနေလေပြီကော။

## အထင်လွဲမှာစိုး

အိပ်မက်ထဲတွင် ပြုံ့ပြုံ့ထင်ထင် မြင်မက်ထားသည်များ အဟုတ်
အမှန် တကယ်ဖြစ်နိုင်ပါမည်လား၊ စိတ်စွဲ၍ မက်ခြင်းလား။ စိတ်
ကြောင်းကိုမူ မိမိကိုယ်တိုင် သေချာပေါက် သိပါ၏။ မြင်မက်သော
အကြောင်းအရာက ထူးကိုထူးနေသည်။ အဘိုး၏ လျှို့ဝှက်ထားချက်
ကျွန်တော် မဆိုထားနှင့် အဘွားနှင့်တကွ မည်သည့်သားသမီးများမှ မ
ကြကြောင်း ကျွန်တော် ယုံကြည်ပါ၏။ တစ်ဝက်ကို ရည်စူးလှူပေး
ကျန်တစ်ဝက်ကို ယူပါဟု အဘိုး၏နှုတ်မှ အသံထွက်မပြောသော်လည်း
မနောသိ သိနေခြင်းကလည်း ဆန်းလို့ နေပြန်ပါသည်။ ပြီးတော့ သာ
သမီးများအား မပေးဘဲ၊ သားမက်ဖြစ်သူ ကျွန်တော့်ကို ပေးခြင်း
ပိုလို့ မထူးဆန်းပေဘူးလား။ ကျွန်တော်နှင့်ထိုက်၍ ပေးခြင်းပေဘဲလား
အမျိုးမျိုးအဖုံဖုံ စဉ်းစားဝေဖန်နေမိ၏။

ထိုပစ္စည်းထုပ်သည် ဘာတွေ ပါသည်ဟု ကျွန်တော် တိတိကျ
မသိရပါ။ ပြီးတော့ ထိုပစ္စည်းထုပ်သည် ထိုနေရာ၌ တကယ်ကော ရှိ
လားဟု စဉ်းစားစရာ ဖြစ်လာ၏။ အိပ်မက်အကြောင်းကို ပြောပြရန်
ကျွန်တော် နှုတ်ဆွံ့နေမိသည်။ ဇနီးသည်ကိုသော်မှ မပြောပြဖြစ်ခဲ့ပါ
မဟုတ်မမှန်ခဲ့သော် အရှက်ကွဲရချည့်။ ယောက္ခမ၊ ယောက်ဖနှင့် ခယ်
များက ကျွန်တော့်ကို ပစ္စည်းမက်မောသည့် သိုက်သမားဟု အထင်
ကြလျှင် ပို၍ ခက်ရချည့်။ အထင်လွဲခံရမည်ကို စိုးရိမ်မိသောကြောင့်
အိပ်မက်အကြောင်းကို ကျွန်တော့်မိခင်ကိုသော်မှ ပြောမပြဖြစ်ခဲ့ပါ။

ပုလင်းဘူးပေါက်တစ်ရာကို ပိတ်ဆို့ထားနိုင်သော်လည်း လူ
တစ်ပေါက်ကို ပိတ်ထားနိုင်ခဲ၏။ ကိုယ်ကကျူး ကိုယ့်ဒူးသော်မှ ယုံရသည်
ခေတ်ကြီးထဲ၌ ကိုယ်နှုတ်လုံပါမှ ကိုယ့်အတွက် အကောင်းဆုံး ဖြစ်
မည်ဟု ကျွန်တော် ခံယူထားခဲ့လေသောကြောင့်၊ ကျွန်တော် မည်သူ

www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ဟပြီး မပြောပြမိခဲ့ခြင်းပါ။ တစ်နည်းအားဖြင့်ဆိုသော် အဘိုးအတွက် စေတနာ မေတ္တာထားရှိသော်ငြားလည်း သူ့မှာ ကျွတ်လွတ်ဖို့ အချိန် မတန်သေး၍ထင့်။ ဤကိစ္စသည် နှစ်တော်တော်နှင့် အကြောင်းမပေါ်လာ ခဲ့ပါ။ ကျွန်တော်ကတော့ တတ်စွမ်းသမျှ ကုသိုလ်ပြု၍ အမျှဝေနေခဲ့ပါသည်။

## အချိန်တန်မှ

အဘိုး၏ ကံတရားက မကျွတ်မလွတ်သော ဘဝတွင် နှစ်အတန် ကြာမျှ နေခဲ့ရရှာသည်ဖြစ်သော်လည်း မည်သူ့ကိုမှ ကြောက်လန့်အောင် မခြောက်လှန့်ခဲ့ပါ။ ကျွတ်ချိန်တန်သောအခါတွင် ကြုံဖန်ပြီး ဖြစ်လာရ တော့သည်။ တစ်နေ့တွင် ကျွန်တော့်ယောက်ဖ ချာတိတ်တစ်ယောက် အိမ်မှ ထွက်ပြေးပါသည်။ အလယ်တန်းသို့ ရောက်နေပါပြီ။ ထိုအရွယ်သည် ထိန်းကျောင်းရခက်သော စကောစကအရွယ် ဖြစ်၏။ ကလေးဆိုရအောင် လည်း ကြီးကောင်ဝင်နေပြီ၊ လူကြီးလားဆိုတော့လည်း ပီပီသသ မဖြစ် သေးပါ။ နေရာတကာ စူးစမ်းလေ့လာချင်တတ်ကြသည်။ စမ်းသပ် လုပ်ဆောင် ကြည့်လိုတတ်ကြသည်၊ နည်းနည်းလေးမှ အပြောအဆို မခံချင်ကြပါ။ လူကြီးတွေက ချုပ်ချယ်သည်ဟု သူတို့ စိတ်ထဲက ထင်မှတ်ယူဆမိလျှင် တော်လှန်လိုကြ၏။ လူကြီးတွေ စိတ်သောက ရောက်ကြ၊ အလုပ်ရှုပ်ကြသည်ကို သူတို့ တွေ့မြင်သိရှိရလျှင် အကျေနပ်ကြီး ကျေနပ်တတ်ကြ၏။ စွန့်စားကြည့်လိုစိတ် ပြင်းပြတတ်ကြသောကြောင့် လည်း ကျောင်းပြေးအိမ်ပြေးလေးများ အများဆုံး ဖြစ်တတ်ကြသည့် မန္ဒမနပ်အရွယ်တည်း။

အိမ်ပြေးဆိုတော့ စားစရိတ်၊ ကားစရိတ်ရှိမှ စိတ်ထင်တိုင်း စိုင်းနိုင် ကြသည်။ ချာတိတ်သည် ဘာအားကိုးနှင့် ပြေးလေသနည်း။ စုံစမ်းကြည့် သောအခါ နာရီတစ်လုံးကို ဈေးအရှေ့ဘက်တန်းရှိ နာရီပြင်ဆိုင်၌ ရောင်းချခဲ့သည်ကို သတင်းရရှိလိုက်၏။ စစ်ဆေးကြည့်သောအခါ ခရုခေတ် လက်ပတ်နာရီ ဖြစ်နေပါသည်။ လူငယ်ဆိုတော့ သိပ်ဝေးဝေးကြီး မရောက်

www.burmeseclassic.com

www.burmeseclassic.com



နိုင်သေးပါ။ တောင်ကြီးမြို့နှင့် အလှမ်းသိပ်မဝေးသော မြို့တစ်မြို့၌ ယောင်လည်လည်ဖြစ်နေစဉ် မိလိုက်ပါသည်။ တစ်ယောက်တည်းမဟုတ်၊ သူ့သူငယ်ချင်းလည်း အဖော်ပါသည်။ အဖော်ကောင်းပါသောကြောင့်လည်း လောကကြီးကို စူးစမ်းကြည့်ခြင်း ဖြစ်မည်။ စွန့်စားဖြစ်လို့ကလည်း ကောင်းတိုင်ပင် ဆိုးတိုင်ပင် အဖော်အလျော်က ပါနေသည်ကိုး။

လက်ပတ်နာရီသည် အိမ်သားထဲက အပိုင်မဟုတ်သလို ချာတိတ်၏ ကိုယ်ပိုင်လက်ပတ်နာရီလည်း မဟုတ်ခဲ့ပါ။ ဘယ်သူ့ဆီက ရရှိခဲ့သနည်း။ ဘယ်သူ့ဆီက ဘယ်ပုံဘယ်နည်းနှင့် ရခဲ့ခြင်းပါလိမ့်။ သူတစ်ပါးပစ္စည်းကို အလစ်သုတ်ခဲ့လေခြင်းလား၊ ခိုးယူခဲ့ခြင်းလေလား။ စိတ်ပူစွာ သံသယဖြစ်နေကြသော မိသားစုတို့က သူ့အား ချော့မော့မေးမြန်းကြလေမှ ဇာတ်ရည်လည်လာရပါတော့သည်။

တစ်နေ့သ၌ ကြွက်တစ်ကောင်သည် ကျွန်တော် အိပ်မက် မြင်မက်ခဲ့သည့် ဗီရိုနောက်ကျောထဲသို့ ကြွက်လျှောက်တန်းမှတစ်ဆင့် ပြေးလွှားဝင်ရောက်သွားခဲ့သည်ကို ချာတိတ် မြင်လိုက်၏။ ကြွက်ကို တုတ်တစ်ချောင်းဖြင့် လိုက်ထိုးရင်း၊ အထုပ်တစ်ထုပ်ကို ထိုးမိထိမိပါတော့၏။ ထိုအထုပ်ကို နှိုက်ယူပြီး ဖြည်ကြည့်တော့ ပစ္စည်းများ တွေ့ရရာ၊ မည်သူ့ကိုမှ မပြောဘဲ ပြန်ဝှက်ထားလိုက်သည်။ အိမ်ပြေးလုပ်တော့မည်ဆိုမှ လိုအပ်သမျှလောက်သာ ယူဆောင်သွားခဲ့ခြင်း ဖြစ်သည်။ ကျွန်တော် သိလိုသည်က စွပ်ကျယ်စအဟောင်းနှင့် ထုပ်ထားခြင်း ဟုတ်မဟုတ်ကိုပါ။ ဟုတ်နေပါသည်။ ဆန်းတော့ အဆန်းသားပါ။ အဘိုးကိုယ်တိုင် ကြွက်ယောင်ဆောင်ပြီး လမ်းပြခြင်းလေလား၊ တိုက်ဆိုင်မှုပေလားဟု စဉ်းစားစရာ ဖြစ်ပါတော့သည်။

## ကောင်းမှုကြောင့်ကျွတ်ပြီ

ပစ္စည်းကို စွဲလမ်းခြင်းသည် ဆိုးဝါး၏။ ထိုပစ္စည်းများကို စွန့်လွှတ်လိုပြီ၊ လှူဒါန်းလိုပြီ ဆိုသောအခါမှ ကျွတ်လွတ်ရန် နီးစပ်တော့၏။ အကြောင်းတိုက်ဆိုင်၍ ထိထိရောက်ရောက် ဆောင်ရွက်ပေးသူ ရှိသော

www.burmeseclassic.com

www.burmeseclassic.com



အခါ၌ တကယ် သာဓုခေါ်လေသဖြင့် ကျွတ်လွတ်ကြရတော့၏။ အဘိုးကို ကြည့်ပါ။ ကျွန်တော် အလှူအတန်းပြုတိုင်း သတိတရ အမျှအတန်း ပေးဝေခဲ့မြဲ ဖြစ်၏။ သူ့ပစ္စည်းအစွဲကြောင့် မကျွတ်ခဲ့ဟန် တူပါသည်။ သူ့ပစ္စည်းများကို ရောင်းချလှူဒါန်းပေးသောအခါဝယ် ဝမ်းမြောက်ဝမ်းသာ ရှိရှာပေလိမ့်မည်။ ဝမ်းမြောက်ကြည်နူးစွာ သာဓုခေါ်နိုင်ပြီ ဖြစ်သောကြောင့် ကောင်းရာသုဂတိသို့ ရောက်သွားသည် ဖြစ်မည်။

အဘိုး သိုသိုသိပ်သိပ် ဝှက်ထားခဲ့သော အထုပ်ကလေးထဲ၌ ဘာပစ္စည်းတွေ ပါဝင်နေသည်ကိုတော့ ကျွန်တော် မစပ်စုခဲ့၍ အတိအကျ မသိရှိခဲ့ရပိုး အမှန်ပါ။ အိမ်ပြေး ယောက်ဖချာတိတ်လေးကြောင့် အဘိုး၏ လျှို့ဝှက်အထုပ်ကိစ္စ ပေါ်ပေါက်လာခဲ့ရာမှ အဘွားဖြစ်သူအား အဘိုး အတွက် ရည်စူးပြီး၊ ကောင်းမှုကုသိုလ် ပြုလုပ်ပေးပါရန် ကျွန်တော် တိုက်တွန်းခဲ့ပါ၏။ အဘွားသည် ဘာသာရေးကိုင်းရှိုင်းသူ ဖြစ်ပြီး၊ တောင်ကြီးမြို့ မူလမင်းကွန်းကျောင်းတိုက်သို့ အမြဲသွားနေကျ ယောဂီ ဟောင်းတစ်ဦး ဖြစ်၏။ တရားအားထုတ်သော ယောဂီတို့၏ ဝေယျာဝစ္စ ကို ဆောင်ရွက်ပေးလေ့ရှိ၏။ ကျောင်းတိုက်ရှိ သံဃာတို့အတွက် လိုအပ် ရာရာတို့ကို ဖြည့်ဆည်းလှူဒါန်းမြဲ ဖြစ်သည်။ ချက်ရေးပြုတ်ရေးဖက်က လိုအပ်လာလျှင်လည်း ကိုယ်တိုင် ဈေးဝယ်ပြီး ချက်ပြုတ်တတ်ပြန်သည်။

အခွင့်အခါသင့်လျှင် အဘွားကိုယ်တိုင် တရားအားထုတ်မြဲ ဖြစ်၏။ သူတော်ကောင်းစိတ်ရှိ၍ သူတော်ကောင်းအလုပ်ကို အမြဲလုပ်ကိုင် ဆောင်ရွက်လေ့ရှိသော အဘွားကိုယ်တိုင် အဘိုးအတွက် ရည်စူး၍ ကောင်းမှုကုသိုလ်များ ဆောင်ရွက်လှူဒါန်းပေးခြင်းကြောင့် အဘိုးအတွက် လွန်စွာမှ အကျိုးများမည်မှာ သေချာလှပါတော့၏။ သိုသိပ်လျှို့ဝှက်ခဲ့သော ကျန်ရစ်ပစ္စည်းတို့ကို စွန့်လှူလိုသော အဘိုးစိတ်ဆန္ဒပြည့်ဝအောင် အဘွားဖြစ်သူက ရက်ရက်ရောရော လှူဒါန်းကာ အမျှအတန်း ပေးဝေမှု တို့ကို၊ အဘိုး ဝမ်းမြောက်ပီတိဖြစ်မည်မှာ မလွဲပါ။ တစ်ညအဘွားအား အဘိုးသည် ကိုယ်ရောင်ဝင်းတောက်လျက် ချမ်းသာရာ ရခဲ့ပါပြီဟု အိပ်မက်ပေး၏။ ထိုအချိန်မှစ၍ နောက်ထပ် အိပ်မက်ပေးခြင်း၊ အရိပ်

www.burmeseclassic.com

www.burmeseclassic.com



အယောင်ပြခြင်းများ မရှိတော့၍ အဘိုး ကျွတ်လွတ်ပြီဟု မှတ်ယူရပါတော့သည်။

## သွားနှင့်လေသူ

တစ္ဆေခြောက်ခြင်းကိစ္စနှင့် ဆက်စပ်လာလျှင် သွားလေသူ ကျွန်တော့်သူငယ်ချင်း ကိုကိုလတ်ကို သတိရမိစေပါသည်။ တက္ကသိုလ်ရောက်မှ ခင်မင်ရင်းနှီးရသော်လည်း လည်ပင်းဖက်ကြီးသော ငယ်ပေါင်းကဲ့သို့ပင် တစ်ဦးကိုတစ်ဦး သံယောဇဉ် ကြီးကြပါသည်။ တစ်ယောက်နှင့်တစ်ယောက် တူညီသည့်အချက်များ ရှိသလို မတူညီသည့် အချက်များလည်း ရှိကြ၏။ သို့သော် တစ်ဦးကိုတစ်ဦး သိနားလည်ထားကြသော အချက်တစ်ချက်တည်းကြောင့် ပေါင်းသင်း၍ ရ၏။ စာပေဝါသနာပါတာချင်း၊ တေးဂီတသီချင်းတို့၌ ဝါသနာထုံတာချင်း တူညီကြ၍လည်း ပို၍ နားလည်မှု ရှိကြခြင်း ဖြစ်ပါလိမ့်မည်။ မည်မျှ ရင်းနှီးကြသနည်းဆိုသော် ကျွန်တော် မင်္ဂလာဆောင်သောအခါဝယ် သူက လူပျိုရံ လုပ်ပေးခဲ့ပါသည်။ အမှန်မှာ သူသည် အလွန်မတန် အရှက်ကြီး၏။ မင်္ဂလာဆောင်ရခြင်းကို အင်မတန်မှ ရှက်စရာကောင်းသော အလုပ်ဟု သူ ယူဆထားခဲ့သော်လည်း၊ ကျွန်တော် အကူအညီတောင်းခံသောအခါ သူ မငြင်းပယ်ခဲ့ပါ။ မဆိုင်းမတွ လိုလိုလားလား ကူညီခဲ့ပါ၏။

သူသည် အနေအေးဆေးသိမ်မွေ့သော်လည်း မဟုတ်မခံ မှန်သည့်ဘက်မှ ရပ်တည်ဝံ့သော စရိုက်ကောင်း ရှိပါသည်။ စိတ်ဆတ်၍ ဒေါသထွက်လွယ်သည်။ စိတ်ထွက်မြန်သလောက် စိတ်ပြေလွယ်ပြန်ပါသည်။ ခြုံ၍ပြောရလျှင် သူတော်ကောင်းတစ်ယောက် ဖြစ်၏။ အရည်အချင်းရှိ၏။ စွမ်းဆောင်နိုင်၏။ သက်ဆိုးကား မရှည်ရှာပေ။ တစ်ဆင့်မြင့်ရာထူးတိုးတက်ခါနီးမှ ရုံးသို့အသွား မတော်တဆ ကားတိုက်၍ ကွယ်လွန်ခဲ့ရရှာသည်။ သူ မကျွတ်ခဲ့ပါပေ။ တမလွန်ဘဝမှနေ၍ ကျွန်တော့်ကို အကူအညီတောင်းခံလာသောကြောင့်၊ လိုအပ်ရာရာ လှူဒါန်းပေးပြီး အမျှအတန်း ပေးဝေနိုင်ခဲ့သဖြင့် သူ ချမ်းသာရာဘဝသို့ ရောက်ရှိသွားခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအကြောင်းကို အဓိက ပင်တိုင်ထား၍ "တမလွန်ရောက် တ်ခွေများ"ဟူသော ဆောင်းပါးတစ်ပုဒ်ကို ကျွန်တော် ရေးသားမှတ်တမ်းတင်ခဲ့ဖူးပါသည်၊ ဆရာတိုးထက် စီစဉ်သည့် "တမလွန်နှင့် အံ့ဖွယ်ကိုယ်တွေ့ဖြစ်ရပ်ဆန်းများ"စာအုပ်၌ ပါဝင်ခဲ့ဖူးပြီး၊ ကျွန်တော်၏ သေခြင်းတရားဆောင်းပါးများ စုစည်းမှု ဒုတိယ၏ ခြေလှမ်းဖြစ်သော "တမလွန်ခရီးမျော်မျော်ကြီး သွားကြစို့"၌ ထည့်သွင်းထားခဲ့ခြင်းကြောင့် ဤစာအုပ်တွင် မပါဝင်နိုင်တော့ပေ။

တစ်ခါတစ်ရံ ကျွန်တော် စဉ်းစားမိဖူး၏။ သွားလေသူ ကိုကိုလတ်သည် ခေတ်ပညာတတ် ဆရာဝန်တစ်ဦးပီပီ တမလွန်လောကမှ မကျွတ်လွတ်သူများအကြောင်းကို ဆက်စပ်၍သာ သူ ပြောရသည်။ သိပ်ယုံလိုဟန် မရှိခဲ့ပါ။ ဤသည်ကို ကျွန်တော်နှင့် အကြီးအကျယ် အငြင်းအခုံဖြစ်ခဲ့သော်လည်း၊ ပရလောကအကြောင်း မမိုက်မသုန် ယုံကြည်သူကျွန်တော့်ကိုတော့ လှောင်ပြုံးသဘောမျိုး ပြုံးလေ့ရှိစမြဲပါ။ သူကွယ်လွန်ပြီး အမျှအတန်း ကုသိုလ်လာတောင်းခြင်းသည်ပင်လျှင် ကျွန်တော့်အား "မကျွတ်မလွတ်သော ဘဝ တကယ်ရှိသည်၊ ကိုယ်တွေ့ဖြစ်ရပ်မို့ ယုံပါပြီ" သက်သေပြရင်း လာအကူအညီတောင်းခြင်းပေလားဟု ကြံကြံဖန်ဖန် တွေးကြည့်မိပါသည်။

## တစ္ဆေကိုနေရာပေးထား

ကိုကိုလတ်၏ ဖခင်သည် အစိုးရအရာရှိကြီး ဖြစ်သောကြောင့် တစ်မြို့မှ တစ်မြို့သို့ ပြောင်းရွှေ့အမှုထမ်းရသည်။ မြေလတ်ပိုင်းရှိ မြို့တစ်မြို့သို့ တာဝန်ကျစဉ်က မိသားစုများ နေလောက်သည့် ကျယ်ကျယ်ဝန်းဝန်း အိမ်တစ်လုံးကို ရှာတရက်ရှာ၍မရ ဖြစ်နေ၏။ နှစ်ထပ်အိမ်သန့်သန့် တစ်လုံးကို တစ္ဆေအခြောက်အလှန့် ကြီးလှကြောင်း ကြိုတင်သတင်းကြား ထားသော်လည်း၊ မတတ်သာသည့်အဆုံး၌ ငှားရမ်းနေထိုင်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သူဖခင်သည် ဘာသာရေးကို အတော်အသင့် ကိုင်းရှိုင်းသူ ဖြစ်၍လည်း မကြောက်မရွံ့တတ်ခြင်း ဖြစ်ပါလိမ့်မည်။ စတင် ပြောင်းရွှေ့သည့်ညမှာ ခိုညည်းသံကဲ့သို့ အသံပေး၏။ ပုပ်နံ့လွှတ်လိုလွှတ်၊ အရိပ်အယောင် ပြ ပြနှင့် စစချင်း တစ္ဆေကတော့ ခြောက်နှင့်ထွင်းပါတော့၏။ ထိုအခန်း လူတစ်ယောက် ဝင်သွားတာ မြင်လိုက်တယ်ဟု ကြီးကြီးဖြစ်သူက ပြော အခန်းထဲသို့ ဝင်စစ်ဆေး၏။ ဘာမျှ မတွေ့ပါ။

စိတ်ထင်လို့ဖြစ်မည်ဟု သူ့အဖေက ကွယ်ပြောပြော၏။ အပု ကိုလည်း မနက်ဖြန်မှ အိမ်ကို ရှင်းလင်းရမည်။ ကြွက်သေပုပ်ရှိ ထင်သည်ဟု ဆိုပြန်သည်။ ခိုချေးကိုလည်း မတွေ့ရ၊ ခိုသိုက်နှင့် ခိုကော တို့ကိုလည်း မမြင်ရဘဲနှင့် ခိုညည်းသံကတော့ ထူးဆန်းလို့ နေပါသည် နောက်ရက်များမှာတော့ ဘာမှ ထူးထူးခြားခြား မဖြစ်တော့ပါ။ အောက်ထ ရှိ ရာဟုထောင့်အခန်းကိုမူ ကြက်သွန်၊ အာလူးများ ဖြန့်ကျင်းထား အသုံးမပြုတော့သည့် ပစ္စည်းပစ္စယများ သိုသိမ်းရာ စတိုခန်းအဖြ သတ်မှတ်ထားလိုက်၏။ ကိုကိုလတ်တို့ မောင်နှမတစ်စုနှင့် သူငယ်ချင်း တူတူပုန်းတမ်း ကစားကြလျှင်၊ ထိုအခန်းထဲ ဝင်ပုန်း ဝင်ကစား ရှိ၏။ ကြီးကြီးနှင့် မိခင်ဖြစ်သူတို့က လူတစ်ယောက် စတိုခန်းထဲ ရိုး ဝင်သွားတတ်သည်ကို မကြာခဏ မြင်ရတတ်၍၊ သက်ာမကင်း ရှိနေပါ၏။ ဖခင်ဖြစ်သူကတော့ ဘုရားတရားကို ရှေးကထက် ပို၍ ကြည် တတ်လာပါသည်။

ထိုမြို့မှ နောက်တစ်မြို့သို့ ပြောင်းရွှေ့ရသောအခါ မိသားစုအား သဘောဖြင့် ရေလမ်းခရီးမှ ပြောင်းကြရရာ၊ မြစ်လယ်သို့လည်း ရောက်ရော ဖခင်ဖြစ်သူက တစ္ဆေလက်က လွတ်ကြပြီ။ အိမ်ငှားခက်၍သာ နေ ရသည်။ စိတ်မအေးရပါ။ တစ္ဆေကို ရာဟုထောင့်အခန်း အပိုင်ပေး မနှောင့်ယှက်ရန် တောင်းပန်ထားခဲ့ရသည်။ ကြီးကျယ်စွာ ဒုက္ခမပေး တော်ပေ၏။ ကျေးဇူးတင်ရပါသည်။ အမျှအမြဲဝေသော်လည်း မကျွတ် ပြောပြပါသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



## အခြောက်ကြမ်းသည့်အိမ်

ပြည်နယ်တစ်ခု၏ မြို့ကြီးတစ်မြို့သို့ ကျန်းမာရေးပြည်နယ် ဦးစီးမှူး အဖြစ် ပြောင်းရွှေ့သွားရသော ဆရာဝန်ကြီး မိသားစုတို့ ကိုယ်တိုင် တွေ့ကြုံခဲ့ရသည့် အိမ်အကြောင်းကို ဦးစီးမှူးကတော်ကိုယ်တိုင် ပြောပြသည့်အတိုင်း ဖောက်သည်ချပါဦးမည်။

"ကိုအောင်ကျော်ရေ မမတို့ ကြုံခဲ့ရတဲ့ အိမ်ကြီးကတော့ တစ္ဆေ အခြောက်ကြမ်းသလား မမေးနဲ့၊ မမတို့က မသိလို့သာ နေခဲ့ကြတာ။ ကြိုသိခဲ့ရင်လည်း နေစရာ အိမ်အခက်အခဲရှိလို့ မျက်စိမှိတ်နေကြရမယ့် သဘော ရှိတယ်။ သားတွေ၊ အိမ်ဖော်တပည့်တွေနဲ့ မိသားစုက ကြီးတော့၊ အိမ်ကြီးကျယ်ကျယ်ဝန်းဝန်းမှ ဖြစ်မှာလေ။ ဆေးရုံဝင်းထဲက အိမ်လေး သေးသေးမို့ လူမနေဘဲ အားနေတဲ့အိမ်ကြီးကို လူကြီးတွေဆီက ရလိုငြား တောင်းကြည့်တာပါ။ မထင်မှတ်ဘဲ လွယ်လွယ်ကူကူ ရလိုက်တယ်။ ဝမ်းသာအားရနဲ့ အိမ်ကို ဆေးကြောရှင်းလင်းကြ၊ အလှအပမွမ်းမံကြနဲ့ မောရပန်းရမှန်းမသိ၊ စိတ်ကြိုက်အိမ်ကြီးကို ရလို့ သိပ်ပျော်နေတာပေါ့လေ။

အိမ်က အုတ်နီနှစ်ထပ်တိုက် အိမ်ကြီးပေါ့။ အဲဒီမြို့မှာတော့ အကြီးဆုံးတိုက်ကြီးပါပဲ။ အင်္ဂလိပ်လက်ထက်ကတည်းက ဆောက်ထား ခဲ့တာတဲ့။ အင်္ဂလိပ်အရာရှိကြီးတွေ နေသွားကြတယ်ဆိုကိုး။ မကျွတ်တာ တွေ ရှိလို့ သိပ်ခြောက်လှန့်လွန်းအားကြီးတော့ ဘယ်သူမှ မနေဝံ့တူးတဲ့။ ဒါတွေကို မမတို့က ဘယ်သိပါ့မလဲ၊ အိမ်ပြောင်းရွှေ့တဲ့ညမှာပဲ ခြေသံတွေ ပေးတယ်။ အိုးခွက်ပန်းကန်တွေ ကျကွဲသံ ပေးတယ်။ ကွဲလို့ ကုန်ပါပြီလို့ အောက်မေ့ပြီး ထကြည့်ရတာ အမောပဲ၊ ဘာတစ်ခုမှ မကွဲရှပါဘူး။ အသံပေးခြောက်တာပါ။ ရွတ်လိုက်ရတဲ့ ဘုရားစာတွေ ပါးစပ်က အမြှုပ် တောင် ထလုနီးပဲ၊ မမတို့က သိပ်မကြောက်တတ်လို့ တော်သေးတာပေါ့။ ကလေးတွေ၊ အိမ်ဖော်တွေ စုပြီး အခန်းကျယ်ကြီးထဲမှာ အိပ်ကြရတယ်။

အိမ်တက်ဆွမ်းကပ် တရားနာ အန္တရာယ်ကင်းပရိတ်ရွတ်လည်း လုပ်ရင်း အရာရှိကြီးငယ်နဲ့ မိတ်ဆွေတွေကိုလည်း ဖိတ်ကျွေးရင်းဆိုသလို

www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြောင်းလို့ ရက်ပိုင်းအရမှာ ပြုလုပ်ခဲ့ပါတယ်။ ဧည့်သည်တွေက အိမ်ကြီး လှလှပပဖြစ်အောင် ပြင်ဆင်ထားတာကိုတော့ ချီးကျူးကြပါတယ်၊ အရာရှိ ကတော်တစ်စု တစ်ခန်းဝင် တစ်ခန်းထွက် အပေါ်ထပ် အောက်ထပ် နှံ့နေအောင် စေ့စေ့စပ်စပ် လေ့လာကြတယ်။ မမတို့ အိပ်ခန်းထဲကိုတော့ မဝင်ရဲကြဘူး။ အချင်းချင်း မျက်စပစ်ပြီး မသိမသာ ပခုံးတွန့်ကြတယ်။ မသိမသာဆိုပေမယ့် မမက သိလိုက်ပါတယ်။ နောက်ပိုင်း စုံစမ်းကြည့် တော့မှ အဲဒီအခန်းမှာ မီးဖွားရင်း အမျိုးသမီးတစ်ဦး သေဖူးတယ်ဆိုကို မကျွတ်ဘူးတဲ့လေ။ ဒေါ်လေးကို ခေါ်အိပ်ရတယ်။ ဒေါ်လေးလည်း တောင်ကြီးက လိုက်လာပြီး လနဲ့ချီ စောင့်ရှောက်ခဲ့ပါတယ်။

## အရိပ်အယောင်များ

နေ့လယ်နေ့ခင်း စာဖတ်ရင်း အိပ်ရာပေါ်မှာ မှေးခနဲ ဖြစ်သွားရင်း ကပ္ပလီမကြီးလို အသားမည်းမည်း ဆံပင်ကောက်ကောက် ဂါဝန်ဝတ် ထားတဲ့ ထောင်ထောင်မောင်းမောင်း မိန်းမကြီးတစ်ယောက် ခုတင်ဘေးမှာ လာလာပြီး ရပ်ကြည့်နေတယ်လို့ အိပ်မက်လိုလို တကယ်လိုလို မြင်ရ တတ်တယ်။ ဒါကြောင့် မမတစ်ယောက်တည်း နေ့ခင်းကြီးတောင် အိပ်ခန်းထဲ မဝင်ရဲပါဘူး။ နှစ်ယောက်သုံးယောက်ဆိုရင် တခွေ လာလေ့ မရှိပြန်ဘူး။ ညညဆိုရင် စားပွဲကုလားထိုင်တွေ ရွှေ့ပြောင်းသံ၊ ပန်းကန် ခွက်ယောက်တွေ ကျကွဲသံ ပေးနေကျမို့ မမတို့က ရိုးသွားခဲ့ပြီ၊ နေ့ခင်းပဲ ဖြစ်ဖြစ်၊ ညပဲဖြစ်ဖြစ်၊ လူရိပ်လူယောင် သွားလာလှုပ်ရှားပြတာတော့ နည်းနည်း စိုးရွံ့မိပါတယ်။ ဘာကြောင့်လဲဆိုတော့ မြို့စွန်မှာ ခြံကျယ်ကြီး နဲ့ နေရတာမို့၊ တကယ့်တစ္ဆေထက် လူဆိုးသူခိုး အိမ်ထဲ ဝင်ခိုးပြီး ဒုက္ခ ပေးမှာကို ကြောက်တာပါ။

တစ်ညနေခင်းမှာ အိမ်ဖော်က ခြံထဲရှိတဲ့ အိမ်သာကို သွားမယ် ဟန်ပြင်တုန်း။ အိမ်သာထဲ လူတစ်ယောက် ဝင်သွားတာ ထင်ထင်ရှားရှား မြင်ရပါသတဲ့။ အတော်ကြာလို့ ထွက်မလာတာ ဆန်းပါတယ်ဆိုပြီး၊ တံခါး ဆွဲဖွင့်ကြည့်တော့ ဘယ်သူမှ မရှိဘူးတဲ့။ သူလည်း အဲဒီအိမ်သာကို

www.burmeseclassic.com

www.burmeseclassic.com



တောက်ဝံ့တော့ဘူး။ တစ်ခါ ကားဒရိုင်ဘာက လူတစ်ယောက် အိမ်သာထဲက ထွက်သွားပြီး ချုံတစ်ခုထဲ ဝင်သွားတာ အသေအချာ မြင်လိုက်လို့ ဘယ်သူများပါလိမ့်လို့ သိချင်ဇောနဲ့ လိုက်ကြည့်တာ ဘယ်သူ့ကိုမှ မတွေ့ရတော့ဘူးတဲ့။ သူလည်း အတော်ဖြုံသွားပါတယ်။ နောက်တော့ ခြံကို ရှင်းလင်းကြတဲ့အခါ အဲဒီချုံကို ခုတ်ထွင်ကြတာပေါ့။ မိုးရွာရင် အပင်ပြန်မထနိုင်အောင် အမြစ်တွေပါ တူးထုတ်ကြရင်း လူရိုးတွေ ပေါ်လာပါလေရော။ ဂျပန်ခေတ်က သေလို့ မြှုပ်ထားခဲ့ကြတာတဲ့လေ။ အရိုးတွေကို သုသာန်မှာ သွားစွန့်လိုက်ပြီးတဲ့ နောက်ပိုင်း အရိပ်အယောင်ပြတာ မမြင်ကြရတော့ဘူး။

အဲဒီခြံဝင်းကြီးက အလွန်ကျယ်ပါတယ်။ အိမ်ကြီးကလည်း အကြီးကြီးပါပဲ။ အခြောက်အလှန့်မရှိရင် နေရတာ သိပ်ပျော်ဖို့ ကောင်းမှာပါပဲ။ အိမ်မသန့်တော့ ဘယ်သူမှ မနေရဲဘူးပေါ့ ကိုအောင်ကျော်။ မမတို့ကို ဘယ်တော့ပြောင်းပြေးမလဲလို့ မြို့က စောင့်ကြည့်နေကြတာတဲ့။ အလုပ်က အနားယူပြီး တောင်ကြီး ပြန်လာတော့မှပဲ အဲဒီအိမ်ကြီးပေါ်က ဆင်းခဲ့ကြတာမို့ မမတို့ကို သတ္တိခဲတွေလို့ ချီးကျူးကြတယ်။ ပရိတ်ရွတ်ပေမယ့် သူတို့က လူမျိုးမတူ ဘာသာမတူလို့လား မသိဘူး။ လုံးလုံးဇော့ မရှင်းလင်းသွားခဲ့ပါဘူး။ မမတို့က မေတ္တာပို့ပြီး နေတော့ သိပ်ကြီး ဒုက္ခ မပေးလှပါဘူး။ အရိပ်အယောင်ပြတယ် ဆိုရုံလောက်ပါပဲ။ တစ္ဆေနဲ့ ငြိမ်းချမ်းရေး ယူထားတယ်လေ။

## နေ့ခင်းကြောင်တောင်

မကျွတ်မလွတ်သူများတို့သည် သူတို့ မကျွတ်ကြောင်းကို ကျန်ရစ်သူတို့ သိရှိကြစေရန် တစ်နည်းနည်း ပြသတတ်၏။ အများအားဖြင့် အနံ့ဖြစ်စေ၊ အသံဗလံဖြစ်စေ၊ အရိပ်အယောင်ဖြစ်စေ၊ အိပ်မက်ဖြစ်စေ သို့တည်းမဟုတ် တစ်စုံတစ်ယောက်ထံ ပူးကပ်၍ဖြစ်စေ၊ လူတို့သိအောင် တစ္ဆေများက ပြုလုပ်တတ်၏။ အိပ်မက်မှတစ်ဆင့် သိစေခြင်းမှာ အနူးညံ့ဆုံး ဖြစ်ပြီး၊ တစ်ဦးဦးထံ ပူးကပ်ဝင်ရောက်ပြီး သကာလ၊ အပူးခံရသူ

www.burmeseclassic.com

www.burmeseclassic.com



ငိုလား ရယ်လား ဖြစ်စေသောနည်းဖြင့် သိစေခြင်းမှာ အတန်ငယ် ကြမ်းတမ်းသည်ဟု ဆိုရပါလိမ့်မည်။ အရိပ်အယောင်ကို ရိုးတိုးရိပ်တိတ် မျှ တခဏပန်း မြင်ယောင်ထင်ယောင်ပြခြင်းသာလျှင် အများအားဖြင့် ကြုံရတတ်ပါသည်။ ပြီးတော့ စိတ်က စေစားလေသောကြောင့်လား မသိ လူပြောတိတ်ချိန် ညပိုင်း၌ ပို၍ ကြုံရတတ်ပြန်သည်။ နေ့ခင်းကြောင်တောင် ကြီး၌ အရိပ်အယောင်ပြခြင်းကား ရှားမှရှားလှပါတော့သည်။ မရှိမဟုတ် ရှိတော့ရှိသည်။ သို့သော် ဖြစ်ခဲပါဘိခြင်း။

ထိုသို့ ကြုံတောင့်ကြုံခဲ ဖြစ်ခဲလှစွာသော အဖြစ်မျိုးကို တောမြို့ တစ်မြို့ရှိ ဆေးရုံငယ်လေးတွင် ကြုံခဲ့ရဖူးကြောင်းကို အဒေါ်တစ်ယောက် က ဖောက်သည်ချ၍ ကြားနာမှတ်သားခဲ့ရဖူးပါသည်။ ဖြစ်ပုံက ဤသို့ပါ။

အလှူပွဲတစ်ပွဲသို့ သွားရင်း၊ ထိုမြို့ငယ်လေး၌ နာမကျန်း ဖြစ်ပါ သည်။ တည်းခိုသည့်အိမ်က စိတ်ပူစွာဖြင့် ဆေးရုံသို့ တင်၏။ သုံးရက်ခန့် ကြာသောအခါ အဖျားကျပြီ၊ အတော်လေး သက်သာလာပါပြီ၊ ဆေးရုံမှ ဆင်းဖို့ကို ဆရာဝန်ခွင့်ပြုချက် မရသေး၍ အားမွေးရင်း သဘောမျိုးနှင့် စိတ်ရှည်ရှည်ထားပြီး ဆေးရုံမှာ ဆက်နေရပါသည်။ တစ်နေ့လည်ခင်း၌ အိပ်စက်၍ မပျော့တပျော်အချိန် နေ့ခင်းအိပ်မက်လိုလို တကယ်လိုလိုနှင့် ညင်သာသော ခြေသံတရှပ်ရှပ် ကြားရပြီးနောက် ထဘီနီဆရာမ တစ်ယောက် အဖျားလာတိုင်းပါသည်။ သူ ထွက်ခွာသွားပြီးနောက် အဒေါ် လည်း အိပ်ရာကောင်းကောင်း နိုးပါပြီ၊ မကြာမီ နောက်ထပ် ဆရာမ တစ်ဦး ဝင်လာပြီး အဖျားတိုင်းပြန်၏။

"ဆရာမ၊ ခုနကပဲ ဆရာမတစ်ယောက် အဖျားလာတိုင်းသွား ပြီးပြီ"

"မဟုတ်ပါဘူး၊ တာဝန်ကျတာက ကျွန်မပါ"

"ဟုတ်ပါတယ်ရှင်။ အသားဖြူဖြူ မျက်နှာသွယ်သွယ်၊ ပါးမှာ မှဲ့လေးတစ်လုံးနဲ့လေ"

"ဗုဒ္ဓေါ"

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ဆရာမ"

" ခြေဘ်–ဘာမှ မဖြစ်ပါဘူး။ ဟိုဆရာမ တာဝန်ကြည့်မှားသွားလို့နဲ့ တူပါတယ်"

## သုံးရက်ဆက်တိုက်

အဒေါ်တက်ရသော ဆေးရုံခန်းမှာ အစွန်ဆုံးအခန်း ဖြစ်ပါသည်။ ဆရာမများ၏ အခန်းနှင့် အတော်အလှမ်းဝေးပါသည်။ အေးဆေးတိတ်ဆိတ်သော ထောင့်ခန်းလေးမို့ လူသွားလူလာ ပြတ်လပ်တတ်သည်။ အေးအေးသန့်သန့် နေလိုသော အဒေါ်အတွက်တော့ ဟန်ကိုကျနေပါသည်။ ထိုသို့ ဆရာမတစ္ဆေ လာခြောက်လှန့်တတ်မှန်း မသိတော့ ကြောက်လန့်ခြင်း အလျဉ်းမရှိခဲ့ပါ။ ပြီးတော့ နေ့ခင်းကြောင်တောင်ကြီးကို အရိပ်အယောင် လာပြလိမ့်မည်ဟု မည်သူက ထင်မှတ်ပါမည်နည်း။

နေ့ခင်း ထိုဆရာမတစ္ဆေ လာတော့မည်ဆိုလျှင် အဒေါ်မှာ တသန်းသန်း တဝေဝေနှင့် အိပ်ငိုက်လွန်းမက အိပ်ချင်လှချည့်ဟု ဆို၏။ မှေးခနဲဆိုလျှင် ခြေသံတရှပ်ရှပ် ကြားရပြီးနောက် အဖျားတိုင်းပြဒါးတိုင်ကို အကျအန ပါးစပ်ထဲ ထည့်ပြီး တိုင်း၏။ ညာလက်ကောက်ဝတ်တွင် သွေးခုန်နှုန်း မှတ်သည်။ တစ်ခု ထူးခြားသည်က ဆရာမ၏လက်သည် ရေခဲတုံးကဲ့သို့ အေးစက်လှ၏။ သူ့အတွေ့အထိ အေးအေးကြီးကြောင့် လူက ဖိန်းခနဲ ဖြစ်ရစမြဲပါ။ စကားတစ်ခွန်းမှ မပြောဘဲ သူ့အလုပ်သူလုပ်ဆောင်ပြီး ပြန်လည် ထွက်ခွာသွားစမြဲပါ။ ဆရာမ ထွက်သွားပြီး မကြာမီပါပင် အိပ်ရာကောင်းကောင်း နိုးပြီ။ နောက်ထပ် ဆရာမတစ်ယောက် အဖျားလာတိုင်းပြန်ပြီ၊ အလှည့်ကျ တာဝန်ချထားခြင်းကြောင့် ထင်၏။ ဒုတိယနေ့လာသော ဆရာမသည် ပထမနေ့က ဆရာမ မဟုတ်ပါ။ အဖျားလာတိုင်းသွားပြီးဖြစ်ကြောင်း ပြောပြလျှင် မျက်လုံးကြီး ဝိုင်းစက်ဘာ ထိတ်လန့်သည့် အမူအရာကို ဖုံးကွယ်ထားသော်လည်း ပေါ်လွင်နေခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



တတိယနေ့၌လည်း ရှေ့နှစ်ရက်မျိုးကဲ့သို့ အဒေါ်မှာ ကြုံရပြန် သည်။ ဤနေ့၌ တာဝန်ကျသော ဆရာမသည် လုပ်သက်နည်းသေးသည့် အလုပ်ဝင်ခါစ ဆရာမဖြစ်ပုံထင့်။ ဟန်လည်း မဆောင်တတ်။ တစ္ဆေဆရာ ဖြစ်မည်ဟု လွှတ်ခနဲ ပြောထွက်မိ၏။ ဒီတော့မှ အဒေါ်လည်း ထိတ် တကြားဖြစ်ကာ ဆေးရုံမှ တောင်းဆင်းတော့၏။ ညဥ့် အဖော် စောင့် သော်လည်း မရဲတော့ပြီ။ တွေးမိလေလေ ကျောချမ်းလေလေမို့ လက် ထိုးပြီး ဆေးရုံမှ ဆင်းခဲ့တော့သည်။ သုံးရက်ဆက်တိုက် နေ့ခင်းကြောင် တောင်ကြီးမှာ အရိပ်အယောင်ပြခြင်းသည် မလွန်လွန်းဘူးလား။

စုံစမ်းကြည့်သောအခါ ဆရာမသည် ဆေးရုံသို့ တာဝန်ဆင်း အလာတွင် မော်တော်ဆိုင်ကယ်က ဝင်တိုက်လိုက်ရာ ပွဲချင်းပြီး သေ အလုပ်ကို စွဲလမ်းပြီး သေသည်။ တာဝန်သိပ်ကျေပွန်သော ဆရာ ဖြစ်သည့်ပြင်၊ လူနာကို ပြုစုဖို့ ဝါသနာကလည်း ကြီး၏။ လူနာများ အဖျားလာလာတိုင်းတတ်သည်။ အမြဲတမ်းတော့ မဟုတ်။ ကြာကြာနေ တစ်ခါတစ်ရံ ပေါ်ပေါ်လာခြင်းပါတဲ့။ နေ့ရောညပါ အချိန်မရွေး လာတ သည်။ အဒေါ်နှင့်ကျမှ နေ့ခင်းကြောင်တောင်ကို သုံးရက်ဆက်တို ကြုံဆုံရခြင်း ဖြစ်ပါသတည်း။

## လူလွန်းဆွေတစ္ဆေ

ဆေးကျောင်းသူ ဆေးကျောင်းသားများတို့သည် ခန္ဓာဗေ သင်ကြားခဲ့ရစဥ်က ဆေးစိမ်အလောင်းကောင် တစ်ကောင်လုံးကို အမဲဖျ သကဲ့သို့ ဖျက်ခဲ့ကြရပြီးပြီ။ နောက်ဆုံးနှစ်သို့ ရောက်သောအခါ ရင်ခွဲရုံ ဝင်၍ ဘာကြောင့် သေရသည်ကို သိရှိနိုင်ရန် အလောင်းလတ်လတ် ဆတ်ဆတ်တို့ကိုလည်း အားမနာတမ်း ခွဲစိတ်ခဲ့ကြရပြန်သည်။ သာ သက်တူရွယ်တူတို့နှင့် နှိုင်းစာလျှင် အလောင်းဆိုသည်များကို ယဉ် ခဲ့ကြပြီးပြီ။ တော်ရုံတန်ရုံ မကြောက်မလန့်တတ်တော့ပြီဟု ဆိုနိုင်ပါ သို့သော် မကျွတ်မလွတ်သူ တစ္ဆေဆိုသည်များကလည်း ရှိရှင်ထဲ၊ တအေ ထဲ၌ ပါသကဲ့သို့ ကြောက်လန့်ဖွယ်အဆင်းကိုချည်း ဆောင်ကြသည်မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ချောချောလှလှ တစ္ဆေများလည်း ရှိတတ်ပြန်ရာ၊ ကျွန်တော့်သူငယ်ချင်း ဆေးကျောင်းသူတစ်ဦးသည် လှလွန်းဆွေတစ္ဆေနှင့် ကြုံကြိုက်ရစဉ်က မူးမေ့လဲမတတ် ဖြစ်ခဲ့ရသည် ဆိုပါလျှင် စာဖတ်သူတို့ ယုံကြည်ကြပါမည် လားမသိ။

ဆေးကျောင်းဆိုသည်ကား အခြားတက္ကသိုလ်များနှင့် လုံးဝ မတူ သည်က စာမေးပွဲ အမြဲရှိနေတတ်ခြင်းပါ။ တစ်ဘာသာမဟုတ် တစ်ဘာသာ၊ အပတ်စဉ်စာမေးပွဲ မဟုတ်လျှင်၊ လစဉ်စာမေးပွဲများ တစ်ခုမဟုတ် တစ်ခု ရှိတတ်သောကြောင့် ညဉ့်နက်သန်းခေါင်အထိ စာကျက်ကြရပါသည်။ အဆောင်၌ အကြီးတန်း၊ အငယ်တန်းများ ရောနှောနေကြသည်ဖြစ်ရာ စာမေးပွဲရှိ၍ အခန်းအများစုတို့ မီးလင်းနေတတ်၏။ အိပ်ချင်ပြေ လက်ဖက်သုပ်၊ အချဉ်ထုပ် စားရင်း၊ ကော်ဖီခါးခါး ဖျော်သောက်ကြရ၏။

ကျွန်တော့်သူငယ်ချင်းလည်း အခန်းဖော်နှင့်အတူတူ ကော်ဖီ ဖျော်သောက်ပြီးနောက် ပန်းကန်ဆေးရန် သွားသည်၊ ပန်းကန်ဆေးနေစဉ် ဖြူဖြူချောချော အရပ်ရှည်ရှည် ဆံပင်ဖားလျားချလျက် အထက်အောက် ဖက်ဖူးရောင် အစိမ်းဝတ်စုံကို ဝတ်ဆင်ထားသူ ဝင်လာ၍၊ အတန်းကြီးက အောက်မေ့ပြီး နှုတ်ဆက်လိုက်ပါသည်၊ ပြန်မထူး၍ လှည့်ကြည့်လိုက်သော အခါ၊ မျက်စိရှေ့မှာပင် လှလွန်းဆွေက ပျောက်ခြင်းမလှ ပျောက်ကွယ် သွားခဲ့ပြီ။ ဒိတ်ခနဲဖြစ်ကာ မျက်စိမျက်နှာပျက်ဖြင့် အိပ်ခန်းသို့ ပြန်ပြေး ရတော့၏။ ထိုညအဖို့ သူ အိပ်မပျော်သည့်ပြင် စာလည်း ဆက်မကြည့် နိုင်တော့ပေ။

အကြောင်းမှာ သူ တွေ့မြင်ခဲ့ရသူမှာ လှလွန်းဆွေတစ္ဆေ ဖြစ်နေ ခဲ့ခြင်းကြောင့်ပါ။ ဇာတ်လမ်းကိုတော့ ကြားဖူးနေခဲ့၏။ ခုမှ နဖူးတွေ့ ဒူးတွေ့ တကယ်မြင်တွေ့ရခြင်းပါ။ လှလွန်းဆွေမှာ အခြားသူမဟုတ်၊ အကြီးတန်းမှ ကျောင်းသူတစ်ဦး ဖြစ်၏။ ခေါင်းလျှော်ပြီး ဆံပင်ဖားလျား နှင့် လမ်းလျှောက်ထွက်၏။ အဆောင်သို့အပြန်၌ ပြည်လမ်းကိုဖြတ်အကူး တွင် ကားတိုက်သေဆုံးခဲ့ရာ မကျွတ်ပါ။ သူ နေခဲ့သော အဆောင်၌

www.burmeseclassic.com

www.burmeseclassic.com



ညဉ့်နက်သန်းခေါင်ဆိုလျှင် မကြာခဏ အရိပ်အယောင် ပြတတ်သည် ဟူသတည်း။

## လာနှုတ်ဆက်သူ

ကျွန်တော်တို့ သုံးနှစ်တာမျှ သမိုင်းကျောင်းဆောင်၌ နေခဲ့ပြီး နောက်၊ စတုတ္ထနှစ်မှစ၍ ဆေးကျောင်းသားဘဝ ကုန်ဆုံးသည့်တိုင်အောင် လမ်းမတော်ဆေးကျောင်းဆောင်၌ နေထိုင်ခဲ့ရပါသည်။ ကျွန်တော် နေခဲ့ ရသော အခန်းမှာ လက်ဦး၌ အခန်း ၆၉–ဖြစ်၏။ နောင်သောအခါ အခန်း ၅၁–သို့ ပြောင်းရွှေ့ခဲ့ရသည်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ စာတွေ့ လက်တွေ့ ဆင်းကြရ၏။ ပထမဦးစွာ ဆေးရုံအဆောင် နံပါတ် ၁–နှင့် ၂–တွင် ကျွန်တော်တို့အုပ်စု ကျပါသည်။ ခုတင်နံပါတ် ၃–မှ လူနာသည် သန်လျင် ကျောက်တန်းဘက်မှ ဆေးရုံလာတက်သော အဘိုးအိုတစ်ဦး ဖြစ်၏။ ရောဂါကျွမ်းနေလေပြီ။ နှလုံးမကောင်းသည့်ပြင် ကျောက်ကပ်ပါ မကောင်း၍ မျက်နှာ ခြေ လက် ဖောရောင်နေရှာ၏။ အဆုတ်ထဲသို့လည်း ရေများ ဝင်နေလေပြီ။ အသက်ရှုရသည်မှာ ဖုတ်လိုက်ဖုတ်လိုက်နှင့် မောနေရှာ၏။ နယ်မှ တက်ရသောကြောင့် ပြုစုမည့်သူ မပြည့်စုံပါ။ အတော်ဆင်းရဲပုံ ရ၏။ ကျွန်တော် ဖွေဆော်ဦး စမ်းသပ်ရသော လူနာ ဖြစ်နေ၍ အချင်းချင်း သံယောဇဉ် ဖြစ်မိကြပါသည်။

ဆေးရုံသို့ တာဝန်မကျသော နေ့များ၌လည်း၊ အချိန်အားရသော် ကျွန်တော့်လူနာကို သွားကြည့်လေ့ရှိ၏။ လိုအပ်ရာရာ ဆေးဝါးခတ်စားကို ကျွန်တော့်မုန့်ဖိုးထဲမှ ဝယ်ချမ်းလှူဒါန်းခဲ့၏။ အနည်းဆုံး အားပေးစကား ပြောကြားရသည်။ တရားဓမ္မနှင့် အတန်ငယ် စိမ်းနေဟန်ရှိ၏။ ဆင်းရဲ သောကြောင့် တရားဓမ္မလိုက်စားရန် အချိန်ပို ရရှိခဲ့ဟန် မတူပါ။ တကယ့် မိရိုးဖလာ ဗုဒ္ဓဘာသာဟု ဆိုရပါမည်။ တစ်နေ့ထက် တစ်နေ့ အခြေအနေ ယိုယွင်းလာနေရာ သေခြင်းကောင်းရန် အလို့ငှာ တရားရှုမှတ်နည်း မေတ္တာပွားများနည်း ဂုဏ်တော်အာရုံပြုနည်းများတို့ကို အလွယ်ဆုံးသင့်သလို ပြောပြရ၏။ အသက်ကကြီး၊ ဝေဒနာကဖိစီးနှင့် လူ့ဘဝမှ ထွက်ခွာသွားခါနီး

www.burmeseclassic.com

www.burmeseclassic.com



ကြိုတင်ပြင်ဆင်ထားမှု မရှိခဲ့လေသောကြောင့် အလွန်မတန် ကြောက်ရွံ့ အားငယ်နေရှာပါသည်။

မနက်ဖြန်မနက် ကျောင်းတက်သွားရင်း ဆေးရုံသို့ ဝင်ကြည့်ပါဦးမည်ဟု စိတ်ထဲမှာ အစီအစဉ်ဆွဲရင်း၊ စာကျက်ပြီးချိန် ညဉ့်နက်သန်းခေါင်၌ အိပ်လိုက်ပါသည်။ မကြာပါ။ ကျွန်တော့်အခန်းထဲသို့ လူနာအဘိုးကြီး ဝင်လာပါ၏။ ကျွန်တော့်ခြင်ထောင်ကို သူ့ညာဘက်လက်ဖြင့် ပင့်မပြီး ကျွန်တော့်ကိုငုံ့ကြည့်နေပါသည်။ သူ့မျက်စိက မှေးမှိန်ပြီး မျက်နှာ ညှိုးလျှနေ၏။ သူ့အား ကူညီကြည့်ရှုခဲ့သည်ကို ကျေးဇူးတင်ကြောင်း ကျွန်တော့်ကို အသိပေးနေ၏။ ပါးစပ်က ပြောခြင်းမဟုတ်။ စိတ်ထဲက သိနေခြင်းသာ ဖြစ်၏။ သူ ရုတ်တရက် ကွယ်အပျောက်၊ ကျွန်တော်လည်း လန့်အနိုး၊ ခြင်ထောင်လည်း သူ မတင်ခဲ့ရာမှ ပြန်လျှောအကျ၊ နာရီပြန် နှစ်ချက် သံချောင်းခေါက်သံအကြား အားလုံး တစ်ပြိုင်နက်တည်းလိုလို ဖြစ်နေသည်မှာ အံ့ဩစရာ ကောင်းလှပါ၏။

မနက် ၈–နာရီ အတန်းတက်ရန်အတွက် ၇–နာရီခွဲကျော်ကျော် အဆောင်မှ ထွက်၏။ ဆေးရုံကြီးသို့ ဝင်ကြည့်ရာ၊ အခန်းတွင်းရှိ ခုတင် နံပါတ် ၃–မှာ ကျွန်တော့်လူနာ အဘိုးကြီး မဟုတ်တော့ပါ။ အခြား လူနာတစ်ဦး ဖြစ်နေပါပြီ။ ဆရာမအား စုံစမ်းကြည့်သောအခါ ည နှစ်ချက် တီးခန့်က ဆုံးသွားပြီဖြစ်၍ ရေခဲတိုက်သို့ ပို့လိုက်ပါပြီ။ လက်ရှိလူနာမှာ မနက်လင်းအားကြီးကမှ အရေးပေါ်လူနာဌာနမှ တင်လိုက်သော လူနာ အသစ် ဖြစ်ကြောင်း ပြောပြပါ၏။ သို့နှင့် ကျွန်တော်တို့ သွားဖက်ဆိုင်ရာ ဆေးကောလိပ်တောင်ဘက်ရှိ ရေခဲတိုက်သို့ သွားရောက်လေ့လာကြည့် သည်။ ဟုတ်ပါသည်။ ကျွန်တော့်လူနာ အဘိုးအိုခမျာ မျက်စိစုံမှိတ်လျက် မထသော အိပ်ခြင်းဖြင့် ထာဝရ လဲလျောင်းသွားပေပြီ။ များစွာ စိတ်မကောင်း ဖြစ်မိပါသည်။ သူဆုံးချိန်နှင့် ကျွန်တော် အိပ်မက်လိုလို တွေ့ဆုံရချိန်တို့ ကွက်တိ တစ်ထပ်တည်း ဖြစ်နေသည်ကတော့ ထူးဆန်း လှပါသည်။ ဩော်–ကျွန်တော့်ကို ညတုန်းက လာနှုတ်ဆက်သွားတာကိုး။

www.burmeseclassic.com

www.burmeseclassic.com



## ကိုယ်ထင်ပြသောပြိတ္တာမ

ကျွန်တော်တို့ ဂေါတမမြတ်စွာဘုရားရှင်လက်ထက် အင်္ဂုတ္တိုရ်လက်ယာတော်ရံ ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးအား ကိုယ်ထင်ပြကာ အကူအညီ တောင်းခံခဲ့ရှာသော ပြိတ္တာမတစ်ဦးအကြောင်းကလည်း စိတ်ဝင်စားစရာ ကောင်းလှပါသည်။

တစ်နေ့တွင် အရှင်မြတ်သည် ရဟန်းတော်များနှင့်အတူ ရွာတံခါးအနီးဖြစ်သော လမ်းခရီးဖြင့် ကြွသွားတော်မူစဉ် ရွာတံခါးပတ်ဝန်းကျင်၌ ဆော့ကစားနေကြသော အမျိုးသမီးငယ်လေးများနှင့် ကြုံဆုံမိကြသည်။ မိဘတို့ထံမှ အလေ့အကျင့်ရထားကြသူများပီပီ၊ ရဟန်းသံဃာတော်များတို့ကို မြင်ကြသောအခါ ကြည်ညိုလေးစားစိတ်ဖြင့် လာရောက်ရှိခိုးကြ၏။ အမျိုးသမီးငယ်တစ်ဦးကမူ အလေ့အကျင့်မရှိ၍ မတ်တပ်ရပ်လျက်သာ နေ၏။ အရှင်မြတ်က ဆင်ခြင်ကြည့်တော်မူသောအခါ ယခုဘဝတွင် မိစ္ဆာဒိဋ္ဌိအယူကို ယူသူဖြစ်သကဲ့သို့ ရှေးဘဝကလည်း မိစ္ဆာဒိဋ္ဌိဖြစ်ခဲ့ခြင်းကြောင့် ပြိတ္တာဘဝသို့ ကျရောက်ခဲ့ရဖူးပြီ။

ပြိတ္တာဘဝ၌ မည်မျှကြာညောင်းခဲ့ရသနည်းဆိုသော် အနှစ်ငါးရာတိတိ ကြာမြင့်ခဲ့ရှာ၏။ မှတ်သိပ်ဆာလောင်ခြင်းနှင့်တကွ အလွန်ဆင်းရဲလှသော ပြိတ္တာဘဝ ဖြစ်ပါသည်။ ထိုဘဝမှ ကျွတ်လွတ်ခဲ့ပြီးနောက် ယခုလည်း ကုဋ္ဌကဝတီရွာ မိစ္ဆာဒိဋ္ဌိအယူကို ယူသော မိဘမျိုးရိုး၌ လူလာဖြစ်ခြင်းပါ။ မိန်းကလေး၏ အတိတ်ဘဝကို ဆင်ခြင်ကြည့်ပြီးသည့်နောက် အနာဂတ်ဘဝကို ဆက်လက်လေ့လာ ဆင်ခြင်ကြည့်တော်မူပြန်ပါသည်။ မိစ္ဆာဒိဋ္ဌိအယူကို စွဲယူထားသူဖြစ်ခြင်းကြောင့် ဤဘဝမှ သေလွန်လျှင် ငရဲသို့ ကျဖို့ရာ အလားအလာ ရှိနေ၏။

"အကယ်၍ ဤမိန်းကလေးသည် ငါ့ကို ရှိခိုးသည် ဖြစ်အံ့၊ ငရဲ၌မူ မဖြစ်လတ္တံ့။ ပြိတ္တာဘုံ၌သာ ဖြစ်လတ္တံ့။ ပြိတ္တာဘုံ၌ ဖြစ်သော်လည်း ငါ့ကိုပင် အမှီပြုပြီး စည်းစိမ်ချမ်းသာအဖြာဖြာကို ရရှိခံစားရလတ္တံ့" ဟု သိမြင်တော်မူသောကြောင့်၊ အရှင်မြတ်မထေရ်ကြီးသည် ထိုမိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com



ကို သံဃာတော်မြတ်တို့အား ရှိခိုးကန်တော့ရန် တိုက်တွန်းပြောကြားတော်မူ၏။ အခြားမိန်းကလေးဖော်တို့ကလည်း သူ၏လက်ကို အတင်းဆွဲချပြီး ရှိခိုးစေလေသည်။ သဒ္ဓါစိတ် မရှိသော်လည်း မထေရ်မြတ်ကို ရှိခိုးလေသည်။ အရွယ်ရောက်သော် မိဿာဒိဋ္ဌိအယူရှိသူ အမျိုးသားတစ်ဦးနှင့် အိမ်ထောင်ကျ၏။ ထိုအမျိုးသမီးငယ်သည် ကိုယ်ဝန်ရှိသော် သားမဖွားနိုင်၍ ကွယ်လွန်ရှာလေသည်။

ထိုအမျိုးသမီးသည် ပြိတ္တာဘဝ၌ဖြစ်၍ အဝတ်မဆီး ကိုယ်လုံးတီးနေရ၏။ အဆင်းမလှပဘဲ မွတ်သိပ်ဆာလောင်သော ဘဝဖြင့် ကျင်လည်၍ သွားလာနေရ၏။ တစ်နေ့တွင် ထိုပြိတ္တာမသည် ရှင်သာရိပုတ္တရာမထေရ်ထံ ကပ်၍ မိမိကိုယ်ကို ကိုယ်ထင်ပြပြီး သင့်တင့်သောအရပ်၌ တည်နေလေသည်။ မထေရ်မြတ်က အကြောင်းကို မေးမြန်းတော်မူလျှင် လူ့ဘဝက အကုသိုလ်တို့ကြောင့် ပြိတ္တာမဖြစ်ကာ ဒုက္ခရောက်နေရကြောင်း ဖြေကြား၏။ သူ့အတွက် ရည်စူးပြီး အလှူပြုပေးပါရန်နှင့် အမျှအတန်း ဝေငှပါရန်ကိုလည်း တောင်းပန်လျှောက်ထားလေတော့သည်။ မထေရ်မြတ်သည် သနားကြင်နာစိတ်ကြောင့် ကယ်ဆယ်စောင့်ရှောက်မည်ဟု ဆွမ်းအလို့ငှာ ရွာသို့ ဝင်၏။ ဆွမ်းရလာသောအခါ သံဃာတော်တို့ကို ပင့်ဖိတ်ပြီး၊ ထိုပြိတ္တာမ ဒုက္ခသည်ကို ရည်စူးကာ သံဃာကို ဆွမ်းလှူ၏။ ကောင်းမှုကုသိုလ်အဖို့ကိုလည်း ပြိတ္တာမအား အမျှပေးဝေတော်မူလေတော့သည်။

ပြိတ္တာမသည် မထေရ်မြတ် ပေးဝေသော ကုသိုလ်အမျှကို သာဓုခေါ်ဆိုသည့် ခဏမှာပင် နတ်ပြည်၌ဖြစ်သော အဝတ်တန်ဆာတို့ကို ဝတ်ဆင်ခွင့်ရလျက်၊ နတ်၌ဖြစ်သော အဖျော်စားဖွယ်ရာများကို ပြည့်စုံစွာ ခံစားစံစားခွင့် ရရှိတော့၏။ ပြိတ္တာဘဝမှ လွတ်မြောက်ကာ ကိုယ်ရောင်ကိုယ်ဝါ တောက်ပသော နတ်သမီး ဖြစ်လာပြီး၊ နတ်ဗိမာန် နတ်စည်းစိမ်တို့ကို ရရှိသည့်အကြောင်းရင်းကို ဆင်ခြင်ကြည့်၏။ အရှင်သာရိပုတ္တရာမထေရ်မြတ်၏ ကျေးဇူးကြောင့် ချမ်းသာမှုဖြစ်ရကြောင်း သိသည်နှင့် တစ်ပြိုင်နက် မထေရ်မြတ်ထံ နတ်သမီးဘဝ အဆောင်အယောင်ဖြင့် လာရောက်ရှိခိုး၏။ "တပည့်တော်မသည် အရှင်ဘုရား၏ စောင့်ရှောက်

www.burmeseclassic.com

www.burmeseclassic.com



ထောက်ပံ့မှု အကူအညီကြောင့် ပြိတ္တာဘဝမှ ကျွတ်လွတ်ပြီး ဤ
နတ်သမီး ဖြစ်ရပါသည်။ ကျေးဇူးရှင်ဖြစ်၍ အရှင်ဘုရားအား တပည့်
မသည် အလွန်ရှိသေမြတ်နိုး သဒ္ဓါညွတ်ကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့
ပါသည် အရှင်ဘုရား''ဟု လျှောက်ထားလေတော့သတည်း။

## ကြောက်ခြင်းမကြောက်ခြင်း

လူတို့ စိတ်အဝင်စားဆုံး အကြောင်းအရာတို့တွင် သေခြင်းတရား
သည် ထိပ်တန်းမှ ပါဝင်နေကြောင်း မည်သူမျှ မငြင်းဆိုနိုင်ကြ
တစ်နေ့တွင် သေခြင်းနှင့် လူတိုင်း မုချပိုင်ပိုင် တွေ့ကြုံကြရမည်ဖြစ်
ထိုသေခြင်း အမှုကို မည်သို့ ရင်ဆိုင်ကြရပါမည်နည်း။ သေလွန်ပြီးသော်
မည်သည့်ဌာန၊ မည်သည့်ဘဝသို့ လားရောက်ကြရမည်နည်းဆိုသော
မေးခွန်းများ၏ အဖြေကို လူတိုင်း သိရှိလိုကြသည်။ မှတ်သာ၍ သေ
ရပြီ ဆိုပါစို့။ ကောင်းသော သုဂတိဘုံသို့သာ ရောက်လိုကြပါသည်
မကောင်းသော ဒုဂ္ဂတိဘုံသို့ မည်သူမျှ မလားရောက်လိုကြ
ကောင်းသော နတ်ဘုံနတ်နန်းနှင့် ဗြဟ္မာပြည်တို့သို့သာလျှင် တက်ရော
လိုကြ၏။

ကောင်းသောနိမိတ်များ ထင်မြင်ကာ မကြောက်မရွံ့ ရဲရဲ
သေခြင်းတရားကို ရင်ဆိုင်နိုင်မှသာလျှင် ထိုနတ်ပြည်ဘြောက်ထပ် ဗြဟ္မာ
နှစ်ဆယ်တည်းဟူသော အထက်ဘုံများသို့ တက်လှမ်းနိုင်ပေလိမ့်မည်
မကောင်းသော နိမိတ်ဆိုးတို့ ထင်မြင်လာပြီဆိုလျှင် ကြောက်ရွံ့တုန်လှုပ်
စွာ သေခြင်းကို ရင်ဆိုင်လျက်၊ လူ့ဘဝကို မစွန့်ချင်စွန့်ချင်၊ မခွဲ
မခွာရက်၊ နောက်ဆံတငင်ငင်ဖြင့် ဘဝကူးကြရသူများ အဘယ်မှာ
လားရာဂတိ ကောင်းနိုင်ကြတော့မည်နည်း။ ပြိတ္တိပြိတ္တာ ဖြစ်သူ
အသူရကာယ်ဘုံ ရောက်သူကရောက်၊ ငရဲကျသူကကျ၊ တိရစ္ဆာန်
ဝင်သူကဝင်နှင့် လူ့ဘဝထက် များစွာ နိမ့်ကျသော အပါယ်လေး
သာ ဥဒဟို သွားကြရကုန်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သေရန် မကြောက်မရွံ့သောသူတို့သည် သေခြင်းကောင်း၍ အမြတ်ထွက်ကာ အထက်သံသရာသို့ တက်ရောက်နိုင်ကြမည်။ အနည်းဆုံး လူအဖြစ်မရှုံးဘဲ လူ့ဘဝကိုတော့ ရင်းစားပြန်ရဖို့ သေချာလှ၏။ သေရန် ကြောက်ရွံ့သူတို့မှာကား သေခြင်းမကောင်းသောကြောင့် အရှုံးပြကာ အောက်သံသရာ၌ နစ်မွန်းကြရပေမည်။ ဤကား မလွဲမှားနိုင်သော ကံတရား၏ ပုံသေအဖြေ ဖြစ်၏။ သို့ဆိုလျှင် သေရန်မကြောက်ရွံ့သော အကြောင်းတရား၊ သေရန် ကြောက်ရွံ့သော အကြောင်းတရားများကို စာဖတ်သူတို့ သိလိုကြပေလိမ့်မည်။ ဗဟုသုတအလို့ငှာ မြတ်စွာဘုရားရှင်က ဇာဏုသောဏိပုဏ္ဏားအား ဟောကြားတော်မူသော သေရန်ကြောက်ရွံ့သူ မကြောက်ရွံ့သူ နှစ်မျိုးနှစ်စားတို့၏ အကြောင်းတရားလေးပါးကို ဖော်ပြလိုက်ရပါသည်။

၁။ ပစ္စည်းကို ခင်သောသူသည် သေရမည်ကို ကြောက်၏။ ထိတ်လန့်၏။

ပစ္စည်းကို မခင်သောသူသည် သေရမည်ကို မကြောက်ပါ။ မထိတ်လန့်ပါ။

၂။ ခန္ဓာကို ခင်သောသူသည် သေရမည်ကို ကြောက်၏။ ထိတ်လန့်၏။

ခန္ဓာကို မခင်သောသူသည် သေရမည်ကို မကြောက်ပါ။ မထိတ်လန့်ပါ။

၃။ ကောင်းမှုမရှိသောသူသည် သေရမည်ကို ကြောက်၏။ ထိတ်လန့်၏။

ကောင်းမှုမရှိသောသူသည် သေရမည်ကို မကြောက်ပါ။ မထိတ်လန့်ပါ။

၄။ တရားတော်မြတ်၌ ယုံမှားရှိသောသူသည် သေရမည်ကို ကြောက်၏။ ထိတ်လန့်၏။

တရားတော်မြတ်၌ ယုံမှားရှိသောသူသည် သေရမည်ကို မကြောက်ပါ။ မထိတ်လန့်ပါ။

www.burmeseclassic.com

www.burmeseclassic.com



## အကြောင်းရင်းရှာတော့

ကျွန်တော့် ယောက္ခထီးကြီးသည် ရန်ကုန်ဆေးရုံကြီးပေါ်၌ ကွယ်လွန်ခဲ့ရာတွင် အိမ်၌ လျှို့ဝှက်ထားခဲ့သော ပစ္စည်းထုပ်ပေါ်၌ စိတ်စွဲလမ်းခဲ့ဟန် တူပါသည်။ ပစ္စည်းကိုတွယ်ပြီး ကွယ်လွန်ရခြင်းကြောင့် မကျွတ်မလွတ်သော ဘဝ၌ နှစ်အတန်ကြာမျှ ဒုက္ခရောက်ခဲ့ရခြင်း ဖြစ်မည်။ ယောက္ခမကြီး၏ ရက်ရောသော ရည်စူးလှူဒါန်းမှုတို့ကို အကြောင်းပြု၍ ကောင်းရာသုဂတိဘုံသို့ ချမ်းသာစွာ ရောက်ရှိရခြင်းမှ ကံကောင်းပေသေးသည်ဟု ဆိုရပါမည်။ အလားတူဖြစ်ရပ်ဖြစ်သော အိုးအိမ်တို့၌ စွဲနေကြသည့် မကျွတ်မလွတ်သူတို့သည် အရိပ်အယောင်ပြကြ၍ ပတ်သက်သူတို့က ကောင်းမှုပြုကာ၊ အမျှအတန်း ဝေပေးကြသော်လည်း ကျွတ်ချိန်မတန်သေးသဖြင့် မကျွတ်ကြခြင်းဖြစ်မည်ဟု ယူဆရပါတော့သည်။

တာဝန်ဝတ္တရားကို စွဲပြီးသေသည့် သူနာပြုဆရာမမျာ တစ္ဆေဘဝမှာပင် လူနာကို ပြုဒါးတိုင် လိုက်တိုင်းနေဆဲ ရှိသေး၏။ အစွဲအလမ်းဆိုသည် မည်မျှ အခက်ပွေစေပါသနည်း။ စာဖတ်သူတို့သာ စဉ်းစားဆင်ခြင်ကြည့်ပေတော့။ သူ့မှာ ကောင်းမှုကုသိုလ် နည်းပါးပြီး၊ မကောင်းမှုအကုသိုလ်တို့သာ များခဲ့လေဟန် တူပါ၏။ ဆေးကျောင်းဆောင်မှ လှလွန်းဆွေတစ္ဆေကတော့ သူ့ရုပ်ရည်လှပမှုကို စွဲလမ်းခဲ့ဟန် တူပါသည်။ ခန္ဓာကိုယ်ကို ခင်လျက် သေခဲ့ရခြင်းကြောင့် မကျွတ်မလွတ်သည့် ဘဝသို့ ကျရောက်ရသည့်တိုင် လှလှပပ လူယောင်ပြ၍ ခြောက်လှန့်နေခဲ့သည် မဟုတ်ပါလား။

တရားမမှုလိုက်စားမှု နည်းခဲ့လေသော ရန်ကုန်ဆေးရုံရောက်တောမှ အဘိုးအို လူနာခမျာမှာလည်း တကယ်တမ်း မနေရ၍ သေရတော့မည် ဆိုသောအခါဝယ်၊ သူ့မှာ မည်မည်ရရ အားကိုးယုံကြည်ရမည် မသိ ဖြစ်နေပါလိမ့်မည်။ ရောဂါဝေဒနာတစ်ဖက်နှင့်မို့ ကျွန်တော် ရှင်းလင်းဟောပြောပြသည့် တရားများကလည်း သူ့နားထဲသို့ အကျိုးကြားနာနိုင်ဘင်ရောက်နိုင်လိမ့်မည် မထင်ပါ။ ဆယ်လုံးတွင် တစ်လုံးလောက်မှ ကျန်ရစ်

www.burmeseclassic.com



ပါရဲ့လား မသိ။ ညာဘက်နားကဝင်၊ ဘယ်ဘယ်နားကထွက်နှင့်မို့ ကျွဲပါး စောင်းတီးလိုများ ဖြစ်နေခဲ့လေသလားဟု ကျွန်တော် တွေးတောမိပါသည်။ အားကိုးစရာ အယူဝါဒကောင်း၊ အကျင့်ကောင်းများ လက်ဆုပ်လက်ကိုင် မိမိရရ မရှိထားပြန်တော့လည်း စိတ်များ ပျံ့လွင့်လျက် မျှော်ချင်ရာမျှော ကျရောက်ချင်သည့် ဒုဂ္ဂတိဘုံသို့ ကျရောက်ခြင်းများ ဖြစ်နေပါလိမ့်မည်။ ကျွန်တော့်ကို လာနှုတ်ဆက်သည့် ဆိုကတည်းက အစွဲအလမ်းကြောင့် လားရာဂတိ မကောင်းကြောင်း သိသာထင်ရှားပါတော့သည်။

မိစ္ဆာဒိဋ္ဌိ အယူမှားရှိသော အမျိုးသမီးငယ်သည် အရှင်သာရိပုတ္တရာ တည်းဟူသော လက်ယာတော်ရံ မထေရ်မြတ်ကြီး၏ အထောက်အပံ့ အကူအညီကို ရရှိခဲ့၍ မကောင်းဆင်းရဲသော ပြိတ္တာဘဝက ကျွတ်လွတ် ကာ နတ်ဗိမာန်နှင့်တစ်ကွ နတ်စည်းစိမ်ချမ်းသာတို့ကို ခံစားစံစားရ ပေသည်။ ထေရဝါဒ ဗုဒ္ဓဘာသာဝင်များပီပီ ဒါန၊ သီလ၊ ဘာဝနာကောင်းမှု အဖြာဖြာတို့ကို စုဆောင်းကျင့်ကြံသည့် ကျွန်တော်တို့အဖို့ ကောင်းရာ သုဂတိသို့ ရောက်နိုင်သည်မှာ သေချာလှပါ၏။ သို့သော် ပေါ့ဆဆနေ၍ မဖြစ်သေးပါ။ ဆရာသမားကောင်း အမိုကောင်းတို့ကို ရရှိဖို့ရာ အထူး လိုအပ်ကြောင်း သတိပြုကြရပါလိမ့်မည်။

တရားအားထုတ်သည်ဆိုရာ၌ နောက်ဆုံးထွက်သက်တစ်ချိန်၊ စုတိ စိတ် ကျချိန်တွင် အယူမမှား ဘာမှမစွဲလမ်းဘဲ ဖြောင့်တန်းစွာ ကောင်းရာ သုဂတိသို့ ရောက်စေဖို့ အလေ့အကျင့်ပြုလုပ်ခြင်း ဖြစ်ပါသည်။ ဝေဒနာ ကို ရှုမှတ်ရင်း၊ ဖြစ်ပျက်ကိုမြင်တိုင်း တရားနှလုံးသွင်းခြင်းဖြင့် စုတိစိတ် ကျနိုင်လျှင် အကောင်းဆုံး၊ အမွန်ဆုံး၊ အမြတ်ဆုံး ဖြစ်ပေ၏။ ထို့ကြောင့် တရားအားမထုတ်ဖူးသေးသော သူတို့အား တရားအားထုတ်ကြရန်ကို လည်းကောင်း တရားအားထုတ်ဖူးသူတို့အား ဆက်လက်ကြိုးစားအားထုတ် ကြရန်ကိုလည်းကောင်း တိုက်တွန်းသမှု ပြုရပါသည်။ ကွယ်လွန်ပြီးမှ အရိပ်အယောင်ပြ၍ ကုသိုလ်အမျှတောင်းရနှင့် အရှက်မကွဲစေရန် သတိ ပုံရင်း နိဂုံးချုပ်လိုက်ရပါသတည်း။

✣ ✣ ✣ ✣ ✣

www.burmeseclassic.com

www.burmeseclassic.com

# ၇။ စိန်ခေါ်လိုက်ချင်သည်

## ရုပ်ဆိုးအကျည်းတန်

ကျွန်တော်တို့သည် မကျွတ်မလွတ်သော သရဲ တစ္ဆေ ပြိတ္တာတို့ကို စိတ်ဝင်စားကြ၏။ လောကဌ် ပရလောကသားများ ဖြစ်ကြသော ထိုထို တစ္ဆေ ပြိတ္တာတို့ ရှိသည်ကို လုံးဝမယုံကြည်သူတို့ကလည်း မျက်မြင်ကိုယ်တွေ့အဖြစ် မြင်တွေ့ခွင့်များ ရနိုင်မည်ဆိုလျှင် မြင်တွေ့ချင်စမ်းပါဘိတော့ဟု စိတ်ဝင်စားစွာ တောင့်တတတ်ကြပါသည်။ တစ္ဆေ ပြိတ္တာဆိုသည်ကား ကျွန်တော်တို့အနီးအနား ပတ်ဝန်းကျင်၌ ရှိနေတတ်ကြ၏။ သို့သော် သူတို့အား ကြုံဆုံမြင်တွေ့ရဖို့မှာ တိုက်ဆိုင်ပါမှ ဖြစ်မည်။ အလကားနေရင်း ကျွန်တော်တို့က သူတို့ကို မြင်တွေ့လိုပါသော်ငြားလည်း သူတို့ကတော့ အကြောင်းထူး မရှိဘဲနှင့် ကျွန်တော်တို့အား သူတို့၏ ရုပ်သဏ္ဍာန်ကို မပြသလိုကြပါ။ အကြောင်းမှာ အသွင်အပြင် မလှပရုံမျှသာမကဘဲ အလွန်မတန် ဆိုးဝါးသော ရုပ်ရည်မျိုးများ ဖြစ်နေတတ်ကြရာ ကျွန်တော်တို့ လူသားများအဖို့ အထိတ်တလန့် ကြောက်ရွံ့တုန်လှုပ်သွားတတ်ကြသောကြောင့် ဖြစ်၏။

အချို့ တွေ့မြင်ဖူးကြသော သူများက တစ္ဆေသရဲဆိုသည်မှာ ဦးခေါင်းကြီးက ပုတ်တမျှ ကြီးမားလှသည်။ မျက်လုံးအစုံကို ရဟန်းသပိတ်ကြီးလို ပြူးထွက်နေသည်။ အရပ်အမောင်းက ထန်းပင်ကြီးလောက်မြင့်မားမိုးထိုးနေပြီး လျှာကြီးကို ထုတ်လိုက်လျှင် သင်ဖြူးဖျာလို ပြန့်ကား

www.burmeseclassic.com



ည်လျားပါသည်။ တစ်ကောင်လုံး၌ မညီမညာ ထိုးထိုးထောင်ထောင် ပေါက်ရောက်နေကုန်သော အမွေးအမှင်တို့က မည်းနက်ကြမ်းတမ်းလှသဖြင့် ဒုံ ဝက်ဝံအကြီးစားလို အလွန်မတန် ကြောက်ရွံ့စရာ ပုံပန်းသဏ္ဌာန် ဖြစ်နေ၏ဟု ဆိုတတ်ကြသည်။ အမှန်အတိုင်း ပြောပြသည်လည်း ရှိမည်။ နားထောင်သူတို့ စိတ်ချောက်ချားအောင် ချဲ့ကားတီထွင်၍ ပြောသည် များလည်း ပါဝင်နိုင်ပါသည်။

ကျွန်တော်ကိုယ်တိုင် ကြုံတွေ့ဖူးသည်များကတော့ အများပြော သလောက် ကြောက်မက်ဖွယ်ရာ အဆင်းရူပကာမျိုး မဟုတ်နေခဲ့ပါ။ ခိုးလိုလို တိမ်ခိုးလိုလိုက တစ်မျိုး၊ အမွေးစုတ်ဖွားဖွားနှင့် မည်းနက် သော မျောက်ကြီးအရွယ်လိုလိုက တစ်မျိုး၊ ဤနှစ်မျိုးလောက်ကိုသာ မြင်တွေ့ဖူး၏။ မကြုံဖူး၍ အလွန်အမင်း ရုပ်ဆိုးသော တစ္ဆေသရဲသည် လောက၌ မရှိနိုင်ဟု ကျွန်တော် မပြောဝံ့ပါ။ လူတို့ဉာဏ်ဖြင့် စဉ်းစား၍ မိနိုင်သော အကြောင်းအရာများသည် မကြုံဖူးသေး၍သာ ဖြစ်ချင်ဖြစ်မည်။ လောက၌ ရှိနိုင်သော ထိုထိုရုပ်ဆိုးဆိုး အကျည်းတန်တန် ပရလောကသား တို့ အကြောင်းများကို ပိဋကတ်တော်လာ ပေတဝတ္ထုတို့၊ ဝိမာနဝတ္ထုတို့ တွင် အတော်များများ တွေ့ရပေရာ၊ ကျွန်တော်သာလျှင် မကြုံကြိုက် သေး၍ အကျည်းတန် ရုပ်ဆိုးသော တစ္ဆေသရဲများနှင့် မဆုံမိသေးခြင်း ဖြစ်ပါလိမ့်မည်။

## အခြောက်အလှန့်

တစ္ဆေခြောက်သည် လှန့်သည် ပြောဆိုရာ၌ မည်သို့မည်ပုံ ခြောက်လှန့်ပါသနည်းဟု ကိုယ်တွေ့မကြုံဖူးသူတို့က မေးမြန်းစုံစမ်းတတ် ကြပေသည်။ အဖြေမှာ တစ္ဆေခြောက်လှန့်နည်းအမျိုးမျိုး ရှိပါသည်ဟု ချုံ့ဖြေကြားရပါလိမ့်မည်။ လောက၌ ပုံမှန်သဘာဝအတိုင်း ဖြစ်ပျက် ကြားသိ မြင်တွေ့နေကြရသော အကြောင်းအရာတို့မှ သွေဖည်ကာ ...၍ ဆိုးသော အဖြစ်အပျက်၊ ပို၍ဆန်းသော အမြင်အတွေ့၊ ပို၍ လှုပ်လှုပ် ချောက်ချားသော အကြားအသိတို့ဖြင့် ကြုံဆုံရပြီဆိုလျှင်၊ ထိုအတွေ့အကြုံ

www.burmeseclassic.com

www.burmeseclassic.com



တို့သည် သဘာဝပုံမှန် ဖြစ်ပျက်နေတတ်သည်မှ ကျော်လွန်လာခဲ့ပြီး တွေ့ကြုံကြရသည့် သူတို့ကလည်း တစ်သက်မမေ့နိုင်စရာ အထိတ်တလန့် ဖြစ်ကြ၏။ ကြက်သီးမွေးညင်း ထကြ၏။ ခေါင်းနားပန်းကြီးကြ၏။

ကြောက်စိတ်သည် ဘယ်တုန်းကနှင့်မှ မတူအောင် အလွန်အမင်း ဖြစ်ရကား၊ အချို့တို့ မပြေးမလွှားနိုင်တော့ဘဲ ခြေအစုံတို့သည် ကျောက်ဆို ကျောက်တုံးပမာ လှုပ်ရှား၍ မရကြတော့။ အချို့တို့ အော်ဟစ် အကူအညီ တောင်းရန် နှုတ်ဆွံ့သွားတတ်၍ အသံ လုံးဝ ထွက်မလာကြတော့။ အချို့ ကြောက်သေးကြောက်ချေးပင် ဖျန်းဖျန်းပါတော့၏။ ပို၍ ဆိုးသည်ကား ကြောက်စိတ်ကို မထိန်းနိုင်ဘဲ သတိလက်လွတ်ဖြစ်ကာ မေ့မျောသွားတတ် ခြင်းနှင့် နှလုံးရောဂါအခံရှိသူတို့နှင့် သွေးတိုးရောဂါရှိသူတို့ဆိုလျှင် ကံအကြောင်းမသင့်ပါက အသက်ဇီဝိန်ပင် ပြတ်ကြွေသွားတတ်ခြင်း ဖြစ်တတ်၏။ ဤသို့ ရုတ်တရက် ကွယ်လွန်ရသောအခါတွင် မကောင်း ဆိုးဝါးက ခွစီးပြီး လိပ်ပြာနုတ်ယူသွားသည်၊ သရဲက ကုပ်ချိုးစားသွားသည် စသဖြင့် သတင်းစကားများ ဖြစ်ပွားတတ်ကြပြန်ပါရော။

## ကြောက်ခြင်းအကြောင်းရင်း

တစ္ဆေပြိတ္တာတို့သည် မနုဿလူသားများအား ခြောက်လှန့်သည် ဆိုရာ၌ အကြောင်းရင်းအမျိုးမျိုး ရှိတတ်ပါသည်။ သာမန်အားဖြင့်တော့ မြွေဆိုးများနှင့် ကျားဆိုးများတို့သည် လူကို ရှောင်ရှားနိုင်လျှင် ရှောင်ရှား သွားကြသကဲ့သို့ တစ္ဆေပြိတ္တာတို့သည်လည်း လူသားတို့ကို အကြောင်းအရာ တစ်စုံတစ်ရာ မရှိဘဲနှင့်တော့ အတွေ့မခံဘဲ ရှောင်ကွင်းသွားတတ်ကြ ပါသည်။ ရှောင်ရှားခြင်းအကြောင်းမှာ သူတို့၏ ဆိုးဝါးလှသော ရုပ်ဆင်း ရူပကာတို့အား လူသားတို့အား မပြသလိုခြင်း ဖြစ်၏။ သူတို့၏ ရှေးအတိတ် အကုသိုလ်ကံကြောင့် ဖြစ်တည်ရရှိသော ရုပ်ပျက်ဆင်းပျက် အသွင်သဏ္ဌာန် ခန္ဓာကိုယ်ကြီးများကို လူသားတို့ မြင်လျှင် ကြောက်ရွံ့ထိတ်လန့်ကြမည် ကိုလည်း သူတို့ သိနှင့်ကြပြီးဖြစ်သလို၊ သူတို့၏ ဆိုးဝါးလှသော ရုပ်ဆင်း သဏ္ဌာန်ကို သူတို့ ရှက်သဖြင့် လူသားတို့ကို မမြင်စေချင်သော စိတ်ဆန္ဒ

www.burmeseclassic.com

www.burmeseclassic.com



ရှိကြ၍လည်း အတတ်နိုင်ဆုံး ဖုံးကွယ်ထားတတ်ကြခြင်း၊ မဆုံအောင် ရှောင်ကွင်းတတ်ကြခြင်း ဖြစ်ပါသည်။

သူတို့ကိုယ်၌က အလိုရှိလာ၍ ဆက်သွယ်ကြပြီဆိုသောအခါ ရုပ်ဆိုး အကျည်းတန်လွန်းသူတို့က ရုပ်ဆင်းသဏ္ဌာန်ကို မပြသတော့ဘဲ အနံ့ ပေးခြင်း၊ အသံဗလံပြုခြင်း၊ အိပ်မက်ပေးခြင်းနှင့် ပူးဝင်ခြင်းများအနက် တစ်နည်းနည်းဖြင့် ဆက်သွယ်ကြခြင်း ဖြစ်ပါသည်။ လူတိုင်းကို သူတို့ ဆက်သွယ်၍ ရနိုင်ပါသလားဟု စောဒနာပြုလာလျှင် လူတိုင်းကိုတော့ဖြင့် သူတို့ အဆက်အသွယ်ပြု၍ မရနိုင်ပါဟု အမှန်အတိုင်း ဖြေဆိုရပါလိမ့်မည်။ မည်သူတို့ကို ဆက်သွယ်နိုင်၍ မည်သူတို့ကို မဆက်သွယ်နိုင်ပါသလဲဟု ဆက်မေးလာလျှင် ယေဘုယျအားဖြင့် ကံဇာတာမြင့်နေသော လူသားတို့အား သူတို့ မဆက်သွယ်နိုင်ကြပါ။ ကံနိမ့်နေသူတို့ကိုသာလျှင် ပရလောကသားတို့ ဆက်သွယ်နိုင်ကြ၏။ ထို့ကြောင့် တချို့လူသား အတော်များများတို့သည် တစ်သက်လုံး တစ္ဆေသရဲ အတွေ့အကြုံမျိုး လုံးဝ မရှိကြခြင်း ဖြစ်ပါသည်။

တစ္ဆေသရဲတို့ ခြောက်လှန့်ခြင်း အတွေ့အကြုံ လုံးဝမရှိသူတို့အဖို့ ကံဇာတာမြင့်နေခြင်း ဖြစ်ပါလိမ့်မည်ဟု တစ်နည်းအားဖြင့် ဆိုနိုင်သလို သူတို့၌ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်တရား နည်းပါးသည်။ တစ်ပါးသူ အတွက် မေတ္တာရှိလုပ်ဆောင်ပေးရန် စေတနာနည်းပါးကြသည်ဟုလည်း တစ်နည်း ယူဆနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် အကူအညီ လိုအပ် နေသော သူတို့သည် အကူအညီပေးရန် လက်မနှေးတတ်သော စေတနာ၊ မေတ္တာရှင်တို့ထံ၌သာလျှင် မိမိတို့ လိုအပ်သည့် အကူအညီကို တောင်းခံ တတ်ကြသည် မဟုတ်ပါလား။ ထိုသို့ အကူအညီတောင်းခံလာသည့်အတွက် ပရလောကသားတို့ အဆက်အသွယ် ပြုလာကြသောအခါ မသိနားမလည် သူတို့က ခြောက်လှန့်သည်ဟု ထင်လိုက်ကြခြင်း ဖြစ်၏။ အမှန်မှာ အမျှအတန်း ဝေပေးကြရပါမည်။ သူတို့ ကုသိုလ်အမျှ လိုချင်၍ ဆက်သွယ် လာကြခြင်းသာ ဖြစ်ပြီး၊ တမင်ခြောက်လှန့်ခြင်း မဟုတ်ကြောင်းကို သိထားရန် လိုအပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပရလောကသားတို့ အဆက်အသွယ်ပြုလာခြင်းကို တစ္ဆေခြောက် သည်ဟု အများ ယုံကြည် လက်ခံသကဲ့သို့ ပြောရိုးပြောစဉ်အတိုင်းသာ သုံးစွဲရပါလျှင် တစ္ဆေခြောက်ခြင်း အကြောင်းရင်းများစွာတို့ကို အောက်ပါ အတိုင်း အမှတ်စဉ် ထိုးနိုင်ပါလိမ့်မည်။

(၁) အခြောက်ခံရသူ ကံနိမ့်၍ အခြောက်ခံရခြင်း၊

(၂) ပျော်ရွှင်လိုသော စိတ်ဖြင့် နောက်ပြောင် ကျီစယ်လို၍ ခြောက်ခြင်း၊

(၃) ကျန်ရစ်သူ ဇနီးမယား သား မိတ်ဆွေရင်းတို့ကို ချစ်ခင်၍ ခြောက်ခြင်း၊

(၄) ကုသိုလ်အမျှအတန်းဝေမှုကို ခံယူလို၍ ခြောက်ခြင်း၊

(၅) စားရမဲ့သောက်ရမဲ့မို့ စားသောက်လိုမှုကြောင့် ခြောက်ခြင်း၊

(၆) သူတို့ ဝှက်ထားရစ်ခဲ့သော ဥစ္စာများကို ပေးလို၍ ခြောက်ခြင်း၊

(၇) အမှာစကား ပြောကြားထားခဲ့လို၍ ခြောက်ခြင်း၊

(၈) အပေါင်းအသင်းတို့ကို နှုတ်ဆက်လို၍ ခြောက်ခြင်း၊

(၉) သားငယ်မယားငယ်တို့ကို စွဲလမ်းခင်မင်၍ ခြောက်ခြင်း၊

(၁၀) ဘုရားသံ၊ တရားသံ၊ ပရိတ်သံတို့ကို ကြား၍ မရွတ်ဆိုအောင် ခြောက်ခြင်း။

## တွေ့ချင်စမ်းပါဘိ

လူသားအများစုတို့သည် တစ္ဆေပြိတ္တာ ပရလောကသားတို့၏ အကြောင်းကို စိတ်ဝင်စားမှု ရှိကြသော်လည်း၊ တကယ်တမ်း တွေ့ကြုံ ရမည်ဆိုပါလျှင် မဝံ့မရဲ ရှိတတ်ကြပါသည်။ အတတ်နိုင်ဆုံး ရှောင်လွှဲ တတ်ကြ၏။ ဤကား လူသားအများစုတို့၏ ပုံမှန်စိတ်သဘောသဘာဝ ဖြစ်သည်။ အချို့လူငယ်တို့ကမူ စူးစမ်းလိုသော စိတ်အခြခံကြောင့် ဘယ်မှာ တစ္ဆေခြောက်သတဲ့ဟု ကြားလျှင် ပြေးတွေ့ကြည့်လိုက်ချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝါတို့ကို လာခြောက်လှည့်ပါဟု တမ်းတတတ်ကြပါ၏။ အဖော်ကောင်းလျှင် ညဉ့်နက်သန်းခေါင်မှာ သုသာန်သချိုင်းသို့ပင် အလည်အပတ်အဖြစ် ခြေဆန့်တတ်ကြပြန်ပါသည်။ တစ္ဆေကို တွေ့ချင်စမ်းပါဘိဟု တမ်းတတတ် ကြသော ကျွန်တော့်သူငယ်ချင်းနှစ်ဦးနှင့် လူသားများကို ရှောင်ကွင်းလို ကြသော အမနုဿ ပရလောကသားတို့ ဆုံတွေ့ခန်းကို ဖောက်သည်ချ ပြပါဦးမည်။

ကျွန်တော်နှင့်အတူ ဆယ်တန်းအထိ တစ်ကျောင်းတည်းနေ သူငယ်ချင်းများအနက် ငြိမ်းမောင်နှင့် ထွန်းနိုင်ဆိုသော ခပ်ရွှတ်ရွှတ် သူငယ်ချင်းနှစ်ယောက် ရှိ၏။ သူတို့က တွဲဖက်လည်း ညီ၏။ ကျောင်းပြေး ကြမည်၊ ရုပ်ရှင်ကြည့်မည်၊ တောင်ပေါ်တက်မည်၊ တောလည်ကြမည်၊ တောင်အောက်ဆင်းမည်၊ ငှက်ပစ်မည်။ ဟုတ်တာကလွဲ၍ မဟုတ်တာ ဘာပဲလုပ်လုပ် နှစ်ခါအဖော် မညှိရပါ။ တစ်ယောက်က အကြံပြုလျှင် နောက်တစ်ယောက်က ထောက်ခံစမြဲ။ နည်းနည်းပေတေချင်ပေမင့် ဉာဏ်ရည်လေးတွေက မဆိုးကြ၍ တစ်နှစ်တစ်တန်းတော့ အောင်မြင် နေကျ ပါ။ ထို့ကြောင့်လည်း စည်းကမ်းကြီးလှသည့် ကျောင်းပေမင့် တစ်လလျှင် အနည်းဆုံး တစ်ကြိမ်နှစ်ကြိမ်မျှလောက်တော့ နေ့တစ်ပိုင်း ဖြစ်စေ၊ တစ်နေကုန်ဖြစ်စေ ကျောင်းလစ်တတ်ကြပါသည်။

ကျွန်တော်တစ်ယောက်တည်း ဆွမ်းလောင်းသွားရင်း ကုန်းသာ ကျောင်း ညောင်ပင်ကြီး၌ ညောင်ပင်တစ္ဆေ အခြောက်ခံခဲ့ရဖူးသည့် အကြောင်းကို ရှေ့ပိုင်း ဆောင်းပါးတစ်ပုဒ်၌ ဖော်ပြခဲ့ပြီးသည်ကို စာဖတ်သူတို့ မှတ်မိကြပါလိမ့်မည်။ ထိုဆယ်တန်းနှစ်၌ ကျောင်းစာကလည်း အရေးကြီးသဖြင့် သူငယ်ချင်းနှစ်ယောက်တို့အား ကျောင်းမပြေးကြစေရန် ညှိရွယ်၍ တောတောင်ထဲ၌ မကောင်းဆိုးဝါးများ ရှိတတ်ကြကြောင်း၊ မှုအစွန်းသာဖြစ်သော ကုန်းသာကျောင်းအဝင်ဝရှိ ညောင်ပင်ကြီး၌ပင်လျှင် ဘုန်းကြီးတစ္ဆေ ရှိကြောင်းတို့ကို ပြောပြမိပါသည်။ ခုတ်ရာတခြား ရှရာတလွဲဟု ဆိုရပါမည်။ ညောင်ပင်တစ္ဆေအကြောင်းကို ကြားသိပြီးသည်

www.burmeseclassic.com

www.burmeseclassic.com



နှင့် သူတို့နှစ်ယောက် မနေနိုင်မထိုင်နိုင် ဖြစ်ကြပါတော့သည်။ တွေ့ချင် စမ်းပါဘိဟု တဖျစ်တောက်တောက် ပြောနေကြပါတော့သည်။

သူတို့နှစ်ယောက် အလွန်မတန်မှ စိတ်ဝင်စားနေပုံ ထောက်တော့ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဒီမောင်တွေ သွားရောက် စမ်းသပ်ကြလိမ့် မည်ဟု ကျွန်တော် အတတ်သိနှင့်နေပါသည်။ ကျွန်တော်တို့ နေခဲ့ကြသည့် ကျောင်းက ခရစ်ယာန်မစ်ရှင်နရီကျောင်းမို့ ဗုဒ္ဓဘာသာကျောင်းများကဲ့သို့ ကျွန်တော်တို့မှာ ဘာသာရေးဗဟုသုတ မပြည့်ဝကြပါ။ ကျွန်တော့်မှာ ဗုဒ္ဓဘာသာ ထေရဝါဒကို လေးနက်စွာ ယုံကြည်ကိုးကွယ်သူ ဘွားအေကြီး ကြောင့် ထိုသူငယ်ချင်းနှစ်ဦးထက် အနည်းငယ်ပိုပြီး တတ်သိနားလည် နေခြင်း ဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင် သူငယ်ချင်း ငြိမ်းမောင်ထက် ပိုဆိုး သည်က ထွန်းနိုင် ဖြစ်သည်။ သူ့မှာ နိုင်ငံခြားလူမျိုးကွဲသွေးနှောသလို ဘာသာကလည်း ကွဲပြန်သည်။ သူတို့ဘာသာက ဥပုသ်စောင့်လျှင် တစ်နေ့လုံး အစာမပြောနှင့် တံတွေးတောင်မှ မမျိုရပါ။

## ကြုံရပါပြီ

တစ္ဆေသရဲအကြောင်း ဗဟုသုတ နည်းပါးကြသည့် ငြိမ်းမောင်နှင့် ထွန်းနိုင်တို့ စမ်းသပ်လိုကြခြင်းကို ကျွန်တော် အပြစ်ပြော၍ မဖြစ်ပါ။ လူငယ်ပီပီ အဖော်ကလည်း လက်ညီတက်ညီသည်ဆိုတော့ ဂူစမ်းလေ့လာ ကြပါတော့၏။ ကြုံဆုံလိုသူတိုင်း တစ္ဆေသရဲနှင့် ကြုံဆုံတိုးဖို့ ခက်ခဲတတ် ကြသော်လည်း၊ ခပ်ရွတ်ရွတ် သူငယ်ချင်းနှစ်ယောက်ကတော့ အမှန်တကယ် ကြုံခဲ့ရကြောင်း ပြန်ပြောင်းပြောပြသောအခါ ကျွန်တော်သည် မအံ့သြမိ ခဲ့ပါ။ အချိန်အခါကို မေးမိလေသောအခါကျမှ လွန်စွာ အံ့သြမိတော့သည်။ ကျွန်တော်သည် ကုန်းသာဘုန်းကြီးတစ္ဆေကို မနက်စောစော အရုဏ်တက် ပြီးစအချိန်၌ ကြုံဆုံတိုးခဲ့သည်ဖြစ်ရာ သူငယ်ချင်းနှစ်ယောက်တို့သည်လည်း အကာလ ညအခါ၌ ကြုံကြိုက်ကြခြင်းဖြစ်မည်ဟု ထင်မှတ်ထားမိ၏။ နေ့လယ်ခင်းကြောင်တောင်ကြီးမှာ ညောင်ပင်တစ္ဆေအကြောင်းကို ခံခဲ့ရသည် ဆိုသောအခါ ကျွန်တော် မအံ့သြဘဲ အဘယ်မှာ ရှိနိုင်ပါတော့မည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပုံမှာ ဤသို့ပါ။ ပထမအစမ်း စာမေးပွဲဖြေဆိုနေစဉ် ကာလတွင် ဖြစ်၏။ အစမ်းစာမေးပွဲဆိုသည့်အတိုင်း မနက်ပိုင်းတွင် တစ်ဘာသာ၊ ညနေပိုင်းတွင် တစ်ဘာသာ ဖြေဆိုကြရ၏။ အချိန်ပိုများတွင် နောက်ဖြေဆိုရမည့် ဘာသာများအတွက် စာကြည့်လိုကကြည့်၊ စာမကြည့်လိုသော် အိမ်ပြန်နိုင်ပါသည်။ မောင်ရင်တာတေနှစ်ယောက် ဖြစ်ကြသော ဦးမြမောင်နှင့် ထွန်းနိုင်တို့ အိမ်သို့ ဘယ်ပြန်ကြမည်နည်း။ တောင်ပေါ်တက်ရသည်နှင့် ဉယျာဉ်သွားရသည်နှင့် သဲတွင်းရေကန်သွားရသည်နှင့် သူတို့မှာ လမ်းသလားစရာ နေရာတွေက များတော့ အားလပ်ချိန်နှင့်ပင်မလျှပါ။ သို့နှင့် ပထမအစမ်း စာမေးပွဲပြီးသည့် နောက်ဆုံးရက်သို့ ရောက်ခဲ့ပြီ။ မနက်ပိုင်း ဖြေဆိုပြီးလျှင် ပြီးပြီ။ သီတင်းကျွတ်အတွက် ကျောင်းတစ်ပတ် ပိတ်ပြီ။

အိမ်သို့ တန်းပြန်လေ့မရှိသော တာတေနှစ်ယောက်တို့သည် ဂနိုင်ရေထွက်မှသည် ရပ်တော်မူဘုရားဘက်ဆီသို့ ခြေဆန့်ကြမည်ဟု သဘောတူညီကြလျက် လေးခွတစ်လက်စီဖြင့် ငှက်ပစ်ထွက်ခဲ့ကြလေသည်။ နေ့ခင်းနှစ်နာရီခွဲခန့်လောက်တွင် ရပ်တော်မူဘုရားကုန်းရှိ ထင်းရှူးတောမှဆင်းထွက်လာကြ၏။ တက်ရောက်ကြစဉ်က ဘုရားကုန်းတောင်ဘက်ကဖြစ်သော်လည်း၊ မြို့ထဲအပြန်မို့ ဘုရားကုန်းမြောက်ဘက်မှ ဆင်းလာကြခြင်းပါ။ တောင်ကုန်းခြေရင်းအနီး ပညောင်ပင်ကြီးအောက်မှာ တစ်ထောက်နားကြ၏။ မူလတန်းကျောင်းလေးကို ကျော်၍ ဟိုးတစ်ခေါလောက်တွင် ကုန်းသာကျောင်းဝင်းထိပ်ရှိ ပညောင်ပင်ကြီးကို လှမ်းမြင်ကြရပါပြီ။ ဒီတော့မှ ကျွန်တော့်ဇာတ်လမ်းလေးကို ပြန်ပြောင်းသတိရကြကာ ကုန်းသာကျောင်း ညောင်ပင်တစ္ဆေကို စမ်းသပ်ရန် သူတို့နှစ်ယောက် အကြံရလိုက်မိကြပါသတဲ့။

"ပြောနေကြတာတယ်။ ထိုင်နေလို့တော့ ဘာမှ ဖြစ်မလာဘူး။ ခုပဲသွားကြစို့ရဲ့"ဟု နှစ်ယောက်သား အဖော်ညှိကြပြီး၊ မူလတန်းကျောင်းဝင်းဘေးရှိ တောလမ်းမှတစ်ဆင့် ကုန်းသာကျောင်းဘက်ဆီသို့ ဦးတည်သွားကြတော့၏။ နှစ်ယောက်သား လေးခွတစ်လက်စီ ဆွဲကိုင်လျက် လက်ဦး

www.burmeseclassic.com

www.burmeseclassic.com



တည့်ရာ လက်တည့်စမ်းရင်း တဖြည်းဖြည်း တအေးအေးသွားကြရာ ဆယ်မိနစ်ခန့်အကြာတွင် ကုန်းသာကျောင်းဝင်းစပ်သို့ ရောက်ပါပြီ။ ညောင်ပင်ခြေရင်း၌ နှစ်ယောက်သား ထိုင်မိကြပြီ။ ညောင်ပင်ကြီးကို မော့ကြည့်ကြ၏။ မြို့မတည်မီကပင် ပေါက်ရောက်နေခဲ့သော ပညောင်ပင်ကြီးမို့ထင့်။ အကိုင်းအခက် အရွက်အလက်တွေနှင့် ဝေဆာသိပ်သည်းလှသည်။ အရိပ်ကောင်းကောင်း ရ၏။ အရိပ်ဝန်းကြီးကလည်း ရှောဖြစ်၏။ အရပ်လေးမျက်နှာသို့ ဖြာထွက်နေသော ခက်မကြီးတွေကလည်း တုတ်ခိုင်လှပါတော့သည်။ ပင်စည်ကြီးကလည်း လူသုံးယောက်ဖက်စာမကကြီးမား၏။ မြစ်ပျဉ်းကြီးတွေ တစ်ခုနှင့်တစ်ခုကြားမှာ လူတစ်ယောက်နှစ်ယောက် အသာလေး ရပ်နား ထိုင်ခိုနိုင်၏။

"ငါတော့ ညောင်ပင်တစ္ဆေ ရှိတယ်ဆိုတာ မယုံပါဘူးကွာ။ ဟိုကောင် အောင်ကျော် ငါတို့ကို လိမ်ညာပြောတာ နေပါလိမ့်မယ်။ ဒီကောင်က စာရှူးပေရှူး စိတ်ကူးက ခပ်ယဉ်ယဉ်ရယ်"ဟု ထွန်းနိုင်က စကားစ၏။

"ဒီလောက်ကြီးတဲ့ အပင်ဆိုတော့ ရုက္ခစိုးတို့၊ ဘာတို့တော့ ရှိတတ်တယ်ကွ။ အောင်ကျော်ပြောတဲ့ ဘုန်းကြီးတစ္ဆေတော့ မပြောတတ်ဘူး။ စစ်အတွင်းက ဗုံးကျလို့ ကျောင်းမီးလောင်တဲ့အထဲ ဘုန်းကြီးပါသွားတာတဲ့။ ခုထိ နှစ်ပေါင်းနှစ်ဆယ်ကျော်တောင် ရှိပြီပဲ။ ကျွတ်လွတ်သွားပြီလား မသိ"ဟု ငြိမ်းမောင်က တွေးတွေးဆဆ ပြော၏။

"ဟေ့ - ညောင်ပင်တစ္ဆေ တကယ်ရှိရင် ခြောက်ပြပါ"ဟု ထွန်းနိုင်က နှုတ်ဆော့၏။ စိန်ခေါ်ခြင်း မဟုတ်ပါလား။ ထိုစဉ်က တောင်ကြီးမြို့၏ လူနေအိမ်ခြေက ကျဲတောက်တောက်သာ ရှိသေး၏။ မြို့ပတ်ဝန်းကျင်တွင် သစ်ကြီးဝါးကြီး၊ တောကြီးတို့ ဝန်းရံထားကြ၏။ ယခု စာရေးနေသည့် ၁၉၉၆-ခုနှစ်မှ ပြန်ပြောင်းရေတွက်ကြည့်သော် နှစ်သုံးဆယ်မျှ ကျန်ရစ်ခဲ့သည့်ကာလတုန်းက ဖြစ်သည်။

စိန်ခေါ်သည်ကို အမနုဿသား ညောင်ပင်တစ္ဆေက ဘာလိုနေပါမည်နည်း။ စိန်ခေါ်သူ မနုဿသား လူငယ်ပါမွှားတွေကို ညောင်ပင်တစ္ဆေသည် ဘယ်မှုပါမလဲ။ လူတွေ ထိုင်ရှိခိုးရသည့် ကျောင်းထိုင်ဘုန်းကြီးအ

www.burmeseclassic.com

www.burmeseclassic.com



က လာလေသည့် ညောင်ပင်တစ္ဆေပေပဲ။ အကြောင်းသိကြပလေ့စေ။ နေ့ခင်းကြီးကြောင်တောင်ပေမင့် ထင်ရှားအောင် ခြောက်ပြရတာပဟု မကြိမ်းဝါးသော်လည်း ကြိမ်းဝါးဘိသကဲ့သို့ ပထမရှေးဦးစွာ အသံတရှဲရှဲကြီး ပေးလေသည်။ ကြောက်မက်ဖွယ်အသံကို ကြားစဦးမှာပင် နှစ်ဦးသား ခေါင်းနားပန်းကြီးလာကြပြီ။ ကြက်သီးမွေးညင်း တဖြန်းဖြန်း ထလာကြပြီ။ အညှံ့ခံပြီး ဘယ်ပြေးကြပါ့မလဲ။ တာတေဘွဲ့ ခံထားကြသည့် လူရွတ်လူပေတွေ မဟုတ်လား။ ဘယ်လိုများ ဆက်ခြောက်ပြဦးမလဲဆိုပြီး စောင့်ကြည့်ကြပါသတဲ့။

## ရန်စကားပြောကြား

တရှဲရှဲအသံသည် လေတိုက်၍ သစ်ရွက်သစ်ခက်များ ပွတ်တိုက်သံလေလားဟု စူးစမ်းလေ့လာကြည့်ကြပါသည်။ လေက ပကတိ ငြိမ်သက်လွန်းမက ငြိမ်သက်နေချေသည်။ သစ်ရွက်သော်မှ မလှုပ်ပါ။ ဘယ်က လာသော အသံပါလိမ့်ဟု ဟိုဟိုသည်သည် နားစွင့်ကြည့်ရာ သူတို့နှစ်ဦး ခေါင်းပေါ်တည့်တည့်ရှိ သစ်ပင်ကိုင်းကြားက လာသည့်အသံ ဖြစ်နေသည်။ တစ်ယောက်ကို တစ်ယောက် မျက်စချီမိကြပါသည်။ ဘယ်လိုလဲပေါ့လေ။

"ဟေ့-ညောင်ပင်တစ္ဆေ၊ မင်းအစွမ်း ဒါအကုန်လားကွ။ ငါတို့တော့ မဖြုံပေါင်။ မိုက်ရင် ဆင်းခဲ့"ဟု ထွန်းနိုင်က မိုက်မိုက်ကန်းကန်း ရန်စပြန်ပါရော။ ဘုန်းကြီးတစ္ဆေ ဘယ်နေလိမ့်မလဲ။ ဟီး...ဟီး...ဟား ...ဟား ဆိုသော အသံများနှင့်အတူ သူတို့နှစ်ဦးအထက်ရှိ ခက်မကြီးသည် တအိအိနှင့် နိမ့်ဆင်းလာပါသည်။ ယောက်ျားကြီးပေါင်လုံး နှစ်ဆမက တုတ်ခိုင်သော ညောင်ကိုင်းကြီးသည် ဤသို့ တဖြည်းဖြည်း အိကျလာသည်မှာ အံ့သြစရာ အလွန်ကောင်း၏။ မျက်လုံးအစုံကိုပင် ပွတ်သပ်ကြည့်မိကြ၏။ တကယ်လေလား၊ အိပ်မက်လေလားဟု ဇဝေဇဝါ ဖြစ်ရှင်စရာပါ။ သူတို့ ဦးခေါင်းပေါ်သို့ ရောက်လုနီးလာ၍ ခေါင်းပုလိုက်ကြ၏။ တစ်ပြိုင်နက်တည်းမှာပင် ရှဲ...ဆိုပြီး အရှိန်ဖြင့် ပြန်ကန်တက်သွား၏။ အရှိန်ပြင်းသောကြောင့် ကိုင်းသေးကိုင်းခြောက်နှင့် သစ်ရွက်များ ဘွားခနဲ

www.burmeseclassic.com

www.burmeseclassic.com



ပွာဆန့်ကြဲ အစုလိုက်အပြုံလိုက် ကြွေကျကြကုန်၏။ ဩော် ... တကယ်ပါလား။

ခက်မကိုင်းကြီးက သူ့နေရာသူ ပြန်ရောက်၍ ကိုင်းခက်အရွက်တို့ ငြိမ်သက်မည်မှ ဟန်မပြင်နိုင်သေး။ ဟိုဘက် ခက်မကြီးက တအိအိ ညွတ်ဆင်းလာပြန်ရော။ လူတစ်ရာလောက် ပုစီးသဖြင့် အလေးဒဏ်ကို မခံနိုင်ဘဲ ညွတ်ကျလာသည်နှင့် ပုံစံတူ၏။ ကိုင်းဖျားများ မြေပြင်နှင့် ထိကပ်တော့မလိုလိုအထိ ညွတ်ကျလာပြီးနောက် ရုတ်တရက် ပြန်ကန်တက်သွား၏။ ကိုင်းသေးကိုင်းခြောက် သစ်ရွက်တွေ ဝေါခနဲ တဖြောက်ဖြောက် ဖြိုင်ဖြိုင်ကြီး ကြွေကျကုန်၏။ ဟိုဘက် ခက်မကိုင်းကြီး ပြန်တက်၍ မရပ်နားသေးမီမှာပင် နောက်ခက်မတစ်ကိုင်းက တအိအိနဲ့ ဆင်းလာပြန်ချေပြီ။ သစ်ပင်ငယ်၏ ကိုင်းများပေါ်သို့ ရောမမျောက်လွှဲကျော်ကြီးက တစ်ကိုင်းပြီးတစ်ကိုင်း ခုန်ကူး ပုစီးသလို ပမာအားဖြင့် တူညီနေပါသည်။ ပညောင်ပင်ကြီးက အကြီးကြီးဆိုတော့ ခက်မကိုင်းကြီးတွေ တအိအိ ညွတ်ကျပြီး ရုတ်တရက် အားနှင့် ပြန်ကန်တက်ပုံတို့ကို ထောက်ဆရလျှင် တက်စီးနေသည့် ညောင်ပင်တစ္ဆေမှာ ခန္ဓာကိုယ် မည်မျှကြီးပြီး မည်မျှလေးလိမ့်မည်ကို သိနိုင်ပါ၏။ မျက်စိအမြင်တွင် အကောင်အထည် အထင်အရှား မမြင်ရသော်ငြားလည်း တန်ချိန် ရှစ်ရာတစ်ထောင်လောက်များ ရှိနေလေမလား။

မျက်ကလူးဆန်ပြာနှင့် ဘသားချောတွေ ဘယ်က္ကန္ဒြေဆောင်နိုင်ကြမည်နည်း။ မတိုင်ပင်ရဘဲနှင့် နှစ်ယောက်သား တင်ပါးနှင့် ဖဝါးတစ်သားတည်းကျအောင် လေ့ကားထစ်နှစ်ရာကျော်ရှိ ကုန်းသာကျောင်းအုတ်လှေကားမှ တစ်ဟုန်ထိုး ပြေးဆင်းလာခဲ့ကြပါလေသတဲ့၊ လူကြမ်းလျှင် နတ်ကြမ်းမခံနိုင်ဟု အဆိုရှိ၏။ တစ္ဆေသရဲ တကယ်ကြမ်းလျှင် အငယ်သူသားတို့ ခံနိုင်ကြမည်နည်း။ ကျောင်းသားလူငယ် ငြိမ်းမောင်နှင့်ထွန်းနိုင်တို့လည်း ပြေးဆင်းခဲ့ကြရပါသတည်း။

www.burmeseclassic.com

## တကယ်ရှိ၏

တစ္ဆေ တကယ် ရှိမရှိ ဟူသော ခေါင်းစည်းဖြင့် ကျွန်တော်သည် ကုန်းသာကျောင်း ညောင်ပင်၌ မှီတွယ်နေသော ဘုန်းကြီးတစ္ဆေအကြောင်း ဆောင်းပါးကို ရေးသားပြီးစီးသောအခါ စာရေးဆရာ တင်ငွေ(ရှမ်းပြည်) အမည်ခံ၊ ကျွန်တော်က ဘကြီးဟေ့ လေးစားရသူအား စိစစ်ပေးရန် ဖတ်ရှုစေခဲ့၏။ အကြောင်းအရာရော၊ အရေးအသားပါ ဘာမှ ပြောစရာ မရှိ၊ ကောင်းလှ၏။ သို့သော် ဆရာတော် ဆွေမျိုးများနှင့် ဒကာရင်းများ ကျန်ရှိနေသေးပါက မကျေမနပ် ဖြစ်ကြမှာကို စိုးရပါသည်ဟု မှတ်ချက် ပြုပါသည်။ ကျွန်တော့်အနေနှင့်မူ မကျွတ်မလွတ်ကြသော သူတွေက များစွာ ရှိကြသည်။ ဆက်သွယ်၍ ရမရ အပေါ် မူတည်၍ သိရှိကြခြင်းနှင့် မသိရှိ ကြခြင်းသာလျှင် ခြားနားပါသောကြောင့်၊ မကျွတ်ဘူးဟု ပြောဆို ဝေဖန် မှုကို ရှက်စရာ၊ စိတ်ဆိုးစရာမလို။ မိမိအလှည့်ရောက်လျှင် ကောင်းရာ သုဂတိသို့ ရောက်ရန်သာ အဓိကအရေးကြီး လိုအပ်ပါသောကြောင့် သေမှ အရှက်မကွဲစေရန် တရားဘာဝနာကို ကြိုးစားအားထုတ်သင့်သည်ဟု ခံယူပါသည်။ ကျွန်တော် ခံယူသလို စာဖတ်သူအားလုံးတို့လည်း အမှန် အတိုင်း ခံယူထားသင့်၏။

ဘုန်းကြီးဆိုလျှင် နတ်ရွာမှ လာခဲ့ပြီ၊ နတ်ရွာသို့ ပြန်သည်ဟု ယူဆလက်ခံထားကြသည့် ဝလေ့မို့၊ ဘုန်းကြီးပြန်ပွဲဟု ရှေးက ရေးထုံး ရှိ၏။ နတ်ပြည်သို့ ပျံကြွသွားသည့်အယူဖြင့် မျက်မှောက်ခေတ်၌ ဘုန်းကြီးပျံပွဲဟု စွဲရေးသားကြသည်။ နတ်ပြည်သို့ မပျံကြွဘဲ တစ္ဆေပြိတ္တာ ဖြစ်နေသည်ဆိုက ကြား၍မှ မတော်၊ ကျော်၍မှလည်း မကောင်းပါလားဟု ဓမ္မမိတ်ဆွေတစ်ဦးက ဝေဖန်ဖူးပါသည်။ ဘုန်းကြီးတို့သည်လည်း သာမန် ပုထုဇဉ်များသာ ဖြစ်ကြကုန်သောကြောင့်၊ အတွယ်အတာ အစွဲအလမ်း များနှင့် စုတိကျလျှင် ဒုဂ္ဂတိဘဝသို့ မုချကျရောက်ကြပါလိမ့်မည်။ တရား သက်ကိုင် မြဲမြံစွာ စုတိကျလျှင် သုဂတိဘဝသို့ ရောက်ကြပါမည်။ အရိယာ နွယ်ဝင် သမုတိသံဃာများသာ ဖြစ်တော်မူကြ၍ အားလုံး နတ်ပြည်

www.burmeseclassic.com



ရောက်မည်၊ ပြဟ္မာပြည် ရောက်မည်ဟု အတိအကျ မဆိုနိုင်ပါ။ ဤသည်ကိုတော့ အမှန်အတိုင်း လက်ခံကြရပါမည်။ ဘုရားရှင်လက်ထက်တော်၌ ရှေ့ပိုင်းသံဃာတော်အများစုတို့မှာ အရိယာတွေချည်းသာ ဖြစ်တော်မူကြ၏။ အောက်ထစ်ဆုံး သောတာပန်များမှ အပါယ်တံခါး ပိတ်ပြီးသားပါ။

ဆရာကြီးဋ္ဌေးဒေါင်းက ကျွန်တော့်အား တစ္ဆေသရဲ ပရလောကသားအကြောင်း ရေးလျှင်၊ ကလောင်သိက္ခာ ကျလိမ့်မည်ဟု အကြောင်းပြကာ မရေးသားရန် ပိတ်ပင်ဆုံးမပါသော်လည်း ဘကြီးကတော့ ရေးပါဟု တိုက်တွန်းခဲ့၏။ ကိုယ်တွေ့တွေမို့ အဖိုးတန်ပါသည်။ စာပေ၌ လစ်ဟာနေသော ကွက်လပ်ကို ဖြည့်သင့်သည်ဟု အကြောင်းပြကာ တစ္ဆေအကြောင်း ဆောင်းပါးရေးရန် အားပေး၏။ ဘကြီးမှ မကွယ်လွန်မီက သုံးလေးနှစ်မျှသာ မှတ်တမ်းတင် ဖြစ်ခဲ့၏။ ယခု ဆရာတိုးထက်က တောင်းဆိုတော့မှ အတော်လေး ရေးဖြစ်ပါသည်။ ကံတရားရှိ၍ စုစုစည်းစည်း စာအုပ်တစ်အုပ် ဖြစ်လာခဲ့လျှင်သော်မှ ဘကြီးတစ်ယောက် မဖတ်နိုင်တော့ပေ။ လောက၌ တစ္ဆေပြိတ္တာတို့ တကယ်ရှိကြောင်း ကျွန်တော် ယုံကြည်သကဲ့သို့ ဘကြီး ယုံကြည်၏။ ကုန်းသာကျောင်း ညောင်ပင်အနီးတွင်လည်း တစ္ဆေ တကယ်ရှိကြောင်း ကိုယ်တွေ့သမားတစ်ဦးက ပြောပြပါသည်။

## ခြေထောက်ပြောင်းပြန်

ဂျပန်ခေတ် ဗုံးဒဏ်ကြောင့် ကုန်းသာကျောင်း ဘုန်းကြီး ပျံလွန်တော်မူရသည်မှာ နှစ်တွေ တွက်စစ်ကြည့်တော့ ယခုအခါ နှစ်ပေါင်းငါးဆယ်ကျော် ကြာမြင့်ခဲ့ပါပြီ၊ ကျွန်တော်နှင့် ဘုန်းကြီးတစ္ဆေ ကြုံဆုံတွေ့ခဲ့သည်မှာ ၁၉၆၄–ခုနှစ်တုန်းက ဖြစ်၍ ယနေ့ဆိုလျှင် နှစ်ပေါင်းသုံးဆယ်ကျော်ခဲ့ပေပြီ၊ ဘုန်းကြီးတစ္ဆေ တကယ်ရှိသေးသလော၊ ကျွတ်သွားပြီလား သေသေချာချာ ကျွန်တော်မသိပါဟု ထိုဆောင်းပါးအဆုံးသတ်၌ ရေးသားခဲ့ပါ၏။ ဆရာတိုးထက် စုစည်းထုတ်သေသော "အလှူရကာယ်ဘုံမှာ

www.burmeseclassic.com



စ်ခဏ" စာအုပ်၌ ကျွန်တော့်ဆောင်းပါး ပါလာရာ ဖတ်ရှုရသူတစ်ဦးက တောင်ကြီးမြို့၊ မြသုခရုပ်ရှင်ရုံ အောက်ထပ်ရှိ ပရဟိတဆံသဆိုင်တွင် သူ့အတွေ့အကြုံကို ပြောပြပါသတဲ့။

ကျွန်တော့်လက်နှိပ်စက်ဆရာ ကိုဌေးအောင်တို့၊ ဆံသဆရာ ကိုအောင်မင်းတို့၊ ကိုဇော်နိုင်တို့၊ ကိုစိုင်းလုံတို့က သူတို့ ကြားနာ သိရှိရသည့် အတိုင်း ကျွန်တော့်အား ပြန်လည် ပြောပြကြ၏။ ကာယကံရှင်၏ လေသံအတိုင်း ဖမ်းကာ စာစီကုံးကြည့်ပါမည်။

"တစ္ဆေဆိုတာ တကယ်ရှိတယ်ဗျို့။ မယုံမရှိနဲ့၊ ကျုပ်က ကိုယ်တွေ့ ယုံပါပြီ။ ကိုယ်တွေ့ မကြုံရဖူးသေးခင်ကတော့ သူများတွေ တစ္ဆေအကြောင်း ပြောပြရင် အလကား အပလာ ညာဝါးတွေလို့ပဲ ကျုပ်က ထင်မှတ်ခဲ့တာပေါ့။ ကျုပ်တွေ့ကြုံခဲ့ရပုံက ဒီလိုဗျို့။ ပြီးခဲ့တဲ့နှစ်က တန်ဆောင်တိုင်ပွဲ လည်ကြတာ၊ မီးပုံးပျံလွှတ်တာကို ဖွဲကောင်းကောင်းနဲ့ စောင့်ကြည့်ရင်း ညဥ့်သိပ်နက်သွားတယ်။ စိန်နားပန်တစ်လုံး တက်ဖို့က အကြာကြီး ပြင်ဆင်ကြရတာကိုး။ မီးကျည်တွေကလည်း လှမှလှ၊ စောင့်ကြည့်ရကျိုးတော့ နပ်ပါ့ဗျား။ အဲ ... အိမ်အပြန် ညဥ့်သိပ်နက်တော့ တ်လမ်းကို စဥ်းစားမိတာပေါ့။

ကျုပ်နေတာက ကုန်းသာကျောင်းနောက်ကျောမှာရှိတဲ့ ရပ်ကွက် စ်မှ ဘုရားကြီးတက်တဲ့ လမ်းအတိုင်း အောင်မြေသာစည်ကျောင်းတိုက် က်က လှည့်ပြန်ရရင် အရှည်အဝေးကြီး မဟုတ်လား။ ကုန်းသာကျောင်း နေ ဖြတ်ပြီးဆင်းရင် ခဏလေးရယ်။ ကျုပ်တို့အဖွဲ့ လူကြီးရော ကလေး ဆယ်ယောက်ကျော်ကျော် ဆိုပါတော့။ တစ္ဆေခြောက် နာမည်ကြီးပေမယ့် အုပ်စုတောင့်တော့ မကြောက်ဘူးပေါ့ဗျာ။ တွေ့ချင်စမ်းပါဘိလို့တောင် တောင့်တလိုက်မိတယ်။ လှေကားထစ်တွေကို ကလေးတွေက ပြေးတက်ကြတယ်။ အထစ်ပေါင်းရာကျော်မို့လို့ ထက်ဝက်ကျော်ရင်ပဲ သူတို့ မောပြီး စောင့်ကြရတယ်။ လူကြီးတွေက ပုံမှန် တက်ကြပါတယ်။ နည်းနည်း လာရင် ခဏရပ်ပြီး မြို့ဘက်ကို ပြန်လှည့်ကြည့်တာပေါ့။ မီးရောင် ဘွ ထိန်လင်းနေတဲ့ ပွဲခင်းနဲ့ မြို့တစ်ခွင်တစ်ပြင်ကို လှလှပပ တွေ့မြင်

www.burmeseclassic.com

www.burmeseclassic.com



ကြရတယ်။ ပွဲခင်းထဲက သီချင်းသံတွေ အိုးစည်သံတွေကတော့ လေနဲ့ အတူ လွင့်ပါလာလို့ ကြားနေရတာပေါ့ဗျာ။

အုတ်လှေကားထိပ် ကုန်းအထက်ရောက်ဖို့ လှေကားထစ် ဆယ်ထစ်လောက် အလိုမှာ၊ ခြင်္သေ့လေးစီး အရပ်လေးမျက်နှာလှည့်တဲ့ ရုပ်ပါတဲ့ အာသောကကျောက်တိုင်ပုံစံတူ ကျောက်တိုင်ကြီးကို လှမ်းမြင်ရ ညဦးနက်သန်းခေါင်အချိန်မို့ ဘယ်ဘုန်းကြီးမှ ကျောင်းဝင်းအတွင်း စင်္ကြံ လျှောက်နေလိမ့်မယ် မထင်မိဘူးလေ။ ပွဲခင်းမသွားတဲ့လူတွေက အိပ်စက် ကြတဲ့အချိန်၊ အိပ်မက်ကောင်းချိန် မဟုတ်လား။ ဟော ... ဘုန်းကြီး တစ်ပါး သင်္ကန်းတလွှားလွှားနဲ့ စင်္ကြံလျှောက်နေလေရဲ့ဗျား။ တောင်နဲ့ မြောက်ဗျ။ ညောင်ပင်ကြီးက တောင်ဘက်မှာရှိတာ၊ ကျွန်တော်တို့ကလည်း ညောင်ပင်ကြီးကို ကျော်ပြီးမှ ဖြတ်ဆင်းကြရမှာကိုး။ ကျွန်တော်တို့အုပ် ညောင်ပင်နား ရောက်ခါနီးမှာ ဘုန်းကြီးက စင်္ကြံပြန်လှည့်လာ မျက်နှာချင်းဆိုင် ရင်ဆိုင်တိုးကြရောဗျို့။

"ကိုယ်တော် စင်္ကြံလျှောက်သလားဘုရား"လို့ မျက်နှာချိုသွေး လျှောက်ထားလိုက်ပါတယ်။ ဘာမှ ပြန်မမိန့်ဘူးဗျ။ ကျုပ်တို့ကို ဘုန်းကြီး ဖြတ်လျှောက်သွားချိန်မှာ ရေခဲတုံးကြီး ဖြတ်သွားသလို အေးအေးကြီး လူကို ကြက်သီးဖြန်းဖြန်း ထလာတော့တယ်။ ထူးဆန်းပါတယ်ဆိုပြီး လှည့်ကြည့်လိုက်တော့ ဘုန်းကြီးခြေထောက်က ထူးခြားနေတယ်။ ခြေ နဲ့ ခြေဖနောင့် ပြောင်းပြန်ကြီး ဖြစ်နေတယ်ဗျို့။ ဘယ်ပြောကောင်း မလဲ။ မတိုင်ပင်ရဘဲ အားလုံး တစ်ပြိုင်တည်း လစ်ပြေးကြရတာ အလုအယက် အမောတကော သူ့ထက်ငါ အလျင်စလို ပြေးကြတာဆို ညကြီးမင်းကြီးကလည်း ဖြစ်ပြန်နဲ့မို့ ခလုတ်တိုက်တဲ့သူကတိုက်၊ လဲ သူကလဲ၊ ဒူးပြဲတဲ့သူက ပြဲနဲ့ ဘယ်လိုလုပ်ပြီး အိမ်ပြန်ရောက်တယ် တော့ဘူး။ ဆောင်းတွင်းကြီးကို ဇောချွေးတွေ ပြန်လို့ပေါ့။ မ မထိတ်သာဆိုပြီး သောက်ရေအေးအေးလေး သောက်လိုက်မယ့် နှ တုန် ရင်ခုန် မပျောက်ဘူး။ တော်တော်နဲ့လည်း အိပ်လို့ မပျော်ဘူး တရွှေဆိုတာ တကယ်ရှိတယ်ဗျို့။"

www.burmeseclassic.com

www.burmeseclassic.com



## ထန်းပင်တစ္ဆေ

တစ်နှစ်သော သင်္ကြန်ရက်အတွင်းဝယ် အာသောက ကျောက်တိုင် အနီးရှိ သစ်ပင်ကိုင်းများကို တက်ခုတ်ရင်း၊ ခြတ်ကြိုးနှင့် မလွတ်မကင်း ဖြစ်ကာ ကုန်းသာကျောင်းမှ ကိုရင်ကြီးတစ်ပါး ခြတ်လိုက်၍ ပျံတော်မူ ဖူးပါ၏။ တန်ဆောင်တိုင်ပွဲပြန် အုပ်စုတို့ ကြုံတွေ့ခဲ့ရသော ဘုန်းကြီးတစ္ဆေမှာ ဗုံးကျ၍ ပျံလွန်တော်မူသော ဆရာတော်ပေပဲလား၊ ခြတ်လိုက်၍ ပျံလွန်တော်မူသော ကိုရင်ကြီးပေပဲလား၊ မသေချာ မသဲကွဲပါ။ သို့သော် တစ္ဆေအခြောက်ခံရသည်ကတော့ သေချာပါ၏။ တစ္ဆေတကယ်ရှိကြောင်း ကိုလည်း ကိုယ်တွေ့ကြုံသူတို့က ယုံကြည်ကြပါတော့သည်။ ကျွန်တော့် သူငယ်ချင်း ငြိမ်းမောင်နှင့် ထွန်းနိုင်တို့လို တမင်စမ်းသပ်ကြခြင်း မဟုတ်ဘဲ ခရီးသွားဟန်လွှဲ တွေ့လည်း ကောင်းတာပဲဟု တောင့်တမိသူတို့၏ ဇာတ်လမ်းကြောင့် တိုက်ဆိုင်လျှင် တွေ့ကြုံရတတ်ကြောင်း သိကြရပေပြီ။

ယခု ဖော်ပြမည့် ထန်းပင်တစ္ဆေကို နဖူးတွေ့ဒူးတွေ့ မျက်စိနှင့် အသေအချာ မြင်တွေ့ခဲ့ရသူ ကျွန်တော့်လက်နှိပ်စက်ဆရာ ကိုဌေးအောင်၏ အတွေ့အကြုံကတော့ တွေ့ချင်ဇောနှင့် တမင်စမ်းသပ်သည့်လည်း မဟုတ်။ ခရီးသွားဟန်လွှဲ တွေ့လည်း ကောင်းတာပဲဟု တောင့်တဆဲမှာ ကြုံတောင့်ကြုံခဲ တွေ့ခဲ့ရသည့် အဖြစ်မျိုးလည်း မဟုတ်။ အမှန်အတိုင်း ဝန်ခံရလျှင် ဘာသာရေးကို ကိုင်းရှိုင်းကူညီသော ကိုဌေးအောင်သည် မိခင်အိုကို လုပ်ကျွေးပြုစုနေသော ဗုဒ္ဓဘာသာစင်စစ် သားလိမ္မာတစ်ဦး ဖြစ်ပေသည်။ တစ္ဆေ သရဲ ပြိတ္တာ ဆိုသော ပရလောကသားတို့ အမှန်တကယ် ရှိသည်ဟု ကျမ်းစာများအရ ယုံကြည်ထားသူလည်း ဖြစ်ရကား၊ ရှေးက မမြင်ဘူး မကြုံဘူးသေးသော်လည်း တစ္ဆေသရဲနှင့် တွေ့မည်ဆိုလျှင် ရင်မဆိုင်ဘဲ ရှောင်ပြေးမည့်အစားထဲကပါ။ ဆိုလိုရင်းမှာ ပရလောကသားနှင့် တွေ့ဆုံရန် သူ့မှာ သတ္တိနည်း၏။ ကြောက်တတ် လွန်း၏။

www.burmeseclassic.com



ဤသို့ သတ္တိကြောင်လွန်းသူမှ ထန်းပင်တစ္ဆေနှင့် တိုးခဲ့ပါသတဲ့။ အညာတွင် နေခဲ့စဉ်က ဖြစ်၏။ မန္တလေးမြို့ပြင် ရပ်ကွက်လေးမို့ ထန်းပင်လေးတွေက ဟိုတစ်ပင်သည့်တစ်ပင် ထိုးထိုးထောင်ထောင်ရှိသည့် နေရပ်ပါ။ နွေတစ်ည၊ ပူကလည်းပူ၊ အိပ်၍လည်း မရသေးသည်နှင့် မိတ်ဆွေတစ်ဦးက လက်ဖက်ရည်သောက်ရန် အဖော်စပ်၏။ သူကလည်း လက်ဖက်ရည်ကြိုက်ကြိုက်မို့ နှစ်ခါ မခေါ်ရ၊ အလွယ် ထလိုက် သွားခဲ့ပါသည်။ သွားနေကျ လာနေကျ လမ်းဖြစ်ပြီး သောက်နေကျ လက်ဖက်ရည်ဆိုင်ပါ။ အကြော်တဲလေးကို ဖြတ်ကျော်ပြီးသည်နှင့် မကြာမီ ထန်းပင်အနီးသို့ ရောက်ပြီ။ ထန်းပင်တစ္ဆေအကြောင်း အပေါင်းအသင်းများက ပြောလေ့ရှိသော်လည်း ပြောင်ပြောင်နောက်နောက် ဖွဲ့ခြောက်ပြောဆိုခြင်းသာဟု ယူဆခဲ့မိ၍ ကြောက်စိတ် ရှိမနေခဲ့ပါ။

ထိုညက လခြမ်းလေးသည် မှုန်ပျပျလေး မလင်းတစ်လှည့် လင်းတစ်လှည့် သာနေ၏။ မှောင်မိုက်သည့်ည မဟုတ်၍ လခြမ်းလေး၏ အလင်းရောင်ဖြင့်ပင် ပတ်ဝန်းကျင်ကို သဲသဲကွဲကွဲကြီး မဟုတ်သော်လည်း မှုန်ရီဝိုးတဝါးတော့ဖြင့် မြင်နိုင်ပါသည်။ အကြော်တဲလေးကို ဖြတ်ခဲ့စဉ် ခွေးတစ်ကောင်က သံရှည်ရှည်ကြီး ဆွဲကာငင်ကာ အူလိုက်သောကြောင့် ရင်ထဲက ဖိုသလိုလိုနှင့် ကြက်သီးတစ်ချက် ဖျန်းခနဲ ထလိုက်မိသေး၏။ အဖော်ပါလာ၍ သိပ်တော့မမှု။ ကြောက်စိတ်လည်း တအားမကြီးခဲ့ပါ။ ထန်းပင်နှင့် နီးလာသောအခါ ထန်းပင်ပေါ်မှ လူတစ်ယောက် ဆင်းလာနေသည်ကို ရိုးတိုးရိပ်တိပ် မြင်နေရသည်။ ညဉ့်နက်သန်းခေါင်ကြီးများ ထန်းရည်မြူအိုး ချတာလည်း မဖြစ်နိုင်ပါဘူးဟု စဉ်းစားတွေးတောနေရင်း ထန်းပင်နှင့် ဝါးတရိုက်ခန့်အကွာသို့ ရောက်ခဲ့ပြီ။ မီးသွေးက အဘခေါ် ရလောက်အောင် ကပ္ပလီတမျှ မည်းနက်နေသော လူတစ်ယောက်ကို ထန်းပင်ရင်းရောက်ခါနီး တစ်လှမ်းချင်း ဆင်းလာသည်ကို ထင်ထင်ရှားရှား တွေ့ရပြီ။ လူပုံသဏ္ဌာန်တွင် တစ်စုံတစ်ခု လိုနေပါသည်ဟု သေသေချာချာ ကြည့်မိတော့မှ "အမလေးဗျ"ဟု အာမေဋိတ်ထွက်ပြီး နှစ်ယောက်သား မတိုင်ပင်ရဘဲနှင့် ပြိုင်တူပြေးကြရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှာ ထိုလူမည်းကြီး၌ ဦးခေါင်း လုံးဝမပါချေ။ ခေါင်းပြတ် ထန်းပင်တစ္ဆေနှင့် တွေ့တွေ့ဆိုင်ဆိုင် တိုးခဲ့ကြခြင်းပါ။ လက်ဖက်ရည်ဆိုင် ရောက်၍ လက်ဖက်ရည် သောက်ကြသည်အထိ တစ်ယောက်နှင့် တစ်ယောက် စကားစတင် မပြောမိကြသေး။ ကြောက်စိတ်ကလည်း မပြေသေး။ ဇောချွေးဆိုသည်ကတော့ ရွှဲရွှဲနစ်နေကြပြီ။ မည်မျှ အထိတ်တလန့် ဖြစ်ခဲ့ကြသနည်းဆိုသော် ကိုင်ထားသော လက်ဖက်ရည်ခွက်သည် တဆတ်ဆတ်တုန်လှုပ်၍ လက်ဖက်ရည်များ အဖိတ်ဖိတ်အစဉ်စဉ် ဖြစ်ရသည်အထိ ဣန္ဒြေပျက်ခဲ့ကြပါသတဲ့။ အကယ်၍များ ဦးခေါင်းပါရှိပြီး သွားတွေ ဖွေးနေအောင် ပါးစပ်ကြီး ဖြဲပြသော်မှ ဤမျှကြောက်လိမ့်မည် မထင်ပါ။ တစ္ဆေဟု မထင်ဘဲ လူဟုသာ ထင်မိလိမ့်မည် မဟုတ်ပါလား။

## နေရာရွှေ့ပြောင်း

တစ်ခါက နိုင်ငံခြားထုတ် စာစောင်တစ်အုပ်၌ တစ္ဆေအခြောက်ကြမ်းသော ရဲတိုက်ကြီးအကြောင်းကို ဖတ်မိဖူးပါသည်။ ထိုရဲတိုက်ကြီးမှာ နှစ်ပေါင်းရာချီ ကြာမြင့်ခဲ့ပါပြီ။ ထိုရဲတိုက်ကြီးမှာ နှစ်ပေါင်းရာချီ ကြာမြင့်ခဲ့ပါပြီ။ မြို့စားနယ်စားတို့သည် ရှေးတုန်းက ကိုယ်ပိုင်ရဲတိုက်ကြီးများ၌ အခိုင်းအစေ တပည့်တပန်းများနှင့် ခမ်းခမ်းနားနား နေထိုင်ခဲ့ကြသည့် အလေ့ ရှိခဲ့၏။ ယင်းရဲတိုက်ရှင် နယ်စားကြီးသည် အလွန်ရက်စက်ကြမ်းကြုတ်၏။ နယ်စားကတော်အပြင် အမြှောင်မယားတွေကလည်း မှိုလိုပေါက်အောင် ထားသေး။ နယ်စားကတော်သည် အလွန်ချောမောလှပ၏။ ဘာကြောင့်မှန်းမသိ။ နယ်စားကတော်ကြီးအား အိပ်ခန်းခုတင်ပေါ်၌ ရက်စက်စွာ ဓားဖြင့် ခုတ်သတ်ထား၏။ မွေ့ရာပေါ်၌ သွေးများ ရွှဲနစ်နေတော့၏။ မကြာမီ နယ်စားကြီးလည်း ကွယ်လွန်လေသည်။

ယခုအခါ ထိုရဲတိုက်ကြီးကို ပြတိုက်နှင့် တည်းခိုရိပ်သာအဖြစ် ဖွင့်လှစ်ထား၏။ အားလုံး ခေတ်မီလှပအောင် မွမ်းမံထားသည့် အပိုင်းက

www.burmeseclassic.com



မွမ်းမံပြီး၊ ရှေးလက်ရာမပျက် ရှေးဟန်အတိုင်း ထားသည့်အပိုင်းက ထားသည်။ အိပ်ခန်းကိုမူ နဂိုပုံစံအတိုင်း သေွးကွက်စွန်းထင်းသော မွေ့ရာကိုပါ မပယ်ရှားဘဲ ထားသည်။ စာရေးဆရာမိသားစုတို့ တစ်ရက် အလည်အပတ် သွားကြ၏။ ညအိပ်စက်ရန် မရည်ရွယ်ခဲ့ပါ။ ပြတိုက်တစ်ပိုင်း ဖြစ်နေသော ရဲတိုက်ကြီးကို စေ့စေ့စပ်စပ်လေ့လာရင်း ရဲတိုက်နယ်နိမိတ် ခြံမြေအတွင်း မြင်းအပျော်စီးကြခြင်းတို့ကြောင့် အချိန်လင့်သွား၏။ ကလေးတွေက ရဲတိုက်မှာပဲ ညအိပ်မည်ဟု တောင်းဆိုကြသည်။ ရဲတိုက်ရှင် နယ်စားတစ္ဆေဆိုသည်ကို သူတို့ မြင်လိုကြသည်ကိုး။ သို့နှင့် ရဲတိုက်ကြီးတွင် ညစာစားကြပြီး တစ်ညတာ ခိုနားဖြစ်သွားကြ၏။

ညစာဟင်းပွဲများ အစပ်အဟပ်ကလည်းကောင်း၊ ချက်ပြုတ်ပုံကလည်းကောင်း၊ ညှော်ဝတ်ကလည်း ကျေလှ၍ စားသောက်လို့ကလည်း မြိန်ကြ၏။ ခေတ်အမီဆုံး ပြင်ဆင်ထားသည့် အိပ်ခန်း၌ နားကြရ၏။ တစ္ဆေလာလိမ့်နိုးနိုး မျှော်ကိုးရင်း ညဉ့်နက်သန်းခေါင် ကျော်သွားလေပြီ၊ မျက်တောင်လည်း စင်းပြီ။ နွေးနွေးထွေးထွေး အိပ်ပျော်သွားခဲ့ကြ၏။ တစ်ညလုံး ဘာမှ ထူးထူးခြားခြား မဖြစ်ခဲ့ပါ။ အေးချမ်းစွာ တစ်ညတာ လွန်မြောက်ခဲ့ပြီဟု နံနက်ခင်း နိုးစ၌ ထင်မိခဲ့ကြ၏။ နံရံကို ကြည့်လိုက်တော့မှ စိမ်းစိမ်းကြီး စိုက်ကြည့်နေသော ရဲတိုက်ပိုင်ရှင် နယ်စားကြီး၏ ပုံတူပန်းချီကားချပ်ကို မြင်မိတော့၏။ ထိတ်ထိတ်ပျာပျာ ဖြစ်ကြရကုန်၏။ နယ်စားကတော် အသတ်ခံရသော ခုတင်ကြီးပေါ်၌ သူတို့ ရောက်ရှိနေကြ၏။ ညှော်သည်များ အိပ်ပျော်နေစဉ်မှာ တစ္ဆေက ကျီစားသောအားဖြင့် အခန်းချင်း နေရာရွှေ့ပြောင်းထားခြင်းတည်း။

## ခုတင်အောက်ဆွဲချ

မြို့လေးတစ်မြို့ရှိ ကျွန်တော့်မိတ်ဆွေတစ်ဦး ငှားနေသော အိမ်ကြီးတွင် အောက်ထပ်ရှိ အိပ်ခန်းတစ်ခန်းသည် တစ္ဆေခြောက်တတ်၏။ ထိုအခန်းရှိ နှစ်ယောက်အိပ်ခုတင်ပေါ် တက်အိပ်မိသည့် လူတိုင်းနီးပါးသည်

www.burmeseclassic.com

www.burmeseclassic.com



သအိပ်နေစဉ်မှာပင် ကြမ်းပြင်ပေါ်သို့ ဆွဲချခံရတတ်သည်။ အရိပ်အယောင်လည်း မမြင်ရ။ အသံဗလံလည်း မပြု၊ အနံ့အသက်လည်း မပေးပါ။ ခုတင်ပေါ် တက်အိပ်သည့် လူတိုင်း ဆွဲချသလားဆိုတော့လည်း မဟုတ်ပါ။ အလွတ်ပေးချင်သည့် သူကိုတော့ အလွတ်ပေးတတ်ပါသတဲ့။ အခြောက်ကြမ်းသည်ဟု နာမည်ကြီးသော အိမ်ဆိုလျှင် ကျွန်တော် လေ့လာရန် ဝါသနာကြီး၏။ ထို့ကြောင့် အလုပ်ကိစ္စတစ်ခုနှင့် ထိုမြို့လေးသို့ တစ်ညအိပ်ခရီး သွားရသောအခါ၌ ကျွန်တော်သည် ထိုမိတ်ဆွေအိမ်၌ ဝင်တည်းပါသည်။ ဆွေဖျားမျိုးဖျား ညီငယ်တော်စပ်သော ကိုဖြိုးနှင့် အတူ သွားကြခြင်းပါ။

အိပ်ခန်းတွေ အပိုရှိသော်လည်း ကျွန်တော်က တောင်းဆိုသောကြောင့် အခြောက်ကြမ်းသည့်အခန်းကို ပြင်ဆင်ပေးပါသည်။ ကျွန်တော်ကလည်း ညီကိုဖြိုး ပါရှိနေ၍ ထိုခုတင်ကြီးပေါ်၌ နှစ်ယောက်သား ရဲရဲပင် ဝင်အိပ်လိုက်ကြပါသည်။ အိပ်မပျော်မီမှာ မေတ္တာပို့သည်။ အမျှဝေသည်။ ဂုဏ်တော်များကို ပွားများဆင်ခြင်နေ၏။ ခရီးပင်ပန်းခဲ့သည်မို့ မကြာမီပင် မှေးခနဲ အိပ်ပျော်ပါပြီ၊ လူငယ်ပီပီ ကိုဖြိုးကတော့ ကျွန်တော့်ထက် စောပြီး အိပ်မောကျနှင့်ပါ၏။ ညဉ့်တစ်ချက်ထိုးလောက်တွင် ဖြစ်မည်။ ကျွန်တော်တို့ အိပ်ခန်းထဲသို့ အသားဝါဝါ မျက်ပေါက်ကျဉ်းကျဉ်း သွားခေါခေါ အရပ်မြင့်ရှည်ရှည်မို့ ခါးက ကိုင်းကိုင်းရှိလှသော တရုတ်တစ်ယောက် ဝင်လာပါသည်။ အပေါ်ရှေ့သွားတွင် ရွှေသွားတစ်ချောင်း တပ်ထားသည်ကို ထင်ထင်ရှားရှား မြင်ရ၏။ အသက်သုံးဆယ်ခန့်ရှိ လူရွယ်ဖြစ်၏။

ကျွန်တော်တို့ အိပ်နေသည့် ခုတင်အနီးသို့ တည့်တည့် လျှောက်လာနေသည်။ ခုတင်အနီးသို့ရောက်ရန် နှစ်တောင်ခန့်အလိုတွင် သူ ရှေ့ဆက်တိုး၍မရဘဲ ရပ်တံ့သွားပါသည်။ ကျွန်တော့်ကို စိုက်ကြည့်နေပြီးနောက် ခုတင်ခြေရင်းဘက်သို့ လှည့်သွားပါသည်။ ရုတ်တရက် 'ဝုန်း' ဆိုသော အသံကြီးနှင့်အတူ ကျွန်တော် လန့်နိုးလာပါပြီ။ ခပ်ဝေးဝေး မီးကင်းတဲမှ ခေါင်းတစ်ချက်ခေါက်သံကို ကြားရ၏။ "အစ်ကိုကျော်၊ အစ်ကိုကျော်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ကိုဖြိုးက ကျွန်တော့်ကို အကူအညီတောင်း၏။ ခေါင်းရင်းရှိ မီးပွင့်ကို ဖွင့်ကြည့်လိုက်တော့ ခုတင်ခြေရင်း ကြမ်းပြင်ပေါ်မှာ ကိုဖြိုးတစ်ယောက် စောင်များ ရစ်ပတ်လျက် ပုံကျနေ၏။ ခေါင်းအတော်နာသွားဟန် တူသည်။ လက်ဖြင့် ပွတ်သပ်နေရှာ၏။

"မင် အအိပ်ဆိုးတာကိုးကွ။ ကြမ်းပြင်ပေါ် စောင်နဲ့ လုံးထွေးပြီး ကျရတယ်လို့ကွာ"

"သွားခေါခေါနဲ့ တရုတ်ကြီးတစ်ယောက် ကျွန်တော့်ကို ဆွဲချတာပါ"

"မင်း ကယောင်ကတမ်းနဲ့ အိပ်မက်မက်တာ နေမှာပါ"

"အိပ်မက်မဟုတ်ဘူး။ တကယ်ပါဗျ"

ကိုဖြိုး ကြောက်မည်စိုး၍ တစ္ဆေအခြောက်ကြမ်းသည့် အကြောင်းကို ပြောမပြထားပါ။ တိုက်ဆိုင်သည်မှာ ကျွန်တော်မြင်မက်သော သွား ခေါခေါတရုတ်နှင့် ကိုဖြိုးကို ဆွဲချပါသည်ဆိုသော တရုတ်သွားခေါတို့မှာ ပုံစံတူနေကြခြင်းပါ။ ထိုညအဖို့ မီးပွင့်ကို အလင်းထွန်း၍ အိပ်ကြရ သတည်း။

## နေမိန္ဒရတောင်

နယ်စားရဲတိုက်၌ ရွှေညွှေသည်တို့အား အခန်းချင်း ပြောင်းရွှေ့ ခံရသော အကြောင်းနှင့် ကိုဖြိုးတစ်ယောက် အိပ်နေရင်း ခုတင်ပေါ်မှ ဆွဲချခံရသော ကျွန်တော့်မိတ်ဆွေ၏ အခြောက်ကြမ်းသော အိမ်အကြောင်း တို့ကို ဆက်စပ်၍ ဖတ်ရှုတွေ့ကြုံရသောအခါမှ ဓမ္မာစရိယဦးဒွေးလိုင်၏ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများစာအုပ်တွင် ပါရှိသော ညောင်လွန့်တောရ ဆရာတော်ကြီးအခန်း၊ နေမိန္ဒရတောင် သိမ်သမုတ်စဉ်က အကြောင်းအရာ တို့ကို ပြန်လည် အမှတ်ရစေပါတော့သည်။ ကိုယ်တွေ့ကြုံရပြီးနောက် ပိုမို ယုံကြည်လာ၏။ ညောင်လွန့်တောရဆရာတော်ကြီး၏ သာသနာပြု လုပ်ငန်းများစွာအနက် သထုံသာသနာပြုလုပ်ငန်းသည် ထိပ်တန်းဝင်စာရင်း ကောင်းလှ၏။ ဆရာတော့် သီလဂုဏ်၊ သမာဓိဂုဏ်များကို ကြည်ညို

www.burmeseclassic.com



မဆုံး ဖြစ်ရတော့သည်။ အကြောင်းမှာ နေမိန္ဒရတောင်သည် လူတို့မျက်စိဖြင့် မမြင်နိုင်စွမ်းသော အမျိုးမျိုးသော နတ်၊ နတ်စိမ်း၊ ပြိတ္တာ၊ အမနုဿများနှင့် ခက်ခက်ခဲခဲ တွေ့ဆုံဟောကြား၍ သိမ်သမုတ်ရခြင်း ဖြစ်သောကြောင့်ပါ။ သိမ်သမုတ်သော သာသနာပြုလုပ်ငန်း ပြီးမြောက်အောင်မြင်ခဲ့၍လည်း ဆရာတော့်ကို တစ်နိုင်ငံလုံးက အံ့သြကြည်ညိုကြရပါသည်။

နေမိန္ဒရတောင်သည် မည်သို့ ဝိသေသထူးရှိသော တောင်ပေနည်း။ တောကြမ်းသည်၊ အခြောက်အလှန့်ကြီးသည်၊ ရဟန်းသော်မှ ပုံလွန်ရသည်အထိ နှိပ်စက်ဘိသည်ဟု နာမည်ကြီးသော နေမိန္ဒရတောင်သည် သထုံမြို့မြောက်ဘက် ခြောက်ဖာလုံခန့် ဝေးသော အရပ်၌ တည်ရှိသည်။ ရှေးမြို့ရိုးကျုံးဟောင်း၏ အရှေ့မြောက်နှင့် ထိစပ်လျက်ရှိသော တောင်ဖြစ်၏။ အရှေ့မြောက်ရှိ တောင်တန်းကြီးနှင့် မျက်နှာတစ်ဖက်၌သာ ထိစပ်ပြီး၊ စေတီကဲ့သို့ မြင့်တက်နေသော သီးခြားတောင် ဖြစ်သည့်အပြင်၊ ကျောင်းငယ်လေးများ ဆောက်နိုင်လောက်အောင် ပစ္စယံကဲ့သို့ အဆင့်ဆင့် မြေကွက်လပ်များလည်း ရှိ၏။ တောင်ထိပ်တွင် ပေတစ်ရာခန့် ညီညာသော မြေပြင်ရှိသည်။ အုတ်ဂူနတ်ကွန်းများလည်း ရှိနေခဲ့၏။

သထုံမြို့၊ ပင်စင်ရိက္ခာတော်ရ မင်းကြီး ဦးဘိုးစ၊ အရေးတော်ပိုင် ဦးကျော်ဒွန်း စသော မြို့ခံလူကြီးများက ပဋိပတ္တိသာသနာပြုဌာနကြီးအဖြစ် ပြုလုပ်ရန် တောင်ခြေ၌ အဆောက်အအုံများကို ဆောက်ကြ၏။ အကျင့်သီလ သမာဓိနှင့် ပြည့်စုံသည်ဟု ယူဆရသော ဆရာတော်ကြီးတစ်ပါးအား ရဟန်း သီလရှင် လူသူတော် အခြံအရံများနှင့်တကွ ပင့်ဆောင်၍ သီတင်းသုံးစေ၏။ တောင်ထိပ်၌ သိမ်သမုတ်ရန် ဆက်လက်စီစဉ်ကြသောအခါ သိမ်အတွက် ကျောက်တိုင်၊ သစ်၊ ဝါးများ တောင်ပေါ်သို့ တင်ကြရာ၊ နံနက်မိုးလင်းလျှင် ထိုထိုပစ္စည်းများအားလုံးလိုလို တောင်အောက် ပြန်ရောက်နေသဖြင့် အံ့အားသင့်ကုန်ကြ၏။

ဆရာတော်ကြီးက "ဒါ အနှောင့်အယှက် ပေးရုံပါ၊ ကိစ္စမရှိပါဘူး" ဟုဆိုကာ၊ နောက်တစ်ရက်၌ ထိုပစ္စည်းများကို တောင်ပေါ်သို့ ထပ်တင်စေ၏။ လူများကိုပါ တောင်ပေါ်၌ ညအိပ်အစောင့် ထားခဲ့၏။ နံနက်မိုးလင်း

www.burmeseclassic.com

www.burmeseclassic.com



လျှင် ပစ္စည်းများနှင့်အတူ အစောင့်လူများပါ တောင်အောက်သို့ ရောက်နေသဖြင့်၊ ကျောင်းနေသံဃာ ပရိသတ်အချို့ပင် တိမ်းရှောင်သွားကြတော့၏။ မြို့နေလူအများလည်း မသွားရဲကြတော့ပါ။ ဆရာတော်ကြီးလည်း ရုတ်တရက် ပျံလွန်တော်မူသွားရ၏။ သာမန်ရဟန်းပုဂ္ဂိုလ်သည် ခက်ခဲသော သာသနာပြုလုပ်ငန်းကို မအောင်မြင်နိုင်ကြောင်း သိသာလှပါသည်။ ခန္ဓာဝန်ချတော်မူသောအခါ ဓာတ်တော်များ ကြွင်းကျန်ရစ်သည့် ညောင်လွန့်ဆရာတော်နှင့် ရဟန္တာဟု ကျော်စောသော စွန်းလွန်းဆရာတော်နှစ်ပါးတို့ စွမ်းအားကြောင့်သာလျှင် တောကြမ်းသည့် နေမိန္ဒရတောင် သိမ်သမုတ် အောင်မြင်ခြင်း ဖြစ်ပါပေသည်။

## အမျိုးမျိုးကွဲပြား

"လူအမျိုးမျိုး၊ နတ်အထွေထွေ၊ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း" ဆိုသကဲ့သို့ပင် ပြိတ္တာတစ္ဆေတို့သည်လည်း အမျိုးမျိုးအစားစား ကွဲပြားကြကုန်သည်။ လူ့ဘဝက ပြုခဲ့ကြသော ကုသိုလ်ကောင်းမှု အမျိုးအစား ကွဲပြားမှုကြောင့် နတ်ပြဟ္မာဖြစ်ကြရသော ဘဝတွင်လည်း အခြေအရုံချင်း မတူ၊ ဘုံဗိမာန်ချင်းမတူ၊ စည်းစိမ်ချမ်းသာခြင်းမတူ၊ သက်တမ်းချင်းမတူသော အကျိုးပေးအမျိုးမျိုး ရှိသကဲ့သို့ပင် ပြုခဲ့ကြသော လူ့ဘဝမှ အကုသိုလ်အစားစား ကွဲပြားခြားနားမှုကြောင့် တစ္ဆေပြိတ္တာဘဝ၌ နေထိုင်ကြရသော အဆင့်အတန်းချင်း မတူညီကြပါ။ လူအချို့တို့က သချိုင်းသုသာန်၌ တစ္ဆေသရဲတို့ ကျက်စားကြသည်ဟု မှတ်ယူကြ၏။ အချို့တို့က သချိုင်းထက် ကျောင်းအိုကျောင်းပျက်၊ ဇရပ်အို ဘုရားပျက်တို့၌ ပို၍ များပြားသည်ဟု ဆိုကြပြန်သည်။ အမှန်ကတော့ နေရာတိုင်း၌ ပြိတ္တာတစ္ဆေတို့ ရှိနေကြသည်သာ။ အရေအတွက် အနည်းအများနှင့် လူတို့အား ဒုက္ခပေးခြင်း မပေးခြင်းသာ ကွာခြားပါလိမ့်မည်။ တွေ့နိုင်သည့် နေရာအလိုက် အုပ်စုဖွဲ့ကြည့်မည်ဆိုလျှင် –

www.burmeseclassic.com

www.burmeseclassic.com



(၁) သစ်ပင်ချုံပုတ် စသည်တို့၌ မှီတင်းနေထိုင်ရသော အုပ်စု၊

(၂) ဇရပ်အိုး ကျောင်းအိုး ဘုရားပျက်တို့၌ နေထိုင်ကြရသော အုပ်စု၊

(၃) သုသာန်သင်္ချိုင်းတစပြင်တို့၌ နေကြရသော အုပ်စု၊

(၄) လူတို့အနီး မြို့ရွာအနီးရှိ အိမ်အိုကျောင်းပျက်တို့၌ နေကြရသော အုပ်စု၊

(၅) လူတို့ အညစ်အကြေး စွန့်ပစ်ရာအရပ်၌ မှီဝဲစားသောက်နေကြရသော အုပ်စု၊

(၆) တောတောင်ချောက်ကမ်းပါးတို့၌ နေကြရသောအုပ်စု၊

(၇) မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ရေကန်တို့၌ နေကြရသော အုပ်စု၊

(၈) မိမိပိုင်ဘုံဗိမာန်နှင့် နေရသော အဆင့်အတန်း နည်းနည်းမြင့်သော အုပ်စု ဟူ၍ တွေ့နိုင်ပါသည်။

လူများ၊ နတ်များတို့တွင် သိမ်မွေ့နူးညံ့ပြီး ဘာသာရေး ကြည်ညိုလေးစားသော အုပ်စု ရှိသကဲ့သို့ပင်၊ စရိုက်ကြမ်းတမ်းပြီး ဘုရားသံ၊ တရားသံတို့ကို နားခါးကြသော အုပ်စု ရှိသည်မဟုတ်ပါလော။ ထိုနည်းတူစွာပင် ပြိတ္တာတစ္ဆေတို့ လောက၌လည်း၊ စရိုက်နု စရိုက်ကြမ်း ရှိမြဲဖြစ်ပါသည်။ ဘုရားတရားအပေါ် ထားရှိအပ်သော သူတို့၏ ပင်ကိုစိတ်ရင်းအရ အောက်ပါအတိုင်း အုပ်စုခွဲခြားနိုင်သေး၏။

(၁) ဘုရားသံ တရားသံတို့ကို မကြားချင်၊ မနာနိုင်၊ မကြားဝံ့သော အတန်းအစား။

(၂) ဘုရားသံ တရားသံတို့ကို ကြားချင် နာချင်ပါသော်လည်း ကြားနာခွင့် မရသော အတန်းအစား။

(၃) ဘုရားသံ တရားသံ ပရိတ်ပူဇော်သံများ ကြား၍ ခွက်ပြေးကြရသော အတန်းအစား။

www.burmeseclassic.com

www.burmeseclassic.com



(၄) ဘုရားသံ တရားသံ မေတ္တာပို့ အမျှအတန်းဝေသံတို့ကို ကြားနာခွင့် ကြုံကြိုက်ပြီး သာဓုခေါ်ဆိုနိုင်ကာ အဆင့်အတန်း မြင့်တက် ကျွတ်လွတ်ကြသဖြင့် တန်ခိုးကြီးသော ဘဝသို့ ရောက်သည့် အတန်းအစား။

## ကျောင်းပျက်တစ္ဆေ

ကျွန်တော်သည် ကလောမြို့၊ ပြည်သူ့ဆေးရုံ၌ သွားဘက်ဆိုင်ရာ ဆရာဝန်အဖြစ် ၁၉၇၅–ခုနှစ်မှ ၁၉၇၉–ခုနှစ်အထိ လေးနှစ်တာမျှ တာဝန် ထမ်းဆောင်ခဲ့ဖူးပါသည်။ မြို့တိုင်းရွာတိုင်း၌ ကျောင်းအို၊ ကျောင်းပျက် ဘုရားအို၊ ဘုရားပျက်တို့ ဆိုသည်မှာ ရှိစမြဲဖြစ်၏။ မြို့တည်နှစ် ကြာမြင့် လေ ဘုရားပျက် ကျောင်းပျက်များ ပိုများလေ ဖြစ်၏။ (ယခုမှ စတည် သဖြင့် မြို့သက် အလွန်မတန် နုသေးသော မြို့သစ်ရွာသစ်တို့၌ ကျောင်းပျက်၊ ဘုရားပျက် မရှိနိုင်သဖြင့် တစ္ဆေခြောက်လှန့်ခြင်းကို မကြား သိရပါ) ကျောင်းပျက်၊ ဘုရားပျက်များလေ စိတ်ဝင်စားဖွယ် ကောင်းလှ သော နတ်ဖျားပုံပြင်တို့၊ ဒဏ္ဍာရီတို့ ပိုများလေ ဖြစ်မြဲပင်တည်း။

ကလောမြို့လေးသည် အင်္ဂလိပ်အစိုးရတို့ တည်ခဲ့သည့် အပန်းဖြေ တောင်စခန်းမြို့လေးပီပီ လွန်စွာမှ အေးချမ်းသာယာ၏။ ထင်းရှူးတောကြီး များ၊ ချယ်ရီပင်များတို့ဖြင့် ဝန်းရံထားသောကြောင့် ဆောင်းရာသီ၌ ချယ်ရီပန်းတွေ တဝေဝေ၊ နွေဦးကာလမှာတော့ စိန်ပန်းပြာတွေ တကြွေကြွေ၊ ငုဝါတွေ တထိန်ထိန်၊ ငုစပ်ချယ်ရီတွေ တမြိုင်မြိုင်နှင့် အလှကြီးလှလွန်းသော ချစ်စရာမြို့လေးပါ။ ရာသီဥတု မျှတသော နွေကာလ သည် နေထိုင်၍ အကောင်းဆုံးအချိန်မို့ မနက်ခင်းစောစောနှင့် ညနေခင်း ပိုင်းတို့တွင် တောင်ကြောကို ကွေ့ကာရစ်ကာ ခရုပတ်လို ဖောက်ထား သော ကတ္တရာလမ်းတစ်လျှောက် လေညှင်းခံ လမ်းလျှောက်ရသည်မှာ ကြည်နူးစရာ ကောင်းလှ၏။ ဖုန်မှုန့်မရှိ၊ အမှိုက်သရိုက်မရှိ၊ အလွန် သန့်ရှင်းလှ၏။

www.burmeseclassic.com

www.burmeseclassic.com



မြို့သက်ရလာသည်နှင့်အမျှ စစ်ကြီးကိုလည်း ကျော်လွှားခဲ့ရပြီ။ ပုန်ခေတ်တုန်းကလည်း ကလောဈေးနေ့တစ်ရက်၌ ဝေဟင်မှ လေယာဉ်ဖြင့် ဗုံးကျဲမှုကြောင့်လည်းကောင်း၊ စက်သေနတ်ဖြင့် ဆွဲရမ်းပစ်ခတ်မှုတို့ကြောင့်လည်းကောင်း၊ အပြစ်မဲ့ ရပ်သူရွာသားတို့ သောက်သောက်လဲသေကျေခဲ့ရပြီးပြီ။ အိမ်၊ ကျောင်း၊ ဘုရား၊ ဇရပ်၊ ပုထိုးနှင့် စေတီများမှုပျက်မီးလောင်ကျွမ်းခဲ့ရပြီးပြီ၊ မီးလောင်ပြင်မှ မြို့ကို ပြန်လည် ထူထောင်ကြရ၏။ ထိုသောအခါ ကျန်ရစ်သော ဘုရားပြို စေတီပျက်၊ ကျောင်းအိုဇရပ်ပျက်တို့မှ ခြောက်ပါသည် လှန့်ပါသည်ဆိုသော ပါးစပ်မှတ်တမ်းဇာတ်လမ်းတွေကလည်း များပြားပါဘိတောင်း။ အမှန်တကယ် ဖြစ်ရပ်များလည်း ရှိမည်။ လံကြုပ်လုပ်ကြံ ဇာတ်လမ်းများလည်း ရောနှောနေပါလိမ့်မည်။

ကလောမြို့ အနောက်တောင်ထောင့် စနေအရပ်၌ ပင်မကုန်းရွာလေး ရှိ၏။ ရွာ၏ အနောက်တောင် ရွာစွန်ရွာဦး ပင်မကုန်းတောင်ခြေရင်း၌ ကျောင်းပျက်ကြီးတစ်ဆောင် ရှိပါသည်။ ရွာငယ်လေးနှင့် နှိုင်းစာသော်ထိုဘုန်းကြီးကျောင်းပျက်သည် အတော်အတန် ကြီးမားလှသည်။ ခြေတံမြင့် သွပ်မိုး တစ်ထပ် အသားကျောင်းကြီးမို့ ကျွန်းသုံးတိုင်ကြီးများတုံခေါင်မြင့်များနှင့် ခမ်းနားလှပါသည်။ ကျောင်းပျက်ဟု ဆိုရာ၌ကျောင်းဆွေးမြေ့ အိုမင်းခြင်း မဟုတ်မူဘဲ၊ ကျောင်းကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ရန် ဘုန်းကြီးဆက် ပြတ်သွားခြင်းကို ဆိုလိုပါသည်။

ဘုန်းကြီးဆက် ပြတ်ရခြင်းမှာလည်း ကျောင်းထိုင်မိသောကိုယ်တော်မှာ ဖျားနာပြီး နာတာရှည်ရောဂါ ဖြစ်လျှင်ဖြစ်၊ မဟုတ်ကအနိစ္စသဘော ကိစ္စချောလေ့ ရှိပါသတဲ့။ အခြောက်အလှန့်ကြီးပုံကလည်းတင်အောက်သို့ ဆွဲချရုံမျှသာမဟုတ်၊ ကျောင်းအောက်သို့ပင် ဆွဲချတတ်သည်ဟု ဆိုပါသည်။ အမှန်တကယ် ဟုတ်မဟုတ်ကိုမူ ကျွန်တော် မစမ်းသပ်ရ၍ ကေကေန် မပြောနိုင်ပါ။ ကျွန်တော် ကလောမြို့မှ ပြောင်းရွှေ့ခဲ့သည်မှာ ၁၇–နှစ်ကျော်ခဲ့ပြီမို့ ကျောင်းကို စောင့်ရှောက်မည့် အာဂပုဂ္ဂိုလ်ပေါ်ခဲ့ပြီလား။ ကျောင်းပဲ ပျက်စီးသွားပြီလား မပြောပြတတ်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



## ဘုရားပျက်တစ္ဆေ

ကလောမြို့ထဲမှနေ၍ ပင်မကုန်းရွာသို့ ခရီး နှစ်မိုင်ခွဲကျော်မျှ ကွာဝေးလှသဖြင့် ကျောင်းပျက်ကို ကျွန်တော် လက်တွေ့စမ်းသပ်ကြည့်ရန် မလွယ်ကူသောကြောင့် မကြိုးစားခဲ့သည်ကို အမှန်အတိုင်း ဝန်ခံရပါမည်။ ပင်မကုန်းတောင်ပေါ်ရှိ ဘုရားသို့ တစ်လလျှင် တစ်ခေါက်နှစ်ခေါက်မျှ သွားရောက်တတ်ရာ ထိုကျောင်းပျက်ကြီးအနီးမှ ဖြတ်သွားလေ့တော့ ရှိပါသည်။ အမြဲလူပြတ်နေတတ်၏။ နွေဦးလေရူး ဝေ့တိုက်လိုက်လျှင် လန်နေသော သွပ်မိုးအချို့တို့၏ ဝုန်းဒိုင်းသံကပင် စိတ်ကို ချောက်ချားစေ သည်တော့ အမှန်ဖြစ်၏။ ကျွန်တော်ကလည်း အဖော်ကောင်းမရှိကာမှ နေပါရော။ သွားချင်စိတ် ပေါက်လာလျှင် တစ်ကိုယ်တည်း ထသွားလိုက်တတ်၏။ ရံခါ သစ်စက်အနီးရှိ အင်္ဂလိပ်သချိုင်းဘေးမှ ဖြတ်ပြီး တောလမ်း ခရီးမှ တက်တတ်သေးသည်။ ထိုတောလမ်းက ပိုရှည်ဝေးပါသည်။

ပင်မကုန်းရွာ၏ နာမည်ကြီးလှသော ဘုန်းကြီးကျောင်းပျက်ကို လက်တွေ့စူးစမ်းခွင့် မကြုံခဲ့ပါသော်လည်း ကျွန်တော် ငှားနေသော ရတနာ လမ်းထဲမှ အိမ်၏ တောင်ဘက်၊ မြို့မကျောင်းတိုက်ဝင်းအတွင်းရှိ စေတီ ဘုရားပျက်များအကြား ကျက်စားခြောက်လှန့်တတ်သည်ဆိုသော ဘုရား ပျက် တစ္ဆေကိုမူ စူးစမ်းလေ့လာဖူး၍ တင်ပြပါဦးမည်။

ကျွန်တော် ငှားနေသော တိုက်မှာ နှစ်ထပ်တိုက်ကြီးဖြစ်ပြီး အပေါ်ထပ်၌ အိမ်ရှင်များ နေကြ၏။ ကျွန်တော်က အောက်ထပ်ကို ငှားနေ ခြင်းပါ။ ဆင်ဝင်က တောင်ဘက်သို့ လှည့်၏။ နေ့လယ်နေ့ခင်း ထမင်းသုံး စီချိန် ပက်လက်ကုလားထိုင်လေးနှင့် ဆင်ဝင်အောက်အရိပ်မှာ ထိုင်ရင်း ဟိုဟိုသည်သည် ငေးမောရသည်မှာ အရသာတစ်မျိုး ထူးပါသည်။ လ သာသော ညဉ့်ဦးပိုင်း၌လည်း အေးမြသည့်လရောင်ကို အရသာခံစားရင်း ပတ်ဝန်းကျင်တစ်ပြင်တစ်ခွင်ကို ငေးမောစိတ်ကူးယဉ်နိုင်သေးသည်။ လရောင်ကြောင့် အဆွေးဓာတ်ဝင်ကာ အိမ်ကို လွမ်းမိပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆင်ဝင်အောက်မှာ နားနားနေနေ သဘောမျိုး နေ့လယ်နေ့ခင်းမှာပဲ ငေးမောမော၊ ညပိုင်းမှာ ငွေလမင်းနှင့် ကြယ်တွေကိုပဲ မော့မော့လေပြည်လေးဆော် သွေးလေလျှင် ထိုတောင်ဘက်ကျောင်းဝင်းအတွင်းရှိ စေတီပုထိုးများမှ ဆည်းလည်းသံများ ပျံ့လွင့်လာစမြဲပါ။ ဆယ်ဆူကျော်ကျော်ရှိသော အရွယ်မျိုးစုံ စေတီငုတ်တို၊ ဘုရားငုတ်တိုများအနက် အလယ်ဗဟိုကုန်းမြင့်တမြင့်ပေါ်ရှိ အကြီးဆုံး စေတီတစ်ဆူကိုမူ မြို့နေလူထုတို့ ပြုပြင်ထားသဖြင့် ထုံးသင်္ကန်းဖွေးဖွေး၊ ရွှေထီးဝင်းဝင်း၊ ညောင်ရွက်သံ ဆည်းလည်းသံ တချွင်ချွင်နှင့် ဖြစ်နေခြင်းပါ။ တောင်ဘက်ခြမ်း အိမ်ဝင်း စည်းရိုးနှင့် မြို့မကျောင်းတိုက်ကြားမှာ ကတ္တရာလမ်း ခြားပါသေးသည်။ ကား အသွားအလာ သိပ်နည်းသလို လူသွားလူလာလည်း ပြတ်တတ်စမြဲမို့ မြို့လယ်နှင့်ပင် မတူလေဘဲ၊ ပုဂံမြို့ဟောင်းတစ်နေရာသို့ ရောက်နေလေသလားဟု ထင်မှတ်မှားချင်စရာ ကောင်းလှပါတော့သည်။

ညအချိန်မတော် လူခြေတိတ်ချိန်ဆိုလျှင် ထိုဘုရားစေတီပျက်ကြားမှ ဥစ္စာစောင့်က ထွက်ခြောက်သလိုလို၊ တစ္ဆေသရဲများ ထွက်ခြောက်သလိုလို လူပြောများလှ၏။ အချိန်မတော်ဆိုရာ၌ အလွန်မတန် ညဉ့်နက်ချိန်တောင်မှ မဟုတ်။ ရှစ်နာရီခွဲ၊ ကိုးနာရီကျော်ကျော်၊ ရုပ်ရှင်ပြီးချိန်မျိုးမှာ တွေ့ချင်တွေ့တတ်ပါသတဲ့၊ မနက်စောစောတော့ တွေ့လေ့တွေ့ထ မရှိပါတဲ့။ ဥစ္စာစောင့်ဟု ပြောဆိုသမားများကတော့ ထုံးစံအတိုင်း သိပ်ချော သိပ်လှ သိပ်မွှေးဆိုကိုး။ ဆံပင်ကို ဖားလျားချထားမြဲတဲ့။ ကံထိုက်သူဆိုလျှင် ရွှေတိုရွှေစများအပြင် ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးများကိုတောင် ရဖူးပါသတဲ့၊ ဟုတ်မဟုတ်တော့ မသိပါ။ ဤကဲ့သို့သော ဥစ္စာစောင့်ဇာတ်လမ်းတွေက များလှချည့်မို့ ရိုးနေပါပြီ။

တစ္ဆေသရဲ အခြောက်ခံရသည်ဟု ပြောသူတို့ကတော့ မည်းမည်းကြီးနှင့် အမွေးအမှင်က ကြမ်းကြမ်းရှည်ရှည်ကြီးပါတဲ့။ ပုပ်နံ့က နံစော် နေတတ်ပါသေးသတဲ့၊ မျက်လုံးအစုံတို့မှာ မီးကျီးခဲလို နီရဲနေပါသတဲ့။ ခြေသည်းလက်သည်းတွေက ရှည်ပြီး ကုတ်ကွေးနေသေးသတဲ့ဆိုကိုး။ ကြောက်စရာ ရုပ်ဆင်းအင်္ဂါနဲ့မို့ လန့်ဖျပ်မိကြပါသတဲ့။ ဖိုပိုမိုမို ပြောဆို

www.burmeseclassic.com

www.burmeseclassic.com



ကြလေသလားတော့ မသိ။ ဆေးလိပ်မီးညှိပါရစေရယ်လို့ ထွက်လာသည့် တစ္ဆေကတော့ ရိုးရိုးသာမန်လူလိုပါပဲ၊ သို့သော် ဦးခေါင်းပြတ်ကြီးမို့ လန့်ပြီး ပြေးကြရပါသတဲ့။ ဇာတ်လမ်းတွေကတော့ မျိုးစုံပါ။

## စမ်းသပ်ရန်စိမ်

ကျွန်တော် နေထိုင်ရာ အိမ်ပေါက်ဝမှ မျှော်ကြည့်လျှင်ပင် လှမ်း၍ ဖူးမြော်နိုင်သော စေတီပုထိုးပျက်များတွင် လှည့်လည်ကျက်စားကာ လမ်းပြင်သို့ ထွက်ထွက်ခြောက်သည်ဆိုသော ဘုရားပျက်တစ္ဆေ တကယ် ရှိမရှိ သေသေချာချာ လက်တွေ့သိရှိနိုင်ရန်အလို့ငှာ စမ်းသပ်ရန် ကျွန်တော် စိတ်အားထက်သန်နေခဲ့ပါသည်။ တစ္ဆေဆိုလျှင်ပင် ကျွန်တော် ပြေးတွေ့ ချင်စိတ် ရှိ၏။ သူတို့ ရှောင်ပုန်းနေသော်မှတည့် ကျွန်တော် တွေ့ချင်စမ်း ပါဘိ။ ကျွန်တော့်ကို လာခြောက်လှည့်ပါဟု စိန်ခေါ်ချင်စိတ်က ပြင်းပြ နေချိန်ပါ။ စာထဲပေထဲ ကျမ်းဂန်ထဲတို့၌ ဖတ်ရှုနေရသော တစ္ဆေပြိတ္တာ ကို ကိုယ်တွေ့ကြုံဆုံကြည့်ချင်လှ၏။ စမ်းသပ်ရန်လည်း သိပ်ဝေးဝေး သွားရမည် မဟုတ်။ ပုံမှန်ခြေလှမ်းဖြင့် ငါးမိနစ် မရှိတရှိခန့် လျှောက်မည် ဆိုလျှင် ရောက်နိုင်ပြီ၊ ပြီးတော့ တောခေါင်ခေါင် မြို့စွန်ရွာဖျားနေရာမျိုး မဟုတ်။ လူသွားလူလာ ပြတ်သော်လည်းပဲ၊ အမှန်တော့ မြို့လယ်တွင်း၌ ဖြစ်နေပြန်သည်။ ဤမျှ အခြေအနေပေးသော ကိစ္စကို ကျွန်တော် လက်တွေ့ အကောင်အထည် မဖော်ကြည့်လျှင် ကျွန်တော့်လောက် ညံ့ဖျင်းသူ လောက၌ ရှိတော့မည်မဟုတ်ပါ။

ကဲ–စမ်းသပ်ကြည့်ချင်သည်က ဟုတ်ပါပြီ၊ မည်သို့မည်ပုံ ချဉ်းကပ် စမ်းသပ်သင့်ပါသနည်း။ အကောင်းဆုံးနည်းလမ်းကို ရွေးချယ်ရန် အထူး လိုအပ်ပါမည်။ နည်းလမ်းမှန်ကန်မှသာလျှင် ကြိုးစားကြည့်ရကျိုး နပ်နိုင် ပါလိမ့်မည်။ သို့မဟုတ်က အချိန်ကုန် လူပန်းပြီး အချည်းနှီးဖြစ်နေပါ ဦးမည်။ ကျောင်းကန်ဘုရား စေတီပုထိုးအနီး၌ မိတင်းနေတိုင်သည်။ လှည့်လည်ကျက်စားပါသည်ဆိုသော ပြိတ္တာတစ္ဆေတို့၏ နေ စိတ်နေ စိတ်ထားမှာ ဆိုးဆိုးဝါးဝါးကြီး ရှိလိမ့်မည်မဟုတ်။ ဘုရားဒိုပ၊ ကျောင်းနိုင်

www.burmeseclassic.com

www.burmeseclassic.com



သို့ ဝင်ထွက်သွားလာ နေထိုင်နိုင်သော တစ္ဆေသရဲတို့ ဆိုသည်ကား သာသနာတော်နှင့် အတော်အတန် နီးစပ်ယှက်နွယ်မှု ရှိနိုင်သူတို့သာ ဖြစ်ရပေလိမ့်မည်။ သူတို့ ရှေးအကုသိုလ်ကံကုန်၍ ကျွတ်လွတ်ချိန်တန်ပြီ ဆိုလျှင် သာဓုခေါ်ဆိုနိုင်သော ဘဝကို ရရှိကြမည့်သူများ ဖြစ်နိုင်၏။ ဤသို့ အကြမ်းဖျင်းအားဖြင့် ကျွန်တော် တွက်ဆမိပါသည်။

မိမိကိုယ်တိုင်လည်း ကုသိုလ်ရ၊ သူတို့အတွက်လည်း အကျိုးများနိုင်သည့် နည်းလမ်းကို ရွေးချယ်သင့်ကြောင်း ကျွန်တော် ကောင်းကောင်းကြီး သဘောပေါက်ထားသည့်အတိုင်း စေတီပျက် ပတ်ဝန်းကျင်သို့ ည အချိန်မတော် အကာလ၌ လမ်းသလားနေ၍ မဖြစ်သေးပါ။ ထုံးဖြူဖွေးဖွေးနှင့် ပြုပြင်ထားသော စေတီရင်ပြင်တော်သို့ သွားကာ၊ ပဋ္ဌာန်းရွတ်ဆို ပူဇော်လျှင် ပို၍ သင့်တော်လိမ့်မည်ဟု အကြံကောင်းဉာဏ်ကောင်း ဖြစ်ပေါ် ရရှိခဲ့သည့်အတွက် မိမိစိတ်ကူးကို အတော်လေး ကျေနပ်အားရမိပါသည်။ သို့သော် မည်သည့်အချိန်၌ သွားသင့်ပါသနည်းဟု ဆင်ခြင်ကြည့်သော အခါ၊ ညဉ့်ဦးပိုင်း ခုနစ်နာရီခွဲအချိန်ဆိုလျှင် မစောလွန်း နောက်မကျလွန်းမို့ အနေတော်မျှ ဖြစ်လိမ့်မည်ဟု ခန့်မှန်းမိပါ၏။ "ကဲ–ပြောနေ ကြာတယ်။ မပြောရင် မကြာဘူး။ ထိုင်နေလို့တော့ အလကားပဲ။ စိတ်ကူးအတိုင်း ထလုပ်ကြည့်မှ အကျိုးရှိမယ်"ဟု စိတ်ဒုန်းဒုန်းချကာ ကြိုတင် ကြံစည်ထားသည့် အစီအစဉ်ကို လက်တွေ့ အကောင်အထည် ဖော်ပါတော့သည်။

## ပဋ္ဌာန်းပူဇော်

၁၉၇၇–ခုနှစ်၊ နွေဦးကာလမှစ၍၊ ကျွန်တော်သည် ပဋ္ဌာန်းပစ္စယုဒ္ဒေသနိဒ္ဒေသကို မနက်တစ်ကြိမ်၊ ညတစ်ကြိမ် တစ်နေ့လျှင် နှစ်ကြိမ်ကျ ရွတ်ဆိုပူဇော်ခဲ့ပါသည်။ ထိုနှစ်တွင် ကျွန်တော်၏ ၃၀–နှစ်ပြည့် မွေးနေ့သည် မြန်မာသက္ကရာဇ်အားဖြင့် ၁၃၃၉–ခုနှစ်၊ ကဆုန်လဆန်း ၁၀–ရက် (၂၆–၄–၇၇) အင်္ဂါနေ့၌ ကျရောက်ပါသည်။ ကျွန်တော့် စမ်းသပ်ချက်ကို မှတ်မှတ်ရရ မွေးနေ့ညပိုင်းမှ စတင်ပါသည်။ ခုနစ်နာရီ ခွဲခန့်တွင် ဘီအိုစီအကောင်းစား ဖယောင်းတိုင် သုံးတိုင်၊ နတ်သမီး

www.burmeseclassic.com

www.burmeseclassic.com



မီးခြစ် တစ်ဖာနှင့် ပဋ္ဌာန်းစာအုပ်တို့ကို ကိုင်စွဲလျက်၊ ကျွန်တော့်နေအိမ်မှ စတင် ထွက်ခွာပါသည်။ စေတီပျက်ဆီသို့ ဦးတည်သွားနေချိန်တွင်

“စေတီပျက်အနီး မှီတင်းနေထိုင်ကြသော မကျွတ်မလွတ်သူတို့ သင်တို့အတွက် ကောင်းကျိုးချမ်းသာ ရရှိစိမ့်သောငှာ၊ အကျွန်ုပ်သည် ပဋ္ဌာန်းပူဇော်ပါမည်။ ကောင်းမွန်စွာ နာကြားကြပါ။ အကျွန်ုပ်၏ ကောင်းမှုကုသိုလ်အစုစုအတွက်ကိုလည်း သင်တို့အား အမျှအတန်း ဝေငှပါမည်၊ ဝမ်းမြောက်စွာ သာဓုခေါ်ဆိုနိုင်ကြပါစေသတည်း” ဟု စိတ်ထဲမှ ရည်မှန်းကာ အာရုံညွတ် မေတ္တာပို့လျက် သွားပါသည်။ မေတ္တာပို့လျက် သွားသော ထိုထိုခြေလှမ်းတို့သည် တစ်လှမ်းလှမ်းတိုင်း ကုဋေတစ်သန်းတန်နေချေသည်ဟု စဉ်းစားမိကာ ကြည်ကြည်နူးနူး ဝမ်းမြောက်ဝမ်းသာ ဖြစ်နေပါ၏။ သြော်–ကောင်းမှုကုသိုလ် ပြုလုပ်ဖို့ မဆိုထားနှင့် ပြုလုပ်ရန် ကြံစည်တွေးတောနေစဉ်မှာလည်းကောင်း၊ ကောင်းမှုပြုရန် ပြောဆို တိုက်တွန်းနေစဉ်မှာလည်းကောင်း၊ ကုသိုလ်ပြုလုပ်ရန် ဦးတည်သွားလာနေစဉ်မှာလည်းကောင်း၊ စိတ်လက်ရွှင်လန်း အားတက်သဖြင့် ပီတိလှိုင်းကို စီးနေပါတကား။

ကုန်းပြေပြေလေးကို ဆယ့်လေးငါးလှမ်းမျှ တက်လိုက်သည်နှင့် စေတီရင်ပြင်ပေါ်သို့ ရောက်ပါပြီ။ မြေစိုက်စေတီ ဖြစ်သော်လည်း အရှေ့မျက်နှာတွင် မုခ်ပေါက်တစ်ပေါက် ရှိပြီး၊ ဉာဏ်တော်တောင့်ထွာရှိ ဆင်းတုတော်ကို စံပယ်လျက် ဖူးတွေ့ရသောကြောင့် ပုထိုးတော်ဟု ခေါ်ဆိုနိုင်ပါလိမ့်မည်။ မုခ်ပေါက်လိုဏ်ဂူလေးသည် လူတစ်ရပ်ကျော်ကျော် မြင့်ပြီး ပလ္လင်ရှေ့၌ လူသုံးဦးခန့် ကျပ်ကျပ်ညပ်ညပ် ထိုင်ကန်တော့နိုင်အောင် ကျယ်ပါသည်။ တစ်ကိုယ်တော်တည်းဆိုလျှင် ချောင်ချောင်ချိချိပါ။ ကျွန်တော်သည် ပလ္လင်ပေါ်၌ ဖယောင်းတိုင်သုံးတိုင် ပူဇော်ပြီးနောက် ဘုရားကန်တော့သည်။ ရှစ်ပါးသီလ ခံယူ၏။ မွေးနေ့မို့ ဥပုသ်စောင့်ပါသည်။ ပြီးတော့ ပဋ္ဌာန်းကို ရွတ်ဆိုပူဇော်၏။ မေတ္တာပို့ အမျှအတန်း ဝေပြီးသောအခါ တစ်နာရီနီးပါး ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း သတိထားမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## စိတ်ရှည်ရမည်

ဤသို့အားဖြင့် ကျွန်တော်သည် ပုံမှန် အချိန်မှန် သွားရောက် ပဌာန်းပူဇော်နေခဲ့ပါသည်။ တစ်ရက်လည်း မထူး၊ နှစ်ရက်လည်း မထူး၊ တစ်ပတ်ကြာလည်း မထူး၊ နှစ်ပတ်ကြာလည်း မထူးနှင့် တစ်လခန့် ကြာမြင့်လာသည်အထိ ကျွန်တော် တွေ့ချင်သည့် အထူးအဆန်း တစ္ဆေ သရဲတို့ကို မတွေ့ကြုံရသေးပါ။ စနေ၊ တနင်္ဂနွေညများဆိုလျှင် ကျွန်တော် ဘုရားသွားသည့်ဝတ် ပျက်ကွက်တတ်ပါသည်။ တောင်ကြီးမြို့သို့ ပြန်လာ တတ်သောကြောင့်ပါ။ အပတ်စဉ်တော့ အကြောင်းထူး မရှိဘဲ မပြန်ပါ။ အများအားဖြင့် တစ်ပတ်ခြား ပြန်လေ့ရှိ၏။ တောင်ကြီးပြန်ဖြစ်လျှင် အိမ်၌ ပဌာန်းရွတ်ဆို ပူဇော်သောဝတ်ကိုတော့ ကျွန်တော် အပျက်မခံပါ။ ခရီး ထွက်သည့်အခါ၌လည်း ရောက်ရာအရပ်၌ ပဌာန်းပူဇော်ပါသည်။ ဖျားနာ၍ အိပ်ရာထဲ လဲနေသည့်တိုင် အိပ်ရာထဲ၌ပင် လဲလျောင်းလျက် လက်အုပ် ချီကာ ပဌာန်းပူဇော်လေ့ ရှိမြဲပါ။

တစ်လမှ နှစ်လသို့ ကူးသွားခဲ့သော်လည်း အကြောင်းကတော့ဖြင့် ထူးသေးပါ။ အရိပ်အယောင်မျှပင် မမြင်ရသေးပါ။ သုံးလပြည့်လည်း အကြောင်းမထူးသေး၊ လေးလထဲ ဝင်ခဲ့သော်လည်း အကြောင်းမထူးလာ သောအခါ သူပြောကိုယ်ပြော အများပြောသော ဘုရားပျက်မှ တစ္ဆေခြောက် အတ်လမ်းများကို ကျွန်တော် သံသယဝင်ချင်လာပါတော့သည်။ တကယ် ကော ရှိရဲ့လား။ စိတ်ကူးယဉ်ဇာတ်လမ်းများ ဖြစ်နေခဲ့သော်၊ စမ်းသပ်မှု အတွက် အကျိုးတစ်စုံတစ်ရာ မရှိစေဘဲ အလဟဿ အချိန်ဖြုန်းသလို ဖြစ်နေပါဦးမည်။ ဘုရားသွား ဆီမီးပူဇော် ပဌာန်းရွတ်ဆို သရဏဂုံ ချော့ယ်ရခြင်း ကပင်လျှင်၊ ကုသိုလ်အကျိုးများနေပေပြီဟု ကောင်းသည့်ဘက်က တွေးရင်း၊ ညစဉ်ညတိုင်း သွားမြဲသွားကာ ပဌာန်းပူဇော်မြဲ ပူဇော် နေခဲ့၏။ အလိုပြည့်ရန် စိတ်ရှည်ရပေလိမ့်မည် မဟုတ်ပါလား။

အထုံဆိုသည်မှာ ပြုလုပ်နေကျ အလေ့အကျင့် စွဲမြဲသွားသော အခါ အသုံဝါသနာ ဖြစ်သွားရစမြဲမို့၊ ကျွန်တော့်မှာလည်း ညဉ့်ဦးပိုင်း

www.burmeseclassic.com

www.burmeseclassic.com



အချိန် ကျရောက်ပြီဆိုလျှင် စေတီသို့ သွားလိုက်ရမှ ဝတ္တရားတစ်ခု ကျေသလို နေသာထိုင်သာ ရှိတော့၏။ သို့နှင့် တစ်မိုးကုန် တစ်ဆောင်းကူးကာ လေရူးလေပွေ နှောက်တတ်သော ခါနွေဦးသို့ ရောက်ခဲ့ပြန်ပေပြီ။ ဘာလိုလိုနှင့် တစ်နှစ် ပြည့်တော့မှာပါကလား။ သူငယ်ချင်း ငြိမ်းမောင်နှင့် ထွန်းနိုင်တို့တုန်းကတော့ လူပေ လူတေ လူရွှတ်တွေမို့လား မသိ။ ညောင်ပင်တစ္ဆေနှင့် ချက်ချင်း ရင်ဆိုင်တိုးခဲ့ကြ၏။ ကျွန်တော့်မှာတော့ ဘုရားပျက်တစ္ဆေနှင့် ဆုံကြုံတိုးဖို့ စိတ်ရှည်လိုက်ရတာ။ ဥတုသုံးလီ ရာသီ တစ်ဆယ့်နှစ်လ တိုင်ပေတော့မည်။ ခုထိ မတွေ့နိုင်သေးပါ။ ကြီး ဝက်သက်ပေါက် ဆိုသလို ငြိမ်းမောင်နှင့် ထွန်းနိုင်တို့ထက် ဆယ်နှစ်မျှ နောက်ကျပြီးမှ စမ်းသပ်လေ့လာသူ ကျွန်တော့်အဖို့ တွေ့ကြုံလိုအော သန်သလောက် ပေးအပ်ရသည့် အချိန်တွေက မနည်းမနောပါလားနော်။ ကျွန်တော် မှားများ မှားနေပြီလားဟု ရံဖန်ရံခါ စိတ်အားလျော့ချင်လာပါတော့သည်။

## တကယ်တွေ့ပြီ

သရဖီပန်းတွေ လှိုင်သည့် တပေါင်းလ လွန်မြောက်တော့ ပိတောက်တွေ ရွှေရည်လူးသည့် ခါတန်ခူးသို့ ရောက်ပြန်ရော။ သင်္ကြန်ရက်အေ လွန်မြောက်ပြန်တော့ မိုးပြေးလေးများ ကသုတ်ကသက် ရုတ်တရက် ပေါက်ချလာတတ်သည့် ကဆုန်လသို့ ဝင်ရောက်လာချေပြီ။ တစ်နှစ် ဆိုသည့် ရာသီစက်ဝန်းသည် တစ်ပတ်လည်ခဲ့ပြန်ချေပြီကော။ ကျွန်တော် မှာလည်း အသက် ၃၂-နှစ် ပြည့်ခဲ့ပြန်ပါပြီ။ မြက်သားမွေးသည့် နယ်မြေ မိုးသေးတို့ ရွာဖြန်းပြီးသည့်အခါ ဝါဆိုလဆန်းပါပြီ။ သံဃာတော်အရှင်မြတ် တို့ ဝါဆိုကြပေတော့မည်။ အဖော်မစုံကြသေးသည့် လူပျိုကြီး၊ အပျိုကြီး တွေ ဝါတွင်းသုံးလတာကို စိတ်ရှည်ကြပေရော့။ ကျွန်တော့်မှာလည်း စိတ်ရှည်ရှည်နှင့်ပင် စေတီသို့ ဝတ်မပျက် ဆက်လက် ချီတက်မြဲ ချီတက် ကာ၊ ပဌာန်းပူဇော်မြဲ ပူဇော်နေခဲ့ပါသည်။

တွေ့ချင်သောအရာကို မမျှော်လင့်သော တစ်ညမှာ တွေ့ကြုံရပေပြီ မှန်သည်။ လောကဥ် တစ္ဆေသရဲ အဟုတ်တကယ် ရှိပါသည်ဟု ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



တိတိပပ လက်ခံရပေပြီ။ ထိုတစ်နေ့သည်ကား ဝါဆိုလပြည့်ပြီးစ ရက်ပိုင်းတွင် ဖြစ်၏။ ဘုရားတွင် ဝါဆိုပန်းများ ကပ်လှူထားသည်မှာ ဝေဝေဆာဆာကြီး ဖြစ်နေသည်ကို မှတ်မိနေ၍ပါ။ ပြီးတော့ ကျွန်တော့်မွေးရက် သောကြာနေ့ ဖြစ်ကြောင်းကိုလည်း မှတ်မိနေသေးသည်ဖြစ်ရာ၊ နှစ်တစ်ရာပြက္ခဒိန်၌ ရှာဖွေတိုက်ကြည့်လိုက်သောအခါ ၁၉၃၈–ခုနှစ်၊ ဇူလိုင်လ ၂၁–ရက်၊ ၁၃၀၀–ပြည့်နှစ် ဝါဆိုလပြည့်ကျော် ၂–ရက်နေ့ ဖြစ်ကြောင်း တွေ့ရှိရပါတော့၏။ ထိုနေ့ညနေပိုင်းတွင် ကျွန်တော့်အဒေါ် တော်စပ်သူ ဒေါ်အေးရ မိသားစုထံ၌ ညနေစာစားရင်း စကားလက်ဆုံကျနေခဲ့၏။ ကျွန်တော်ကိုယ်တိုင်ကလည်း လေကြောခပ်ရှည်ရှည်မို့ အချိန်တွေ ကုန်လွန်မှန်းမသိ ကုန်လွန်သွားခဲ့၏။ သတိရ၍ နာရီကို ကြည့်လိုက်သောအခါဝယ် ညရှစ်နာရီ ထိုးလုတော့မည်။ ဟိုက်–ဘုရားသွားရန် အချိန် အတော်နှောင်းနေပြီကော။

သို့နှင့် စကားလက်စကိုဖြတ်၊ အိမ်သို့ အပြေးလေးပြန်ကာ ဖယောင်းတိုင်၊ မီးခြစ်၊ ပဋ္ဌာန်းစာအုပ်တို့ကို ယူပြီး အခန်းသော့ပိတ်၊ ဝင်းတံခါးကို ဖွင့်ချိန်တွင် ဝါဆိုမိုးက တစ်ပေါက်နှစ်ပေါက် ဖြောက်ဖြောက်ကျဲကျဲ ကျလာချေပြီ။ အလျင်လိုမှ အနှေးရ ဆိုဘိသကဲ့သို့၊ ထီးမယူ၍မဖြစ်တော့ပြီ စဉ်းစားမိကာ အိမ်တံခါးသော့ကို ပြန်ဖွင့်၊ ခေါက်ထီးကိုဆွဲကာ ကတိုက်ကရိုက် ခြေလှမ်းကျဲကြီးဖြင့် ထွက်လာခဲ့ရတော့သည်။ မိုးပေါက် စိတ်လာ၍ ထီးဖွင့်ဆောင်းချိန် လက်ပတ်နာရီကို ကြည့်လိုက်၏။ ရှစ်နာရီဆယ့်ငါး ရှိနေပြီ။ ဘုရားဝင်းအဝင် မလွယ်ပေါက်ကိုတောင် ပိတ်ထားပြီ၊ ကိစ္စမရှိပါ။ ဝါးလုံးဖြင့် သုံးတန်းထိုး ပိတ်ထားသည်မို့ အချိန်ကုန်ပါသည်ဆိုပြီး အလယ်တန်းကို ခေါင်းလျှိုပြီး ငုံ့ဝင်လိုက်ပါသည်။ ပျင်းပျင်းနှင့် ထီးကို မပိတ်မိဘဲ၊ ထီးရောလှူပါ ငုံ့လျှိုဝင်သည်ဖြစ်၍ ဝါးခက်စလေးနှင့် ထီးပိတ်သားတို့ ငြိနေလိုက်သေး၏။ ကုန်းပြေပြေအောက်တွင်လည်း စိန်နားပန်ချုံမှ ဆူးတို့က ကျွန်တော့်ဆွယ်တာကို ချိတ်ဖြစ်အောင် ချိတ်လိုက်ကြသေး၏။

www.burmeseclassic.com

www.burmeseclassic.com



ရင်ပြင်ပေါ်သို့ ရောက်ပြီ၊ မှန်လိုဏ်ပေါက်အတွင်း၌ ဖယောင်းတိုင်မီးထွန်းညှိနေစဉ်မှာ အပြင်ဘက်မှနေ၍ ကျွန်တော့်အား တစ်စုံတစ်ယောက် ရပ်ကြည့်နေသည်ဟု စိတ်ထဲက ထင်မိ၏။ လှည့်ကြည့်သောအခါ၌ မည်သူမှ ရှိမနေပါ။ စိတ်ထဲမှာတော့ တစ်မျိုးကြီး ဖြစ်နေပါသည်။ မှန်အဝင်၌ အရုဏ်ခံတန်ဆောင်းလေး ရှိ၏။ ငါးပေခြောက်ပေခန့်သာ ကျယ်ဝန်းပါလိမ့်မည်။ ထီးနှင့်ဖိနပ်ကို တန်ဆောင်းတိုင်အနီး ထားရစ်ပါသည်။ အခြားလူတစ်ဦးဦး လာစဉ်၊ မသိလိုက်ပါက ထီးနှင့်ဖိနပ် ပျောက်မှာကိုလည်း စိုးရသေး၏။ သို့သော် အခြားသူများ လာရောက်လေ့ မရှိကြပါ။ ခုလို အချိန်နှောင်းမှ ပို၍ မလာတတ်ပါ။

ကျွန်တော်သည် ဘုရားကန်တော့ပြီး သီလယူပါသည်။ စိတ်ထဲ၌ လူတစ်ယောက် ရပ်ကြည့်နေသည်ဟု ထင်မြင်မြဲ ထင်မြင်နေခဲ့၏။ ထို့ကြောင့် တစ်ချက် လှည့်ကြည့်ပြန်သည်။ မည်သူမျှ မရှိပါ။ လေစိမ်းတစ်ချက် ဝေ့တိုက်လာသောကြောင့် အေးခနဲ စိမ့်ခနဲ ဖြစ်သွားသည်နှင့်အတူ ကြက်သီးတစ်ချက် ဖျဉ်းခနဲ ထသွား၏။ လေအေးကြောင့် ဖြစ်ပါလိမ့်မည်ဟု ဖြေတွေးတွေးပြီး မိမိကိုယ်ကို အားပေးလိုက်၏။ ပူဇော်စရာရှိသည့် ပဋ္ဌာန်းကိုတော့ ဆက်လက်ပူဇော်ရပေမည်။ ဌာန်ကရိုဏ်းကျကျ ပုဒ်အဖြတ်အတောက် မှန်မှန်ရွတ်ဆိုလျှင်၊ ပဋ္ဌာန်းပစ္စယုဒ္ဒေသနိဒ္ဒေသကို အနည်းဆုံး လေးဆယ့်ငါးမိနစ်ခန့် ကြာအောင်၊ ပူဇော်ရပါသည်။ မေတ္တာပို့ အမျှဝေနှင့်ဆိုပါလျှင် တစ်နာရီနီးပါး ကြာမြင့်တတ်ခြင်း ဖြစ်၏။

## သာဓုလာခေါ်ခြင်းလား

ပဋ္ဌာန်းပူဇော်နေစဉ် တစ်လျှောက်လုံး၊ တစ်စုံတစ်ယောက်သည် ကျွန်တော့်ကျောနောက်၌ ရပ်လျက် စောင့်ကြည့်နေသည်ဟုပဲ အထင်ကြီး ထင်နေခဲ့သည်။ စာအုပ်ကြည့် ရွတ်ဆိုနေခြင်းကြောင့် မမှားယွင်းစေရန် စိတ်ကို ထိန်းချုပ်ပြီး လှည့်မကြည့်ခြင်းပါ။ ပဋ္ဌာန်းပူဇော်ရသည်မှာ စိတ်သိပ်မဖြောင့်၍ အာရုံ သိပ်မကြည်လင်ပါ။ အမှန်မှာ အချိန်နောက်ကျ၍သဖြင့်၊ ခါတိုင်းညများထက် ပိုပြီး တိတ်ဆိတ်ရကား ရွတ်ဆိုရသည်မှာ

www.burmeseclassic.com

www.burmeseclassic.com



ပိုနှိုပြီး အာရုံကြည်လင်သင့်၏။ မေတ္တာပို့ အမျှဝေပြီးသည်နှင့် တစ်ပြိုင်နက် ချက်ချင်း နောက်သို့ ဆတ်ခနဲ လှည့်ကြည့်လိုက်ရာ အကောင်အထည် မည်းမည်းကြီးသည် ရုတ်ခြည်း ဖျပ်ခနဲ ပြေးထွက်သွားသည်ကို ထင်ထင် ရှားရှားကြီး မြင်လိုက်ရ၏။ လူမှာလည်း ခေါင်းနားပန်းတွေကြီး၊ ကြက်သီး တွေ ဖြန်းလိုက်သည်မှာ မပြောပါနှင့်တော့။

မိုးတိတ်သွားချိန်၊ လေကလည်း ငြိမ်သက်နေပြီ။ ဖိုးရွှေလမင်းကြီး ကလည်း တိမ်ညိုကြားမှ ပြူထွက်နေပြီမို့ လောကဓာတ်ကို ငွေရောင် ပက်ဖျန်းထားပါ၏။ လပြည့်ကျော်နှစ်ရက်မို့ လစန္ဒာ၏ အဝန်းအဝိုင်းမှာ များစွာ မပွန်းပဲ့သေး၍ ဝိုင်းဝိုင်းစက်စက်နီးပါး ပြည့်ဖြိုးဆဲပါ။ ကျွန်တော့် မျက်စိ မမှားပါ။ လူပုံပန်းသဏ္ဌာန်နှင့် ဆင်တူသော်လည်း လူမဟုတ်မှန်း သေချာပြီးသားပါ။ စေတီရင်ပြင် မြောက်ဘက်တည့်တည့်သို့ ဦးတည် ပြေးထွက်သွားသောကြောင့် ကျွန်တော် ချက်ချင်းထပြီး အလျင်အမြန် လိုက်ပါသည်။ မြောက်ဘက်တည့်တည့်မှသည် အနောက်မြောက်အရပ် သို့ ဦးတည်ပြေးလွှားပြန်၏။ လရောင်အောက်ဝယ် အမွှေးအမှင်တို့ မည်းနက်ပြောင်လက်နေကြောင်း မှတ်မိနေပါသေးသည်။ စေတီရင်ပြင်၏ အနောက်မြောက် ရာဟုထောင့်တွင် အုတ်တံတိုင်းအချို့ ပြိုပျက်ကျနေပါ သည်။ အုတ်ကျိုးအုတ်ပျက်ပုံကြားမှ ခုန်ဆင်းသွားသည်ကို ထင်ထင်ရှားရှား မြင်တွေ့ရ၍ တံတိုင်းပျက်မှ ရပ်၍ လိုက်ကြည့်ရာ၊ ဝါးရုံနှင့် ချုံနွယ် ပိတ်ပေါင်းတို့ ထူထပ်လှသော မှောင်မည်းမည်း တောအုပ်ကြားထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားပါတော့သည်။

ဆယ့်လေးလကျော်မျှ ကြာမြင့်အောင် စိတ်ရှည်လက်ရှည် သုတေ သနပြုရကျိုးနပ်သည်ဟု ကျွန်တော် ခံယူမိ၏။ ဘုရားပျက်တစ္ဆေ တကယ် ရှိ၏။ သည်ညအဖို့ ကိုးနာရီခွဲလုနီးအထိ ညဥ့်နက်ခဲ့ရသည်။ ယခင်က တစ်ခါမှ ဤမျှလောက်အထိ မညဥ့်နက်ဖူးပါ။ အချိန်မှန်မှန် ချိန်ကိုက်ပြီး သွားနေကျမို့ ရှစ်နာရီခွဲကျော်ဆိုလျှင် ကျွန်တော် အမျှဝေ၍ပြီ။ ညဥ့် နည်းနည်းနက်မှ တစ္ဆေများ ထွက်လေသလား မပြောတတ်ပါ။ ယခုလည်း

www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်ပေးဖို့ထက် ပဋ္ဌာန်းတရား နာယူရင်း၊ ကျွန်တော် ဝေသော ကုသိုလ်ဘာဂအဖို့ကို သာဓုလာခေါ်ခြင်း ဖြစ်မည်ဟု တွက်ဆရပါသည်။

လူကို မမြင်စေလို၊ မတွေ့စေချင်သဖြင့် တိမ်းရှောင်ထွက်ပြေး သည်ကို ထောက်ရှုရပါလျှင် တစ္ဆေများမှာ ချက်ချင်းတော့ မကျွတ်သေးပဲ ကျွတ်လွတ်မည့် တစ္ဆေပြိတ္တာဆိုပါက သာဓုခေါ်ပြီးလျှင်ပြီးချင်း ကုသိုလ် အကျိုးကို ချက်ချင်း ခံစားစံစားနိုင်ကြောင်း ကျမ်းစာများ ဖတ်ရှုရ ပါသည်။ ကျွတ်လွတ်၍ နတ်ဘဝကို တန်းရလျှင် အမွှေးနံ့ပေးပြီး နှုတ်ဆက် တတ်ကြောင်းကိုလည်း သိရှိထားခဲ့၍ ထွက်ပြေးလေသော မည်းမည်း အကောင်အထည်ရှိ ဘုရားပျက်တစ္ဆေသည် ကျွတ်လွတ်ခွင့် မကြုံကြိုက် သေးပါဟု ပြောနိုင်ခြင်း ဖြစ်၏။

ကျွန်တော် ကလောမြို့မှ ပြောင်းရွှေ့ခဲ့သည်မှာ ၁၇-နှစ် ကျော်ခဲ့ ပါပြီ။ ထို ဘုရားပျက်တစ္ဆေသည်လည်း ကံအားလျော်စွာ ကံကောင်း ထောက်မ၍ ကျွတ်လွတ်နိုင်ပြီဟု တွက်ဆရပါသည်။ အကြောင်းမှာ ယခု နောက်ပိုင်းတွင် အခြောက်ကြမ်းသည်ဟု ပြောဆိုသံများကို မကြားကြရ တော့သောကြောင့် ဖြစ်ပါသတည်း။

+ + + + +

www.burmeseclassic.com

www.burmeseclassic.com

# ၉။ လေလွင့်လိပ်ပြာငယ် တဝဲလည်လည်

## တိုက်ဆိုင်တာလား

"ကိုအောင်ကျော်ကို တစ်ခု တိုင်ပင်ချင်လို့ မကဲ့ရဲ့နဲ့နော်"

"ပြောပါ မနှောင်းရာ၊ ဘာများတုံး"

"ကျွန်မအစ်မအကြီးဆုံး မမကြီးဆုံးတာ ကိုအောင်ကျော် သိတယ်နော်"

"အသုဘတောင် လိုက်ပို့သေးတာပဲ မနှောင်းရာ၊ သိပါတယ်ဗျာ။ ဇာပုဝါမှာ လိပ်ပြာကြီးတစ်ကောင် လာနားနေလို့ အထူးအဆန်းကြီး ဖြစ်ကြပါရောလား"

"ဟုတ်ပြီ၊ ကျွန်မ အဲဒါကို ပြောချင်တာပါ။ မမကြီးက ကျွန်မသား ကို သိပ်သံယောဇဉ်ကြီးတာ။ သူ့လက်ပေါ်မှာ ကြီးတာကိုး။ ကျွန်မက ဝမ်းနဲ့လွယ်ပြီး မွေးထုတ်လိုက်တာပဲ ရှိတယ်။ သားကို မမကြီးက နို့ဘူးနဲ့ ပြုစုပြီး မွေးလာခဲ့တာ လူတိုင်းအသိပဲ။ ကျွန်မမှာလည်း အလုပ်က တစ်ဖက် နဲ့ဆိုတော့ မမကြီး ကူလို့သာပေါ့။ သားကလည်း သူ့ကြီးကြီးကို ကျွန်မ ထက် ပိုပြီး ခင်တွယ်ပါတယ်။"

"ဆိုတော့ ... ဘာတွေများ ဖြစ်နေလို့လဲ၊ ပြောပါဦး"

"စောစောက ပြောခဲ့တဲ့ လိပ်ပြာအကြောင်းပါပဲ။ မမကြီးကို ညက အိမ်ပြန်လာတယ်လို့ အိပ်မက်မက်ပြီဆိုရင် ဟော ... သူနေတဲ့ အခန်းမှာ

www.burmeseclassic.com

www.burmeseclassic.com



လိပ်ပြာကြီးတစ်ကောင် ရောက်နေပြီ၊ သားကိုယ်ပေါ်မှာ လာနားပြီ၊ ဒါဆို သားက ဖျားပြီ၊ သားက ကိုးနှစ်သား၊ လေးတန်းရောက်ပြီ၊ မကြာမကြာ ဖျားတော့ ကျောင်းပျက်တာပေါ့ရှင်''

''မမကြီး ဆုံးတာ ဘယ်လောက် ကြာသွားပြီလဲ မနော်င်း''

''ရှစ်လ ရှိသွားပြီ၊ ရှစ်လအတွင်း သားဖျားတာ ဆယ်ခါကျော်ပြီ၊ လိပ်ပြာရောက်လာတိုင်း သား ဖျားတာချည်းပဲ၊ မမကြီးကို အိပ်မက်မက်တိုင်း လိပ်ပြာကလည်း ရောက်ရောက်လာတတ်တယ်၊ လက်တစ်ဝါးလောက် ကြီးတဲ့ လိပ်ပြာအဝါနုရောင်၊ အရောင်တွေထဲမှာ မမကြီးက အဝါရောင်ကို အနှစ်သက်ဆုံးလေ၊ သူ့ကို အလောင်းပြင်တော့လည်း သူ ကြိုက်တတ်လွန်းတဲ့ အဝါရောင်ဝတ်စုံကိုပဲ ဆင်ပေးခဲ့တာ၊ ညောင်ရေအိုး ကိုတောင် သူကြိုက်နှစ်သက်တဲ့ နှင်းဆီအဝါကို ရအောင်ရှာပြီး အလောင်း ခေါင်းရင်းမှာ ပြင်ဆင်ထားပေးပါတယ်''

''တိုက်ဆိုင်မှုတွေများ ဖြစ်နေလို့လားဗျာ''

''ပထမ နှစ်ခေါက် သုံးခေါက်လောက်တုန်းကတော့ သိပ် သတိ မထားမိဘူး၊ ထူးတော့ထူးတာပဲလို့ သာမန်ကာလျှံကာ ရိုးရိုးပဲ နေလာ ခဲ့တယ်၊ အကြိမ်များလာတော့ စဉ်းစားစရာ ဖြစ်လာတာပေါ့၊ ဒီ သာမန် တိုက်ဆိုင်မှု မဟုတ်တော့ဘူးလို့ တွက်မိတယ်၊ ကျွန်မလည်း တော်ရုံ သိပ်အယူသည်းတတ်တာ မဟုတ်ပါဘူး၊ ယောက္ခမများက ပြောကြတယ် မမကြီးကို မကျွတ်ဘူးတဲ့၊ သား ခဏခဏဖျားတော့ သူတို့လည်း မြေးအတွက် စိတ်ပူရှာမှာပေါ့လေ၊ အဲဒါ ဘုန်းကြီးပင့်ပြီး ပရိတ်တရားနာ၊ ကမ္မဝါစာ အကြံပြုကြတယ်၊ ကျွန်မလည်း မမကြီး တကယ်မကျွတ်ရင် ကမ္မဝါ ဥတ်ပြီး မနေရက်ပါဘူး၊ သားဖျားဖျားနေတာကိုလည်း စိတ်ပူလှတယ် ဘယ်လို လုပ်သင့်သလဲလို့ ကိုအောင်ကျော်ကို တိုင်ပင်ချင်တာပါပဲ''

www.burmeseclassic.com



## လုပ်သင့်ရာရာ

"မနှောင်းက ကျွန်တော့်ကို အားကိုးတယ်ဆိုပေမယ့် ကျွန်တော်က ဆုံးဖြတ်ပြီး ဒါတွေလုပ်ပါ၊ ဟိုဟာတွေ မလုပ်ပါနဲ့လို့တော့ ပြောလို့ ဘယ်ဖြစ်မလဲ၊ ဆုံးဖြတ်ရမှာက ကာယကံရှင် မနှောင်းကိုယ်တိုင် ဖြစ်တယ်။ လုပ်သင့်လုပ်ထိုက်တာကို လုပ်ဖို့ စိတ်နိုင်နိုင်နဲ့ အကောင်းဆုံးလမ်းကို ရွေးချယ်လုပ်ကိုင်ပေးဖို့ လိုပါလိမ့်မယ်။ တိုက်ဆိုင်မှုတွေကို သိပ်ပြီး အစွဲ မထားပါနဲ့ဗျာ။ မမကြီးများ မကျွတ်ခဲ့ရင် သူ ကောင်းရာသုဂတိ ရောက် နိုင်ဖို့ ရည်စူးအလှူအတန်းတွေ ပြုပေးပြီး အမျှဝေပေးပေါ့"

"ကမ္မဝိဥတ်တာက မကျွတ်မလွတ်သူတွေ အိမ်မှာ ကပ်မနေနိုင် အောင် နှင်ထုတ်တာမို့ ကျွန်မ မလုပ်ချင်ပါဘူးရှင်။ အကောင်းဆုံး အကြံ ပေးစမ်းပါဦး"

"သူ့ ကျန်ရစ်တဲ့ အဝတ်အထည်တွေအနက် သင့်တော်တာတွေ ကို မရှိဆင်းရဲသားများ ဝတ်ဆင်နိုင်အောင် လှူတန်းလှူပေးရပါမယ်။ အထည်ဟောင်းတွေကိုတော့ တချို့ ကန့်လန့်ကာချုပ်၊ တချို့ကို သံဃာ တော်တွေအတွက် နေရာထိုင်ချုပ်၊ ဘုန်းကြီးကျောင်းမှာ သွားလှူပေးသင့် တယ်။ သူ့လက်ဝတ်လက်စားတွေကို ထုခွဲရောင်းချပြီး၊ ရေတွင်းရေကန် ကုဋီတံတိုင်း စသဖြင့်၊ အဆင်သင့်သလို လှူဒါန်းပေးပါ။ သူ့ကိုလည်း အမြဲ အာရုံညွှတ်ပြီး မေတ္တာပို့ အမျှဝေပါ။ သူ့အတွက် အလှူတွေ ပြည့်ပြည့် စုံစုံ လုပ်ကိုင်ပေးပြီးပြီဆိုရင်တော့ အိမ်မှာ သံဃာတော်တွေ ပင့်ပြီး ဆွမ်းကပ်ပါ။ မေတ္တသုတ်ကို အဓိကထားပြီး ပရိတ်တရား နာယူပါ။ အမျှအတန်းဝေပါ။ ကျန်ရစ်သူတွေက လုံ့လဝီရိယစိုက်ပြီး စေတနာမေတ္တာ နဲ့ လုပ်ကိုင်ဆောင်ရွက်ပေးရင် သွားလေသူအတွက် အကျိုးရှိတတ်ပါ တယ်၊ မမကြီးအတွက် အကျိုးထူးတာထက် မနှောင်းအဖို့ ကုသိုလ်ကတော့ ရပြီးသားပါ။ စိတ်ချမ်းသာမှု၊ စိတ်လုံခြုံမှုကိုလည်း ရမှာ သေချာပေါက်ပဲ"

"လူသေရင် လိပ်ပြာခွဲတယ်ဆိုတဲ့ ကိစ္စ၊ ကိုအောင်ကျော် ဘယ်လို ယူဆသလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ၊ ကျန်ရစ်သူတွေရဲ့ အရပ်ကို အပ်ချည်ကြိုးနဲ့ တိုင်းပြီး ခေါင်းထဲ ထည့်ပေးလိုက်တာကို ပြောတာလား"

"ဟုတ်ပါတယ် ကိုအောင်ကျော်"

"မနှောင်းတော့ မပြောတတ်ဘူး။ ကျွန်တော်တော့ သိပ် အဓိပ္ပါယ် မရှိဘူးလို့ ထင်ပါတယ်"

ကိုအောင်ကျော်ကသာ အဓိပ္ပါယ်မရှိဘူး ထင်နေတာ။ လူကြီးတွေ ကတော့ သားကို သူ့ကြီးကြီး အသုဘတုန်းက လိပ်ပြာမခွဲလိုက်မိလို့ သူ့ကြီးကြီး လိပ်ပြာ လာနားပြီး ခဏခဏ ဖျားတာတဲ့လေ"

"ဒါက အယူထုံးစံတွေပါ မနှောင်းရာ"

"ဖြစ်ချင်တော့ သားက စာမေးပွဲရှိနေလို့ ကျောင်းလွှတ်လိုက်ရ တာမို့ လိပ်ပြာမခွဲဖြစ်လိုက်ဘူးလေ"

"စိတ်စွဲနေရင် ဥပါဒါန်ကြောင့် ဥပဒ်ရောက်တတ်သတဲ့။ အပိုအလုပ် တွေ ဆိုပေမယ့်လည်း စိတ်ရှင်းသွားကြရလေအောင်၊ သားငယ် လိပ်ပြာ ခွဲတဲ့ ချည်ကြိုးကို သူ့ကြီးကြီးအုတ်ဂူပေါ် သွားတင်ပေးလိုက်ပေါ့ဗျာ"

## သဿတဒိဋ္ဌိ

"လိပ်ပြာ"ဆိုသော အယူအဆသည် ကျွန်တော်တို့ လူ့အဖွဲ့အစည်း ၌ အမြစ်တွယ်ခဲ့သည်မှာ နှစ်ပရိစ္ဆေဒ ကြာမြင့်လှပေပြီ။ မြတ်စွာဘုရားရှင် မပွင့်ထွန်းသေးမီ ပဝေသဏီ ရှေးကတည်းကပင် ဟိန္ဒူပြဟ္မဏဝါဒသည် လွှမ်းစွာမှ ဖွံ့ဖြိုးခဲ့ပြီး ဖြစ်၏။ လူသားတို့၏ ခန္ဓာကိုယ်ထဲ၌ အတ္တဟု ဆိုဆို၊ ဇီဝဟု ခေါ်ခေါ်၊ အသက်ဟု ပြောပြော၊ ဝိညာဉ်ဟုပဲ အမည်တပ်တပ် လိပ်ပြာဟု ပုံနိုင်းနှိုင်းသော စိတ်ကူးယဉ်အရာဝတ္ထုသည် အမှန်တကယ် ရှိ၏ဟု စွဲစွဲမြဲမြဲ ယူကြ၏။ သေဆုံးသောအချိန်၌ ထိုလိပ်ပြာခေါ် ဝိညာဉ် သည် ကိုယ်ခန္ဓာထဲမှ ထွက်ခွာသွား၏။ နောက်ထပ် ခန္ဓာသစ်ထဲသို့ ဝင်ရောက်သည်။ အတ္တသည် ဘယ်တော့မှ မသေဘဲ ဘဝအထွေထွေ ကူးလူးပြောင်းလဲနေသည်ဟု ယူဆကြ၏။ မှားယွင်းသော ဒိဋ္ဌိအယူ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အတ္တဝိညာဉ် မသေမပျက်ဘဲ ဘဝအစဉ်အဆက် တည်မြဲသည်ဟူသော အယူသည် သဿတဒိဋ္ဌိ အယူဟု ခေါ်ဆိုသတ်မှတ်ပါ၏။ ချမ်းမြေ့ရိပ်သာ၏ ဦးစီးနာယက ပဓာနဆရာတော် မထေရ်မြတ် ဖြစ်တော်မူသော ချမ်းမြေ့ဆရာတော်၏ လင်္ကာအတိုချုပ်ကို ဖော်ပြလိုက်ပါသည်။

ခန္ဓာကြွေကျ၊ သေကြေရလျှင်၊
အတ္တမသေ၊ မပျက်လေဘဲ၊
ထွေထွေဘဝ၊ ကူးဆက်ရ၊ သဿယူမှားတည်း။

လူတို့သည် ဘဝကို စွဲလမ်းနှစ်သက်သော ဘဝတဏှာ အားကြီးလှ၏။ ဘဝကို ခိုင်မြဲသည်၊ အစိုးရသည်။ တင့်တယ်သည်၊ ချမ်းသာသည်၊ အနှစ်သာရရှိသည်ဟု လွဲမှားစွာ ခံယူကြသောကြောင့် ဘဝကို ဆက်လက်တည်ရှိနေစေချင်၏။ မနေရ၍ သေရသော်မှတည့်။ အတ္တသည် မသေ။ နောက်ခန္ဓာကိုယ် တစ်ခုတည်းသို့ ဝင်ရောက်ကာ ဘဝ ဆက်လက်ရှင်သန်သည်ဟု မိမိကိုယ်ကို လှည့်စားယုံကြည်ကြသည်။ ဤသို့ဖြင့် တကယ်မရှိသော လိပ်ပြာအယူအဆကြီးသည် ပေါ်ထွန်းလာတော့၏။ နောက်ဘဝသို့ အတ္တဆက်သည် လိပ်ပြာကူးပြောင်းသည်ဟု ယူချင်သောကြောင့် အတ္တကို ဆက်စေချင်၊ လိပ်ပြာကို ကူးပြောင်းစေချင်ကြသည်။ ဤအယူဝါဒကို လက်ခံနှစ်သက်သူက အများစု ဖြစ်၏။ မည်မျှ များပြားသနည်းဆိုသော် လူတစ်ရာလျှင် ကိုးဆယ်ကျော်ကျော်က သဿတဒိဋ္ဌိ အယူကို စွဲယူကြသည် ဟူသတည်း။

လူသေလျှင် ကျန်ရစ်သူ ဆွေမျိုးသားချင်းတို့အား ဒုက္ခမပေးရန်၊ တစ်နည်းအားဖြင့် သေသွားသောသူက ကျန်ရစ်သူတို့ထံ မစွဲမကပ် မငြိစေရန်၊ ကျန်ရစ်သူတို့၏ ကိုယ်စား၊ အရပ်အမောင်းနှင့် တိုင်းထွာ၍ ချည်မျှင်ကို ခေါင်းထဲ ထည့်ပေးလိုက်ကြပါသည်။ လိပ်ပြာခွဲသည်ဟု ခေါ်ကြ လုပ်ကိုင်ဆောင်ရွက်ကြခြင်းပါ။ မည်သည့်ဉာဏ်ကြီးရှင်က စတင် တီထွင်လိုက်သည် မပြောတတ်ပါ။ ကြောက်ကြောက်ရွံ့ရွံ့နှင့် ဟုတ်လို့နိုးနိုး အထင်ရောက်ပြီး လိုက်လံလုပ်ဆောင်ကြသောအခါဝယ် ဓလေ့ထုံးစံကြီးတစ်ရပ်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားရတော့၏။ တရားဓမ္မ မလိုက်စားကြသမျှ ကာလပတ်လုံး အမှန်က အမှားဖြစ်၊ အမှားက အမှန်ဖြစ်နှင့် အယူအဆတွေ အမှားကြီးမှားကာ၊ သံသရာဝဋ်က မကျွတ်မလွတ်နိုင်တော့ဘဲ သံသရာချားရဟတ် အထပ်ထပ် အခါခါ လည်ပတ်နေရခြင်း ဖြစ်ပါတော့သည်။

တရားဓမ္မ လိုက်စားလာသောအခါမှ ခန္ဓာငါးပါး၊ ရုပ်နာမ်တရား၊ မဟာဘုတ်လေးပါး၊ ဓာတ်ဆယ့်ရှစ်ပါး၊ ဝိပ္ပလ္လာသတရား ဆယ့်နှစ်ပါး၊ ပဋိစ္စသမုပ္ပါဒ်တရား ဆယ့်နှစ်ပါး စသည်တို့ကို ကွဲပြားခြားနားစွာ စုံစုံစေ့စေ့ သိကြရတော့၏။ တရားဓမ္မ နားရည်ဝ၍ ကမ္မဋ္ဌာန်းဘာဝနာ ဝိပဿနာ တရား အားထုတ်သဖြင့်၊ အထိုက်အလျောက် တရားတွေ့မြင်ပြီး၊ ရုပ်နှင့် နာမ် တရားစု၊ ဖြစ်ခြင်းပျက်ခြင်း တရားစုတို့ကို သညာသိမဟုတ်ဘဲ၊ ခန္ဓာဉာဏ်ရောက် ပညာသိဖြင့် တွေ့သိပြီ ဆိုသောအခါ၊ ထိုလိပ်ပြာ အယူအစွဲကို မယူတော့ပါ။ မယုံကြည်တော့ပါ။ မနှောင်းခမျာမှာတော့ တရားဓမ္မ လိုက်စားမှုကလည်း နည်း၊ ဝိပဿနာဆိုတာကလည်း ဝေလာဝေးမို့ အများယောင်သလို ရောယောင်ရှာသည်။ တောင်မှန်းမြောက်မှန်း သိသည်မဟုတ်။ သူ့သားအရပ်နှင့်အမျှ အပ်ချည်မျှင်ကို မမကြီးအုတ်ဂူ ပေါ် တင်ဖြစ်အောင် သွားတင်လိုက်ပါသေးသည်။ ကျွတ်ချိန်တန်၍ ကျွတ်လေသည်လား မသိ။ နောက်ထပ် အိပ်မက်မက်ခြင်း၊ လိပ်ပြာအဝါ လာနားခြင်း၊ သားဖျားခြင်းများ မဖြစ်တော့ပါဟု ဝမ်းသာအားရ ပြောကြား လာပါသည်။ တရားမတွေ့လေသေးသမျှ အယူမှားတွေ စွဲပေဦးတော့ မနှောင်းရေ။

## လေလွင့်လိပ်ပြာ

လိပ်ပြာဟူသော အယူအစွဲသည် အတော်ခက်၏။ နှစ်ပေါင်း ရာထောင်ချီ၍ စွဲခဲ့လေသောကြောင့်၊ အရိုးစွဲအယူအဆ ဖြစ်နေပေပြီ။ သားစဉ်မြေးဆက် လက်ဆင့်ကမ်း သယ်ဆောင်လာခဲ့၍လည်း ကျွန်တော် တို့ လူ့အဖွဲ့အစည်း၌ အမြစ်စွဲနေချေ၏။ မြတ်စွာဘုရားရှင် ပွင့်ထွန်းတော် မူခဲ့သည်ပင်လျှင် နှစ်ပေါင်းနှစ်ထောင့်ငါးရာ ကျော်ခဲ့သော်ငြားလည်း

www.burmeseclassic.com

www.burmeseclassic.com



မှားယွင်းသော အယူကို စွဲမြဲလျက်သာ ရှိဆဲပါ။ တရားဓမ္မအမှန်ကို မည်သို့ပင် ဟောပြောလမ်းညွှန်ပြသည်ဖြစ်စေ၊ အမှန်တရားလမ်းဖြောင့် ပေါ်သို့ ရောက်ရှိနိုင်သည့် သူက တကယ့်လူနည်းစုသာ ဖြစ်၏။ ထို လူနည်းစုတို့ကို ပါရမီရှင်တွေဟု ဆိုရပါလိမ့်မည်။ အကြောင်းမှာ ဘုရားရှင် ကိုယ်တော်မြတ်ကြီးနှင့် တိုက်ရိုက်ကြုံဆုံတိုးပါလျက် မြတ်စွာဘုရား၏ ဒေသနာတော်မြတ်ကို နားနှင့်ဆတ်ဆတ် ကြားနာကြပါလျက်၊ အကျွတ် တရား မရဘဲ၊ ကြွင်းကျန်ရစ်သူတို့က အသင်္ချေနှင့် အနန္တဖြစ်ချေသည် မဟုတ်လား။

တိုက်ဆိုင်မှုပင် ဆိုရလေမလား။ တကယ့်ဖြစ်ရပ်မှန်ဟုပင် ယူဆရ လေမလား။ မကွဲပြား မသေချာလှသော ဖြစ်ရပ်ဆန်းတစ်ခုကို ကျွန်တော့် သူငယ်ချင်းတစ်ယောက် ပြောပြခဲ့သည်ကို ပြန်လည်ဖောက်သည်ချပြ ပါမည်။ ချင့်ချိန်ဝေဖန်၍ ယုံသင့်မှ ယုံကြည်ကြပါလေ။

ကျွန်တော့်သူငယ်ချင်းအမည်မှာ မောင်အောင်မြင့်ဗိုလ်ပါတဲ့။ တက္ကသိုလ်ကျောင်းသားဘဝတုန်းက ခင်မင်ရင်းနှီးခဲ့သူပါ။ ကျွန်တော်တို့ သည် ဗိုလ်မှူးကြီးလှအောင် ဦးဆောင်ဖွဲ့စည်းသော ခြေလျင်နှင့် တောင်တက်အဖွဲ့ဝင်များပီပီ တနင်္ဂနွေနေ့ မနက်တိုင်း လမ်းလျှောက် ထွက်ရင်း၊ ကြံ့ခိုင်မှုလေ့ကျင့်ခန်း ယူကြရ၏။ တက္ကသိုလ်များနှင့် ကောလိပ် ပေါင်းစုံတို့မှ ခြေလျင်တောင်တက်အဖွဲ့ဝင် ကျောင်းသူကျောင်းသားများ အားလုံးအတွက် အဆင်ပြေဆုံးစုရပ်မှာ မာလာဆောင်ရှေ့ ဖြစ်၏။ ကျိုက်ကလို့၊ ကျိုက်ကလဲ့ဘုရား၊ သာခုကန်တို့ဘက် တစ်လှည့်၊ ကန်တော်ကြီးကို လေးပတ်ခြောက်ပတ် ပတ်လျှောက်သည်က တစ်လှည့်၊ ခရီးတိုခရီးရှည် လျှောက်ကြရပါသည်။ ထိုလေ့ကျင့်ခန်းတို့ကို မှန်မှန် လေ့ကျင့်ခြင်း၏ အကျိုးကျေးဇူးကတော့ ချင်းပြည်နယ်ရှိ ပေပေါင်း တစ်သောင်းနှင့် နှစ်ရာ မြင့်သော ဝိတိုရိယတောင်ထိပ်သို့ အောင်မြင်စွာ တက်ရောက်နိုင်ခြင်းတည်း။

ကိုအောင်မြင့်ဗိုလ်ရော ကျွန်တော်ပါ ဖွဲ့ကောင်းကောင်းနှင့် လေ့ကျင့် ကြသောကြောင့်၊ ဝိတိုရိယတောင်တက်အဖွဲ့တွင် ပါသွားကြ၏။ အောင်မြင့်

www.burmeseclassic.com

www.burmeseclassic.com



စွာ တက်ရောက်နိုင်ခဲ့၏။ ၁၉၇၁–ခုနှစ်၊ ဒီဇင်ဘာလကုန် ၃၁–ရက်နေ့ ဖြစ်ကြောင်း၊ ကောင်းကောင်းမှတ်မိနေပါသည်။ ကုန်လွန်ခဲ့သည့် နှစ်တွေ ပြန်တွက်စစ်ကြည့်တော့ နှစ်ပေါင်းအစိတ် ရှိတော့မှာပါတကား။ ယခု ၁၉၉၆–ခုနှစ်၊ နှစ်ကုန်လျှင် ငွေရတုသဘင် ဖြစ်လေပြီ။ တောင်တက်ခရီး သည် မင်းတပ်မြို့မှ သုံးညအိပ် လေးရက်ခရီး ဖြစ်သည်။ အသင်းအဖွဲ့ နှင့် စုပေါင်းလုပ်ဆောင်မှု၊ အထက်က အမိန့်ကို နာခံတတ်မှု၊ တောတောင် များကို စူးစမ်းလေ့လာမှု၊ သဘာဝအခက်အခဲကို ကျော်လွှားနိုင်မှုနှင့် ရာသီဥတုဒဏ် ခံနိုင်ရည်ရှိမှု စသော အကျိုးကျေးဇူးများကို ရရှိကြပါသည်။ တောင်ကြီးဖဝါးအောက် ဆိုသည့်အတိုင်း လူတို့အားမာန်သည် အခက်အခဲ ဟူသမျှအားလုံးကို ကျော်ဖြတ်အောင်မြင်နိုင်သည့်အကြောင်း လက်တွေ့ သိရှိခြင်းက တန်ဖိုးမဖြတ်နိုင်သော ဘဝအတွေ့အကြုံတစ်ရပ် ဖြစ် တော့သည်။

ဘွဲ့ရပြီးသောအခါ ကိုအောင်မြင်ပိုလ်သည် စစ်တပ်ထဲသို့ ဝင်လိုက် ပါသည်။ တိုင်းပြည်တာဝန်ကို နှစ်အတန်ကြာ ထမ်းဆောင်ပြီးနောက် ဗိုလ်ကြီးအဆင့်မှ အနားယူခဲ့သည်။ တောင်ကြီးမြို့သို့ ရောက်သည့်အခါ ကျွန်တော့်ဆေးခန်းသို့ ဝင်လည်မြဲ ဖြစ်သည်။ စာဖတ်ဝါသနာ ကြီးသည်။ ကျွန်တော့်စာများကို ဖတ်ပြီး ဝေဖန်လေ့ရှိ၏။ တစ်ခါတစ်ရံ စာမူများ ယူဖတ်ပြီး တစ်ယောက်တည်း ရယ်မောနေတတ်ပြန်ပါသည်။ ဟန် မဆောင်တတ်ပါ။ ပွင့်ပွင့်လင်းလင်းကြီး ပြောတတ်ဆိုတတ်သည်။ သူ့ တစ်သွေ့အတွေ့အကြုံရှိမရှိ မေးမြန်းကြည့်သောအခါတိုင်း ရှေ့တန်းတစ်နေရာ မှ လိပ်ပြာနှင့် ဆက်စပ်သော သူ့အတွေ့အကြုံကို အောက်ပါအတိုင်း ပြောပြပါသည်။

"သူငယ်ချင်း မေးလို့ သတိရတာလေး ပြောပြရဦးမယ်။ ကိုယ်တို့ သံလွင်မြစ် အရှေ့ဘက်ခြမ်းက စစ်ဆင်ရေး လုပ်ရတုန်းကပေါ့။ ဒေသက နက်သလား မမေးနဲ့၊ နေပြောက်မထိုးတဲ့ မှော်ရုံတောကြီးကွ။ မှော်ရုံတော ဆိုတာ သိလား။ အမြဲစိုထိုင်းပြီး နေရောင်ခြည် မြေမရောက် ပင်ခြေမှာ ရှင်းလင်းနေသလောက်၊ ပင်စည်ပင်ကိုင်း အခက်အလက်တွေမှာ မှော်တင်

www.burmeseclassic.com

www.burmeseclassic.com



တွေ တွယ်ကပ်ပေါက်ရောက်နေတဲ့ တောမျိုးကွ။ ကိုယ့်တပ်စိတ်ရဲ့ ရှေ့ကင်း အဖွဲ့ မိုင်းနင်းမိပါလေရော။ ရန်သူထောင်ထားတဲ့ မိုင်းလား။ ဟိုး– ဒုတိယကမ္ဘာစစ် ဂျပန်ခေတ်၊ တရုတ်ဖြူခေတ်ကတည်းက ထောင်ထားခဲ့တဲ့ မိုင်းလား မသေချာပေမယ့် မိုင်းနင်းမိတဲ့ ရဲဘော်ခမျာ ခြေပြတ်ပြီလေ။ သွေးနားအောင် အတတ်နိုင်ဆုံး ကြိုးစားကြ၊ ထမ်းပြီး သယ်ဆောင်ကြနဲ့ ညနေစောင်းမို့ အလင်းရောင်က နည်းလာပြီ။ မှောင်ရီပျိုးစအချိန်မှာ ရဲဘော်ဟာ တိုင်းပြည်အတွက် အသက်စွန့်သွားခဲ့ပြီ။

သင်္ဂြိုဟ်ဖို့ အမြန် ကျင်းတူးကြရတာပေါ့။ အဲဒီမှာ လိပ်ပြာကြီး တစ်ကောင် အထက်ကနေ တဝဲဝဲ လုပ်နေတယ်။ ဒီလို မှော်ရုံတောမှာ လိပ်ပြာကို တွေ့ရလေ့ မရှိဘူးကွ။ ဆန်းတော့ဆန်းတယ်၊ ကိုယ်က အရာရှိ ဆိုတော့ သေတမ်းစာအမိန့် ဖတ်ရတယ်။ မြေမြှုပ်ပြီးတဲ့အထိ တဝဲဝဲ လှည့်ပျံနေပြီးမှ လေတိုက်လို့ လွင့်သွားသလို တဖြည်းဖြည်း အဝေးကို လွင့်သွားရှာတယ်။ သရဏဂုံမတင်ရလို့ စိတ်မကောင်းရတဲ့အထဲ၊ လိပ်ပြာ နိမိတ်ကြောင့် ကြေကွဲစရာ ကောင်းပါ့ကွာ။ ဒီလိုပဲ လူမသိသူမသိ တိုင်းပြည်အတွက် အသက်စွန့်ခဲ့ရတဲ့ ရဲဘော်တွေ ဒုနဲ့ဒေးပါပဲကွာ”

## လိပ်ပြာနက်ကြီး

သူငယ်ချင်း ကိုအောင်မြင့်မိုလ်က သူ့ရဲဘော်လေး အဖြစ်ကို ဆွေးဆွေးမြည့်မြည့် ခံစားရင်း ပြောပြပါ၏။ လိပ်ပြာနှင့် ဆက်စပ်နေသော အဖြစ်ကို တကယ်ပဲလား၊ တိုက်ဆိုင်မှုပဲလား မသေချာပါဟု ဝန်ခံခဲ့ပါ၏။ အလောင်းအထက်မှ လိပ်ပြာကြီးက တဝဲလည်လည်လုပ်နေပုံ၊ သေတမ်းစာ အမိန့် ပြန်ပြီးသောအခါမှ အလောင်းကို မြေချသင်္ဂြိုဟ်ရာ သင်္ဂြိုဟ်လည်း ပြီး၊ မိုးကလည်းချုပ်၊ လိပ်ပြာလည်း အဝေးသို့ လွင့်ပျံသွားပုံတို့ကို ပြောတော့၏။ အရာရှိဖြစ်သူ ကိုအောင်မြင့်မိုလ် အပါအဝင် ရဲဘော်အားလုံး တို့မှာ မိမိတို့တပ်စိတ်မှ ရန်သူနှင့် တိုက်ဖော်တိုက်ဖက်၊ သေရေးနှင့် ယှဉ်ပြိုင်ဖော် ယှဉ်ပြိုင်ဖက် ကံဆိုးလေသူ ရဲဘော်အတွက် အဆွေတော်လေး ယူကျုံးမရ ဝမ်းနည်းတသ ဖြစ်နေရစဉ် လိပ်ပြာလေးကာ ပို၍ လွမ်းမော

www.burmeseclassic.com



ဖွယ်ဖြစ်အောင်၊ ဖေးကူပူဆွေးပေးလေရှောသလားဟု မေးရမလို ဖြစ်နေကြပါတော့သည်ဟု ဆို့နှစ်သံဖြင့် စကားကို အဆုံးသတ်လိုက်ပါတော့၏။

ကိုအောင်မြင့်ဗိုလ်ကဲ့သို့ပင် ကျွန်တော့် တပည့်တစ်ဦး ဖြစ်သူ ကိုတူး၏ လိပ်ပြာနက်အတွေ့အကြုံကလည်း ဆန်းသလိုလို ဖြစ်နေပါသည်။ တိုက်ဆိုင်မှုဟု ဆိုရအောင်ကလည်း တစ်ကြိမ်တစ်ခါတည်း မဟုတ်၊ နှစ်ကြိမ်နှစ်ခါလည်း မဟုတ်၊ အကြိမ်ကြိမ်အခါခါ ဖြစ်နေသောကြောင့် ဘာလုပ်ရလျှင် ကောင်းမည်နည်းဟု အားကိုးကြီးစွာ လာတိုင်ပင်လေသည်။ သူ့ဦးလေးအငယ်ဆုံး ဦးကိုထွေးအဖြစ်ကလည်း မကျွတ်ဘူးဆိုပါက ယုံကြည်လက်ခံနိုင်သော အချက်တွေ အများကြီး ရှိနေပါသည်။ ကိုတူး၏ ဘွားအေကြီးသည် သူ့ဦးလေးအငယ်ဆုံး ဦးကိုထွေးကို ငုံထားမတတ် ချစ်၏။ မိခင်များ သားထွေးကို အချစ်ပိုတတ်ကြစမြဲ မဟုတ်ပါလား။ ဆိုးပေတေနေသော သားဆိုးတို့ကိုလည်း သားလိမ္မာများထက် ပိုပြီး သံယောဇဉ်ကြီးမား ကရုဏာထားတတ်ကြပြန်ပါသည်။ ဦးကိုထွေးမှာ အထွေးဆုံးလည်းဖြစ်၊ နည်းနည်း ပေချင်တေချင်သောကြောင့် ပို၍ တွယ်တာရခြင်း ဖြစ်ပါလိမ့်မည်။

ဦးကိုထွေး မိန်းမခိုး၏။ အသောက်အစား လောင်းကစားမက်၍ ဆူပူသတိပေးနေရသည့်အထဲ အုတ်ကြားမြက်ပေါက် ကလေကချေ နာမည်ပျက် မိန်းကလေးတစ်ဦးနှင့်မှ သွားဖြစ်ရလေခြင်းဟု ပထမပိုင်း၌ နာကျည်းကာ စွန့်ပစ်ထား၏။ ကျန်းမာရေး မကောင်း၍ ဒုက္ခရောက်နေရှာပြီ သိရကြားရလေသော အခါဝယ်၊ အဘယ်မိခင်သည် ရှုဆိတ်၍ နေနိုင်ပါ တော့မည်နည်း။ သားရောချွေးမပါ အိမ်ပေါ်ခေါ်တင်ထားရပြီ။ သားကို ဆေးကုသပေးရပြီ။ သား ကြည်သာစေရန်၊ ချွေးမကို မျက်နှာသာ မပေး လိုသော်လည်း ဟန်ဆောင်ပြုံးနှင့် ပါစားပေးရပြန်သည်။ ဤသည်ကို ချွေးမက ကောင်းကောင်းမနေ၊ အိမ်အမွေ တောင်းပါသတဲ့။ နဂိုကပင် ပစ္စည်းမက်၍ လူပေလူတေ ဦးကိုထွေးအား ယူခဲ့ခြင်းမို့ အဆန်းတော့လည်း မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



မဘာက်လိုက်တော့ မိုက်ဘက်ပါဆိုသလို ဦးကိုထွေး သောင်းကျန်းသောကြောင့်၊ လင်မယားနှစ်ယောက်လုံးကို အိမ်ပေါ်မှ နှင်ချလိုက်တော့သည်။ အမွေရစရာ မရှိတော့သောအခါ ဦးကိုထွေးကို ပစ်ပြေးပါပြီ။ ရောဂါနှင့် ဒုက္ခရောက်နေပြန်တော့ မိခင်အိုက "တောင်းစုတ် ပလုံးစုတ်ကိုသာ ပစ်နိုင်တယ်။ သားဆိုးသမီးဆိုးကို ပစ်ရိုးထုံးစံမရှိ"ဟု ဆိုကာ၊ အိမ်ပေါ်သို့ ပြန်တင်ပြီး ဆေးကုသရတော့၏။ ကျောက်ကပ်မကောင်းခြင်းကြောင့် ဆေးကုသရခက်၏။ "မိန်းမမီး ယောက်ျားဆီး" ဆိုသည့်အတိုင်း ယောက်ျားတို့အတွက် ဆီးရောဂါသည် အရေးကြီးလှ၏။ နည်းနည်းပြန်ကျန်းမာလာလျှင် မိန်းမက ပြတ်ပေမင့်၊ ဦးကိုထွေးက မပြတ်နိုင်ဘဲ လိုက်ဆင်းသွားပြန်ရော။ အိမ်ပေါ် ပြန်တက်လာလိုက်၊ ပြန်ဆင်းသွားလိုက်နှင့် နောက်ဆုံးတစ်ခေါက်မှာတော့ ရောဂါက ကျွမ်းနေပြီ။ ဇနီးကို တွေ့လိုသည်။ တွေ့ခွင့်မရ။ အစ်မက မွေးသည့် တူမလေးကို တွေ့လိုသည်ဆို၍ ကျောင်းချိန်ကြီးမှာ သွားခေါ်ပေးရ၏။

ဦးကိုထွေး လက်ပေါ်မှာ ကြီးသည့် တူမလေးမို့ ဤမျှ သံယောဇဉ်ကြီးခြင်း ဖြစ်ပါသည်။ တူမလေး ပြန်ရောက်၍ လက်အစုံကို ဆုပ်ကိုင်ထားဆဲ၊ ဇနီးကို တမ်းတနေဆဲမှာပင် ဝိညာဉ်ချုပ်ရသည်ဆိုတော့လည်း ဘယ်မှာလာပြီး ဘဝကူး ကောင်းနိုင်ပါမည်နည်း။ လူတစ်ရာမှာ ကိုးဆယ့်ကိုး မကျွတ်လွတ်နိုင်ကြသည့်အလျောက် ဦးကိုထွေးသည် မကျွတ်ကြောင်း အရိပ်အယောင်လည်း ပြ၏။ အိပ်မက်လည်း ပေး၏။ အထူးခြားဆုံးက လိပ်ပြာအနက်ကြီး တစ်ကောင် အလောင်းစံထားရာ ခုတင်ပေါ်၌ လာဝဲပြီး ခေါင်းရင်းပိုင်းမှာ လာရပ်နား၏။ ခေါင်းသွင်းချိန်အထိ ကပ်မြဲကပ်နေ၍ ဖယ်ထုတ်ယူရသည်။ နောက် တူမလေးအနားမှာ တဝဲလည်လည်လုပ်နေ၏။ ဆွမ်းပြင်ပြီးသည်အထိ ထိုလိပ်ပြာနက်ကြီး ရှိနေဆဲပါ။ နောင်ပိုင်းတွင်လည်း လိပ်ပြာနက်ကြီး ပျောက်သွားလျှင် နှစ်ရက်သုံးရက်မျှသာပါ။ ပြန်ရောက်လာတတ်စမြဲပါတဲ့။ အရွယ်အစားနှင့် အကောင်အနည်းအများသာ ကွာခြားပေမည်။ အရောင်ကတော့ အနက်ရောင်ချည်းသာတဲ့။

www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်ဆိုလျှင် နိမိတ်မကောင်းဟု ယူဆကြသည်။ မကောင်းဆိုးဝါးများကိုသာ အနက်ရောင်က လွှမ်းမိုးသည်ဟု အယူရှိကြပြန်တော့ ထိုလိပ်ပြာအနက်ရောင်ကြောင့် စိတ်မချမ်းမသာ ဖြစ်ရပါသည်ဟု ကိုတူးက လေးလေးနက်နက် ပြောပြပါသည်။ တူမလေးကလည်း မကြာခဏဖျားနာပါသတဲ့။ ရာသီဥတုကလည်းအေး၊ ပင်ကိုကလည်း ချူချာတော့နှာစေးချောင်းဆိုး ဆိုသည်မှာ မိတ်ဆွေဖြစ်နေချေပြီ။ ခါတိုင်း အိမ်ဝင်းခြံဝင်းထဲ၌လည်းကောင်း၊ အိမ်အတွင်းခန်း၌လည်းကောင်၊ အိမ်ဆင်ဝင်တို့ဝရံတာတို့၌လည်းကောင်း လိပ်ပြာနက်များ မလာပါ။ ရှေးက မမြင်ဖူးခဲ့ပါ။ သတိမထားမိတာလည်း ဖြစ်ချင် ဖြစ်နိုင်ပါသည်။ ဦးကိုထွေး ဆုံးသည့်နေ့မှစပြီး မြင်ရတွေ့ရခြင်းပါဟု အခိုင်အမာ ပြောဆိုနေချေ၏။ စိတ်အစွဲဆိုသည်ကလည်း ခက်လှပါဘိတောင်း။

## ရည်စူးကုသိုလ်ပြု

လိပ်ပြာနက်ကြောင့် အခက်ပွေ့နေသော ကျွန်တော့်တပည့်ကိုတူးအား သူငယ်ချင်း မနှောင်းကဲ့သို့ပင် အလှူအတန်းပြု၊ အမျှအတန်းဝေပေးရန်နှင့် အန္တရာယ်ကင်း မေတ္တာပရိတ်တရား နာကြားရန် အကြံပြုလိုက်ရပါသည်။ ကမ္ဘာ့ဝိဥာဉ်ဖို့ ဆိုတာကတော့ ကာယကံရှင်များ၏ စိတ်ဆန္ဒအတိုင်း ဆုံးဖြတ်မှ ကောင်းပါသည်။ တချို့က နှင်ထုတ်ခြင်းကို အလိုမရှိကြပါ။ တစ္ဆေပြိတ္တာဆိုသည်မှာ ကွယ်လွန်လေပြီးသူတို့၏ ကျရောက်သောမကောင်းဆိုးဝါးသည့် ဘဝသစ်ဖြစ်ရာ၊ လူတို့ကလည်း ဘဝသစ်ဟု မမြင်သွားလေသူ ဆွေမျိုးသားချင်းဟုသာ မြင်နေစွဲနေမှတော့ မရက်စက်လိုပါဘူးဟု ခံစားချက် ရှိနေတော့ အခက်သားပင်။

အမှန်တော့ ထိုမကျွတ်မလွတ်သည့် အမှီအစွဲသည် တရားဒုက္ခ မပေးသေး၍ပါ။ အလွန်အမင်း ဒုက္ခပေးလာခဲ့သော် သေပြီးမကျွတ်သူကို မဆိုထားနှင့်၊ သက်ရှိ သားဆိုးသမီးဆိုးများကိုပင် သတင်းစာမှနေ၍သားသမီးအဖြစ်မှ စွန့်လွှတ်ပါသည်ဟု ကြော်ငြာထည့်ကာ တိုင်းသိပြည်သိကြေညာရသေးသည်ဖြစ်ရာ၊ ထိုမကောင်းဆိုးဝါး တစ္ဆေပြိတ္တာကို ကမ္ဘာ၏

www.burmeseclassic.com

www.burmeseclassic.com



ဥတ်၍၊ မြန်မာနိုင်ငံနှင့် စိန့်တိုင်း(တရုတ်ပြည်)နယ်စပ်ရှိ တောတောင်အရပ်၌၊ နတ်မင်းကြီးတို့ထံ နေရာတောင်း ခွင့်ပန်၍ သွားရောက်နေထိုင်ကြလေဟု နယ်နှင်ဒဏ်ပေးရသည်မှာ လုပ်ထုံးတစ်ရပ် ဖြစ်ပါတော့သည်။

မနှောင်းတို့၊ ကိုတူးတို့နည်းတူ မိတ်ဆွေ ကိုပိန်သေး ဆိုသူတစ်ယောက်ကလည်း သူ့ဦးလေး ဆုံးခဲ့သည်မှာ သုံးမိုးသုံးဝါ ကျော်လွန်လာခဲ့ပါပြီ။ မကျွတ်သေးဘူးဟု ပြောသည်။ အခြောက်အလှန့်များနှင့် ဒုက္ခပေးပါသည်။ မည်သို့ လုပ်ဆောင်သင့်ပါသနည်းဟု အကြံဉာဏ်တောင်းခံလာပြန်၏။ ဦးလေး၏ အဝတ်အစားများကို လှူဒါန်းစွန့်ကြပါ။ ရည်စူးအလှူများ ပြုလုပ်ပေးပါ။ သပိတ်သွတ်ပေးပါ။ အဓိကအရေးကြီးသည်က သေသူအား ရည်စူးရမည်။ အမည်တပ်၍ အမျှပေးဝေရမည်။

ဆွမ်းသွတ်ရာ၌ တောင်တန်းဆရာတော်ဘုရားကြီး ဦးဥတ္တမသာရ၏ လမ်းညွှန်မှုကတော့ ဆွမ်း၊ ဆွမ်းဟင်း၊ မုန့်၊ သစ်သီးနှင့် သောက်ရေတို့ ပါရှိရမည်။ အိမ်အနီးအနားတွင် ရှိနေသည်ဟု ယူဆသိရှိကသစ်စိမ်းခက်တစ်ခက်ဖြင့် တရားနာရန် အိမ်တွင်းသို့ ခေါ်ဝင်ရမည်။ သေသူ့အင်္ကျီပေါင်းဖြစ်စေ၊ ပုဆိုးပေါင်းဖြစ်စေ ခင်းလျက် သစ်ခက်ကို တင်ပါ။ ဆွမ်းကပ်တရားနာပါ။ သန့်ရှင်းစင်ကြယ်စွာ ရအပ်သော အလှူပစ္စည်းဖြစ်ရမည့်အပြင်၊ သီလ သမာဓိပြည့်စုံသော သံဃာတော် ရဟန်းမြတ်ထံလှူဖြစ်ပါက အကျိုးထူးပါလိမ့်မည်။ အမျှအတန်းကုသိုလ်အဖို့ကို ရရှိ၍ ချမ်းသာသောဘဝ၊ မှီရာတည်ရာရသောဘဝ၊ ကျွတ်လွတ်သောဘဝသို့ မုချေကန် ရရှိလိမ့်မည်ဟု မိန့်ကြားတော်မူဖူးသည်ကို ကိုပိန်သေးအား ပြောပြရပါသည်။

## ဆယ့်တစ်နှစ်ကြာ

"ဆရာ–ဦးလေးမိုး ဆုံးတာဖြင့် သုံးနှစ်တောင် ကျော်ပြီ။ မကျွတ်သေးဘူးလို့ ပြောတ ဖြစ်နိုင်သလားဟင်"

"ဖြစ်နိုင်တာပေါ့ ပိန်သေးရာ။ မကျွတ်တဲ့သူများ သုံးနှစ်မပြောနဲ့ နှစ်သုံးဆယ်၊ နှစ်သုံးရာမက ကြာချင်ကြာမြင့်ပေလိမ့်မယ်။ အကုသိုလ်

www.burmeseclassic.com

www.burmeseclassic.com



များရင် များသလို တစ္ဆေပြိတ္တာဘ၀နဲ့ နှစ်တွေ ကြာမြင့်နေတတ်တဲ့ အမျိုးကွ''

''ဆရာ ဘယ်လိုလုပ်ပြီး ကျကျနန သိသလဲ၊ ကိုယ်တွေ့ ရှိသလား''

''ကိုယ်တွေ့ကို မေးတော့၊ ဆရာ့အောက် ညီငယ် ဆုံးဖူးတယ်။ ဆရာ့ထက် အသက်သုံးနှစ် ငယ်တယ်။ သူ့နာမည်က သန်းထွန်းတဲ့။ ခုနစ်တန်းကျောင်းသားအရွယ် ၁၉၆၄-ခုနှစ်မှာ ဆုံးတာ။ နှလုံးရောဂါနဲ့ စစ်စစ်ထွန်းဆေးရုံမှာဘဲ ဆုံးတာပါ။ သူ တော်တော်နဲ့ မကျွတ်ရှာဘူး။ ဆရာတို့လည်း အလှူအတန်းပြုပြီး အမျှ အမျှဝေပေးပါတယ်။ သူ ကျွတ်ခါနီး လာတဲ့အခါ သူ့ကို ငယ်ငယ်က ထိန်းလာတဲ့ နန်နီတစ်ယောက် ရှိတယ်။ မိနီလို့ ခေါ်တယ်။ အိမ်ထောင်ကျပြီးလို့ ကလေးတောင် လေးယောက် ရနေပြီ။ ဆင်းရဲကြတယ်။ မိနီဆီမှာ လာနေပါရစေလို့ အိပ်မက်မက်တယ် တဲ့။ မနေချင်ပါနဲ့၊ ငါတို့က ဆင်းရဲတယ်လို့ မိနီက ငြင်းလွှတ်လိုက်တယ် ဆိုကိုး။ နောက်တော့ ဆရာ့သားအဖြစ် ပြန်ဝင်စားတယ်လေ။''

''နှစ် ဘယ်လောက် ကြာသွားသလဲ ဆရာ''

''သားကို ၁၉၇၅-ခုနှစ်ကျမှ မွေးတာဆိုတော့ ဆယ့်တစ်နှစ်လောက် ကြာသွားတာပေါ့''

''သူ ဝင်စားတယ်ဆိုတာ ဆရာတို့ ဘယ်လိုလုပ် သိသလဲဗျာ''

''ဆရာ့အမေက အိပ်မက်မက်တယ်။ ချောင်းလေးတစ်ချောင်းနဲ့ ဟိုဘက်ကမ်းမှာ သန်းထွန်းက ဘလေဇာကုတ်အစိမ်းလေး ဝတ်လို့ ရပ်နေ တယ်တဲ့။ စိန့်အင်းကျောင်းမှာ နေလို့၊ ကျောင်းဝတ်စုံ ရှပ်အဖြူ၊ ဘောင်းဘီ ကုတ်အစိမ်းရင့်လေကွာ။ အမေက သား အိမ်ပြန်လိုက်မလား လို့ မေးတော့ လိုက်ပါမယ်တဲ့။ ဒါဆို ဒီဘက်ကို ကူးခဲ့ပါလို့ ဆိုတော့ ချောင်းရေကို ဖြတ်ကူးလာလို့ အိမ်ခေါ်ပြန်လာတယ်တဲ့။ အိမ်ရှေ့ ရောက်တော့ ဆရာတို့ မောင်နှမတွေ ကြိုဆိုကြပြီး ငိုယိုကြတယ်တဲ့။ အမေ့ အိပ်မက် အတော်ဆန်းပါတယ်။

''ဆရာကကော - ဘာတွေ မြင်မက်သေးသလဲ''

www.burmeseclassic.com

www.burmeseclassic.com


''အဲဒီညမှာပဲ ဆရာတို့ လင်မယား နှစ်ယောက်ကြားထဲကိုသန်းထွန်းက ဝင်အိပ်တယ်လို့ အိပ်မက် မြင်မက်ပါတယ်''

''မွေးလာတော့ အတိတ်အကြောင်းတွေ မှတ်မိသလား၊ ပြောသလား ဆရာ''

''သားဦးဖြစ်လို့လား မသိဘူး၊ သူ့ကို သိပ်မွေးရခက်ပါတယ်။ ကြာသပတေး ညဦးပိုင်းမှာ ရေမွှာပေါက်တာ၊ ညတွင်းချင်း မွေးမလား အောက်မေ့တာ၊ ဝမ်းက မနာသေးတော့ မမွေးနိုင်သေးဘူးဆိုပြီး၊ ဆေးရုံမသွားသေးဘူး။ နောက်နေ့ ဆေးရုံက ပြန်ပြဖို့ ချိန်းထားတာ သောကြာနေ့လေ။ သောကြာနေ့ မွေးလည်း ကောင်းတာပါပဲ။ ဆရာနဲ့ မွေးရက်တူတာပေါ့လို့ ထင်ထားတာ၊ ဘယ်ဟုတ်လိမ့်မလဲ၊ သောကြာနေ့ရော ညပါမမွေးသေးဘူး၊ စနေနေ့မှာ နေတောင် အတော်မြင့်နေပြီ၊ နေတက်တာမှ ထန်းတစ်ဖျား ဘယ်ကမလဲ၊ နေ့ ၁၁–နာရီ ထိုးလုနီးနေပြီ၊ သူ ငယ်ငယ်က လက်ကို မီးလောင်ဖူးတယ်။ အတိတ်အကြောင်းတွေကို မပြောတော့ဘူး။ သိသာတာကတော့ စကားစပြောတတ်စအရွယ် အိမ်လယ်ခန်းမှာ ချိတ်ဆွဲထားတဲ့ ဓာတ်ပုံတွေကို ကြည့်ပြီး ဘယ်သူ့ပုံဆိုတာ ပြောနိုင်တယ်၊ သူ့ပုံပါလို့ ရင်ဘတ်ကို လက်နဲ့ ပုတ်ပုတ်ပြီး ပြောတာက သန်းထွန်းပုံဖြစ်နေတာတော့ ထူးပါတယ်။ ပြီးတော့ သန်းထွန်းဘဝက မစားတဲ့ ငါးပုစွန်တို့ကို ဒီဘဝမှာလည်း ကျွေးလို့မရဘူး။ ကလေးဘဝတုန်းက လိမ်ညာကျွေးရင် အန်ထွက်တယ်''

''တော်တော်ဆန်းတာပဲ ဆရာ၊ တိုက်ဆိုင်မှုလို့ ပြောလို့ အခက်သားနော်''

''ဟုတ်တယ် သန်းထွန်းဘဝက သင်္ချာသိပ်တော်တယ်။ အမှတ်ပြည့် အမြဲရတယ်။ ဉာဏ်သိပ်ကောင်းတော့ စာကျက်ရင် ခဏလေးနဲ့ ရတယ်။ ဆရာက သူ့လောက် ဉာဏ်မကောင်းဘူး၊ အချိန်ပေးပြီး ကြိုးစားကျက်မှတ်ရတယ်။ ဝီရိယရှိလို့ ဆရာဝန်ဖြစ်တာ။ သားက သင်္ချာတော်တယ်။ စာကျက်ပျင်းတယ်။ ချူချာတာလည်း သန်းထွန်းနဲ့ သွားတူနေပြန်တယ်။ တစ်ခါတလေ ရင်ဘတ်အောင့်တယ်တဲ့၊ နှလုံးနေရာကို ပြတယ်။ ဝါသနာ

www.burmeseclassic.com



အထုံနဲ့ ရောဂါဒဏ်ရာတွေဆိုတာ နောက်ဘဝတွေအထိ ပါသွားတတ်တာ မမှတာထုံးစံလိုပါပဲ"

"ဘုရားဟော ဇာတ်လမ်းတွေ ရှိရင် ပြောပြပါဦး ဆရာ၊ နားထောင်ချင်လို့ပါ"

## ဆွေတော်မျိုးတော်များ

ဘုရားရှင်လက်ထက်က ဘုရားဟော ပေတဝတ္ထုတို့ ဝိမာနဝတ္ထုတို့ ဆိုတာတွေ မကျွတ်မလွတ်တဲ့ တစ္ဆေပြိတ္တာတွေအကြောင်း အများကြီး ရှိတာပေါ့။ မင်းတို့က စာဖတ်ရမှာလည်း ပျင်းကြ၊ တရားနာရမှာကိုလည်း ဝါသနာမပါကြနဲ့ ဆိုတော့ အကြားအမြင် ဗဟုသုတ နည်းပါးကြတော့တာပေါ့။ ဗိမ္ဗိသာရမင်းကြီးရဲ့ ဆွေတော်မျိုးတော်ဟောင်း ပြိတ္တာကြီးတွေအကြောင်း ပြောပြမယ်။ ဗိမ္ဗိသာရမင်းကြီးက ဆွမ်းအလှူတော်ကြီး ပြုတယ်တဲ့။ မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည်မှာ သီတင်းသုံးတော်မူစဉ် ကပေါ့ကွာ။ ကျောင်းတော်ဆောက်ပြီး လှူဦးမယ်လို့ ရည်သန်ထားလေတော့ ဆွမ်းအလှူကို အမျှမပေးဝေမိခဲ့ဖူးတဲ့။ ညရောက်တဲ့အခါ မင်းကြီးရဲ့ နန်းတော်မှာ ကြောက်လန့်ဖွယ်ရာအသံတို့ ဟစ်အော်ကြွေးကြော်ကြလို့ ကြောက်လန့်တုန်လှုပ်ပြီး မင်းကြီး တစ်ညလုံး အိပ်မပျော်ရှာဘူးပေါ့ကွာ။

မနက်မိုးသောက် အလင်းရောက်တာနဲ့ အကြောင်းခြင်းရာကို သိလိုဇောနဲ့ ဘုရားရှင်ထံဝင်ပြီး ညတုန်းက နန်းတော်မှာ တုန်လှုပ်ချောက်ချားရတဲ့ အသံဆိုးများအကြောင်းကို စိုးရိမ်တကြီး လျှောက်ထားလိုက်ပါတယ်၊ လူဆိုတာ "ငါ"ဆိုတာကို ရှေ့တန်းက တင်လေ့ရှိတဲ့အတိုင်း မင်းကြီးဟာ သူ့အသက်စည်းစိမ်တွေအတွက် ကြောင့်ကြပူပန်နေရှာတာကိုး။ မြတ်စွာဘုရားရှင်ကလည်း ဒကာမင်းကြီး ဘာကိုမှ မကြောက်မလန့်ဖို့ အကြောင်း၊ မင်းကြီးအတွက် တစ်စုံတစ်ခု ဆိုးကျိုးမပြုနိုင် မပေးနိုင်ကြောင်း၊ ပြိတ္တာဖြစ်နေတဲ့ မင်းကြီးရဲ့ ဆွေတော်မျိုးတော်တွေ ဘုရားရှင်နှစ်ဆူကြား ကာလပတ်လုံး ဒကာမင်းကြီး ပြုမယ့် ကုသိုလ်

www.burmeseclassic.com

www.burmeseclassic.com



အတွက် အမျှဝေဖို့ စောင့်မျှော်နေကြကြောင်း၊ မနေ့က ဆွမ်းအလှူတော်မှာ ရည်မှန်းအမျှမပေးဝေငှမိတာကြောင့် သူတို့ဆန္ဒကို သိရှိစေဖို့ ကြောက်မက်ဖွယ်ရာ အသံများ ဟစ်အော်ကြခြင်း ဖြစ်ကြောင်းတို့ကို မိန့်ကြားတော်မူလိုက်တယ်။

ဒါနဲ့ ဗိမ္ဗိသာရမင်းကြီးက အခုချက်ချင်း ရည်စူးလှူဒါန်းပေးလျှင် ရမရ ဘုရားရှင်ကို လျှောက်လိုက်တယ်။ ဘုရားရှင်က ရနိုင်ပါတယ်လို့ မိန့်တော်မူတယ်ဆိုရင်ပဲ နန်းတော်သို့ ကြွရောက်တော်မူပြီး၊ အလှူကို ခံယူတော်မူပါဘုရားလို့ လျှောက်တင်ပါသတဲ့။ မြတ်စွာဘုရား လက်ခံတော်မူတဲ့အတွက် နန်းတော်ကို မင်းကြီး ပြန်ပြီး ကြီးစွာသော အလှူတော်ကို စီစဉ်ပါသတဲ့။ ပြိတ္တာတွေကလည်း ဒီနေ့အဖို့တော့ ငါတို့ ကောင်းချမ်းသာရာ ရကြတော့မယ်လို့ ယုံကြည်ပြီး၊ နံရံအခြားတစ်ဖက်စတဲ့ နေရာတွေမှာ ရပ်တည်စောင့်လင့်နေကြကုန်တယ်ဆိုကိုး။ မြတ်စွာဘုရားရှင်ကလည်း မင်းကြီး မြင်ရလေအောင် ဖန်ဆင်းပြတယ်ဆိုရင်ပဲ မင်းကြီးဟာ ချက်ချင်း အလှူတော်ကို ရေစက်သွန်းချ လှူတော်မူပါသတဲ့။

ဤကောင်းမှုတို့သည် ငါ၏ အဆွေအမျိုးအပေါင်းတို့အား အမျှရကြပါစေသတည်းလို့ ရေစက်ချ အမျှပေးဝေတဲ့ တစ်ခဏချင်းမှာပဲ ကြာရိုးကြာစွယ်၊ ကြာပန်းတွေနဲ့ ပြည့်လျှမ်းတဲ့ ရေကန်ကြီး ပေါ်ပေါက်လာပြီး ပြိတ္တာအပေါင်းတို့ ကန်ရေကို ချိုးသောက်ကြရတယ်။ ပူလောင်ခြင်း၊ ပင်ပန်းခြင်း၊ မွတ်သိပ်ခြင်းတို့ ကင်းဝေးပြီး ငြိမ်းအေးချမ်းသာတဲ့ ကိုယ်တွေဟာ ရွှေအဆင်းလို ဝင်းလာကြရောတဲ့ဗျာ။ မင်းကြီးလည်း ယာဂု ခဲဖွယ် စားစရာတွေ လှူဒါန်းကာ အမျှဝေပြန်တယ်ဆိုရင်ပဲ နတ်တို့၌ ဖြစ်တဲ့ ဘောဇဉ်ချိုချဉ်ရသာတွေ ဖြစ်ပေါ်လာပြီး၊ ပြိတ္တာတို့ စားသောက်ရလို့ ကိုယ်ခန္ဓာ ပြည့်ဖြိုး တင့်တယ်လာကြသတဲ့။ မင်းကြီးက အဝတ်ပုဆိုး အိပ်ရာနေရာတွေ ပေးလှူပြီး အမျှဝေပြန်တယ်။ နတ်တို့၌ဖြစ်တဲ့ ပုဆိုး အဝတ် တန်ဆာတွေ၊ ဘုံဗိမာန်ပြာသာဒ်တွေ ဖြစ်ပေါ်လာတဲ့အတွက် ပြိတ္တာတို့ဟာ နတ်တို့ အဆောင်အယောင် စည်းစိမ်ချမ်းသာတွေအားလုံး ရရှိစံစားကြရသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ပြိတ္တာဘဝမှ ကျွတ်လွတ်ပြီး နတ်ဘုံနတ်နန်းမှာ ချမ်းသာနေကြပြီဖြစ်တဲ့ မင်းကြီးရဲ့ ရှေးဘဝက ဆွေတော်မျိုးတော်များဟာ အရေအတွက်အားဖြင့် ရှစ်သောင်းလေးထောင်တောင်မှ ရှိသတဲ့။ မင်းကြီးကို ဘုရားရှင်က မိင်္ဂာနိုပြီး ပြသတော်မူလို့ ဆွေတော်မျိုးတော်အပေါင်း နတ်တို့ ဘုံစိမာန်စည်းစိမ်များ စံစားရတာ မြင်ရလို့ အလွန်ရွှင်လန်းဝမ်းမြောက်မှု ဖြစ်ပါသတဲ့။

"ဗိမ္ဗိသာရမင်းကြီးရဲ့ ဆွေတော်မျိုးတော်တွေဟာ ဘာအကုသိုလ်ကံကြောင့် ပြိတ္တာဖြစ်ကြရတာလဲ ဆရာ"

"ဆရာတို့ရဲ့ ဘဒ္ဒကမ္ဘာကနေပြီး အထက်ကို ရေတွက်လိုက်ရင် ၉၂–ကမ္ဘာမှာ ဖုဿဘုရားရှင် ပွင့်ထွန်းတော်မူခဲ့တယ်။ အဲဒီကတည်းက အခြေခံ သန္ဓေတည်လာခဲ့ကြတဲ့ ဇာတ်လမ်းနဲ့ ပတ်သက်တဲ့ ပြိတ္တာများဖြစ်ကြပါသတဲ့"

"၉၂–ကမ္ဘာဆိုတာ ကြာမြင့်လှချည်လားဗျာ"

"ဒါပေါ့ ကိုတူ။ မင်းဦးလေးမိုး ဆုံးတာ သုံးနှစ်ကြာပြီ။ မကျွတ်သေးဘူးဆိုတာ နှစ်ဘယ်လောက်မှ မရှိသေးပါဘူး။ ဗိမ္ဗိသာရမင်းကြီးနဲ့ ဆွေတော်မျိုးတော် ပြိတ္တာတွေကမှ ဘုရားနှစ်ဆူ ခြားပြီးတဲ့နောက် ဂေါတမမြတ်စွာဘုရားရှင် လက်ထက်ကျမှ ကျွတ်လွတ်ခွင့် ရကြတာတဲ့ဗျ"

"ခြားတဲ့ ဘုရားနှစ်ဆူဆိုတာ ဘယ်ဘုရားတွေလဲ ဆရာ"

"တို့ရဲ့ ဘဒ္ဒကမ္ဘာမှာ ဘုရားငါးဆူ ပွင့်မယ်ဆိုတာ ကိုတူ သိပြီးသားနော်။ လေးဆူ ပွင့်တော်မူခဲ့ပြီးပြီ။ ပထမဆုံးဘုရားက ကကုသန်ဘုရားဖြစ်တယ်။ အဲဒီအချိန်မှာ မင်းကြီးရဲ့ ဆွေတော်မျိုးတော်တွေဟာ ပြိတ္တာဘဝ ရောက်နေပြီဆိုတာ ကျမ်းဂန်ထဲမှာ လာရှိတယ်။ ကကုသန် ဘုရားရှင်ထံ ဘယ်တော့ ချမ်းသာခွင့် ရရှိနိုင်ကြမလဲလို့ ပြိတ္တာများ ဝင်လျှောက်ကြတော့ "ငါဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် ကမ္ဘာမြေကြီးသည် တစ်ယူဇနာလောက် မြင့်မောက် တိုးတက်တဲ့အချိန်မှာ ငါ့ညီတော် ကောဏာဂုံဘုရား

www.burmeseclassic.com

www.burmeseclassic.com



ပွင့်လာလိမ့်မယ်။ ထိုဘုရားရှင်က သင်တို့ ကျွတ်လွတ်စားသောက်ရေးကို ဗျာဒိတ်ပေး ဟောကြားလိမ့်မယ်''လို့ မိန့်တော်မူသတဲ့။

ဒါနဲ့ မျှော်လင့်ကြီးစွာ စောင့်စားရင်း ကောဏာဂုံဘုရားရှင် ပွင့်တော်မူလာပြန်ရောတဲ့။ ဘုရားရှင်ထံ ဝင်ပြီး မေးမြန်းလျှောက်ထားတဲ့အခါ ငါ၏ညီတော် ကဿပဘုရားရှင်ကသာလျှင် သင်တို့ ကျွတ်လွတ်ရခြင်း အကြောင်းတရားကို ဖြေကြားလိမ့်မယ်လို့ မိန့်တော်မူပြန်သတဲ့။ ဒါနဲ့ ကဿပဘုရား ပွင့်တော်မူတဲ့အခါ၊ နောင်ပွင့်လာမယ့် ဂေါတမဘုရားရှင် လက်ထက်တော်၌ သင်တို့ဆွေမျိုး ဗိမ္ဗိသာရမင်းကြီးက သင်တို့အား ရည်မှန်း၍ အမျှအတန်း ပေးဝေလိမ့်မယ်။ အဲဒီအခါကျတော့ သင်တို့ စည်းစိမ်ချမ်းသာ ခံစားကြရလိမ့်မယ်လို့ ဗျာဒိတ်ပေးတော်မူတယ်တဲ့။ ဒီစကားကို ကြားရတဲ့အခါ ပြိတ္တာတို့က နက်ဖြန်သန်ဘက်ခါမှာ ခံစားကြရမလောက် ဝမ်းမြောက်ဝမ်းသာ ရှိကြရှာသတဲ့။

ဒီတော့ ဘုရားနှစ်ဆူခြားဆိုတာက ကောဏာဂုံဘုရားရှင်နဲ့ ကဿပဘုရားရှင်တို့ ခြားသွားတာကို ဆိုလို[illegible]ာ ကိုတူးရ၊ ပြိတ္တာတွေ ဘုရားရှင်လေးဆူစလုံးနဲ့ ကြုံဆုံတိုးကြရတာကွ။ ဘာကြောင့်လဲဆိုတော့ ကကုသန်ဘုရားရှင် လက်ထက်တော်မှာကတည်းက ပြိတ္တာတွေ ဖြစ်နေကြပြီလို့ သိရတယ် မဟုတ်လား။ နောက်ဆုံး ဂေါတမမြတ်စွာဘုရားရှင်ရဲ့ သာသနာတော်ခေတ် ရောက်တော့မှ ကျွတ်လွတ်ကြတာကိုး''

## တမ္ဘာပေါင်းများစွာ

''ကြောက်ဖို့ အလွန်ကောင်းပါလား ဆရာရယ်။ ဘုရားလေးဆူဆိုတဲ့ ကာလအပိုင်းအခြားဟာ နှစ်ပေါင်းကို ကိန်းဂဏန်းချပြီး ရေတွက်လို့မှ မရနိုင်တာပဲဗျာ''

''မင်းကြီးရဲ့ ဆွေတော်မျိုးတော်တွေ ပြိတ္တာဘဝ ကျရောက်ခဲ့တဲ့ ကာလပေ့ါက တိုတောင်းပါသေးတယ်။ သူတို့ ငရဲကျရတဲ့ ကာလတွေ ပြီး ကြာရှည်တာပေါ့ကွာ''

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လောက်တောင် ကြာရှည်ခဲ့ပါသလဲ ဆရာ"

"ဆရာတို့ ဂေါတမဘုရားအလောင်းတော် သုမေဓာရှင်ရသေ့ ဘဝ ဒီပင်္ကရာဘုရားရှင်လက်ထက်မှာ ဗျာဒိတ်တော် ရခဲ့တာ မင်းသိတယ်နော် အဲဒီအချိန်ကစပြီး ပါရမီဖြည့်တာ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းနော် ရှေးရှေးသော ဘုရားတွေ တစ်ဆူနဲ့တစ်ဆူ ပွင့်ဖို့ကာ ကမ္ဘာပေါင်းများစွာ ခြားတယ်၊ ဒီပင်္ကရာဘုရား ပြီးတော့၊ ကောဏ္ဍညဘုရား ပွင့်ဖို့ ကမ္ဘာပေါင်း တစ်အသင်္ချေ ခြားပါသတဲ့။ မင်္ဂလဘုရားပွင့်ဖို့ နောက်ထပ် ကမ္ဘာပေါင်း တစ်အသင်္ချေ ခြားပြန်ရော၊ မင်္ဂလဘုရားပွင့်တဲ့ ကမ္ဘာမှာပဲ သုမန၊ ရေဝတ သောဘိတ ဆိုပြီး ဘုရားသုံးဆူ ထပ်ပွင့်သေးတယ်တဲ့။ သောဘိတဘုရား ရှင်ရဲ့နောက် အနောမဒဿီဘုရား ပွင့်ဖို့ ကမ္ဘာပေါင်း တစ်အသင်္ချေ ခြားပြန်သတဲ့။ အဲဒီကမ္ဘာမှာပဲ ပဒုမ၊ နာရဒဆိုပြီး ဘုရားနှစ်ဆူ ပွင့်ပြန် သေးတယ်တဲ့။ နာရဒဘုရားနောက် ပဒုမုတ္တရဘုရား ပွင့်ဖို့ ကမ္ဘာပေါင်း တစ်အသင်္ချေ ခြားပြန်ရောတဲ့။ အားလုံး လေးအသင်္ချေ ရှိသွားပြီနော်

သုမေဓာဘုရားကနေပြီး ရေတွက်လိုက်ရင် ၁၅–ဆူမြောက် ဆရာ တို့ရဲ့ ဂေါတမမြတ်စွာဘုရားရှင်အထိ ကမ္ဘာပေါင်း တစ်သိန်း ကြာမြင့် သတဲ့။ ဒါကြောင့် နောက်ပိုင်းပွင့်တဲ့ ဘုရားရှင်တွေကျတော့ ကမ္ဘာပေါင်း သိပ်ပြီး များများ မခြားတော့ဘူး။ မင်းကြီးရဲ့ ဆွေတော်မျိုးတော်တွေ ဖုဿဘုရားရှင် လက်ထက်တော်မှာ စခဲ့တဲ့ ဖာတ်လမ်းမို့ ၉၂–ကမ္ဘာ ခြားပါသတဲ့။ ဘဒ္ဒကမ္ဘာမှ ရေတွက်လျှင်၊ ၉၂–ကမ္ဘာအထက်လို့ ဆိုတာမို့ သူတို့ ငရဲကျနေတဲ့ အချိန်ကာလဟာ ၉၂–ကမ္ဘာ ကြာမြင့်တယ်လို့ တွက်ယူလို့ ရပါတယ်"

"ငရဲမှာ ၉၂–ကမ္ဘာ ကြာမြင့်အောင် ကျရတဲ့ ပြစ်မှုက ဘာ မကောင်းမှု အကုသိုလ်ကံတွေပါလိမ့် ဆရာရယ်"

## ရှေးအတိတ်ကံ

"သူတို့ ငရဲကျနေတဲ့ ၉၂–ကမ္ဘာကာလအတွင်းမှာ ဝိပဿီဘုရား သိခီဘုရား၊ ဝေဿဘူဘုရားရယ်လို့ ဘုရားသုံးဆူနဲ့ လွဲခဲ့ကြရတယ်

www.burmeseclassic.com



သူတို့ရဲ့ အတိတ်ဇာတ်လမ်းက ဒီလိုပါ။ ဒီဘဒ္ဒကမ္ဘာက စပြီး ရေတွက်လို့ ၅၂-ကမ္ဘာအထက်၊ ကာသိပြည် ဇယသေနမင်းနဲ့ သီရိမာမိဖုရားကြီးတို့မှာ ဖုဿ အမည်တွင်တဲ့ ဘုရားလောင်းသားတော်ကို ဖွားမြင်လေသတဲ့။ ဒုက္ကရစရိယာကို ခြောက်လ ကျင့်ရပြီး၊ သျှစ်သျှားပင်မှာ ဘုရားအဖြစ်ကို ရတော်မူတယ်။ သက်တော် ကိုးသောင်း နေတော်မူတယ် ဆိုတဲ့အတွက်၊ ဘုရားရှင်တိုင်းဟာ လူ့သက်တမ်းရဲ့ ငါးပုံပုံမှာ လေးပုံ နေရရိုးထုံးစံရှိတာမို့ အဲဒီခေတ်က လူတွေရဲ့ သက်တမ်းဟာ တစ်သိန်းတစ်သောင်းရှစ်ထောင့်ငါးရာဓာန်း ဖြစ်တယ်လို့ တွက်ယူလို့ ရတယ်ကွဲ့။

သစ္စာလေးပါးကို ထိုးထွင်းသိမြင်လို့ ဘုရားအဖြစ်ကို ရပြီဆိုတာနဲ့ ခမည်းတော် ဇယသေနမင်းကြီးဟာ ကြည်ညိုလွန်းလို့ သားဘုရားကို ကိုယ်တိုင်ပဲ ပြုစုလုပ်ကျွေးနေသတဲ့၊ တခြား ဘယ်သူ့ကိုမှ လုပ်ကျွေးခွင့်မပြုဘူးတဲ့။ ဖုဿဘုရားရှင်ရဲ့ ဖအေတူ မအေကွဲ ညီနောင်သုံးဦးတို့ဟာ ဘုရားမှင်ကို လုပ်ကျွေးခွင့်ရရှိဖို့ ကြံစည်တိုင်ပင်နေချိန်မှာပဲ၊ တိုင်းစွန်ပြည်ဖျား နယ်ခြားအရပ်မှာ သူပုန်သူကန်များ ထကြွသောင်းကျန်းလာသတဲ့။ ခမည်းတော်ဘုရင်ကြီးက ညီနောင်သုံးပါးတို့အား စေလွှတ်နှိမ်နင်းစေတာမှာ အောင်မြင်ခဲ့လို့ လိုရာဆုတောင်းစေဆိုပြီး အခွင့်ရေးထူးဆုလာဘ်ကြီးကို ပေးသနားတော်မူတယ်တဲ့။ ဘုရားရှင်ကို လုပ်ကျွေးပြုစုခွင့် ခုနစ်နှစ် တောင်းသတဲ့။ ဈေးဆစ်ရင်း နောက်ဆုံးမှာ သုံးလပြုစုလုပ်ကျွေးခွင့် ရရှိလိုက်ကြတယ်။

မင်းသားညီနောင်တို့ဟာ သူတို့ အပိုင်စားရတဲ့ မြို့ရွာဇနပုဒ်ဆီကို အလွန်စိတ်ချယုံကြည် အားကိုးရတဲ့ မင်းချင်းယောက်ျားတစ်ဦးကို စေလွှတ်ပြီး၊ ဘုရားရှင်နဲ့ သံဃာတော်များ သီတင်းသုံးဖို့ ကျောင်းတော်နဲ့ ဝါတွင်းသုံးလ ဆွမ်းကွမ်းကိစ္စ ပြည့်စုံဖူလုံးစေဖို့ စီစဉ်ဆောင်ရွက်စေပါသတဲ့။ ဒါနဝတ်ကို စီမံရတဲ့ မင်းချင်းယောက်ျားဟာ အဘက်ဘက်က လိုလေသေးမရှိအောင်၊ စေတနာသဒ္ဓါတရားအပြည့်နဲ့ ဆောင်ရွက်ခဲ့တယ်။ ဇနပုဒ်မှာ နေကြတဲ့ ဆွေမျိုးပေါင်း တစ်သောင်းတစ်ထောင်တို့ကိုလည်း ဦးစီးလုပ်ဆောင်စေတယ်။ ဒီကောင်းမှုတွေကြောင့် မင်းချင်းဟာ ဂေါတမ

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်လက်ထက်မှာ ဗိမ္ဗိသာရမင်းကြီး ဖြစ်လာပြီး၊ မင်းသားသုံးပါးတို့ဟာ ကဿပညီနောင် ရသေ့သုံးပါး ဖြစ်လာတယ်။ မင်းသားသုံးပါးတို့ ဖုဿဘုရားရှင်ကို ပြုစုလုပ်ကျွေးစဉ် ဖန်ရည်စွန်းတဲ့ အဝတ်ကို ဝတ်ဆင်ခဲ့ကြသလို သူတို့တပည့်တစ်ထောင်တို့ဟာလည်း မင်းသားတို့နဲ့အတူ ဖန်ရည်စွန်းတဲ့ အဝတ်ကို ဝတ်ပြီး ဘုရားနဲ့ သံဃာတော်တို့ကို ပင့်ဆောင်ခဲ့ကြသတဲ့။ ဒါကြောင့် ကဿပညီနောင်နဲ့ ရှင်တစ်ထောင်တို့ ဖြစ်လာကြတာပေါ့။ ပစ္စုပ္ပန်အကျိုး ထင်လာဖို့ဟာ အတိတ်အကြောင်း အရင်းခံဆိုတာ ရှိစမြဲပဲတဲ့။

"ဆွမ်းချက် ဆွမ်းကပ် သုံးလပတ်လုံး ချက်ရေးပြုတ်ရေး စီစဉ်ပေးဖို့ ဘဏ္ဍာစိုးအဖြစ် သူကြွယ်လင်မယားတို့ကို တာဝန်ပေးလိုက်တယ်။ ဇနီးမောင်နှံတို့ဟာ စေတနာထက်ထက်သန်သန်နဲ့ ဘုရားဝတ်၊ သံဃာဝတ်တွေကို မချွတ်မယွင်း မလစ်ဟင်းရအောင် စီမံဆောင်ရွက်ပေးခဲ့တယ်။ ဒီကောင်းမှုကြောင့် ဗိမ္ဗိသာရရဲ့ အရင်းနှီးဆုံး ဝိသာခါသူဌေးကြီးနဲ့ သူဌေးကြီးကတော်တွေ ဖြစ်ကြရတာတဲ့။ ဇနပုဒ်မှာရှိတဲ့ လူတွေအနက်က အချို့တို့ဟာ အလှူဝတ်ကို နှောင့်ယှက်ဖျက်ဆီးလိုတဲ့ မကောင်းတဲ့စိတ်များ ရှိနေကြတယ်။ အလှူအမှုကို အန္တရာယ်ပြုလိုတဲ့ လှူဒါန်းဖွယ် အဖြာဖြာ၊ ဘောဇဉ်ချိုချဉ် အရသာ၊ ဆွမ်းထမင်းဟင်းတို့ကို ဘုရားရှင်နဲ့ သံဃာတော်တွေ မဆက်ကပ်ရသေးခင် ယူငင်စားသောက်ကြသတဲ့။ သံဃဒါနလှူဖွယ်တွေကို မိမိတို့ ဦးဦးဖျားဖျား စားသောက်ရုံတင်မကဘူး သားသမီး ဇနီးမယားတွေကိုပါ စားသောက်စေသတဲ့။ အလှူဝတ်ကို ဆောင်ရွက်ကြရတဲ့ သူများက ဖျောင်းဖျပြောဆို တားမြစ်ကြတဲ့အခါ ဆွမ်းစားဇရပ်တို့ကို မီးတင်ရှို့လိုက်ကြသတဲ့။ ဒီလို မကောင်းမှု အကုသိုလ်ကံတွေကြောင့် ငရဲကျကြရတယ်။ လွတ်လာပြန်တော့လည်း ပြိတ္တာဖြစ်ကြရတာတဲ့"

"ကြောက်စရာ ကောင်းလိုက်တာ ဆရာရယ်။ ကြားတော့ ကြားဖူးပါရဲ့။ ဒီလို ပြည့်ပြည့်စုံစုံ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဆွမ်းသွတ်တရားနဲ့ ပတ်သက်ပြီး ဆရာတော်တွေ ဒီဇာတ်လမ်းကို ဟောကြားတတ်ကြပါတယ်။ ဇာတ်လမ်းက ရှည်တော့ အတိုချုံးပြီး ဟောတတ်တာကြောင့် သိပ်မပြည့်စုံနိုင်တာ ဖြစ်ပါလိမ့်မယ်"

"အလှူကို အနှောင့်အယှက်ပြုသူတွေ၊ သံဃာတွေကို မကပ်ရသေးမီ၊ စားဦးစားဖျား နှိုက်စားကြသူတွေ၊ ဒီလောက်ခံနေကြရရင် ဘုရားကျောင်းကန် တည်ဆောက်ရေး အကြောင်းပြပြီး၊ အလှူကို အလွဲသုံးစားလုပ်ကြသူတွေ၊ သာသနာတော်ကို ခုတုံးလုပ်ပြီး လိမ်ညာစားသောက်နေကြသူတွေဆို ပိုခံရမှာပေါ့နော်"

"အကျိုးအပြစ်ကို လူတွေ မသိကြ၊ မယုံကြတော့ မျက်ကန်းတစ္ဆေ မကြောက်ဆိုသလို မဟုတ်မမှန်တာတွေ ပြုလုပ်ရဲကြတာပေါ့။ ခံရတဲ့အခါကျတော့ နှစ်ပေါင်းနဲ့ မဟုတ်တော့ဘူး၊ ကမ္ဘာနဲ့ချီပြီး ခံကြရရော။ ကယ်မယ့်သူနဲ့ ကြုံဆုံရရင် အလွန်မတန် ကံကောင်းတယ်လို့ ဆိုရမယ်။ ဒီနေရာမှာ ယုံကြည်မှုက အရေးပါ အခရာအကျဆုံးပါပဲ"

## ဥစ္စာဒိုင်

ယုံကြည်မှုနှင့် ပတ်သက်လာလျှင် ကျွန်တော့်အောက် ငါးနှစ်ငယ်သော နှမဖြစ်သူ မစိန်ကြည်ကို ပို၍ သတိရမိပါသည်။ သူသည် ဓာတုဗေဒမေဂျာဖြင့် သိပ္ပံဘွဲ့ရပါ။ ကျောင်းဆရာမ၊ ကျူရှင်ဆရာမ လုပ်ဖူးသည်။ စာဖတ်ဝါသနာပါသည်။ စာတိုပေစတောင် စမ်းသပ်ရေးသားဖူးသည်။ သို့သော် ဘာသာရေး၌ ဝါသနာမထုံပါ။ လေ့လာဆည်းပူးမှုကနည်းပါးရှာတော့ ဘာသာရေးနှင့် ပတ်သက်လျှင် ဗဟုသုတ ခေါင်းပါးရှာသည်။ ကျွန်တော့်ကလောင်သည် သွားဘက်ဆိုင်ရာ ဆေးဆောင်းပါးများ ရေးသားနေရာမှ ကျေးဇူးရှင် တောင်တန်းနယ်ခြား သာသနာပြုဆရာတော်ကြီးအား တွေ့ဆုံဖူးမြော် လျှုဒါန်းခွင့်ရရှိပြီးသည့်နောက်ပိုင်းတွင် တဖြည်းဖြည်း ဘာသာရေးဘက်သို့ ဦးတည်လာခဲ့၏။ နှမ မကွယ်လွန်မီမှာပင် တောင်ကြီးရောက် အဝေရာခရီးစဉ် အမှတ် ၁၊ ၂၊ ၃ သုံးအုပ်

www.burmeseclassic.com



ထွက်ပေါ်လာပြီးပြီ။ ဓမ္မဗျူဟာ၊ မြတ်ဆုမွန်၊ မြတ်မင်္ဂလာ စသော ဘာသာရေးစာစောင်များ၌ ဆောင်းပါးများ ကြိုကြားပါလာနေပြီ။

စာအုပ်အဖြစ်သို့ မရောက်ရှိသေးသော်လည်း စာအုပ်အတွက် ပြင်ဆင်ရေးသားပြီးနေသော စာမူများစွာ ရှိ၏။ သေခြင်းတရားဆောင်းပါးတွဲများ၊ နှစ်အုပ်စာ အရန်သင့် ရေးသားပြီးစီးနေပေပြီ။ သူ့သူငယ်ချင်းများက "ကိုအောင်ကျော့်စာတွေ ဖတ်စမ်းပါ။ သိပ်ကောင်းတာပဲ"ဟု သူ့အား တိုက်တွန်းလျှင် ရယ်ကျဲကျဲ လုပ်နေပါသည်။ မောင်နှမဆိုတော့လည်း အထင်က သိပ်မကြီးချင်ပါ။ ပြီးတော့ သူက ဘာသာရေး၌ ဝါသနာမထုံတော့ ဘာသာရေးစာပေများကို အဘယ်မှာ ဖတ်ချင်ပါမည်နည်း။ ဝါသနာပါရာကို စိတ်အားထက်သန်ကြစမြဲ မဟုတ်လား။ သူ့သူငယ်ချင်းများ ဖြစ်ကြသော ဒေါ်ခင်စောအုံ၊ ဒေါက်တာသန်းငွေ၊ ဒေါ်ခင်နွဲ့ရီ၊ ဒေါ်ချစ်ချစ်တို့ ရိပ်သာဝင်ကြသည်။ တရားအားထုတ်ကြသည်။ တရားနာသွားကြသည်။ သူ့အား ခေါ်သည်။ သူ မလိုက်လို မသွားလို တရားမနာကြားလိုပါ။ သာသနာခေတ်ထဲမှာ လူလာဖြစ်သော်လည်း မထိုက်သောကြောင့် လူဖြစ်ရှုံးရပါသည်။ ဗဟုသုတ ခေါင်းပါးသောအခါ ယုံကြည်လက်ခံမှု လွဲမှားပါတော့သည်။

အလုပ်တွေ ရှုပ်ပြီ၊ စိတ်ဆင်းရဲစရာတွေ ကြုံရပြီဆိုလျှင် "သေသွားတာ နားအေးတယ်။ ဘာမှ မသိရတော့ဘူး"ဟု ညည်းညူတတ်၏။ "အယူမှားနဲ့ သေရင် နားမအေးဘူးနော်။ အယူမှားတာနဲ့ လားရာမကောင်းနိုင်တော့ဘူး။ ဟိုဘက်ဘဝမှာ ပိုပြီး ဒုက္ခရောက်ရတတ်တယ်။ လားရာဂတိ ကောင်းပါမှ အသေစိတ်ချရမှာ။ လားရာဂတိ ကောင်းဖို့ဆိုတာကလည်း မှန်ကန်တဲ့ ဘာသာရေးအယူဝါဒကို ပိုင်ပိုင်ဆုပ်ကိုင်ထားမိဖို့ လိုသေးတယ်"ဟု ရှင်းလင်းပြောပြလျှင် သူ နားမလည်တော့ပေ။ ဘွဲ့ရပညာတတ် ဖြစ်ပါလျက်၊ မလေ့လာ မလိုက်စားသောအခါ ဓမ္မသဘောတရားအမှန်တွေနှင့် အလှမ်းကွာဝေးရတော့သည်။ လူသေလျှင် ပြတ်စဲသွားတာပဲ။ ဘာမှ မရှိမသိတော့ဟု သူ ယူသည်။ ဘဝကို ခင်တွယ်သူမို့ ဘဝကို မရှိတာ သူကြိုက်ခြင်း ဖြစ်ပါလိမ့်မည်။ ဥစ္ဆေဒဒိဋ္ဌိအယူတည်း။

www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကြေကွဲကျ၊ သေကြရလျှင်၊
အတ္တပျက်ကြေ၊ မဆက်လေ၊ ဥစ္စေယူမှားတည်း။

## ကျွတ်မြန်ပါသည်

ကျွန်တော့်ညီ အောင်ကျော်ဝင်း ဆုံးပြီးနောက် လေးလအကြာ၌ မိခင်အို ကွယ်လွန်ပါသည်။ နောက်သုံးလအကြာတွင် နှမ ကွယ်လွန်ပါသည်။ နှမနှင့်ညီက အထက်အောက် ဖြစ်၏။ သူ့မောင်ငယ် ဆုံးရခြင်းကို ယူကျုံးမရ ဖြစ်ရှာ၏။ တရားမမှုက မလိုက်စားထားသောအခါ လောကကြီး၌ ဘာမှ မတည်မြဲ၊ ဖြစ်ပြီးလျှင် ပျက်ကြရစမြဲဟူသော သခါရတရားကို သူ လက်မခံနိုင်ရှာပေ။ ဖြေဆည်၍မရ တမ်းတ ပူဆွေးရှာ၏။။ မကြာမတင်မှာ မိခင်အိုက ကွယ်လွန်ပြန်တော့ သူ့အဖို့ ကြီးမားလှစွာသော ဆုံးရှုံးမှုကြီး ဖြစ်ရကား၊ အဘယ်ကဲ့သို့ ဖြေဆည်၍ ရနိုင်ပါအံ့တော့နည်း။ မူလ နှလုံးမကောင်းရသည့်အထဲ ဤလောကဓံဒဏ်ကို သူ မခံနိုင်တော့ပြီ၊ စိတ်သည် အရေးကြီး၏။ စိတ်ဆောင်လျှင် အောင်၏။ စိတ်ကျပြီဆိုလျှင် လူလည်း ကျပြီ။ ဘဝအတွက် မျှော်မှန်းချက် မထားတော့ပြီ။ စိတ်ကုန်ပါပြီ။ လူ့ဘဝ၌ မပျော်မွေ့တော့ပြီ။ မနေလိုတော့ပြီဆိုသောအခါ အချိန်မတန်သေးဘဲနှင့် လူ့လောကကြီးမှ အမြန်ဆုံး ထွက်ခွာသွားတော့သည်။

လူသေလျှင် ကောင်းရာသုဂတိသို့ ရောက်နိုင်ဖို့ ခဲယဉ်းလှ၏။ "ငါ၏လက်သည်းခွံပေါ်၌ တည်ရှိသော မြေမှုန့်အရေအတွက်မျှလောက်သာ သုဂတိအထက်ဘုံသို့ လားရောက်ကြသည်။ ကမ္ဘာမြေကြီးထုနှင့်အမျှ အရေအတွက် ရှိသူတို့သည်ကား ဒုဂ္ဂတိအောက် ငရဲသို့ လားရောက်ကြကုန်သည်"ဟု မြတ်စွာဘုရားရှင် ဟောကြားတော်မူသော တရားတစ်ပုဒ်အတိုင်း လူတစ်ရာလျှင် တစ်ဦးတစ်ယောက်မျှ သုဂတိဘုံသို့ ရောက်ဖို့ ခဲယဉ်းလှပေသည်။ သေလျှင် အတ္တပြတ်ပြီ၊ နောက်ဘဝ မရှိတော့ပြီဟု ဥစ္ဆေဒဒိဋ္ဌိ အယူအစွဲဖြင့် သေရှာသော ကျွန်တော့်နှမများ အသယ်မှာလျှင်

www.burmeseclassic.com

www.burmeseclassic.com



လားရောဂတိ ကောင်းနိုင်ပါအံ့နည်း။ မကျွတ်မလွတ်သော ဘဝသို့ ကျရောက်ရှာသည်။ ပုပ်နံ့ပေးခြင်းဖြင့် အချက်ပြ ဆက်သွယ်ပါသည်။

သူ သေလွန်ပြီး နောက်တစ်နေ့မနက်၌ သူ့သူငယ်ချင်း ဒေါ်ချစ်ချစ်သည် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာသို့ တရားတစ်ချီထိုင်ရန် သွားနေကျအတိုင်း သွား၏။ မကျွတ်သော ကျွန်တော့်နှမသည် သူ့သူငယ်ချင်းနှင့်အတူတူ တရားရိပ်သာဆီသို့ လိုက်သွားဟန်တူပါသည်။ အဆုတ်ရောဂါကုဆေးရုံကြီးအနီးသို့ ရောက်သောအခါ ခွေးများ မဟောင်စဖူး ဟောင်ကြသည်။ ရိပ်သာဓမ္မာရုံအနီး ရောက်သည်အထိ အတူလိုက်ပါလာသည်ဟု ဒေါ်ချစ်ချစ်၏ စိတ်ထဲ၌ ထင်မြင်ခံစားရကြောင်း နောင်သောအခါ ကျွန်တော့်အား ပြန်ပြောင်းပြောပြပါသည်။ ခွေးများဟောင်စဉ် ဒေါ်ချစ်ချစ်သည် ခေါင်းနားပန်းကြီး ကြက်သီးဖြန်းသောကြောင့် ကွယ်လွန်သူ သူ့သူငယ်ချင်း ကပ်လျက် လိုက်ပါလာသည်ဟု ပို၍ ထင်မြင်ခြင်း ဖြစ်ပါလိမ့်မည်။ မကွယ်လွန်မီက ခေါ်တော့ မလိုက်လိုဘဲ၊ မကျွတ်သော ဘဝရောက်မှ အားကိုးရှာလေသလား မပြောတတ်ပါ။ ဩော် ..... ဖြစ်ရဖြစ်ရပလေ။

သဂြိုဟ်သည့်ရက် ညနေပိုင်းမှာပင် ကွယ်လွန်သူ နှမအတွက် ဘာများ ဆောင်ရွက်ပေးစရာ လိုသေးသနည်းဟု သိလိုဇောနှင့် ပအိုဝ် အကြားအမြင်ဆရာမထံ မေးမြန်းကြည့်ပါသည်။ ကုသိုလ်အမျှဝေရန် စောင့်မျှော်နေသည်။ လိပ်ပြာအနေနှင့် အိမ်အနီးတွင် ရှိနေသည်။ သကၤန်းခုနစ်စုံ၊ ထီးခုနစ်လက်၊ ရေပြည့်သောက်ရေအိုး အဖုံး ခွက်အပြည့်အစုံ ခုနစ်လုံးတို့ကို ရည်စူးလှူဒါန်းပေးပြီးနောက်၊ ကြေးစည်ရိုက်ကာ နာမည်ဟပ်ပြီး အမျှဝေပေးပါဟု ညွှန်ကြားသည်။ ဆွမ်းပြင်သည့်နေ့၌ ပြုလုပ်ပေးခဲ့၏။ ထိုည ကျွန်တော် အိပ်ရာဝင်ခါနီး သွားတိုက်နေစဉ် မီးဖိုခန်းမှ အိမ်ပြင်သို့အထွက် ပုပ်နံ့သုံးချက်ရပြီး ခေါင်းနားပန်းကြီးထပြီး ကြက်သီးဖြန်းသည်။ သူ့ကို သတိရပြီး ချက်ချင်း အမျှဝေပေးလိုက်၏။

မနက်ဆွမ်းသွတ် တရားနာချိန်၌ သာဓုမခေါ်လေသလား၊ အိမ်ထဲ ဝင်လို့ မရဘူးလား။ နောက်ထပ် ရည်စူး လှူဒါန်းပေးရန် လိုအပ်သေး

www.burmeseclassic.com

www.burmeseclassic.com



သေးလား စသည်ဖြင့် သိလို၍ ဆရာမထံ ထပ်မံ သွားရောက် မေးမြန်းရပါသည်။ ကျွတ်သွားပါပြီ။ ကျွန်တော့်အား နှုတ်ဆက်ရင်း ပုပ်နံ့ပေးရာ ကျွန်တော်ဝေသော အမှုကုသိုလ်ကို ရရှိပါသတဲ့။

အိမ်အနီးအနား၌ လိပ်ပြာဖြစ်နေသည်ဟု ဆရာမ ပြောသည့်အခါမှ ပြန်စဉ်းစား သတိထားမိသည်။ သင်္ဂြိုဟ်သည့်နေ့က လိပ်ပြာအညိုရောင် တစ်ကောင် အိမ်တံခါးမကြီး၌ တွယ်ကပ်နေပါသည်။ သင်္ဂြိုဟ်ပြီးချိန်၌ ပျောက်ကွယ်သွား၏။ နောက်တော့ မီးဖိုအပြင်ဘက်ရှိ သနပ်ခါးပန်းချုံ၌ အခြားလိပ်ပြာ အညိုတစ်ကောင်ကို တွေ့ရပြန်သည်။ လူကြီးလက်ဝါး တစ်အုပ်စာမျှ ကြီးပါသည်။ ဤမျှကြီးသော လိပ်ပြာမျိုး ခြံဝင်းထဲ၌ မမြင်ရ စဖူးပါ။ တိုက်ဆိုင်မှုလေလား မသိပါ။ မည်သို့ဆိုစေ ကွယ်လွန်ပြီး ငါးရက် အရမှာ ကျွတ်ပါပြီဆိုတော့ ဝဋ်မကြာရှည်သည့်အတွက် သူ့အဖို့ ဝမ်းသာ မိရိုး အမှန်ပါ။

## ဂုဏ်ရည်မတူ

လိပ်ပြာနှင့် ပတ်သက်လာလျှင် ကျွန်တော် ငယ်ငယ်က ကြည့်ခဲ့ရဖူးသော ''ဂုဏ်ရည်မတူ''ဇာတ်ကားမှ ပြကွက်တစ်ခုကို သတိရစေပါသည်။ မင်းသားက ဖာတစ်လုံးခေါင်းကျားခင်မောင်၊ မင်းသမီးက မေသစ်၊ မေဆန်း၊ မေလွင်၊ ဆရာကြီး ဒါရိုက်တာဦးသုခက မေသစ်၏ အစ်ကို မျက်မမြင်အဖြစ် သရုပ်ဆောင်၏။ သူတောင်းစားဇာတ်လမ်းပါ။ မေသစ်နှင့် သုခတို့က သူတောင်းစားမောင်နှမ၊ ခင်မောင်နှင့် မေလွင် တို့က လူဂုဏ်တန်မောင်နှမ၊ မေဆန်းက ခင်မောင်နှင့် လူကြီးချင်း စေ့စပ်ထားသူ၊ ပန်းချီဆရာ ဘသစ်လည်း ပါသည်ဟု မှတ်မိနေ၏။ ဇာတ်လမ်းကို အတိုချုပ် ဖော်ပြရလျှင် ခင်မောင် ကားမှောက်ရာမှ အတိတ်မေ့ရောဂါ ရပြီး၊ သူတောင်းစား မောင်နှမနှင့် တွေ့သည်။ သူတောင်းစားရွာသို့ ရောက်သွား၏။ စိုင်တမော့တို့က ခင်မောင်နှင့် ထွေခင်း ကစားဖက်များ ဖြစ်ကြ၏။ မေသစ်နာမည်က ဇာတ်ကားထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



မယ်သုန်၊ ခင်မောင်နာမည်က ပေါက်စီ၊ မယ်သုန်နှင့် ပေါက်စီ ညားကြလေသည်။

ဘုရားပွဲတွေမှာ တောင်းခံ၍ ရသော ငွေကြေးများဖြင့် ခင်မောင့် ရောဂါကို ကုသပေးသည်။ ဆရာဝန်ကြီး ချိန်းဆိုသည့်ရက်မှာ သွားတွေ့တော့ ခင်မောင်က အတိတ်ဘဝ ပြန်သတိရပြီ။ သူ့အိမ်ကို အကြောင်းကြားထားပြီးနှင့်ပြီ။ သူတောင်းစားရွာ ရောက်နေသည့် ကြားကာလ အဖြစ်အပျက်များကို သတိမရတော့ပါ။ မေသစ်(မယ်သုန်)ကိုလည်း ဇနီးဖြစ်ကြောင်း လုံးဝ မမှတ်မိတော့ပါ။ သို့နှင့် ရှင်ကွဲ ကွဲကြလေသည်။ အဆင့်အတန်းကလည်း မတူမျှတော့ အဖက်မတန်ဘူးပေါ့လေ။ အမှန်က မေသစ်တို့ မောင်နှမမှာ သူတောင်းစားမျိုးရိုးမဟုတ်။ ဖခင် အရက်သမားကြောင့် ပညာမသင်ကြားခဲ့ကြရပေ၊ မိတဆိုးကလေးများမို့ စစ်ကြီးအတွင်းဖခင် ကွယ်လွန်သွားခဲ့ရာ သူတို့ တောင်းစားကြရခြင်းပါ။

မေသစ်ခမျာမှာ စိတ္တဇနှင့် ဖျားနာသည်။ စားစရာဆန် မရှိတော့၍ ထွက်တောင်းကြရင်း ခင်မောင်တို့ခြံရှေ့ ရောက်၏။ ပန်းခြံထဲတွင် မေဆန်းနှင့် ကြည်နူးစွာ ထိုင်စကားပြောနေစဉ် မေသစ်တို့ ရောက်ရှိသွားကြ၍ သီချင်းဆိုခိုင်း၏။ သုခက တယောထိုး၏။ မျက်မမြင်မို့ ဘာမှ မသိရှာပါ။ သီချင်းတန်းလန်းကြီးမှာ အစ်ကိုလက်ကို ဆွဲ၍ ထွက်ပြေးလာခဲ့သည်။ ပြီးတော့ အသည်းအသန် ဖျားသည်။ မေလွင် လိုက်လာ၍ အကြောင်းစုံ သိရပြီ။ မေသစ်ခမျာ ခင်မောင်ကို တွေ့မြင်လိုသည်ပြော၍ အစ်ကိုအား မေလွင်က အတင်းခေါ်လာသည်။ ရွာအဝင်၌ ကွေးကျနေသော သစ်ကိုင်းနှင့် ခင်မောင်ခေါင်းကို တိုက်မိ၏။ ယခင် ဤရွာသို့ ရှေးဦးလိုက်လာစဉ်ကလည်း ဤသို့ တိုက်မိဖူးရာ မေ့နေသော ဘဝဖာတ်ကွက်များ ပြန်ပေါ်လာ၏။ စိုင်တမော့တို့ကို တွေ့မြင်ရသော် ကောင်းကောင်းမှတ်မိလေပြီ။

## လေလွင့်လိပ်ပြာ

ဇာတ်ကားထဲ၌ ဤအခန်းတွင် မေသစ် မေ့မျောသွားစဉ် ကိုယ်ခန္ဓာဘောင်မှ အသက်ဝိညာဉ်ထွက်ခန်း (လိပ်ပြာလွင့်စဉ်ခန်း)ကို ရိုက်ပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆံထုံးမှာ စံပယ်ပန်းကုံးလေး ပန်လျက်၊ ထိုင်မသိမ်းနှင့် ပဝါပါးပါးလေး လေမှာလွင့်လို့၊ မေသစ် အလှဆုံးအခန်းမို့ ကောင်းကောင်းကြီး မှတ်မိနေပါသည်။ ရုပ်ရှင်သာ ဤသို့ ရိုက်ပြသည်မဟုတ်၊ ပန်းချီဆရာတို့ကလည်း ဘဝပြောင်းခြင်းနှင့် ပတ်သက်လာလျှင်၊ လိပ်ပြာကို နိမိတ်ပုံအဖြစ် ရေးဆွဲတတ်ကြပါသည်။ ဤအယူအဆသည် ရှေးအစဉ်အဆက်ကပင် ယူဆလက်ခံခဲ့ကြသော်လည်း တရားဓမ္မဘက် ဆန်းစစ်ကြည့်လျှင် အလွဲကြီးလွဲကာ အမှားကြီး မှားနေပါသည်။ ဘာသာတရား လိုက်စားပြီး စာတွေများများစားစား ဖတ်ရှုလာသောအခါတွင် ကျွန်တော်တို့ စွဲလမ်း လက်ခံခဲ့ကြသော ရှေးရိုးဓလေ့ အယူအဆ အတော်များများတို့မှာ လွဲမှားနေကြောင်း ကျွန်တော် သိရှိခဲ့ရပေသည်။ အထူးသဖြင့် ဤလိပ်ပြာအယူအဆ။

ဂုဏ်ရည်မတူဇာတ်ကားကို ၁၉၉၂-ခုနှစ်တွင်းက မြန်မာ့ရုပ်မြင်သံကြားမှ ပြန်လည် တင်ဆက်ပြသခဲ့ပါသည်။ မေသစ် မေ့မျောသွားစဉ် ခန္ဓာကိုယ်မှ လိပ်ပြာလွင့်စဉ်သွားသည့်အခန်းက ပြန်ပါမလာတော့ပါ။ ကားဟောင်း၍ ဤအခန်း ပြတ်သွားခဲ့သည်လား။ ဆရာကြီးဦးသုခ အနေနှင့် ငယ်ရွယ်စဉ်က ထည့်ရိုက်ခဲ့သော်လည်း မမှန်ကန်ကြောင်း လက်ခံလာသည့် ယခုလို သက်ရွယ်ကြီးရင့်ချိန်၌ အယူအဆမှားကို ဖြတ်တောက်သန့်စင်ခဲ့လေသလား။ ကျွန်တော် အလွန်တရာမှ သိချင်နေပါသည်။ သို့သော် ၁၉၉၃-ခုနှစ်၊ ဧပြီလကုန်ရက်တွင် ရန်ကုန်တိပိဋကဓရဆရာတော်၏ သက်တော် ၄၇-နှစ်ပြည့် မွေးနေ့ပူဇော်ပွဲ၌ ကျွန်တော် ကံထူးစွာ ဆရာတော်ကို သိမ်ထပ်ခွင့် ရရှိလိုက်ပါသည်။ အလှူတော်အတွက် ရန်ကုန်ဆင်းသောအခါ၊ ဆရာကြီး ဦးသုခကိုလည်း အလှူဖိတ်စာ ပို့ရင်းဝင်ကန်တော့ပါ၏။ ကျွန်တော် သိလိုရာကိုလည်း အားမနာတမ်း မေးမြန်းကြည့်သောအခါဝယ် အယူအဆ တိမ်းစောင်းမှားယွင်းနေသဖြင့် ထိုဖြတ်ကွက်ကို ဖြတ်တောက်လိုက်ရပါကြောင်း ဖြေကြားပါ၏။ ကျွန်တော် သာဓုအကြိမ်ကြိမ်ခေါ်လျက် ဆရာကြီးကို ပိုမိုကြည်ညိုသွားပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ကြားဘဝ

လိပ်ပြာအယူအဆသည် ကျွန်တော်တို့အား အတော့်ကိုပင် လွှမ်းမိုး၏။ တရားဓမ္မ လိုက်စား၍ တိတိပပ နားလည်လာချိန် ယခုလို အသက်ငါးဆယ်ဝန်းကျင်အရွယ်၌ပင် ဆင်ခြင်တုန်းခဏသာ အမှန်ကိုအမှန်အတိုင်း သုံးသပ် ဆင်ခြင်သိဖြင့် သိလိုက်၏။ အများနှင့် ရောနှောပြောဆိုကြပြန်သောအခါ လိပ်ပြာအယူအဆ၊ အတ္တဝိညာဉ်အယူအဆသည် ဟုတ်သလိုလို အထင်ရှိလိုက်ချင်သေး၏။ မဟုတ်သေးပါဘူးလေဟု မိမိကိုယ်ကို ပြန်လည်သတိပေးရပြန်ပါသည်။ အစွဲအလမ်း ဆိုသည်မှာ ဤသို့ဤနှယ် ထင်ယောင်ထင်မှား ဖြစ်ပွားစေတတ်ကြောင်း ကျွန်တော်တို့အားလုံး သတိထားကြရပါလိမ့်မည်။ ဤလိပ်ပြာအယူအဆမှ အတ္တမြဲ၏ ဘဝဆက်ရှိ၏ ဟူသောသဿတဒိဋ္ဌိကိုသာလျှင် ဖြစ်စေသည် မဟုတ်ပါ။ သေပြီးသည့်နောက် ဘဝသစ်တစ်ခု မရရှိမီ အချိန်အတွင်း အတ္တလိပ်ပြာ အသက်ဝိညာဉ်သည် အတွယ်အတာမရှိ လွင့်မျောနေသေးသည့် ကြားဘဝ ရှိ၏ဟု အန္တရာဘဝဒိဋ္ဌိကိုပါ ဖြစ်စေပါတော့သည်။

လူသေလျှင် မိမိအိမ်၌ ခုနစ်ရက် နေထိုင်ခွင့် ရှိသည်။ ခုနစ်ရက်ကျော်လွန်လျှင် အိမ်စောင့်နတ်တို့ မောင်းနှင်တော့သည်ဟု ရှေးမိုးအစဉ်အလာအတိုင်း ကျွန်တော်တို့ စွဲမြဲလေ့ ရှိကြ၏။ ဤအယူအဆများပါသည်။ လူတို့ စုတိစိတ်ကျသည်နှင့် စက္ကန့်မခြား ကာယကံရှင်၏ကုသိုလ်ကံ၊ အကုသိုလ်ကံအပေါ် မူတည်၍ ကောင်းရာသုဂတိဘဝသစ်သို့ဖြစ်စေ၊ မကောင်းရာ ဒုဂ္ဂတိဘဝသစ်သို့ဖြစ်စေ ကျရောက်ကြရကြောင်း စာပေကျမ်းဂန်များကို ဖတ်ရှုလေ့လာသူတိုင်း သိရှိကြပါသည်။ ပိုးတွန်းကောင်သည် ရှေ့အမှီအကွက်ကို သေသေချာချာ မရသေးဘဲနှင့် နောက်အဖွယ်ကို မလွှတ်ပါတဲ့။ ဤသို့ ဖြစ်ပါလျက် ခန္ဓာကိုယ်မှ အတ္တအသက်ဓါတ ထွက်ခွာပြီးလျှင်၊ ကြားဘဝမှာ ခုနစ်ရက် လွင့်မျောနေသော အယူကိုကြိုက်ဖြစ်အောင် ကြိုက်လိုက်ပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကြွေကျ၊ သေကြရလျှင်၊ အတ္တမသေ၊ မပျက်လေဘဲ၊
အခြေမလှ၊ ကြားဘဝ၌ ခဏခိုတာ၊ အခြေသာမှ၊
ထိုက်ရာဘဝ၊ ကူးပြောင်းရ၊ အန္တရာဘဝ အယူတည်း။

ကွယ်လွန်ပြီးနောက် ဆောက်တည်ရာ မှီရာမရှိ စားရမဲ့ သောက်ရမဲ့ ဝတ်ရမဲ့ဘဝမှာ ဆင်းရဲဒုက္ခရောက်နေရသည် ဆိုပါလျှင်၊ တစ္ဆေပြိတ္တာဘဝသစ်ကို ရရှိနေရခြင်း ဖြစ်ပါသည်။ ဗိမ္ဗိသာရမင်းကြီး၏ ဆွေတော်မျိုးတော်များကဲ့သို့ အမှုရကြ၍ နတ်ဘဝ ဖြစ်ကြပြီဆိုလျှင် ကောင်းရာသုဂတိသို့ ရောက်ကြပြီ။ ပြိတ္တာဘဝသည် ချမ်းသာရာ နတ်ဘဝသို့ မရောက်မီ ကြားတစ်ဘဝ သီးခြားဖြစ်ကြောင်း နားလည်ထားကြရပါမည်။ အတ္တမသေ၊ မပျောက်လေဘဲ ကြားဘဝ၌ ခဏခိုနားနေခြင်း အယူနှင့် လုံးဝမတူ ကွဲပြားကြောင်း ရှင်းရှင်းလင်းလင်းကြီး ခွဲခြား သိကြရပါလိမ့်မည်။

## စုတိဟူသည်

ဘဝနတ်ထံ ပျံလွန်တော်မူပြီး ဖြစ်သော နိုင်ငံတော် ဩဝါဒါစရိယ၊ ရွှေကျင်နိကာယဉပဉက္ကဋ္ဌ မဟာနာယက တွဲဖက်သာသနာပိုင်၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရန်ကုန်ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်၊ ကျမ်းပြုအကျော် သပြေကန်ဆရာတော်ဘုရားကြီး၏ ပေးစာမှ စုတိသဘော ကောက်နုတ်ချက်ကို အောက်ပါအတိုင်း ပြန်လည် ကူးယူဖော်ပြလိုက်ရပါသည်။

ဘဝတစ်ခုတွင် အဆုံးစွန်သော နောက်ဆုံးစိတ်ကို စုတိစိတ်ဟု ခေါ်၏။ စုတိစိတ် ချုပ်ငြိမ်းလျှင် ဝိညာဉ်ချုပ်သည် သေသည်ဟု ဆို၏။ စုတိစိတ် ချုပ်ချိန်တွင် ခန္ဓာကိုယ်အတွက် အရေးကြီးသော ကမ္မဇရုပ်တို့သည် စုတိစိတ်နှင့် အပြိုင်ချုပ်သည်။ စိတ္တဇရုပ်တို့သည်လည်း စုတိစိတ်နှင့် အချို့အတူတူ၊ အချို့ အနည်းငယ်လွန်ကာ ချုပ်ကြ၏။ ထို့အထက် စိတ္တက္ခဏ ၁၇-ချက်စာမျှသော စိတ်ကစ၍ အသက်မဖြစ်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အာဟာရဇရုပ်များလည်း ချုပ်တော့၏။ ကမ္မဇ၊ စိတ္တဇနှင့် အာဟာရဇရုပ် တွေ ကင်းရှံမက၊ ဝိညာဉ်ပါ ကင်းနေသော ကိုယ်ကောင်ကြီးမှာ ဥတုဇ ခေါ်သော ရုပ်တွေသာ ကျန်တော့၏။ ထိုဥတုဇရုပ်အကျန်တွေသာ အလောင်းကောင်ကြီး ဖြစ်နေသည်အထိ ဆက်ကာဆက်ကာ ဖြစ်နေ တော့၏။

ကိုယ်ခန္ဓာကြီးကို မပုပ်မသိုးရအောင် အငွေ့ပေးစောင့်ရှောက်ခဲ့သော ဥသ္မာဆိုသော တေဇောဓာတ်လည်း စုတိချုပ်စဉ်ကပင် တစ်ပြိုင်နက် ချုပ်ခဲ့ပြီးဖြစ်၍၊ ကျန်ရစ်သော အလောင်းကောင်ကြီးသည်လည်း တဖြည်းဖြည်း ယိုယွင်းပျက်စီး ပုပ်ပွလာရတော့၏။ အသုံးလည်း မကျ တော့၊ နှစ်သက်ဖွယ်လည်း တစ်စက်မှ မရှိတော့သော ရုပ်အလောင်းကောင် အတ္တဘောကြီးသည် မတင့်တယ်သော အသုဘ ဖြစ်ခဲ့ပြီ။

လိပ်ပြာဆိုသည်မှာ ဘယ်မှာ ရှိလို့လဲ။ လူတွေ ဖြစ်ချင်ရာရာကို ဖွတ်ယူဆ ထင်မြင်ကြခြင်းဖြစ်ကြောင်း ရိပ်စားမိလောက်ပါပြီ။ ''မကျွတ် မလွတ်သူက လိပ်ပြာကောင်မှာ မှီတွယ်ပြီး လာရောက်နှားနေ နိမ်ထဲ ပြုခြင်း မဖြစ်နိုင်ဘူးလား။ ကျတ်တစ္ဆေတွေ လူယောင်ဖန်ဆင်းပြချင်ဆင်း ပုတ်သင်ညိုအသေကောင်မှာ မှီပြီး ပြသ,သလိုလေ''ဟု ကျွန်တော့် ခင်မင် မိတ်ဆွေတစ်ဦးက မိုးကြိုးပစ် ထန်းလက်ကာ မခိုင်လုံသော အယူအဆ သစ်တစ်ရပ်ကို တင်ပြလာချေသေးသည်။ ဩော် – ခက်ပဲခက်ရချည့်ရဲ့ မဟာလူသားတွေရယ်ဟုသာ ညည်းညူလိုက်ချင်ပါတော့သည်။

လိပ်ပြာဟူသော အယူအဆကို စုတိသဘောက ချေဖျက်ပြီး ဖြစ်ကြောင်းကို စာဖတ်ပရိသတ်အပေါင်းတို့ သဘောပေါက်သည့်ပြီ ဖြစ်ကြောင်း တင်ပြရင်း ဝိပဿနာ အားထုတ်ကြပါဟူသော သတိပေး စကားဖြင့် နိဂုံးချုပ်လိုက်ရပါသတည်း။

ဒေါက်တာအောင်ကျော် (သွား/ဆရာဝန်)

✣ ✣ ✣ ✣ ✣

www.burmeseclassic.com